www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လက်တွဲဖော်မဖြစ်လျှင်သော်မှ

ကူညီဖော်အဖြစ်တော့

ကျွန်ုပ် ...

သူ့အတွက် ရှိနေရပါလိမ့်မည်

အတိတ်ဆိုတာ

မဖြစ်လိုတာပဲရှိစေ

ဖြစ်လိုတာပဲရှိစေ

ဖြစ်ခဲ့ပြီးပြီဆိုရင် ...

ကိုယ့်ဘဝရဲ့

ကျန်ရစ်ဖြတ်သန်းရာ

ဘဝအစိတ်အပိုင်းတစ်ခုအဖြစ်နဲ့

ထက်ကြပ်မကွာပါလာတတ်စမြဲ ...။

www.burmeseclassic.com

www.burmeseclassic.com

စိတ်ဒဏ်ရာအမာရွတ်များသည်
မကျက်နိုင် ...။
ဒဏ်ရာတိုင်းက ...
နှလုံးအိမ်နှင့် ဦးနှောက်ထဲမှာ
ပြန်၍ပြန်၍ အနာအသစ်တွေ
အထပ်ထပ်ဖြစ်လာနေစေ၏ ...။

ကျွန်ုပ်ချစ်ရသူ၏ မင်ထောင့်ကို
မွှမွှကြွေနေသည့်ရင်ခွင်
ကြေကွဲမှု မြင်နေရခြင်းသည်
ထိုယို့နှလုံးသားမီးစာနှင့်ကြီး
ထရှေ့ရှေ့မြင်မြဲနေရခြင်းကို
ကျွန်ုပ်ကိုယ်တိုင်မြင်နေရခြင်းပဲ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

သူသည် ...

လကို မတိုင်တည် ...

ကြယ်အများကိုလည်း မတိုင်တည်

နှလုံးသားကိုလည်း

နန်းတော်နှင့် မနှိုင်းဆ ...။

သူ့စကားက ရိုးသားသည် ...

နှလုံးသား၏ သေးငယ်မှု

ပန်းတစ်ပွင့်၏ သင်းပျံ့မှု

ကြယ်တစ်ပွင့်၏ လင်းလဲ့မှုကိုသာ

သူ့အချစ်အတွက် ...

တိုင်တည်ရှာပြောခြင်း ...။

ငါသည် ...

ငါ့အား ချန်ရစ်ခဲ့လျှင်ပင်

အပြစ်မတင်ရက်အောင်

ချစ်သောအချစ် ...

ကျန်ရစ်ခဲ့မည့်အချစ် ...

ကြေကွဲကျန်မည့်အချစ်တွေဖြင့်


သူ့အား ...

နှစ်နှစ်ကာကာချစ်နေရသူဖြစ်ပါ၏ ..။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ — ဒေါ်နိုင်ယုဝင်း (၀၁၆၆၁)
ရွှေငွေဝိုင်းစာပေ၊ အမှတ်(၃၉)၊ ၄၄–လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ — ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊
လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်း
ရန်ကုန်မြို့။

အကြိမ် — ပထမအကြိမ်
၂၀၁၇ ခုနှစ်၊ ဩဂုတ်လ

အုပ်ရေ — ၅၀၀

တန်ဖိုး — ၁၅၀၀/–

"စာအုပ်ထုတ်ဝေသည့်အချိန် ကက်တလောက်ဖော်ပြချက်" (CIP)

၈၉၅.၈၃
မဟူရာ (လှိုင်ကော်)
သစ္စာလွှမ်းတည်ရာ ဤ .. ရတနာဝတ်ရုံလွှာ/မဟူရာ(လှိုင်ကော်)။
ရန်ကုန်။ ရွှေငွေဝိုင်းစာပေ၊ ၂၀၁၇။
၃၂၄ စာ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) သစ္စာလွှမ်းတည်ရာ ဤ .. ရတနာဝတ်ရုံလွှာ

**မဟူရာ** (လှိုင်ကော်)

# သစ္စာလွှမ်းတည်ရာ
# ဤ .. ရတနာဝတ်ရုံလွှာ

www.burmeseclassic.com

www.burmeseclassic.com

ချစ်မြတ်နိုးခြင်းဆိုတဲ့
သိမ်မွေ့နူးညံ့တဲ့အရာဟာ
ပိုးဝတ်လွှာမြုံ့ရုံထည်တစ်စုပမာ
ရှိနေတတ်ပါလေရဲ့ ...။

ငါ့နှလုံးသားနဲ့ထိတွေ့တဲ့အခါ
ပိုးမြုံ့လွှာဆိုတာ
စီးမျောကျလာတဲ့အသံနုနုဟာ
မင်းသည်သာလျှင် ငါ့သခင်မှူးပါလို့
စပ်တိုးတိုးသစ္စာဆိုတဲ့အသံ
ဖြစ်နေတတ်ပြန်လေရဲ့ ...။

ချစ်သူ ...
ငါ့သစ္စာလွှမ်းတည်ရာ
ဤရတနာဝတ်ရုံလွှာကို
တယ်လိုမှ မစယ်ရှားလိုက်ပါလေနဲ့
မင်းရဲ့လက်နုနုနဲ့အမြဲရုံ
မင်းရဲ့လက်နုနုနဲ့အမြဲမြဲရုံ နေပါလေ ...။
ကြော် ...
မင်းရဲ့လက်နုနုနဲ့ အမြဲမြဲရုံ နေပါလေ ....။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

တဖွဲစီကားလေးက တောင်တက်လမ်းအတိုင်း စက်သံညင်ညင် ဖြင့်တက်နေဆဲ ... ။ ယင်းရှူးပင်စိမ်းမြမြတို့က တောင်စောင်းတွေမှာ ထူထပ်စွာပေါက်နေကြချေ၏။ ရှင်မွေ့ ခွဲခြားအမည်မသိရပါလေသည့် အပင်တစ်ချို့ကျတော့လည်း အရွက်နီမြမြဖြင့် တစ်ပင်လုံး ဝိုင်းအုံ့အုံ့ဖြင့် အုံကျင်းဖွဲ့၍ ပေါက်နေကြသည်လည်းရှိ၏။ မြင်ကွင်းက အမြင့်ဆီမှ ကြည့်ရသည့်မြင်ကွင်းလည်း ဖြစ်နေသည်။ လှမ်းလင့်မြင်ရာ တောင်စွယ် တစ်ချို့ဆီမှ အုံ့မှိုင်းမှိုင်းတောအုပ်သည့်လည်း ရှိ၏။ ကားလေးကတော့ တဖွဲရာလမ်းအတိုင်း အရှိန်မှန်မှန်ဖြင့် ပြေးနေမြဲ ... ။ တံခါးမှန်ပြတင်း ဆီမှာ လက်မောင်းကိုတင်၍ အပြင်ဘက်ကိုတစ်ချက်ခေါင်းလေးပြူ၍ ရှင်မွေ့ကြည့်မိသည်။ လေနုအေးက တမော့မော့ဖြတ်၏။ တသုန်သုန် ပြေး၏။ တဖျတ်ဖျတ်တိုက်၏။ မျက်ဝန်းကိုတစ်ချက်မှိတ်၍ အာရုံ အားလုံးကို စုပြုံထားလိုက်မိသည်က တောတောင်တို့၏ရနံ့ ... ။ တော တောင်တို့၏လေအေး ... ။

"မိုးမခအိမ်ကြီးကို အလည်သွားမှာလား မိန်းကလေး ..."

www.burmeseclassic.com

ဘူတာမှ ထွက်ခွာလာကတည်းက နှုတ်ဆိတ်နေသည့် ဘဘဒရိုင်ဘာကြီးဆီမှ မေးလာသံ .. ။ မိုးမခသို့ လိုက်ပို့ပေးနိုင်မည်လားဟု ကားငှားဖို့ရာ ရှင်မွေ့ မေးစဉ်ကတည်းက မျက်ဝန်းမှာထူးခြားသောအရိပ်တွေ ဖြတ်သန်းခဲ့ပါသည့် ဘဘကြီး .. ။

လမ်းတလျှောက်မှာ နှုတ်ဆိတ်၍လိုက်လာပါသည့် ဒရိုင်ဘာဘဘထံမှ မေးလာသည့်မေးခွန်းကတော့ သိပ်ထူးထူးခြားခြားကြီးတော့ဖြစ်မနေ .. ။ ကားမောင်းပို့ရင်း ပါဆင်ဂျယ်ကို မေးနေကျ အာလာပသလ္လာပ သဘောဆောင်သော အမေးမျိုးပဲဖြစ်နေသည်။

"အလုပ်လုပ်ဖို့ပါဘဘ .. ရှင်မွေ့ အဲဒီမိုးမခမှာ အလုပ်ဝင်မှာပါ .."

ရှင်မွေ့ကလည်း အေးအေးဆေးဆေးပဲ ပြန်ဖြေမိသည်ပါပဲ။ ဒါပေမယ့် .. ထိုအဖြေကိုကြားလိုက်သည်နှင့် ဒရိုင်ဘာဘဘ၏အကြည့်က အထိတ်တလန့်နိုင်လွန်း ရှင်မွေ့ ထံသက်ရောက်၏။

"ဘုရားရေ .. အလည်သဘောဆိုရင်တောင် ဘဘကစိတ်ထဲအံ့ဩနေမိတာ .. အခုက .. အခုက .. အလုပ်လုပ်မယ် .. ဟုတ်လား .. လုပ်စရာအလုပ် ဒီလောက်ရှားနေသလားမိန်းကလေးရယ် .. အဲဒီအိမ်ကြီးမှာမှ လုပ်မယ်တဲ့လား .. ဖြစ်ရလေ .. ဖြစ်ရလေ .. နေစမ်းပါ့ကွယ် .. အဲဒီအိမ်ကြီးအကြောင်း ဘာမှမစုံစမ်းမလေ့လာခဲ့ဘူးလားကွယ် .. ဟေ .." ဟု ရင်တီးလက်ခတ်ဆန်နေသောအမေးကိုကြားတော့ ရှင်မွေ့ စိတ်ထဲ တစ်ချက်လေးခနဲဖြစ်၏။ ရှင်မွေ့ လုပ်ကိုင်ရမည့်နေရာသည် ဆိုးဆိုးဝါးဝါး နေရာတစ်ခု ဖြစ်နေချေမည်လားမသိ .. ။ ထိုသို့သောနေရာမျိုးကို သတင်းစာထဲ အလုပ်ခေါ်ကြော်ငြာထည့်၍ ခေါ်နိုင်ဖို့ဆိုတာကျတော့လည်း သဘာဝမကျပြန် .. ။ ဘယ်သူကလူသိရှင်ကြား အလုပ်ခေါ်ပဲ့ပါမည်တဲ့လဲလေ ...။

"အဲဒီအိမ်ကြီးအကြောင်း ဘဘ ပြောပြသင့်လိမ့်မယ်ထင်ပါရဲ့ .."

ဟု ဘဘတစ်ချက်ခပ်ညည်းညည်း ပြောလာသည်။



တောင်တက်ကတ္တရာလမ်း၏ တစ်ဖက်ဆီမှာရှိနေသည့် ဂဝံ ကျောက်နီခင်းလမ်းဘက်ကို ချိုးကွေ့လိုက်ရင်းမှ ဘဘတစ်ချက် ခပ်ဆဆ တွေးနေသယောင်လည်း ရှိနေ၏။ နောက်တော့ ဆုံးဖြတ်လိုက်ပုံဖြင့် ဂဝံကျောက်နီလမ်းအတိုင်း တောက်လျှောက်မောင်းလာသည်။

"ဒီလမ်းက မိုးမခအိမ်ကြီးဘက်ကိုသွားတဲ့ တစ်ခုတည်းသောလမ်းပဲ .. ဒီလမ်းအဆုံးမှာ မိုးမခအိမ်ကြီးကို တွေ့ရမယ် .. ဘေးဝန်းကျင်မှာ ဘာအိမ်မှမရှိဘူး .. မိုးမခမျိုးနွယ်တို့ပိုင်ဆိုင်ခဲ့ရာ လက်ဖက်တောင်တွေပဲရှိတယ် .. ဟိုးခပ်ဝေးဝေးမှာ လက်ဖက်ခြောက်စက်ရုံအဟောင်းကြီးတစ်ခုရှိတယ် .. အခုတော့ အဲဒီစက်ရုံကြီးလည်း ပိတ်ထားတာကြာပြီ .. ဒီတော့ .. မိန်းကလေးသိဖို့က .. ဒီအနီးဝန်းကျင်မှာ လူနေအိမ်ခြေဆင်းတယ် .. အဲဒီအိမ်ကြီးတစ်လုံးပဲ ထီးထီးမားမားရှိတယ် .. တက္ကစီတွေဖြတ်သန်းရာလမ်းမဟုတ်ဘူး .. ခုလို .. မိန်းကလေးလို ဘူတာကပဲဖြစ်ဖြစ် .. ကား[illegible]ပဲဖြစ်ဖြစ် .. တစ်စုံတစ်ယောက်က .. အဲဒီမိုးမခအိမ်ကြီးကို ကားငှားသွားတာမျိုးရှိမှပဲ .. အဲဒီအိမ်ကြီးရှိရာ ခြံဝန်းရှေ့လမ်းမနေရာမှာ တက္ကစီတစ်စီးတလေ ရောက်နိုင်လိမ့်မယ် .. ဒီထက်ရှင်းအောင်ပြောရရင် .. မိန်းကလေးအဲဒီက တစ်နေရာရာကိုသွားချင်တယ်ဆိုရင် .. တက္ကစီငှားဖို့ရာ မလွယ်ကူဘူး .. ဒါကိုပြောတာ .."

ကားကိုဆက်မောင်းနေရင်း ဘဘဒရိုင်ဘာကြီးမှ ပြောနေပါ၏။

"ဘဘနာမည်က .. ဦးအိုက်ထူးတဲ့ .. ဒီမြို့မှာပဲ မွေးခဲ့တယ် .. ကြီးခဲ့တယ် .. ဇာတိချက်မြှုပ်ရာဖြစ်တာမို့ .. ဒီမြို့နဲ့ပတ်သက်ရာတွေကို အတော်ကြီးသိရတယ်ဆိုပါတော့ .. အထူးသဖြင့် ဘဘက .. ဒရိုင်ဘာလုပ်တဲ့သူဆိုတော့ .. ပိုပြီး နံ့နံ့စပ်စပ် .. သိနိုင်တယ်လေ .. သတင်းတွေကို ကားမောင်းပို့နေရင်း .. လူများစွာတို့ဆီက သူ့ဆီကသတင်းတစ်စ .. ငါ့ဆီကသတင်းတစ်စ .. ကြားကြားနေရပေသကိုး .. ဒီမိုးမခအိမ်ကြီးနဲ့ ပတ်သက်လို့လည်း သိတန်သရွေ့ သိခဲ့ကြားခဲ့ရတယ်မိန်းကလေး ..

www.burmeseclassic.com

www.burmeseclassic.com



အခု ... ပြောပြမှာက ... အဲဒီအိမ်ကြီးအကြောင်းပဲကွယ် ..."

ရှင်မွေ့ တစ်ချက်ငြိမ်၍ ဘဘထူး ကိုကြည့်မိရပါပြီ။ ပထမဆုံးရှင်းပြသည်က မိုးမခအိမ်ကြီးနှင့်ပတ်သက်၍ လမ်းပန်းဆက်သွယ်ရေးအခက်အခဲ ...။ သဘောက ... သွားရေးလာရေး ခက်ခဲလိမ့်မည်။ ကားငှားစီးဖို့ မလွယ်ကူ ...။ ဒါကိုသတိပေးသည့်သဘောဆောင်လျက် သေသေချာချာရှင်းပြခြင်း ...။ ဘဘထူးသည် တစ်စုံတရာသောစိုးရိမ်မှုတစ်ခု၏ နှိုးဆော်မှုကြောင့် ဤသို့ ရှင်းပြနေသည်ဟု ရှင်မွေ့ နားလည်စပြုလာသည်။

"အဲဒီမိုးမခအိမ်ကြီးဟာ ... အလွန်ချမ်းသာတဲ့မျိုးနွယ်အလိုက် ကြွယ်ဝကြသော သူကြွယ်မျိုးတွေလို့ပြောရမှာပဲ ... ဒီမှာသူ့လက်ဖက်တောင်တွေ ... သူ့ရဲ့လိမ္မော်ခြံတွေ ... သူ့ရဲ့ယာခင်းတွေ ... များစွာရှိတယ် ... မိုးမခဟိုတယ်ဆိုပြီးတော့လည်း ... ဒီလှိုင်ခမ်းမော်မြို့ရဲ့အချက်အချာကျတဲ့ ခမ်းမော်ချောင်းဘေးမှာ ထည်ထည်ဝါဝါရှိနေတယ် ... ဒါပေမယ့် ... လွန်ခဲ့တဲ့နှစ်ပေါင်းဆယ့်လေးငါးနှစ်လောက်က ... အဲဒီမိုးမခအိမ်ကြီးမှာ လူသတ်မှုတစ်ခုဖြစ်ခဲ့တယ်ကွယ် ... သေသူက ... မိုးမခအိမ်ကြီးရဲ့ပိုင်ရှင် ... သူဌေးကြီးဦးမင်းခမိုးရဲ့နောက်ဇနီး ... ဒေါ်မျိုးမမထား ဆိုတဲ့သူပဲ ... အဲဒီမျိုးမမထားဆိုတာက ... ဦးမင်းခမိုး ရဲ့နောက်အိမ်ထောင်ဖြစ်တယ် ... ပထမဇနီးဆုံးပြီး ရှစ်နှစ်လောက်ကြာမှာ ... အဲဒီအိမ်ထောင်ကိုထူခဲ့တာ ... အိမ်ထောင်ကျပြီး ခြောက်လကျော်လောက်မှာ ... ဘာကဘယ်လိုဖြစ်ကြတယ်ဆိုတာမသိရပေမယ့် ... အဲဒီလူသတ်မှုဟာ အံ့ဩထိတ်လန့်စရာသတင်းတစ်ပုဒ်အဖြစ် ဘဘတို့မြို့မှာ ဟိုးလေးတကျော်ဖြစ်ခဲ့တာပါပဲ ... အထူးသဖြင့် ... လူတိုင်းစိတ်ဝင်တစားဖြစ်ကြရတာက ... မျိုးမမထားကိုသတ်ခဲ့သူက ... ဦးမင်းခမိုး ဖြစ်နေတယ်လေ ..."

လူသတ်မှု ...။ ရှင်မွေ့ တစ်ချက်ကြက်သီးဖြန်းခနဲထချင်၏။ လူတစ်ယောက်အသတ်ခံခဲ့ရသော အိမ်ကြီးတစ်လုံးဆီသို့ ရှင်မွေ့ အလုပ်လုပ်ဖို့ သွားနေသည်တကား ...။



"အသတ်ခံရတယ်ဆိုကတည်းက ... အစိမ်းသေ ... သေရတာပဲလေ ... မျိုးမမထား ဆိုတာ ... မကျွတ်ဘူးလို့ပြောကြတယ် ... ခြောက်တယ်လို့ပြောကြတယ် ... ဒါက ... အခုထိတည်မြဲနေတဲ့သတင်းပဲ ... အိမ်ကြီးမှာကို လူမနေရဲကြတော့တာ ... အဲဒီအိမ်ကြီးပိတ်ထားတာကြာလှပေါ့ ... အခုဘာကြောင့်လဲ ... သူဌေးကြီးဦးမင်းခမိုးရဲ့ တစ်ဦးတည်းသောသား ... မိုးနဒီမောင်ပြန်လာခါနီးမှ ... အိမ်ကြီးကိုပြန်ပြီးပြင်ဆင်သင့်တာ ပြင်ဆင် ... လူပြန်နေဖို့ရာ အိမ်ကြီးတစ်လုံးအဖြစ် ရှိစေခဲ့တာလေ ... မိုးနဒီမောင် ... ပြန်ရောက်တာ ... တစ်လကျော်လောက်ပဲရှိဦးမယ်ထင်ပါရဲ့ ... အခု ... အဲဒီအိမ်ကြီးကို မိန်းကလေးက ... အလုပ်သွားလုပ်မယ် ဟုတ်လား ... ဘာအလုပ်များလဲကွယ် ... အတွင်းရေးမှူး ... ကိုယ်ရေးမှူး ... ဝင်စွက်တာမဟုတ်ဘူးနော် ... စိတ်ပူလို့မေးရတာမိန်းကလေး ..." ဟု ပြောလာတော့ ရှင်မွေ့တစ်ချက်ငြိမ်နေသည်။ ရှေ့ဆက်ရန်နီးနီး ...။ ပြန်လှည့်ရန်နီးနီး စိတ်ကမတင်မကျဖြစ်နေ၏။

"အလုပ်ကနည်းနည်းတော့ဆန်းတယ်ဘဘ ... အိမ်ထောင်ထိန်းအလုပ်ပါ ... သဘောက ... အိမ်ဖော်မဟုတ်ဘူးဘဘ ... အိမ်ကြီးကို မီးဖိုချောင်ကိစ္စကအစ အိမ်ကြီးရဲ့အပြင်အဆင် ... သန့်ရှင်းမှု ... အားလုံး ... ထိန်းပေးရမှာပေါ့ ... လခလည်း ကောင်းပါတယ် ... သတင်းစာထဲက အလုပ်ခေါ်ကြော်ငြာတွေ့တာနဲ့လျှောက်ခဲ့တာပါ ... လူကိုခေါ်မတွေ့တော့ပဲ ... ရှင်မွေ့ ကိုအလုပ်ခန့်စာရောက်လာတာနဲ့ ... အခုလို ... ဒီကိုရောက်လာရတာပါဘဘ ..."

ဟု ပြောတော့ ဘဘထူးတစ်ချက်တွေးသယောင်ရှိနေ၏။

"အေးလေ ... မိုးနဒီမောင် မှာက အိမ်ထောင်မှုမရှိတာကိုး ... အိမ်ကြီးကိုအထိန်းအကြောင်း လူကောင်းကောင်းတော့ လိုပေမပေါ့ ... ဒါပေမယ့် ... အဲဒီအလုပ်မျိုးကိုလုပ်ဖို့ဆိုတာက ... မိန်းကလေးထက် အသက်နည်းနည်းကြီးတဲ့ မိန်းမကြီးတစ်ယောက်ယောက်ယောက်တော့ ပိုဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သင့်တာပေါ့ ..''

ဟု သုံးသပ်သလို ပြောလာသည်။

ကားကတော့မှန်မှန်ပြေးနေမြဲ .. ။ တောင်ကိုကွေ့ပတ်၍မောင်းသောဂဝံလမ်းသည် တောင်ကွေ့တစ်ခုရောက်တိုင်းမှာ ခွေဝိုက်ဝိုက်ရှိနေဆဲ .. ။ ခုထိမိုးမခအိမ်ကြီးကို မမြင်ရသေး .. ။

''အဲဒီဦးမင်းခမိုး ရော .. ဘာဖြစ်သွားလဲဘဘ..''

''ထောင်ထဲမှာဆုံးသွားတဲ့သတင်းကြားရတယ် .. အစာအိမ်ကင်ဆာနဲ့ဆုံးတာတဲ့ .. အဲဒီအချိန်မှာ မိုးနဒီမောင် မရှိတော့ဘူး .. သူ့အဖေရဲ့အစီအမံနဲ့ .. နိုင်ငံခြားရောက်နေပြီ .. ဦးမင်းခမိုး ရဲ့လူယုံဘဏ္ဍာထိန်းကြီး ဦးအိမ်စိုးက .. အစစအားလုံး ကလေးရဲ့ပညာရေးကအစ .. ဖြစ်အောင်သင်နိုင်အောင် .. အမေရိကန်ထိခေါ်သွားပြီး ကျောင်းအပ်တာကအစ .. ဟိုမှာနေဖို့အဆုံး စီစဉ်ပေးခဲ့တာလေ .. အတွင်းကျကျတော့ မသိရဘူး မိန်းကလေးရဲ့ .. မိုးနဒီမောင် တကယ်ပဲ ဟိုမှာကျောင်းတက်ဖြစ်ရဲ့လား .. ဆေးသွားကုပေးနေရတာလားဆိုတာတော့ မသေချာလှဘူး .. မိုးမခရဲ့အိမ်ဖော်ဒေါ်နန်းမွေ ရဲ့ အပြောအတိုင်းဆိုရင်တော့ .. ကလေးက .. နည်းနည်းကယောင်ချောက်ချားဖြစ်ပြီး .. စိတ်မမှန်ဘဲ ဖြစ်ကုန်တယ်လို့သိထားရတယ် .. သူ့ရှေ့မှာ .. အဖေက .. အဲဒီမိထွေးကိုသတ်တာလို့ ပြောတာပဲ .. လူတစ်ယောက်သေတာကို .. မြင်သွားရတယ်ထင်ပါရဲ့ .. အဲသလိုထင်တာပဲ .. ကိုယ်လည်း အိမ်ကြီးထဲရှိနေတာမဟုတ်တော့ .. တစ်ချို့သောအသေးစိတ်အဖြစ်တွေကျတော့ .. ဘဘမသိနိုင်ဘူးလေ .. လူအများအပြောများ .. ပြောကြတဲ့သတင်းလောက်ပဲ .. သိနိုင်ပေသပေါ့ ..''

ဟု ပြောလာတော့ ရှင်မွေ့ ခပ်ဆဆတွေးနေသည်။ ရှင်မွေ့ ကိုယ်တိုင်က သည်းထိတ်ရင်ဖိုဝတ္ထုတွေရေးနေသည့် စာရေးဆရာမတစ်ယောက် ..။ ကလောင်တစ်လက်အနေဖြင့် အရမ်းတော့ ထိပ်တန်းမရောက်သေးပေမယ့် .. ။ ထိုက်သင့်သောပရိသတ် ရှိလာနေပြီဖြစ်သည့်အချိန် .. ။



စာရေးဆရာမ မဇာအိန္ဒြာအမည်ဖြင့် လုံးချင်းနှစ်ပုဒ်ထွက်ပြီးခဲ့ပြီ .. ။ ဝရိသတ်လက်ခံသည်။ ကြယ်စင်ရထားစာပေမှ လုံးချင်းထုတ်ပေးနေသည်။ ခုလို .. အကြောင်းဆုံ ကြုံကြိုက်လာချိန်မှာ .. ရှင်မွေ့ မိုးမခအိမ်ကြီးမှာ စာကောင်းတစ်ပုဒ်ကို လက်တွေ့ဖြတ်သန်းရင်း ရေးနိုင်မည့်အခွင့်အလမ်းတော့ ရနေသည်။ ဒါပေမယ့် .. နည်းနည်းတော့ သွေးလန့်ချင်နေတာကလည်း ရှိနေ၏။

''အို .. ငါ့အသက် .. နှစ်ဆယ်ကျော်ပြီ .. မြန်မာစာအဓိကနဲ့ ဘွဲ့တစ်ခုလည်းရပြီးပြီ .. ဝတ္ထုရေးနေတဲ့ စာရေးဆရာမလည်း ဖြစ်နေပြီ .. ငါ့ကိုယ်ကို .. ငါယုံကြည်ရဲ့ရမှာပေါ့ .. ဘာမှမသိရသေးခင်မှာ .. လှည့်ပြန်တယ်ဆိုတာ .. သူ့ရဲ့ဘောကြောင်ရာ .. သတ္တိနည်းရာရောက်ပါတယ်လေ .. အိမ်ကိုပြန်ရင်လည်း ဒေါ်ခက်မွန် နဲ့တိုးရမှာ .. ဒုက္ခကို ရှောင်လွှဲချင်လို့ .. ငါ .. အဝေးကိုသွားချင်လို့ .. ဒီအလုပ်ကိုလျှောက်ခဲ့တာပဲလေ .. ဘာလို့ .. လှည့်ပြန်ရမှာတဲ့လဲ .. ပြီးတော့ .. အဲဒီမိုးနဒီမောင်ဆိုတာကလည်း .. မိထွေးနဲ့နေခဲ့ရတဲ့အတိတ်က လူတစ်ယောက်ဖြစ်နေတယ် .. သူ .. စိတ်ဂယောက်ဂယက် ဖြစ်နေသေးတယ်ဆိုရင်တောင်မှ .. ငါ .. သူ့ကို စာနာနားလည်နိုင်မှာပါ .. အို .. သူ့ကို .. ခုလိုအိမ်ကြီးမှာထားထားတယ်ဆိုတာကိုက .. သူအခြေအနေကောင်းလာလို့ .. ပြန်ခေါ်လာတာဖြစ်မှာပေါ့ .. ဟိုမှာ တကယ်ပညာသွားသင်ပြီး ပြန်လာတာလည်းဖြစ်နိုင်တာပဲလေ .. လူကောင်းသူကောင်း ကျန်းမာသူတစ်ယောက်အနေနဲ့ပြန်ရောက်လာတာ ဖြစ်ချင်ဖြစ်နေနိုင်တာပဲ ..''

ရှင်မွေ့ တွေးနေရင်း သက်ပြင်းမှျင်မှျင်ချမိသည်။

''ဦးမင်းခမိုး ဟာ .. ထောင်ဒဏ် တစ်သက်တစ်ကျွန်းကျခံခဲ့ရပေမယ့် .. သိပ်ကြာကြာမနေလိုက်ရဘဲ .. ကင်ဆာဝေဒနာကြောင့် .. ထောင်ကစီစဉ်ပေးတဲ့ဆေးရုံမှာ တက်ရောက်ကုသခံခဲ့ရရင်း .. ဆုံးခဲ့ရှာတာပါ ..''

www.burmeseclassic.com

www.burmeseclassic.com



ဘဘထွေး ပြောပြီးတစ်ချက်ရှင်မွေ့ကိုကြည့်သည်။

"မိန်းမတစ်ယောက် .. သွေးသံတွေ ပေကျံနေတဲ့အဝတ်တွေနဲ့ .. ဆံပင်ဖားလျားချပြီး .. အိမ်ကြီးမှာ သူလျှောက်ချင်ရာကို လျှောက်နေတတ်တဲ့ညတွေ .. ရှိခဲ့တယ် .. ရှိနေတယ်လို့ လူပြောသူပြောများနေတဲ့ အိမ်ကြီးတစ်လုံးမှာ .. မိန်းကလေး .. သွားအလုပ်လုပ်ဖို့ စိတ်နိုင်ရဲ့လား .. ဘဘ အဲဒါကိုပဲ မေးချင်တာပါကွယ် .."

ဟု ပြောလာတော့ ရှင်မွေ့အားယူ၍ပြုံးသည်။

"ရှင်မွေ့မှာလည်း .. အကြောင်းတွေ အများကြီးရှိနေတယ် ဘဘ .. ခုလို ရှင်မွေ့အတွက် စိတ်ပူပြီး .. ပြောပြသင့်တယ်ထင်ရာကို သေချာ ပြောပြပေးတဲ့ ဘဘကိုလည်း ရှင်မွေ့ ကျေးဇူးတင်ပါတယ် .. စမှာတွေကြ ရပေမယ့် .. စိတ်ရင်းစေတနာနဲ့ .. မိန်းကလေးတစ်ယောက်ဖြစ်ရှာတယ် ဆိုပြီး ခုလို ဘဘ ပြောပြတာကိုလည်း နားလည်ကျေးဇူးတင်ရပါတယ် ဘဘရယ် .. ဒါပေမယ့် .. ရှင်မွေ့ အဲဒီအလုပ်ကို .. အစမ်းသဘောနဲ့ပဲ ဖြစ်ဖြစ် .. နည်းနည်းလေးလောက်တော့ .. လုပ်ကြည့်ချင်ပါသေးတယ် ဘဘ .."

ဟု ပြောတော့ ဘဘထွေး ခေါင်းညိတ်ပါ၏။

"အေးလေ .. မိန်းကလေးမှာလည်း .. ဒီအလုပ်ကိုလုပ်မှဖြစ်နိုင်မယ့် အကြောင်းခံတွေရှိနေတယ်ဆိုတော့လည်း .. အစမ်းသဘောနဲ့လုပ်ကြည့်မယ်ဆိုရင် လုပ်ကြည့်ပေါ့ကလေးရယ် .. ဒါ .. ဘဘရဲ့လိပ်စာကဒ်ပဲ .. အရေးအကြောင်းရှိရင် .. ဘဘအိမ်ကို လာနိုင်တယ် .. အိမ်မှာ ဘဘညီမနန်းကျော့ ရှိတယ် .. အိမ်ဆိုင်လေးဖွင့်ထားသကွယ့် .. ဟုတ်ပလား .."

ဟုပြောကာ လိပ်စာကဒ်ကို ပေးသည်။

"ဘဘက .. တည်းခိုခန်းတစ်ခုနဲ့လည်း ဒီကဒ်လေးပေးထားပြီး .. တည်းခိုသူတို့ကို လိုက်ပို့ပေးဖို့ရာ လှမ်းခေါ်ရင် .. ဘဘ အဲဒီကိုသွားတယ် .. တည်းခိုသူ သွားလိုရာကို လိုက်ပို့ပေးတယ် .. တည်းခိုခန်းပိုင်ရှင်



ကိုလည်း ကျေးဇူးဆပ်တဲ့အနေနဲ့ .. ကားခထဲက .. သုံးရာခိုင်နှုန်း တုန့်ပြန်ပေးတယ်လေ .. တည်းခိုသူ ပါဆင်ဂျယ်ကလည်း ဘဘ ဆက်ဆံရေးနဲ့ စိတ်ရှည်မှုကို သဘောကျကြပါတယ် .. ဘဘလိပ်စာကဒ်ကို သူတို့ကို ပေးထားလိုက်ရင် .. သူတို့လိုတဲ့အခါ ဖုန်းဆက်ခေါ်တယ် .. ဘဘသွားကြို .. လိုက်ပို့ပေးရတယ်ပေါ့ .. သူတို့က .. သူတို့ရဲ့မိတ်ဆွေတွေကို .. ဆယ်သွယ်ပေးနိုင်အောင်လို့လည်း ဘဘရဲ့လိပ်စာကဒ်ကို ပေးထားတယ် .. ဖုန်းနံပါတ်လည်းပါတယ်လေ .. ဟန်းဖုန်းကို လှမ်းဆက်ခေါ်သို့ရတာပေါ့ .. ဒါပေမယ့် .. အဲဒီမိုးမခအိမ်ကြီးကတော့ .. ဖုန်းလိုင်းတွေ မိဘူးလို့ ကြားရသကွယ့် .. ကြိုးဖုန်းပဲခေါ်လို့ပြောလို့ရတယ်ဆိုပဲ .. အရင်တုန်းက .. မနန်းမွေ့ နေခဲ့သကိုး .. မနန်းမွေ့က .. ဘဘအိမ်ဘေးမှာ အခုနေသလေ .. သူလည်း .. မိုးမခမှာ အလုပ်မလုပ်တော့ဘဲ .. သူ့အိမ်ငယ်လေးရှေ့မှာ ဆန်ခေါက်ဆွဲဆိုင်လေး ဖွင့်ရောင်းနေတာကွယ့် .."

ဟုပြောလာတော့ ရှင်မွေ့ ပိုသဘောပေါက်လာသည်။ ဘဘထွေး မိုးမခ၏သတင်းတော်တော်များများကို ဒေါ်နန်းမွေ့ ထံမှ သိနိုင်ခဲ့တာလည်း ပါချေမည် .. ။ အိမ်ချင်းနီးသည်ကိုးလေ .. ။

"ဟော .. ဟိုမှာတွေ့ပြီ .. မိန်းကလေးသွားရမယ့် မိုးမခအိမ်ကြီး .."

ဂဝံနီကျောက်ခင်းလမ်းအတိုင်း တစ်ကွေ့ကွေ့လိုက်ပြီးချိန်မှာ လမ်းအဆုံးလည်းဖြစ်ပြီ .. ။ နည်းနည်းမော်းလိုက်လျှင် .. တောင်ကုန်းမြင့်ထက်မှာ ထီးထီးမားမားကြီးရှိနေသည့် မိုးမခအိမ်ကြီးကိုလှမ်းလင့်တွေ့မြင်ရပါချေသည်တကား .. ။

အိမ်ကြီးက နှစ်ထပ်အဆောက်အအုံ .. ။ အမိုးနီနီ .. ။ အုတ်နီနီတို့ဖြင့် အနောက်တိုင်းဆန်သောအိမ်ကြီး .. ။ ရဲတိုက်ဆန်နေသောအိမ်ကြီး .. ။ မီးခိုးခေါင်းတိုင်ကြီးလည်း ရှိသည်။ အမိုးတို့သည် မတ်စောက်စောက် မြင့်ထယ်ထယ်ရှိသည်။ တည်ဆောက်ပုံကိုက ရဲတိုက်ကြီးနှယ်ရှိသည့် အိမ်အိုကြီးတစ်လုံး ဖြစ်နေ၏။ ဒါပေမယ့် .. ခန့်ညားထည်ဝါခြင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ရှိနေသည့် မိုးမခအိမ်ကြီးဖြစ်နေသည်ဆိုတာ ခြံဝန်းကျယ်ကြီးနှင့်နီးလာလေ .. ။ ခြံဝန်းတံခါးကြီးရှေ့ ရောက်လာလေလေမှာ ပို၍ပို၍ထင်ရှားလာသည့်အဖြစ် .. ။

ခြံဝန်းတံခါးအုတ်တိုင်ကြီးသည် အိုမင်းခြင်းတစ်ခု၏သင်္ကေတအဖြစ် ရေညှိစိမ်းစိမ်းတို့တက်နေ၏။ ခြံဝန်းတံခါးကြီးက သံထည်သံကွေးတို့ဖြင့် ရှိနေကာ .. ။ လောလောဆယ်မှာတော့ အနက်ရောင်ဆေးတို့ မကြာမတင် ရက်ပိုင်းလပိုင်းလောက်ကမှ သုတ်ထားသည့်နှယ် အသစ်ဖြစ်နေကာ နက်မှောင်မှောင်ရှိ၏။ ကြေးနီပြားကို အုတ်ဝင်း တံခါးတိုင်ပြင်ကျယ်ကျယ်ကြီးမှာ ထွင်း၍မြှုပ်ထားကာ .. မိုးမခဆိုသည့် အမည်ကို ထွင်းထား၏။

မိုးမခ .. အိမ်ကြီး၏ရှေ့သို့ .. ရှင်မွေ့ ရောက်လာရပြီ .. ။

အုတ်နီခင်း ကားအဝင်လမ်းသည် ခြံဝန်းကျယ်ကြီးမှာ ခွေဝိုက်ဝိုက်ရှိ၏။

ဓာတ်ခြံလုံးတိတ်ဆိတ်နေသည်။

"နောက်ကြောင်းပြန်ချင်တယ်ဆိုရင် .. ကားပေါ်ကမဆင်းဘဲနေလိုက်နိုင်အောင် မိန်းကလေး .. "

ဟု ဘဘထွေးမှ စဉ်းစားဖို့သတိပေးသည့်နှယ် ပြောလာချိန်မှာ ရှင်မွေ့ ကားတံခါးကို ညင်ညင်သာသာဖွင့်လိုက်မိပြီ .. ။ ခြေအစုံက ဂဝံလမ်းပေါ်အချ .. ။ ရုတ်ခနဲ .. မိုးရွာချလာသည်။ စောစောကတည်းက မိုးတို့ညို့ရှိုင်းမှောင်ဝေဝေရှိနေရာမှ .. ရွာချလိုက်ခြင်း .. ။

ရှင်မွေ့ပိုက်ဆံအိတ်လေးထဲမှ ငွေကိုထုတ်၍ ကားခရှင်းပေးပြီးသည့်နောက်မှာ လက်ဆွဲသားရေခဲသေတ္တာကို ဆွဲယူလိုက်မိရပြီ .. ။

"ရပါတယ် ဘဘ .. ရှင်မွေ့ .. လူခေါ်ခေါင်းလောင်းလေးကို နှိပ်လိုက်ပါ့မယ် .. ဘဘ .. ပြန်ပါ .. မိုးကြီးလာမယ်ထင်ပါရဲ့ .. ဘဘ အပြန်ခက်နေပါ့မယ် .. ကားက တောင်ဆင်းလမ်းလည်း ဖြစ်နေတယ် .."



အလာမှ အတက်ခရီးပေမို့ .. ။ အပြန်မှာ အဆင်းလမ်းပဲ ဖြစ်ချေမည် .. ။ မိုးမှောင်လာလျှင် ဘဘ ကားမောင်းရခက်ပေလိမ့်မည် .. ။ စိုးရိမ်စိတ်ဖြင့် ရှင်မွေ့ ပြောပေမယ့် ဘဘ မပြန်သေးပါ .. ။ လူခေါ်ခေါင်းလောင်းလေးကို ခလုတ်လေးနှိပ်၍ ရှင်မွေ့ ခေါ်သည်ကိုလည်း စောင့်ကြည့်သည်။ ထီးတစ်လက်ဆောင်း၍ လူတစ်ယောက်ခြံတံခါးဖွင့်ဖို့ လာနေတာမြင်တော့မှ .. ဘဘ .. ကားကိုမောင်းထွက်သွားပါ၏။

ရှင်မွေ့ ထီးဆောင်းမထား .. ။ ရှင်မွေ့မှာ ထီးပါမလာ .. ။ ဝတ်ထားသော အင်္ကျီထူလေးကို ဆွဲစေ့ပိုက်ထားရင်း ခြံတံခါးအဖွင့်ကို စောင့်ဆိုင်းနေမိရချိန်မှာ .. တစ်ကိုယ်လုံးစိုနေပြီ .. ။ မိုးစက်တို့က .. မျက်နှာထက်မှာ စီးနေ၏။ ဆံစတို့လည်း စိုနစ်နေပြီ .. ။

လေက အေးစိမ့်စိမ့်တိုက်နေလျက် .. အင်အားလည်းပါလာနေပြီ .. ။

နားရွက်ဖျားတို့ အေးစိမ့်တက်လာနေသည်။ မျက်နှာထက်မှ မိုးရေတို့ကို လက်ဖြင့် ရှင်မွေ့ သပ်ချလိုက်ချိန်မှာ ခြံဝန်းတံခါးကို ဘဘတစ်ယောက်က ဖွင့်နေပါပြီ ... ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

ရှေးခေတ်ပောင်းမှန်များဟု ထင်သာနေသည့် ဖောင်းကြွပန်းပွင့်တွေရှိနေသည့် ရောင်စုံမှန်များကို ပြတင်းပေါက်တိုင်းမှာ အကွက်သေးသောင်အလိုက်တပ်ထားပါသည့် မိုးမခ .. ။ ကျွန်းသားအဝင်တံခါးမကြီးကျတော့လည်း နဂါးနှစ်ကောင်ကနေသည့်နယ် တံခါးနှစ်ချပ်မှာတစ်ချပ်ချင်းစီအလိုက် မောက်ကြွနေအောင် ထွင်းထားပါသည့် လက်ရာဖြင့် ရှိနေသည့်အဖြစ် .. ။ တံခါးရွက်ကို သဝေ်ာဆေးသုတ်မထား .. ။ မူလကျွန်းရောင်မပျက်အောင် အရောင်တင် လိုက်ကာကိုပဲ သုံးထားသည်။ ပေါ်တီကိုကြီးကျတော့လည်း မြင့်မားသောတိုင်လုံးကြီးတွေမှာ ကြာပွင့်ပုံတွေကိုထွင်း၍ထွင်း၍ ပတ်လည်လုံးပြည့်ရှိနေကြပါချေ၏။

ဘေးမှ ထီးမိုး၍လိုက်လာပါသည့် ဦးလေးကြီးကလည်း နှုတ်ဆိတ်နေ၏။

"ကျွန်မ ရှင်မွေ့ ပါ .. ဒီအိမ်ကြီးမှာ အလုပ်ဝင်ဖို့လာခဲ့တာပါ .. "

ဟု ခြံဝန်းတံခါးမှာရှိတုံးက ရှင်မွေ့ ပြောပြခဲ့ချိန်မှာ ခေါင်းညိတ်ပြသည်။

"ပြောထားတယ် .. လာလိမ့်မယ်ဆိုတာကိုလေ .. ဒါပေမယ့် .. ဒီနေ့ရောက်လာမယ်လို့တော့ မမလေးနန္ဒာ က ပြောမထားဘူးကွယ် .."

ဆိုတာလောက်ပဲ တုန့်ပြန်ပြောခဲ့တာရှိသည်။ နောက်တော့ မိုးတွေနိုနေပြီဖြစ်နေသည့် ရှင်မွေ့ ကို ဖဲထီးကြီးဖြင့် ဆောင်းပေးလာခဲ့သည်ပါပဲ .. ။ ခုတျတော့ .. တူတူခြံထဲလျှောက်လာရင်း ပေါ်တီကိုအောက်သို့ ရောက်ပြီ။ နောက်ထပ်ဘာစကားကိုမှ ထိုဦးလေးကြီးမှ ပြောဆိုလာတာ မျိုးမရှိခဲ့ ..။

"ဦးကြီးနာမည်က .. အိုက်ခေါင် တဲ့ .. ဦးအိုက်ခေါင် လို့ ခေါ်ပေါ့ မိန်းကလေး .. ဒီအိမ်ကြီးရဲ့ ခြံစောင့်လည်းဖြစ် .. ဥယျာဉ်မှူးလည်းဖြစ် .. ဒရိုင်ဘာလည်း ဖြစ်တဲ့သူဆိုပါတော့ .. ကဲ .. ခဏစောင့်နော် မိန်းကလေး .. ဦးကြီး .. မမလေးကို သွားပြောလိုက်မယ် .."

ဟုပြောကာ တံခါးရွက်ကြီးကို တွန်းဖွင့်၍ဝင်သည်။ ပေါ်တီကိုအောက်မှာ ရှင်မွေ့ မိုးရေစိုကပ်နေသည့် အဝတ်စိုတွေဖြင့် ချမ်းနိုက်နိုက်တုန်လာနေရင်း ရပ်ကျန်ခဲ့ရသည်ပါပဲ .. ။ ဖြစ်နိုင်မည်ဆိုလျှင် .. ခုအချိန်မှာ အတောင့်တဆုံးသောအရာအဖြစ် ရင်ထဲတိုးဝင်လာရသည်က ကော်ဖီမှုတစ်ခွက်ပဲဖြစ်လေသည်။ အငွေ့ထောင်းထောင်းထနေသည့် ကော်ဖီတစ်ခွက်ကိုကိုင်ကာ သောက်ချလိုက်ရလျှင် အူတွေပူလာကာ တစ်ကိုယ်လုံးသို့ အပူငွေ့တွေ ဖြန့်ကျက်ကုန်လျက် အေးစိမ့်စိမ့်စားရချက်တွေလျှော့ပါးသက်သာကုန်ရချေမည်သာ .. ။

ဒါပေမယ့် .. လောလောဆယ်မှာတော့ ရေစိုဆွယ်တာလေးကိုပဲ ရင်တတ်နှစ်ခုကိုဆွဲစေ့ထားရရင်း ပေါ်တီကိုအောက်မှာ ကြွက်စုတ်ရေမွန်းထားသည့်နယ် ရပ်နေရမြဲ .. ။

တံခါးရွက်ကြီးပွင့်လာပြန်သည်။ အမျိုးသမီးတစ်ယောက်ထွက်လာ၏။ ဆံထုံးကို မြင့်မြင့်ထုံးထားကာ ကျောက်စီဆံထိုးသည် ဆံထုံးထက်မှာ တလက်လက်ရှိ၏။ မျက်ခုံးထူထူ၊ မျက်လုံးတွေက အတန်မျှသိသာလောက်အောင်ပဲ မှေးနေကြကာ မျက်တောင်တွေကျတော့လည်း ရှည်ရှည်စင်းစင်းတွေကို မျက်ဝန်းတွေက ပိုင်ဆိုင်ထားပြန်သည်။ မလှ



www.burmeseclassic.com

www.burmeseclassic.com



သောမျက်ဝန်းမှေးမှေးသည် လှသောမျက်တောင်ရှည်စင်းစင်းတွေနှင့် သီးသန့်စီသပ်သပ်ဖြစ်နေကြချေ၏။ အလှနှစ်ခု ထပ်တူကျနေတာမျိုး ဖြစ်မနေ .. ။ မလှသောမျက်ဝန်းနှင့် လှသောမျက်တောင်တို့၏ ဆန့်ကျင်ဘက်နှစ်ခုရှိနေရာ မျက်နှာသည် ထိုဆန့်ကျင်မှုနှစ်ခုကြောင့်ပင်လျှင် ပို၍ထင်ရှားသိသာသောခံစားချက်ကို မြင်ရသူအပေါ် လွှမ်းမိုးလာနေစေနိုင်သယောင်လည်း ရှိနေပြန်သည်။ နှာတံကလေးသွယ်၍ ခပ်တင်းတင်းရှိကာ နှုတ်ခမ်းက မါးလျားနီမြန်း၏။ သိသာသည်ကတော့ မာနရောင်တွေ စိုလူးထားသည့်နှယ် ရှိနေခြင်းပဲ ဖြစ်လေသည်။ ခပ်စူးစူးအကြည့်သည် ဖော်ရွေမှုတော့သိပ်မရှိလှ .. ။

"မိုးရေတွေရိုလာတာဆိုတော့ .. ဧည့်ခန်းထဲဝင်တဲ့အခါ ကြာကြာရပ်မနေဘဲ တောက်လျှောက် ကိုယ့်အခန်းကိုယ်ဝင်သွားတာ ပိုကောင်းလိမ့်မယ် ရှင်မွေ့ .. မင်းကို .. ဒေါ်နန်းခက် အခန်းလိုက်ပြပေးလိမ့်မယ် .. ခက်တာက .. ဦးအိမ်စိုး ပါပဲ .. သူက .. ဒီအိမ်မှာအိမ်စောင့်ထိန်းတစ်ယောက်လိုနေတယ်ဆိုပြီး ဖွတ်ခေါ်တာကဆိုးနေတာ .. ဒီအိမ်ကြီးကို .. ဟိုးအရင်တုန်းကလည်း .. ငါပဲ .. အုပ်ထိန်းလာခဲ့တာပါပဲ .. ဟောဒီအိမ်ကြီး ကာလကြာရှည်သော့ပိတ်မထားခဲ့ရတုန်းကဆိုပါတော့ .."

ဟု ခပ်ညည်းညည်းပြောကာ ချာခနဲလှည့်၍ အိမ်ထဲပြန်ဝင်သည်မို့ ရှင်မွေ့ စိတ်မသက်မသာဖြင့် အိမ်ကြီးထဲဝင်ခဲ့ရသည်ပါပဲ။ မဝင်၍လည်း မဖြစ် .. ။ အပြင်မှာက လေရောမိုးရော အားပါလာနေပြီ .. ။ လူလည်း စိမ့်စိမ့်တက်အောင် ချမ်းလာနေရပြီကိုးလေ .. ။ ဒေါ်နန္ဒာ အရေးအရာထား၍ ကြာကြာမရပ်ဘဲနေဖို့ ပြောခဲ့ပါသည့် ကြမ်းခင်းကော်ဇောကြီးသည် ဟောင်းနေပြီ .. ။ သေသေချာချာ ဖုန်စုတ်သန့်စင်ထားပုံရပေမယ့် အရောင်ကမွဲလွင့်လွင့်ဖြစ်နေပြီ .. ။ တစ်ချိန်က အောက်ခံအနီရောင်ထက်မှာ အညိုရောင်အကိုင်းအခက်တွေ ယှက်နွယ်နေလျက် အပွင့်တွေမြိုင်ဆိုင်နေအောင် ရောင်စုံခင်းထားပါသည့် ဒေလီယာပွင့်များပါ ဝါလေသော



ထိုယက်ထားရာကော်ဇောသစ်ကြီးသည် အတော်ကြီးလှပနေခဲ့မှာတော့ သေချာနေသည်ပါပဲ .. ။ ဒေလီယာအပွင့်တွေက တစ်ချို့အဝါ၊ တစ်ချို့ ခရမ်းဖျော့ .. ။ တစ်ချို့က နီရဲရဲ .. ။ တစ်ချို့က အပန်းရောင် .. ။

ထိုဒေလီယာပွင့်တွေကို အစိမ်းရောင်အရွက်အခက်တို့က ပို၍ မောက်ကြွလာနေစေသည်ပါပဲ .. ။ ကော်ဇောဟောင်းကြီးသည် အရောင်မသစ်လွင်တော့ပေမယ့် .. လွင့်ပြယ်နေသောအရောင်တို့နှင့်ပင် လှနိုင်သမျှတော့ လှနေသည်။ ဒါပေမယ့် .. ထိုအလှသည် မတောက်ပနိုင်တော့ပြီတည့် .. ။ တစ်ချိန်က ဤဧည့်ခန်းထဲမှာ ဤကော်ဇောကြီးသစ်လွင်နေသည့်နှယ် ပန်းကနုတ်ထွင်း ကျွန်းဆက်တီကြီးများ၊ သစ်ပြေသီးမှည့်ရောင်စန္ဒယားကြီးနှင့် .. မျက်နှာကျက်ဆီမှ ငွေဆည်းပန်းပုရုပ်ထုများသည်လည်း သစ်လွင်လှပနေကြပါချေလိမ့်မည် .. ။ ခုကျတော့ အရာရာတိုင်းသည် ဟောင်းအိုနေခြင်းတို့ဖြင့် ရှိနေကြချေ၏။

"သူ့ကို ဒေါ်နန်းခက် ရဲ့အောက်ဘက်ကအခန်းလွတ်မှာ နေရာချပေးလိုက်ပါ .. မင်းအမြန်ဆုံး အဝတ်အစားလဲသင့်တယ် ရှင်မွေ့ .. ဒီမှာကြာကြာရပ်နေရင် မင်းလည်းအအေးပတ်မယ် .. ဒီကော်ဇောအိုကြီးလည်း ပိုပြီးချေစိုလာလိမ့်မယ် .. အိုဟောင်းနေတဲ့ဒီကော်ဇောကြီး မိုးရေစက်လက်နဲ့ ရပ်နေတဲ့မင်းကြောင့် .. အဲဒီနေရာမှာ ပိုဆွေးသွားကုန်လိမ့်မယ်ကွယ် .. မင်း ဒီမိုးမခအိမ်ကြီးကို အိမ်စောင့်ထိန်းအဖြစ် ရောက်လာရပြီးချိန်မှာ ပထမဆုံး လဲလှယ်သင့်တာကတော့ ဒီကော်ဇောအိုကြီးကို ဖယ်ရှားပစ်လိုက်ဖို့ပဲကွယ့် .. ဒီနေရာမှာ ကော်ဇောသစ်ကြီးတစ်ခုကို လဲလှယ်လိုက်ဖို့ပဲ .. ခက်တာက .. ဒီဒီက လုံးဝပစ္စည်းဟောင်းတွေကို အပြောင်းအလဲမလုပ်ရဘူးလို့ ကြပ်ကြပ်မတ်မတ် ပြောနေလို့ပဲ သိရဲ့လား .."

ခပ်ညည်းညည်းပြောနေသည့် ဒေါ်နန္ဒာ ကို ရှင်မွေ့ တစ်ချက် အကဲခတ်သလို ကြည့်မိသည်။ မိုးမခအိမ်ကြီး၏ဧည့်ခန်းမှာ ခင်းကျင်းထားရာ ဤကော်ဇောအိုကြီးအပေါ် စိတ်သဘောမတွေ့နိုင်သော မျက်စိစူး

www.burmeseclassic.com



နေမှန်း ရိပ်မိလာရသည်က ရှင်မွေ့ ပါ .. ။

ပြီးတော့ ဒေါ်နန္ဒာ ပြောသည့်စကားထဲမှာ ပါလာသည့်အမည် တစ်ခု .. ။ ဒီဒီ တဲ့လားလေ .. ။ ချစ်စနိုးခေါ်သည့် အဖျားဆွတ်အမည်တစ်ခု ဟု ရှင်မွေ့ ထင်သည်။ ဖျတ်ခနဲသတိရလိုက်မိသည်က ဘဘဦးအိုက်ထူး ၏ စကား .. ။ ဤမိုးမခအိမ်ကြီး၏ အရှင်သခင် လူငယ်တစ်ယောက်၏ အမည်သည် .. မိုးနဒီမောင် .. ။ ထိုသူကိုအဖျားဆွတ်၍ ဒီဒီဟုခေါ်တာ ဖြစ်ချေမည် .. ။ မိုးနဒီမောင် သည် ဤအိမ်ကြီးမှ မည်သည့်ပစ္စည်းကိုမျှ အလဲအလှယ်မခံ .. ။ အပြောင်းအလဲမခံသည့် လူတစ်ယောက်ဖြစ်နေချေ သည်တကား .. ။ ဘာကြောင့် .. ထိုသို့ မိုးမခ ၏ ဟောင်းအိုခြင်းများအပေါ် တွယ်မက် စွဲလန်းနေရပါသတဲ့လဲ .. ။ ကြွယ်ဝိုးကြွယ်ဝနေသူများပေမို့ ပစ္စည်းကောင်းတွေကို လဲလှယ်လိုက်ဖို့ဆိုတာ ဘာမျှငွေကြေးကိစ္စထည့် တွက်စရာကို မလိုသည့်အဖြစ်ပေပဲလေ .. ။ ဒါပေမယ့် .. မျက်မြင်အတိုင်း ဆိုလျှင်ဖြင့် မိုးမခ သည် ခန့်ညားထည်ဝါခြင်းများဖြင့် ပြည့်ဝနေပေမယ့် ဟောင်းအိုခြင်းများနှင့်အတူ ရပ်တည်နေသည့်နေရာတစ်ခု ဖြစ်နေသည်။

"သူ့ကို .. အပေါ်ထပ်က ဒီဒီ အခန်းဘေးက တစ်ခန်းကျော်အခန်း ကို ပို့လိုက်ပါ ဒေါ်နန်းခက် .. "

အပေါ်ထပ်ဆီမှအသံ .. ။ အားလုံး၏အကြည့်က အသံလာရာဆီသို့ ရောက်၏။ အပေါ်ထပ် စင်္ကြန်သွားလမ်း၏အလည်နေရာမှာ ရှိချေသော ကျွန်းသားလှေကား၏ထိပ်နေရာမှာ လူတစ်ယောက်ရပ်နေသည်။ ဆံ တို့ကို နောက်သို့လှန်၍ ဖြီးသင်ထား၏။ ရှုးရှတောက်ပသော မျက်ဝန်း အစုံနှင့် နက်မှောင်ထူတန်းနေသော မျက်ခုံးတို့က မျက်နှာထက်မှာ အထင်ရှားဆုံးဖြစ်နေသည်။ မေးရိုးပြန့်ပြန့် .. ။ နှာတံကြီးထင်းလျက် နှုတ်ခမ်းက ပါးလျား၏။ မှတ်ဆိတ်ပါးမြိုင်းမွေးတို့ကို ရိပ်သင်ထား သည်မို့ စိမ်းဖန့်ဖန့်သမ်းနေသည့် မေးရိုးတို့က ပြတ်သားသူတို့၏ ဟန် သဏ္ဌာန်အဖြစ်လေးထောင့်ကျကျရှိ၏။ ရပ်က တော်စင်ဆန်သည်



မဟာဘက်ကိုနှယ်၏။ မီးခိုးရောင် သက္ကလပ်သား ရှမ်းဘောင်းဘီကို ဝတ်ထားကာ အပြာရောင်ရှပ်လက်တိုကို ဝတ်ဆင်ထားသည့် ထိုသူ၏ အကြည့်က ရှင်မွေ့ ထံမှာ စူးစူးစိုက်စိုက်ရှိနေသည်။

"မင်းအဝတ်အစားလဲပြီးရင် .. ငါ့အခန်းကိုလာခဲ့ပါ .. ဒေါ်နန်းခက် သူ့ကိုကော်ဖီပူပူတစ်ခွက်နဲ့ စားစရာပို့ပေးလိုက်ပါ .. သူ စားပြီးချိန်မှာ ကျွန်တော့်အခန်းကို လိုက်ပို့ပေးပါ .. "

စကားကို သိပ်ရှည်ရှည်မပြော .. ။ ပြောလိုတာကို ပြောပြီးတာနှင့် ပြန်လှည့်၍ စင်္ကြန်၏ညာဘက်ခြမ်းနေရာကို လျှောက်သွား၏။ စင်္ကြန်၏ လက်ရမ်းတွေက ကျွန်းသားပန်း ကနုတ်ထွင်း ရှေးလက်ရာများ .. ။ ထိုစင်္ကြန်ရှည်၏တစ်ဖက်မှာ ပန်းချီကားများချိတ်ထားရာ နံရံရှိနေ၏။

"အေးလေ .. သူ့အိမ်ပေပဲ .. သူ သင့်မယ်ထင်တဲ့နေရာ .. သူတို့ ခန့်ထားတဲ့လူကို နေပေ့စေပေါ့ ဒေါ်နန်းခက် ရယ် .. ကဲ .. ကဲ .. ရှင်မွေ့ .. သူ့နောက်ပုံကဲသွား .. လိုက်သွား .."

ဟုပြောကာ ဒေါ်နန္ဒာ မျက်နှာသိပ်မကောင်းဘဲ မီးဖိုဆောင်ဘက် ဟု ထင်ရသည့် နောက်ဘက်အခန်းဆီသို့ ကူးသွားတော့ ရှင်မွေ့ စိတ်ရှုပ် ထွေးစွာ ကျန်ခဲ့ရသည်ပါပဲ .. ။

ဤမိုးမခသို့ရောက်လိုက်တာနှင့် တစ်ယောက်ကအောက်ထပ်မှာ နေခိုင်းသည်။ တစ်ယောက်က အပေါ်ထပ်မှာနေဖို့ စီမံသည်။ တစ်ယောက် မကြည်ဖြူသည့်နေရာမှာ ရှင်မွေ့ မျက်နှာပြောင်တိုက်၍ တက်နေရမလို ဖြစ်နေသည်ကိုးလေ .. ။

ဒေါ်နန်းခက်မှ ရှင်မွေ့ ၏ အဝတ်အစားသားရေသေတ္တာကိုဆွဲ၍ ရှေ့မှတက်တော့ ရှင်မွေ့ နောက်မှလိုက်တက်လာရသည်ပါပဲ .. ။ နက် ပြာရောင်ကော်ဇောခင်းထားရာ လှေကားထစ်တွေ၏ အထိအတွေ့သည် နူးညံ့မှုတော့ရှိသည်။ ဒါပေမယ့် .. မိုးမခ၏ မူပိုင်သွင်ပြင်ဟု ဆိုရမည် လားမသိ .. ။ ထိုကော်ဇောသည်လည်း ဟောင်းအိုခြင်းဖြင့် ရှိနေသည်ပါ

www.burmeseclassic.com

www.burmeseclassic.com



ပဲ .. ။

"အိမ်ကြီးကို .. အစစ .. ပြန်ပြီးသန့်ရှင်းရေးလုပ်ခဲ့ရတာ မိန်းကလေးရေ .. အရင်တုန်းကတော့ ဒီမိုးမခကို ခြံစောင့်လို တာဝန်ယူထားရတဲ့ ဦးအိုက်ခေါင် ပဲတတ်နိုင်သမျှ တစ်ခါတစ်ခါဝင်ပြီး အိမ်ကြီးရဲ့သန့်ရှင်းရေးကို လုပ်ခဲ့ရတာတဲ့ ..။ အစ်ကိုလေးပြန်လာမယ်ဆိုမှ .. အိမ်ကြီးကို နံရံတွေဆေးအသစ်ပြန်သုတ် .. ။ အိမ်တွင်းအိမ်ပြင် ခြံကြီးကအစ .. အားလုံး လူအင်အားနဲ့ ပြုပြုပြင်ပြင်မွမ်းမွမ်းမံမံလုပ်ခဲ့ရတာတဲ့ .. ဒါတွေ အားလုံး ဦးအိုက်ခေါင် က ဒေါ်နန်းခက် ကိုပြောပြခဲ့တာလေ .. ဒေါ်နန်းခက် လည်း ခုမှ ဒီမိုးမခကိုရောက်ရတာ .. သိပ်မကြာသေးပါဘူး .. အစတုန်းကတော့ မိုးမခဟိုတယ်ကြီးမှာ စားဖိုဆောင်မှာလုပ်ခဲ့ရတာလေ .. စားဖိုမှူးကြီးတော့မဟုတ်ပါဘူး .. ဒါပေမယ့် .. စားဖိုမှူးကြီးဦးစိုင်းလုံ နဲ့တူတူ တွဲလုပ်လာခဲ့ရတာ နှစ်တွေကြာခဲ့ပြီကွယ် .. ဘာပဲလိုလိုဒေါ်နန်းခက်ကို ပြောနော် .. အစ်ကိုလေးက အနေအစား သူ့သဘောအကိုင်းနေတတ်ပေမယ့် .. စိတ်ရင်းကောင်းပါတယ် .. "

သဘောကောင်းပုံရသော ဒေါ်နန်းခက် မှ စကားလေးတပြောပြောဖြင့် ရှင်မွေ့ နေရမည့်အခန်းသို့ ခေါ်လာသည်။ စင်္ကြံရှည်မှာ ခင်းထားသော ကော်ဇောကအပြာရောင် .. ။ ဘေးဘက်နံရံမှာချိတ်ထားသော ပန်းချီကားတွေက ရှုခင်းပုံတွေချည်းဖြစ်ပါ၏။ အထူးသဖြင့် ရှမ်းမြေမြင့်၏ ရှုခင်းပုံတွေဖြစ်သည်။ ရှင်မွေ့ ကိုအခန်းတစ်ခန်းဆီသို့ ဦးဆောင်၍ ဒေါ်နန်းခက် ခေါ်လာပါ၏။ အခန်းထဲရောက်တော့ပြုံး၍ ..

"မိန်းကလေး အဝတ်အစားလဲထားလိုက်နော် .. ဒေါ်နန်း ကော်ဖီ ပူပူနဲ့ ဘီစကစ်မုန့်လေးယူလာလိုက်မယ် .. ပေါင်မုန့်မီးကင်လေးတော့ လုပ်ချင်ပါရဲ့ .. အစ်ကိုလေးဆီ ခေါ်သွားရဦးမှာဆိုတော့ ပေါင်မုန့်မီးကင်တာတို့ ဘာတို့လုပ်နေရင် အချိန်လင့်မှာစိုးတယ်လေ ..ဒါကြောင့် မုန့်ပုံးထဲက ဘီစကစ်လေးတွေပဲ ယူလာလိုက်မယ်နော် .."



ဟု ပြောပြီး အဝတ်အစားသေတ္တာကို ဗီရိုအနီးမှာ ဒေါ်နန်းခက်ချထားလိုက်ပါ၏။

"ခုတင်မှာ အိပ်ရာတွေဘာတွေ ဒေါ်နန်းခက် ခင်းထားလိုက်ပါ့မယ် .. အစ်ကိုလေးဆီ မိန်းကလေးကိုပို့ပြီးရင် လိုအပ်တာတွေ ဒီအခန်းမှာ ဒေါ်နန်းခက် လုပ်ထားလိုက်မယ်လေ .. ကဲ .. ကဲ .. ခြေလက်လေးဘာလေး ဆေးချင်ဆေးပေါ့ .. မျက်နှာလေးလည်းသစ်လိုက်ပေါ့ .. ရေချိုးခန်းမှာ ရေပူရေအေးရှိတယ် .."

ပြောကာဆိုကာဖြင့်ပင် ဒေါ်နန်းခက် ခပ်သုတ်သုတ်အခန်းထဲမှ ထွက်သွားပါ၏။ မြန်မြန်ကော်ဖီဖျော်ပြီး ပြန်တက်လာဖို့ပဲ အာရုံနှစ်ထားပုံရသည်။ မိုးနုဒီမောင် က မှာထားသည်ကိုးလေ .. ။ ဒေါ်နန်းခက် အတွက် အဓိကအရေးတယူ နာခံရာ လူတစ်ယောက်အဖြစ် မိုးနုဒီမောင် ဆိုသူက နေရာယူထားဟန်တူသည်ပါပဲ .. ။

"သူဟာ .. ဒီမိုး..အိမ်ကြီးကို ပြန်ရောက်တာ သိပ်မကြာသေးဘူးဆိုတာကိုတော့ ဘဘဦးအိုက်ထူး ကားမောင်းနေရင်း ပြောပြထားခဲ့လို့ ငါသိခဲ့ရပြီးပြီ .. ဒီအိမ်ကြီးကိုပြန်ရောက်တာနဲ့ သူဟာသြဇာကြီးတဲ့သူအဖြစ် နေရာယူထားသလား .. အဲသလိုပဲ ခပ်တင်းတင်းနေတယ်ဆိုရင်လည်း .. ဒေါ်နန်းခက် က သူ့ကိုသဘောကောင်းတယ်လို့ ပြောနေပြန်ရော .. သူဟာ မာရေကျောရေနဲ့ နေတဲ့သူတစ်ယောက်မဟုတ်ဖူး ထင်ပါရဲ့ .. အနေတည်တည်နဲ့နေတဲ့သူတစ်ယောက်အဖြစ်ရှိနေရင်း သဘောလည်းကောင်းနေတဲ့သူမျိုး ဖြစ်နေမလား .. နောက်တစ်ခုက .. သူဟာ စိတ်ပိုင်းဆိုင်ရာမှာ စိတ်မမှန်တဲ့သူတစ်ယောက်လို့ ဘဘဦးအိုက်ထူး ပြောပြထားပေမယ့် .. စောစောကငါမြင်ခဲ့ရတဲ့သူကတော့ .. တည်တည်ငြိမ်ငြိမ်ရှိနေတာပဲ .."

ရှင်မွေ့ ရေချိုးခန်းဝင်ရင်း ရေပူရေအေးခလုတ်ကို သင့်ရုံထား၍ ရေနွေးနွေးဖြင့် ခြေလက်ဆေး .. ။ မျက်နှာသစ်ရင်း တွေးနေခြင်းပါ၊ နောက်တော့

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားလဲရသည်။ အပေါ်မှထပ်၍ နီရဲရဲယုန်မွေးအင်္ကျီထူလေးကို ဝတ်ထားလိုက်ရသည်ပါပဲ .. ။ ဒါမှ အချမ်းသက်သာမည်လေ .. ။

ဒေါ်နန်းခက် ရောက်လာကာ ကော်ဖီပူပူနှင့် ဘီစကစ်မုန့်ပန်းကန်လေး လင်ပန်းထက်မှ ဆက်တီစားပွဲပေါ်ချပေးလာတော့ ရှင်မွေ့ခပ်မြန်မြန်သောက်ရသည်။ အငွေ့ထောင်းထောင်းထနေသည့် ကော်ဖီခွက်ကို ကိုင်ရင်း သောက်လိုက် .. ။ မုန့်လေးစားလိုက်ဖြင့် ဝမ်းထဲမှ အအေးသည် အနွေးဘက်ကိုရောက်လာ၏။

"ဒေါ်နန်းခက် တစ်ခုတောင်းပန်ချင်တယ် မိန်းကလေး .. ဒီမိုးမခအိမ်ကြီးမှာ အနီရောင်ကို ဘယ်သူမှ မဝတ်ကြရပါဘူး .. အစ်ကိုလေးမကြိုက်တဲ့အရောင်ဖြစ်နေလို့တဲ့ .. ဘဘဦးအိမ်စိုး က အသေအချာမှာထားလို့ပါ"

ရှင်မွေ့ ဝတ်ထားရာ ဆွယ်တာလေးကိုကြည့်၍ အားနာပုံဖြင့် ဒေါ်နန်းခက် ပြောလာတော့ ရှင်မွေ့ ရင်ထဲ သိပ်တော့မရှင်း။ လူတစ်ယောက်က အနီရောင်ဆိုတာကို ဘာကြောင့် မြင်ကွင်းထဲအဝင်မခံနိုင်ဘဲ ဖြစ်နေရပါသလဲ ..။ သူတစ်ပါးဝတ်တာကိုပင် တားမြစ်သယောင်ရှိနေတာကို ရင်ထဲမှာ မရှင်း ..။ သဘာဝမကျသော စည်းကမ်းတစ်ခု ဟုတော့ ရှင်မွေ့ ထင်သည်။ ဒါပေမယ့် .. သူ့အိမ် သူ့စည်းကမ်းပေပဲလေဟု တွေးကာ အပြာနုရောင်ဆွယ်တာလေးကို ထပ်ထုတ်၍ ဝတ်လိုက်ရသည်ပါပဲ ..။

ဒေါ်နန်းခက် သည် ခုတင်ထက်မှာထိုင်ရင်း တိတ်ဆိတ်စွာ ရှင်မွေ့ကို စောင့်ဆိုင်းနေပါ၏။ အခင်းအကျင်းမဲ့နေသော ခုတင်သည် ကျွန်းသားပွတ်လုံးခုတင်ကြီးဖြစ်ကာ ရှေးလက်ရာဖြင့် ရှိနေသည်။

ရှင်မွေ့ စားသောက်ပြီးတာနှင့် ဒေါ်နန်းခက် ဦးဆောင်၍ခေါ်လာသည်က တစ်ခန်းကျော်မှာရှိနေသည့် အခန်းတစ်ခန်းသို့ ဖြစ်ပါ၏။ ပထမဆုံး အခန်းတံခါးရွက်ကို ခပ်ညင်ညင် ဒေါ်နန်းခက် ခေါက်သည်။



"ဝင်လာပါ .."

အတွင်းဆီမှာ အသံ ..။ ဒေါ်နန်းခက် အခန်းတံခါးရွက်ကို ဖွင့်၏။ ကိုယ်ကိုရို၍ ဘေးဘက်ကိုတိမ်းပေးသည်။ သဘောက ရှင်မွေ့ အခန်းထဲဝင်ပါ .. ဆိုသည့် သဘော ..။ ဒေါ်နန်းခက် သည် အခန်းထဲထိ လိုက်ဝင်မည့်ပုံ မပေါ်။ အခန်းတံခါးရှေ့အရောက်ပို့ပြီးတာနှင့် လှည့်ပြန်ညွှန်ဟန် ဖြစ်နေသည်။ ရှင်မွေ့ ဘာကိုမျှပြောမနေမေးမနေတော့ပါ ..။ အခန်းထဲဝင်လိုက်ချိန်မှာ နောက်ကျောဆီမှ ဖြည်းညင်းစွာ တံခါးရွက်ကို စေ့ပိတ်လိုက်သည်က ဒေါ်နန်းခက် ပဲဖြစ်လေသည်။ ကျယ်လွန့်သောအခန်းကြီးသည် မိုးရိပ်အောက်မှာ အေးစိမ့်စိမ့်ဖြင့်ရှိနေ၏။ အပြင်မှာမိုးကလည်း ရွာနေဆဲ..။ အရှိန်အတန်မျှတော့ နည်းသွားပေမယ့် မိုးသည်အားကောင်းနေသေးသည်ကတော့ အမှန် ..။ ရောင်စုံမှန်ပြတင်းကွက်များကို မိုးရေမိုးပေါက်တို့က လာရောက်ထိမှန် ခုန်ပျံနေကြဆဲ..။ အပြာရင့်ရောင် ပိုးခန်းဆီးကြီးတွေက မိုးတစ်နေ့၏ မှောင်ရိပ်သမ်းနေသော အခန်းကို ပို၍ မှိုင်းညို့ညို့ဖြစ်နေစေသည့်နှယ် ရှိ၏။ ဤအခန်းကြီး၏ ခန်းဆီးများကို နောက်တစ်နေ့မှာ လွင်သောအဝါရောင်တို့ဖြင့် သဲလှယ်၍ တပ်ဆင်လိုက်ချင်သည်။ အဝါရောင်ခန်းဆီးတို့ ရှိမနေလျှင်တော့ အသစ်ဝယ်လိုက်မည်ဟု ရှင်မွေ့ တွေးလိုက်မိသည်ပါပဲ ..။ ရှင်မွေ့၏ အလုပ်က အိမ်ထောင်ထိန်းဆိုသည့် အလုပ်ပေမို့ ..။ ရှင်မွေ့ လုပ်ရမည့်အလုပ်ကိစ္စကိုပဲ အာရုံထား၍ စတင်အလုပ်ဝင်သည့်သဘောမျိုးသည်း ဆန်းနေသည့်အတွေးပါတည့် ..။ အိမ်ကြီးကို မှိုင်းပျပျမရှိစေချင်။ လွင်သော လင်းသော အိမ်ကြီးအဖြစ်ပဲ ရှိစေချင်သည်လေ ..။ ဒါမှ လူတို့လည်း လန်းလန်းဆန်းဆန်းဖြစ်လာမည်ပေါ့။

အခန်းသည် လျှပ်စစ်မီး ထွန်းမထား ..။ အခန်းထောင့်နေရာမှာ သူ ထိုင်နေသည်။ ထိုင်နေသည်ကလည်း ကျောပေးလျက်အနေအထားဖြင့် ထိုင်နေခြင်း ..။ ဆိုဖာဆက်တီရှည်ကြီးတစ်ခုထက်မှာ ထိုင်နေသည့်

www.burmeseclassic.com

www.burmeseclassic.com



သူ့ပုံစံက အရမ်းကို ငြိမ်သက်နေသည်။ မှန်ပြတင်းကို လာမှန်နေသ
မိုးစက်တွေကို စိုက်ကြည့်နေခြင်းများပေလား …။ ရှင်မွေ့ကို ခေါ်
ခုလို ကျောပေးပုံစံဖြင့် စောင့်ဆိုင်းထိုင်နေခြင်းကိုတော့ သိပ်ပြီး ရှင်
စိတ်တိုင်းမကျ .. တကယ်ဆို မျက်နှာချင်းဆိုင် အနေအထားမျိုး
မျက်နှာမူ၍ ထိုင်စောင့်နေသင့်သည်ပေါ့။ သူ့ဘက်က ဘာမျှပြောဆို
တာ မရှိသေးသည်မို့ ရှင်မွေ့ ငြိမ်ငြိမ်သက်သက် ဆက်၍ ရပ်နေလို
သည်ပါပဲ။ ဒါပေမယ့် အလကား ငြိမ်မနေ …။ အခန်းကို အား
လိုက်၍ လိုက်၍ ကြည့်နေမိသည်။ တစ်ခန်းနှင့်တစ်ခန်းကြားရှိ နံရံ
ကျတော့ ပန်းချီကားတွေရှိနေသည်။ တချို့ ပန်းချီကားတွေက ကြီး
ချေ၏။ ရေတံခွန်ပုံ ပန်းချီကားကြီးဆိုလျှင် လူတစ်ရပ်စာမက
သည်။ ဘောင်အကျယ်ကလည်း ကျယ်ပြန့်သည်။ ရေတံခွန်နှင့်
တောင်တို့၏အရိပ် …။ ကြိုးကြာငှက်တို့၏ ပျံသန်းရာပုံတို့က အသ
ဝင်နေကြတာက ငြင်း၍ပင် မရနိုင် …။ မှောင်ရိပ်စဝင်နေသည့် မှိုင်းညို့
အခန်းကျယ်ကြီးထဲမှာပင် ထိုပန်းချီကားသည် အာရုံကို ဖမ်းစားနေ
သည်။ ရုပ်လုံးကြွနေသည်။ စာကြည့်စားပွဲဘေးမှာ ခုတင်တစ်လုံးရှိ
အခင်းအကျင်းက တန်ဖိုးကြီးသော အိပ်ရာအခင်းအကျင်း …။ အား
သည်လည်း အစိမ်းရောင်ဖြစ်နေသည်။ ဖဲသားပန်းထိုးအိပ်ရာခင်းသ
ပင်လျှင် အစိမ်းရောင် …။ ဇာခြင်ထောင်သည်လည်း အစိမ်းရောင်
စိမ်းမှောင်မှောင် အိပ်ရာအခင်းအကျင်းကိုလည်း အပန်းရောင်ဖြင့် လဲ
စိတ် ရှင်မွေ့ ဖြစ်လာရပြန်၏။

"ပြတင်းခန်းဆီးတွေက အပြာရင့် .. အိပ်ရာကျတော့ အစိ
ရင့် .. အရောင်ချင်းလည်း မစပ်မဟပ် .. ကြည့်ရတာလည်း အဆင်မ
ဖြစ်နေလိုက်တာ .. အို .. အဝါရောင်ခန်းဆီးဆိုရင် .. အဝါရောင် အိပ်
ခင်းတွေ ဘာတွေဖြစ်တော့ ပိုကောင်းမယ်.. ဟုတ်တယ် .. မနက်ဖြ
ဒီခန်းဆီးကိုလည်း အဝါဖြစ်ဖြစ် အပန်းဖြစ်ဖြစ် လဲမယ် .. အိပ်ရာ



ကို ရောပေါ့ .. ဟိုနားက ငွေပန်းအိုးမှာလည်း အပန်းရောင်ဖြစ်ဖြစ် ..
အဝါရောင်ဖြစ်ဖြစ် .. နှင်းဆီပန်းတွေ ထိုးလိုက်မယ် .."

ငြိမ်ရပ်နေတာထက်စာလျှင် အလုပ်ကိစ္စကို တွေးနေနေတာက
အကျိုးရှိသည်လေ …။ ပြီးတော့ ယောင်ချာချာဖြင့် ရပ်နေတာထက်
စာလျှင် ကိုယ့်အတွေးဖြင့်ကိုယ် .. ဣန္ဒြေရရ ရပ်နေရသည့်ဘက်ကို
ရောက်သွားရချေသည်တည့် …။ သူ .. ရုတ်တရက် ထရပ်လိုက်သည်။
ရှင်မွေ့ ဘက်ကို ကြည့်မလာသေး …။ ပြတင်းအနီးမှာ သွားရပ်သည်။
ကျောပေးရပ်ငြိမ်နေရာမှ ..

"ဒီနားမှာ ခဏလာရပ်လိုက်ပါလား ရှင်မွေ့ .."

ဟု ခေါ်သံပေါ်လာ၏။ ရှင်မွေ့ သူ့ဘေးမှာ သွားရပ်လိုက်ပါပြီ။
သူကဖြင့် ခုထိ ရှင်မွေ့ ကို မကြည့်သေး …။ အလွန်တရာကိုမှ အာရုံနှစ်
ထားသည့်နှယ် မှန်ပြတင်းကို မှန်နေသည့် စီးကျနေသည့် မိုးရေများကို
ည်းမငွေ့ ကြည့်နေသည်။

"တစ်ချိန်တုန်းက .. ဒီလို မိုးတွေ အရမ်းရွာနေတဲ့နေ့ပေါ့ .. ဒီလို
ပိတ်ထားတဲ့ မှန်ပြတင်းကို မိုးစက်မိုးပေါက်တွေ လာမှန်နေကြတဲ့နေ့
ပေါ့ .. ဒါပေမယ့် .. ဒါပေမယ့် .. အဲဒါက .. အဲဒါက .. ညမိုးချုပ်နေပြီ
ဆင်တယ် .. အဲဒီနေ့မှာလေ .."

သူ့အသံတွေ တုန်ခါလာနေသည်။ ရုတ်ခနဲ ရှင်မွေ့ ဘက်ကို သူ့
ကိုယ်ကြီး လှည့်လာ၏။ သူ့မျက်ဝန်းတွေမှာ ကြေကွဲချောက်ချားရိပ်
တွေ အုပ်မိုးနေကြသည်ဟု ရှင်မွေ့ ထင်လာသည်။ ပြတင်းကျည်းဘောင်
ဘက်ကို ကိုယ်ကြီး ယိုင်သွားချိန်မှာ ရုတ်ခနဲ သူ့လက်တစ်ဖက်က
တင်းဘောင်ကို ထိကိုင်ထိန်းမတ်နိုင်ဖို့ ကြိုးစားလာသည်။ ရှင်မွေ့
သူ့လက်မောင်းတစ်ဖက်ကို ဖမ်းဆွဲလိုက်မိရပါ၏။

သူ့အကြည့်က ရှင်မွေ့ ထံ သက်ဆင်းငြိမ်ကျသွားသည်။ ကျေးဇူး
ဘောင်ရိပ်က ဖြတ်ခနဲသမ်း၏။ သူ့ကိုယ်သူလည်း ပြန်၍ ထိန်းမတ်လိုက်

www.burmeseclassic.com

နိုင်ပြီ ..။

"မင်း သိသင့်တယ်လို့ ကိုယ် ထင်တယ်လေ .. အဲဒီနေ့က အဖြစ်.. အဲဒီနေ့က အဖြစ်ကိုပေါ့ .. မိုးတွေရွာနေတယ် ရှင်မွေ့ .. ဟိုဘက်က အခန်းထဲမှာ ငါ ရောက်နေတာ .. ငါ့လက်ထဲမှာ .. တစ်ခုခုရှိနေတယ်.."

သူ ရုတ်တရက် အသံပြောင်းလာသည်။ အသံက ကလေးသံဖြစ်လာ၏။ ရှင်မွေ့ မှင်သက်၍ သူ့ကို မော့ကြည့်နေမိရဆဲ ..။ တစ်ခါမှ နုလို မကြုံဖူး ..။ အရွယ်ရောက်နေသည့် လူတစ်ယောက်သည် စောစောက လူကြီးသံဖြင့် ရှင်မွေ့ကို စကားပြောနေရာမှ .. ချက်ချင်း .. ကလေးသံ ပြောင်းသွားတာမျိုး မကြုံဖူး ..။

"ဘုရားရေ .. သူ .. သူ .. တကယ်ပဲ .. တကယ်ပဲ .. စိတ်မမှန်ဘူးလား .. တစ်ချက်တစ်ချက်မှာ .. စိတ်လွတ်နေတဲ့ လူတစ်ယောက်များ ပေလား .. ငါ+.. ငါ .. အရူးတစ်ယောက်ရဲ့အိမ်မှာ အလုပ် လာလုပ်မိနေပြီတဲ့လား .."

ရှင်မွေ့ တုန်လှုပ်စ ပြုလာသည်။ ဤ အခြေအနေသည် သိပ်တော့ မကောင်းလှ ..။ နုပျိုသော ရှင်မွေ့ အတွက် နေသားတကျ ရှိအပ် နေအပ်သော နေရာတစ်ခုဖြစ်လာနိုင်ဖို့ ခက်ခဲနေချေတော့မည်ဟု စိတ်လေးစ ပြုလာရသည်။

ဒါပေမယ့် .. ဖျတ်ခနဲ တိုးဝင်လာသည်က .. စောစောက- သူ ပြောသည့်စကားထဲမှာ ပါလာသည့်အချက် ..။ ထိုနေ့က .. သူ့လက်ထဲမှာ တစ်ခုခုရှိနေသည်တဲ့ .. ဘာကိုဆိုလိုခြင်းများပါလဲ ..။ မိုးတွေရွာနေသည့်နေ့ ဆိုတာက ဘဝမှာ များစွာ ဖြတ်သန်းရသည်ပဲလေ ..။ ထူး၍ မှတ်မိစွဲထင်စရာအကြောင်းကိုမရှိ ..။ ခုဥစ္စာက .. ထိုနေ့ တစ်နေ့ကို မှတ်မှတ်သားသား ပြောနေခြင်း ..။ ထိုနေ့တွင် သူသည် တစ်ခုခုကို ကိုင်ထားသည်ဆိုတာက အစ ပြောနေခြင်း ..။ သူ မှတ်ဉာဏ်အာရုံနှင့် ခံစားစွဲလန်းမှုများထဲမှာ ထိုနေ့တစ်နေ့သည် အခြားသော မိုးရွာသည့်



နေ့တစ်နေ့နှင့် တူမနေတာကတော့ သေချာနေပြီ။ ဒါကို .. ရှင်မွေ့ စိတ်ဝင်စားလာသည်။ သိချင်လာသည်။

"ဟိုဘက်ကအခန်းထဲမှာ ဘယ်သူနေလဲ သိလား .. မင်းသိလား.."

ရုတ်ခနဲ အသံပြောင်းလာသည်။ လူကြီးတစ်ယောက်၏အသံ ပြန်ဖြစ်လာပြန်သည်။

ရှင်မွေ့ ကို သူ ကြည့်နေရာမှ ပင်ပန်းရိပ်တွေ ဖြတ်သန်းကုန်ကာ အားကုန်အားပြတ်ပုံဖြင့် ဆိုဖာရှည်ကြီးသို့ သွားကာ ထိုင်ချလိုက်သည်။ မျက်နှာပေါ် လက်ဖဝါးတွေကို အုပ်မိုးထား၏။ သူ့လက်ချောင်းတွေက ဆံပင်ကြားထဲ တိုးဝင်ထိုးခွဲထားကြသည်။ အတန်ကြာတော့ သူ လက်ဖဝါးတွေကို ဖယ်ရှားလိုက်ပါ၏။ ရှင်မွေ့ ငေး၍ကြည့်နေတာကိုလည်း မော့ကြည့်လာသည်။ သူ့မျက်ဝန်းမှာ မျက်ရည်တွေ စိုလဲ့နေကြတာကို ရှင်မွေ့ မြင်ရတော့ ရင်ထဲမကောင်း ..။ အားကိုးရာတွေ ပျောက်ဆုံးနေသည့် လူတစ်ယောက်၏ ခံစားချက်များ စွန်းထင်းနေသည့် မျက်ဝန်းတွေအဖြစ် ရှင်မွေ့ မျှဝေနားလည်လာနေမိရသည်။

"ငါ .. ငါ .. ရုန်းမထွက်နိုင်ပဲဖြစ်နေတာ .. အဲဒါကို .. အဲဒါကို.. ငါ ရူးနေတယ်လို့ ပြောကြတယ် ရှင်မွေ့ .. မင်း .. ငါ့ကို ရူးတယ်လို့ ထင်ရင် .. ပြန်သွားနိုင်တယ် .. ပြန်ခွင့်ရှိတယ် .. မင်းအတွက် မနစ်နာအောင် .. တစ်နှစ်စာလခကို ငါ ပေးလိုက်နိုင်ပါတယ် .. ငွေကြေးက အခက်အခဲ မဟုတ်ပါဘူး .. မင်း ဒီကို တကူးတကယ လာရတယ်.. ငါ့ကို ခုလိုပုံစံမျိုးနဲ့ တွေ့ရတယ် .. လန့်ချင်လန့်နေမယ် .. အဲဒါကို ငါ ရင်မဆိုင်ချင်ဘူး .. အဲဒါက ခက်ခဲတာ .. ငါ .. မင်းကို .. ပြန်ခွင့်ပြုတယ် .. ဘာမှ .. အားနာစရာမလိုဘူး .."

သူ ဆက်တိုက်ပြောနေသည်။ လူက ဆိုဖာရှည်ကြီးမှာ အားကုန်အားခန်း ထိုင်နေသည်။ ဒါပေမယ့် အသံက စကားလုံးသဲကွဲ၏။ ရှင်းသင်း၏။ သူ့မျက်နှာထက်မှာ စွန်းထင်းနေကြသည်က ကြေကွဲရိပ်ပဲဖြစ်


www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ကြေကွဲရိပ်တွေပဲဖြစ်နေသည်။ အရူးတစ်ယောက်အဖြစ် သတ်မှတ်ခံရသူတစ်ယောက်၏ ကြေကွဲခံပြင်းနေမှုတွေက သူ့မျက်နှာထက်မှာ လူးလွန့်ရုန်းကြွနေကြသည့်နှယ် ရှိနေသည်။ မျက်ဝန်းထက်မှ မျက်ရည်သည် ကြေကွဲခြင်းလည်း ပါနေသည်။ ခံပြင်းခြင်းလည်း ပါနေသည်။ ခါးသီးခြင်းတွေလည်း ရှိနေသည်။ လူတစ်ယောက်မှာ ထိုသို့ ခံစားချက်များစွာတို့ ထိုးနက်ဝင်ရောက်နေသည့်အရိပ်တွေ အုပ်မိုးနေကြတာကို ရှင်မွေ့ မကြုံစဖူး။

"အဲဒီနေ့ကို ငါ မေ့ပစ်ချင်တယ် .. ဒါပေမယ့် .. အဲဒီနေ့က ငါ့ရင်ထဲက ရုန်းမထွက်နိုင်ပဲဖြစ်နေတယ် .. ဟိုဘက်က အခန်းထဲက အဖြစ်တွေပေါ့ .. ဒေါ်မျိုးမမထား ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ .. အခန်းထဲကအဖြစ်တွေကိုပေါ့ .. ငါ .. ဟောဒီရင်ဘတ်ထဲက ထုတ်မရဖြစ်နေတာ .. အဲဒီခံစားချက်ကို .. လူတွေက ငါ့ကို ရူးနေတယ်လို့ ထင်ကြတယ် .. အထူးသဖြင့် ဒေါ်လေးနန္ဒာ ပေါ့ .. သူက .. သူက .. ငါ့ကို သနားနေတာ .. သနားနေတာ .."

သူ ဆက်တိုက်ပြောနေသည်။ ရှင်မွေ့ ရှေ့သို့တိုးလာမိရပါ၏။ ရင်ထဲမှာ ဖြစ်တည်လာရသည်က သနားခြင်း ..။ တစ်ယောက်တည်း အခန်းထဲမှာ ငြိမ်သက်ထိုင်နေရင်း .. ဤသို့သော ရုန်းထွက်မရနိုင်သည့် မွန်းကြပ်သော ခံစားမှုများ၏ နှိပ်စက်မှုဒဏ်ကို သူ တစ်လျှောက်လုံး ခံစားလာခဲ့ရပေလိမ့်မည်။ ဒါကို .. ရှင်မွေ့ မျှဝေနားလည်လာနေမိရသည်။ သနားလာရသည်။ တစ်ယောက်တည်း အထီးကျန်နေရပါသည့် ဘဝတစ်ခုလုံးကို ရှင်မွေ့ လည်း ပိုင်ဆိုင်နေရသည်ပဲလေ။ ဤခံစားချက်ကို နားလည်သည်။ ဤခံစားချက်၏ အားကိုးရာ ပျောက်နေခြင်းဆိုသည့် ဝေဒနာ၏ဆိုးဝါးမှုကို ရင်ထဲက သိမြင်သည်။

"ကျွန်မ .. မပြန်ပါဘူး ကိုမိုးနဒီမောင် .. ကျွန်မ ဒီကိုလာတာဟာ အလုပ်လုပ်ဖို့ပါ .. ရောက်တာနဲ့ ပြန်လှည့်ပြန်သွားမယ့်သူ မဟုတ်ပါ



ဘူး.."

ဟု တည်ငြိမ်စွာ ခိုင်ခိုင်မာမာပြန်ဖြေလိုက်နိုင်တာကို ရှင်မွေ့ ကိုယ်တိုင်လည်း ကျေနပ်နေမိသည်။ နောင်တာ ရမနေ ..။ စိတ်မမှန်သူ တစ်ယောက်ဟု ထင်ရလောက်အောင်ရှိနေသည့် လူတစ်ယောက် ဖြစ်နေပေမယ့်..။ ထိုသူသည် အရမ်းကို အထီးကျန်နေသည့် လူတစ်ယောက်အဖြစ် သိလာရချိန်မှာ ရှင်မွေ့သည် မိုးမခအိမ်ကြီးမှာ နေရဲသည့်သူ ဖြစ်လာရပါ၏။ ပြီးတော့ .. မိုးနဒီမောင် ၏ အတိတ်တိုင်းကို ရှင်မွေ့ စိတ်ဝင်စားလာသည်။ သိချင်လာသည်။ ညှို့ငင်မှုတစ်ခု၏ အောက်မှာ ရှင်မွေ့သည် ရှိနေရင်း ..။ ထိုညှို့ငင်ခြင်းကြောင့်ပင်လျှင် မိုးမခမှာ နေရဲသည့် အဆုံးအဖြတ်ကို ဖြစ်တည်လာနေစေနိုင်သည်ဟုလည်း သိလာနေရသည်။ ဟုတ်သည်။ လောလောဆယ်မှာ ရှင်မွေ့ သည် ကိုယ့်စိတ်ကို ကိုယ်ပြန်၍ ဖတ်ရှုသိနားလည်နေရသည့်သူဖြစ်လျက် ..။ ရှင်မွေ့ ရှေ့မှာ ရှိနေသည့် မိုးနဒီမောင် သည် .. စိတ်ဝင်စားဖွယ်ရာကောင်းသော အတိတ်တစ်ခု၏ ခြောက်လှန့်ခြင်းကို ခံနေရသည့် အထီးကျန်သူတစ်ယောက်အဖြစ် စာနာ နားလည်လာနေမိရပြီ ..။

သူကလည်း ရှင်မွေ့ ကို မျက်တောင်မခတ် မော့ကြည့်နေသည်။ သိုးမှိုင်းကြေကွဲနေသည့် သူ့မျက်ဝန်းတွေဆီမှ ကူးပြောင်းတိုးဝင်လာကြသည့် အရိပ်တွေ ကြည်နူးခြင်း ..။ ပြုံးရိပ်သမ်းလာသည့် နှုတ်ခမ်းနှင့်အတူ မျက်ဝန်းသည် ရော၍ ပြုံးရိပ်တွေ သမ်းလာကြသည်။

"မင်း .. ငါ့ကို မလန့်ဘူးပေါ့ .. ဟုတ်လား .. ငါ့ကို .. အရူးလို့ သတ်မှတ်ဘူးပေါ့ .. ဟုတ်လား .. မင်း .. မင်း .. ငါ့ကို .. ယုံတယ်ပေါ့ .."

ဟု မေးလာသံက တက်ကြွနေသည်။ မျှော်လင့်ချက်များဖြင့် အောက်ပနေသည့် မျက်ဝန်းတွေဖြင့် သူ့ကို ကြည့်နေသည်။

ရှင်မွေ့ ခေါင်းညိတ်ပြလိုက်တော့ သူ ရှင်မွေ့ ကိုခေါင်းဆတ်ပြ

www.burmeseclassic.com

www.burmeseclassic.com



၏။ သူ့ဟန်ပန်က တဖြည်းဖြည်းတည်ငြိမ်လာသည်။ စောစောက ရှင်မွေ့သူ့ကို လှေကားထိပ်မှာ တွေ့ခဲ့ရစဉ်က မြင်ရသည့် လူတစ်ယောက် ပြန်ဖြစ်လာသည်။ ဟန်ပန်က တည်ငြိမ်သည်။ ရင့်ကျက်နေသည်။

"မင်းဝင်လာတာကို .. ကိုယ် .. မိုးရွာနေတဲ့ ပြင်တင်းအနီးမှာ ရပ်နေရင်း မြင်ခဲ့တာလေ .. မိုးရေတွေစိုနေတဲ့ မင်းကိုပေါ့ .. မင်း ရောက်လာမယ်ဆိုတာ ငါ ကြိုတင်သိထားတယ် .. ဘဘအိမ်စိုး ပြောပြထားတယ်လေ .. မင်း .. ခုလို ရောက်လာတဲ့အတွက် ကိုယ် ကျေးဇူးတင်ပါတယ် .. ဘဘက .. အဓိကအားဖြင့် .. ငါ့ဘေးမှာ အဖော်အဖြစ် ရှိနေစေဖို့ မင်းကို .. ခေါ်ထားတာဖြစ်တယ်လို့ .. ငါ့ကို ပြောထားတယ်.. အလုပ်အနေနဲ့ကတော့ အိမ်ထောင်ထိန်းတစ်ယောက်အဖြစ် ခေါ်ထားတယ်လို့ ပြောပေမယ့် .. တကယ်က .. ကိုယ့်အဖော်ပဲတဲ့ .. ကိုယ့်ကို ဂရုစိုက်ဖို့ပဲတဲ့၊ မင်းရဲ့ .. လျှောက်လွှာရော .. ကိုယ်ရေးအချက်အလက်ရော .. ငါ .. ဘဘ ပြလို့ ဖတ်ခဲ့ရပါတယ် .. ဘဘ ရွေးချယ်ခဲ့တာ .. ဘာလို့လဲဆိုတော့ .. မင်းမှာ တခြားလူတွေနဲ့မတူတာ ရှိတယ် .. ထက်မြက်ခေါင်းမာတဲ့ မျက်ဝန်းတွေ ဆိုပါတော့ .."

ဟု ပြောလာတော့ ရှင်မွေ့ အံ့ဩလာသည်။ စောစောက ကလေးသံဖြင့် ပြောလာခဲ့သည့် လူတစ်ယောက်နှင့် လုံးဝခြားနားနေသည့် လူတစ်ယောက်ဖြစ်နေချေသည်တကား။ သူသည် .. အရမ်းကို တည်ငြိမ်ရင့်ကျက်သော လူတစ်ယောက် ဖြစ်နေပြန်သည်။

"မိုးမခကို .. မင်းကြိုက်သလို .. ပြင်ဆင်နိုင်တယ် .. အလှဆင်နိုင်တယ် .. ဒါပေမယ့် .. ကော်ဇောကြီးတွေ .. ပရိဘောဂတွေ .. အဲဒါကိုတော့ မပြောင်းလဲလိုက်ပါနဲ့ ရှင်မွေ့ .. ဘာလို့လဲဆိုတော့ .. ငါ .. ရှစ်နှစ်သားတုန်းက ချန်ရစ်ခဲ့ရတဲ့ မိုးမခကို .. မပြောင်းမလဲ အရင်အတိုင်း .. ငါ .. မြင်ချင်နေလို့ပါပဲ .. အဲဒါတွေ ပြောင်းကုန်ရင် .. ငါ ရှာဖွေနေတဲ့အရာတွေ .. ပုံရိပ်တွေ .. လွင့်သွားမှာ .. အဆင်းသဏ္ဌာန်



တွေ .. မထင်မရှား မွဲမှိန်ပျောက်ဆုံးကုန်မှာ ငါ စိုးရိမ်တယ် .. ငါ့မှာ .. မမှတ်မိနိုင်တဲ့ ကွက်လပ်တွေ အာရုံထဲမှာ ရှိနေတယ် ရှင်မွေ့ .. အဲဒါကို .. ငါ .. ငါ.. ပြန်ရှာဖွေနိုင်ဖို့ အရေးကြီးတယ် .. အဲဒါ .. အရေးကြီးနေတယ် သိရဲ့လား .."

ဟု ဆက်တိုက်ပြောလာနေသည်။ ရှင်မွေ့ ခေါင်းပဲညိတ်ပြနေရပါ၏။

သူသည် .. မည်သည့်အရာကို ရှာဖွေနေပါသတဲ့လဲ ..။ ထိုပျောက်ဆုံးမှုကို ရှာဖွေနိုင်ဖို့အတွက် မိုးမခသည် သူ ရှစ်နှစ်သားဘဝတုန်းက နယ်ပင် မပြောင်းမလဲသော ပရိဘောဂတွေဖြင့် ရှိနေဖို့ လိုနေသည်ဟု ဘာကြောင့် သူ ပြောနေရပါသတဲ့လဲ ..။

မိုးမခမှာ အနေကြာလာလျှင်တော့ .. ရှင်မွေ့ .. တဖြည်းဖြည်း သိလာရချေမည်သာ ..။

"တွေ့ရတာ ဝမ်းသာပါတယ် ရှင်မွေ့ .. ကိုယ့်ကို မင်း ကြိုက်သလို ခေါ်နိုင်ပါတယ် .. မိုးနဒီမောင် လို့ပဲ ခေါ်ခေါ် .. အစ်ကိုလေး လို့ပဲခေါ်ခေါ် .. ဒီဒီ လို့ပဲခေါ်ခေါ် .. ရပါတယ် .. ညနေ ထမင်းစားပွဲမှာ တွေ့ကြတာပေါ့ ရှင်မွေ့သာ .. အဲဒီအခါကျရင် .. ဘဘအိမ်စိုး နဲ့လည်း မင်းတွေ့ရမှာပါ .. ကဲ .. မင်း နားနိုင်ပါပြီ .. လစာကိစ္စ .. ဘဘ လောလောဆယ်မှာ .. တစ်နှစ်စာ တစ်လုံးတစ်ခဲတည်း မင်းကို ပေးထားပါလိမ့်မယ် .. မင်း .. တစ်ခုခု ထိတ်လန့်လာတဲ့အခါ .. ချက်ချင်း ပြန်နိုင်ခွင့်ကိုလည်း ရထားပါတယ် .. အဲဒီအခွင့်အရေးဟာ မင်းဆီက ဘယ်တော့မှ ထွက်ခွာမသွားဘူးဆိုတာ ရင်ထဲမှာ ပိုက်ထားပါ .."

ဟု ပြောကာ လက်ကိုကမ်း၍ နှုတ်ဆက်လာသည်မို့ သူ့ ညာလက်ကို ရှင်မွေ့ ပြုံး၍ တုံ့ပြန်နှုတ်ဆက်လိုက်မိရပ့ါ၏။ ဤဟန်ကတော့ အနောက်တိုင်းဆန်သည်။ စတင်တွေ့သူနှစ်ယောက် လက်ဆွဲနှုတ်ဆက်သည့်ဟန် ..။ ဘာပဲဖြစ်ဖြစ် ..။ သူနှင့် ရှင်မွေ့သည် လူချင်း စတင်၍

www.burmeseclassic.com



ဆုံမိခဲ့ရပြီ ..။ အတန်အသင့်လည်း စကားပြောခဲ့လိုက်ရပြီ ..။

သူသည် .. စိတ်ဝင်စားဖွယ်ကောင်းသော လူတစ်ယောက် ဖြစ်နေသည်။

အထူးသဖြင့် သူ၏အတိတ် ..။ ပြီးတော့ .. လက်ရှိဘဝမှာ သူ ခံစားနေရသည့် စိတ်ခံစားမှုများ ..။

သူ့အခန်းမှ ရှင်မွေ့ ထွက်ခဲ့ကာ တံခါးရွက်ကြီးကို ဖြည်းညင်းစွာ ပိတ်လိုက်ရပါ၏။ မိုးတွေရွာနေသည့်အချိန်မှာ .. စင်္ကြံရှည်အတိုင်း ရှင်မွေ့ လျှောက်လာရခိုက် လူရိပ်လူခြေ ကင်း၏။ သူနှင့် ရှင်မွေ့တို့ ပြောဆိုနေသည့်အခန်း၏ အပြင်ဘက်ဆီမှ တစ်စုံတစ်ယောက် လာရပ်နေတာမျိုး ရှိမနေ ..။ ဒါဆို .. သူက .. ဘာကြောင့် ..အဖော်လိုအပ်နေသည်ဟု ပြောရပါသလဲ ..။ သူ့အတွက် စိတ်တိုးတိုးချ ယုံကြည်ရမည့် လူတစ်စုံတစ်ယောက်ပင် သေသေချာချာမရှိနေသည်မို့ .. ဘဘဦးအိမ်စိုးက .. သူ့အတွက် .. သူစိမ်းတစ်ယောက်ကို အလုပ်ခန့်၍ မိုးမခသို့ ခေါ်ထားရသည်ဆိုလျှင် ..။ ဤမိုးမခရှိလူတို့ကို .. ဘဘဦးအိမ်စိုးရော သူရော .. ဘာကြောင့် .. မိုးမခရှိလူတိုင်းကို မယုံနိုင်လောက်သည့် .. မည်သည့် .. အကြောင်းတရားတို့ ရှိနေကြပါသတဲ့လဲ ..။ ရှင်မွေ့ .. တဖြည်းဖြည်းတော့ သိလာရချေမည်သာ ..။

မိုးက .. ရုတ်ခနဲ ပို၍ အားကောင်းလာပြန်၏။ ရဲတိုက်ကြီးနှယ် ရှိနေသည့် အဆောက်အအုံကြီးကို အမိုးရော နံရံတွေ .. ပြတင်းမှန်တွေကိုပါ မိုးစက်မိုးပေါက်တွေက အရှိန်နှင့် ပစ်ပေါက်ရွာချနေကြပြီ..။

အပေါ်ဘက်ထပ်ခိုးမှာလည်း တက်ရမည့်လှေကားရှိနေတာကို စင်္ကြံ၏တစ်ဖက်အဆုံးဆီမှ လှေကားကြီးတစ်ခုကြောင့် သိလာရသည်ပါပဲ ..။

ထိုအပေါ်ထပ်ခိုးမှာရော ဘာတွေရှိနေပါသလဲ ..။ မည်သည့်အခန်းတွေရှိနေပါသလဲ ..။ အမိုးချွန်ချွန်ကြီးတွေ၏ နီးစပ်ရာအခန်းတွေ ဖြစ်



နေကြချေမည်သာ ..။

ထိုနေရာမှကြည့်လျှင် .. အားလုံးကို အပေါ်စီးမှ မြင်ရချေမည်သာ..။ ရှင်မွေ့သည် .. အိမ်ထောင်ထိန်းတာဝန် ယူထားရသည်မို့ .. မိုးမခ၏ မည်သည့်နေရာမဆို .. ဝင်ခွင့်ထွက်ခွင့် ..။ လှည့်လာခွင့် ..။ ဖြုပြင်ထိန်းသိမ်းခွင့်တွေ ရှိနေသည်မို့ ..။ နောက်နေ့မှာ ထိုအပေါ်ထပ်ခိုးဆီသို့လည်း တက်ကြည့်ဖို့ ဆုံးဖြတ်လိုက်ရသည်ပါပဲ ..။

တကယ့်ကို ဘယ်သူမှမရှိ ..။ ဒေါ်နန်းခွက်လည်း မီးဖိုခန်းထဲမှာ ရှိနေမည်လား ..။ ဒါမှမဟုတ် .. ရှင်မွေ့ ၏ အခန်းမှာပဲ ရှိနေကာ အိပ်ရာတွေ ဘာတွေ ခင်းကျင်းပေးနေမည်လား မသိ ..။

ဒေါ်နန္ဒာကိုတော့ တွေ့မနေရ ..။ နွေးထွေးမှုမရှိသော ဆက်ဆံမှုတစ်ခုကိုတော့ စောစောလေးကပင်လျှင် ဒေါ်နန္ဒာ ထံမှ ရှင်မွေ့ လက်ခံခဲ့ရသည်ပဲလေ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

မိုးတွေ တဝေါဝေါတသောသော ပြိုကျနေအောင် ရွာနေသည့်

ညနေခင်း ...။

သူ .. ဖေဖေ့အခန်းထဲ ပြေးဝင်လာမိသည်။ မိုးခြိမ်းသံကြီးက ဟိန်း

နေအောင် ကျယ်ကျယ်လောင်လောင်ကြီး ထွက်ပေါ်ခဲ့တာမို့ ကလေး

ဝီဝီ .. လန့်လန့်ဖြင့် ဖေဖေ့အခန်းထဲ သူ ပြေးဝင်လာမိခြင်း ...။ ရှစ်နှ

အရွယ် ကောင်လေးတစ်ယောက်၏ အဖေအားကိုးစိတ်က ရင်ထဲမှ

ပြည့်နေသည်။ အညိုရောင်ဘောင်းဘီတိုဒူးဆစ်ဖုံးနှင့် စပို့ရှပ် ဝါဝါလေးက

ဝတ်ထားသည့် ကောင်လေးတစ်ယောက်၏ ခြေလှမ်းတွေ ရုတ်ခနဲ တ

သွားရသည်က တံခါးကိုတွန်းဖွင့်၍ ပြေးအဝင်မှာ မြင်လိုက်ရပါသည့်

မြင်ကွင်းကြောင့်ပါ ...။ အန်တီထားသည် ဖေဖေ့ကို ပါးရိုက်နေချေသည

တကား ...။ ရိုက်သည်မှ တစ်ချက်တည်းမဟုတ် ...။ ဘယ်ဘက် ညာဘက်

အပြန်ပြန်ရိုက်ပစ်ခြင်း ...။ ဖေဖေသည်လည်း ထိုသို့ကြုံလိုက်ရမည်ဟု

ထင်ထားပုံမရ...။ ရုတ်တရက် ခံလိုက်ရသည်မို့ တစ်ချက်မှင်တက်သွား

သည်။ နောက်တော့ ဖေဖေ့လက်တွေက အန်တီထား၏ ပခုံးပေါ် ဆုပ်



ကိုင်လှုပ်ပစ်ရာမှ ..

"ထား .. ငါ့ကို .. ငါ့ကို .. ပါးရိုက်တယ် .. ဟုတ်လား .. ဟင်.."

ဟု အံခဲ၍ မေးလည်းမေး ...။ ဖေဖေ့ လက်တစ်ဖက်က မြောက်ခနဲ ဖြစ်ကာ အန်တီထား၏ ပါးပြင်ပေါ် ခပ်ပြင်းပြင်းရိုက်ချသွားနိုက်...။ အန်တီထား၏ ထုံးဖွဲ့ထားရာ ဆံထုံးသည် လည်ခနဲဖြစ်သွားသောမျက်နှာ ထက်မှ ပြေလျောကျသွားရပြီ ...။ ဖေဖေ အံခဲ၍ အန်တီထားကို စိုက်ကြည့်နေရာမှ တစ်ချက် တက်ခေါက်၏။

"ငါ့ဘဝတစ်သက်မှာ .. ဘယ်သူကမှ ငါ့ကို ပါးမရိုက်ခဲ့ဖူးဘူး.. နားလည်လား .. ငါ့မိဘကလည်း ငါ့ကို မရိုက်ဖူးဘူး .. ငါ့ကို သိက္ခာ မြင့်မားတဲ့လူတစ်ယောက်အဖြစ် ဖေဖေနဲ့ မေမေက သွန်သင်ခဲ့တာ.. ကြီးပြင်းလာစေခဲ့တာ .. ငါ့ဘဝမှာ အမှားဆုံးကတော့ .. မင်းကို လက်ထပ် မိခဲ့ခြင်းပဲ .. အမိမဲ့နေတဲ့ ငါ့သားလေးကို .. အမေ မေတ္တာတော့ ပေးနိုင် ကောင်းရဲ့လို့ မျှော်လင့်ရင်း .. ငါ့ဘဝထဲကို မင်း အရောက်ခံမိခဲ့တာဟာ အမှားဆုံးပဲ .. တကယ်က .. မင်းဟာ .. ငါ့ဟိုတယ်မှာ စာရင်းကိုင် တစ်ယောက်အဖြစ်နဲ့ပဲ ရှိနေခဲ့ဖို့ပဲ ကောင်းတာ .. အခုတော့ .. မင်းဟာ.. ငွေတော်တော်မက်တဲ့ မိန်းမတစ်ယောက်ဆိုတာ ငါ သိရပြီ .. ဒီမှာ .. ငါ့သားကို .. ငါ့စည်းစိမ်ပေးတယ်ဆိုတာ ဘာမှားသလဲ .. မင်းအတွက်.. ထိုက်သင့်ရာငွေကြေး လက်ဝတ်ရတနာတွေ ငါပေးဖို့ စီမံထားတာပဲ .. ငါ့သားဟာ သူ့ နှစ်ဖက်ဘိုးဘွားတွေရဲ့အမွေ .. မိဘရဲ့ အမွေကို ဆက်ခံ ပိုင်ခွင့်ရှိတဲ့ တစ်ဦးတည်းသော အမွေခံအဖြစ်ပဲ ရှိနေမှ ဖြစ်မှာပေါ့ .. မင်း ဘယ်လောက် အသုံးအဖြုန်းကြီးတာ ငါ အသိဆုံးပဲ .. ငါနဲ့ရမှ .. ဘဝမေ့ပြီး သူကြွယ်မယားလုပ်ရင်း လက်ဖွာနေတာကို ငါ သံယောဇဉ် စိတ်နဲ့ လက်ပိုက်ကြည့်ခဲ့တာတွေ .. အခု .. ငါ .. မရှိရင် .. ငါ့သားအတွက်.. စိတ်ချရအောင် .. ငါ မစီမံလို့ ဖြစ်မလား .. မင်းကွာ.. ဘယ်တုန်းကမှ ငါ့ကို မော်မကြည့်ရဲခဲ့တဲ့ စာရင်းကိုင် မျိုးမမထား ဆိုတဲ့ ဘဝကိုမေ့ပြီး ..

www.burmeseclassic.com

www.burmeseclassic.com



အခု .. ငါ့ကို .. တုတုခံခံ .. ပါးရိုက်ရဲတယ် ဟုတ်လား .. တောက် ..''

ဖေဖေ ပြောပြီးတာနှင့် တက်ခတ်၍ ချာခနဲအလှည့်မှာ ငေးကြည့် ငြိမ်ကျနေသည့် သူ့ကို မြင်သည်။

''သား .. အခန်းပြန် .. အခန်းပြန် ..''

ဟု မျက်နှာပျက်လျက်ပြောချိန်မှာ သူ အန်တီထားကို တစ်ချက် မှန်းတီးစွာကြည့်မိရပါပြီ။

ဖေဖေ့ကို ပါးရိုက်တာ သူ မျက်ဝါးထင်ထင်မြင်ခဲ့ရသည်ကိုးလေ..။

''သူက .. ဘာလို့ .. ဖေဖေ့ကို .. ပါးရိုက်တာလဲ ဖေဖေ .. သူ့ကို.. မောင်းထုတ်လိုက်ပါလား ..''

ဟု အသံတွေ စူးရှနေရင်း ပြောလာတော့ ဖေဖေ မျက်နှာ ရဲခနဲ ဖြစ်၏။ သားရှေ့မှာ ပါးအရိုက်ခံခဲ့သည့်အဖြစ်အတွက် အရှက်ကြီးရှက် သွားကာ ဘာမျှပြောမနေတော့ဘဲ အခန်းထဲမှ ခြေလှမ်းကျဲဖြင့်ထွက်၏။ တံခါးဝအရောက်မှာ တန့်ခနဲ တစ်ချက်ရပ်သည်။

''မင်း .. ငါ့ကို .. ငါ့သားရှေ့မှာ အရှက်ခွဲလိုက်တာပဲကွ .. မင်း.. ငါ့သား အခန်းထဲဝင်လာတာကို မြင်ကိုမြင်ရမယ် .. မင်းက တံခါးဘက် ကို မျက်နှာမူထားတာ .. ငါက ကျောပေးထားတာ .. မင်း .. တမင် သက်သက် .. သားရှေ့မှာ အဖေကို ပါးရိုက်ပြတယ်ပေါ့ ထား .. မင်း.. ဝဋ်ဆိုက်မယ် ..''

ဟု အံခဲ၍ပြောတော့ အန်တီထား ရယ်သည်။

''တိုက်ဆိုင်သွားတဲ့ မတော်တဆလေးတစ်ခုပါ မောင်ရယ် .. ဒါပေမယ့် သူ့အဖေကိုတောင် ပါးရိုက်ရဲတယ်ဆိုတာ သူ နားလည် သွားတာပေါ့ရှင် ..''

ဟုပြောနိုက် တက်ခေါက်၍ ဖေဖေ အခန်းတံခါးဝမှ ထွက်သွား တော့ သူ အံခဲ၍ကြည့်သည်က အန်တီထား ..။ သူ့နှုတ်ခမ်းဆီမှ စူးရှ သော အော်သံတွေ ဆက်တိုက်ထွက်ကျလာသည်။ ပြေး၍ အန်တီထား



၏ပါးပြင်ကို လက်သည်းဖြင့် ကုတ်ဖဲ့ပစ်လိုက်စဉ်ခိုက်မှာ အန်တီထား ၏လက်တွေကလည်း သူ့ပါးပေါ် တွန်းတိုက်ကုတ်ဖဲ့လာပါ၏။ သူ့ ပါးပြင် ထက်မှာလည်း အန်တီထား၏ လက်သည်းရှည်လှလှလေးတွေ၏ ကုတ်ဖဲ့ရာ အစင်းကြောင်းဆီမှ သွေးတွေ စိမ့်ထွက်နေတာကို လက်ဖြင့် သုတ်လိုက်နိုက်မှာ မြင်လိုက်ရပြီ ..။

''နင်က .. နင်က .. ငါ့မျက်နှာကို လက်သည်းနဲ့ကုတ်တယ်.. ဟုတ်လား .. အဖေကို ပါးရိုက်တယ် .. သားက ဒီပါးကို လက်သည်းနဲ့ ကုတ်ဖဲ့တယ် .. ဟင် .. ဟင် .. ကဲ ..''

သူ့ကို တွန်းပစ်ကာ အန်တီထား ကျုံး၍ထရပ်၏။ ပြေနေသည့် ဆံပင်ထူထူရှည်ရှည်ကြီးတွေကို လက်ဖြင့်ရစ်ပတ်၍ ထုံးနေသည်။ အပေါ်သို့ လိပ်တက်နေသည့် အင်္ကျီအနားစကို လက်ဖြင့် ဆွဲဆန့်ပြီးမှ သူ့ကို ခြေထောက်ဖြင့် လှမ်းခတ်၏။

အောက်ယပဘ်မှ ကားမောင်းထွက်သွားသံနှင့် ဒေါ်လေးနန္ဒာ ၏ လှမ်းအော်ခေါ်နေသံတွေကို သူ ကြားနေရသည်။

အခြေအနေသည် ရှုပ်ထွေးနေ၏။ သူ့ရင်ထဲမှာ ခါးသီးသောအမုန်း တွေက ပြည့်ကျပ်ခဲနေသည်။ ခြေထောက်နှင့် အစေတ်ခံရနိုက်မှာ သူက လည်း ကိုယ်ဖြင့် အန်တီထား၏ ပါးလျားလျားကိုယ်လေးကို တွန်း တိုက်ပစ်လိုက်တော့ အန်တီထား ပြိုကျသွားပြန်၏။ သူ အော်၍ အန်တီ ထား၏ကိုယ်ပေါ် ခုန်တက်ပစ်ကာ ပခုံးကို သွားဖြင့်ကိုက်ပစ်ချိန်မှာ အန်တီထား၏ နှုတ်ဆီမှ နာကျင်စွာအော်သံ ထွက်ပေါ်လာပါ၏။

ရှစ်နှစ်အရွယ် ကောင်လေးတစ်ယောက်နှင့် အမျိုးသမီး တစ်ယောက် တို့သည် ကြမ်းပေါ်မှာ လုံးထွေးသတ်ပုတ်နေကြပြီ ..။ ကလေး ကလည်း ကုတ်ဖဲ့သည်။ ဖမ်းကိုက်သည်။ လူကြီးကလည်း ကလေး၏ ခေါင်းကို ဆံပင်တွေဆွဲဆုတ်၍ ကြမ်းပြင်မှာ ဆောင့်ပစ်တာတွေ ရှိနေသည်။ သူ တစ်လဲ .. ကိုယ်တစ်လဲဖြင့် သူလဲကိုယ်လဲ သတ်ပုတ်လုံးထွေးနေကြပြီ။

www.burmeseclassic.com



သူ့နှုမ်းလည်း ကွဲနေပြီ ..။ ကြမ်းနှင့်အဆောင့်ခံရ၍ ကွဲသည့် နဖူးဆီမှ သွေးက မျက်စိထဲ စီးဝင်လာသည့်အဖြစ် ..။ လက်ဖြင့် သူ မွတ်ပစ်ကာ မြင်ကွင်းသည် ဝေဝါးရှုပ်ထွေးကုန်သည်။

"ကောင်လေး .. ရှော့ .."

သူ တစ်ချက် အပေါ်စီးမှာ ဖြစ်နေချိန် ရုတ်ခနဲ ဆွဲထုတာကို ခံလိုက်ရသည်။ လောင်းကုတ်အမှည်းကြီးနှင့် လူတစ်ယောက် ..။ မျက်နှာထက်မှာ ပွဲဈေးတွေမှာ ရောင်းတတ်သည့် စပ်ဖြဲရုပ် မျက်နှာဖုံးကြီးစွပ်ကာထားသည်။ ခေါင်းထက်မှာက အနက်ရောင် သိုးမွေးဦးထုပ်ကြီးစွပ်ထားပါ၏။

သူ့လက်ထဲ ထည့်လာသည့်အရာကြီးကို ကြည့်လိုက်တော့ သေနတ်တစ်လက် ..။ မာကျောကျော ယောကျ်ားသံက မျက်နှာဖုံးစွပ်လူထံမှ ပေါ်လာသည်။

"ပစ်လိုက်စမ်း .. ပစ်လိုက်စမ်း .. မောင်းတင်ထားပြီးသားကွ .. ခလုတ်ဆွဲလိုက်ရုံပဲ .. လက်ညှိုးလေးနဲ့ ဆွဲလိုက်ရုံပဲ .. သူ သေမှ အေးမှာကွ .. အေးမှာကွ .."

ဟု တိုက်တွန်းနှိုးဆွနေသည့်အသံက ပေါ်လာနေသည်။ အန်တီထား၏ ကိုယ်က နောက်ဘက်ကို ဆုတ်၏။ ခုတင်ထက်မှာ ပြိုကျသည် ထိတ်လန့်သောအကြည့်သည် သူ့နောက်ပါးဆီမှ လူထံသို့ ရောက်နေသည်။

"ရှင် ဘယ်သူလဲ .. ဘယ်သူလဲ.. ဒီသေနတ်ကြီးနဲ့ .. ဘယ်လို လုပ်ပြီး ဒီအိမ်ကြီးထဲထိ ဝင်လာနိုင်တာလဲ .. အို .. အို .. ဘုရားရေ ကယ်ကြပါဦးရှင် .. ကယ်ကြပါဦးရှင် .. မမနန္ဒာရေ .. မမနန္ဒာရေ အိုက်ခေါင် .. အိုက်ခေါင် .."

ဟု လန့်လန့်ဖြင့် အော်ခေါ်နေချိန်မှာ ထိုလူ့ထံမှ ရယ်သံပေါ်လာသည်။



"မရှိဘူး .. အဲဒီ နန္ဒာ ဆိုတဲ့ မိန်းမ .. သူ့အစ်ကိုအတွက် စိတ်ပူပြီး ကားနဲ့လိုက်သွားတယ် .. အိုက်ခေါင်ကို မောင်းနိုင်းပြီး ကားနဲ့ စိတ်ပူလက်ပူ လိုက်သွားလေရဲ့ .. ဒီအိမ်မှာ ဘယ်သူမှ မကျန်ဘူး .."

သူ့လက်ထဲ သေနတ်ကို ဆုပ်ခဲနေစေရင်း မာကျောစွာ ပြောနေသည့် ထိုသူ၏အသံက ရယ်သံပင် သဲ့သဲ့မျှ လျောင်ထေ့ထေ့ပါနေသေးသည်တည့် ..။

"ဒုက္ခပဲ .. ဒုက္ခပဲ .. ဒေါ်နန်းမွေ လည်း လက်ဖက်ခြံဘက်ကို သွားတာ ပြန်မရောက်သေးဘူးထင်ပါရဲ့ .. ဒေါ်နန်းမွေ .. ဒေါ်နန်းမွေ .."

ဟု ချောက်ချားစွာ အော်ခေါ်နေတော့ သူ့နောက်ပါးဆီမှ လူထံက ရယ်သံပေါ်နေသည်။

"မင်း .. ဒီကလေးကို .. လုံးထွေးရိုက်ပုတ်ထားတာ ကြည့်ပါဦး .. သူ့အဖေကို ဘာလုပ်လိုက်သလဲတော့ ငါ မသိလိုက်နိုင်ပေမယ့် .. သူ့အဖေကတော့ .. မျက်စိမျက်နှာပျက်ပြီး ကားမောင်းထွက်သွားလေရဲ့ .. အထယ်၍များ .. အကြောင်းတစ်ခုခုကြောင့် သူ့ကားကို ပြန်လှည့်မောင်းလာခဲ့ရင်တော့ သူ့သားကို ဒီလောက်ထိ သွေးသံရဲရဲကျအောင် အနင်း လုပ်ထားတာ မြင်ရင် ပွဲကြမ်းလိမ့်မယ် သိရဲ့လား .."

သူ့နားထဲမှာ ပြောသံတွေ ရှုပ်ထွေးလာနေသည်။ အန်တီထားက လက်အုပ်ချီ၍ ငိုယိုနေသည်။ သေနတ်ကို ထိတ်ထိတ်လန့်လန့်ကြည့်နေသည်။ သူ့နောက်ဆီမှလည်း တိုက်တွန်းသံက မနားမလပ် ဆက်တိုက်ပေါ်ထွက်နေသည်။

"ပစ်လိုက်စမ်းပါ ကောင်လေးရ .. မင်း ခလုတ်လေး လက်ညှိုးနဲ့ ဆွဲလိုက်ရုံပဲကွ .. သူ သေရင် ပြီးပြီ .."

သူ့မျက်နှာထက်မှာ စပ်ဖျဉ်းခံရခက်နေသော ဝေဒနာ ..။ နာကျင်နေသော ဝေဒနာ ..။ သွေးကျနေသော ခံစားချက်တွေကလည်း ဆူပွက်နေသည်။ ဖေဖေ့ကို ပါးရိုက်ခဲ့သည့်မြင်ကွင်းကလည်း ပျောက်ကို မပျောက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘဲ ဖြစ်နေသည်။ သူ အံခဲထား၏။ လက်သူ့ီးကို ဆွဲလိုက်ဖို့ နှိုးဆော်နေသည့် စိတ်က အံ့ကြွရုန်းတက်နေပြီ ..။ ထိုစဉ်မိုက် သူ့အာရုံထဲ တစ်ချက်အမိုက်မှောင်ဝင်လာသယောင် ရှိကုန်သည်။ သူ့ကို .. တစ်စုံတစ်ယောက်က နောက်ဆီမှ လက်ဖြင့်ထိန်းအုပ်လိုက်သည့်နှယ်ရှိ၏။ သူ့ပခုံးကို ဆွဲလိုက်သလိုလည်း ခံစားရသယောင်ရှိ၏။ အန်တီထား၏ ဝိုင်းဝိုင်းလည်နေသည့် ချောက်ချားပြူးကျယ်နေသော အကြည့်က သူ့ထံမှာ ရောက်နေသည်။ တံခါးဘက်ကိုလည်း ရောက်သွားသည်။ ထိုစဉ်မိုက် သူ ရှာချာလည်နေသည့် ခေါင်းထဲက နောက်ကျိရှုပ်ထွေးမှုနှင့်အတူ မိုက်ခနဲဖြစ်သည်က အမှောင်ထု ..။ သူ့လက်သူ့ီးက ကျွေးခနဲဖြစ်၏။ သူ့နားထဲ တိုးဝင်လာသည်က .. သေနတ်သံ ..။ လန်ခနဲ ကျသွားသည်က အန်တီထား၏ သွေးသံရဲရဲပုံရိပ် ..။ နာကျင်စွာအော် လိုက်သံ ..။ သူ .. မိုက်မိုက် မှောင်မှောင်ဖြစ်ကုန်ရင်း ပြိုကျသည်ဟု ထင်လာရသည်။

အိမ်ကြီးတစ်ခုလုံးမှာကလည်း မီးသံတွေ ဝုန်းဝုန်းပါအောင် လွှမ်းမိုးနေကြတာပဲ အမှတ်ရနေသည်။ မီးခြိမ်းသံကြီးတစ်ခုက ကျယ်လောင်စွာ ထွက်ပေါ်လာချေသည်တကား ...။

သူ .. နားထဲမှာ အသံတွေ ဆူနေသည်။ သူ့မျက်ဝန်းတွေ ပွင့်လာ၏။ မီးပေါက်တွေ ထိမှန်ရာ ပြတင်း ..။ ညနေခင်းသည် မီးထွန်းမထားသော အခန်းထဲသို့ မှောင်ရိပ်ကိုဖြန်းနေစေ၏။ သူ လှုးလဲ၍ထလိုက်ချိန်မှာ ချွေးတွေ နစ်နေပြီ ..။

"ငါ .. ငါ .. အဲဒီအိပ်မက်ကို မက်နေပြန်ပါရောလား .. ပြန်မက်နေပြန်ပါရောလား .."

သူ ကယောင်ကတန်းဆန်စွာ အသံတွေ ပွင့်ကျနေသည့်အဖြစ်..။

ခုတင်ထက်မှ ခြေထောက်တွေကို တွဲလွဲချ၍ ထိုင်ရင်း ငေးစိုက်ကြည့်မိသည်က ခြေဖမိုးအစုံကိုပါ ..။ ရှစ်နှစ်အရွယ်ကောင်လေး တစ်ယောက်၏ ခြေဖမိုးတွေမဟုတ်တော့ ..။ အသက် နှစ်ဆယ့်ငါးနှစ်အရွယ်



လူတစ်ယောက်၏ ခြေဖမိုးတွေဖြစ်နေပြီ ..။

ဒါပေမယ့် .. အိပ်မက်တွေက သူ ရှစ်နှစ်အရွယ် ..။ မိုးတစ်နေ့၏ ညနေခင်းတစ်ခုဆီမှ အဖြစ်တွေကို မက်နေစေဆဲ ..။

သွေးသံရဲရဲနှင့် အန်တီထား၏ ပြိုလဲကျရင်း အိပ်ရာထက်မှာ လူးလွန့်နေသည့် ဝေဒနာခံစားနေရပါလေသော မြင်ကွင်းသည် ထွန့်ထွန့်လူးနေသည်။ ထွန့်ထွန့်ပါနေသည်။ အသံတွေက နာကျင်လွန်းသံ..။ အသံနက်ကြီးဖြစ်နေသည်။ ဒါတွေကို နားထဲက ထုတ်၍မရ ..။ ဒါပေမယ့် .. ထိုမြင်ကွင်းသည် .. ထိုနေရာမှာပဲ အဆုံးသတ်၏။ ရှေ့ဆက်၍ ဖြစ်မလာ ..။ မြင်မလာ ..။ အမှောင်မိုက်တစ်ခု ..။ အမှောင်တိုက်တစ်ခု ဘာ .. အနားသတ်သွားသည်။ အဆုံးသတ်ကုန်သည်။

သူ .. ခေါင်းကိုက်လာပါ၏။ ထိုနေ့က အဖြစ်ကို ဆက်၍တွေးယူ၍ မရနိုင်ဘဲ အမြဲတမ်း .. ကွက်လပ်ကြီးဖြစ်ကျန်ခဲ့တာက အစဉ်တစ်စိုက်ဖြစ်နေ၏။ ထိုနေ့ညနေက .. သွေးတွေနစ်နေသည့် အန်တီထားကို .. သေနတ်ကိုင်ရင်း ဖေဖေ ကြည့်နေတာကို သူ့အမိုက်အမှောင်ထဲက စတင်၍ သတိရလာချိန်မှာ တွေ့ခဲ့ရတာကိုမဲ ပြန်မှတ်မိခဲ့ရပါ၏။ ဒေါ်လေးနှ[illegible] ဘဘဦးအိုက်ခေါင် လည်း ရှိနေကြပြီ။ သူ သေနတ်ဖြင့် အန်တီထား[illegible] ပစ်မိခဲ့သည်ဟု ဖေဖေ့ကို ဖက်ထားရင်း သူ ပြောနေပေမယ့် ဖေဖေ [illegible]တ်မခံ ..။ ခေါင်းတွင်တွင်ယမ်းနေခဲ့သည်။

"သား သိထားဖို့က .. ထားကို ဖေဖေ သတ်ပစ်လိုက်တယ်ဆိုတာ [illegible] သား .. ဒီဒီကို .. သားကို .. သူ .. ရက်ရက်စက်စက် .. ဒဏ်ရာ ရ[illegible]အောင်လုပ်ထားတာ တွေ့လို့ .. ဖေဖေ .. သူ့ကို သတ်ပစ်ခဲ့တယ်ဆို[illegible]တာပဲ သား .. အဲဒါကို မြဲမြဲမှတ်ထား .. ဟုတ်ပလား .."

ဟု ပြောခဲ့သည့်စကားတွေပဲဖြစ်နေသည်။ မြင်ကွင်းတွေပဲဖြစ်နေ[illegible]သည်။ သူ ငိုနေတာ မှတ်မိနေသည်။ ဖေဖေ့ကို သံတိုင်တွေကြားသည့် အခန်းထဲမှာ မထားခဲ့ချင်တာကိုပဲ သိနေသည်။ ဖေဖေ့လက်တွေက သူ့

www.burmeseclassic.com



လက်သေးသေးလေးတွေကို အုပ်ခဲကိုင်ထားခဲ့တာကို မှတ်မိနေသည်။ ဖေဖေ မျက်ရည်ကျနေတာကိုလည်း မှတ်မိနေသည်။ ဒါဆို .. သူက.. ဘာကြောင့် .. အန်တီထား ၏အခန်းထဲမှာ .. အန်တီထား သေနတ်မှန်ပြီးသည့်အဖြစ်၏ တစ်ဆက်တည်းသောမြင်ကွင်းများ ပျောက်ဆုံးနေရပါသတဲ့လဲ ..။ ဘာကြောင့် .. အမှောင်ထုတစ်ခုက ကာခြားရပါသတဲ့လဲ ..။

"သား .. သတိမေ့သွားတယ် သား .. သား သတိမေ့သွားတဲ့အထိ.. သူ .. ရက်စက်ခဲ့လို့ .. ဖေဖေ .. သူ့ကို သတ်ခဲ့တာ .."

ဟု ဖေဖေ ပြောနေခဲ့သမျှကို ရှစ်နှစ်သား မိုးနဒီမောင် အဖြစ် ကြားခဲ့ရ၏။

ပြီးတော့ .. ပြီးတော့ .. သူ့ဘဝမှာ .. ထိုညနေခင်း၏အဖြစ်များသည် .. အိပ်မက်များအဖြစ် .. ရောက်ရောက်လာတတ်ကာ ..။ သူသည်လည်း .. ချွေးတွေနစ်နေရင်း နိုးလာတတ်စမြဲ ..။

ဤအိပ်မက်တွေသည် သူ့ဘဝထဲက ထွက်ခွာမသွားကြ ..။ အရိပ်လိုလိုက်နေသည်၏ တစ္ဆေလို ပူးနေသည်။

သူ့လက်ဖဝါးတွေက မျက်နှာထက်မှာ အုပ်မိုးလာကြပြီ။ ပင်ပန်းလိုက်တာ .. ဟု ခံစားလာနေရပါသည့်အဖြစ် ..။

"ငါ .. ငါ .. အဲဒီအိပ်မက်တွေထဲက လွတ်မြောက်ချင်လိုက်တာ.. အို .. သွေးသံတွေနဲ့ .. ဆံပင်ဖားလျားနဲ့ .. မိန်းမတစ်ယောက် .. မိုးမဲ့ အိမ်ကြီးမှာ သွားလာနေတာတွေကို .. ငါ အပြင်မှာလည်း မြင်ခဲ့ရတယ်.. အိပ်မက်ထဲမှာလည်း မြင်နေရတယ် .. အဲဒီအိပ်မက်တွေကလည်း .. ငါ့ကို .. ငါ့ကို .. ဝင်ပူးနေတာပါပဲ .. ဝင်ပူးနေတာပါပဲ .."

သူ ညည်းတွားစွာပြောနေမိခြင်း ..။ အန်တီထားသည် ညဘက်တွေမှာ သွေးစွန်းနေသော ညဝတ်အင်္ကျီဖြူတစ်ထည်ကို ဝတ်ဆင်ရင်း အိမ်ကြီးမှာ ညအချိန်တွေမှာ သွားလာနေတတ်သည်ဟု ဒေါ်ကြီးခမ်းဇွေ



သည်း ပြောဖူးသည်။ ဒေါ်လေးနန္ဒာကတော့ ဘယ်တုန်းကမှ ထိုသို့မမြင်ရပါဟု အနိုင်အမာ သူ့ကို ပြောတတ်ပါ၏။ သူကတော့ .. ညဘက်.. သူ့ခုတင်ဘေးမှာ .. လာ .. လာရပ်နေတတ်သည့် .. ဆံပင်တွေ မျက်နှာထက်မှာ ဖရိုဖရဲအုပ်မိုးကျနေရင်း ..။ ဆံပင်ဖားလျားနှင့် သွေးစွန်းမျက်နှာ .. သွေးစွန်းအဝတ်တွေဖြင့် ရှိနေသော အန်တီထားကို .. အိပ်ရာမှ နိုးလာခိုက် မြင်ကိုမြင်ဖူးခဲ့တာကို မမေ့နိုင်ဘဲဖြစ်နေသည်။ အိပ်မက်ထဲကိုတော့ .. မကြာမကြာ ထိုအဖြစ် ထိုမြင်ကွင်းသည် တိုးဝင်တည်ရှိလာတတ်သည်ချည်း ..။

သူ .. ပြတင်းအနီးမှာ သွားရပ်မိပြန်၏။

"ငါ .. ငါ .. ကျိန်စာမိနေသလိုပါလား .. နိုင်ငံရပ်ခြားမှာ .. ငါ.. ဘွဲ့တစ်ခုကို ရခဲ့ပြီးပြီ .. စိတ်ပညာ အမိကာနဲ့ဘွဲ့ရခဲ့တဲ့ငါဟာ .. အဲဒီ အိပ်မက်တွေကို မက်နေကျ .. မြင်နေကျဖြစ်ခဲ့တာပါပဲ .. အဲဒီ အိပ်မက်တွေဆီက ငါဟာ မလွတ်မြောက်နိုင်တဲ့ မိုးနဒီမောင် ဖြစ်နေတုန်းပဲ .. ပြီးတော့ .. ငါ့စိတ်ထဲမှာ စွဲနေတာက .. ငါဟာ .. အန်တီထား ကို .. သတ်မိခဲ့တယ်လို့ ထင်နေ စွဲနေတဲ့အဖြစ်ပဲ .. ဖေဖေ မသတ်ခဲ့ဘူးလို့ ငါ ယုံကြည်နေဆဲပဲ .. ငါ .. သတ်တယ်ဆိုတာ မဖြစ်ရအောင် .. ဖေဖေ ခံပြီး .. ဝန်ခံခဲ့တယ်လို့ ငါ ယုံကြည်နေမိခြင်းပဲ .. ဒါပေမယ့်.. ဒေါ်လေးနန္ဒာရော .. ဘဘဦးအိမ်စိုးရော .. ဘဘအိုက်ခေါင်ရော.. တညီတညွတ်တည်း ထောက်ခံကြတာ .. ဖေဖေ သတ်ခဲ့တယ်ဆိုတဲ့ အချက်ပဲ .. ဖေဖေ သတ်ခဲ့တယ်လို့ ပြောနေကြတာပဲ .. ခက်တာက .. ငါ.. သိနေတယ် .. ငါ သတ်တယ်လို့ သိနေတယ်"

သူ ခုထိ .. ရှုပ်ထွေးနားမလည်နိုင်သည့်အထဲမှာ လူတစ်ယောက် သူ့နောက်မှာရှိနေသည့်ကိစ္စ ..။ အဝတ်နက်နှင့်လူ ..။ မျက်နှာမှာ မျက်နှာဖုံးစွပ်ထားသည့်လူ ..။ သူ့လက်ထဲကို သေနတ်ထည့်ပေးသည့်လူ ..။ ထိုလူသည် အားလုံး၏မြင်ကွင်းထဲမှာ ပျောက်ဆုံးနေသည်။ ပြောကြ

www.burmeseclassic.com

www.burmeseclassic.com



သည့် အထဲမှာ ပါမလာခဲ့ ...။ သူ ပြောပြပေမယ့် ဘယ်သူမှ လက်မခံကြ ...။ ထိုနေ့က ဒေါ်လေးသည်လည်း မိုးမခမှာ ရှိနေသည်တဲ့ ...။ ထိုလူ ပြောသလို ဖေဖေ့ကားနောက်သို့ နောက်ပါးဆီမှ ဦးအိုက်ခေါင်ကို ကားမောင်းနိုင်းပြီး ဒေါ်လေးနန္ဒာ လိုက်သွားတာမျိုး မရှိခဲ့ပါတဲ့ ...။ သူ တွင်တွင်မေးသမျှ .. ဒေါ်လေးနန္ဒာ ထိုသို့ပဲ အထပ်ထပ် မပြောင်းလဲစွာ ဖြေခဲ့သည်ချည်း ...။

"ဒါဆို .. အဲဒီအဝတ်နက်နဲ့လူ .. မျက်နှာဖုံးနဲ့လူက .. ဘယ်သူလဲ.. သူ ရောက်မလာဘူးလို့ကို .. မရှိဘူးလို့ကို .. ဒေါ်လေးနန္ဒာက ပြောနေတာပဲ .. ငါ့စိတ်ကူးထဲမှာ တကယ်မဖြစ်ဘဲနဲ့ .. ဖြစ်လာသလိုလိုကြီး မြင်မိခဲ့တဲ့ အဖြစ်လား .. တကယ်ပဲ .. ငါ့လက်ထဲကို ဘယ်လူကမှ သေနတ်တစ်လက် ထည့်ပေးခဲ့တာမျိုး မရှိခဲ့ဘဲ .. ဖေဖေက အန်တီထားကို သေနတ်နဲ့ပစ်ခဲ့တဲ့အဖြစ်အပျက်ကပဲ .. တကယ့်အဖြစ်အပျက်ထဲမှာ ရှိခဲ့တာတဲ့လား .. အန်တီထား ကို ငါ သေနတ်နဲ့ပစ်ထည့်လိုက်တယ် ဆိုတာ .. ငါ့စိတ်ထဲမှာ ခါးခါးသီးသီးဖြစ်ချင်ခဲ့တဲ့ စိတ်တစ်ခုကို .. တကယ်ဖြစ်ခဲ့သလို .. စွဲထင်ယုံကြည်မိရင်း .. စွဲလန်းနေတဲ့အဖြစ်တစ်ခုလား .."

သူ မခွဲခြားတတ်နိုင်ဘဲ ဖြစ်ဖြစ်နေရသည်က ထိုအချက်ပဲဖြစ်လေသည်။

သူ အန်တီထားကို သတ်ချင်သည်အထိ စိတ်ဖွဲကြီးလာရင်း ... ဖြစ်ချင်စောပြင်းထန်လာရင်း ...။ အပြင်မှာ တကယ်မရှိသည့် အဝတ်နက်နှင့် မျက်နှာဖုံးလူတစ်ယောက်ဆိုတာကို စွဲထင်ဖြစ်တည်လိုက်ရင်း... ထိုသူ ပေးသည့် သေနတ်ဖြင့် ပစ်သတ်လိုက်သည်ဟု စိတ်ကူးကို အတည်လုပ်ပစ်သည့် စိတ္တဇဆန်သော အစွဲတစ်ခုပဲ ဖြစ်ခဲ့သည်လား... တကယ်ပဲ .. သူသတ်ခဲ့ပါလျက်နှင့် ...။ ဖေဖေက ဝင်၍အဖမ်းခံ ... ဒေါ်လေးနန္ဒာတို့က အားလုံး ဝိုင်း၍ သူ့ကို ကာကွယ်ပေးခဲ့ကြခြင်းများလား ...။ ဘာကြောင့်ဆို .. သူ အဖမ်းမခံရဖို့က အရေးကြီးသည်လေ...



ကလေးတစ်ယောက်က အန်တီထားကို သတ်ခဲ့သည်ဆိုလျှင် ...။ သူ့ကိုပဲ .. ဖမ်းရမည်သာ ...။ ဒါပေမယ့် .. ဖေဖေ အဖမ်းခံခဲ့သည်။ ဘာကြောင့်ဆို .. ဖေဖေသည် .. ကင်ဆာဝေဒနာသည်တစ်ယောက်ဖြစ်နေ၍ ...။ သေရမည့်အတူတူ .. သားကို ကယ်တင်ခြင်းဖြင့် အသေခံသွားသည့် သဘောများပေလား ...။ ဖေဖေ့မှာ ကင်ဆာဝေဒနာဖြစ်နေသည်ဆိုတာ.. သူ .. ရှစ်နှစ်သားကလေးပေမို့ .. ဖေဖေ အသိမပေးခဲ့ ...။ သိသူဆို၍ ဘဘဦးအိမ်စိုး တစ်ယောက်သာ ဖြစ်လေသည်။ ပြီးတော့ .. အန်တီထား...။ အန်တီထားကို ဖေဖေ ပြောပြခဲ့ရာမှ ...။ ပစ္စည်းတွေ ခွဲဝေချန်ရစ်ခဲ့မည့် အစီအမံကို ပြောပြရင်းမှ ...။ ငွေမက်မောသော ချမ်းသာမက်မောသော.. အန်တီထားမှ မကျေနပ်သည်မို့ ..။ ရန်ဖြစ်အချင်းများကုန်ကြခြင်းဆိုတာ တွေကို .. သူ .. အရွယ်ရောက်လာမှ .. ဘဘဦးအိမ်စိုး ပြောပြခဲ့၍ သူ သိခဲ့ရခြင်း ...။ သူ့ကို .. ဖေဖေ မဆုံးပါးခင်ကတည်းက .. ဖေဖေ့ အစီ အမံဖြင့် အမေရိကားသို့ ပို့ခဲ့သည်။ ထိုမှာပင် ကျောင်းအိပ်ကျောင်းစား နေခဲ့ရသည်။ သူ သိရသည်က .. ဖေဖေသည် .. သူ့ကို နိုင်ငံရပ်ခြားမှာ ပညာသင်ဖို့ စေလွှတ်စီမံခဲ့သည်ဆိုတာပဲဖြစ်ပါ၏။ ဖေဖေသည် အချုပ်အနှောင်ဘဝ ...။ အကျဉ်းသားဘဝဖြင့် .. ကွယ်လွန်ခဲ့သည်ဆိုတာ .. နှစ်များစွာကြာမှ ...။ သူ အရွယ်ရောက်လာမှ .. ဘွဲ့ရမှ ဘဘ ဦးအိမ်စိုး ပြောပြခဲ့ခြင်းပါ ...။ မိုးမခသို့ သူ ပြန်လာတော့မည့် .. အခါကျမှ ပြောပြပါ .. ဟုလည်း ဖေဖေ မှာခဲ့သည်တဲ့ ...။ သူ .. ဘွဲ့ရတော့မှ သိရခြင်းပါ...။

သူ .. မိုးမခသို့ ပြန်ရတော့မည်ဆိုမှ သိရခြင်းပါ။ ယခင်တုန်းကဘဘ ပြောခဲ့ဖူးသည်က .. ဖေဖေသည် .. နှစ်ရှည် ထောင်ဒဏ်ကျခံနေရ၍ သူထံ ဘယ်လိုမှ ဆက်သွယ်မလာနိုင်ခဲ့ပါဆိုသည့် အချက်ပဲ ဖြစ်ပါ၏။ တကယ်က .. ဖေဖေသည်.. သူ .. ရှစ်နှစ်သားအရွယ်ကတည်းက...။ သူ .. နိုင်ငံရပ်ခြားမှာ ရှိနေသည့် ကလေးဘဝအရွယ်ကတည်းက ...။

www.burmeseclassic.com

www.burmeseclassic.com



မေမေသည် .. ထောင်ဒဏ်ကျခံရသည့်ဘဝဖြင့် ခြောက်လကျော်လောက်လေးကတည်းက ...။ ကွယ်လွန်ခဲ့ချေသည်တကား ...။

"ဟုတ်တယ် .. မေမေဟာ .. ကွယ်လွန်ရမယ့်အတူတူဆိုပြီး .. ငါ့ကို ကယ်တင်ရင်း .. ထောင်ကျခံသွားတာ ထင်ပါရဲ့ .. ထင်ပါရဲ့.."

ဟု တွေးနေရင်း မျက်ရည်ကျလာပြန်ပါ၏။

သူ .. ဤကြေကွဲချောက်ချြားသံသရာထဲမှ .. ရုန်းထွက်မရနိုင်ဘဲ ဖြစ်နေရဆဲ ...။ ထိုမိုးတစ်ညနေ၏ .. အဖြစ်မှန်တစ်ခုကို .. သူ .. တိတိပပ .. ခွဲခြားသိနိုင်မှ .. ထိုအိပ်မက်ဆိုးတွေ ...။ မြင်ကွင်းဆိုးတွေထဲမှ.. လွန်မြောက်ရချေမည်သာ ...။ ခုလည်း မိုးညနေခင်းမှာ .. သူ ခုတင်ထက်တွင် လှဲ၍ စာအုပ်တစ်အုပ်ကို ဖတ်နေရာမှ .. အိပ်ပျော်သွားချိန်မှာပင်.. ဤအိပ်မက်သည် .. သူ့ကို နှိုးဆွခြောက်လှန့်လာနေစေပြီ..။ နေ့ညမဟူ.. သူ.. အိပ်မောကျလိုက်ကြည့် ...။ ထိုအိပ်မက်သည် .. မကြာမကြာ .. ခြောက်လှန့်ရင်း .. ရောက်ရောက်လာတတ်ချေသည်ချည်း...။



## အခန်း (၄)

ခွဲကောင်းကောင်းဖြင့်ရွာနေသည့်မိုးသည် အရှိန်မတန့် ...။ ညနေတစ်ခု၏နောက်ဆုံးကာလအဖြစ် ရှိနေသည့်အလား ငါးနာရီခွန်းစ အချိန်လေးမှာ မှောင်ရိပ်က အရှိန်မြင့်နေပြီ ...။ နေရောင်သည် ပျောက်နေ၏။ ဥယျာဉ်ထဲရှိ စဉ့်ရည်သုတ်ပန်းအိုးကြီးများဖြင့် စိုက်ထားရာ တောင်ထန်းရွက်တို့သည် လေအရှိန်နောက်မှာ ခါနေ၏။ အရောင်အသွေးစုံသော နှင်းဆီပန်းတို့သည် ကိုင်းတံတို့ ငိုက်ကျနေကြပြီ ...။

တစ်ခါတစ်ခါ လေအရှိန်ပင့်လိုက်လျှင် ဝက်သစ်ချပင်ကြီးဆီမှ အရွက်တွေ လှုပ်လှုပ်ခါနေကြရင်း ငွေမှင်ရည်တစ်လှည့် အစိမ်းရင့်တစ်သွယ်ဖြင့် မိုးလေကြားမှ ထူးခြားသည့်အရွက်တို့၏ လျှို့ဝှက်မှုကို မနားတမ်းပြနေသည့်နှယ်ရှိ၏။ ဝက်သစ်ချရွက်တို့၏ သဘာဝကိုက အောက်ဘက်မှာ ငွေမှင်ရည်ရိပ်ဆမ်း၏။ သမ်း၏။ ပြန့်ကျက်၏။ အပေါ်ဘက်ကျတော့ စိမ်းမြမြမှောင်၏ ပြတင်းအနီးမှာရပ်ရင်း ရှုင်မွေ့မြင်ကွင်းကို ငေးနေမြဲ။ မှန်ပြတင်းမှာလည်း မိုးစက်မိုးပေါက်တို့ ပစ်ပေါက်နေကြချေတာမို့ မြင်ကွင်းသည် ထင်းထင်းပပ မသာ့မရှိ ...။ ဤ

www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်ကိုက ရင်မှာ ဆန်းသစ်သည်။ မိုးတွေ သည်းသည်းထနေအောင်ရွာချချိန်မျိုးမှာမှ ဤမြင်ကွင်းမျိုးကို ခံစားနိုင်သည်လေ။ ဒါကြောင့်လည်း ရှင်မွေ့ စာရေးဆရာမ .. မဏိအိမြှော ဆိုသည့် ကလောင်တစ်လက်ကို ပိုင်ဆိုင်ခွင့်ရခဲ့ချေသည်ထင့် ..။ ရှင်မွေ့ မှာ နူးညံ့သော ခံစားချက်တွေ ရှိနေတတ်သည့်နှယ် ..။ နူးစမ်းလှိုသောစရိုက်လေးတွေလည်း ပြည့်သိပ်နေတတ်သည်။ ဒါကြောင့်လည်း .. ရှင်မွေ့ စာရေးသားခြင်းဆိုသည့် အနုပညာရပ်တို့ကို လက်ဖျားဆီသို့ စီးမျောစေရန် နှလုံးအိမ်က တွန်းပို့ခဲ့ခြင်းဖြစ်ချေမည်တည့် ..။

ထိုအခိုက် တံခါးရွက်ပွင့်လာကာ ဒေါ်နန်းခက် ဝင်လာပါ၏။

"ဘဘဦးအိမ်စိုး စာကြည့်ခန်းမှာ စောင့်နေပါတယ် မိန်းကလေး.. ဒေါ်နန်းခက် လိုက်ပို့ပေးပါ့မယ် .. အဲဒီမှာ စကားပြောပြီးတာနဲ့ ထမင်းစားကြမယ်လို့လည်း ဘဘဦးအိမ်စိုး ပြောထားတာမို့ .. ထမင်းပွဲပြင်ဖို့ရာ အတွက် ဒေါ်နန်းခက် အဆင်သင့်လည်း လုပ်ထားပါ့မယ် .."

ဟု ပြောတော့ ရှင်မွေ့ ခေါင်းလေးညိတ်ပြရပါ၏။ ဒေါ်နန်းခက် နောက်သို့ ရှင်မွေ့ လိုက်လာရင်း ဟိုဟိုသည်သည် ကြည့်မိသည်။ လူရိပ် မရှိ။ ဒေါ်နန္ဒာ ကိုလည်း မတွေ့ရ။ သူ့ကိုလည်း မမြင်ရ ..။ အားလုံး ကိုယ့်အခန်းထဲကိုယ် တံခါးပိတ်၍ ငြိမ်နေကြချေသည်လားမသိ..။ အိမ်ကြီးက ထည်ဝါကြီးမားနေသည်နှင့်အမျှ တိတ်ဆိတ်ခြောက်သွေ့ခြင်းများကလည်း လွှမ်းခြုံနေ၏။

အောက်ထပ်သို့ ရှင်မွေ့ ရောက်ပြီ။ အခန်းတံခါးရွက်ကို ခပ်ဖွဖွ ဒေါ်နန်းခက် ခေါက်ပြီးတာနှင့် အတွင်းဘက်ဆီမှ ..

"ဝင်ခဲ့ပါ .."

ဟု ခေါ်သံပေါ်လာသည်။

"ဝင်သွားလိုက်နော် မိန်းကလေး .. ဒေါ်နန်းခက် မီးဖိုဆောင်ဘက် ခဏဝင်လိုက်ဦးမယ် .. ဒေါ်နန်းရဲ့တူမ မခမ်းကြည်လေးကို အပြင်က



လာစောင့်နိုင်းထားလိုက်မယ်ကွယ် .. ဘဘတို့ အခန်းထဲက ထွက်လာပြီဆိုတာနဲ့ ဒေါ်နန်းကို ထမင်းပွဲပြင်ပေးဖို့ရာ ခမ်းကြည် လာပြောမှာပါ.."

တော်တော်ခမ်းကြီးနားကြီးနိုင်နေသည့် အိမ်ကြီးပေလားမသိ ..။ အခန်းထဲဝင်ဖို့လည်း တံခါးခေါက်ရသည်။ ခုလည်း ဦးအိမ်စိုးနှင့် ရှင်မွေ့ တို့ စာကြည့်ခန်းက ဘယ်အချိန်ထွက်လာမည်ဆိုတာကို စောင့်ကြည့်ဖို့ ခမ်းကြည်ဆိုသည့် အိမ်အကူကောင်မလေးကို စောင့်ကြည့်နိုင်းထားသည့် အလုပ်ကို ဒေါ်နန်းခက် လုပ်နေရပြီ။ ဘာကြောင့်ဆို ဦးအိမ်စိုး က ရှင်မွေ့ နှင့် ပြောစရာဆိုစရာလေးတွေ ပြောဆိုပြီးလျှင် ထမင်းစားမည်ဟု ပြောထားသည်ကိုးလေ ..။ အရိပ်အကဲကြည့်၍ အစစ အလိုက်တသိ လိုက်လုပ်ပေးရသည့် ဓလေ့တစ်ခုသည် ဤမိုးမခအိမ်ကြီးမှာ နိုင်နိုင်မာမာ ရှိနေသည့်သဘော ..။

"မဟာဆိမဟာသွေး ဆန်လိုက်ကြတာနော် .."

စိတ်ထဲက ပြောမိခြင်း ..။ လူကတော့ အခန်းထဲရောက်ရပြီ..။ အခန်းသည်လျှင်စစ်မီးရောင်အောက်မှာ လင်းချင်းနေ၏။ အခန်းနံရံ ပြည့်နီးပါးမျှ စာအုပ်ဗီရိုအမြင့်ကြီးတွေ နေရာယူထားသည်။

စာရေး .. စာကြည့်စားပွဲသည် ကျွန်းသားစားပွဲကြီး ဖြစ်ကာ ရှေးလက်ရာဆန်၏။ စားပွဲသည် အောက်ခြေတစ်ဝက်မှာ ဗီရိုငယ်လေး တစ်ခြမ်းပါထားရာ ပန်းကနုတ်ထွင်း လက်ရာစားပွဲဖြစ်၏။ ကြွေပန်းအိုးသည် သစ္စာလပ်သား အပြာရင့်ရင့် ခင်းထားရာစားပွဲထက်မှာ နှင်းဆီဖြူတွေ ဆနေရင်း ရှိနေသည်။ ဒါပေမယ့် စားကြည့်စားပွဲမှာ လူမရှိ ..။ ဖောင်တိန် ဆိုက်စုံ ..။ စာအုပ်တစ်ထပ်စီထပ်ထားခြင်းနှင့် ..။ စာရေးစက္ကူကတ် တစ်ခု၊ ကွန်ပျူတာတစ်လုံးနှင့် ကွန်ပျူတာသုံး စာရေးစက္ကူ တစ်ထပ်နှင့် ပလတ်စတစ်ခြင်းပြားရှည်တစ်ခုတို့က စားပွဲထက်မှာ သေသေသပ်သပ်ရှိနေ၏။

"လာပါ .. ထိုင်ပါ မိန်းကလေး .."

www.burmeseclassic.com

www.burmeseclassic.com



အခန်း၏ ညာဘက်ထောင့်နေရာမှာ ရှိနေသည့် ဆိုဖာဆက်တီ တစ်စုံ ..။ အညိုရောင်သားရေဆိုဖာရှည်ကြီးမှာ ဦးအိမ်စိုး ထိုင်နေသည်။ အသားညိုညို၊ မျက်ခုံးထူထူနှင့် မျက်လုံးမျက်ဖန်ကောင်းသော ဘဘ ဦးအိမ်စိုး၏မျက်နှာက တည်ငြိမ်ရင့်ကျက်ခြင်းဘက်ကို နွယ်၏။ ဥပမိရုပ်လည်း ကောင်းသည်။ အထူးသဖြင့် မျက်လုံးတွေက အေးချမ်း၏။ အကြည့်သည် ပြုံးရိပ်သမ်းသည်။

စောစောက ဆိုဖာရှည်ကြီးရှိရာဘက်ကို အာရုံမထားမိခဲ့ဘဲ စာကြည့်စားပွဲဆီမှာ အာရုံစုပြုံနှစ်ဝင်ခဲ့သည့် ရှင်မွေ့ ..။ ခုကျတော့ ဦးအိမ်စိုး ၏ရှေ့ ဆိုဖာမှာ ညင်ညင်သာသာ ထိုင်လိုက်ရပါပြီ ..။

"ရှင်မွေ့ ရောက်လာပြီဆိုတာ လူလေး ဖုန်းဆက်ပြောပါတယ် ..ခြေဘ် .. ဒီမှာက ဟန်းဖုန်း မမိဘူးကွယ့် .. ကြိုးဖုန်းနဲ့တော့ ပြောလို့ ဆိုလို့ရတယ် .. ဒါကြောင့် .. ရှင်မွေ့ ရန်ကုန်ကိုများ ဖုန်းဆက်ချင်တယ် ဆိုရင် .. ကြိုးဖုန်းကို သုံးပါ .. ကြိုက်သလောက်ပြောပါ .. အားမနာပါနဲ့ .. ဒီနေ့ .. ဒီကို .. ချောချောမောမောရောက်တယ်ဆိုတာလောက်တော့ မိန်းကလေးရဲ့ ရန်ကုန်အိမ်ကို ဖုန်းဆက်ချင်မှာပါပဲလေ.. ဆက်ပါ .. ရတယ် .. ကြိုးဖုန်းက .. ဒီစာကြည့်ခန်းမှာလည်း တစ်လုံးရှိတယ် - ဧည့်ခန်းမှာရှိတယ် .. အပေါ်ထပ်က လူလေးရဲ့အခန်းမှာလည်း ရှိတယ် - မိန်းကလေး .. ဧည့်ခန်းနဲ့ စာကြည့်ခန်းက ဖုန်းကို ကြိုက်သလို သုံးပါ -

"ဟုတ်ကဲ့ .. ကျေးဇူးတင်ပါတယ် ဘဘ .."

ရှင်မွေ့မှာ ရန်ကုန်သို့ ဖုန်းဆက်စရာ လိုအပ်လောက်အောင် အဓ တကြီး ဘယ်သူမှရှိမနေတာကို ဖွင့်မပြောချင် ..။ ဒါကြောင့်လည်း ခေါ လေးညိတ်ရင်း ရှင်မွေ့ အလိုက်တသိဖြေရသည်။ ကိုယ့်မှာ ဖုန်းဆက် လူမရှိသည့်ကိစ္စ ဘဘဦးအိမ်စိုး သိဖို့မလိုအပ် ..။ သိလည်း မသိစေချင် -

အဖမဲ့သမီးတစ်ယောက်၏ဘဝ ..။ ဆယ့်ခြောက်နှစ်သမီးမှာ အမေ မဲ့ရင်း ဘွဲ့ရသည့် ရှင်မွေ့ အဖြစ် တိမ်ညိုရိပ်အိမ်ကြီးမှာ ရှင်မွေ့ ကြိုး



လာခဲ့ရတာ ..။ ဦးလေး၏ ဩဇာရိပ်ထက် ခနီးသည် အန်တီခက်မွန်၏ ဩဇာရိပ်တွေ ရှင်မွေ့ကို လွှမ်းမိုးခဲ့တာ ..။ ရှင်မွေ့၏ ဘဝတစ်စိတ်တစ်ပိုင်းကို .. ဘဘဦးအိမ်စိုးကို အသိပေးနေဖို့လည်း မရှိခဲ့။ ဘဘဦးအိမ်စိုးမှ စားပွဲပေါ်မှာ အသင့်တင်ထားရာ ဆေးပုလင်းနှစ်လုံးကို လက်ဖြင့် ကိုင်သည်။

"ဒါ လူလေးကို မနက်တစ်ကြိမ် .. ညနေစာ ထမင်းစားပြီးချိန်မှာ တစ်ကြိမ် .. နှစ်ကြိမ်တိုက်ရတဲ့ ဆေးပါ .. မနက်စာ ဘရိတ်ဖတ်စ်စားပြီးချိန်မှာ တိုက်ရတာက .. ဒီ အညိုရောင်ပုလင်းထဲက ဆေး .. ညစာ စားပြီးချိန်မှာ တိုက်ရတာက .. ဒီ အဖြူရောင်ပုလင်းထဲက ဆေး .. ပုလင်း ပေါ်မှာလည်း သေချာ မနက် .. ည .. ဆိုပြီး .. စက္ကူနဲ့ ရေးပြီး တိပ်အကြည်နဲ့ ကပ်ထားပါတယ် .. အဲဒီဆေးတွေကို .. ဘဘပဲ အရင် ရက်တွေက တိုက်ခဲ့ရတာပါ .. အခုတော့ .. မိန်းကလေးက တိုက်ပေးပါ .."

ရှင်မွေ့ ခေါင်းလေးညိတ်ပြရသည်။ ပုလင်းကိုကြည့်တော့ ဆေးအမည် မပါ ..။ ပုလင်းလွတ်တစ်လုံးစီမှာ စာရေးပြီး ထည့်ထားသည့် ဆေး ဖြစ်နေသည်။

"ဒီဆေးတွေကို လူလေး နိုင်ငံခြားမှာရှိစဉ်ကတည်းက .. သူ့ရဲ့ ဆရာဝန် ဒေါက်တာဟန့် တိုက်ခဲ့တဲ့ဆေးတွေပါ .. ဟိုတုန်းကတော့.. လူလေးအတွက် ငှားရမ်းနေစေခဲ့တဲ့အခန်းမှာ ထမင်းချက် ဒေါ်ရှီစီ အပျိုကြီးက .. အမြဲ ဂရုတစိုက် တိုက်ခဲ့ပါတယ် .. လူလေးဟာ အမေရိကားက ဟားဗက်တက္ကသိုလ်မှာ စိတ်ပညာအမိကဘွဲ့ ရခဲ့တာပါ .. စိတ်ပညာကိုလည်း လူလေး ကိုယ်တိုင်က သင်ချင်လို့ကို ရွေးချယ်ခဲ့တာပါ.. အခု .. လူလေးနဲ့ ပတ်သက်ပြီး ဆေးမှတ်တမ်းတွေကအစ ဒေါက်တာဟန့်က ဘဘကို ထည့်ပေးလိုက်ပါတယ် .. ဒီမှာတော့ သမားတော်ကြီး ဒေါက်တာသက်ယုံနဲ့ ကုသပြနေတယ် ဆိုပါတော့ .. အထူးသဖြင့် ရှင်မွေ့ အတွက် အရေးကြီးတာကတော့ .. လူလေးကို အဖော်လုပ်ပေး

www.burmeseclassic.com

www.burmeseclassic.com



ဖို့ပါပဲ .. ဘာလို့လဲဆိုတော့ .. ဘာဘရော.. လူလေးရော .. ပြီးတော့ .. ကွယ်လွန်သွားပြီဖြစ်တဲ့ အစ်ကိုကြီးမင်းခမိုးရော .. ဒီအိမ်ကြီးမှာ .. လူလေးအတွက် စိတ်အချရဆုံး အဖော်အဖြစ် ရှိနေအပ်တဲ့သူဟာ သူစိမ်းတစ်ယောက်ဖြစ်သင့်တယ်ထင်လို့ မှတ်ယူထားလို့ပါပဲ''

ရှင်မွေ့ အကဲခတ်သလို လှမ်းကြည့်မိရပြီ။ ဘာကိစ္စကြောင့် မိုးမခမှာရှိနေသည့် အခြားတစ်ပါးသော်သူတို့အပေါ် စိတ်မချလက်မချ ရှိနေကြရပါသတဲ့လဲ ..။

သိပ်သည်းသော လျှို့ဝှက်မှုတစ်ခုသည် ဤမိုးမခအိမ်ကြီး၏ အတိတ်မှာလည်း ဖြစ်တည်ခဲ့မည်။ ယခုတိုင်လည်း ထိုလျှို့ဝှက်ခြင်းများက တည်မြဲနေဆဲဖြစ်နေသေးသည်။ ဤသို့ ရှင်မွေ့ နားလည်လာမိရပါ၏။ ဒါပေမယ့် ခက်သည်က .. မည်သည့်လျှို့ဝှက်ခြင်းများဖြစ်နေသည်ဆိုတာ ရှင်မွေ့ မသိနိုင်ခြင်းပဲဖြစ်လေသည်။ မိုးမခ ရှိ ကာယကံရှင်တို့ဆီမှလည်း အလုံးစုံသော အသိပေးမှုများကို လောလောဆယ်မှာ ရှင်မွေ့အပေါ် ပေးအပ်ဖို့ရာ နှောင့်နှေးဝန်လေးနေကြချေဦးမည်။ သေချာတာတစ်ခုကတော့ ဤ မိုးမခရှိ လူရင်းတို့ထက် သူစိမ်းဖြစ်သူ တစ်ယောက်အပေါ်မှာ ပို၍ ယုံကြည်ပေးလိုက်ဖို့ပင်ကောင်းနေသေးသည့် အကြောင်းချင်းရာ ဆိုတာကတော့ ဤ မိုးမခမှာ ဖြစ်တည်ခဲ့ပါလိမ့်မည်။

''ဒါဆိုရင် ဘာလို့ စိတ်ချလက်ချရှိအောင်ကို မိုးနဒီမောင်ကို ဆေးရုံကြီးတစ်ခုခုမှာ မပြသ .. မတက်ရောက်စေရတာပါလိမ့် ..''

ရှင်မွေ့ ဆက်တွေးနေမိရဆဲပါ။ ဒါပေမယ့် .. ဖွင့်မေးဖို့ဆိုတာတော့ မကောင်းသည့်ကိစ္စဖြစ်နေသည်။ ဤနေ့မှာ စတင်၍ မိုးမခသို့ ရောက်လာသည့် ရှင်မွေ့ ဆိုသော မိန်းမတစ်ယောက်က ဤအိမ်ကြီး၏ လူတို့အပေါ်မှာ ဒါကို ဘာလို့မလုပ်တာလဲ .. ဟိုဟာကို ဘာလို့မယုံကြည်တာလဲ .. ဆိုသည့် မေးခွန်းတွေ မေးဖို့ကောင်းသည့်အချိန် မဟုတ်၊ ရှင်မွေ့ ဤမိုးမခမှာ ကာလကြာရှည်နေရမည်ပဲလေ ..။ လေ့လာသုံးသပ်



ယူ၍ ရနိုင်သည့်အခွင့်အလမ်းတွေ ရှိနေသည်တည့် ..။

''ဒါက .. ဒီမိုးမခအိမ်ကြီးရဲ့ အခန်းတိုင်းရဲ့ သော့တွေ တစ်စုတစ်စည်းတည်းရှိနေတဲ့ သော့တွဲပါပဲ .. မိုးမခကို အိမ်ထောင်ထိန်းအဖြစ် မိန်းကလေး တာဝန်ယူထားရတာမို့ .. လိုအပ်တဲ့အခါမှာ ဘယ်အခန်းကိုမဆို ဝင်ထွက်နိုင်တယ်ဆိုတဲ့ လုပ်ပိုင်ခွင့်ကို ပေးထားတဲ့သဘောပါ.. ဘာမှ စိုးရိမ်တွေဝေနေဖို့မလိုပါဘူး .. ဝင်ချင်တဲ့အခန်းကို ဝင်ပါ .. လိုအပ်သလို ငွေကြေးကို သုံးစွဲပါ .. ဘာဘကို ငွေစာရင်း အသုံးစရိတ်လေးပဲ ပေးရုံပဲရှိပါတယ် .. လိုအပ်မယ့်ငွေကြေးကို .. နေ့တိုင်း စိတ်တိုင်းကျသုံးနိုင်အောင် .. မိန်းကလေးရဲ့လက်ထဲမှာ ငွေဆယ်သိန်း ပေးထားပါမယ် .. ထပ်ထုတ်သုံးဖို့ လိုအပ်လာတိုင်းလည်း ဘာဘကိုပြောပါ.. ငွေထပ်ပေးပါ့မယ် .. အသုံးစရိတ်စာရင်းသာ သေသေသပ်သပ်.. တိတိကျကျ .. ဘာဘကို ပေးဖို့ တစ်ခုပဲ လိုတာပါ ..''

ရှင်မွေ့ ဘာမှပြန်မပြော ..။ ဤအိမ်သို့ ရောက်ပြီ ..။ ကိုယ်လုပ်ရမည့်တာဝန်အတွက် ငွေကြေး ပေးအပ်ခြင်းကို လက်ခံဖို့ပဲရှိသည်လေ..။ မိုးမခမှာ ရှင်မွေ့ စိတ်တိုင်းကျ လုပ်ကိုင်ဖို့ရာတွေကလည်း ရှိနေသေးတာ အမှန်။

''တစ်ခုတော့ရှိတယ် ရှင်မွေ့ .. နန္ဒာမှူးကိုတော့ နားလည်ပေးပါ.. သူက မိုးမခမှာ ခုလို အိမ်ထောင်ထိန်းတစ်ယောက်ရှိနေဖို့ မလိုဘူးလို့ ထင်နေတဲ့သူပါ .. ဖွင့်လည်းပြောပါတယ် .. သူရှိနေရင် လုံလောက်နေပြီလို့ ပြောနေချိန်မှာ သူ မေ့နေတာက သူ့ရဲ့အသက်ပါပဲ .. အသက်အရွယ်ကြီးလာပြီဆိုတာ သတိမထားမိနိုင်သေးဘူးလေ .. ငယ်ရွယ်နုပျိုသူတစ်ယောက်က ပိုပြီး လုပ်နိုင်ကိုင်နိုင်တယ်ဆိုတာ သူ နောက်ပိုင်းမှာ တဖြည်းဖြည်း နားလည်သဘောပေါက်သွားမှာပါ .. အဲဒီအခါမှာ ဘာဘတို့ကို သူ ကျေးဇူးတင်ပါလိမ့်မယ် ..''

ရှင်မွေ့ နားလည်လိုက်ရသည်က မိုးမခမှာ ရှင်မွေ့ကို အလုပ်ခန့်

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ခြင်းအပေါ်မှာ ဒေါ်နန္ဒာ သိပ်ပြီး သဘောမတွေ့လှဆိုသည့် အချက်ကိုပါ ...။ ဤအကြောင်းကိုလည်း ဘဘဦးအိမ်စိုးက ပါးပါးနပ်နပ် အသိပေးလာခြင်း ...။

သေးငယ်သော မျက်ဝန်းမှေးမှေးတွေဖြင့် အေးစက်ခါးသီးသယောင်ရှိသည့် အကြည့်တွေကို ဒေါ်နန္ဒာမှူး ထံမှ ရှင်မွေ့ စတင်ဆုံစဉ်ကတည်းက ကြုံခဲ့ရဖူးသည်ပဲလေ။ အေးစက်စက်အကြည့် ...။ ပြီးတော့ .. ရှင်မွေ့ကို အောက်ထပ်ရှိ စတိုခန်းဘေးမှာ နေဖို့ အိပ်ဖို့ နေရာချခြင်းတွေကလည်း စောစောကတည်းက အစေခံသာသာ နေရာတစ်ခုမှာ ရှင်မွေ့ကို သတ်မှတ်ထားသည်ဟု အတိအလင်း အသိပေးရာရောက်ခဲ့သည် တည့် ...။

"ဘဘကတော့ မနက်စာစားပြီးတာနဲ့ ဟိုတယ်ကိုသွားတယ် .. ညနေပိုင်း .. ဒါမှမဟုတ် တစ်ခါတစ်ရံမှာ ညဘက်မှ ပြန်လာတတ်တယ် .. ဟိုတယ်မှာ လုပ်ဖို့ကိုင်ဖို့ ရှိနေချိန်ဆိုရင် အပြန်နောက်ကျတတ်တယ်ဆိုပါတော့ .. လူလေးရဲ့ဖခင်ရဲ့ကိုယ်... ဘဘပဲ ဟိုတယ်ကြီးကို ဦးစီးဆောင်ရွက်နေခဲ့ရတာပါ၊ အင်း .. ဒီမိုးမခအိမ်ကြီးကို သော့ပိတ်ချန်ခဲ့ရတဲ့နောက်ပိုင်းမှာတော့ နန္ဒာမှူးလည်း ဟိုတယ်ရဲ့ အပေါ်ဆုံးထပ်က အခန်းတစ်ခုမှာ ပြောင်းနေခဲ့တာပါပဲ .. ဒါပေမယ့် ဟိုတယ်ရဲ့ လုပ်ငန်းတွေကိုတော့ သိသိသာသာ ဝင်စွက်ဖက်တာမျိုး မရှိခဲ့ပါဘူး- အစ်ကိုလေး မင်းခမိုးကလည်း ဟိုတယ်နဲ့ပတ်သက်ပြီး သားဖြစ်သူကို အမွေအနှစ်ပေးခဲ့တာလေ .. အတိအလင်း အဲသလို စီမံခဲ့တာက .. သူ မကွယ်လွန်ခင်ကတည်းပါ .. သူ့မှာ ကင်ဆာဖြစ်နေပြီဆိုတာ သိကတည်းက .. ရှေ့နေရှေ့ရပ်တွေနဲ့ အဲဒီကိစ္စ .. စီစဉ်ခဲ့တာလေ .. အဲသလို စီးရာက အဲဒီကိစ္စ မျိုးမထား သိသွားတော့ လင်မယား စကားများကြတယ်ဆိုတာပါပဲ .. ကဲပါလေ .. ဒီအဖြစ်တွေကို .. နောင်များမှ တဖြည်းဖြည်း မိန်းကလေး သိလာရမှာပါ .. လောလောဆယ်တော့ .. ရောက်ခါစ ...ရှိသေးတာမို့ .. စိတ်ရှုပ်စရာတွေအလုံးစုံ မသိသေးတာပဲ ကောင်းပါတယ်ကွယ် .."



စိတ်ထိခိုက်သလို ခပ်လေးလေးကြီးပြောနေသည့် ဘဘဦးအိမ်စိုး၏ မျက်နှာသည် ပို၍ နွမ်းနည်းသည့်နှယ်ဖြစ်လာသည်။

"လူလေး မိုးနဒီမောင် ဟာ ဘဘရဲ့သားတစ်ယောက်လိုပဲ ဆက်လက်ရှင်သန်လာခဲ့ရတယ်ဆိုတာလောက်ပဲ လောလောလတ်လတ်မှာ ရှင်မွေ့ သိထားပေးပါကွယ် .. သူ့ကို ဂရုတစိုက်လေး ထားပေးပါ .. လူလေးကို ဘာလို့ ဟိုတယ်ကို ခေါ်မသွားတာလဲ .. ဘာလို့ ဟိုတယ်မှာ ဘာဝန်တစ်ခုခုကို ရုံးခန်းမှာထိုင်ခိုင်းပြီး မလုပ်စေရတာလဲလို့ မိန်းကလေး မေးချင်နေမယ်ထင်ပါရဲ့ .."

ဟုတ်သည်။ ရှင်မွေ့ စိတ်ထဲမှာ ထိုမေးခွန်းကြီးက ရှိနေပြီ။ စားရေးသောက်ရေးလည်း ဟိုတယ်မှာပဲ စားသောက်၍ရသည်။ နေရတာလည်း ဘဘဦးအိမ်စိုး ရှိနေရာ လက်တစ်ကမ်းမှာပဲ ရုံးခန်း တစ်ခန်းမှာ ဟိုတယ်သူဌေးအဖြစ် လုပ်ကိုင်နေထိုင်နိုင်သည်။ သို့ပါလျက် ဘာကြောင့် သူ့ကို မိုးမခမှာ နေစေပါသလဲ ...။ ပြီးတော့ .. သူ့ကို .. တစ်ခုခုသာအကြောင်းတို့ဖြင့် အန္တရာယ်ပေးနိုင်သည်ဆိုသည့် စကားရိပ်ကသည်း မကြာသေးခင်ကပဲ ဘဘဦးအိမ်စိုး ပြောထားသည်လေ ...။ ဒါဆိုလျှင် .. မိုးမခမှာ သူ့ကိုမထားဘဲ နေလိုက်သည်က ပို၍ သင့်သည့်ကိစ္စ ...။ ကျတော့ အလုပ်ရှုပ်ခံ၍ အိမ်စောင့်ထိန်းဆိုသည့် အလုပ်တစ်ခုကိုသည်း မိုးမခမှာ ဖြစ်တည်စေခဲ့သည်။ မိန်းကလေးတစ်ယောက်ကိုလည်း ခေါ်ယူခန့်ထားခဲ့သည်။ ပြီးတော့ .. ထိုမိန်းမသားက .. ထိုယောကျ်ားသားကြီးကို အဖော်လုပ်၍ ဂရုတစိုက်ရှိနေပေးရမည်တဲ့ ...။ ဟိုတယ်မှာ ခေါ်ထားလိုက်လျှင် ရှင်းနေသည့်ကိစ္စ ...။ အပိုအလုပ်ရှုပ်ခံ၍ ဘာကြောင့် မိုးမခမှာ သူ့ကို နေစေရပါသတဲ့လဲ ...။

"လူလေးကိုယ်တိုင်က .. မိုးမခမှာ နေကိုနေချင်သေးတယ် .. သူ

www.burmeseclassic.com

www.burmeseclassic.com



ရှစ်နှစ်သားအရွယ်က ချန်ရစ်ခဲ့ရတဲ့ ဒီမိုးမခမှာနေရင်း .. မိုးမခကို.. ကြည့်ရင်း .. ခံစားရင်းနဲ့ .. အရင်တုန်းက သူ ကြုံခဲ့ရတဲ့ နေ့တစ်နေ့ကို ဝေဝါးနေသမျှအချက်တွေ ရှင်းလင်းမြင်သာလာအောင် .. မှတ်မိလာအောင် ကြိုးစားချင်တယ်တဲ့ .. အဲဒါ လူလေးရဲ့ ဆန္ဒ ဖြစ်နေတယ် .. ဒါကြောင့်.. မိုးမခမှာ .. လူလေးကို .. ဘဘ .. နေစေရခြင်းပါပဲ၊ နှစ်ပေါင်းများစွာ ယောဒီအိမ်တံခါးမကြီးကို သော့ခလောက်ကြီးနဲ့ ပိတ်ခတ်ခဲ့ရတဲ့အိမ်ကြီးကို .. တံခါးတွေပြန်ဖွင့် .. မြန်ပြီး လူသူတို့နဲ့ သက်ဝင်လာစေခဲ့ရတာပါပဲ .. လူလေး ဒီမှာ ပြန်လာနေမယ်ဆိုတဲ့အတွက် .. အိမ်ကြီးကို ပြန်ပြီး ဆေးတွေ ဘာတွေက အစ သေချာပြန်သုတ်ရတာပါ .. တစ်ခုပဲရှိတယ် .. ဆေးရောင်တွေက .. ဟိုးအရင်က .. သုတ်ခဲ့တဲ့ ဆေးရောင်တွေအတိုင်းပဲ အသစ်ပြန်သုတ်ရတာပါ .. ဒါတစ်ခုပါပဲ.. အိမ်ကြီးကို .. အရောင်ကအစ မပြောင်းပါစေနဲ့လို့ လူလေးက မှာတယ်လေ .. သူက.. နိုင်ငံခြားမှာပဲရှိနေသေးချိန်က ဆိုပါတော့ ..''

ဟု ဆက်လက်ပြောလာတော့ ရှင်မွေ့ စာကြည့်ခန်းကို ငေးကြည့်မိသည်။ စာအုပ်ဗီရိုကြီးတွေက ပြတင်းပေါက်နေရာတွေလောက်က လွဲပြီး နံရံပြည့်နီးပါးမျှ နေရာယူထားသည်။ ဗီရိုကြီးတွေမရှိသည့်နေရာမှာကျတော့ ပန်းချီကားတွေ ချိတ်ထား၏။

''ဒီအခန်းဟာ .. တစ်ချိန်တုန်းက .. ရှိခဲ့တဲ့ အသွေးအဆင်အတိုင်း.. ရှိခဲ့တာတဲ့လား .. ဒါဆိုရင် .. ဦးမင်းခမိုးဟာ အတော်ကြီးကို စာတတ်တဲ့သူ .. ရင့်ကျက်တဲ့သူတစ်ယောက်ပဲပေါ့ .. သူဟာ .. ဘယ်လိုကြောင့် လူတစ်ယောက်ကို သတ်တဲ့အထိ .. စိတ်ဓာတ်မာကျောသွားရတာတဲ့လဲ .. သူသတ်တဲ့သူကလည်း သူ လက်ထပ်ထားတဲ့ မိန်းမတစ်ယောက် ဖြစ်နေတယ် ..''

ဟု တွေးကာ စိတ်ကူးထဲ ပုံဖော်ကြည့်လိုက်မိသည်က .. ဦးမင်းခမိုး၏ ပုံရိပ်များ ..။ ဦးမင်းခမိုးသည် ဤစာကြည့်ခန်းရှိ ဆိုဖာရှည်ကြီးမှာ



သက်သောင့်သက်သာထိုင်ရင်း စာအုပ်တွေ ဖတ်ခဲ့ဖူးသည်။ စာရေးစားပွဲမှာ စာတွေ ရေးခဲ့ဖူးသည်။ ခုကျတော့ ထိုသူ၏ပုံရိပ်သည် လွင့်ပြယ်သွားခဲ့လျက် ..။ အတိတ်ခြေရာဆိုသည့်အရာတစ်ခုကို .. ချန်ထားရစ်ခဲ့ချေသည်တကား ..။

ဟုတ်သည် ..။ အတိတ်၏ခြေရာ ..။ ဤမိုးမခမှာ .. မိန်းမ တစ်ယောက်သည် .. ဆံပင်ဖားလျားချ၍ ဧည့်သွေးတွေပေစွန်းနေသည့် အဝတ်အစားတွေဖြင့် သွားလာကျက်စားနေသည်ဆိုသည့် သတင်း ..။ အဖြစ်အပျက် ..။ ထိုအရာတို့သည် .. မျိုးမမထား၏ ဝိညာဉ်တစ်ခုဟု လူတို့က အားလည်ထားကြသည်။ မျိုးမမထားသည် ခင်ပွန်းသည်၏ လက်ချက်ဖြင့် သေဆုံးခဲ့ရသည်ဟုလည်း ဆိုသည်။ ဦးမင်းခမိုးလည်း ထောင်ကျဘဝဖြင့် ကွယ်လွန်ခဲ့ရပြီ ..။ ဦးမင်းခမိုး လည်း မရှိတော့ ..။ ဒေါ်မျိုးမထား/လည်း မရှိတော့ ..။ ဒါပေမယ့် .. ထိုမိုးတွေရွာနေသော နေ့တစ်နေ့၏ အဖြစ်အပျက်နှင့် ဝိညာဉ်ဆိုသည့်အရာတွေက ဤ မိုးမခမှာ ကျက်စားနေဆဲ ..။ လွှမ်းခြုံနေဆဲဟု ရှင်မွေ့ နားလည်နေရသည်လေ..။

''မိန်းကလေးသုံးဖို့ ကား .. မိုးမခမှာ တစ်စီးပေးထားပါမယ်.. မိန်းကလေးရဲ့ အလုပ်လျှောက်လွှာထဲမှာ ကားမောင်းတတ်တယ်ဆိုတဲ့အချက်လည်း ပါတာမို့ .. ဒရိုင်ဘာတော့ သီးသန့်ပေးမထားတော့ပါဘူး .. ကိုယ်တိုင်မောင်းပြီး သွားလာရတာ .. ပိုပြီးတော့ လွတ်လပ်ပါတယ် ..''

ဟု ပြောလာတော့ ရှင်မွေ့ ခေါင်းလေးညိတ်ပြသည်။ ထိုအချက်ကိုတော့ ရှင်မွေ့ သဘောကျသည်။ ဟုတ်သည်။ ကိုယ်တိုင် ကားမောင်း၍ ဘယ်ကိုမဆို သွားလာနိုင်သည့် အခွင့်အရေးတစ်ခု ရှိနေသည်လေ..။ သန်းဖုန်းပင် အဝေးရောက်နေသည့် ဤနေရာမှာ .. အပြင်ထွက်ဖို့ သူ့ အစ်ပါး၏ ကားအခေါ်ကို စောင့်၍ အပြင်ထွက်ဖို့ မလိုတာကိုတော့ စိတ်ထဲ သက်သာရာ ရလာသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘဘဦးအိမ်စိုး ထရပ်လိုက်ပါ၏။

"ရှင်မွေ့ ဘဘကို မေးစရာများရှိနေသလား .. ပြောချင်တာများ ရှိနေသလား .."

ရှင်မွေ့ နားလည်လိုက်ပါပြီ ..။ ဘဘ တက်ကာ စကားသိမ်းသည့် သဘော ..။ ထမင်းစားမည်ဆိုသည့်သဘော ..။ ရှင်မွေ့ ကို လောလော ဆယ်မှာ ပြောစရာကုန်နေပြီဆိုသည့် သဘော ..။ အလိုက်တသိဖြင့် ရှင်မွေ့ လည်း ထရပ်လိုက်သည်ပါပဲ ..။

"ဘဘနဲ့အတူ .. ထမင်းစားဖို့ပဲ ရှင်မွေ့ လုပ်စရာ လောလောဆယ် မှာ ရှိနေပါတယ် ဘဘ .."

ဟု ဖြေတော့ တရင်းတနှီးနိုင်စွာပဲ ဘဘ ပြုံးလာသည်။ အကင်းပါး သည့် မိန်းကလေးအဖြစ် သတ်မှတ်ပုံဖြင့် ခေါင်းလည်းညိတ်သည်။ ကျေနပ်ပုံလည်းရသည်။

"ဒါဆို .. ဘဘတို့ အပြင်ထွက်ကြရအောင် .. လူလေးကိုလည်း ထမင်းစားဖို့ မနန်းခက်နဲ့ အခေါ်လွှတ်လိုက်ကြတာပေါ့ .. လူလေးက တစ်ခါတစ်ခါလည်း တစ်ယောက်တည်း အခန်းထဲမှာ စားချင် စားတတ် တယ် .. စိတ်ပါလက်ပါရှိတဲ့အခါကျရင်တော့ အောက်ထပ် ထမင်း စား ဆောင်မှာ လာစားတတ်ပေရဲ့ .."

ဟု ပြောလာပါ၏။

ရှင်မွေ့ အတွက်ကတော့ သူသည် စိတ်ဝင်စားစရာတော့ ဖြစ်နေ သည်။ တစ်ခါတစ်ခါမှာ ကလေးငယ်တစ်ယောက်လို ငိုကြွေးတတ် သူ ..။ ကလေးတစ်ယောက်၏အသံဖြင့် စကားပြောတတ်သူ ..။ အုံး ငယ်နေတတ်သူ ..။ တစ်ခါတစ်ခါကျတော့လည်း တည်ငြိမ်ရင့်ကျက်နေ တတ်သူ ..။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိနေသည့်ဟန်တို့ဖြင့် ပြတ်သားရင်ဆိုင်နိုင်စွမ်းသူတစ်ယောက်နှယ်လည်း ရှိနေတတ်သူ– သူသည် .. ကောင်းကင်ထက်ဆီမှ တိမ်အုပ်ကြီးတစ်ခုနှင့် တူနေသည်။



အင်အားကောင်းသော တိမ်အုပ် ..။ ထိုတိမ်အုပ်ကြီးသည် .. ပုံသဏ္ဍာန် ပြောင်းနေတတ်သည်။ သူသည်လည်း အင်အားကြီးမားသော သူ တစ် ယောက် ..။ ကြွယ်ဝချမ်းသာသည်။ ပညာတတ်တစ်ယောက်ဖြစ်သည်။ ရုပ်ရည်အဆင်းလည်း နိုင်ကြည်ခန့်ညားသည်။ ဒါပေမယ့် .. သူသည် တိမ်အုပ်ကြီးနှယ်ပင် .. ပုံရိပ်တို့ မြန်ဆန်စွာ ပြောင်းချင်ပြောင်းနေတတ် သူဖြစ်နေချေသည်တကား ..။ ထိုအရာတို့ကပင်လျှင် .. သူ့သည် ရှင်မွေ့ ၏ သိလိုစိတ်များကို .. ရှန်းကြွထလာအောင် ညှို့ငင်ဖမ်းစားထားနိုင်နေ ချေသည်တည့် ..။

www.burmeseclassic.com

## အခန်း (၅)

ညစာကို ထမင်းစားခန်းမှာ သူ စိတ်လိုလက်ရစားသောက်သ[illegible] အတွက် ဘဘဦးအိမ်စိုးလည်း ဝမ်းသာနေပုံရပါ၏။ သူ့ကို တစ်ယော[illegible] တည်း အခန်းအောင်းနေရင်း ညစာစားသောက်တာမျိုး ဘဘ မြင်[illegible] ဟန်မတူ ..။ စားပွဲထိပ်နေရာမှာ သူ ထိုင်သည်။ ဖွန်းခက်ရင်းကို ကျွ[illegible] ကျင်စွာကိုင်၍ စားသောက်၏။ ငွေဓားလေးဖြင့် ဘဲသားအကော[illegible] လိုက်ပေါင်းထားတာကို လှီး၍လည်း စားသောက်နေသည်။

"လိုအပ်ရှိရင် .. ဘဘကိုပြောပါ .. ကိုယ့်ကိုလည်း ပြော[illegible] တယ် .. သော့တွဲလည်း ဘဘ ပေးပြီးပြီထင်ပါရဲ့ .. အခန်းတွေရဲ့[illegible] တွေ စုဝေးရာ အဲဒီသော့တွဲဟာ လေးစုံရှိတယ် .. နှစ်စုံက ကိုယ့်ဆီ[illegible] နောက်တစ်စုံက ဒေါ်လေးနန္ဒာ ဆီမှာ .. နောက်တစ်စုံက ဘဘဆီ[illegible] လေ .. အခု ရှင်မွေ့ လက်ထဲ ဘဘ အဲဒီသော့တွဲကို ပေးလိုက်ပြီ .. ဒီအိ[illegible] ရဲ့ မည်သည့်အခန်းကိုမဆို .. ရှင်မွေ့ ဝင်ထွက်နိုင်ပါတယ် .. ဒါ .. ဒီ[illegible] မှာရှိနေတဲ့သူတိုင်းသိအောင် ကိုယ် ပြောပြတာပါ"

ဟု ပြောလာသည့် သူ့ကို ဒေါ်နန္ဒာမှူး အံ့သြသလိုကြည့်လာ[illegible]



[illegible]းလက်စထမင်းကို ခပ်သုတ်သုတ်မျိုချလိုက်ကာ ..

"သူ့ကို .. သော့တွဲတစ်စုံပေးလိုက်ရအောင် ဆုံးဖြတ်တာဟာ [illegible]စောလွန်းဘူးလား ဒီဒီ .. သူဟာ ဒီအိမ်ကြီးကို ခုမှရောက်လာလေ.. [illegible]းတော့ ဒေါ်လေးရဲ့အခန်းကိုတော့ သူ ဝင်ထွက်ချင်တိုင်း ဝင်ထွက်လို့ [illegible]ရဘူးဆိုတာကိုတော့ ခုကတည်းက ပြောထားချင်ပါရဲ့ .."

ဟု ပြောလသည်က ဒေါ်နန္ဒာမှူး ပါ ..။ သူ အေးအေးဆေးဆေး [illegible]မင်းဆက်စားနေသည်။

"သူက .. ဒီအိမ်ကြီးကို .. ထိန်းသိမ်းမည့်သူဖြစ်တာမို့ .. သူ ခန်းဆီး [illegible]ကအစ လဲလှယ်တာတွေ ဘာတွေကို .. ဒေါ်နန်းခက် နဲ့ ခမ်းကြည် [illegible]ကို နိုင်းနိုင်တယ် .. ဒီအိမ်ကြီးရဲ့အခန်းတိုင်းကို .. သေသပ်လှပမှု [illegible]ရှိ .. စစ်ဆေးကြည့်ကြပ်ဖို့လည်း လိုအပ်တယ် .. အဲသလို လုပ်မယ့် [illegible]ချိန်တိုင်းမှာ သော့တွဲကို တကန်တက ဒေါ်လေးဆီမှာ သွားသွား [illegible]င်းနေဖို့မလိုအောင် .. အဲဒီသော့တွဲကို ပေးတာပါ .. ဒေါ်လေးရဲ့ [illegible]န်းကို အဝင်မခံချင်ဘူးဆိုရင်လည်း သဘောပါ .. သူ .. မဝင်ဘဲ နေပါ [illegible]မယ် .. ဒေါ်နန်းခက်နဲ့ ခမ်းကြည်တို့ပဲ ဒေါ်လေးရဲ့အခန်းကို အရင်တုန်း [illegible] သန့်ရှင်းရေးတွေဘာတွေ လုပ်ပေးပေါ့ .."

သူ အေးအေးဆေးဆေး ပြောနေ၏။ သော့တွဲပေးသည့်ကိစ္စ ဒေါ်နန္ဒာမှူး [illegible]သက်မှန်းသိပေမယ့် သော့တွဲကို ရှင်မွေ့ထံမှ ပြန်တောင်းလိုက် [illegible] သူ မလုပ်ခဲ့ ..။ ကြားထဲက မျက်နှာ ထားရခက်နေရသည်က ရှင်မွေ့ [illegible]လေသည်။ ဒေါ်နန္ဒာမှူး မကြိုက်မှန်း သိနေပါရက်နှင့် သော့တွဲ [illegible]ါ်းကြားချိတ်ရမှာကိုကျတော့ ရှင်မွေ့ မျက်နှာပူချင်သည်။ ဒါပေ [illegible] - အခန်းတကာကို ဝင်ထွက်နိုင်ဖို့ ဆိုတာကလည်း ရှိနေသေး [illegible] လိုအပ်တိုင်း သော့တွဲ ခဏခဏ ဒေါ်နန္ဒာမှူး ထံ ခွင့်ပန်ရ .. တောင်းရ [illegible]ရှည်နေဖို့ဆိုတာကလည်း စိတ်ပျက်စရာ ဖြစ်နေမှာ သေချာနေ [illegible] ဒါကြောင့် မတတ်သာသည့်အဆုံးမှာ သော့တွဲကို [illegible]ထားရ

www.burmeseclassic.com



မှည့်ကိစ္စ မျက်နှာပူပူဖြင့် ငြိမ်နေလိုက်ရသည်ပါပဲ ..။

"အေးလေ .. ဒါက .. ဒီဒီရဲ့အိမ်ပဲ .. ဒီဒီသဘောပဲ အတည်ဖြစ်ရမ မှာပေါ့ကွယ် .. ဒေါ်လေးဟာ ဒီဒီကို ရှစ်နှစ်အရွယ်အထိ အမိမဲ့သားလေး တစ်ယောက်အပေါ် မေတ္တာနဲ့ ပြုစုချစ်ကြင်ခဲ့တဲ့ ဒေါ်လေးပါ .. ကိုကို့ ရဲ့အစီအမံနဲ့ ဒီဒီလေးကို နိုင်ငံရပ်ခြား ပို့ခဲ့ရတာမို့ .. ဒေါ်လေးနဲ့ အဝေး ဝေးသွားကြရရင်း .. ခုမှ ပြန်ဆုံရတာပါကွယ် .. ဒါပေမယ့် ဒေါ်လေး ရင်ထဲက ချစ်ခြင်းဟာ .. မလျော့ပါးပေဘူးဆိုတာ .. ဒီဒီ သဘောပေါက် စေချင်ပါတယ် .. မိုးမခကို .. ခုလိုရောက်လို့မှ .. မကြာမတင်မှာ - စိတ်အခန့်မသင့်စရာတွေ ဒေါ်လေးကြောင့် မဖြစ်စေချင်တာမို့ .. အစေ အရာရာမှာ .. ဒေါ်လေး စိတ်ကိုလျှော့ထားရပါတယ် .. ဒီဒီ နေကောင်း ကျန်းမာနေရင် .. ပြီးတာပါပဲ .."

ဟု ပြောကာ ထမင်းတစ်ဝက်ပင်မကျိုးဘဲ လက်စသတ်၍ ဗွန် ခက်ရင်းကိုချ ..။ ရေတစ်ဖန်ခွက်သောက်ပြီး ဒေါ်နန္ဒာမှူး အခန်းထဲ ထွက်သွားတော့ သူ ငြိမ်ကျန်ခဲ့သည်။ မျက်နှာတော့ သိပ်မကောင်း နောက်တော့လည်း ကိုယ်ကို ပြန်မတ်ကာ ထမင်း ဆက်စားပါ၏။

"လူလေးကို တိုက်ဖို့ရာ ဆေးတွေ ဘာဘ မိန်းကလေးကို အပ်ပြီ ပြီကွယ့် .. ည ရှစ်နာရီလောက်ကျရင်း မိန်းကလေး လာတိုက်လိမ့်မယ် ဆေးကိုတော့ မှန်မှန်သောက်ပါကွယ် .."

ဟု ဘာဘ ပြောကာ ထမင်းဆက်စား၏။ ဘာပဲဖြစ်ဖြစ်။ စော က ဒေါ်နန္ဒာမှူး ဘက်က စိတ်ထိခိုက်သလိုကြီးလည်းဖြစ် ..။ မ မစ်သာလည်းဖြစ်နေရင်း ပြောခဲ့သည့် စကားတွေနှင့် ထမင်းပွဲမှ အ ဆုံးထထွက်သွားသည့်ကိစ္စကြောင့်လားမသိ ..။ ထမင်းပွဲသည် တိ ဆိတ်စွာဖြင့် ပြီးဆုံးခဲ့ပါ၏။ စကားပြောဆိုကြတာ ပျောက်လွင့်သွ သည်တည့် ..။

အားလုံး စားသောက်ပြီးစီး၍ အခန်းထဲမှ ထွက်သွားကြ



ရှင်မွေ့ ထမင်းစားဆောင်မှာ ကျန်နေရစ်သည်။ ဒေါ်လေးနန်းခက်နှင့် ခမ်းကြည် တို့နှင့်ရှိနေရင်း ထမင်းစားပန်းကန်တွေ သိမ်းနေချိန်မှာ ..

"အဲဒီအလုပ်တွေကို ဒေါ်နန်းခက် တို့ လုပ်နေကျပါ ရှင်မွေ့ .. မင်း လုပ်ရမှာက .. ဒီမိုးမခကို .. ထိန်းကျောင်းစီမံပေးဖို့ပါ .. အိမ်ကြီးတစ်ခု လုံးရဲ့ တာဝန်တိုင်းမှာ အသေးစိတ် ဝင်ဝင်ပါနေဖို့ မလိုပါဘူး.."

ရုတ်တရက် တံခါးဝမှာလာရပ်ရင်း သူ ပြောလာသည်မို့ ရှင်မွေ့ ပင် လန့်ခနဲဖြစ်သွားရပါ၏။ လှည့်ကြည့်မိတော့ ခပ်စူးစူးကြည့်နေသည့် အကြည့်က ဒေါ်နန်းခက် ထံမှာရှိနေ၏။ အလိုမကျမသည့်နှယ် မျက်နှာ က တင်းယောင်ယောင်ရှိနေသည်။

"နောက်ကို .. သူ ဝင်လုပ်ရင်တောင်မှ .. ဒေါ်နန်းခက် က တား ပါ .. သူဟာ .. ဒီအိမ်ကြီးကို .. ကြော့ကြော့မော့မော့လေးနဲ့ ထိန်းသိမ်းရုံ သက်သက်ပဲ တာဝန်ယူရမည့်အလုပ်ကို လုပ်ဖို့ မိုးမခကို ရောက်လာတဲ့ သူဖြစ်တယ်ဆိုတာ ဒေါ်နန်းခက် သဘောပေါက်စေချင်ပါတယ် .. ရှင်မွေ့ .. အခန်းပြန်နားပါ .. ဒီနေ့ပဲရောက်တာမို့ .. ခရီးပန်းမှာလည်း ရှိနေနိုင်တယ် .. ဒါကြောင့် .. နားပါ .. မနက်ဖြန်ကာစပြီး .. လုပ်ကိုင် သင့်တာကို .. လုပ်ပါ .. ကိုယ်က .. ဘာလုပ်ပေးပါ .. ဘာတွေပြင်ဆင် ပေးပါလို့ မပြောဘူး .. မင်းလုပ်တာကို .. တိတ်ဆိတ်စွာပဲ အကဲခတ် နေမယ်ဆိုတာလောက်ပဲ .. ပြောပြထားချင်ပါတယ်"

ပြောပြောဆိုဆို ပြန်လှည့်ထွက်သွားတော့ ရှင်မွေ့မှာ အနေခက် ရင်း ကျန်ခဲ့ရပါ၏။ မျက်နှာမလန်းဘဲ မျက်လွှာချထားသည့် ဒေါ်နန်းခက် ကိုလည်း အားနာရသည်။ ပြီးတော့ .. ပြောချင်ရာကို တည့်တည့် ပြော ဘာ လှည့်ပြန်သွားသည့် သူ့ကိုလည်း စိတ်ညစ်ရသည်။ အကဲခတ်ရ သော့ခက်စပြုလာပြီကောဟု စိတ်ထဲ ညည်းမိရပါ၏။ သူသည် .. အား နာတတ်သူလည်းဖြစ်နေသည်။ အားငယ်တတ်သူလည်း ဖြစ်နေသည်။ ကြေးတတ်သူလည်းဖြစ်နေကာ မျက်နှာထား တည်တင်းတတ်သူလည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်ဖြစ်နေတတ်သည်။ မာကျောမှုတစ်ခုကို သူ့မျက်နှာထက်မှာ မြင်ရချိန်မှာ တစ်ချိန်က သူ ဘယ်တုန်းကမှ အားမငယ်ဖူးတတ်သည့် နယ် ပြတ်သား မာတင်းနေတတ်သူ ဖြစ်နေတတ်ချေသည်တကား။ ရှင်မွေ့ စိတ်မသက်မသာဖြင့် ဒေါ်နန်းခက် ၏လက်ကို တစ်ချက် ဖေးကိုင်ကာ လက်ဖဝါးကို ဖွဖွထွေးဆုပ်လိုက်ပြီးမှ အခန်းထဲမှ ထွက်လာမိရပါပြီ ...။

"တကယ်ဆိုရင် .. သူ ..ဖြေါ်နှတ်နဲ့ ဖြေရှင်းတာမျိုးလေးလောက် ကိုတော့ ခဏစောင့်ပေးသင့်တာပေါ့ .. ခုလို ပြောချင်ရာပြောပြီး ချက်ချင်း လှည့်ထွက်သွားတော့ .. ငါ့သဘောနဲ့ငါ .. ဝင်ပြီး ထမင်းပန်းကန် တွေသိမ်းမိတာပါဆိုတာလေးလောက်တောင် .. ဒေါ်နန်းခက် စိတ်ချမ်း သာသွားအောင် .. ဖြေရှင်းခွင့် မရလိုက်ဘဲဖြစ်ကုန်ရတာ.. မဟုတ်သေး ပါဘူးလေ .. အဲသလို သူလုပ်ပုံက မဟုတ်သေးပါဘူး ..."

ဟု တွေးမိရင်း ကိုယ့်အခန်းထဲ ကိုယ်ပြန်ဝင် ...။ ခုတင်ပေါ်လှဲ လိုက်ရင်း စိတ်သည် မငြိမ် ...။ တောင်တောင်အီအီ ပြေး၏။ ဟိုဟိုသည် သည် ရောက်၏။ ကိုယ့်ဘဝကိုလည်း ကိုယ့်အတွေးထဲ ပြန်ထည့်မိပြန်၏။

"ငါ့ဘဝမှာ .. ငါ ငယ်ကတည်းက မေမေ ဆုံးတယ် .. ငါ ဆယ့် ခြောက်နှစ်သမီးမှာ ဖေဖေ ဆုံးတယ် .. မြကျွန်းညိုကုန်တိုက်ကို.. ဖေဖေ့ညီ လေးလေးဇေ က အုပ်ထိန်းဦးစီးပေးခဲ့ရာက .. ငါ ဘွဲ့လည်း ရရော .. မယား ဘက်ကပါလာတဲ့ တူတော်မောင်နဲ့ ငါ့ကို ပေးစားချင်တော့တာပါ လား .. အေးလေ .. မယားဖြစ်တဲ့ အန်တီခက်မွန် ကလည်း .. မြကျွန်းညို ရဲ့ ကြွယ်ဝမှုကို မက်မောနေတာကိုး .. လေးလေးဇေ ကလည်း မယား စကား မပယ်ရှားနိုင်အောင်ဖြစ်နေတာဆိုတော့ .. ငါ့ကို .. ဖွတ်နား နေတဲ့ဒဏ် မခံနိုင်တာမို့ .. မိုးမခကို အလုပ်ဝင်လုပ်တဲ့ နည်းနဲ့ ငါ ရှောင်ထွက်ခဲ့ရာက .. ဒီအိမ်ကြီးရဲ့ ရှုပ်ထွေးမှုတွေကြားထဲ ပိတ်မိလာ သလိုဖြစ်နေပါရောလား .."

ရှင်မွေ့ အတွေးက မတန့် ...။ မျက်ရည်လည်း ဝဲချင်သည်။ ဖေဖေ



ကို တမ်းတရသည်လေ ...။ မေမေကတော့ ရှင်မွေ့ သုံးနှစ်သမီးလောက် မှာ ဆုံးသည်ဆိုတာလောက်ပဲ သိရတာမို့ အမေ့ရုပ်ရည်ဆိုတာက ဓာတ်ပုံ ထဲမှာပဲ မြင်ရတာရှိသည်။ အမေ့အချစ်ဆိုတာက .. စိတ်ကူး၍ ပုံဖော် မိတာလောက်ပဲ အခွင့်အရေးရှိခဲ့သည်။ ဖေဖေ ကျတော့ ရှင်မွေ့ကို အလွန် အလိုလိုက် ...။ လိမ္မာရေးခြားရှိအောင်လည်း သင် ...။ ချစ်လည်း အလွန် ချစ်ရှာသည်မို့ ...။ ဖေဖေ့ရင်ခွင့်ကို အတောမသတ် တောင့်တလွမ်းဆွတ် ရစမြဲပါ ...။

"ဖေဖေ မမျှော်လင့်ဘဲ အက်ဆီးဒင့်ဖြစ်ပြီး .. ဆုံးခဲ့ရခြင်းဟာ ငါ့ ဘဝကို .. အထီးကျန်စေတော့တာပါပဲလားနော် .. အားကိုးရာ ပျောက် စေတာပါပဲလား .. ပြင်ဦးလွင်မှာ ဟိုတယ်တစ်လုံး ဆောက်မယ်ဆိုတဲ့ အလုပ်ကို တိုးချဲ့မှုတစ်ခုအတွက် သွားလိုက်တဲ့ဖေဖေဟာ .. ပြင်ဦးလွင် အတက်လမ်းမှာ ဘရိတ်ပေါက်ပြီး ဆုံးပါးခဲ့ရတယ် .. ကြေမွနေတဲ့ ဖေဖေ့ကားထဲက .. ဖေဖေ့ သက်မဲ့ခန္ဓာကိုယ်ကို မနည်းဆွဲထုတ်ယူခဲ့ရတယ် လို့ လေးလေး ပြောပြခဲ့သမျှ ငါ ကြားခဲ့ရချိန်မှာ .. ငါ့ ရင်တွေ ဖြုန်းဖြုန်း ပါအောင် ကြေမွနေခဲ့ရတာပါပဲ .. ဖေဖေ့ကားက ရှေ့ကမောင်းတယ် .. လေးလေးရဲ့ကားက နောက်ကမောင်းတယ်တဲ့.. ညီအစ်ကိုနှစ်ယောက်.. အတူတူထောင်ကြမဟဲ့ဆိုတဲ့ ဟိုတယ်တည်ဆောက်ရေးလုပ်ငန်းလည်း ပျက် .. ငါလည်း .. လေးလေးရဲ့ အအုပ်အထိန်းအောက်မှာ ကြီးခဲ့ရ တာပါပဲ .. ခက်တာက .. အန်တီခက်မွန်ပဲ.. သူက .. သူ့တူ အောင်ဇော်ဦး နဲ့ ငါ့ကို ပေးစားပြီး ကြွယ်ဝခြင်းများစွာကို သူ့တူလက်ထဲရောက်အောင် သိမ်းချင်နေတာ .. လေးလေးကလည်း မယားစကား မလွန်ဆန်ရဲတဲ့သူ .. လောဘဆိုတာ ... ကြောက်စရာပါပဲလေ .. အန်တီခက်မွန်ရဲ့ လောဘ ကြောင့် .. ခုတော့ .. လေးလေးနဲ့ ငါလည်း ဝေးနေကြရပြီ .. တဂျပ် ဘွတ်တဖွဖွ .. အောင်ဇော်ဦးနဲ့ နားချနေတဲ့ လေးလေးကို ငြင်းဆန် နေရတာ ငါ့မှာ .. သူ့ကျေးဇူးကို မထောက်ရာရောက်နေတာမို့ .. အိမ်က

www.burmeseclassic.com

www.burmeseclassic.com



ကို .. သူတို့မသိအောင် ထွက်ခဲ့မိရတဲ့အထိပါပဲ ..''

ရှင်မွေ့ မျက်ရည်ကျလာရပြန်သည်။ စိတ်တွေ သောကကြောင့် မွှန်းကြပ်နေရချိန်မှာ မိုးမခ၏ အလုပ်ခေါ်ကြော်ငြာကို သတင်းစာထဲ တွေ့မိရာမှ လျှောက်မိလိုက်သည့်ကိစ္စ။ ခုကျတော့ .. အလုပ်လည်း ရလာပြီ။ ထွက်လည်းထွက်လာမိပြီ။ ရန်ကုန်က တိမ်ညိုရိပ်အိမ်ကြီးမှာ လည်း ဘာတွေဆက်ဖြစ်နေကြပြီမသိ။ စာရေးချင်၍ ခရီးရှည်ထွက် သွားသည်ဆိုတာလောက်ပဲ စာတိုလေးတစ်စောင် ချန်ခဲ့ကာ ..။ စာ ဆရာမလေး မဏိအိန္ဒြာ၏ စာပေခရီးတစ်ခုနှယ် ဟန်ဆောင်ခဲ့ရ မယ့် ..။ တကယ်တမ်းကျတော့ .. လေးလေးဖေ ဘယ်လိုမှ တွေးမ နိုင်သည့် အလုပ်တစ်ခု ..။ ခြေရာခံမမိနိုင်သည့် အလုပ်တစ်ခုထဲ နစ် ကိုယ်ယောင်ဖျောက်ထားလိုက်ရသည်က ရှင်မွေ့ ပဲဖြစ်လေသည်တည်း

အခန်းရှိ စာရေးစားပွဲမှာ ရှင်မွေ့ ထိုင်သည်။ အံဆွဲကို ဖွင့်မိ စာရေးစက္ကူသည် အသင့် ..။ ဘော်လ်ပင်နှစ်ချောင်းလည်း ရှိနေသည် ဗလာစာအုပ်လည်း တစ်အုပ်ရှိ၏။ ဘဘဦးအိမ်စိုး၏ အစီအမံပေလား ဒါမှမဟုတ် သူကပဲ ထိုသို့ အရံသင့် စာရေးစက္ကူကတ်လေးကအ တင်၍ ဤအံဆွဲလေးမှာရှိနေစေဖို့ စီစဉ်ခဲ့ခြင်းလားမသိ ..။ ဘာပဲဖြ ခုလို အရံသင့်ရှိနေတာကိုတော့ ရှင်မွေ့ ကျေးဇူးတင်ရသည်ပါပဲ ..။

ညရှစ်နာရီထိုးလုလုမှာ ရှင်မွေ့ ဗလာစာအုပ်လေးမှာ ဘော် လေးကို အဖုံးချိတ်လေးဖြင့်ညှပ် ..။ ပြီးတော့ စာအုပ်ပေါ် ဆေး ကိုတင်၍ လင်ပန်းလေးပေါ် ဆေးပုလင်းတင်သယ်လာသည့်နှယ် ရင်း သူ့အခန်းတံခါးရှေ့သို့ ရောက်ရပါ၏။

အသာအယာ တံခါးခေါက်မည်အပြုမှာ ရုတ်ခြည်း ကြား သည်က တယောသံ ..။ တိတ်ဆိတ်နေသည့်အခန်းသည် ရုတ်ခ ဝေသောအခန်းအဖြစ် ကူးပြောင်း၏။ ရှင်မွေ့ တံခါးကို မခေါ် သေးဘဲ ငြိမ်၍ရပ်နေမိသည်။ တယောသံက နု၏။ နွဲ့၏။ ည



ပြီးတော့ လွှမ်းဆွတ်နိုင်၏။ တေးသွားအလိုက်ကို ဂရုတစိုက် ရှင်မွေ့ နားစိုက်ထောင်နေမိသည်။ ရွှေစံပယ်ရုံသီချင်း ..။ ဟုတ်သည် .. ရွှေစံပယ် ရုံသည် တယောသံအဖြစ် လွင့်ပျံ့နေ၏။ သီချင်းဆိုသံကိုတော့ မကြား ရ..။ တယောသံလွှမ်းဖွဲ့ဖွဲ့ .. ဆွေးတမ့်နွဲ့အဖြစ် လွင့်မျောနေသည်ပဲ ရှိချေ၏။ ရွှေစံပယ်ရုံသည် ရှင်မွေ့ ကို ညှို့ငင်နိုင်စွမ်းသော တေးတစ်ပုဒ် အဖြစ် ရှိခဲ့ပါ၏။ ဖေဖေသည် စန္ဒရားကြီးတီးရင်း ရွှေစံပယ်ရုံကို ဆို တတ်သည်။ မေမေ့ကို လွှမ်းတတ်သည်။ စံပယ်ပန်းတွေကို ဝေနေအောင် ပန်တတ်သည်ဟု ရှင်မွေ့ ကို ဖေဖေသည် မေမေနှင့်ပတ်သက်လာလျှင် လွှမ်းမောဖွယ်ရာပုံပြင်တစ်ပုဒ်ဆီမှ နတ်သမီးလေးတစ်ပါးအကြောင်း ကို ပြောပြတတ်သည့်နှယ် တမ်းတစွာ ပြောပြတတ်ခဲ့ပါ၏။ ခြော် .. ယခု တော့ ရွှေစံပယ်ရုံကို မြတ်နိုးသော မိုးနဒီမောင် ဆိုသူနှင့် ရှင်မွေ့ ဆုံလာ ရချေသည်တကား ..။

''သူ့ဓာနတ်မယ် .. ချစ်မျိုးငယ်သာစွဲလွမ်းမိတယ် .. ဖြေမဆည်နိုင် အောင် လွှမ်းအာပုံလို့ကြွယ် ...''

ပထမပုဒ်၏အဆုံးသပ်ကို ရှင်မွေ့ ခပ်တိုးတိုးလိုက်၍ဆိုမိရပါပြီ..။ ဖေဖေသည် ရှင်မွေ့ဘေးမှာ ရပ်လာချေသည်သို့ ခံစားရ၏။

ထိုစဉ်ခိုက် တယောသံက ရုတ်ခြည်း ရပ်သွားချေ၏။ လွှမ်းစဖွယ် ယောသံကို အဆုံးရှူးခံလိုက်ရသည့်နှယ် ရင်သည် နမြောတမ်းတစိတ် ကျန်ရစ်၏။ တံခါးရွက်အနီးကပ်၍ ရှင်မွေ့ အခန်းထဲမှအသံကို နေမိသည်။ အသံတစ်ခုခုကို ကြားရချေမည်လား ..။ ဒါမှ မဟုတ် သံတစ်ခုခုကို ကြားရမည်လား ..။ ရူးစမ်းစိတ်သည် ရင်မှာ ဖြစ် ၏။ ဒါပေမယ့် ဘာဆိုဘာသံမှ မကြားရတော့ဘဲ အခန်းသည် ကျက်သားကောင်းနေသည်။ ခြေသံလည်းမကြားရ..။ ငိုသံလည်း ကြားရ ..။ သူ .. ဘယ်လိုခံစားငြိမ်သက်နေချေသည်လည်းမသိ။ င်းသဏ္ဌာန်ကို ရှင်မွေ့ အမှန်အတိုင်းပဲ မြင်ချင်လာသည်။ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် .. အခန်းတံခါးကို မခေါက်နေတော့ဘဲ ခပ်ဖွဖွတွန်းကြည့်တော့ ပွင့်သွားပါ၏။ အခန်းထဲ ရှင်မွေ့ ဝင်လာချိန်မှာ သူသည် တံခါးဘက်ကို ကျောပေး၍ရပ်နေသည်။ ပြတင်းပေါက်နေရာမှ တိတ်ဆိတ်စွာ အပြင်ဘက်ကို ငေးနေချေသည်ထင့် ..။ သူ့လက်ထဲမှာ တယောအိုသည် တွဲလွဲကြီး ဆုပ်ကိုင်ထားသည်။ တယောထိုးတံက ညာဘက်လက်မှာ ရှိနေ၏။ ဘယ်လက်ကတော့ အဲ့ဩနံ့သားဖြစ်နေသည်။ တယောအိုမှာ ကြမ်းပြင်နှင့် ထိထိစပ်စပ်ရှိလုလုဖြစ်နေသည်တည့်..။ ရှင်မွေ့ ဝင်လာတာကို သိပုံမရ ..။ ညင်သာသောခြေလှမ်းဖြင့် ရှင်မွေ့ လျှောက်လာချိန်ကျတော့မှ သူ .. ရုတ်ခနဲလှည့်ကြည့်လာသည်။ အတော်ကို နားပါးသည့်လူတစ်ယောက်ပဲ ဟု ရှင်မွေ့ သိလာရသည်ပါပဲ ..။ ရှင်မွေ့ ၏ လှုပ်ရှားသံကို သူ ကြားလိုက်ပုံရသည်လေ ..။ ခြေသံဖွဖွ ..။ ခြေအလှမ်းမှာ ထော်အနားကို ခြေထောက်က ထိချေသည့်အသံတိုးဖွဖွ ..။ အဝတ်တစ်စ၏ ခပ်ညင်ညင်သာသာမြည်နိုင်သည့် အသံတစ်ခုကိုပင် သူ ကြားနိုင်ချေသည်ဖကာ ..။ သူ့မျက်ဝန်းတွေမှာ ကြေကွဲရိပ်တွေ မကုန်တတ်သေး..။ တယောထိုးရင်း ကစ်စုံတစ်ယောက်ကို သူ လွမ်းနေဟန်တူ၏။ တယောကို ဆက်ထိုးနိုင်စွမ်းမရှိတော့သည့်နှယ်လည်း ရပ်တန့်ပစ်ခဲ့ပြန်သည်။ ခု - ရှင်မွေ့ ကို သူ လှည့်ကြည့်လာချိန်မှာပင် .. သူ့မျက်ဝန်းတွေ ရီဝေနေသည်။ ကြေကွဲရိပ်တွေ မကုန်နိုင်ဘဲ ထင်ကျန်နေဆဲဖြစ်နေသည်။

"မင်းကိုး .."

ခပ်တိုးတိုး သူ ပြောလာ၏။ နောက်တော့ ကောင်းကင်ကြီးဘက်ကို အကြည့်က ပြန်လှည့်သွားသည်။ ရှင်မွေ့ ဘာမျှမပြောသေးဘဲ သူ့ဘေးမှာ ရပ်လိုက်တော့ သူ ငုံ့ကြည့်လာပါ၏။ ထူတန်းနေသောမျက်ခုံးနက်နက်အောက်မှာ ခပ်တိုတိုရှိပေမယ့် ထူပိတ်နေသော မျက်တောင်တို့ ရှိနေခြင်းကြောင့်ပင်လျှင် ထူးခြားညှို့ငင်နိုင်စွမ်းနေသည့် မျက်ဝန်းနက်နက်တို့၏အကြည့်သည် တစ်ခုခုကို မျိုသိပ်ခံစားစနေရသည့်နှယ်-



မှိန်ဖျော့ဖျော့ရှိနေကြချေ၏။ အရှိန်လျော့ပါးစပြုလာသည် မိုးသည် ကုန်စင်သွားသေးသည်မဟုတ် ..။ လေအနေ့မှာ တဖျောဖျော အသံပေးရင်း မိုးစက်မိုးပေါက်တို့က ရွာနေဆဲ ..။ မိုးကြီးလေကြီး မဟုတ်ပေမယ့် ဤသို့သော မိုးရွာနေချိန်မျိုးမှာ ခုလို ပြတင်းပေါက်ကိုဖွင့်၍ အနီးမှာ ရပ်ငေးနေတာထက် ..။ ပြတင်းကိုပိတ်၍ နွေးနွေးထွေးထွေးနေသင့်သည့်အချိန်တစ်ခုတော့ ဖြစ်နေတာ အမှန် ..။ မိုးငွေ့လေငွေ့နှင့်အတူ ပြေးဝင်လာသည့် လေငွေ့သည် အေးစိမ့်စိမ့်ဖြစ်နေသည်တည့် ..။

"မိုးရွာတဲ့ညဆို .. ကြယ်လေးတွေတောင် ကမ္ဘာကြီးကို ငုံ့ကြည့်ခွင့်မရတော့တာပါပဲလား .. အင်း .. ငါ့ဘဝက .. မိုးမှောင်ကျနေတဲ့ညလိုပါပဲ .. ကြယ်ရောင်လေးတွေတောင် မြင်ခွင့်မရတဲ့ မြေပြင်ကြီး ဆိုပါတော့ ရှင်မွေ့ .. မိုးရေအောက်မှာ စိုစွတ်ငိုက်မျဉ်းယိမ်းခါနေတဲ့ ပန်းဘမ်ပင်ထဲက .. ပန်းပွင့်လေးတွေဟာ တစ်ပွင့်နဲ့တစ်ပွင့် .. မတွေ့နိုင်ကြလောက်အောင် မိုးမှောင်နေတဲ့ည ဆိုပါတော့ .. ကိုယ်နဲ့ .. ကိုယ့်ဖေဖေတို့ဟာလည်း .. အဲသလို ပန်းပွင့်လေးတွေလိုပါပဲ .. ဘဝမိုးမှောင်ကျတဲ့အဲဒီနေ့ကတည်းက .. မမြင်ခဲ့ကြရတာလေ .. ပန်းလေးတွေကမှ.. နေ့က်လင်းလာရင် .. နေခြည်နုနုဖျော့ဖျော့လေးပဲ ဖြန့်ကြက်ကြက်.. တစ်ပွင့်နဲ့တစ်ပွင့် မြင်ခွင့်ရကြတယ် .. ဆုံခွင့်ရှိကြတယ် ရှင်မွေ့ရယ်.. ငါ့ဘဝ မိုးမှောင်ကြီးက .. တစ်သက်တာလုံးပါပဲ .. အလင်းကို မရောက်နိုင်တော့တာပါပဲလားနော် .. ဖေဖေနဲ့ .. ဘယ်တော့မှ .. ဘယ်တော့မှ .. ဆုံနိုင်ကြတော့မှာ မဟုတ်တာပဲလေ .."

ကြေကြေမွမွ သူ ပြောနေသမျှ နားထောင်ရင်း ရှင်မွေ့ ရင်ထဲ ငါအောင် သူ့စကားက စူးနစ်တိုးဝင်၏။ အဖေကို တမ်းတသည့် သားတစ်ယောက်၏ လွမ်းဆွတ်ဆွတ်အသံ။ တမ်းမွတ်မွတ်အသံ ..။ ထိုအသံချက်နှင့် မလျော့ပါးနိုင်သည့် ဖခင်တမ်းချင်းသည်လည်း ရှင်မွေ့ ထဲမှာ ကြတောင့်ကြာရှည် ရှိနေကြရသည်တကား ..။ ခုလည်း ရှိနေ

www.burmeseclassic.com

www.burmeseclassic.com



ဆဲ ..။ နောင်လည်း ရှိနေဦးချေမည့် ခံစားချက် ..။

"ရှင်မွေ့ ဆယ့်ခြောက်နှစ်သမီးမှာ .. ဖေဖေ ဆုံးခဲ့တယ် အစ်ကိုလေး .. အဖေကိုချစ်တဲ့ သမီးတစ်ယောက်ရဲ့မျက်ရည်စက်ဆိုတာ.. မခန်းခြောက်နိုင်ကြတာ အမှန်ပါပဲ .. တိုက်ဆိုင်တာက .. ရွှေစံပယ်ရဲ့ကို .. ဖေဖေက အရမ်းနှစ်သက်တာ .. အဲဒီသီချင်းကို .. အစ်ကိုလေးတယောက်ဆိုလိုက်တာ ရှင်မွေ့အခန်းပြင်က ကြားခဲ့ရတယ် .. အဖေ့ကို လွမ်းဆွတ်တမ်းတနေတဲ့ သမီးတစ်ယောက်ရဲ့ ခြေလှမ်းတွေ ဒီအခန်းထဲ ဝင်လာချိန်မှာ .. အစ်ကိုလေးဆီက .. အဖေ့ကို လွမ်းမောတမ်းတနေတဲ့စကားကို ကြားရတော့ ရင်ထဲ ထိခိုက်ရတာပါပဲရှင် .. ဒါပေမယ့် အစ်ကိုလေးရယ် .. ရှင်သန်ကျန်ခဲ့ရတဲ့သူတစ်ယောက်ဟာ.. လူ့သက်တမ်းမကုန်မီအထိတော့ .. ဘဝကို .. အရှုံးမဆိုရင် အလင်းရအောင်ကြိုးစားရင်း .. ရှင်သန်သွားရမှာပါပဲ .. အဲသလို ကြိုးစားတာကို ... ဖခင်တွေ မိခင်တွေက .. မြင်ချင်ကြမှာပါပဲ .. သူတို့ ရောက်ရာဘုံဘဝကနေပြီး .. ကျေနပ်ကြည်နူးနေကြစေဖို့အတွက် .. ရှင်မွေ့တို့က ပြန်ပေးဆပ်ကြိုးစားကြရမှာပေါ့ .. အခု .. ဒီဆေးလေး သောက်လိုက်နော် အစ်ကိုလေး .."

ရှင်မွေ့ ပြောသည်က တည့်တည်ငြိမ်ငြိမ်ဖြင့်ပါ ..။ အသံ၏ အကာတ်နိုင်ဆုံး တည်ငြိမ်ရင့်ကျက်ခြင်းဘက်ဆီသို့ရောက်အောင် ကြိုးစားရသည်ပါပဲ။ သူ .. ရှင်မွေ့ကို ငဲ့ကြည့်လာသည်။ နောက်တော့ ဘာမှ မပြော ..။ ဆိုဖာရှိရာသို့ လျှောက်သွားကာ ထိုင်ချလိုက်ပါ၏။ လက်ထဲမှ တယောကို ဆိုဖာရှည်ကြီးမှာ တယောဘိုးတံနှင့်အတူ ညင်ညင်သာသာ ဖေးတင်၏။

"ကဲ .. တိုက်ဗျာ .. အဲဒီဆေး .."

ဟု ပြောလာသည်မို့ ရှင်မွေ့ ရေခဲသေတ္တာထဲမှ ရေပုလင်းကိုယူ၍ ဖန်ခွက်ထဲ လောင်းထည့်ကာ ဆေးကိုလည်း ပေး ..။ ဖန်ခွက်ကိုလည်း



ပေးရပါ၏။ သူကလည်း မငြင်းမဆန် သောက်လိုက်သည်ပါပဲ ..။

"သောက်လိုက်ရတဲ့ဆေးကွာ .. ငယ်တုန်းကဟည်းက သောက်လိုက်ရတာ .. ခုထိ .. အမျှင်မပြတ်လိုက်လာနေတုန်းပဲ .. ညည်းငွေ့ချင်တယ် သိရဲ့လား .. ဆေးသောက်ရတဲ့ရက်တွေကို .. ချန်ပစ်ချင်ခဲ့ပြီ .. ဒီနေ့ထိလည်း ပါလာနေတုန်းပဲ .. မနက်ဖြန်လည်း ဒီဆေးသောက်ရတဲ့ကိစ္စက .. ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာဦးမှာပဲ .. မဆုံးတဲ့ သံသရာကြီးထဲရှိနေရတာပါပဲလားနော် .."

သူ ခပ်ညည်းညည်းပြောပြီး ရှင်မွေ့ကို ကြည့်လာသည်။ မေးနှစ်ခွပုံလေးဖြင့် မေးနေရာ ဝန်းဝန်းလေးမှာ အချိုင့်လေးပေါ်နေသည့်သူ..။ ခပ်ညည်းညည်းပြောနေသည့်ကြားမှပင် စကားပြောလိုက်ချိန်မှာပင် ပါးချိုင့်က ပေါ်ပေါ်လာတတ်သည့်လူ ..။ နှုတ်ခမ်းပါးလျက် မေးရိုးပြန့်ကားပါးမြိုင်းမွေး စိမ်းမြသည့် ရိတ်သင်ထားရာ ပါးရိုးထက်မှာ ရှိန်းရှိန်းမြမြထင်၏။ အရပ်မြင့်မြင့်ကြီးဖြင့် သူသည် လူချောလူခန့်တစ်ယောက်ဖြစ်နေသည်ကတော့ အမှန်။ ဒါပေမယ့် .. လောလောဆယ်မှာ ဖခင်ကိုလွမ်းတသည့်စိတ် ..။ ဘဝကို ညည်းငွေ့နေသည့်စိတ်တွေဖြင့် အပျော်ရိပ်တို့ ပျောက်ဆုံးနေသည့် လူတစ်ယောက်ပဲ ဖြစ်နေချေသည့်တကား..။ ညည်းစိမ်ချမ်းသာတို့အလယ်မှာ .. သောကတွေဖြင့် မွန်းကြပ်နေရသည့် အထီးကျန်လူတစ်ယောက်ကို ရှင်မွေ့ ရင်ဆိုင်ကြုံနေရသည်။ သြော်.. ရှင်မွေ့ သည်လည်း ချမ်းသာခြင်းတို့၏အလယ်မှာ .. အထီးကျန်စွာ ရှင်သန်လာရတာ ကြာခဲ့ချေပြီပဲလေ ..။ ဘဝတူနှစ်ယောက်၏ ဆုံစည်းရာနေ့တစ်နေ့၏ ပထမညတစ်ညကို .. ဖြတ်သန်းနေရခြင်းပါလားလေ..။

"လက်ထဲမှာ ဗလာစာအုပ်ပါလာတာ မြင်လိုက်ပါတယ် .. ဘာသုံးဖို့လဲ .."

သူ မေးလာတော့ ရှင်မွေ့ သူ့ကို ကျေးဇူးတင်ကြည့်ဖြင့် ကြည့်မိရပါ၏။

www.burmeseclassic.com



"ပထမဆုံးပြောချင်တာက ကျေးဇူးတင်စကားပါပဲ အစ်ကိုလေး၊ ကျွန်မ ရောက်မလာခင်ကတည်းက .. အဲဒီအခန်းက စာကြည့်စားပွဲရဲ့ အံဆွဲထဲမှာ စာရေးစက္ကူနဲ့ ဗလာစာအုပ်ရယ် .. ဘောလ်ပင်ရယ် ထည့်ထားပေးတဲ့အတွက်ပါ .."

"မဟုတ်ဘူး .. အဲဒီအခန်းက မေမေ ရှိခဲ့စဉ်တုန်းက .. စာရေးစာဖတ် သီးသန့်လုပ်တဲ့အခန်းလို့ မှမဖေ ပြောပြဖူးတယ် .. ဒါကြောင့် အဲဒီစာကြည့်စားပွဲမှာ .. စာရေးစက္ကူရယ် .. ဘောလ်ပင်ရယ် .. ဗလာစာအုပ်ရယ်ကို .. အမြဲထားထားဖို့ ဖေဖေ ဆန္ဒရှိခဲ့တာမို့ .. ခုထိ .. အဲသလိုပဲ ထားထားတာပါ .. ဘောလ်ပင်လေးတွေကိုတော့ အလဲအလှယ် လုပ်တယ်ပေါ့ .. စာရေးစက္ကူကတ်ကိုလည်း သုံးလေးလ တစ်ကြိမ်လောက် လဲလှယ်ပေးတယ်လို့ ဒေါ်လေးနန္ဒာ က ပြောပြထားတာပါ .. မင်းအတွက် ကိုယ် အဲဒီအခန်းကို မစီစဉ်ထားခဲ့ပါဘူး .. မင်း ရောက်လာချိန်မှာ .. အောက်ထပ် စတိုခန်းဘေးကအခန်းမှာ ထားရမယ်လို့ ဒေါ်လေး ပြောလိုက်တာ ကြားရတာမို့ .. အပေါ်ထပ်က အခန်းကို ပို့ပေးဖို့ ကိုယ် ပြောလိုက်တာပါ .. ဘာလို့ရယ်တော့မသိဘူး .. မင်းကို .. ကိုယ့်အမေ စာရေးစာဖတ်လုပ်ခဲ့တဲ့ အဲဒီအခန်းမှာ မင်းကို နေရာချပေးလိုစိတ် ရုတ်ခြည်း ဖြစ်ပေါ်လာခဲ့မိတယ်လေ .. မင်းရဲ့ အေးချမ်းတဲ့ ဖြူဖြူစင်စင် မျက်နှာလေးကြောင့်လည်းဖြစ်မယ်ထင်ပါရဲ့ .. ကဲ .. ကဲ .. ဗလာစာအုပ် က ဘာအတွက်လဲ .."

ဟု သူပြောလာတော့ ရှင်မွေ့ ရင်ထဲ စိမ့်ခနဲဖြစ်၏။ တကယ်တမ်း ကျတော့ ရှင်မွေ့ အတွက် ရည်စူးထားရာ စာရွက်လေးတွေ၊ စာအုပ် လေးတွေ မဟုတ်ချေသည်ပဲ။ ကွယ်လွန်ခဲ့သူတစ်ယောက်အတွက် ရည်စူး ၍ထားထားပါသည့် စာရေးပစ္စည်းများ ဖြစ်နေသည်ကိုးလေ ...။

ဤအိမ်ကြီး၏ နေရာတော်တော်များများမှာ ကွယ်လွန်သူ .. သေလွန် သူတို့၏ အငွေ့အသက်တွေက မပျောက်မပျက်နိုင်ဘဲ လွှမ်းခြုံထား



နိုင်လွန်းနေချေသည်တကား ...။

ရှင်မွေ့ ဟန်ပြန်ဆယ်ယူသည်။ လောလောဆယ်မှာ ရှင်မွေ့ ၏ အခန်း ဖြစ်ပြီ ...။ ရှင်မွေ့၏ ပစ္စည်းလည်းဖြစ်နေပြီဟု ဗလာစာအုပ်ကို ငုံ့ကြည့်ရင်း ဆုံးဖြတ်ကာ ..

"ရှင်မွေ့ .. ဒီစာအုပ်ထဲမှာ .. အစ်ကိုလေး ဘာအစားအစာကို မကြိုက်ဘူး .. ဘာကိုကြိုက်တယ်ဆိုတာလေး မှတ်သားသွားချင်လို့ ပါ .. အဲဒီအတွက် ဒီစာအုပ်လေးကို ယူလာမိတာပါ .. အကယ်၍ .. ဒီစာအုပ်ဟာ .. အစ်ကိုလေးရဲ့မေမေ့အတွက် ရည်းစူးရာဖြစ်နေရင် .. ရေးသင့်ဘူးလို့ အစ်ကိုလေး သတ်မှတ်တယ်ဆိုရင်တော့ .. ကျွန်မ.. ဝို့မူလအံဆွဲနေရာလေးမှာ ပြန်သွားထားလိုက်ပါ့မယ် .."

ဟု ပြောတော့ သူ ရှင်မွေ့ ကို အတန်ကြာကြည့်နေသည်၊ ရပ်နေ သည့် ရှင်မွေ့ ကို ထိုင်လျက်ရှိနေရင်း သူ မော့ကြည့်ခြင်းပေမို့ ...။ ရှင်မွေ့ သူ့ကို ပြန်ကြည့်ခြင်းက အပေါ်မှ စီးမိုး၍ကြည့်နေသည့်နှယ်ရှိ၏။ သူ့ ျက်နှာထက်မှာ ဖြူစင်ရိုးစားသောအရိပ်တွေ အေးအေးချမ်းချမ်း ဖြစ် ည်နေကြပါချေ၏။ စောစောက မြင်ရသည့် စိတ်ပျက်လက်ပျက်ဖြစ်ပုံ းဝါးတွေအတွက် ညည်းတွားခဲ့သည့် လူတစ်ယောက် ဖြစ်မနေပြန် ...။

"ကိုယ်မကြိုက်တာက .. ကြက်ဟင်းခါးသီးရယ် .. ပဲလင်းမြွေသီး ယ် .. ဘုံလုံသီးရယ် .. အဲဒါတော့ မကြိုက်ဘူး .. အသားငါးထဲမှာ ငါးရှဉ့် မကြိုက်ဘူး .. မစားဘူး .. ကျန်တာတော့ စားပါတယ် .. ကြိုက်တာနဲ့ နည်းနည်းအကြိုက်လျော့တာတွေတော့ ရှိတာပေါ့ .. ဆမယ့် .. စားပါတယ် .. ဒါပါပဲ .. အရောင်ကတော့ အနီရောင်က ရှင် .. ကိုယ် အဆင်ပြေပါတယ် .. ဒါပါပဲ .. မင်းလည်း နားပါ .. ာဖြန် .. အိမ်အဲတွက် အလုပ်တွေ တန်းစီလုပ်တော့မယ်ဆိုတာ ကိုယ် ပါတယ် .. လောလောဆယ် .. နားပါ .. ဂွဒ်နိုက် .."

စကားဖြတ်ခြင်းဆိုတာ သိရသည်မို့ ရှင်မွေ့ ခေါင်းလေးညိတ်ကာ

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှ ထွက်လာမိရပါပြီ။ သူသည် .. စကားပြတ်ချပ်လျှင်လည်း ချက်ချင်း တိခနဲ ကောက်ဖြတ်ပစ်တတ်သူတစ်ယောက် ဖြစ်နေချေသည် မဲဟု တွေးမိရပြန်ပါ၏။ အခန်းထဲရောက်တော့ ရှင်မွေ့ အခန်းတံခါးကို ဟော့(မ်)ချ၍ ပိတ်သည်။ ခုတင်ထက်မှာ လှဲနေရင်း စိတ်သည် အတွေးဆီ သို့လည်း ပြေး၏။ လက်ရှိ မိုးမခအိမ်ကြီး၏ လျှို့ဝှက်ချေသော ရှင်မွေ့ မသိနိုင်သောအရာများနှင့် ပတ်သက်၍လည်း တွေး၏။

"ဒီ မိုးမခမှာ သူ့ရဲ့မိခင်ကြီး ရှိစဉ်တုန်းက စာအုပ်တွေနဲ့ မွေ့ပျော်ရာအခန်းထဲမှာ အခု ငါရောက်နေတယ် .. သူ့အဖေက ဇနီးသည်အတွက် အမြတ်တနိုးနဲ့ ဒီအခန်းကို .. ပုံစံမပျက် ထားခဲ့တယ်တဲ့ .. ဒီလိုဆိုရင် .. သူ့မေမေဟာ ဒီခုတင်ထက်မှာ လှဲခဲ့ဖူးမှာပဲ .. ငါ မမြင်ဖူးတဲ့ အဲဒီ အမျိုးသမီးဟာ စာတစ်အုပ်ကိုဖတ်တဲ့အခါမှာ .. စာကြည့်စားပွဲမှာ ထိုင်ရင်းလည်း ဖတ်တတ်တဲ့သူ .. ပြီးတော့ ညောင်းလာရင် .. ခုတင်တစ်လုံးကို သေသေချာချာခင်းကျင်းထားပြီး အဲဒီအိပ်ရာထက်မှာ လဲလျောင်းရင်းလည်း ဖတ်တတ်တဲ့သူဖြစ်နေပါလား .. အေးလေ .. ချမ်းသာတော့လည်း စည်းစိမ်ကျကျလည်း စာဖတ်တာဖြစ်မှာပေါ့ .. စာကို မက်မက်စက်စက် ဖတ်တဲ့စရိုက်လည်း ပြည့်ဝနေတဲ့သူလည်း ဖြစ်နေတာပေါ့လေ .."

တွေးနေရင်း ရှင်မွေ့ ထထိုင်လိုက်မိပြန်သည်။ နာရီကိုကြည့်တော့ ကိုးနာရီခွဲနေပြီ ..။ မနက်စောစောထဖို့လည်းရှိနေသည်မို့ အိပ်သင့်နေပြီဆိုတာသိနေပေမယ့် အိပ်၍မရနိုင်ဘဲ မျက်စိကျယ်နေဟာက ဆိုးသည်။ ခုတင်ထက်မှာ ပြန်လှဲလိုက် ..။ အခန်းထဲ လမ်းလျှောက်နေလိုက် .. ပြတင်းအနီးမှာ သွားရပ်နေမိလိုက်ဖြင့် အိပ်၍မရနိုင်သောညကို ဖြတ်သန်းနေရတာ စိတ်ညစ်ဖို့တော့ကောင်းနေသည်။ တကယ်က .. သန့်ရှင်းမွေ့ဥနေသည့် အိပ်ရာထက်မှာ နှစ်နှစ်ခြိုက်ခြိုက် ရှင်မွေ့ အိပ်ပျော်နေဖို့ကောင်းသည်လေ ..။

ဟှာဖြည်းဖြည်း သန်းခေါင်ယံသို့ရောက်လာပြီ ..။ ရှင်မွေ့ အိပ်၍



မရနိုင်ဘဲ နေရဆိုးသော စိတ်ညစ်ဖွယ်ကောင်းနေသည့် ညတစ်ညကို ရှုပ်ထွေးညစ်ညူးနေသောစိတ်ဖြင့် ကျော်ဖြတ်နေရဆဲဖြစ်နေသည်တည့် ..။

ထိုစဉ်ခိုက် ရှင်မွေ့၏ တံခါးရွက်ကို ခပ်ဖွဖွခေါက်လိုက်သံကို ကြားလိုက်ရတာမို့ ရှင်မွေ့ ခွေ့ခနဲဖြစ်၏။ ဤအချိန်ကြီးမှာ ဘယ်သူက ရှင်မွေ့၏အခန်းကို လာခေါက်မည်တဲ့လဲလေ။ အိပ်ကောင်းသောအချိန် တစ်ခုကို ဘယ်သူကမှ လာ၍နှိုးရက်စရာကိုမရှိ ..။ ပြီးတော့ သန်းခေါင်ယံကာလဲဆိုတာ သူသူကိုယ်ကိုယ် .. 'အိပ်ခန်းကိုယ်စီမှာ အိပ်မောကျနေကြမည့်ကာလ ..။ ရှင်မွေ့ မျက်စိကြောင်ပြီး အိပ်မရဘဲဖြစ်နေ၍ ညအိပ်မီးသီးပြာပြာလေး ထွန်းထားရာအခန်းထဲ ထိုင်ထလမ်းလျှောက်ဖြင့် ရှိနေရခြင်းပါ ..။ ဒါပေမယ့် .. ဘယ်သူက ရှင်မွေ့ ခုလို အိပ်မပျော်ဘဲရှိနေသည်ဆိုတာ သိနိုင်ပါ့မည်တဲ့လဲလေ ..။ ဟင့်အင်း ..။ တံခါး လာခေါက်တာ မဖြစ်နိုင် ..။ ရှင်မွေ့ နားကြားမှားတာပဲဖြစ်ချေမည်သာ ..။

အခန်းတံခါးရွက်ကို ရှင်မွေ့ မျက်တောင်မခတ် ငေးစိုက်ကြည့်မိရပါ၏။ အပြင်ဘက်စင်္ကြံလမ်းသည် လျှပ်စစ်မီးရောင်ဖြင့် လင်းချင်းနေသည်မို့ တံခါးရွက်နှင့် အခန်းကြမ်းပြင်နေရာမှာ ဟနေသည့်နေရာဆီမှ အလင်းရောင်က အခန်းထဲသို့ တိုးဝင်၏။ ထိုနေရာမှာ ရှင်မွေ့ တွေ့လိုက်ရသည်က လူရိပ်တစ်ခု၏ ရပ်လိုက်သည့်ပုံရိပ်မျိုး ..။ ဟုတ်သည် .. ခြေထောက်ပိုင်းဆီမှ တိုးဝင်သည့်အရိပ်တစ်ခုသည် ထိုမျဉ်းတန်းအလင်းရောင်ဆီမှ ဟိုသည် ရွေ့သည့်နှယ် ရှိနေချေသည်တကား ..။ နောက်တော့ ပျောက်ကွယ်တိတ်ဆိတ်ခြင်းပဲ ကျန်ရစ်ပြန်၏။

"ငါ့အခန်းတံခါးရှေ့မှာ တစ်ယောက်ယောက် လာရပ်လိုက်တယ် .. ဘာလို့ လာရပ်တာလဲ .. ဘာလို့ တံခါးကို ခပ်ဖွဖွခေါက်ရတာတဲ့လဲ .. အရေးတကြီးကိစ္စတစ်ခုခုကြောင့် ရောက်လာတာဆိုရင် ငါ့ကို အသံပြုမယ် .. ငါ့နာမည်ကို ခေါ်ရမယ် .. ဒါဆို .. မိုးမခမှာ ခုလိုပဲ အချိန်တော်မှ တံခါးလာခေါက်တဲ့ဝိညာဉ်ဆိုတာ တကယ်များ ရှိနေမလား ..

www.burmeseclassic.com

www.burmeseclassic.com



ရှိနေမလား ..”

ရှင်မွေ့ တွေးနေရင်းမှ ကျောထဲ စိမ့်ခနဲဖြစ်၏။ ပြတင်းအနီးမှာ သွားရပ်လိုက်မိရပြီ ..။ မိုးစဲသွားပေမယ့် အမှောင်သည် အားကောင်း၏။ ခြံထဲ မီးတိုင်တွေ လှမ်းလှမ်းတစ်တိုင် ထွန်းထားသည်မို့ အလင်းရောင်တော့ ရှိနေသည်။ ပန်းခြံဘေးရှိ စံကားပင်ရိပ်မှာ ရှင်မွေ့ကို မော့ကြည့်နေသည့် ပုံရိပ်တစ်ခုကို ရှင်မွေ့ မြင်လိုက်ရချေသည်တကား ..။

ဆံပင်ကို ဖားလျားချထားသည်။ ညဝတ်အင်္ကျီ ဖြူဖြူရှည်ရှည် ပွပွကြီးမှာ သွေးတို့စွန်းနေ၏။ မျက်နှာပေါ်မှာ ဆံပင်တွေ ဖရိုဖရဲ ပြိုကျနေသည်။ ကျောပြင်မှာလည်း ဆံစရှည်တို့ အုံကျင်းကောင်းကောင်းဖြင့် ဖို့လို့ဖားလျား ရှိနေ၏။ မျက်နှာသည် ရှင်းရှင်းလင်းလင်း မရှိ ..။ အုပ်မိုးနေသော ဆံပင်တို့ကြားမှာ ဖွေးဖွေးကြီးရှိ၏။ မျက်ဝန်းတို့ကို ဆံပင်တို့ကြောင့် မမြင်ရပေမယ့် မော့နေသည့် ဦးခေါင်းအနေအထားကြောင့် သိလိုက်ရသည်က .. ရှင်မွေ့ကို ကြည့်နေခြင်း ..။ ဟုတ်သည်..။ ကြည့်နေခြင်း ..။ ရှင်မွေ့ ကြက်သည်းဖြန်းခနဲထ၏။ ကျောထဲ စိမ့်ချမ်းလာ၏။ မြင်ကွင်းကို မျက်တောင်မခတ် ကြက်သေသေကြည့်နေမိရာမှ သတိဝင်လာမိရပြီ ..။ ဘာပဲဖြစ်ဖြစ် ..။ ရှင်မွေ့ ဆိုတာ အရှုံးမပေးချင်သော ဇောတွေဖြင့် စိတ်ဆောင်တတ်သည့် ငယ်ကျင့်တစ်ခုတော့ ရှိနေသည်လေ ..။ ရုတ်ခနဲ ပြတင်းအနီးမှ ခွာလိုက်ကာ အခန်းတံခါးကို သုတ်သုတ်ဖွင့်သည်။ အောက်ထပ်သို့ ခပ်သုတ်သုတ်ဆင်းသည်။ ရင်ထဲမှာ ချောက်ချားစိတ်တော့ရှိ၏။ ဒါပေမယ့် .. သိလိုစိတ်လည်း ရှိ၏။ ဝိညာဉ်တစ်ခုကို တည့်တည့်မတ်မတ် ရင်ဆိုင်ရချေလျှင်လည်း ရှင်မွေ့ ထိုဝိညာဉ်ရှေ့မှာ သွားရပ်လိုက်မည်။ မေးခွန်းတွေ မေးလိုက်ချင်သည်။ ဘာကြောင့် ဤသို့ မကျွတ်မလွတ်ဖြစ်နေရပါသလဲဟု ..။

အိမ်မကြီး၏တံခါးကို ရှင်မွေ့ ဖွင့်၍ အပြင်သို့ထွက်၏။ ပေါ်တီကိုကြီးအောက်မှာ ရှင်မွေ့ ရပ်လိုက်ပြီ ..။ စံကားပင်ရှိရာသို့ ရှင်မွေ့ ကြည့်



လိုက်တော့ ဘာမှုရှိမနေ ..။ လူတစ်ရပ်သာသာမြင့်သည့် ခြံတွင်းမီးတိုင်၏ အလင်းရောင်တို့ ခပ်ဖျော့ဖျော့ လှမ်း၍ တို့ထိရာနေရာမှာ ပန်းဖြူဖွင့်တို့ ဖြုတ်ခနဲဖြုတ်ခနဲ ကြွေနေသည့် စံကားဖြူပင်ကို လူသူကင်းလျက် မြင်ရချေသည်တည်း ..။

ရှင်မွေ့ မကျေနပ် ..။ သေသေချာချာမြင်ခဲ့ရပါသည့် ထိုဝိညာဉ်ကို တွေ့ကိုတွေ့မှဖြစ်ချေမည်ပေါ့ ..။ ရှင်မွေ့မှာ ဖိနပ်ပါမလာ ..။ ခြံထဲဆင်းလာကာ စံကားပင်အောက်အထိ လျှောက်လာမိရပါ၏။ မြက်ခင်းတို့သည် မိုးရေတို့ဖြင့် စိုနစ်နေ၏။ စံကားဖြူပင်တန်းသည် မွှေးရနံ့ဝေလျက် ..။ ပန်းတို့ဝေလျက် .. ညဥ့်လယ်မှာ ထုံကြည်ကြည်ရနံ့ဖြင့် ကြိုလင့်နေသည်သို့ ရှိလေ၏။

ရှင်မွေ့ စံကားပင်အောက်မှာ ရပ်မိပြီ ..။ ဟိုဟိုသည်သည် ကြည့်မိရာမှ ရုတ်ခနဲ စိတ်အစဉ်က အလိုလို အိမ်ကြီးဘက်ကို မော့ကြည့်လိုစိတ်ဖြစ်တည်လာရတာမို့ မော့အကြည့်မှာ ..။ အိမ်ကြီး၏တောင်ဘက်ခြမ်း လသာဆောင်ကြီးမှာ ရပ်လျက်ကြည့်နေသည့် ဆံပင်ဖားလျားကြီးဖြင့် အမျိုးသမီးကို မြင်ရချေသည်ကောလေ ..။ ရှင်မွေ့၏ ခြေထောက်တွေ အလိုလို နောက်ဘက်ဆီသို့ ရွေ့၏။ ရင်သည် ဆတ်ဆတ်ခုန်နေသည်။ တိတ်ဆိတ်စွာ ငုံ့မိုးကြည့်နေသည့်နှယ် ခေါင်းစိုက်၍ ရှင်မွေ့ဘက်ကို မျှော်တော်ယောင် ခေါင်းလှည့်ထားသည့် ထိုအမျိုးသမီး၏ မျက်နှာကိုတော့ မမြင်ရ ..။ ဆံပင်ရှည်ကြီးတွေ ငိုက်မိုးရှည်လျားစွာ မျက်နှာကိုလည်း ဖုံးထားသည်။ လသာဆောင်ရှိ မီးရောင်ကြောင့် အဖြူရောင် ညဝတ်အင်္ကျီရှည်ကြီးမှာ ရင်ဘတ်ဆီမှ စွန်းနေသည့် သွေးများ..။ ဟိုသည်လူး၍ ပေစွန်းနေခဲ့ဟန်ဖြင့် အင်္ကျီအနှံ့မှာ သွေးတို့သည်လည်း စွန်းစွန်းကွက်ကွက် ..။ ထိုအမျိုးသမီး၏ ဖြူသောလက်သည် ရင်ဘတ်ဆီသို့ ရွေ့၏။ ပွတ်၏။ နောက်တော့ လက်ကို ရှင်မွေ့ဘက်ဆီသို့ ဆန့်တန်းပြလာချိန်မှာ သွေးတို့စွန်းထင်နေသည့် လက်ဖဝါးတွေ

www.burmeseclassic.com



ဖြစ်နေကြချေသည်တကား ..။ ရှင်မွေ့ ကမန်းကတန်း အိမ်ကြီးတက်ကို ပြေးလာမိသည်။ အပေါ်ထပ်သို့ တောက်လျှောက်ပြေးတက်လာမိသည်။ အိမ်ကြီး၏ အပေါ်ထပ်ရှိ သီးသန့်ဧည့်ခန်းကျယ်ကြီးမှာ ရှိချေသည့် ထို နောက်ဘက်ခြမ်း လသာဆောင်ဆီသို့ တန်းတန်းမတ်မတ် ပြေးလာချိန်မှာ ဘာဆိုဘာမှမရှိသော လသာဆောင်ကြီးကိုပဲ ရင်ဆိုင်လိုက်ရချေသည် ..။ ဒါပေမယ့် ရှင်မွေ့ ထိုသို့ တိုးဝင်လာသည်က ပန်းရနံ့ ..။ လတ်ဆတ်သောပန်း၏ရနံ့ ..။ စံကားပန်းရနံ့ပါတကား ..။ ဟိုဟိုသည် ကြည့်မိချိန်မှာ လသာဆောင်၏ ထောင့်နေရာလေးမှာ ဖြူလွှလွှ စံကားပန်းတစ်ပွင့်ကို တွေ့ရချေသည်ကောလေ ..။ ရှင်မွေ့ ပန်းရှိရာသို့ လျှောက်လာမိသည်။ အကြည့်က ပန်းထက်မှာပဲရှိနေဆဲ ..။ ရင်သည် ဆတ်ဆတ်တုန်နေသည်။ လက်က .. ပန်းပွင့်ကို ကောက်ကိုင်လိုက်မိသည်။ အကြည့်က စံကားပင်ဆီသို့ ရောက်၏။ ဘာမှမရှိ ..။ ညှိုမှိုင်းသော လသာဆောင်ကြီးဆီသို့တိုင်အောင် ထိုစံကားပင်ဆီမှ စံကားပန်းတစ်ပွင့်သည် ကြွေလွင့်၍လည်း ရောက်မလာနိုင် ..။

မျိုးမမထား ..။ မျိုးမမထားသည် ထိုပန်းလေးတစ်ပွင့်ကို ယူလာ၍ ဤလသာဆောင်ကြီးမှာ ရှင်မွေ့ မြင်အောင် တမင်ချထားခဲ့ခြင်းများလေ လား ..။ ကိုင်ထားမိသည့်ပန်းကို ရှင်မွေ့သာ လသာဆောင်လက်ရန်းဆီ မှ နေ၍ အောက်ဆီသို့ လွှတ်ချလိုက်မိရပြီ ..။ ပန်းလေးတစ်ပွင့်သည် လေထဲမှာ ချာလည်ဝေ့၍ကျ၏။ မြေပြင်ဆီမှ ရွက်စိမ်းအိုးကြီးတစ်ခု၏ ရွက်ဖားဖားပေါ်မှာ တင်၏။ ရှင်မွေ့ အောက်ထပ်သို့ ပြေးဆင်းလာမိပြ သည်။ စောစောကတည်းက တံခါးမကြီးကိုလည်း ပြန်ပိတ်မထားမိ အပေါ်ထပ်သို့ သသောကမျော ပြေးတက်လာမိခဲ့တာမို့ ..။ ချက်ချင်း ပင် ရွက်စိမ်းအိုးကြီးရှိရာသို့ ပြေးမိပြန်သည်။ ပန်းလေး မရှိဘဲ ပျောက် ကွယ်သွားမည်လား ဆိုတာကို သိချင်၍ လာကြည့်မိခြင်း ..။ ဒါပေမယ့် ပန်းလေးသည် နေရာမပျက် ရှိမြဲရှိနေ၏။ ရှင်မွေ့ ခြံထဲ ဟိုဟိုသည်သည်



သွားကြည့်မိပေမယ့် ဘာဆို ဘာမှ ထပ်မတွေ့ရတော့သည်မို့ ခြေလှမ်း လေးလေးဖြင့် အိမ်ထဲ ပြန်ဝင်လာမိကာ တံခါးမကြီးကို စိတ်မော ကိုယ် မောဖြင့် ပိတ်လိုက်ရပါပြီ ..။

တစ်အိမ်လုံးကတော့ တိတ်ဆိတ်နေမြဲ ..။

နာရီကိုမော့ကြည့်မိသည်။ မနက် တစ်နာရီထိုးလုချေပြီတကား..။

ဆိုဖာရှည်ကြီးထက်မှာ ရှင်မွေ့ ခြေပစ်လက်ပစ် ထိုင်ချလိုက်မိရပါ ၏။ လက်ကို မျက်နှာပေါ် ဖေးအုပ်ထားမိသည်။

ခြေထောက်မှာ မိုးရေတို့ စိုစွတ်ရာ မြက်ခင်းဆီမှ မိုးရေတို့၏ အထိအတွေ့က အေးစက်စက်ရှိနေ၏။ ဖိနပ်မပါဘဲ ပြေးဆင်းမိရာ ခြံဝင်း ဆီမှ မြေတို့သည်လည်း ပေညစ်စွာ ကပ်နေကြသည်မို့ ခြေထောက်ကို ခြေသုတ်ဖုန်မှာ အထပ်ထပ် သွားသုတ်မိပြီးမှ အပေါ်ထပ်သို့ ပြန်တက် လာမိရပါပြီ။ အခန်းထဲရောက်တော့ ရေချိုးခန်းဝင် ..။ ခြေထောက်ကို သန့်စင်နေရင်းမှ စိတ်သည် မငြိမ်သက်နိုင် ..။

"ငါ .. ငါ .. မျိုးမမထား ကို ကြုံလိုက်ရပြီကောလေ .. ကြုံလိုက် ရပြီကော .. သူ .. ဘာကိုပြောချင်နေတာလဲ .. ဘာကို .. အသိပေးချင်နေ တာလဲ .. ငါ့ကို .. ခုလို .. ဒီညမှာပဲ .. ဘာလို့ ခုလို .. လာတွေ့ရတာလဲ.. သူ .. ငါ့ကို .. ပြောပြချင်တာ ရှိကိုရှိနေသလား .."

အတွေးသည် မတန့် ..။ ဤကိစ္စကို .. ဘယ်သူ့ကိုမှ ရှင်မွေ့ ပြောဘဲထားလိုက်ဖို့ ဆုံးဖြတ်လိုက်မိရပါ၏။ ဤညအဖြစ်ကို .. ရှင်မွေ့ ကြုံဆုံရလေသမျှ လျှို့ဝှက်ထားဖို့ လိုအပ်နေသည်ဟု ရှင်မွေ့ ထင်သည် ဆ ..။

www.burmeseclassic.com

www.burmeseclassic.com



စိတ်၏ ခံစားရာတွေကို
လူတွေက ...
ဝန်းလေးတွေကိုစေပါးရင်း
စကားလေးတွေကိုဖွင့်ဟရင်း
တေးဂီတကို တီးခတ်ရင်း
စာပေတွေရေးသားရင်း
ပြောပြတတ်ကြတယ် ...။
ဒါဆို ...
တမလွန်ဆိုတဲ့အရပ်မှာရှိသူတွေကရော
ပန်းတွေ .. ဂီတသံတွေ
မြွေသံတွေ .. ပုံရိပ်တွေနဲ့
ပြောပြတတ်ပါသလား ...
ပြောပြနိုင်ကြပါသလား ...။



## အခန်း (၆)

အခန်းတံခါးခေါက်သံကြောင့် သူ စာရေးစားပွဲဆီမှ လှမ်း၍...

"ဝင်ခဲ့ပါ .."

ဟု အသံပေးလိုက်စဉ်မှာ အခန်းတံခါးရွက်ပွင့်လာသည်။ မြင်ကွင်းကြောင့် သူ ငေးခနဲဖြစ်၏။ မနေ့က တွေ့ရသည့် ရှင်မွေ့၏ပုံရိပ်နှင့် ခုသူ တွေ့လိုက်ရသည့် ရှင်မွေ့ သည် ခြားနားနေ၏။ မနေ့က တွေ့သည့်ရှင်မွေ့ ဆိုတာက ဆံကျစ်ရှည်ကြီးတစ်ချောင်းတည်း ကျစ်ချထားကာ ...မ်မာဝတ်စုံလေးဖြင့် ရှိနေသော ရှင်မွေ့ ...။ ခု .. သူ တွေ့ရသည်က .. ခြားနားနေပြီ ...။ နက်ပြာရောင်ဘောင်းဘီရှည်ပွပွလေးနှင့် အဖြူရောင် ...လောက်အင်္ကျီ ဇာနားတွန့်သည့် ဖွေးဖွေးထလျက် ဖူးကြွနေ၏။ လည် ...ဆောင်ပုံလေးဖြစ်နေကာ လည်ပင်းမှာ အပြာနုရောင်ချည်သား လည်စည်း ...သားကို စည်းနှောင်ထားသည်။ လည်ပင်းအနားသပ်နေရာလေးမှာ ပန်း ...ပုံလေးဖော်၍ လှလှပပစည်းနှောင်ထားသော လည်စည်းလေး...။ ...ပင်ကို ခပ်မြင့်မြင့်ထုံးထားတာမို့ မျက်နှာလေးက ရှင်းနေ၏။ မျက်

www.burmeseclassic.com

www.burmeseclassic.com



တောင်ထူထူနက်နက်ရှည်ရှည်လေးတွေ ရံခရာ မျက်ဝန်းလေးတွေ၏ ရွှန်းလဲ့ကြည်စင်နေသည်။ မျက်လုံးလေးက ခုံးခုံးလေးနက်မှောင်စွာ ရှိနေ၏။ နှာတံလေးက ထင်းထင်း၊ နှုတ်ခမ်းနနဖူးဖူးလေးက ပန်းနုရင့်ရောင်သမ်းနေ၏။ ခပ်ပြေပြေ သနပ်ခါးလေး လူးရုံမျှရှိနေသည့် မျက်နှာလေးက မနက်ခင်းမှာ လန်းလန်းကြည်ကြည်လေးဖြင့် ဝင်းမွတ်နေသည်။ စီးထားသည်က အိမ်စီးဖိနပ် နက်ပြာရောင်လေး ဖြစ်ပါ၏။

"သူ .. သူ .. ဒီအိမ်က ဝန်ထမ်းတစ်ယောက်ဆိုတာကို ဘယ်သူပဲကြည့်ကြည့် မြင်တာနဲ့ သိအောင် ဝတ်ဆင်ထားတာပါလား .. ဘာပဲဖြစ်ဖြစ် .. မနေ့က သူ့ပုံလေးကို ငါ လွမ်းလိုက်တာ .. အရမ်းကို နုဖန်ပြီးဖြူဖြူစင်စင်လေးနဲ့ .. လွတ်လပ်တဲ့သဘောဖြစ်နေတယ် .. ကိုယ်ဝတ်ချင်ရာ မြန်မာဝတ်စုံလေးကို ပေါ့ပေါ့ပါးပါးရွေးချယ်ဝတ်ဆင်ထားတဲ့ ကျောင်းသူလေးတစ်ယောက်နဲ့ တူနေပါရဲ့ .. အခုကျတော့ တာဝန်တွေ ဝတ္တရားတွေနဲ့ ရပ်တည်နေတဲ့ မိန်းမသားတစ်ယောက်အဖြစ် ရှိနေပါရောလား .. တာဝန်ဆိုတဲ့အရာတစ်ခုရဲ့အောက်မှာ ရှိနေတဲ့သူ တစ်ယောက်ဖြစ်နေပြီ .. သူ .. ဒီအဝတ်အစားကို .. ဒီမှာဝတ်ဖို့ ချုပ်လာတာပါလား .."

သူ ဧည့်ခန်းရှိနေရင်း အတွေးသည် မတန့် ...။ ရင်ထဲမှာ မြန်မာဝတ်စုံလေးဖြင့် ချစ်စရာလေးဖြစ်နေသည့် ကောင်မလေးကို တောင့်တနေမိသည်။ ဒါပေမယ့် .. ခုလို အိမ်ထောင်ထိန်းတာဝန်ဖြင့် မိုးမျှော်ရှိနေသည့် ရှင်မွေ့ ဆိုသည့် မိန်းမသားတစ်ယောက်အဖြစ် ထင်သာမြင်သာ မည့် ဤဝတ်စုံလေးကလည်း အမြင်ရှင်းရှင်းလေးဖြင့် သပ်သပ်ရပ်ရပ်လေးတော့ ရှိနေသည်ပါပဲ ...။ ကြည့်ရတာ .. အနောက်နိုင်ငံမှ လေယာဉ်မယ်လေးနှင့်ပင် ခပ်ဆင်ဆင် ...။

"အစ်ကိုလေး ဘရိတ်ဖတ်စ်ကို ဒီအခန်းမှာပဲ စားမှာလား .. ဒါမှမဟုတ် .. ထမင်းစားဆောင်မှာပဲ စားမှာလား ဆိုတာ ရှင်မွေ့ လာ



တာပါ .. အစ်ကိုလေး ဆန္ဒအတိုင်း စီစဉ်ပေးပါ့မယ် .. မနက်စာအတွက် နွားနို့တစ်ခွက်ရယ် .. ငှက်ပျောသီးဖျော်ရည်ရယ် .. ပေါင်မုန့်မီးကင်နဲ့ ကြက်ဥပဟာတ်ဖရိုက်ကြော်ရယ် .. စီစဉ်ထားပါတယ်.. အကယ်၍ အစ်ကိုလေး အဲဒါကို မစားချင်ဘူးဆိုရင် .. ရှင်မွေ့ တစ်မျိုးပြောင်းပေးပါ့မယ်.."

သူ ခေါင်းပဲညိတ်ပြလိုက်ရပါ၏။ ဤမနက်မှာတော့ မိုးရိပ်တို့ မကင်းပေမယ့် မိုးမရွာသေး ...။ မိုးသံလေသံကင်းနေသည့် မနက်ခင်း ဖြစ်နေသည်။

"ကိုယ် .. ဒီအခန်းထဲမှာပဲ စားချင်တယ် .. ဖြစ်နိုင်မယ်ဆိုရင် .. မင်း .. ကိုယ်နဲ့တူတူ စားပါလား .. တစ်ယောက်တည်းစားရတာထက် နှစ်ယောက် စကားစမြည်ပြောရင်း စားသောက်ရရင် ပိုကောင်းမလားလို့ ကိုယ်ထင်တယ်လေ .. ဒါကလည်း နေ့တိုင်း မဟုတ်ပါဘူး .. တစ်ခါတစ်ရံမှာ မင်း .. ကိုယ်နဲ့တူတူ ခုလို တူတူစားသောက်ပေးဖို့ပါပဲ .. နှစ်ယောက်စာ . ယူလာပါလား ရှင်မွေ့သာ ..."

ရှင်မွေ့ ခေါင်းလေးပဲ ညိတ်ပြသည်။ ဘဘဦးအိမ်စိုးက မှာထားသည်လေ ...။ ရှင်မွေ့ ၏ ဒုတိယတာဝန်မှာ သူ့ကို အဖော်လုပ်ပေးဖို့ ဆိုတာ ပါသည် ...။ ဒါကြောင့် သူ့ဘက်က တူတူစားသောက်ဖို့ ခေါ်လာလျှင်လည်း စားလိုက်ရမည်သာ ...။ ရှင်မွေ့ အောက်ထပ်သို့ဆင်းကာ နှစ်ယောက်စာအတွက် လင်ဗန်းထက်မှာ တင်စေပြီး ခမ်းကြည်လေးဖြင့် သယ်လာခိုင်းရပါ၏။

အခန်းထဲရောက်တော့ ဧည့်ခန်းရှိ ဆက်တီစားပွဲပုလေးပေါ်မှာပဲ ရှင်မွေ့ မနက်စာ ပွဲပြင်သည်။ ခမ်းကြည်လေး ပြန်ထွက်သွားတော့ နှစ်ယောက်သား တူတူစားသောက်ဖြစ်ကြပါ၏။

"မနက် ဘယ်အချိန်ထလဲ ရှင်မွေ့ .."

"လေးနာရီမထိုးခင် ထပါတယ် .. ဆွမ်းချက်တဲ့ကိစ္စ .. ဒေါ်နန်းခက်နဲ့အတူ ရှိပါတယ် .. ဘုရားခန်းမှာ ပန်း ဆီမီး ဆက်ကပ်ပူဇော်တယ် ..

www.burmeseclassic.com

ဆွမ်းတော်တင်တယ် .. ဒါက .. ကျွန်မ .. အိမ်မှာတုန်းကလည်း အမြဲလုပ်နေကျပါ .. ဒီမှာလည်း အဲ့သလိုပဲ ဘုရားခန်းမှာ ဘုရားကန်တော့ပါတယ် ..''

ရှင်မွေ့ ဖြေတော့ သူ တစ်ချက်ကြည်ကြည်နူးနူးကြည့်တာကို ကြုံရသည်။

''ဒါနဲ့ မင်းကိုမေးရဦးမယ်.. အပြင်သွားပြီး ဝယ်စရာ ပြုစရာတွေများ ရှိသလား .. ဒီနေ့မှာဆိုပါတော့ ..''

''ဟုတ်ကဲ့ .. ကျွန်မ .. ခန်းဆီးတွေ အသစ်ဝယ်ချင်တာလည်း ရှိပါတယ်၊ အိမ်အတွင်း ပန်းအလှပြင်ဖို့လည်း ပန်းတုပန်းနွယ်တချို့ ဝယ်ဖို့ရှိပါတယ် .. ပန်းအစစ်တွေ သုံးသလို .. ပန်းတုလေးတွေနဲ့လည်း .. ပန်းအိုးလှလှလေးတွေမှာ ပန်းအလှထိုးရတာမျိုး ကျွန်မ ဝါသနာပါပါတယ် .. အစ်ကိုလေး ခွင့်ပြုမယ်ဆိုရင်ပေါ့လေ ..''

''ရပါတယ် .. လှအောင် .. အမြင်အေးချမ်း ခင့်ကြည်လင်အောင် မိုးမခကို ပြင်ဆင်ပေးတာပဲလေ .. ကိုယ် သဘောမတူစရာ မရှိပါဘူး.. ဒါနဲ့ ဆက်မေးချင်ပါရဲ့ .. မင်း .. အဲ့သလို အပြင်သွားတဲ့အခါ .. ဒီအဝတ်အစားနဲ့သွားမှာလား .. လူကြားထဲ တစ်မျိုးဆန်းနေမယ် ထင်လို့ပါ ..''

ကောက်ကာငင်ကာ သူ ဖွင့်မေးလာတော့ ရှင်မွေ့ သူ့ကို အကဲခတ်သလိုကြည့်လာပါ၏။ ဤဝတ်စုံကို သူ သဘော သိပ်မတွေ့လှဟု ထင်လိုက်ပုံလေးလည်း ရသည်။ ဒါပေမယ့် .. နောက်ဆုတ်ပေးမည့်ဟန် မရှိ။ ရှင်မွေ့ သည် မှန်ရာထင်တာကို လုပ်တတ်သည့် ခေါင်းအမာစားလေး ဆိုတာလောက်ကို သူ နားလည်စပြုလာရပါ၏။

''ရှင်မွေ့ အပြင်သွားတဲ့အခါတွေမှာတော့ ဒီဝတ်စုံကို မဝတ်ပါဘူး .. မိုးမခရဲ့ပြင်ပမှာ ဒီအဝတ်ကို ဝတ်ဖို့မလိုလို့ပါ .. အဲ့သလိုပါပဲ.. မိုးမခကို ရှောက်နေ ချိန် .. အဲ့ဒီအခါကျရင်တော့ ရှင်မွေ့သာ ဒီ



တာဟာ .. မိုးမခရဲ့အိမ်ထောင်ထိန်းဝန်ထမ်းတစ်ယောက်အဖြစ် ဒီမှာ ရှိနေခြင်းဖြစ်တယ်ဆိုတာ .. မြင်သူတိုင်းက .. အလိုလိုသဘောပေါက်နေကြစေဖို့ .. ဒီလိုပဲဝတ်ရမှာပါ .. ဥပမာ .. အစ်ကိုလေးရဲ့ဧည့်သည်ပဲဖြစ်ဖြစ် .. ဘဘဦးအိမ်စိုးရဲ့ ဧည့်သည်ပဲဖြစ်ဖြစ် .. ဒေါ်လေးနန္ဒာရဲ့ မိတ်ဆွေပဲဖြစ်ဖြစ် .. ဒီမိုးမခကိုရောက်လာရင် .. ရှင်မွေ့ ကို မြင်တဲ့သူတိုင်းက ဒီအိမ်ရဲ့အလုပ်သမားတစ်ယောက်ဖြစ်တယ်ဆိုတာ ထင်းခနဲ သိစေဖို့ပါ .. အထူးသဖြင့် .. အန်တီနန္ဒာ ရဲ့မိတ်ဆွေဆိုရင် မိန်းမတွေဖြစ်ဖို့များပါတယ် .. စူးစမ်းသလိုကြည့်ကြ .. စပ်စုသလိုကြည့်ကြ .. ထင်ချင်သလိုထင်ပြီး တွေးကြဖို့အတွက် လူသစ်တစ်ယောက်ဟာ ဒီမိုးမခမှာ ရှိမနေဖို့လိုပါတယ် အစ်ကိုလေး ..''

ဟု ပြောလာတော့ သူ သဘောကျသလို ပြုံး၏။ ပြုံးလိုက်တော့လည်း ပါးချိုင့်ပေါ်လာသည်။

''မင်းဟာ ယဉ်ကျေးမှုရှိတဲ့သူတစ်ယောက်ဆိုတာကိုတော့ ကိုယ် သိလာရတာပါပဲ .. မင်းရဲ့အလုပ်လျှောက်လွှာမှာ နေ့ရှပ်လိပ်စာဆိုတာပေးထားတာက မြကျွန်းသိုကုန်တိုက်ဝန်ထမ်းတစ်ယောက်အဖြစ်နဲ့ ပေးထားတာ .. အဲ့ဒီမှာ ဘာလုပ်သလဲဆိုတော့လည်း စာရင်းကိုင် တစ်ယောက်လို့ ဖော်ပြထားတယ်လေ .. စာရင်းအင်းကျွမ်းကျင်မယ်လို့ ဘဘဆ အဲ့ဒီအချက်ကို ပိုသဘောတွေ့သွားတာပါ .. မင်းမှာ မိဘတွေ ကွယ်လွန်ကုန်ကြပြီလို့လည်း ကိုယ်ရေးအကျဉ်းမှာ ဖတ်ရပါတယ် .. မင်းရဲ့ အလုပ်လျှောက်လွှာမှာ .. မြန်မာစာအဓိကနဲ့ ဘွဲ့ရတယ်ဆိုတာရယ် .. ဘွဲ့လက်မှတ်မိတ္တူရယ်ကိုလည်း ကိုယ်တို့ တွေ့ခဲ့ရတယ်.. ရန်ကုန်မြို့လို မြို့ကြီးတစ်မြို့က .. ကုန်တိုက်ကြီးတစ်ခုရဲ့ စာရင်းကိုင်အလုပ်ကို ရထားတဲ့ မင်းအနေနဲ့ .. ဒီတော်ပေါ်မြို့လေးတစ်မြို့ကို ဘာလို့ အလုပ်ပြောင်းလုပ်ချင်ရတာလဲ .. ကိုယ် သိခွင့်ရမလား ..''

မနက်စာ တူတူစားရင်း ခုမှ လူတွေ့စစ်ဆေးမှုပြုနေသည့်နှယ်

www.burmeseclassic.com

www.burmeseclassic.com



ရှိလာနေသည့် သူ့ကို အကဲခတ်သလို ရှင်မွေ့ ကြည့်မိရပါ၏။

"ရှင်မွေ့ ဒီမှာ လုပ်ချင်လို့ လျှောက်တာပါ .. အကယ်၍ .. ကျွန်မ- ဒီမှာရှိနေမှာကို စိတ်ထဲ မသိုးမသန့်ဖြစ်နေတယ် .. ဆက်ပဲခန့်ရင် ကောင်း မလား .. ပြန်ခိုင်းလိုက်ရင် ကောင်းမလားဆိုတဲ့ ဒွိဟစိတ်မျိုး ဖြစ်လာရင် - အားမနာပါနဲ့ အစ်ကိုလေး .. ကျွန်မကို ပြန်ခိုင်းလို့လည်း ရပါတယ် - ကျွန်မ .. တခြားနေရာတစ်ခုခုမှာ အလုပ်ရှာပါ့မယ်.."

မျက်နှာလေးတည်ရင်းပြောလာတော့ သူ ရှင်မွေ့ကိုကြည့်ရင်း ပြုံး သည်။ မျက်ဝန်းတွေပါ လိုက်၍ပြုံးရိပ်ဆင်၏။ နှစ်နှစ်လိုလိုရှိလှသော အပြုံး ..။

"မင်းက မာနလေးတော့ ရင်ထဲ တင်းတင်းပိုက်ထားတာပဲကွ- ကိုယ်က .. ရိုးရိုးမေးတာပါ .. မင်းမှာ အခက်အခဲ တစ်စုံတစ်ရာရှိနေ တယ်ဆိုရင် .. မိုးမခမှာ ရောက်လာပြီဖြစ်တဲ့ မင်းကို .. မိသားစုစိတ်နဲ့ ကူညီပေးချင်လို့ မေးမိတာပါ .. ကဲပါလေ .. မင်း .. ပြောရမှာ စိတ်မပါ ဘူးဆိုရင် .. မဖြေပါနဲ့ .. ဒါကိုသိဖို့ဆိုတာကလည်း အရေးတကြီး ကိုယ့်အတွက် ဖြစ်မနေပါဘူး"

ဟု ပြောကာ နွားနို့ကို ယူသောက်၏။

စောစောက မေးထားတာတွေကိုလည်း ခေါင်းထဲက ချက်ချင်း ဖယ်ထုတ်လိုက်သည့်နှယ် သူ့မျက်နှာထက်မှာ ကြည်လင်ရိပ်ပဲ ရှိနေ သည်။ သူ မေးတာ မဖြေရကောင်းလားဟု ငြိုငြင်သောအရိပ်အယောင်မျှ သူ့မျက်နှာထက်မှာ ဖြစ်တည်မလာ ..။

"အစ်ကိုလေး စားပြီးရင်တော့ဖြင့် ရှင်မွေ့ ဆေးတိုက်ပါမယ် - ပြီးရင် .. နေ့လယ်စာအတွက် မီးဖိုဆောင်ကိစ္စ စီမံပါမယ် .. အဲဒါတွေ အားလုံးပြီးရင်တော့ ရှင်မွေ့ ဒေါ်လေးဒေါ်နန်းခက်ကို ဒီတစ်နေ့အတွက် တော့ အဖော်ခေါ်ပြီး ကုန်တိုက်ကိုသွားဖို့ရှိပါတယ် .. ရှင်မွေ့နဲ့ ဒီမြို့ က စိမ်းနေသေးတဲ့အတွက် .. ကုန်တိုက်တွေ ဘာတွေကို သွားသော



ကိစ္စကတော့ ဒေါ်နန်းခက်ကို ခေါ်သွားမှဖြစ်မှာမို့ပါ .. ဒါမှ .. နောက် ကို တစ်ယောက်တည်း ရှင်မွေ့ မြို့ထဲသွားလာနိုင်မှာလေ၊ ဒီတစ်ခေါက် တော့ မြို့ထဲကလမ်းတွေ .. ဈေးတွေ .. စတိုးဆိုင်တွေ .. ကုန်တိုက်တွေ ကို .. ဒေါ်နန်းခက် ကိုပဲ အားကိုးပြီးသွားရမှာမို့ပါ .."

သူ အေးအေးဆေးဆေးခေါင်းညိတ်ပြသည်။ ကုန်တိုက်သို့ သွား မည့်ကိစ္စ သူလည်း တူတူလိုက်မည်ဟု ပြောလာမှာမျိုးကို ရှင်မွေ့ စိုးရိမ် နေမိခဲ့ပေမယ့် ..။ တကယ်တမ်းကျတော့ သူ ထိုသို့ပြောမလာသည့် အတွက် စိတ်ထဲ ပေါ့ပါးသွားရသည်က အမှန်ပါ။ သူစိမ်းတစ်ယောက် ဆိုရမှာ ယောကျ်ားပျိုတစ်ယောက်နှင့်အတူ မိန်းမပျိုတစ်ယောက်က အတူ ဈေးအဝယ်ထွက်ရသည်ဆိုတာက ဘေးအမြင်မှာလည်း သိပ် တော့မကောင်း ..။ ပြီးတော့ ရှင်မွေ့ အတွက်လည်း အနေကျဉ်းကြပ် သည်လေ ..။

သူ စားသောက်ပြီးစီးတော့ ရှင်မွေ့ မနက်ဆေးတစ်လုံးကို တိုက် သည်။ သူကလည်း ဤနေ့မနက်မှာတော့ မနေ့ညကလို ဆေးသောက်ရ သည့်အဖြစ်တွေကို စိတ်ပျက်ငြီးငွေ့စကားမျိုးတွေ ပြောမလာတော့ ဘဲ သောက်လိုက်ပါ၏။

"မိုးမခရဲ့ အိမ်နံရံတွေမှာ ပျောက်ဆုံးနေတဲ့ ပန်းချီကားတွေ ရှိနေ တယ် ရှင်မွေ့ .. အဲဒါကို .. ကိုယ် မှတ်မိနေတယ် .."

သူ ရုတ်ခနဲပြောလာတော့ ရှင်မွေ့ ခပ်တွေတွေကြည့်မိရပါ၏။ ပျောက်ဆုံးနေသော ပန်းချီကားတွေတဲ့လားလေ ..။

"ကိုယ် မနက်စောစောမှာ ကဗျာတစ်ပုဒ်စပ်နေတာ .. ကဗျာ ခေါင်းစဉ်ထက် .. စာနစာပိုဒ်လို့ ပြောရမယ်ထင်ပါရဲ့ .. စာရေးစားပွဲပေါ်က စာရေးစက္ကူလေးကို မင်း ယူကြည့်ချင်လား မသိဘူး .."

ရှင်မွေ့ နားလည်လိုက်သည်က ထိုရေးသားထားရာ စာသားလေး တွေကို သူသည် ရှင်မွေ့အား ဖတ်စေချင်နေသည်ဟု ..။ ရှင်မွေ့ အလိုက်

www.burmeseclassic.com

www.burmeseclassic.com



တသိဖြင့် စားပွဲရှိရာသို့သွားသည်။ စာရေးစက္ကူကို ချုပ်ထားရာ ပန်းမွှင့် အဖုံးလေးပါသည့် ကတ်ထူဖုံးလေးကို ယူ၍ဖွင့်ကြည့်လိုက်မိရပါ၏။ တကယ့်ကို ပထမဆုံးစာမျက်နှာထက်မှာပဲ ရှိနေသည့် စာနုစာပိုဒ်လေးပါ ..။ သူသည် ပထမဆုံးစာမျက်နှာအဖွင့်မှာ ရေးသားထားသမျှကို ပထမဆုံးဖတ်သူအဖြစ် ရှင်မွေ့ ကို ရွေးချယ်ခဲ့ရျသည်လားမသိ ..။

ရှင်မွေ့ စိတ်ပါလက်ပါနှင့်သေး ဖတ်လိုက်မိရပါပြီ ..။

**စိတ်ခံစားရာတွေကို**

**လူတွေက ..**

**ပန်းကလေးတွေကိုစေပါးရင်း**

**စကားလေးတွေကိုဖွင့်ဟရင်း**

**တေးဂီတကိုတီးခတ်ရင်း**

**စာပေတွေရေးသားရင်း**

**ပြောပြတတ်ကြတယ် ...။**

**ဒါဆို ...**

**တမလွန်ဆိုတဲ့အရပ်မှာရှိနေသူတွေကရော**

**ပန်းတွေ .. ဂီတသံတွေ**

**ခြေသံတွေ .. ပုံရိပ်တွေနဲ့**

**ပြောပြတတ်ပါသလား ...**

**ပြောပြနိုင်ကြပါသလား .... ။**

ရှင်မွေ့ ငြိမ်ကျသွားရပါပြီ ..။ ဘာကြောင့် ထိုသို့ သူ ရေးရပါလိမ့် သူသည် .. တမလွန်ကမ္ဘာဆိုတာကို ယုံကြည်နေသူတစ်ယောက် လား ..။

ရှင်မွေ့ သည်ရော .. မည်သို့သတ်မှတ်ထားပါသလဲ ..။ တမ ဆိုသည့်ကမ္ဘာတစ်ခုဆီမှ ပုံရိပ်များ .. ဆိုသည့်အတွေး ..။ ခြေသံ ဆိုသည့် ခံစားချက် ..။ ဖြန်းခနဲ ရှင်မွေ့ မြင်လိုက်မိရသည်က မနေ့



က အဖြစ် ..။ ဟုတ်သည်။ မနေ့ညက .. ရှင်မွေ့သည်ပင်လျှင် .. စံကား ရိပ်ဆီမှ ပုံရိပ်တစ်ခုကိုမြင်ခဲ့ရသည်ပဲ ..။ လသာဆောင်ဆီမှ ပုံရိပ်ကို လည်း တွေ့ခဲ့ရသည်ပဲ ..။ နောက် .. ရှင်မွေ့သည် .. ပန်းစံကားဖြူတစ်ပွင့် ကိုပင် လသာဆောင်ဆီမှာ တွေ့ခဲ့ရသေးသည်လေ ..။

ရှင်မွေ့ သူ့ကို ရုတ်ခနဲ လှည့်ကြည့်မိရပါ၏။ တိတ်ဆိတ်စွာ သူ ရှင်မွေ့ကို ကြည့်နေသည်။ ရှင်မွေ့ထံမှ မည်သည့်စကားသံမျိုး ထွက်ကျ လာမည်ကို စောင့်ဆိုင်းနေသည့်ခံစားချက်များကိုလည်း ရှင်မွေ့ သူ့ မျက်နှာထက်မှာ ရှာဖွေတွေ့ရှိနေရပါ၏။

"ကိုယ် .. ရှစ်နှစ်သားဘဝမှာ .. ကိုယ့်ခုတင်ဘေးမှာ .. လူ တစ် ယောက်ကိုမြင်ခဲ့ရဖူးတယ် .. ဆံပင်ဖားလျားနဲ့ .. မျက်နှာပေါ်မှာ ဆံပင် တွေ အုပ်မိုးနေတဲ့ မိန်းမတစ်ယောက် .. သူ့ ညဝတ်အင်္ကျီမှာ သွေးတွေ စွန်းထွက်နေကြတယ် .. သူ ဘာမှ ကိုယ့်ကိုမပြောဘူး .. ခေါင်းကိုငိုက် ပြီး ကိုယ့်မျက်နှာဘက်ကိုပဲ ဦးတည်ထားတဲ့ သူ့မျက်နှာကို ပြည့်ပြည့်ဝဝ ကိုယ် မမြင်ခဲ့ရပေမယ့် .. အသားတွေ ဖြူဖပ်ဖတ်ဖြစ်နေတာကိုတော့ ရှေ့မှာ ဖုံးကျနေတဲ့ဆံပင်ရှည်ကြီးတွေရဲ့ကြားထဲက ကိုယ် မြင်ခဲ့ရဖူး တယ် .. သူ့ခေါင်းမှာ ပန်းတစ်ပွင့် ပန်ထားတယ် .. စံကားပန်းပွင့်.. ဟုတ်တယ် .. စံကားပန်းပွင့် ..."

ရုတ်တရက် သူ အသံပြောင်းလာသည်။ ကလေးတစ်ယောက်၏ အသံမျိုး ဖြစ်လာသည်။ သူ့မျက်နှာထက်မှာ ချွေးစေးတွေ စိုလာတာကို မြင်နေရသည်။

"သူဟာ .. သူဟာ .. ဟိုမိန်းမပဲ ဖြစ်တယ် .. ဟိုမိန်းမ့လေ .. အဖေ သတ်လိုက်တယ်ဆိုတဲ့ မျိုးမမထားပေါ့ .. ဒါပေမယ့် .. ဖေဖေ တကယ်သတ်ခဲ့တာ မဟုတ်ဘူး .. တကယ်သတ်ခဲ့တာ ဖေဖေ မဟုတ် ဘူး .. အဲဒါကို .. ကိုယ် သိနေတယ် .."

ကလေးအသံသည် .. ရုတ်ခနဲပြောင်းပြန်၏။ ကိုယ်သိနေတယ်..

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့်နေရာအရောက်မှာ ပင်ကို လူရွယ်တစ်ယောက်အသံသို့ ပြန်ရောက်လာသည်။ သူ ရုတ်ခနဲ ထရပ်လိုက်ပါ၏။ ရှင်မွေ့ကို မကြည့်ဘဲ အဝေးကိုကြည့်နေသည်။ ပြတင်းအနီးမှာ သွားရပ်သည်။ စံကားပင်တန်းဆီသို့ အကြည့်က ကြာကြာမြင့်မြင့်ရောက်၏။

"ဒေါ်မျိုးမှမထား ဟာ .. သစ်ခွတို့ .. သဇင်တို့ .. အဲသလို တန်ဖိုးကြီးတဲ့ပန်းတွေကို ပန်ထားတတ်တဲ့သူပါ .. ဒါပေမယ့် .. ဒီခြံထဲက စံကားပန်းဖြူဖြူလေးတွေကို ပန်တတ်တယ် .. ဘယ်သူကမှ ငွေကြေးနဲ့ ဝယ်မပန်တတ်တဲ့ အဲသလိုပန်းစံကားဖြူဖြူလေးကို ဘာလို့ ပန်သလဲ သိလား .."

သူတစ်ယောက်တည်းပြောနေသည့်နှယ် ညည်းတွားသံဖြင့် ပြောနေရာမှ ရုတ်ခနဲ ရှင်မွေ့ကို လှည့်မေးလာပြန်သည်က အားမာန်ပါနေသည်။ စူးရဲသောအကြည့်သည် တစ်ယောက်ယောက်အပေါ် မကျေမချမ်း ဖြစ်နေသည့် ခံစားချက်တွေ စွန်းထင်းလာနေကြပါချေ၏။

"အန်တီထားဟာ .. ဒီမိုးမခမှာ .. စံကားပန်းဖြူကို ပန်တတ်တယ် .. ဘာလို့လဲဆိုတော့ .. ဒီမိုးမခမှာ သူဟာလည်း ပန်းစံကားဖြူ ပန်တဲ့ မိန်းမတစ်ယောက်အဖြစ် ပါဝင်နေတယ်ဆိုတာကို ပြချင်လို့ပဲ ဘယ်သူ့ကိုပြချင်သလဲ သိလား .. မေမေ့ကိုပေါ့ .. မေမေ ဟာ ပန်းစံကား ဖြူလေးတွေကို ချစ်လည်းချစ် .. ပန်းရနံ့ကိုလည်း နှစ်သက်တာမို့ မိုးမခမှာ ပန်းစံကားပင်တန်းကို မေမေ စိုက်ခဲ့တာတဲ့ .. ဖေဖေ တ သသနဲ့ ငါ့ကို ပြောပြဖူးတယ် .. အကြိမ်များစွာ ပြောပြခဲ့ဖူးတယ် အို .. တကယ်တော့ ပြောပြတယ်ဆိုတာထက် .. လွမ်းဆွတ်နေခြင်း ပြောရလိမ့်မယ်ထင်ပါရဲ့ .."

သူ တစ်ချက်ခေါင်းယမ်းသည်။ ခုလိုကျတော့လည်း ပါ ဟန် ဖြစ်နေသည်။ အခန်းထဲ ခေါက်တုံ့ခေါက်တင် လျှောက်နေ တစ်ခါတစ်ခါ ခြေလှမ်းစိတ်လျက် မြန်သည်။ တစ်ခါတစ်ခါ



လည်း ခပ်လေးလေးလျှောက်သည်။

"အဲဒါ .. အန်တီထား က .. သူဟာလည်းပဲ .. ဒီမိုးမခမှာ .. မေမေ့လိုပဲ ပန်းစံကားကို ပန်ခွင့်ရှိတဲ့နေရာမှာ .. ရှိနေတဲ့သူ .. အို .. ဖေဖေ့ ဇနီးမယားအဖြစ် .. ရှိရာမှာ မေမေနဲ့ တန်းတူရှိနေတဲ့သူဆိုပြီး .. အဲသလို ထင်ပုံရပါတယ် .. ကိုယ် .. သူ့ကို .. ပန်းစံကားဖြူဖြူလေး ပန်းထား တာမြင်ရပြီဆိုရင် .. သူ့ကို .. သူ့ကို .. သိပ်မုန်းတာပဲ .. မေမေ့ကို လိုက်တု ပြိုင်နေတဲ့မိန်းမဆိုပြီး ခါးသီးတဲ့အမုန်းတွေနဲ့ .. သူ့ကို .. ချေမှုန်းပစ်ချင် စိတ်ပဲရှိနေတတ်တယ် ရှင်မွေ့ .."

သူ သက်ပြင်းရှိုက်သည်။ အံခဲ၍ ကြမ်းပြင်ကိုကြည့်နေသည်မှာ အတန်ကြာ၏။

ရှင်မွေ့ ကြက်သေသေပြီး ကြည့်နေမိရဆဲ ..။ လူတစ်ယောက်ကို လာကျက်မြန်ဆန်စွာ ဟောခနဲ ဟောခနဲ ခံစားရိပ်တွေ ပြောင်းပြောင်း သွားပါသည့်မျက်နှာမျိုးဖြင့် မဆုံကြုံခဲ့ရစဖူး ..။ မမြင်ခဲ့ရဖူး ..။

"ကိုယ် .. ရှစ်နှစ်သားအရွယ်မှာ .. ဖေဖေက ထော်င်ကျနေပြီ .. မျိုးမမထားကို သတ်မှုနဲ့ပေါ့ .. အဲဒီလို ဖေဖေ အချုပ်ထဲရောက်နေချိန် မှာ ကိုယ့်ခုတင်ဘေးမှာ အဲဒီမိန်းမကို ညသန်းခေါင်ကျော်မှာ စတွေ့ တာပဲ .. ခုတင်ကို လှုပ်ပစ်သလို ခံစားရလို့ ကိုယ် နိုးလာတော့ .. သူ့ကို မြင်ရတာပဲ .. ပန်းစံကားကို ပန်ထားပေမယ့် .. သူဟာ .. ဘယ်လို မေမေ မဖြစ်နိုင်ဘူးဆိုတာ ငါ သိနေတယ်လေ .. ဘာလို့လဲဆိုတော့ မေမေဆိုတာမျိုးဟာ .. တမလွန်ကလာသည်ရှိစေဦး .. သားကို တွေ့ချိန် မှာ အဲသလိုရုပ်ပျက်ဆင်းပျက် .. ဆံပင်ဖားလျား သွေးကွက်တွေ ပေကျံ နေတဲ့ အဝတ်တွေနဲ့ .. လာတွေ့မှာမဟုတ်ဘူးလေ .. သပ်သပ်ရပ်ရပ်နဲ့ .. လှပပ ကြော့ကြော့ရှင်းရှင်းလေး လာမှာပေါ့ .. ဒီတော့ .. အဲဒီမိန်းမ က .. ငါ့ကို .. ဘာကိစ္စနဲ့ အဲသလို လာတွေ့ရမှာတဲ့လဲ .. ကလေးဘဝ ကတော့ ငါ အော်လိုက်တာမှ ကြောက်လို့ပေါ့ကွာ .. ခေါင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမြီးခြုံပစ်ပြီး အော်လိုက်တာမှ အဆက်မပြတ်ပဲ .. ငါ့အခန်းထဲ ဒေါ်လေးနန္ဒာ ရောက်လာတယ် .. ငါ့ကို ပွေ့တယ် .. ချော့တယ် .. ငါလည်း ဖောချွေးတွေနဲ့ ငိုယိုရင်း အန်တီထားကို တွေ့တယ်လို့ ပြောတော့ ဒေါ်လေးနန္ဒာက လက်မခံဘူး .. ဒေါ်လေးနန္ဒာ ဒီအခန်းထဲ ငါ့အော်သံကြောင့်ပြေးဝင်လာတုန်းက ခုတင်ဘေးမှာ ဘယ်သူမှ ရပ်မနေပါဘူးတဲ့ .. ချော့မော့ဖျောင်းဖျပြီး ဒေါ်လေးနန္ဒာ ကလည်း သူ့အခန်းပြန်မအိပ်တော့ဘူး .. ငါနဲ့ပဲ တူတူအိပ်လိုက်တယ်လေ .. နောက်တစ်နေ့မနက်မှာ .. ငါ အိပ်ရာကနိုးတော့ .. ဒေါ်လေးနန္ဒာ မရှိတော့ဘူး ဒါပေမယ့် ငါ တွေ့ခဲ့ရတာက .. ငါ့ခုတင်ဘေးဘက်အတွင်းဘက်မှာ ခုတင်အောက်မှာ ဆိုပါတော့ .. ခြောက်သွေ့နေတဲ့ စံကားပန်းပွင့်ခြောက် တစ်ခုကို ငါ တွေ့ခဲ့ရတယ်လေ .. ကလေးပီပီ .. မနေ့ညကမြင်ခဲ့တဲ့ ဥစ္စာကို တွေးရင်း ခုတင်အောက်မှာ ဘွားခနဲများ တွေ့လိုက်မလားလို့ သွေးလန့်နေတဲ့ကြားက .. ငုံကြည့်တဲ့အခါမှာ .. ငါ အဲဒီပန်းခြောက် ကို တွေ့ခဲ့ရတာပဲ ရှင်မွေ့"

ဟု ပြောတော့ ရှင်မွေ့ စိတ်တွေရှုပ်ထွေးလာသည်။ ကျောထဲက လည်း စိမ့်ခနဲဖြစ်၏။ မနေ့ညက မြင်ခဲ့ရသည့်မြင်ကွင်းကို ရှင်မွေ့ သူ့ကို မပြောပြသင့်ဟု ဆုံးဖြတ်ထားမိရပြန်တာမို့ ..။ ပြောပြမနေတော့ပါ .. သူ .. ပို၍စိတ်တွေ ယောက်ယက်ခတ်ကုန်နိုင်သည်လေ ..။

"မင်း .. တမလွန်ကလူတွေ .. လာတတ်တယ်ဆိုတာ ယုံသလား"

သူ ကောက်ကာငင်ကာမေးလာတော့ ရှင်မွေ့ တည်ငြိမ်အောင် ကြိုးစားယူရသည်။ အားပါသောအပြုံးတစ်ခုကို ပြုံးယူရသည်။

"သဘောထားမှတ်ချက်ပေးဖို့ဆိုတာကတော့ စောလွန်းနေသေး တယ်ထင်ပါရဲ့ အစ်ကိုလေးရယ် .."

ဟု လေသံအေးအေးဖြင့် ဖြေရပါ၏။ သူ သက်ပြင်းရှိုက်ကာ -

"အင်း .."



ဟု တစ်ချက်အသံရှည်ဖြင့် ညည်းတွားသံပြု၏။ နောက်တော့ လည်း ဆိုဖာထက်မှာ ထိုင်ချလိုက်သည်။

"စိတ္တဇရောဂါရှင်ရယ် .. ချစ်သူရယ် .. ထို့အပြင် .. ကဗျာဆရာရယ် .. ဤသုံးဦးတို့သည် စိတ်ကူးစိတ်သန်းများကို ချုပ်ဆိုထားသော စာချုပ်စာတမ်းများဖြစ်ကြ၏ ... တဲ့ .. ကမ္ဘာကျော်စာဆိုရှင် .. ရှိတ်(ခ်)စပီးယား(Shakespeare) က ရေးထားဖူးတယ် .. ကိုယ် အခုပြော စကားတွေဟာ .. ပြောခဲ့တာတွေဟာ .. အရူးတစ်ယောက်ရဲ့စိတ်ကူး စိတ်သန်းတွေပဲလို့များ မင်း ထင်နေသလား ရှင်မွေ့ .. ကိုယ်သိတာပေါ့ .. ကိုယ့်ကို .. စိတ္တဇရောဂါရှင်တစ်ယောက်ရယ်လို့ မှတ်ယူပြီး ဆေးတွေတိုက်နေကြတယ်ဆိုတာလေ .. ကိုယ့်ရှေ့မှာ အန်တီထားရဲ့ အလောင်းကို သွေးသံတရဲရဲနဲ့ မြင်ခဲ့ရတဲ့ ကိုယ် .. ကိုယ်ဟာ .. စိတ္တဇဆန်တဲ့ ကြောက်ရွံ့ခြင်းတွေနဲ့ နစ်မြုပ်သွားတယ်လို့ ဖေဖေကလည်း ထင်ခဲ့ပုံရတယ် .. အဲဒီစိတ်နဲ့ .. ကိုယ်ဟာ .. အန်တီထားကို .. မြင်မြင် နေတယ်လို့ ဒေါ်လေးနန္ဒာ ကလည်း မှတ်ယူထားတယ် .. ကိုယ် စိတ်ကူးနဲ့ပြော နေတာမဟုတ်ဘူး .. တကယ့်ကို .. အန်တီထားကို .. အဲဒီညက တွေ့ ခဲ့တယ်ဆိုတာ .. ငါ အသေအချာပြောနိုင်နေတယ် ရှင်မွေ့သာ .."

သူ့ကို ရှင်မွေ့ စာနာစိတ်ဖြင့် ကြည့်မိရပါပြီ ..။ ရှစ်နှစ်အရွယ် ကောင်လေးတစ်ယောက်၏ ကြုံလိုက်ရသည့် ချောက်ချားဖွယ်အဖြစ် ဆိုးကြီးအောက်ဆီမှ ရုန်းထွက်မရနိုင်အောင် ပိတ်လှောင်ခံထားရသည့် သူ့ကို ရှင်မွေ့ ကရုဏာစိတ်လည်း ဖြစ်ရပါ၏။ အရွယ်လေးနှင့်မမျှ အောင် ဆိုးရွားစွာ ရင်ဆိုင်လက်ခံလိုက်ရပါသည့်အဖြစ်ကြီးတစ်ခု၏ ခြောက်လှန့်မှုသည် တစ်ခုတည်းဝင်လာခြင်းမဟုတ် ..။ အထီးကျန်ဆေ ခြင်းများကိုလည်း တစ်ပါတည်း သယ်ဆောင်လာသည်တည့် ..။ အမေ ... အချုပ်အနှောင်ဖြင့်ရှိနေချိန်မှာ ..။ သူသည် တစ်ယောက်တည်း အားငယ်နေချေမည်သာ ..။ ဆိုးဆိုးဝါးဝါးကြီး အံ့သတ်ခံမြင်ကွင်းတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ကို မြင်လိုက်ရသည့် ထိုရှစ်နှစ်အရွယ်ကောင်လေးတစ်ယောက်အဖို့မှာ ကြောက်လန့်၍မှ ဝင်တိုးစရာရင်ခွင် ပျောက်နေခဲ့သည်တကား ..။ ဟုတ်သည်။ ဖခင်ရင်ခွင်သည် ထိုအချိန်မှာ ပျောက်ခဲ့ရပြီ။ လက်လွှတ်ခံလိုက်ရပြီ ..။ လူသတ်တရားခံအဖြစ် ဖခင်က လောလောလတ်လတ် ကူးပြောင်းသွားခဲ့ရသည်လေ။

"ရှင်မွေ့ ပထမဆုံးပြောချင်တာက .. အစ်ကိုလေး ပြောတဲ့ စိတ္တဇဆိုတဲ့ စကားပါ .. ဆေးတွေသောက်နေရလို့ စိတ္တဇဖြစ်နေတယ်ဆိုတဲ့ အစွဲမျိုးကိုတော့ဖြင့် အစ်ကိုလေး စွဲမထားစေချင်ဘူး .. ရူးနေတယ်ဆိုတဲ့ ခံစားချက်မျိုးကိုလည်း ရင်ထဲက ထုတ်ပစ်စေချင်ပါတယ် .. အစ်ကိုလေးကို ဆေးတွေ အချိန်မှန် လာလာတိုက်နေတဲ့ ရှင်မွေ့ကို အစ်ကိုလေး ကြည့်နေရင်း စိတ်ပူနေတယ်မဟုတ်လား .. အဲဒီဆေးတွေကို အစ်ကိုလေး ရူးနေလို့ လာလာတိုက်နေရတယ်လို့ ရှင်မွေ့ စိတ်ထဲမှာ ထင်သွားမှာ အစ်ကိုလေး စိုးရိမ်နေတယ်လို့ ရှင်မွေ့ ထင်တယ် .. ဒါကြောင့် .. အစ်ကိုလေး ပြောလာတယ်လေ .. ရှိတ်စ်စပီးယား ရဲ့စကားလုံးတွေကို နုတ်တိုက်ရွတ်ပြခဲ့တာပေါ့ .. တကယ်တော့ .. အစ်ကိုလေးဟာ ကျန်းမာနေတဲ့လူတစ်ယောက်ပါ .. အစ်ကိုလေးဟာ ဘွဲ့တစ်ခုကို နိုင်ငံ ရပ်ခြားကတောင် ယူလာနိုင်တဲ့သူ ဖြစ်နေတာပဲမဟုတ်လား .. စိတ္တဇဝေဒနာသည်တစ်ယောက်ဟာ ဘယ်လိုလုပ်ပြီး အဲသလို ဘွဲ့ရနိုင်ပါ့မလဲ .. အစ်ကိုလေးကိုယ်တိုင်က .. ကိုယ့်ကိုယ်ကိုယ် ယုံကြည်ပေးဖို့ အရေးကြီးနေတယ် .. ငါ .. ဘာမှ မကျန်းမမာမဖြစ်နေဘူးဆိုတဲ့ ယုံကြည်မှု .. အဲဒါလိုနေတယ် .."

ရှင်မွေ့ကို သူ အတန်ကြာ စိုက်ကြည့်နေသည်။ ရှုပ်ထွေးမှုန်းကျော်နေသည့် သူ့ဟန်တွေ လွင့်ပြယ်စ ပြုလာသည်။ သူ့မျက်နှာမှာ စွန်းထင်နေသည့် နာကျင်ရှုပ်ထွေးနေသော ခံစားချက်တွေ ပြေလျော့လာနေတြာ ရှင်မွေ့ တွေ့နေရသည်ပါပဲ ..။



"ဒါပေမယ့် .. ကိုယ့်ကို .. အဲဒီ အတိတ်ဆိုးရဲ့ ခြောက်လှန့်မှု အောက်မှာ သွေးပျက်ခဲ့ရင်း .. စိတ္တဇဝေဒနာသည်ဖြစ်နေတယ်လို့ ဒေါ်လေးနန္ဒာကလည်း ထင်နေတယ် .. ဘဘဦးအိမ်စိုး ကလည်း ယုံကြည်နေတယ် .. ဒေါက်တာဟန့်(ခ)ကလည်း ဆေးတွေ အစဉ်သဖြင့် တိုက်ခဲ့ဖူးတယ် .. အခုလည်း ကိုယ့်ကို .. သမားတော်ကြီး အန်ကယ်ဦးသက်ယုံနဲ့ ပြပြနေတာပဲ ရှင်မွေ့ .. ဒီလို မရူးသလို ရူးသလိုဖြစ်နေတဲ့ ကိုယ့်ကို .. မင်းက .. စိတ်ဓာတ်ခွန်အားတွေ ရှိစေဖို့ ပြောပေးလာတဲ့ အတွက်ရော .. ကိုယ့်ကို မကြောက်တဲ့အတွက်ရော .. ဝမ်းသာပါတယ် .. ကျေးဇူးလည်း တင်ပါတယ် .. ဒါပေမယ့် .. ကိုယ် ထပ်ပြောချင်သေးတယ် ရှင်မွေ့သာ .. အဲဒီညက .. ကိုယ် .. အဲဒီမိန်းမကို တွေ့ခဲ့တယ်ဆိုတာကို .. ကိုယ် သေသေချာချာ သိနေတယ် .. မမေ့နိုင်ဘူး .. ကိုယ် တွေ့ခဲ့တယ်ဆိုတာကို .. မယုံကြတဲ့သူတွေက ဒီ မိုးမခမှာ များနေတယ် .. ဒါပေမယ့် .. အပြင်မှာတော့ .. ဒေါ်မျိုးမမထား ဆိုတဲ့ မိန်းမဟာ မကျွတ်မလွတ်ဖြစ်နေတယ် ဆိုတဲ့သတင်းတွေ ပြန့်နေခဲ့တယ်တဲ့ .. ဘယ်လိုက ဘယ်လို အဲဒီသတင်း ပြန့်တယ်ဆိုတာ ကိုယ် မသိရပေမယ့် .. ခုထိ .. အဲဒီသတင်းကတော့ မိုးမခနဲ့ပတ်သက်လာရင် .. ဘေးဝန်းကျင်က .. ဒီမြို့ကလူတွေအတွက်ကတော့ .. ဒရက်ဂူလာအိမ်ကြီးတစ်လုံးလို ဒီမိုးမခကို ကြောက်စရာ အိမ်ကြီးတစ်လုံးအဖြစ် ပြောနေကြတယ်တဲ့ .. ဒေါ်လေးနန္ဒာ ပြောပြလို့ ကိုယ် ဒီကို နိုင်ငံခြားကပြန်ရောက်လာချိန်မှာပဲ အဲဒီအချက်ကို သိခဲ့ရတယ် ဆိုပါတော့ .. အဲသလိုဖြစ်ရတာဟာ .. ကိုယ် ငယ်တုန်းက ပေါက်ကရတွေမြင်တွေ့သလိုပြောခဲ့လို့ အိမ်ကြီးကို .. တစ္ဆေအိမ်ကြီးလို့ နာမည်ကြီးစေခဲ့တာတဲ့ .. အဲသလိုဖြစ်စေတာကလည်း .. အိမ်ထဲက အလုပ်သမားတွေက ဈေးသွားရင် ဈေးထဲမှာ .. ကိုယ်က အဲဒီတစ္ဆေမကို တွေ့သတဲ့ ဆိုတာကို သတင်းလုပ်လုပ် ပြောခဲ့တဲ့ အကျိုးဆက်ဖြစ်မှာပေါ့လေ ..

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း ဒေါ်နန်းမွေ ကို အလုပ်က ထုတ်ပစ်ခဲ့တာတဲ့ ..''

ဟု သူပြောနေတော့ ရှင်မွေ့ သူ ရေးသားရာ စာနုလေးကို နောက်တစ်ခေါက် ဖတ်ကြည့်ပြီး စားပွဲပေါ်မှာ အသားတကျ ပြန်ထားလိုက်ရင်းမှ ..

''ကျွန်မတို့မသိနိုင်တဲ့အရာတွေ အများကြီးရှိပါတယ် အကိုလေး.. အဲဒီအထဲမှာ .. ကွယ်လွန်သွားကြလေသူတို့ရဲ့ ဝိညာဉ်နဲ့ ပတ်သက်တာတွေဟာလည်း တစ်ခုအပါအဝင်ပါပဲ .. အစ်ကိုလေး ရှစ်နှစ်သားအရွယ်က တွေ့ခဲ့တယ်ဆိုတဲ့ အဲဒီ အန်တီထားဆိုသူရဲ့ ဝိညာဉ်လို့ပဲဆိုဆို .. အဲဒီကိစ္စကိုတော့ .. ရှင်မွေ့ ယုံကြည်ပေးလိုက်ပါ့မယ် .. အစ်ကိုလေး တကယ်တွေ့ခဲ့တယ်ဆိုတဲ့အချက်ကို ဆိုပါတော့ .. အခု တော့ .. ရှင်မွေ့ အောက်ထပ်ဆင်းပါမယ် ..''

ဟု ပြောကာ မနက်စာပန်းကန်တွေကို အားလုံး လင်ပန်းပေါ် သိမ်းထပ်တင်၍ အခန်းတွင်းမှ ထွက်တော့ တံခါးအနီးရောက်ခိုက်မှာ-

''ရှင်မွေ့ ..''

ဟု သူခေါ်လာသည်။ ရှင်မွေ့ လှည့်ကြည့်တော့ ကျေနပ်ကျေးဇူးတင်စွာကြည့်နေသည့် သူ့မျက်ဝန်း၏ ခံစားရာတွေကို မြင်နေစေနိုင်လောက်အောင် အေးချမ်းနေသည့် သူ့မျက်နှာကို အာရုံထားမိရပါ၏။

''ကျေးဇူးတင်တယ် ရှင်မွေ့ .. ကိုယ် တွေ့ခဲ့တယ်ဆိုတာကို ယုံပေးလိုက်ခြင်းဟာ .. ကိုယ် မရူးဘူးဆိုတာကို ပိုနိုင်မာစေတဲ့ အဆုံးအဖြတ်တစ်ခုကို မင်းဆီက ငါ ရလိုက်တာပါပဲ .. ငါ့အတွက်တော့.. မိတ်ဆွေ အဖော်ကောင်း ရလိုက်တယ်လို့ မှတ်ယူပါတယ် ရှင်မွေ့သာ ..''

ဟု ပြောလာတော့ ရှင်မွေ့ ပြုံးလိုက်ရသည်ပါပဲ။ သူ့မျက်ဝန်းတွေ အရမ်းကို ရွှန်းလဲ့နေကြသည်။ နှုတ်ခမ်းကလည်း ရွှန်းရွှန်းစားစား ပြုံးနေသည်။ သူ့အပေါ် ယုံကြည်နားလည်ပေးသူတစ်ယောက်ကို ရရှိလိုက်



သည့်အတွက် .. ဘဝကို ကျေနပ်လာသည့် လူတစ်ယောက်အဖြစ် ရှင်မွေ့ သူ့အပေါ် နားလည်လိုက်ရသည်ပါပဲ ..။

တစ်ခါတစ်ခါတော့လည်း အရမ်းကို ချမ်းသာသောဘဝ ..။ ကြွယ်ဝိုး ကြွယ်ဝရှိလှသည့် အိမ်ကြီးအိုးကြီးထဲမှာ အရမ်းကို အထီးကျန်နေတတ်သည့် လူတစ်ယောက်အဖြစ်လည်း လူတို့ရှင်သန်တတ်ကြရှေသည်ဟု ရှင်မွေ့ သဘောပေါက်ရစေသည်ပါပဲ။ ရှင်မွေ့ သည်လည်း ဘာထူးခဲ့သည်လည်းလေ ..။ အမိမဲ့သမီးဘဝ ..။ နောက်တော့လည်း အဖမဲ့သမီးဘဝဖြင့် ချမ်းသာခြင်းအလယ်မှာ အထီးကျန်စွာနေခဲ့ရသည်ပဲ..။ နောက်ဆုံးတော့ .. ထိုချမ်းသာခြင်းတွေကပင်လျှင် ရှင်မွေ့ အတွက် အန္တရာယ်ဖြစ်လာစေသည်။ ရှင်မွေ့ ၏ ချမ်းသာမှုကို မျက်စိကျ လောဘတက်ပြီး သူကို အပိုင်သိမ်းပိုက်ဖို့အထိ စီမံချင်ကြသည့် အန်တီမွှန်ပင် လျှင် ရှိလာချေသည်ပဲလေ ..။

ရှင်မွေ့ အခန်းတွင်းမှ တောက်လျှောက်ထွက်လာချိန်မှာ သူ့ဘဝအပေါ် နားလည်ပေးစိတ် ..။ ကိုယ့်ဘဝအတွက်လည်း ရင်မောစိတ်တို့ဖြင့် မွန်းကြပ်လာရပြန်ပါ၏။ အောက်ထပ်သို့ရောက်တော့ ရှင်မွေ့ ပန်းကန်တွေ ပန်းကန်ဆေးဘေစင်မှာ ထားသည်။ ခမ်းကြည်လေး ဆေးကြောနေချိန်မှာ ဒေါ်နန်းခက် ကို ဘဘနှင့် ဒေါ်လေးနန္ဒာမှူး တို့ မနက်စာ စားပြီးပြီလားမေးတော့ .. အားလုံးကိုယ်စီ ကိုယ့်အခန်းမှာပဲ ဤမနက်မှာ စားကြသည်တဲ့ ..။

ထိုအခါမှ ရှင်မွေ့ စိတ်သက်သာရာ ရမိပါ၏။ ရောက်ပြီး နောက်တစ်နေ့မနက်မှာ အိမ်ပိုင်သူဌေးလေးနှင့် မနက်စာ တူတူထိုင်၍ အပေါ် ထပ် သူဌေးခန်းထဲမှာ စားသည်ဆိုတာကို ဒေါ်လေးနန္ဒာမှူး သဘောကျဖို့ ခက်ခဲမည်လေ။ ခုလို .. ဒေါ်လေးလည်း ကိုယ့်အခန်းထဲ ကိုယ် စားလိုက်သည်ဆိုတော့ ကိစ္စငြိမ်းသည်ပေါ့ ..။ ရှင်မွေ့ ရုတ်ခနဲ သတိရလိုက်သည်က သူ့စကား ..။ ဟုတ်သည် ..။ သူ စောစောက ပြောခဲ့သည့်

www.burmeseclassic.com

www.burmeseclassic.com



အထဲမှာ ပါခဲ့သည့် ပန်းစံကားဖြူနှင့် ပတ်သက်သည့်အချက် ...။

ရှင်မွေ့ ခပ်သုတ်သုတ် စိတ်ဆောင်ရာအတိုင်း ပေါ်တီကိုအောက်သို့ လျှောက်၏။ လသာဆောင်ကြီးအောက်သို့ ဆက်လျှောက်၏။ အောက်ရှိ ရွက်စိမ်းအိုးကြီးနေရာမှာ ကသောကမျောရောက်ရှိနေမှ အလောတကြီး ကြည့်မိသည်က မနေ့ညက စံကားပန်းပွင့် ...။ ဟင်ခဲ အသံတိုးဖွဖွပွင့်ကျလာရပါပြီကောလေ ...။

ပန်းစံကားဖြူလေးသည် အဖြူရောင်မဖြစ်တော့ပြီ ...။ ဝတ်လွှာ လေးတွေ၏ အဖြူအလှ ...။ ဝတ်လွှာအလယ်မှာ ဝါလဲ့လဲ့သမ်းသော အလှ...။ အားလုံး လွင့်ပျောက်လျက် စံကားပန်းခြောက်တစ်ပွင့်အဖြစ် ကျန်ရှိနေချေသည်တကား ... ...။



## အခန်း (၇)

တောင်တက်လမ်းကို ကျွမ်းကျွမ်းကျင်ကျင် မောင်းနှင်နိုင်သည့် ရှင်မွေ့ကို အထင်တကြီးဖြင့် ကြည့်လာသည့် ဒေါ်နန်းခက် ပါ ...။ လှိုင်ခမ်းကုန်တိုက်ကြီးဆီမှ လိုအပ်မည်ထင်တာတွေ အားလုံး ရှင်မွေ့ ဝယ်ခဲ့ပြီးပြီ ...။ အပြန်ခရီးသည် ထင်ထားတာထက်ပင် ပို၍ အချိန်စောနေသေးသည့်အဖြစ် ...။ ဈေးထဲလည်း ရှင်မွေ့ ဝင်ခဲ့ပြီးပြီ ...။ ဒီးဖရီဇာ တစ်ခုကိုတော့ ဘဘဦးအိမ်စိုးမှ အပို့လွှတ်လိုက်သည့် နောက်ကပါလာသော ပစ်ကပ်ကားပေါ်တင်လာခဲ့သည့်တည့် ...။ ကုန်တိုက်မှာ ဒီးဖရီဇာ ကိုတွေ့တာမို့ ဝယ်ဖို့လည်း သင့်သည့်ဟု ဆုံးဖြတ်ကာ ဘဘဦးအိမ်စိုး ထံ ဖုန်းဆက်၍ ကားတစ်စီး သပ်သပ်လွှတ်လာပေးဖို့ ရှင်မွေ့ ပြောခဲ့သည်လေ ...။ ရှင်မွေ့ မောင်းသည့် စူပါဆလွန်းလေးဖြင့်တော့ သားငါးတွေ အအေးခံထည့်ရမည့် ဒီးဖရီဇာဆိုတာက သယ်၍မှမရချေသည်ကိုးလေ ...။

"မိန်းကလေးက .. ကားမောင်းကျွမ်းတယ်နော် .."

အထင်တကြီးဖြင့် ဒေါ်လေးနန်းခက် ပြောလာတော့ ရှင်မွေ့ ရယ်

www.burmeseclassic.com

www.burmeseclassic.com



သည်။

"အထင်မကြီးပါနဲ့ ဒေါ်လေးနန်းခက် ရေ .. ရှင်မွေ့ အရင်လုပ်ခဲ့တဲ့ကုန်တိုက်သူဌေးမလေးရဲ့ကားကို ရှင်မွေ့ မောင်းပေးရတာ များတယ်လေ .. မမထွေးက အပျိုကြီးလေ .. သူ့ကားကို မိန်းကလေး မောင်းတာ ပိုသဘောကျတယ်ဆိုပြီး ရှင်မွေ့ ကို ကားမောင်းသင်တန်း တက်ခိုင်းတယ် .. မမထွေး သွားလေရာ ရှင်မွေ့ ကားမောင်းပို့ရတဲ့ရာထူး ကိုပါ တွဲယူခဲ့ရတာ ဒေါ်လေးနန်းခက် ရဲ့ .. စာရင်းကိုင်အလုပ် တစ်ဖက်နဲ့ ကားမောင်းရတာတွေများလာတော့ ရှင်မွေ့ စာရင်းအင်းဘက်မှာ အားနည်းချို့ယွင်းလာမယ်ဆိုတာ တွေးလန့်လာရင်း .. အလုပ်က ထွက်ချင်လာပြန်ရော .. အဲဒီမှာ ဒီမိုးမခအလုပ်ကြော်ငြာတွေ့တာနဲ့ ရလို ရညား ဆိုပြီး လျှောက်လိုက်မိရာက.. အခုလို .. အလုပ်ရသွားခဲ့တာပါပဲ ဒေါ်လေးရယ် .."

မှင်သေသေဖြင့် ရှင်မွေ့ ဒေါ်လေးနန်းခက် ကို ညာဝါးနေရပြီကော လေ ..။ မြကျွန်းညိုကုန်တိုက်သူဌေးမလေး ရှင်မွေ့သာ၏ ဘဝမှန်ကို အသိပေး၍မဖြစ်ချေသည်မို့ ..။ ကုန်တိုက်သူဌေးမလေး ထွေးထွေး ဆိုတာကိုလည်း ဖန်တီးဇာတ်ခင်းယူခဲ့ရပြီ ..။ မမထွေး၏ သူဌေးဒရိုင် ဘာလည်း လုပ်ကြံဖန်တီးပြောမိရပြီ ..။ ဤအတွက်တော့ စိတ်ထဲမှာ အပြစ်မကင်းသည့်နှယ် ခံစားရသည်ပါပဲ။ မတတ်သာ၍ မုသာဝါ ပြောမိရသည့်အဖြစ် ..။

"ဒါနဲ့ ဒေါ်လေးနန်း က ဘာလို့ အိပ်ဆေးကို ပုလင်းလိုက် ဝယ် ရတာလဲ .. ည .. ည .. အိပ်မပျော်လို့လား .. ရှင်မွေ့ စေတနာနဲ့ မေး တာပါနော် .. ဆေးစွဲသောက်တာထက် .. ပုံမှန်အိပ်ပျော်ဖို့လိုတာ ဒေါ်လေးရဲ့ .. ဒေါ်လေးက ဘာလို့ အိပ်မရ ပြုမရ ဖြစ်ရတာလဲ .. ကိုယ်လက်ကိုက်လို့လား .. ညောင်းခဲနေလို့လား .. ခမ်းကြည်လေး



သွားပဲ .. အညောင်းအညာပြေ ခမ်းကြည်လေးကို နှင်းနှိပ်ခိုင်းလို့ ရတာပဲဥစ္စာ .."

"အံမယ်လေးလေ .. သူက ပိုဆိုးနေတယ် မိန်းကလေးရဲ့ .. ည ရောက်တာနဲ့ တောင်ကြည့်မြောက်ကြည့်ဖြစ်နေတာ သူက ထိပ်က .. ငိုမဲ့မဲ့နဲ့ .. အိပ်ဆေးကိုမှ နှစ်လုံးလောက်တိုက်ပါ လုပ်နေလို့ မနည်း ချော့မော့ပြီး တစ်ခြမ်းတိုက်ရတာ ရှင်ရေ .. ဒေါ်လေးတို့ တူဝရီး နှစ်ယောက်က ညဘက်မှာ နီးနေမှာ လန့်နေကြတာလေ .."

ဟု ပြောလာတော့ ရှင်မွေ့ အလိုလိုသိလိုက်ရပါပြီ ..။ ဤတူဝရီး နှစ်ယောက် ညဘက်မှာ ဆင်အော်မနီးဖြစ်ချင်ကြသည်။ ဒါမှ .. မျိုးမမထား ဆိုတာကြီးကို မမြင်ဘဲ ရှိကြမည်လေ ..။ ဤအတွက် ဆေး သောက်အိပ်ကြပုံရပါ၏။

"အိပ်မပျော်မှာစိုးလို့ အိပ်ဆေးသောက်အိပ်ရတာက .. ဒီမိုးမခ ကို ရောက်တယ်ဆိုကတည်းကပါပဲကွယ် .. ဒီအိမ်ကြီးကို ခြံဝင်းတံခါး ကြီး သော့ခတ်ပိတ်ထားရာက .. ပြန်ပြီး ခြံတွေ အိမ်တွေ ရှင်းလင်း.. ပြောင်းလာပြီး နေကြချိန်မှာ .. ဒေါ်လေးကို ဦးအိမ်စိုး က ဟိုတယ် ဒေါ်လေး ရတဲ့ လခထက် သုံးဆပေးပြီး ဒီကိုပြောင်းခိုင်းခဲ့တာ .. ခမ်းကြည်လေးလည်း အတူတူပါလာတယ်ဆိုပါတော့ .. ဟိုတယ်မှာ တိုလက်တောင်းခိုင်းတဲ့ ခမ်းကြည်လေး ခမျာ မိဘ ရှိတော့တာ ည်း မဟုတ်ပေတာမို့ .. အဒေါ် ပြောင်းနေတဲ့အိမ် လိုက်နေရပေသပေါ့ တာလေးရယ် .. အစ်ကိုလေး နိုင်ငံခြားက ပြန်လာတော့မယ် .. မိုးမခ ကြီးမှာပဲ အစ်ကိုလေးက နေချင်တယ်ဆိုလို့ .. ခြံတံခါးသော့ကြီး ဖွင့်ရတဲ့ဘဝ ဆိုက်ခဲ့ရသလေ .. အဲဒါ .. စားဖိုမှူးလုပ်ဖို့ ဒေါ်လေး ဘာဦးအိမ်စိုး မျက်စိတွေ့ ရွေးခဲ့တာဟာ .. လခတိုးတာမို့ ကံကောင်း – အိပ်ဆေးသောက်အိပ်ယူရတဲ့အထိ ဖြစ်ရတာကျတော့ .. မက်ပေ ယ် မိန်းကလေးရယ် .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ခပ်ညည်းညည်းပြောနေတော့ ရှင်မွေ့ သနားမိရသည်ပါပဲ.. မနေ့ညက ရှင်မွေ့ တွေ့ခဲ့ရတာတွေများ ပြောလိုက်ချေလျှင် ဒေါ်လေး နန်းခက်တော့ အထုပ်အပိုးပြင်မှာ သေချာနေသည်တည့် ..။

"ခုလည်း မိန်းကလေးနဲ့ အတူတူလိုက်ပါရစေဆိုပြီး မပြောရဲလို့ သာ ခမ်းကြည်လေး ကျန်ခဲ့တာ .. နေ့ခင်းကြီးတောင် .. တောင်ကြည့် မြောက်ကြည့်နဲ့ လန့်ကျန်ခဲ့မှာရဲ့ .. အဲဒါ .. ကိုအိုက်ခေါင်နား သွား ဆိုပြီး ပြောခဲ့ရတယ် .. ကိုအိုက်ခေါင် လည်း ဘာထူးလဲ ရှင်မွေ့ရယ် သူလည်း အိပ်ဆေးသောက်အိပ်ရသတဲ့ .. ညဘက် နိုးမှာစိုးလို့တဲ့လေ"

အာဂသတ္တိခဲတွေချည်း လူလာစုဖြစ်ကုန်ရချေသည်ကောဟု တွေ ရင်း ရယ်ပဲရယ်ရနိုး ..။ သနားပဲ သနားနေရနိုးနိုးဖြင့် ရှင်မွေ့ ကြ ရပါပြီ ..။

"ဦးကြီးအိုက်ခေါင် ကလည်း ယောကျ်ားကြီးဖြစ်ပြီး အိပ်ဆေး သောက်အိပ်ရတယ်လို့ .. ခက်တာပါပဲ .. သူက ခြံစောင့်ဥယျာဉ် ဒရိုင်ဘာကြီးဆို .. အဲဒါ .. ညဘက် အိပ်ဆေးသောက်ပြီး အတုံးအ အိပ်နေရင် ခြံထဲ သူခိုးဝင်ရင် ဘယ့်နှယ်လုပ်မလဲ .. ကဲ .."

"အံမယ်လေးလေ .. ဒီခြံကြီးထဲလား သူခိုးဝင်မှာ .. ခြံကြီးကလ မြို့ပြင်မှာ .. ပြီးတော့ .. တောင်တက်လမ်းကလည်း ရှည်သေးရဲ့ .. ထိ ကြီးရှိတဲ့နေရာ .. ညဆို တိတ်ဆိတ်နေတဲ့နေရာကြီးထဲမှာ ဒီခြံကြီး အိမ်ကြီးရော .. မြုပ်နေတာ မိန်းကလေးရဲ့ .. ဘယ်သူခိုးမှ ဒီထိ လာ ရဲနိုင်ပေါင်ကွယ် .. ခြံစောင့်အလုပ်ကိုများ .. ကိုအိုက်ခေါင် လုပ် မလိုတာ .. လူတွေက အလိုလိုနေရင်း လန့်နေကြတဲ့ ဒီအိမ်ကြီး ဘယ်သူခိုးမှ ချွတ်နင်းမဝင်ရဲနိုင်ပေါင် .. ဟိုဟာကြီးနဲ့တိုးလို့က သတိမေ့ပြီး မနက်မှ သူ့ကို အိမ်ရှင်တွေက ပြန်နှာနှပ်ပေးနေကြ မယ် .."

ရှင်မွေ့ လွှတ်ခနဲ ပြုံးမိ၏။ အံမယ် ..။ ဒေါ်လေးနန်းခက် 



ကားတော့ အကြွယ် ..။ သူခိုးချွတ်နင်းဝင်လျှင် သရဲတွေ့ မေ့မည်ဟု အတိုးချုံးလိုက်လျှင် ထိုအဖြေထွက်ချေသည်တည့် ..။

"မနေ့ညက အိပ်ပျော်လား .."

ရှင်မွေ့ကို မေးလာတော့ ခေါင်းလေးညိတ်ပြလိုက်ရသည်။

"ဒီနားမှာ ပန်းပျိုးပင်တွေ ဘာတွေ ရောင်းတဲ့ ပန်းခြံကြီး မရှိဘူး ားဟင် ဒေါ်လေး .."

ဟု စကားလမ်းကြောင်းလည်း ပြောင်းရာရောက် ..။ ရှင်မွေ့ ိုချင်တာများ ဝင်ဝယ်နိုင်ကောင်းရဲ့ဟုလည်း မျှော်လင့်ရင်း မေးမိခြင်း ..။

"ဒါဆို .. ဟိုမှာမြင်ရတဲ့ မြေနီလမ်းလေးဘက်ကို ချိုးလိုက်ရင် .. ယ်းနည်းပဲ မောင်းလိုက်တာနဲ့ .. အစုံရတဲ့ ပန်းခြံကြီးကို ရောက်မှာပါ .. ပန်းအိုးကြီးနဲ့ စိုက်ထားတဲ့ ရွက်လှအိုးတွေ .. ရွက်စိမ်းအိုးတွေ .. .. ပန်းအိုးတွေမှ အများကြီးရယ် .."

ဟု ပြောကာနှင့် ရှင်မွေ့ ကားကို မြေနီးလမ်းလေးဘက် ချိုးတော့ က်က ပစ်ကပ်ကားလေးလည်း လိုက်မောင်းလာပါ၏။ တကယ်ပဲ းတို့စံအိမ်၏စိတ်ကူးလှလှဖြင့် အမည်ပေးထားရာ ပန်းဥယျာဉ်ခြံ ယ်ကြီးကို ရောက်သည်မို့ ကားကို မောင်းဝင်လာမိရသည်။ ကားကို ိရိပ်အောက်မှာ ရပ်လိုက်ကာ ခြံထဲဆင်း၍ စဉ့်ရည်သုတ် ရွက်စိမ်း းအိုးကြီးတွေ ..။ နှင်းဆီတို့ဝေနေရာ စဉ့်ရည်စိမ်းစိမ်းသုတ်ထားပါ ည့် ပန်းအိုးတွေ ..။ ပွင့်တူရွက်တူ ပျိုးပင်ငယ်ထုပ်တွေ ..။ မလေးရှား ားပန်းအိုးကြီးတွေ ဝယ်သည်။ အားလုံး နောက်မှပါလာသည့် ပစ်ကပ် းပေါ် အလုပ်သမားတွေက တင်ပေးကြပါ၏။ ရှင်မွေ့ သိပ်အချိန် ြန်း ..။ နေ့လယ်စာအမီ အိမ်ပြန်ရောက်ဖို့လိုသည်မို့ ကားမောင်းထွက် ခဲ့၏။

တကယ်လည်း မိုးမခသို့ရောက်တော့ နေ့လယ်စာစားချိန်မတိုင်

www.burmeseclassic.com

www.burmeseclassic.com



သေး ..။ အချိန်မီရောက်ရသည်မို့ ရှင်မွေ့ စိတ်အေးသွားရပါ၏။ အကယ်၍သာ အိမ်ပြန်နောက်ကျလျှင် နေ့လယ်စာ ပြင်ဆင်သည့်ကိစ္စကို ခမ်းကြည်လေး တစ်ယောက်တည်းလုပ်ကိုင်တတ်မှာမဟုတ်။ ဒေါ်လေးနန်းခက် ကလည်း ရှင်မွေ့နှင့် တူတူပါသွားရသည်မို့ ..။ ကိုယ့် ဘာသာ ခူးခပ်စားရတာမျိုး ကြုံချေလျှင် ဒေါ်လေးနန္ဒာမှူး အတွက်က စိတ်မသက်သာစရာ ဖြစ် ကိုဖြစ်ချေမည်သာ ..။

ပစ်ကပ်ကားမောင်းသည့် ကောင်လေးက ပန်းအိုးတွေကို ဦးအိုက်ခေါင် နှင့်အတူ ခြံထဲချပေးသည်။ ဒီးဖရီဇာကြီးကို မီးဖိုဆောင်ထဲထိ ဦးအိုက်ခေါင် နှင့်အတူ သယ်ပေးကာ ပလပ်ပေါက်နေရာမှာ ဒီးဖရီဇာကို ချပေး၏။ ဖွင့် ချင်လည်း အသင့်ရှိနေသည့်အထိ အဆင်ပြေအောင် သယ်ပို့သည့် ကောင်လေး ပါ ..။ ဘဘဦးအိမ်စိုးက အားလုံးလုပ်ပေးဖို့ ထိုကောင်လေးကို မှာထား တာဖြစ်နိုင်သည်။ ရှင်မွေ့ ဘဘထံ ဖုန်းဆက်ချိန်မှာ ဘဘ ဟိုတယ် သို့ရောက်နေပြီမို့ ..။ ဟိုတယ်မှကားကို လွှတ်ပေးခဲ့ခြင်းပါ ..။

ဝယ်လာသမျှတွေထဲမှ တချို့ကို ရှင်မွေ့ ၏ အခန်းထဲ ခမ်းကြည် နှင့် ဒေါ်လေးနန်းခက် တို့ဖြင့် ပို့တန်တာပို့ခိုင်း ..။ မီးဖိုထဲမှာ သား တွေ ရှင်မွေ့ သန့်စင်တာတွေလုပ် ..။ ဒီးဖရီဇာကို ပလပ်ထိုး ခလုတ် နှိပ်၍ သားငါးထည့်ထားရာ အအေးခံပလပ်စတစ်အကြည်ဘူးတွေ ထည့် တန်တာထည့်ဖြင့် အလုပ်များသွားရပေမယ့် ..။ အချိန် သိပ်မကြာခင် ပဲ အားလုံးသည် နေသားတကျဖြစ်သွားရပါပြီ ..။ ထမင်းစားခန်းထဲ လည်း ဘာအထုပ်အပိုတွေမှ စားပွဲပေါ်မရှိတော့ပြီ ..။ မီးဖိုဆောင်ထဲ လည်း ဟင်းသီးဟင်းရွက်တွေကအစ ရေခဲသေတ္တာထဲ ရောက်ကုန်ပြီ

"ဟင်းတွေ ပြန်အပူပေးထားပါ ဒေါ်လေးနန်းခက် .. ရှင်မွေ့ အဝတ်အစား ခဏလဲလိုက်ပါဦးမယ် .."

ဟု ပြောကာ အပေါ်ထပ် သုတ်သုတ်တက်ရပါ၏။ အိမ်ကြီး တော့ ငြိမ်ဆိတ်ဆိတ် ..။ ဒေါ်လေးနန္ဒာမှူး ကိုလည်း မတွေ့ရ ..။ အခန်း



အောင်းနေသည်လား ..။ အပြင်များထွက်သွားသည်လားမသိ ..။ သူ့ကို လည်း မတွေ့ရ ..။ အခန်းထဲမှာ ကဗျာတွေများစပ်နေချေသည်လား..။

ထိုရေးစပ်ရာကဗျာများသည် ဗိညာဉ်တစ္ဆေတို့နှင့်ပတ်သက်နေ သော ကဗျာတွေများ ဖြစ်နေကြချေမည်လား ..။

"တကယ်က .. သူ အဲဒီဗိညာဉ်နဲ့ပတ်သက်တာတွေကို အခန်းထဲ ငြိမ်တွေးနေတာထက် .. အပြင်ထွက်ပြီး စမ်းချောင်းလေးတစ်ခုခုမှာပဲ ငါးမျှားနေတာဖြစ်ဖြစ် .. ဟိုဘက်က တောအုပ်လေးထဲ စက်ဘီးလေး အပျော်နင်းနေတာပဲဖြစ်ဖြစ် .. လုပ်သင့်တာပေါ့ .."

ရှင်မွေ့ တွေးသည့်အတွေးထဲမှာ သူသည် နေရာတစ်ခုကို အတိ အကျ ယူထားလျက်ရှိနေချေသည်တကား ..။

ရှင်မွေ့ အခန်းရောက်တော့ အဝတ်အစားလဲသည်။ ကုန်တိုက်ရှိ ခန်းဆီးအရောင်းဆိုင်ကြီးမှာ အရောင်စုံ အမယ်စုံ ခန်းဆီးတွေကို အထပ် လိုက် ခေါက်သားတကျဖြင့် စက္ကူကတ်ထူပုံးကြီးဖြင့် အမြောက် အမြား သည့်ယူလာရသည်။ ထိုကတ်ထူပုံးကြီးထဲမှာ အဝါရောင်ပုံး ခန်းဆီးတွေ ကို ရှင်မွေ့ ရွေးချယ်၍ ခုတင်ထက်မှာ တင်လိုက်ရပါ၏။ ဤနေ့မှာ ဤခန်းဆီးတွေကို ရှင်မွေ့ လဲလှယ်တပ်ဆင်စေရမည်။ ဒေါ်လေးနန်းခက် နှင့် ခမ်းကြည်တို့ နှစ်ယောက်တည်းနှင့် မဖြစ်နိုင်..။ ဥယျာဉ်မှူး မောင်ကြီး ဘဘဦးအိုက်ခေါင် ကိုလည်း ခန်းဆီးလဲလှယ် တပ်ရမည့် အခွင့် ခေါ်ထည့်ရမည်သာ ..။

ရှင်မွေ့ အခန်းမှ ပြန်ဆင်းလာတော့ ခမ်းကြည်လေးနှင့် ဒေါ်နန်းခက် တို့ ဟင်းတွေ ပြန်အပူပေး နွှေးနေကြတာကို ကြုံ၏။

"အစ်ကိုလေးရော .. မမလေးနန္ဒာရော မရှိကြဘူးတဲ့ ရှင်မွေ့ .. အစ်ကိုလေးက စက်ဘီးတစ်စီးနဲ့ ထွက်သွားတယ်တဲ့ .. ဘာမှတော့ မပြောသွားဘူးတဲ့ .. မမလေးနန္ဒာ ကတော့ ဟိုတယ်ကိုသွားမယ်လို့ ပြော တယ် .. နေ့လယ်စာ ဟိုမှာပဲစားမယ်လို့လည်း ပြောသွားတယ်တဲ့ ..

www.burmeseclassic.com

www.burmeseclassic.com



ခမ်းကြည် ပြန်ပြောပြတယ်လေ .. ဒီတော့ .. အစ်ကိုလေး ပြန်အရောက် ကိုစောင့်ပြီးမှ နေ့လယ်စာ ပြင်ရမှာမျိုး ဖြစ်နေတယ်ကွယ် ..''

ဟု ပြောလာပါ၏။ ပြောရင်းလည်း အဝတ်အစား ပြန်၍ပြောင်းလဲ ဝင်ဆင်လာသည့် ရှင်မွေ့ကို ဒေးခနဲ တစ်ချက် ဒေါ်လေးနန်းခက် ကြည့်၏။ ခုလို အောင်းဘီရှည်နက်ပြာ၊ ဘလောက်စ်ဖြူလည်ထောင်ဖားနား ကွပ်အင်္ကျီနှင့် လည်ပင်းမှာ အပြာရောင်ပုဝါလေးကို ခေါက်ချိုး၍ ဘိုး ချည်သလိုချည်ထားပါသည့် ဝတ်စုံနှင့် ဆံထုံးလေးမြင့်မြင့်ထုံးထား ပါသော စတိုင်လေးကို အံ့ဩပုံလည်းရသည်။ အမြင်ဆန်းနေတာလည်း သိသာနေသည်။ ပြီးတော့ .. ကြည့်ကောင်းနေသည့်နယ်လည်း တငေးငေး ဖြင့်ရှိနေသည်က ဒေါ်လေးနန်းခက် တစ်ယောက်ပင် မဟုတ်။ ခမ်းကြည်လေး လည်း လုပ်လက်စ တံမြက်လှည်းတာ မဖြောင့်နိုင် ..။ တလည်လည် ဟိုဘက်က ချောင်းကြည့်လိုက် ..။ ငုံ့ကြည့်လိုက်ဖြင့် ရှိနေပါချေ၏။

ရှင်မွေ့ကတော့ စိတ်ထဲ တစ်ချက်အေးရသည်။ နေ့လယ်စာ ထမင်း ကို အလောတကြောပြင်နေဖို့ မလိုအပ်သေးသည်မို့ ခြံထဲမှာ ပန်းအိုးတွေ နေရာချလိုက်ဦးမည်။ ခြံထဲဆင်းကာ ဘဘဦးအိုက်ခေါင် နှင့် အတူ စဉ့်ရည်သုတ်ပန်းအိုးကြီးတွေကို ကြည့်၍လှအောင် နေရာချ ..။ နှင်းဆီအိုး တွေကို ပေါ်တီကို၏ဘေးတစ်ဖက်တစ်ချက်မှာ တန်းစီ၍ ဝေနေလှအောင် နေရာချ ..။ ပွင့်တူရွက်တူမျိုးပင်တွေကို ပန်းအိုးတွေထဲ ပြောင်း၍ ဘဘဦးအိုက်ခေါင်ကို စိုက်ခိုင်းပြီးမှ အိမ်ထဲ ခပ်သုတ်သုတ် ဝင်ခဲ့ ပါ၏။ အိမ်ကြီးရှင်တွေ ပြန်မရောက်ခင် ခန်းဆီးတွေလည်း အပြီး လဲထားလိုက်ချင်သည်။

''ဒေါ်လေးရေ .. ရှင်မွေ့ ခုတင်ပေါ်မှာလဲဖို့ ထားရစ်ခဲ့တဲ့ခန်းဆီး တွေ အထပ်လိုက်ရှိတယ် .. ဘဘဦးအိုက်ခေါင် ကိုလည်း အကူအညီ ခေါ်ပါ .. ခမ်းကြည်လေးနဲ့တူတူ ဒီပြတင်းတံခါးတွေတိုင်းကို ခန်းဆီး တွေလဲပေးပါနော် .. ရှင်မွေ့ ကုန်တိုက်မသွားခင်ကတည်းက အိမ်ကြီး



မှာရှိနေတဲ့ ပြတင်းတံခါးအရေအတွက်တွေကို မှတ်သားခဲ့ပြီးမှ ဝယ်တာ ပါ .. ဘယ်အရွယ်ဆိုက်ကို ဝယ်ရမယ်ဆိုတာလည်း မှတ်ပြီးမှ ဝယ်တာ ပါ .. တံခါးရွက်တွေ ပြတင်းပေါက်တွေက အရွယ်ညီကြတာမို့ ဝယ်ရ တာ မခက်ပါဘူး .. ရှင်မွေ့ တချို့လုပ်စရာလေးတွေရှိနေသေးလို့ .. အဲဒီ ခန်းဆီးတွေ လဲလှယ်တပ်တာတွေကို ဘဘနဲ့ အတူတူလုပ်လိုက် ပါနော် ..''

ဟု မှာကာ အပေါ်ထပ်တက်ပြန်သည်။ ရောက်ကတည်းက စိတ် ဝင်တစားရှိသည့် အပေါ်ထပ်က အမိုးချွန်ချွန်ကြီးတွေနှင့် နီးစပ်ရာ ထပ်ခိုးဆီသို့ တက်နိုင်မည့် ထောင့်ဆစ်ချိုးကွေ့ လှေကားငယ်တစ်ခု ရှိ၏။ ဤသို့သော လှေကားတစ်ခုသည်လည်း စင်္ကြံရှည်ကြီး၏ အခြား တစ်ဖက်နေရာမှာ တစ်ခုရှိနေသေးတာကို မနက်က အိမ်ကြီးကို ထောင့် စုံအောင်ပတ်၍ကြည့်ခဲ့စဉ်ကတည်းက တွေ့ရသည်မို့ ..။ နောက် တစ် ကြိမ်မှာတော့ ထိုလှေကားဆီမှတက်၍ နောက်ထပ် အပေါ်ဆုံး ထပ်ခိုး ကြီးနယ်ရှိနေသည့်နေရာဆီမှ အခန်းတစ်ခုကို လေ့လာရချေဦးတော့ သည်။ လောလောဆယ်တော့ ဤအခန်းကိုပဲ အရင်ကြည့်လိုက်မည်ဟု ရှင်မွေ့ ဆုံးဖြတ်ထားမိရသည်ပါပဲ ..။ လှေကားက သိပ်ကြီးကြီးမားမား မဟုတ်ပေမယ့် ကျွန်းသားပွတ်လုံးလက်ရန်းထောင်တန်းတွေဖြင့် သပ်သပ် ရပ်ရပ်တော့ရှိသည်။ လှေကားအဆုံးမှာ တံခါးတစ်ချပ်က သော့ခတ် ပိတ်လျက်သားရှိနေတာမို့ ..။ ခါးကြားမှာ သော့ချိတ်တံလေး ချိတ်၍ ဘောင်းဘီ၏ခါးပတ်မှာ ချိတ်ထားပါသည့် သော့တွဲကို ထုတ်သည်။ တံခါးရွက်ကို သော့ချောင်းတွေဖြင့် တစ်ခုပြီးတစ်ခု ဖွင့်ဖွင့်ကြည့်နေရာ .. လက်ကိုင်ဖုလက်လှည့်သော့ပေါက်ဆီမှ အသံလေး ချက်ခနဲကြားရ တာ တံခါးရွက်၏သော့ ပွင့်သည်မို့ ..။ အသာလေး တွန်း၍ဖွင့်ဝင်မိရ သည်ပါပဲ ..။

အခန်းသည် ကျယ်ကျယ်ပြန့်ပြန့်ရှိနေ၏။ အမိုးချွန်ထောက်စောက်

www.burmeseclassic.com

www.burmeseclassic.com



ကြီးရှိရာကို အပြင်ဘက်မှ မော့ကြည့်လျှင် ရောင်စုံမှန်ကွက်များကို ပြတင်းပေါက်အဖြစ် မြင်ရသည့်နေရာဆီမှ နေရောင်သည် အခန်းသို့ တိုးဝင်နေသည်။ ဒါပေမယ့် မိုးရိပ်မကင်းသည့်မို့ အလင်းအားက သိပ် မရှိလှ ...။ ရှင်မွေ့ မီးခလုတ်ကိုဖွင့်လိုက်တော့ မြင်ကွင်းက ပို၍ လင်းချင်း လာ၏။ ကြမ်းခင်းနေရာမှာ အစိမ်းရောင်ကော်ဇောတစ်ချပ်သည် ဖုန်တွေတင်လျက် မှိန်ဖျော့ဖျော့မွဲတေတေရှိနေ၏။ နံရံကပ်ဗီရိုကြီး တွေကလည်း မှန်ချပ်တွေမှာရော သစ်သားဘောင်တွေမှာပါ ဖုန်တွေဖြင့် ရှိနေ၏။ ပန်းချီဆွဲဒေါက်တစ်ခုကလည်း အပေါ်ဆီမှ အဝတ်စတစ်ခု ဖြင့် ဖုံးအုပ်ထားသည့်ပုံစံဖြင့် ငြိမ်ကျနေသည်။ အခန်းထဲမှာ နံရံကပ်ဗီရို ကြီးတွေက နေရာတော်တော်များများမှာ နေရာယူထားပါချေ၏။

"ဒါ .. လောလောဆယ်မှာ ဘယ်သူမှ ဖွင့်မဝင်သေးဘဲ ဖုန် တသော သောထပ်နေတဲ့အခန်းကြီးတစ်ခုအဖြစ် ရှိနေတာပါလား .. ဘယ်သူ သန့်ရှင်းရေးဝင်လုပ်သေးပုံမရတဲ့ အခန်းကြီးတစ်ခုပေပဲ .. ကြည့်စမ်း တပ်ထားတဲ့ခန်းဆီးတစ်ခုဖြစ်တဲ့ အဲဒီရောင်စုံမှန်ပြတင်းဆီမှာ ကာထား တဲ့ ခန်းဆီးဆိုရင် ဖုန်ရောင်ဖြစ်နေပြီ .. ညစ်ထေးထေး ဖြစ်နေပြီ .. မနက်ဖြန့်ကျရင်တော့ ဒီအခန်းကို အရင်ဆုံး ဖုန်စုပ်စက်နဲ့ ဖုန်တွေ စုပ် ပြီး သန့်ရှင်းရေးလည်း လုပ်ရမယ် .. ပိုပိုမိုမို ငါ ပိုဝယ်ခဲ့ရာ ခန်းဆီးကြီး တွေထဲက .. အဝါရောင်ခန်းဆီးကိုလည်း ဒီမှာ တပ်ရမယ် .. ဟိုဘက် မှာကလည်း ခန်းကူးတံခါးတစ်ပေါက် ရှိနေတာပါလား .. အဲဒီမှာလည်း တံခါးခန်းဆီးတပ်လိုက်ရင် ပိုကြည့်ကောင်းသွားမှာပါပဲ .."

အတွေးဖြင့် ရှင်မွေ့ ပထမဆုံးလုပ်မိသည်က ပြတင်းပေါက် ဖွင့်လိုက်ခြင်းပါ ...။ မြင်ကွင်းသည် အမြင့်ဖြင့် အပေါ်စီးနိုင်နေ ဝက်သစ်ချပင်ကြီးတွေ၏ အရွက်လှလှကြီးတွေကို အနီးကပ်မြင် သည့်နှယ် ရှိချေ၏။ ဝက်သစ်ချပင်ကြီးတစ်ပင်ကဖြင့် အကိုင်းထွား က. လက်တံရှည်ကြီးဖြင့် အိမ်ကြီးဘက်ကို လှမ်းဆွဲနေသယောင်



ထင်နေရချေသည်တကား ...။ ကားလမ်းကိုလည်း အဝေးဆီမှ ခွေကွေ့ ကွေ့ .. ခွေဝိုက်ဝိုက်ရှိနေလေသမျှ မြင်နေရသည်။ ဂဝံကျောက်ခင်းလမ်း နီနီဖြစ်ရာ မိုးမခဆီသို့ ကွေ့တက်ရာကားလမ်းကိုလည်း မြင်နေရပါ၏။ တကယ့်ကို တောအုပ်တောင်စွယ်ကြားမှာ ရှိနေသည့် မိုးမခပါလား...။

ရှင်မွေ့ အခန်းထဲ လှည့်ပတ်ကြည့်မိပြန်ပါ၏။ ဗီရိုတံခါးရွက်တွေ ကို ဖွင့်ကြည့်တော့ သော့ခတ်ထားတာမရှိ ...။ အတွင်းဘက်မှာ ပန်းချီ ဆေးဘူးများ ...။ ပန်းချီဆေးပုံရာ ဆေးခံပြားတစ်ချပ် ...။ ပန်းချီဆွဲစုပ်တံ တွေကို တွေ့ရသည်။ မနက်ဖြန်ကြလျှင် ဤဗီရိုတွေကိုလည်း ဖုန်တွေ စင်ကြယ်သွားအောင် သန့်ရှင်းရေးလုပ်ဖို့ ဆုံးဖြတ်ရပြန်သည်။

"ဒါကြောင့် ဒေါ်လေးနန်းခက် ပြောတာနေမှာ .. အိမ်ကြီးကို မနည်းသန့်ရှင်းရေးတွေ ဘာတွေ လုပ်ရမှာမယ်လို့ ကြိုပြောထားတာကို.. ဟိုမှာက .. ဘာတွေပါလိမ့် .. အပေါ်က အဝတ်နဲ့ အုပ်ထားတာပဲ.."

ဖုန်အမှုန်တွေနှင့်ရှိနေသည့် အခန်းကျယ်ကြီး၏နံရံထောင့်နေရာမှာ တစ်ခုခုကို အထပ်လိုက်ရှိစေကာ အပေါ်မှ အဝတ်စကြီးတစ်ခုဖြင့် ဖုံး အုပ်ထားရာကို မြင်ရသည်မို့ ရှင်မွေ့ ဖယ်ကြည့်လိုက်တော့ စီထပ်ထား ရာ မှန်ဘောင်သွင်းပန်းချီကားတွေဖြစ်နေပါ၏။ ဤအခန်းသည် ပန်းချီ ခန်းလည်းဖြစ်သည်။ မှန်ဘောင်သွင်းပန်းချီကားတွေကို ချိတ်မထား...။ ကြမ်းပေါ်ပုံချ၍ အဝတ်ဖြင့်ထုပ်ထားရာ အခန်းလည်းဖြစ်နေပြန်သည်။ ပန်းချီကားတစ်ခုကိုယူ၍ အပေါ်မှ ဖုန်တွေကို လက်ဖြင့်ပွတ်မိကာ ကြည့်မိရာမှ ...။ ကြမ်းပေါ် စောစောက ပစ်ချထားရာ ပန်းချီကားဖုံး အဝတ်စကြီးဖြင့် ထပ်၍ ပွတ်ကြည့်မိတော့ လက်ရာမြောက်သည့် ပန်းချီ ကားတစ်ချပ်ကို မြင်ရပါ၏။ စောစောက ရှင်မွေ့ ပြတင်းဆီမှ လှမ်းမြင် ရပါသည့် မြင်ကွင်းနှင့်တူနေသည့် ပန်းချီကားတစ်ချပ်။ ဤပန်းချီ ကားကို .. မိုးမခမှ မြင့်မြင့်ရာမြင်ကွင်းတစ်ခု၏ ကိုယ်ပွားတစ်ခုအဖြစ် ရေးဆွဲထားချေသည်ပဲ ...။ ရေးဆွဲသူ၏လက်မှတ်ကို ရှင်မွေ့ ကြည့်မိ

www.burmeseclassic.com

www.burmeseclassic.com



တော့ ..

"ထားသခင် တဲ့လား .. ထားသခင် .. ထားသခင် ဆိုတော့ .. ဒါ.. မျိုးမမထား ရဲ့ လက်ရာတွေပေါ့ .. သူက .. ပန်းချီကားချပ်တွေကို ဒီအခန်းထဲမှာ ဆွဲခဲ့တာကိုး .. ခုကျတော့ .. သူ့လက်ရာတွေကို အမှိုက်ပုံထားသလို ကြမ်းပေါ် အထပ်လိုက် ပတ်ပယ်ပုံချခံလိုက်ရပါလားနော်.. နမြောစရာကောင်းလိုက်တာ .. တစ်ချိန်က ဒီပန်းချီကားတွေဟာ ဒီအခန်းထဲမှာ ချိတ်ဆွဲထားတာတွေ ဖြစ်နိုင်တယ် .. ဘယ်သူက ဖြုတ်ချလိုက်ပါလိမ့် .. ဒီအခန်းကြီးကိုလည်း လုံးဝပိတ်ထားလိုက်ခဲ့ပုံရတယ်.. ခုအထိ ဆိုပါတော့ .."

ဟု တွေးကာ ရင်ထဲမကောင်းနိုင် ..။ ဘာပဲဖြစ်ဖြစ် အနုပညာသည်တစ်ယောက်၏ လက်ရာတွေကို ပစ်ပယ်ချောင်ထိုးခံလိုက်ရတာမျိုးကတော့ ရှင်မွေ့ စိတ်ထဲ မနှစ်သက်။ ဤပန်းချီလက်ရာများ၏ အရှင်သခင် ထားသခင်သည် ဤ မိုးမခမှာ သူတစ်ပါး၏လက်ချက်ဖြင့် အသက်ဆုံးပါးခဲ့ရသည်။ လူသတ်သမားကလည်း တခြားသူမဟုတ်ဘဲ ခင်မွန်းသည်ဖြစ်နေသည်။ ပြီးတော့ .. ဤပန်းချီခန်းနှင့် ပန်းချီကားများသည်လည်း .. တိတ်ဆိတ်စွာ နှစ်များစွာ အခန်းတံခါးပိတ်ခံရလျက် ဖုန်တသောသောဖြင့်ကျန်ရစ်ခဲ့ရပြန်သည်။ ရှင်မွေ့ ပြန်၍မြင်လာမိသည်က မနေ့ညက သွေးစွန်းထင်းနေသည့် အဝတ်ဖြင့် အိမ်ကြီးဘက်ကို မော့ကြည့်နေသည့် အမျိုးသမီးတစ်ယောက်၏ ပုံရိပ်ဖြစ်နေသည်။

"သူဟာ .. မျိုးမမထား ရဲ့ဝိညာဉ် ဖြစ်နေတယ်ဆိုရင် .. ဒီအခန်းကြီးမှာ ချောင်းထိုးခံထားရတဲ့ သူ့ပန်းချီခန်းအတွက် ဝမ်းနည်းကြေကွဲရင်း .. အိမ်ကြီးထဲမှာ တလည်လည် လျှောက်သွားနေတာများလား .. အိမ်ကြီးကို ခြံထဲက မော့ကြည့်နေတာတွေများပေလား .. ဝိညာဉ်ဆိုတာနဲ့ပတ်သက်ပြီး ငါ ဘာမှမသိနိုင်တာတော့ အမှန်ပဲ .. ဘယ်တုန်းကမှလည်းမကြုံဖူးခဲ့တာလည်း အမှန်ပဲ .. အကယ်၍သာ .. သူဟာ မျိုးမမထား ဆိုရင် .. သူ .. တစ်ခုခုကို ပြောပြချင်နေလို့ ဒီအိမ်နဲ့ခြံကျယ်ကြီးထဲက.. မကျွတ်မလွတ်ဖြစ်နေတာများလား .. သူ .. ဘာကိုပြောပြချင်နေတာလဲ.. ဘာတွေများလဲ .."



ရှင်မွေ့ တွေးနေရာမှ ပန်းချီဆွဲဒေါက်ရှိရာသို့ လျှောက်သွားမိကာ အပေါ်မှ ဖုန်အလိမ်းလိမ်းကပ်နေသည့်ပိတ်စကို ဖယ်လိုက်တော့ ဆွဲလက်စ ပန်းချီကားတစ်ချပ်ကို တွေ့ရပါ၏။ မြင်ရသည်က စံကားဖြူပန်းပင်တစ်ပင် ..။ မိုးတွေကရွာနေသည်။ မိုးစက်တွေထဲမှာ အနီရောင်သွေးစက်တို့သည်လည်း ရောထွေးပါနေကြလျက် ..။ မြေပြင်ထက်မှာ ကြွေလွင့်နေသည့် ပန်းစံကားဖြူတချို့သည် သွေးစွန်းနေသည့် ဝတ်လွှာစတ်စက်တို့ဖြင့် ရှိနေကြရှာသည်ကား ..။

"ဘာသဘောလဲ .. ဘာသဘောလဲ .. သူဟာ .. အဲဒီပန်းလေးတွေကိုမှန်းတီးရင်း ဆွဲခဲ့တာလား .. သွေးစက်တွေ စွန်းထင်းကုန်တဲ့ ပန်းအချို့ကို ဝတ်လွှာတွေမှာ ရေးခြယ်ထားတာကိုက .. ခါးသီးတဲ့စုပ်ချက်အတွပဲ .. ဒီပုံကိုကြည့်ရတာ ရင်ထဲ မအေးချမ်းလိုက်တာ .. ဘာလို့ ညှို့လှပတဲ့ပန်းဝတ်လွှာကို သွေးစက်တွေစွန်းထင်းစေချင်ရတာပါလိမ့်.. သူဟာ .. အစ်ကိုလေးရဲ့မေမေ ချစ်မြတ်နိုးလို့ စိုက်ခဲ့တဲ့ ဒီအပင်နဲ့ ပန်းကို .. ရင်ထဲက ခါးခါးသီးသီးမုန်းနေတာကို .. ခံစားပေါက်ကွဲရင်း ဆွဲခဲ့တာများလား .. ဒါပေမယ့် ပန်းချီကားက အဆုံးမသတ်သေးဘူး.. လက်မှတ်တစ်ခုလည်း ထိုးမထားသေးဘူး.. ဒါပေမယ့် .. အသက်ဝင်နေတယ် .."

ရှင်မွေ့ တွေးနေချိန်မှာပင် .. ပြတင်းဆီမှာ လေတိုးဝင်လာသည်။ ပန်းချီကား၏ရနံ့က သင်းမြချိုမြိန်ဖွယ်ရာ ပါလာကြပြန်၏။

ရှင်မွေ့ ပန်းချီကားထက်မှာ စောစောကအဝတ်ကို ဖုန်တွေခါ၍ ပြန်အုပ်ထားလိုက်မိရပါ၏။

နောက်ထပ် ဗီရိုတစ်ခုကိုဖွင့်မိတော့ ရှည်မျောမျောဘူးရှည်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တွေကို အဖုံးပါသည့်စက္ကူဘူးကြီးတွေအဖြစ် ဗီရိုဆင့်ရှည်ကြီးတွေမှာ အလျားလိုက် စီထပ်ထားတာကို တွေ့ရသည်။ ဘူးရှည်ကြီးတစ်ခုကိုယူ၍ အဖုံးကိုဖွင့်ကာ အတွင်းဆီမှ လိပ်ထားရာစက္ကူလိပ်ကြီးကို ထုတ်ယူလိုက်ကာ ဖြန့်ကြည့်မိလိုက်ရပါ၏။

"ဟင် ..."

ကျက်သရေရှိလှပါသည့် အမျိုးသမီးတစ်ယောက်၏ ပုံတူ ပန်းချီကားတစ်ချပ်ပါတကား ..။ ဆံပင်ကို မြင့်မြင့်ထုံးထားကာ စိန်စိုက်ဘီးနှင့် စိန်ဆံထိုးကို ထိုးထား၏။ အဖြူရောင်ချိတ်ဝတ်စုံကို ခါးတောင်ဆန်သော ရင်ဖုံးအင်္ကျီဖြူဖြူနှင့် တွဲဖက်၍ ဝတ်ထားသည်။ ခါးမှာကျတော့ ခါးတောင်ကော့လေးပါ၏။ ဒါပေမယ့် .. ရင်ဖုံးဖြစ်နေသည်။ စိန်လည်ဆွဲကို ဆွဲထားကာ ..။ လက်ကောက်သည် စိန်တွေချည်းဖြစ်နေ၏။ ပန်းချီလက်ရာက စိန်ပွင့်လေးတွေဆီမှ လင်းလဲ့သောတောက်ပမှုကို အမိဖမ်းအရယူ၍ဆွဲထားခြင်း ..။ ကတ္တီပါပုံတော်ဖိနပ်ကလည်း အဖြူရောင်ဖြစ်နေသည်။ မျက်ဝန်းမျက်တောင်တို့ လှပကာ ရွှန်းလဲ့သော မျက်ဝန်းမှာ ရှည်လျားသောမျက်တောင်တို့က မရို့တရို့အကြည့်ဖြင့် ဖွဲ့မက်စဖွယ်ရှိနေပါ၏။

"သူဟာ .. ဘယ်သူပါလိမ့် .. ဘယ်သူပါလိမ့် .. ဒေါ်မျိုးမမထားလား .. ဒါမှမဟုတ် .. အစ်ကိုလေးရဲ့မေမေလား .. အလွန်ကျက်သရေရှိရှိနဲ့ နန်းဆန်ချောမွေ့နေတဲ့ အေးချမ်းနူးညံ့လွန်းတဲ့ မျက်နှာလေးနဲ့ သူဟာ .. အစ်ကိုလေးရဲ့ မေမေဖြစ်ဖို့များတယ် .. ဒါဆိုရင် .. ဘာလို့ ဒီပန်းချီကားကို .. တိတ်ဆိတ်တဲ့အခန်းကြီးတစ်ခုရဲ့ ဗီရိုထဲ ဒီလို ပိတ်သိမ်းဆည်းထားပါလိမ့် .. ဟင့်အင်း .. ဒါ .. သိမ်းဆည်းထားတာလို့ မပြောနိုင်တဲ့သဘောပါပဲ .. တကယ်က .. ချောင်ထိုးဖျောက်ပစ်ထားတာပါ .."

ရင်မွေ့တွေးရင်း ငိုင်နေမိရပါ၏။ ပန်းချီကို ဖွဖွပြန်လိပ်ပြီး ဘူးထဲ



ည့်မည်ပြုရာမှ ဖျတ်ခနဲ အာရုံထဲ တိုးဝင်လာသည့် အသိကြောင့် မန်းကတန်း ပြန်၍ ဖြန့်ကြည့်မိပြန်၏။ ထိုအမျိုးသမီး၏လက်ထဲမှာ ကားပန်းလေးတစ်ပွင့်ကို ကိုင်ထားချေသည်တကား ..။ အပြာရောင် ကတ္တီပါထိုင်ခုံထက်မှာ ထိုင်နေသည့် တော်ဝင်မင်းသမီးတစ်ပါးနှယ် ပကြော့စင်လွန်းနေပါသော ထိုအမျိုးသမီးသည် ပန်းချီဆွဲခံခဲ့စဉ်က ပန်းစံကားတစ်ပွင့်ကို လက်ထဲမှာ ကိုင်ထားခဲ့သည်တည့် ..။ သော့ နှာဖျားဆီသို့ စံကားပန်း၏ရနံ့က လေနှင့်အတူ တိုးဝင်၏။

"ဒါ .. ဒါ.. သူ့မေမေပဲဖြစ်ရမယ် .. သူ့မေမေပဲ ဖြစ်ရမယ် .. ဒီ န်းချီကားကို .. ဒေါ်လေးနန်းခက်ကိုပြပြီး မေးရလိမ့်မယ် .. ဘယ်သူ့ပုံလဲ ဆိုတာ သူ သိမှာပေါ့ .. မျိုးမမထားရဲ့ပုံတူမဟုတ်ဘူးဆိုရင်တော့ .. ပန်းချီကားကို .. ဧည့်ခန်းမှာ ပြန်ချိတ်ထားသင့်တယ် .. မျိုးမမထား ပုံကို မြင်ရင် အစ်ကိုလေး စိတ်တွေ ဂယောက်ဂယက်ဖြစ်နိုင်ပေမယ့်.. သူ့မေမေရဲ့ပုံတူကိုမြင်ရင်တော့ စိတ်ထဲ အေးချမ်းမှာပါ .. သူ ပြောခဲ့ ယ်လေ .. ပန်းချီကားတချို့ ပျောက်ဆုံးနေတယ်တဲ့ .. ဒါဆို .. ဘယ် သူက .. ဒီပန်းချီကားတွေကို မိုးမခရဲ့နံရံကနေပြီး ပျောက်ကွယ်သွား ချင်ရတာတဲ့လဲ .. အစ်ကိုလေးရဲ့ဖေဖေဟာ .. ကွယ်လွန်ခဲ့ပြီဖြစ်တဲ့ ဇနီးသည်ကို အလွန်ချစ်တာမို့ .. အဲဒီပုံတူပန်းချီကားကို .. မိုးမခရဲ့ နံရံမှာ ချိတ်မြဲချိတ်ထားမှာပါပဲ .. ဒေါ်မျိုးမမထားက ဖယ်ရှားချင် ယ်ဆိုရင်တောင်မှ .. အဲဒီ နောက်ဇနီးက လုပ်ချင်ရာ လုပ်လို့ရမှာ ဟုတ်ပါဘူး .. နေဦး .. သူ့မေမေက .. ဒေါ်သီရိ .. ဟုတ်တယ် ဒေါ်သီရိ.. ဒေါ်သီရိ ရဲ့ ပန်းချီကားကို .. သူ့ဖေဖေရော ဒေါ်မျိုးမမထားရော ဖယ် ရှားမှာမဟုတ်ရင် .. အခု .. သူ့ဖေဖေ မရှိတော့တဲ့နောက်ပိုင်းမှာ .. ဘယ်သူက ဖယ်ရှားလိုက်တာလဲ .. ဘာကြောင့်လဲ .. သူ့ဖေဖေဆုံး ပြီး ဒေါ်မျိုးမမထား က သေခဲ့ရတာလေ .. ဒေါ်မျိုးမမထား လည်း ဖြုတ်သိမ်း မဖယ်ရှားခဲ့ဘူး .. သူ့ဖေဖေကလည်း ဒေါ်သီရိကို မြတ်နိုး

www.burmeseclassic.com

www.burmeseclassic.com



တဲ့သူ ‥ ချစ်လွန်းတဲ့သူပေမို့ ‥ ဒီလိုလုပ်ခဲ့မှာမဟုတ်ဘူး ‥ ဒါဆို ‥ ဘယ်သူလဲ ‥"

ရှင်မွေ့ တွေးနေရင်း ဘဘဦးအိမ်စိုးကို မြင်လာသည်။ ဘဘသည် ဤအိမ်ကြီး၏ အအုပ်အထိန်းတာဝန်ကို ယူခဲ့သူ ‥။ ပန်းချီကားကြီး နံရံမှာ မရှိတော့တာကို မသိဘဲနေမှာမဟုတ်။ ဖြုတ်ပိုင်ခွင့်လည်း မရှိသူ တစ်ယောက် ‥။ ဒါပေမယ့် ငြိမ်နေသည်ဆိုတော့ ‥။ ဘဘ မလွန်ဆန် နိုင်သူသည် ‥ ဒေါ်နန္ဒာမှူး ပဲ ဖြစ်နေသည်။ ဒေါ်နန္ဒာမှူး သည် မိုးမ ၏ ပိုင်ရေးပိုင်ရာမှာ နေရာမရထားပေမယ့် ‥။ အမွေအနှစ်အဖြစ်တော့ ထိုက်သင့်ရာကို ရခဲ့ပြီးသူဖြစ်နေသည်ဟု ရှင်မွေ့ ကို ဘဘ ပြောပြထား သည် ‥။ ဒါပေမယ့် ‥ မိုးမနှင့်ပတ်သက်လျှင် ဆုံးဖြတ်ခွင့်ကတော့ ဘဘဦးအိမ်စိုးထက် ဒေါ်နန္ဒာမှူးက ပို၍ဆုံးဖြတ်ပိုင်ခွင့်တွေရှိနေသည် လေ ‥။

"ဒါဆို ‥ ဒေါ်နန္ဒာမှူးက ဘာလို့ ဒီပန်းချီကားကို ဒီချောင် လာထားထားပြီး ‥ ဒီအခန်းကိုလည်း အသေပိတ်သလို ပိတ်ထားခဲ့ရ တဲ့ လဲ ‥ သူက ‥ သူက ‥ ဒေါ်သီရိ ကို မုန်းနေတာလား ‥"

ရှင်မွေ့ တွေးမရဘဲဖြစ်လာသည်။ ဒေါ်မျိုးမမထား သေဆုံးမှုသည် ဤပန်းချီကား ချောင်ထိုးခံထားရတာနှင့် ပတ်သက်မှုတော့မရှိနိုင် မယ် ‥။ ဤသို့သော အရှင်သခင် မိန်းမတစ်ယောက်ကို ဘယ်သူ ဘာကြောင့် ‥ ပန်းချီကားဘောင်ထဲမှထုတ်၍ ‥ ဤသို့ စက္ကူဘူး မျော်မျော်ဖြစ်ရာ ပန်းချီကားလိပ်သိမ်းရာ ဘူးမျိုးထဲ အဖုံးပိတ်၍ ထည့်ထားရပါသတဲ့လဲ ‥။

သူကရော ‥ ကိုယ့်အမေတစ်ယောက်လုံး၏ ပန်းချီကားကြီး လ နေတာကို မမှတ်မိပြီတဲ့လား ‥။ ရှစ်နှစ်အရွယ်မှာ မိုးမမှ အ နိုင်ငံရပ်ခြားတိုင် ထွက်သွားရပေမယ့် ‥။ ရှစ်နှစ်အရွယ်ထိ နေခဲ့ အိမ်ကြီးမှာ ဘာပစ္စည်းတွေ ဘယ်မှာရှိသည်ဆိုတာ မမှတ်မိတန်ရာ



အမိကအားဖြင့် မိခင်၏ပုံတူပန်းချီကားကို ပို၍မှတ်မိနေဖို့ကောင်းသည် လေ ‥။

နောက်ထပ်ပန်းချီကားတစ်ခုကို ဖွင့်ကြည့်မိပြန်၏။ သူ့ဖေဖေမှန်း သိသာစေနိုင်သည့် လူကြီးတစ်ယောက်၏ပုံ ‥။ မြင်းဖြူကြီးကို စီးထား သည်။ မြင်းစီးဝတ်စုံဖြူကို အနောက်တိုင်းဟန်ဖြင့် စမတ်ကျကျ ဝတ် ထားသည်။ မျက်ဝန်းတွေက ပြုံးနေကာ အသက်ပါလွန်းနေပါ၏။ ဤ ပုံတူပန်းချီကားနှစ်ချပ်ကို မှန်ဘောင်ပြန်သွင်းမည်။ ပြီးလျှင် မိုးမ၏ ဧည့်ခန်းမှာ ယှဉ်၍ချိတ်ရမည်။ ရှင်မွေ့ ပန်းချီကားထည့်ထားရာ ဘူး ရှည်မျော်မျော်နှစ်ခုကို ထုတ်ယူလိုက်မိချိန်မှာ ‥။ အခန်းထဲမှ ပစ္စည်းတွေ လှုပ်ခါကုန်ကြပါ၏။ ပန်းချီဆွဲဒေါက်သည်လည်း အသံမြည်၍ ပြုတ် ကျသည်။ ပြတင်းတံခါးဆီမှ လှုပ်ခတ်ယိမ်းခါသံမျိုးတွေ မြည်နေ၏။ ရှင်မွေ့သည်လည်း ယိုင်ခနဲဖြစ်သည်။ သွေးစက်ဖွန်းသော စံကားပွင့် ပန်းချီကားသည် ကြမ်းပေါ်မှာ ပိုးလိုးပက်လက်ရှိနေ၏။

ဘာတွေဖြစ်လာသည်ဆိုတာ ရုတ်ခနဲပင် ရှင်မွေ့ ခွဲခြားမရနိုင်ဘဲ ဖြစ်နေသည်။ ဤပန်းချီကားနှစ်ခုကို တူတူယူလိုက်ချိန်မှာ လှုပ်ခတ်မှု တွေ ‥ ပန်းချီဒေါက်ကြီးပြုံကျမှုတွေ ဖြစ်တည်လာခြင်း ‥။ စောစောက ဟောတဟ စေ့မိရုံပဲရှိသည့် ဗီရိုတံခါးရွက်သည် ပွင့်၏။ အထဲမှ ပန်းချီ ကားတွေ လိပ်ထည့်ထားဟန်ရှိသည့် ဘူးရှည်မျော်မျော်တွေ လူးလိမ့်၍ အပြင်သို့ပြုတ်ကျကုန်၏။ အခန်းထဲရှိပစ္စည်းတွေသည် ပုံသေလိုက်ကြီး ကိုသည်ရွေ့နေကြသည့်နယ်လည်း ရှိကုန်၏။ ရှင်မွေ့ သည်ပင်လျှင် မူး ဆေဝဖြစ်လာရသည်။

နောက်တော့ ‥ အခန်းသည် ပြန်၍ငြိမ်ကျသွား၏။ ရှင်မွေ့ ‥ ကြက်သီးဖြန်းခနဲထကုန်ရင်းမှ မျက်ဝန်းတွေကို ပိတ်ထားမိရပြန်သည်။

နောက်တော့မှ ရှင်မွေ့ ဖြည်းဖြည်းချင်း သဘောပေါက်လာမိရ သည်ပါပဲ ‥။ စက္ကန့်ဆိုသည့် အတိုင်းအတာတိုလေးအတွင်းမှာ လှုပ်ခါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ နောက်တော့ ပြန်၍ငြိမ်သွားသည် ...။ အသေးစားလျှင်တစ်ခု.. လှုပ်ခတ်သွားခြင်းပါတကား။ ရှင်မွေ့ ထိုသို့ သဘောပေါက်လိုက်ရပါပြီ။

ဒါပေမယ့် .. အကြည့်က .. ကြမ်းပေါ်မှာ ပန်းရိုးဆွဲဒေါက်ကြီး ပြုနေသည့်ရှေ့ဆီမှ ကြမ်းပြင်ပေါ်မှာ သွေးစက်စွန်း စံကားပွင့်တွေ၏ အခြားသောစံကားပန်းဖြူတို့နှင့်ရောထွေးရှိနေရာ မြက်ခင်းထက်မှ ပန်းပွင့်ကြွေပန်းချီကားကို ကြည့်မိပြန်၏။ စံကားပန်းကို ရင်ထဲမှ ကျိတ်မြိုမှန်းတီးနေသည့်ခံစားချက်တွေ ရိုက်ခတ်ရန်းကြွရာ ထိုပန်းချီကား ဆီမှ .. သွေးစက်တွေ ပို၍ စိုလဲ့အသက်ဝင်လာသည့်နှယ်ပင်ရှိနေချေသည် တကား ...။



## အခန်း (၈)

ရှင်မွေ့ ၏အကြည့်က တစ်ဖက်ခန်းသို့ကူးသည့်တံခါးဆီသို့ ရောက် ...။ တစ်စုံတစ်ခုသော ညှို့ငင်မှုတစ်ခုက ရှင်မွေ့ကို ထိုတစ်ဖက်ခန်းဆီ ... သွားဖို့ တိုက်တွန်းနေသည့်နှယ်လည်း ရှိနေသည်။ ရှင်မွေ့ လက်ထဲမှ ...န်းချီကားနှစ်ချပ်ကို ညင်ညင်သာသာ ပြန်၍လိပ်...။ ဘူးထဲပြန်ထည့် ...ာ ဖုန်တွေတင်နေသည့် ခုံတစ်ခုပေါ်မှာ တင်သည်။ နောက်တော့ တစ်ဖက် ...န်းဆီသို့ ဝင်လာရမိရပြန်ပါပြီ ...။

အခန်းထဲမှာ အဖြူရောင်ရေခဲသေတ္တာတစ်လုံးသည် မီးပလပ်ဖြုတ် ...းလျက်ဖြင့် အခန်းထောင့်မှာ ရှိနေ၏။

ဆိုဖာဆက်တီတစ်စုံသည်လည်း ဖုန်အလိမ်းလိမ်းဖြင့်ရှိနေသည်။

"ကြည့်စမ်း .. ဟိုဘက်ခန်းထဲကလိုပါလား .. ပန်းချီကားတွေ ...တ်ထားတာ ဖြုတ်ပြီး ဟိုကြမ်းပေါ်မှာ အထပ်လိုက်ပုံထားပုံရတယ်.. ...ဒေါ်က အဝတ်တစ်စ အုပ်ထားတာလည်း ငါ ဝင်ခဲ့တဲ့အခန်းထဲက ...ကိုင်းပါပဲလား .. အခန်းထောင့်နေရာမှာလည်း ကြိုးဖုန်းလေးတစ်လုံး ...နေပေမယ့် ကြိုးကို ဖုန်းက ဖြုတ်ထားတာဆိုတော့ .. ဒီအခန်းကို ...ချိန်က လုံးဝပိတ်ထားလိုက်တာဖြစ်ရမယ် .. ဒေါ်မျိုးမလေးဘား ပန်းချီ

www.burmeseclassic.com

www.burmeseclassic.com



ဆွဲပြီးရင် အနားယူတဲ့အခန်းလည်းဖြစ်နိုင်တယ် .. သူ မရှိတော့တဲ့ အချိန်မှာ .. ဒီအခန်းထဲက ပန်းချီကားတွေ ဖြုတ်ချ .. ကြိုးဖုန်းရဲ့ကြိုးကိုလည်းဖြုတ် .. ရေခဲသေတ္တာ ပလပ်ဖြုတ်ပြီး လုံးဝ .. တံခါးတွေ ပိတ်ချန်ခဲ့တာဖြစ်ရမယ် ..''

ရှင်မွေ့ ရေခဲသေတ္တာကို ဖွင့်ကြည့်မိရ၏။ အောက်ဆိုသိုးအနံ့ကြီးက လွင့်ခနဲတိုး၏။ အထဲမှာ ဘာမျှမရှိ ..။ ရှင်းနေသည်။ ဆက်တီစားပွဲပေါ်မှာလည်း ကြွေပန်းအိုးသည် ဖုန်အလိမ်းလိမ်းဖြင့်ရှိနေ၏။ အထဲမှာ ရေ မရှိ ..။ ဒါပေမယ့် မည်းခြောက်လျက် သေးငယ်သော ကိုင်းတံခြောက်တွေအဖြစ် ကျန်ရစ်သည့် နှင်းဆီရိုးတံကိုင်းတချို့ကတော့ အမြင်ဆိုးစွာ ထိုးထိုးထောင်ထောင်ဖြင့်ရှိနေသည်။ တစ်ချိန်က ကြွေလွင့်ခဲ့ချေမည့် နှင်းဆီဝတ်လွှာတို့သည်လည်း မည်းခြောက်လျက် အဘယ်ဆီသို့ ဤစားပွဲထက်ဆီမှ လွင့်ကျကုန်ကြချေပြီမသိ ..။

မြင်ကွင်းသည် ခြောက်သယောင်းထနေသည့် ဖုန်အလိမ်းလိမ်းပေကျံညိုညစ်နေသည့် အခန်းကြီးတစ်ခုပဲဖြစ်နေပါချေ၏။

အခန်းထောင့်နေရာမှာ တွေ့လိုက်ရသည်က ဓာတ်ပုံဘောင်ကြီးတွေ ဖြစ်နေပါ၏။

"ဒါဆို .. ဟိုပုံတူပန်းချီကားတွေကိုဖြုတ်ထားရာဘောင်တွေဖြစ်မယ် .. ကြည့်စမ်း .. မှန်တွေလည်း ဒီပန်းချီဘောင်ကြီးနဲ့အတူ ရှိနေတာပါပဲလား .. ဒေါ်သီရိနဲ့ ဦးမင်းခမိုး တို့ရဲ့ ပန်းချီကားတွေကို ဖြုတ်ပြီး ဘောင်နဲ့ မှန်ချပ်ကို ဒီအခန်းထဲမှာ နံရံမှာ မှီထောင်ထားလိုက်တာကိုး .. ဒါ .. ဘာကြောင့်လဲ ..''

ဟုတ်သည် ..။ ဘာကြောင့်ပါတဲ့လဲ ..။ ဤမိုးမခအိမ်ကြီး၏ အရှင်သခင် ဖနီးမောင်နှံ၏ ပုံတူပန်းချီကားတွေကို ဘာကြောင့် ဤအိမ်ကြီး၏နံရံမှာ ဂုဏ်တင့်စွာ ချိတ်မထားဘဲ .. ဤသို့ ဖြုတ်သိမ်းကာ ဖုန်အလိမ်းလိမ်းထနေသည့် အခန်းထဲမှာ ပိတ်လှောင်စွာ ဘူးတွေထဲ ထည့်



သိမ်းပျောက်ကွယ်နေစေရပါသတဲ့လဲ ..။

"မိုးမခရဲ့ အမွေခံဆိုတာ ရှိနေတာပဲ .. အဲဒီအချိန်က လူမမယ် ရှစ်နှစ်အရွယ် ဆိုပေမယ့် .. မိုးနဒီမောင် ဆိုတာက .. ဒီမိုးမခရဲ့ မျိုးဆက်ပဲ .. တစ်ဦးတည်းသော အမွေခံမျိုးဆက်ပဲ .. သားတစ်ယောက် ဆက်လက်ကြီးပြင်းလာရမယ့် ဒီအိမ်ကြီးရဲ့ ဧည့်ခန်းနံရံမှာ ဦးမင်းခမိုးနဲ့ ဒေါ်သီရိ ရဲ့ ပုံတူပန်းချီကားတွေ ဘာလို့ .. တန်ဖိုးမဲ့သောအရာတွေအဖြစ် .. ချောင်ထိုးခံနေရတာတဲ့လဲ .. မဟုတ်သေးဘူး .. ဒါ .. သဘာဝမကျဘူး .. ဘယ်သူကမှ ဒါကို မတားဆီးကြဘူးလား .. အို .. ဒေါ်နန္ဒာမှူး ကိုယ်တိုင်က .. ဒီကိစ္စမှာ ပါဝင်နေတယ်လို့ပဲ ငါ သဘောပေါက်တယ်.. သူကိုယ်တိုင် ဒီပန်းချီကားတွေကို .. ပျောက်ကွယ်သွားအောင် ဒီအခန်းထဲ လာသိမ်းထားလိုက်တာဖြစ်ရမယ် ..''

ရှင်မွေ့ တွေးကာ အခန်းကို ဝေ့ကြည့်မိရပါ၏။ အစတုန်းကတော့ ဦးမင်းခမိုးနှင့် ဒေါ်သီရိတို့၏ ပန်းချီကားတွေသည် မိုးမခ၏ ဧည့်ခန်းမှာ ရှိခဲ့ရာမှ .. ဒေါ်မျိုးမမထား ကွယ်လွန်ပြီးသည့်နောက်မှာ .. ဤပန်းချီကားတွေသည်လည်း ဤအခန်းထဲ ချောင်ထိုးဖြုတ်သိမ်းသည့်အဖြစ်တစ်ခုနှယ် အပို့ခံလိုက်ရသည်ဟု ရှင်မွေ့ နားလည်လာရပါ၏။

"ဒါကြောင့် .. ကိုမိုးနဒီမောင် က ပြောတာ .. ပန်းချီကားတွေ ပျောက်ဆုံးနေတယ်လို့ ..''

ဟု ရှင်မွေ့ တွေးကာ ပန်းချီကားဘောင်တွေထဲမှ နှစ်ခုကို ရွေးချယ်နေမိရပါ၏။ စောစောက ရှင်မွေ့ တွေ့ခဲ့သည့် ပန်းချီကားနှစ်ချပ်ကို ပြန်၍ထည့်နိုင်မည့် အရွယ်အစား ပန်းချီကားဘောင်နှစ်ခုကို စိတ်ဖြင့် ခန့်မှန်း၍ ရွေးချယ်ခြင်း ..။ ရှင်မွေ့ ကိုယ်တိုင် ဖြန့်ကြည့်ခဲ့ရာ ပန်းချီကားအရွယ်အစားကို ရှင်မွေ့ စိတ်မှတ်ဖြင့် မှတ်မိနေပြီကိုး ..။ ပန်းချီကားဘောင်နှစ်ခုကို ရှင်မွေ့ ရွေးချယ်ပြီး ယူသည်။ အခန်းထဲမှ ထွက်တော့ ပွေ့ယူထားရာ ပန်းချီကားဘောင်တစ်ခုက အပေါ်သို့ ထိုး

www.burmeseclassic.com

www.burmeseclassic.com



ထောင်နေကာ ခန်းကူးတံခါးမှာ ချိတ်ထားသည့် ဆွဲလဲချောင်းလေးတွေ ကို ထိ၏။ ဆွဲလွဲသံလေးတွေ ချွင်ချွင်လွင်လွင်မြည်လိုက်ချိန်မှာ ဖွင့်ထား ရာ ပြတင်းဆီမှ ပန်းစံကားရနံ့တွေက အခန်းဆီသို့ တိုးဝင်လာ၏။ ရှင်မွေ ပန်းချီကားဘောင်တွေကိုချကာ အမိုးချွန်နေရာဆီမှ ဖွင့်ထားခဲ့ရာ ပြတင်းကို သွားပိတ်လိုက်မိရပါ၏။ လှမ်းလင့်မြင်ရသည့် စံကားပင် တန်းသည် အပွင့်တဝေဝေဖြင့် မော့မျှော်နေသည်သို့ ရှိချေ၏။

ရှင်မွေ့ ပန်းချီဘူးရှည်နှစ်ခု ...။ ပန်းချီကားဘောင်နှစ်ခုဖြင့် အခန်း ထဲမှ ထွက်သည်။ တံခါးကို ပြန်၍သော့ပိတ်သည်။ အောက်သို့ ဆင်းလာ တော့ အိမ်ကြီးက တိတ်ဆိတ်နေဆဲ။ အောက်ထပ်သို့ တောက်လျှောက် ရှင်မွေ့ ဆင်းခဲ့ကာ စာကြည့်ခန်းကြီးထဲ အရင်ဝင်၏။ နောက်တော့ ဒေါ်နန်းခက်ကို သွားခေါ်ကာ ပန်းချီကားကို ပြရသည်။

"ဒီပန်းချီကားတွေက .. ဦးမင်းခမိုးနဲ့ ဒေါ်သီရိ တို့ရဲ့ပုံတွေလား ဆိုတာ ကျွန်မ သိချင်တယ် ဒေါ်လေး .. ရှင်မွေ့ .. ဒီအမျိုးသမီးကြီး ဒေါ်သီရိ ရဲ့ပုံလို့ထင်တယ် .."

ဟု မေးတော့ စာကြည့်ခန်းကြမ်းပြင်မှာ ခြေစုံရပ်ရင်း ပန်းချီကား နှစ်ချပ်ကို ဖြန့်တင်ရာစားပွဲကြီးဆီမှာ မျက်ဝန်းတွေ ပြူးကျယ်စွာကြည့် နေသည့် ဒေါ်နန်းခက် မှ ..

"ဒေါ်လေး ဒီမိုးမခကို .. ခုမှ ထမင်းချက်အဖြစ်ရောက်ရတာ ဒါပေမယ့် .. မိုးမခဟိုတယ်မှာ ဒေါ်လေး အလုပ်ဝင်ခဲ့တဲ့ကာလတွေ ကြာခဲ့ပါပြီကွယ် .. မမလေးသီရိကို ဒေါ်လေး ဟိုတယ်မှာ ခဏ မြင်ဖူးတာပေါ့ .. အလွန်ကျက်သရေရှိရှိ ချောတာလေ .. တည်ငြိမ် ချမ်းတာလည်း ဒီပန်းချီကားထဲကအတိုင်းပါပဲ .. ဟုတ်ပါတယ် ကလေးရယ် .. ဒါ အစ်ကိုလေးနဲ့ မမလေးတို့ရဲ့ ပုံတူပန်းချီတွေ ရှင်မွေ့ ဘယ်ကရလာတာလဲဟင် .. ဒီပုံတွေကို .."

ဟု သခင်တွေကို တမ်းတသံဖြင့်လည်း ခပ်ဆွေးဆွေးပြော



ပြော .. ။ အံ့ဩပုံဖြင့်လည်း ရှင်မွေ့ကိုကြည့်ရင်းလည်း မေးလာခြင်းပါ..။

"ဟိုအပေါ်ဆုံးထပ်မိုးက .. အမိုးချွန်နေရာကြီးမှာ ဖွဲ့ထားတဲ့ အခန်းက တွေ့လို့ ယူလာတာပါ .."

ရှင်မွေ့ ဖြေသံကြားလိုက်တာနှင့် ဒေါ်နန်းခက် ၏မျက်နှာမှာ သွေး ဆုတ်သည့်နှယ် ဖြူခနဲလည်းဖြစ် ..။ ကိုယ်နွဲ့နွဲ့ ပါးလျားလျားသည် လည်း နောက်သို့ ယိုင်ခနဲ အထိတ်တလန့်ဆုတ်၏။ မျက်တောင်မခတ် လည်း ပန်းချီကားတွေကို ကြည့်သည်။

"ဘုရားရေ .. အဲဒီပန်းချီကားတွေက .. ဟိုအခန်းထဲက ယူလာ တာလား .. ဘယ်လိုလုပ်ပြီးတော့များ အဲဒီအခန်းကို ရောက်ပါလိမ့်.. အဲဒီအခန်းက .. မမလေး ဒေါ်မျိုးမမထား ရဲ့ ပန်းချီကားတွေ ဆွဲတဲ့ အခန်း .. အနားယူခန်းတဲ့ .. မဝင်ရဘူးလို့ မမလေးနန္ဒာက ပြောထား ခဲ့ထားတာ .. မမလေး မျိုးမမထား အဖြစ်ဆိုးနဲ့ ဆုံးပါးခဲ့ပြီးကတည်း က .. အဲဒီအခန်းကို အပြီးတိုင် ပိတ်ထားလိုက်တာတဲ့ .. အို .. တစ်ခါ တစ်ခါ .. အဲဒီအခန်းက ခြေသံလိုလို .. ဘာလိုလို .. ဒေါ်လေး ကြားဖူး တယ် .. ကြားမိတယ် .. လန့်လို့ .. ကြည့်တောင်မကြည့်ရဲပေါင်ကွယ်.. အဲဒီ စင်္ကြံထောင့်မှာ လှေကားနားရောက်ရင် .. လှေကားကို ကမန်း ကတန်း တံမြက်လှည်းကျင်း .. အခန်းတံခါးရှေ့လည်းရောက်ရော .. ပြန်ပြီးပြေးဆင်းလာတာချည်းပါပဲ .. လှေကားတောင်မှ .. အိမ်ကြီးမှာ ခြင်ကွင်းထဲ မသန့်မရှင်း ဖုန်သလဲတွေ မရှိစေချင်လို့ဆိုပြီး မမလေးနန္ဒာ က လှည်းကျင်းနိုင်းတာပဲရှိတယ် .. သူလည်း အခန်းထဲမဝင်ဘူး.. ဒေါ်လေးတို့လည်း မဝင်ရဘူး .. အို .. ဝင်လည်းမဝင်ရဲပေါင် မိန်းကလေး ရယ် .."

ဟု ကျောချမ်းသလိုပြောတော့ ရှင်မွေ့ ငြိမ်၍နားထောင်နေရသည် ပဲ ...။

ရှင်မွေ့ ပန်းချီကားဘောင်တွေကို ယူသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရေနဲ့စင်အောင်သေချာသန့်စင်လိုက်ကြရအောင် ဒေါ်လေး .. ပြီးတဲ့အခါကျရင် .. ဒီပန်းချီကားနှစ်ချပ်ကို .. ချိတ်ထားလိုက်ကြတာပေါ့ .. ဒီအိမ်ကြီးရဲ့ ဘယ်နေရာမှာ ချိတ်တယ်ဆိုတာ .. ဒေါ်လေးတော့ သိမှာမဟုတ်ဘူး .. ရှင်မွေ့ စိတ်ထဲ သင့်မယ်ထင်တဲ့နေရာမှာ ချိတ်လိုက်မယ်လေ .. ဘဘနဲ့ အစ်ကိုလေး မိုးနဒီမောင် တို့က မကြိုက်ဘူးဆိုရင်တော့ .. သူတို့ နှစ်သက်ရာမှာ ပြောင်းချိတ်ကြပေ့စေပေါ့ .."

ဟု ပြောတော့ ဒေါ်လေးနန်းခက် ခေါင်းပဲညိတ်ပြသည်။ နှစ်ယောက်သား မီးဖိုဆောင်ထဲဝင် ...။ ပန်းကန်ဆေးစင်နေရာမှာ ပန်းချီကားဘောင်းကိုတင်၍ သေချာသန့်စင် ...။ အဝတ်ဖြင့်သုတ် ...။ မှန်ချပ်လည်း ကြည်စင်ကုန်တော့ စာကြည့်ခန်းထဲ ပြန်ရောက်သွားကြရကာ ပန်းချီကားနှစ်ချပ်ကို နှစ်ယောက်သား သေသေသပ်သပ်ပြန်၍ထည့် အားလုံးပြီးစီးတော့မှ ချိတ်ရမည့်နေရာကို ရှင်မွေ့ ဟိုဟိုသည်သည် ဧည့်ခန်းထဲ လျှောက်ရင်းကြည့်မိရပါ၏။

အကြည့်က လှေကားကြီး၏ထောင့်ချိုးကွေ့နေရာဆီသို့ ရောက်သည်။ နံရံက အမြင့်ကျယ်၏။ အိမ်ထဲဝင်လိုက်တာနှင့် မျက်နှာမူလိုက်ရာ အမြင့်နေရာမှာလည်း ရှိ၏။ မြင်ကွင်းလှသည်။ ရှင်းသည် ...။

"ဒေါ်လေး .. ဘဘဦးအိုက်ခေါင်ကို ခေါ်လိုက်ပါ .. သူ့ကို ပန်းချီကားနှစ်ချပ်ကို ယှဉ်တွဲပြီး .. အဲဒီနေရာမှာ ချိတ်နိုင်းရမယ်"

ဟု အခေါ်လွှတ်ရသည်။ ပန်းချီကားချိတ်ဖို့ရာ သံရိုက် ဘာရိုက် တစ်ချက်ပဲကြာသည်။ ဘဘဦးအိုက်ခေါင်မှ ပန်းချီကားနှစ်ချပ် ဒေါ်လေးနန်းခက် နှင့် ရှင်မွေ့ တို့၏ ဘေးက ဝိုင်းထိန်းပေးကြ အကူအညီဖြင့် ချိတ်ပြီးသွားသည်ပါပဲ ...။

ရှင်မွေ့သည် ဧည့်ခန်းသို့ပြန်ဆင်းကာ ထိုတစ်ဆစ်ချိုးလှေ ထောင့်ကွေ့နေရာ၏ ဘေးအတက်ဘက်နံရံမှာ တူတူယှဉ်၍ရှိနေ ပန်းချီကားနှစ်ချပ်ကို မော့၍ ကျေကျေနပ်နပ်ကြည့်မိရပါပြီ ...။ အိမ်



သည် ဝင်လာသူတိုင်းကို ညှိနေရာရှိ ပန်းချီကားကြီးနှစ်ချပ်ကို မြင်နေစေရင်း ဂုဏ်ယူနေသည့်နှယ် ရှိချေသည်တကား ...။ ပန်းချီကားထဲမှ မြင်းစီးနေသည့် ဦးမင်းခမိုး၏ ဟန်က မာန်ပါသည်။ အသက်ဝင်သည်။ တကယ့်ကို မြင်းကြီးစီး၍ အိမ်ကြီးထဲရောက်နေသည့်နှယ်ပင်ရှိ၏။ ဒေါ်သီရိ ၏ အလှကလည်း .. တကယ့်ကို လူတစ်ယောက် ပန်းချီကားထဲ ဝင်ထိုင်နေသည့်နှယ်ရှိ၏။ ရုပ်လုံးကြွနေသည်။ လက်ထဲမှ ကိုင်ထားရာပန်းစံကားပွင့်ဆီမှ ရနံ့မွှေးကြိုင်ကြိုင်ထုံအီအီလေးတွေ လွင့်ခနဲလွင့်ခနဲ ပြန့်လာသည့်နှယ်ပင် ထင်ရ၏။ ပန်းလေးကိုင်ထားရာ လက်ဖြူဥဥ နုနုသွယ်သွယ်လေးတွေ လှုပ်ရှားလာကာ လှမ်းလှင့်၍ ပန်းလေးကိုပဲ ကမ်းပေးတော့မယောင် ထင်ရလောက်စေသည်အထိ ပန်းချီကားက အသက်ဝင်လွန်းလေသည်။ အထူးသဖြင့် ကြည့်နေသည့် အကြည့်သည် .. အိမ်ရှိသူတို့ကို အသက်ဝင်စွာ ကြည့်နေသည့်နှယ်ပင် ရှိနေချေသည်တကား ...။

"ဘုရားရေ .. လန့်ပါရဲ့ .. အဲဒီ မမလေးသီရိ ရဲ့ပုံကို .. ခုလို .. အဲဒီနေရာမှာ .. အစ်ကိုကြီးဦးမင်းခ ရဲ့ပုံနဲ့ တူတူယှဉ်ပြီးချိတ်ထားတာသူ .. သူ အိမ်ကြီးထဲ သွားလာနေရင်း မြင်သွားရင် .. ပြဿနာလုပ်မယ်ထင်ပါရဲ့ .. စိတ်ဆိုးမယ်ထင်ပါရဲ့ .. သူ ပြဿနာရှာလို့ .. အဲဒီပုံတွေ ဖြုတ်သိမ်းထားရတာလို့ .. မမလေးနန္ဒာ က ပြောဖူးတယ် .."

"ဘယ်သူလဲ .. ပြဿနာရှာတာ .."

မျက်လုံးတွေပြူးကျယ်ထိတ်လန့်နေရင်း ဒေါ်လေးနန်းခက် အသံ တုန်တုန်ဖြင့် ပြောလာတော့ ရှင်မွေ့ မေးမိလိုက်ရပါပြီ ...။ စောစောက ပန်းချီကားတွေ ချိတ်နေရင်းလည်း ဘဘဦးအိုက်ခေါင် မျက်နှာ ကောင်း ...။ တစ်ခုခုကို လန့်သလိုလိုဖြင့် အိမ်ကြီးကို ဟိုဟိုသည်သည် ကြည့်ရင်း မလုံမလဲချိတ်ပေးခြင်းပါ ...။ ကျောမလုံသလိုကြီးဖြစ်နေ သည်။ တစ်ယောက်ယောက်က တစ်နေရာဆီမှရပ်၍ မကျေမနပ်ကြည့် သည်ဟု ထင်နေသည့်ပုံမျိုး ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မမလေး မျိုးမမထားပေါ့ ရှင်မွေ့ရယ် .. ဘယ်သူရှိမလဲ .. သူ့ကို အစ်ကိုကြီးက သတ်တာမို့ .. စိတ်နာတယ် .. အစ်ကိုကြီးရဲ့ အချစ်တွေက .. မမလေးသီရိ အပေါ်မှာပဲ ပုံအောရှိခဲ့ပြီး .. မုဆိုးဖိုဘဝမှာ လက်ထပ်ခဲ့ပေမယ့် .. မျိုးမမထားကို အရင်မယားဖြစ်တဲ့ .. ကွယ်လွန်သူ ဒေါ်သီရိလောက် .. မမလေးသီရိ လောက် မချစ်ဘူးဆိုပြီး အစကတည်းက စိတ်နာနေတာလည်း ရှိတယ်တဲ့ .. အဲဒါကြောင့် .. ဖြုတ်သိမ်းထားတယ်လို့တော့ မမလေးနန္ဒာ ပြောပြခဲ့ပါရဲ့ .. ဒီအိမ်ကို ဒေါ်လေး အလုပ်ဝင်တော့လေ .. ဒါပေမယ့် .. အဲဒီအခန်းထဲ ဖြုတ်သိမ်းထားမှန်းတော့ မသိတာ အမှန်ပါ မိန်းကလေးရယ် .."

ဟု ဖော်ကောင်လုပ်လာသည်။ ရှင်မွေ့ ထင်သည့်နယ်ပင် ဒေါ်နန္ဒာမှူးသည် ဤပန်းချီကားတွေကို ဖြုတ်သိမ်းခဲ့ခြင်းပါတကား ..။

"အေးလေ .. ဒါပေမယ့် .. အဲဒီ ဒေါ်မျိုးမမထားလည်း .. မရှိတော့တာပဲဥစ္စာ .. သူက မကျေနပ်လည်း .. ဘာတတ်နိုင် .. လုပ်နိုင်မှာမို့လို့ လဲ ဒေါ်လေးနန်းခက်ရဲ့ .."

"အံမယ်လေးလေ .. တိုးတိုးပြောပါကွယ် .. သူက .. သူက မကျွတ်မလွတ်ဖြစ်နေတာ မိန်းကလေးရဲ့ .. သူက .. သူက .. ဒီအိမ်ကြီးထဲ သွားလာနေတာတဲ့ .. နာမည်ကြီးလို့ .. အဲသလိုရှိလို့ .. အားလုံးက ဒီအိမ်ကြီးကို .. ပိတ်ထားခဲ့တာ ကြာပေါ့ပဲကွယ် .. ခုမှ .. အစ်ကိုလေး မိုးနဒီ က ဒီမှာနေချင်တယ်ဆိုလို့ .. ပြန်ပြီး လူသူနေကြရတာတဲ့ .. အို - အဲသလို မကျွတ်မလွတ်ဖူးဆိုတာက .. မမလေးနန္ဒာ က ဖွင့်ပြောတာ မဟုတ်ပါဘူး .. မမလေးထားကို တွေ့ရတယ်လို့ အရင်တုန်းက ဒီမှာ ထမင်းချက်ခဲ့တဲ့ ဒေါ်နန်းမွေ့ က ဈေးဝယ်ရင်း ဈေးထဲမှာ လူတွေ ပြောပြဖူးတယ်တဲ့ .. မြို့ထဲမှာလည်း နာမည်ကိုကြီးလို့ .. အဲဒီအခါ တုန်းက .. အစိမ်းသေသေတာကလည်း လတ်လတ်ဆတ်ဆတ်အခါ ဆိုတော့ .. ပြောကြသမှ .. သောက်သောက်လဲ .."



စုမှ လန့်လန့်ဖြင့် ကတုန်ကယင်ကြီး သွန်၍ ပြောနေသည့် ဒေါ်လေးနန်းခက် ကို ရှင်မွေ့ ငေးကြည့်နေမိရင်းမှ ..

"ဒေါ်လေး မြင်ဖူးလို့လား .. သူ့ကိုလေ .. ဝိညာဉ် ဒေါ်မျိုးမမထား.. ခင်း .. မမလေးထား ကို .."

ဟု မေးတော့ ကျောချမ်းသလို မော့ခနဲကြည့်ကာ ..

"မြင်ဖူးမှာ လန့်လို့ .. အိပ်ဆေး သောက်အိပ်သပေါ့ကွယ် .. ဟို.. ဦးအိုက်ခေါင် လည်း အဲသလိုပဲ အိပ်ဆေးသောက်အိပ်တာပဲလေ.. အို .. အို .. မြင်ဖူးမှာကို လန့်နေတာပေါ့ .. မမြင်ပါရစေနဲ့ .."

ဟု လက်တကာကာဖြင့် ပြောရှာ၏။ အိပ်ဆေးတန်ခိုးဖြင့် တူဝရီးနှစ်ယောက် ညဘက်မှာ အပြတ်အိပ်နေကြပုံတော့ရသည်။

ရှင်မွေ့ ဘာကိုမျှ ဆက်မမေးတော့ပါ ..။

အိမ်ကြီးကို ဝေ့ခနဲကြည့်ကာ ..

"တပ်လက်စခန်းဆီးတွေကို ဆက်တပ်လိုက်နော် .. ရှင်မွေ့ အိမ်သည့်ခန်းကို ဖုန်စုပ်စက်နဲ့ ကော်ဇောတွေ ထပ်သန့်လိုက်ဦးမယ် .."

ဟု ပြောကာ ဖုန်စုပ်စက်ကို ခမ်းကြည်လေးနှင့် အယူခိုင်းလိုက်ရသည်က ရှင်မွေ့ပါ ..။ ဒေါ်လေးနန်းခက်တို့ တူဝရီးနှစ်ယောက် ခန်းဆီးတွေ ဆက်တပ်နေကြ၏။ တစ်အောင့်ကြာတော့ ဘဘအိုက်ခေါင် ရောက်လာကာ ခန်းဆီးတွေ တူတူလိုက်၍တပ်ပေးနေသည်။

ဘဘအိုက်ခေါင် ၏ အကြည့်က .. စောစောက ချိတ်ခဲ့ရာ ပန်းချီကားဆီသို့ ကွက်ကြည့်ကွက်ကြည့်ရှိနေ၏။ ပြီးတော့ .. အိမ်ကြီး၏ လှေကားထိပ်တံခါးဆီသို့လည်း မလုံမလဲ ကြည့်ပြန်၏။ ဧည့်ခန်းသို့ အဝင်တံခါးနေရာမှ တစ်ယောက်ယောက် ရပ်၍နေသည့်ပုံ ..။ တစ်ယောက်ယောက် ဝင်လာသည့်ပုံမျိုးဖြစ်နေသည်။ တကယ်က .. ဘာအရိပ်အယောင်မျှ ..။ သူတို့အခေါ် မမလေးထားကို လန့်နေကြခြင်းဆိုတာ ရှင်မွေ့ သိလိုက်မိရသည်ပါပဲ ..။

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း ရှင်မွေ့ ၏ အမြင်အာရုံထဲမှာ .. မနေ့ည သန်းခေါင်ကျော်မှာ မြင်ခဲ့ရပါသည့်ပုံရိပ်တစ်ခု ပေါ်လာပြန်ပါချေ၏။

စံကားပင်အောက်ဆီမှ ပုံရိပ် ...။

သြော် .. လူတကာတို့က .. ထိုပုံရိပ်သည် .. မမလေးထား၏ ပုံရိပ် ဟု ဆိုကြပါ၏။ ခင်ပွန်းသည်ကို စိတ်နာသော မမလေးထား ...။

ပြီးတော့ .. မနာလိုခြင်း .. မုန်းတီးယှဉ်ပြိုင်လိုခြင်းများဖြင့် ဒေါ်သိန်း အပေါ် စိတ်ထားတို့ ဖြစ်တည်ခဲ့ရာ မမလေးထား ...။

တကယ်ရော .. ထိုဝိညာဉ်သည် .. ထိုပန်းချီကားနှစ်ချပ်ကို ဤအိမ်ကြီး၏တံခါးဆီမှာ ရပ်နေရင်း ခါးသီးစွာမော့ကြည့်နေမည်တဲ့လား ..

သူ့ကဗျာစာနက ရှင်မွေ့ ၏စိတ်ဆီသို့ တိုးဝင်လာပြန်၏။

ဤမနက်မှာ သူ့အခန်းမှာ ရှင်မွေ့ ဖတ်ခဲ့ရပါသည့် စာသားများ

"စောစောက မြေလျှောင်လှုပ်လိုက်သလိုပဲနော် .."

ဖြုတ်ခနဲ ရှင်မွေ့ ဒေါ်လေးနန်းခက်ကို ပြောလိုက်တော့ အံ့သြသည် ဒေါ်လေးနန်းခက် ကြည့်လာသည်။ ဖုန်ရုပ်နေရာမှ ရှင်မွေ့ ဒေါ်လေးနန်း ၏ ဖြေသံကို ကြားလိုက်ရပါပြီ ...။

"အိမ်အလုပ်ထဲ စိတ်နှစ်နေလို့လားတော့ မသိပါဘူး မိန်းက ရယ် .. မြေလျှောင်လှုပ်လိုက်တယ်လို့တော့ .. ဒေါ်လေး သတိမထား ဘူး .. အို .. လှုပ်မယ်မထင်ပါဘူးကွယ် .."

ဟု ဖြေလာမိုက် ...။ ရှင်မွေ့ မြင်လာမိသည်က .. ပန်းချီဆွဲ တွေ ပြုတ်ကျလဲပြိုခြင်း။ သွေးစက်စွန်း ပန်စံကားပွင့်တို့၏ ကြွေ ရာ မြက်ခင်းပြင်ရှိ ပန်းကြွေပန်းချီကား၏ ကြမ်းပေါ် ပက်လက် မှ ...။ အိမ်ပြတင်းဘောင်တွေဆီမှ ညှိညှိညံညံ အသံတွေမြည်နေ အခန်းရှိပစ္စည်းတွေဆီမှ အသံတွေထွက်နေမှု ...။ ထိုအချိန်သည် ပန်းချီကားတွေကို ရှင်မွေ့ ထုတ်ခဲ့ချိန်မှာပဲ ဖြစ်ချေ၏။ ကြည့်ခဲ့ ပဲဖြစ်ချေသည်တကား ...။



မြေလျှောင်လှုပ်လိုက်တာပါ .. ဟု ရှင်မွေ့ ဆုံးဖြတ်နေမိချိန်မှာ.. စိတ်၏ခံစားရာတွေကို

လူတွေက ...

ပန်းလေးတွေကို စေပါးရင်း

စကားလေးတွေကို ဖွင့်ဟရင်း

တေးဂီတကို တီးခတ်ရင်း

စာပေတွေ ရေးသားရင်း

ပြောပြတတ်ကြတယ် ...။

ဒါဆို ....

တမလွန်ဆိုတဲ့အရပ်မှာ ရှိသူတွေကရော

ပန်းတွေ .. ဂီတသံတွေ

ခြေသံတွေ .. ပုံရိပ်တွေနဲ့

ပြောပြတတ်ပါသလား ...

ပြောပြနိုင်ကြပါသလား ... ။

သူ့စာနုနုသည် ရှင်မွေ့ထံသို့ .. ပန်းစံကားနံ့တို့နှင့်အတူ တစ်ကျော့ ၍ အာရုံထဲ တိုးဝင်လာပြန်ချေသည်တကား ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ပေါ်တီကိုအောက်ဆီမှ စက်ဘီး၏ ဘရိတ်ဆွဲရပ်လိုက်သည့် အသံ ... ရှင်မွေ့ တံခါးဘက်ဆီသို့ လှည့်လိုက်မိချိန်မှာပင် ကျွန်းတံခါးရွက်ကြီး ... ကို ဖွင့်လာသည့် သူ့ကို မြင်လိုက်ရသည်။ ပေါ်တီကိုအောက် ... ဒေါက်ထောက်ရပ်ထားပါသည့် စက်ဘီးကိုလည်း ရှင်မွေ့ တွေ့လိုက် ... ပါ၏။ သူ့လက်က တံခါးရွက်ကိုကိုင်၍ ဖွင့်ထားသည့် အနေအထ ... ဆီမှ လက်လွှတ်လိုက်သည်မို့ တံခါးရွက်က ဖြည်းဖြည်းချင်း ပြန်ပိ ... သွားပြီ ...။ သူ့ခြေလှမ်းတွေက တစ်စုံတစ်ရာ၏ ညှို့ငင်မှုနောက် ဆီ ... မျောပါလာသည့်နှယ်ဖြစ်နေသည်။ ခြေလှမ်းတိုင်းက ခပ်ဆိုင်းဆိုင်း ... နေ၏။ အကြည့်က ပန်းချီကားထက်မှာ မရွေ့မလျားကြီးရှိနေ ... မျက်ဝန်းတွေမှာ မြင်လိုက်ရသည့် ခံစားချက်တွေက ရုတ်ခနဲ ရုတ် ... ပြောင်းနေသည်။

ပထမ .. တမ်းတလွမ်းဆွတ်ရိပ် ...။ နောက်တော့ ကြေကွဲရိပ် ... နောက်တော့ .. ဘယ်လိုမှ မထင်မှတ်နိုင်လောက်အောင် မြန်ဆ ... ပြောင်းလဲသွားသည်က ချောက်ချားနာကျင်ရိပ် ...။ သူ့လက်တွေ ... ဆုတ်ခါနေသည်။ လက်ဖျားတွေ တုန်ခါနေ၏။ လက်ဖဝါး ... ရုတ်ခနဲ လက်သီးဆုပ်အဖြစ်သို့ ပြောင်း၏။ နောက်တော့ လက် ...



တွေ ပြန်၍ပြန့်သွားကာ လက်က လက်သီး ဆုပ်ချေဖြန့်ချေဖြင့် မငြိမ်မသက်ဖြစ်လာပြန်သည်။ ပြတင်းခန်းဆီးတွေ တပ်နေသည့် ဒေါ်လေးနန်းခက်နှင့် ခမ်းကြည် တို့သည်လည်း လုပ်လက်စအလုပ်တွေ ရပ်ကုန်ကြကာ သူ့ကို ငေးစိုက်ကြည့်နေကြပြီ ...။ အထူးသဖြင့် ဒေါ်လေးနန်းခက်၏အကြည့်တွေထဲမှာ စိတ်ပူပန်ကြည့်တွေ ပါလာနေကြသည်ဟု ရှင်မွေ့ထင်သည်။ ခန်းဆီးတပ်စရာတွေ သိပ်မကျန်တော့ပြီမို့ ဘဘ ဦးအိုက်ခေါင်လည်း သစ်ခွပန်းတွေ ထပ်ပျိုးဖို့ ထွက်သွားပြီ။ ဧည့်ခန်း မှာ ယောက်ျားသား ဘဘရှိလျှင် ကောင်းမည်ပဲဟု ရှင်မွေ့ အားကိုးစိတ်ဖြင့် တွေးမိရပါ၏။ သူ .. ဘယ်သူ့ဘယ်သူကိုမှ စကားပြောလာတာ မရှိ ...။ ပန်းချီကားဆီမှာပဲ အကြည့်က တန့်နေသည်။ တောက်လျှောက် လှေကားရှိရာသို့ သူ လျှောက်သွားကာ...။ လှေကားထစ်တွေကို တစ်ထစ်ချင်း အားယူတက်နေ၏။

ဤမျှထိ မြန်ဆန်းလွန်းစွာ သူ့ထံမှ အားအင်တွေ လျော့ကျကုန်မည်ဟု ရှင်မွေ့ မထင်ထားမိ ...။ သူ့ခြေလှမ်းအရွေ့သည် အနိုင်နိုင်ဟန်ဘက်ကို ပြောင်းလဲလာနေချေသည်တကား ...။ သူ့လက်တွေက ဘေးတစ်ဖက်ဆီသို့ တွဲလွဲကျနေသည်။ တကိုယ်လုံးကို ပျော့ဖတ်ငြိမ်ကျစွာ တွဲရရွဲနိုင်နေသည်။ မရွေ့မလှုပ်ပဲရှိနေသည့်လက်တွေက သူ့ဘေးတစ်ဖက်စီမှာ ကပ်နေ၏။

လှေကားထောင့်ချိုးကွေ့နေရာမှာ သူ ရပ်သည်။ မော့၍ ပန်းချီကားနှစ်ချပ်ကို မျက်တောင်မခတ် မော့ကြည့်နေ၏။

"ဖေဖေ .. မေမေ .."

သူ့ထံမှ အက်ကွဲစွာပွင့်ကျလာသည့်အသံ ...။ ရှင်မွေ့ ကမန်းကတန်းပြေးတက်လာမိရပြီ။ သူ .. သူ .. တစ်ခုခုဖြစ်တော့မည်ဟု နားလည်လာမိရင်းမှ ပြေးတက်လာမိခြင်း ...။ ရှင်မွေ့ သူ့ဘေးသို့ရောက် ချိန်မှာ သူ့အကြည့်တွေက မရွေ့မလျားကြီး ပန်းချီကားတွေထက်မှာ တန့်ငြိမ်

www.burmeseclassic.com

www.burmeseclassic.com



နေမြဲ ..။ မျက်နှာထက်မှာ အတန်မျှ သွေးရောင်ဖျော့နေသည်ဟု ရှင်မွေ့ ထင်လာသည်။ ရုတ်ခနဲ သူ့လက်တွေက ပန်းချီကားရှိရာ နံရံကို အားယူ ထောက်လိုက်ပါ၏။ ရှင်မွေ့ သူ့ကို ဘေးမှ ပူပန်သလဲ ဖေးထိန်းလိုက်နိုင် သည်က အချိန်မီရုံလေးပဲရှိပါ၏။ သူ့ဒူးတွေ ညွတ်ပြိုကျလာနေသည်။ နံရံမှာ ဖေးထောက်ထိန်းထားသော သူ့လက်ဖဝါးတွေကလည်း လျှောတိုက် ၍ အောက်ဘက်ကို ပြိုကျပါလို့လာနေပြီ ..။

"ဒေါ်လေးနန်းခက် .. ဘဘဦးအိုက်ခေါင် ကို ခေါ်ပါ .. မြန်မြန် ခေါ်ပါ .. အစ်ကိုလေးကို သူ့အခန်းပို့မှ ဖြစ်မယ်ထင်တယ် .."

သူ့ဟန်က ထိန်းသိမ်းနိုင်စွမ်းမရှိသည့်နှယ်ဖြစ်နေသည်။ သူ့စိတ်ကို လည်း ထိန်းထားနိုင်ပုံမရ ..။ သူ့ကိုယ်ကိုလည်း ထိန်းထားနိုင်စွမ်း မရှိ.. စိတ်လှုပ်ရှားမှု၏ ခံစားမှုအပြင်းစားအောက်မှာ နစ်မြုပ်နေသည့် လူတစ် ယောက် ဖြစ်နေသည်။ သူ လှေကားထောင့်ဆစ်ချိုးအခင်းနေရာ ကွက် လပ်လေးမှာ ခွေခွေခေါက်ခေါက် ထိုင်လျက်သားဖြစ်နေချိန်မှာ ရှင်မွေ့ စိတ်ပူနေရတာက တစ်ကိုယ်လုံး အမျိုးခံထားရသည့်နှယ် ရှိကုန်ရပါ ပြီ..။ သူ့ကို ထိန်းပွေ့ထားရင်း ရင်ထဲမှာလည်း နောင်တအကြီးအကျယ် ရမိကုန်ပြီ။ ဤပန်းချီကားနှစ်ချပ်ကို ရှင်မွေ့ ချိတ်မိခြင်းသည် ကြီးမား သော မှားယွင်းမှုကြီးဖြစ်ကုန်ပြီကောလေ ..။ ပေါ့ပါးစွာ စက်ဘီးစီး၍ ပြန်လာသည့် သူ့ကို ကြေကွဲချောက်ချားခြင်းတွေ ခုန်ပျံလူးလွန့်စွာ သူ့ ရင်ထဲ တိုးဝင်ကုန်အောင် ဤပန်းချီကားက ပြုလုပ်ခဲ့ပြီကောလေ.. မိဘနှစ်ပါးကို တမ်းတကြေကွဲစွာ မော့ကြည့်ရင်း ထိခိုက်ခံစားမှုတွေ ချုံးချုံးချလောက်အောင် သူ အပြင်းအထန်လက်ခံလိုက်ရမည်ဟု ဤ အဆင့်အထိတော့ ရှင်မွေ့ မမျှော်လင့်ထားမိ ..။ သူ ကြည်နူးသွားမည် ဟု၍ မျှော်လင့်ထားမိခဲ့သည်လေ ..။ မိဘနှစ်ပါး၏ပုံကို မြင်ရသည့် အသား သားသမီးသည် ရင်ထဲ ဤမျှထိ ဖြုန်းဖြုန်းကျေမျှ ထိခိုက်ချောက်ချား ရမည်ဟု ထင်မှတ်စရာကိုမှရှိ ..။



"ဖေဖေရေ .."

သူ့လက်က ပန်းချီကားဘက်ကို ငေ့ယမ်း၏။ သူ့ကိုပွေ့ထားရင်း ရှင်မွေ့ မျက်ရည်ကျလာသည်။

"ဖေဖေ ဒုက္ခရောက်ရတာ .. သား .. ကြောင့် .. သား .. ကြောင့်.."

သူ့နှုတ်မှ ထွက်နေသည့်အသံက မရှိမဆုံနိုင်နေသည်။ ယူကျုံးမရ နိုင်နေသည်။ နောင်တတွေက ရင်ကို ထုရျေနေသည့်ဟန် ရှိနေသည်။ သူ့မျက်တောင်ထူထူကြီးတွေက တဖျပ်ဖျပ်ခတ်နေ၏။ မြင်းစီးနေသည့် ခင်၏ ခါးနေရာမှာ အကြည့်က တန့်နေသည်။ ရှင်မွေ့ မော့ကြည့်တော့ ခါးမှာချိတ်ထားသည့် သေနတ်တစ်လက် ..။ အနက်ရောင် သားရေဖြင့် ချုပ်ခစ်စွာရှိနေသော သေနတ်အိမ်ထဲမှာ ရှိနေသည့် သေနတ်ဒင် ..။ ထို သေနတ်သည် ဆင်စွယ်ရိုးတပ် လက်ကိုင်ဒင်ဖြစ်နေပါ၏။

"အဲဒီဒင်မှာ .. လက်တင်ထားခဲ့တာ .. ငါ .. ငါပါ .. ငါပါ.."

သူ့ ပြောချင်းမှ အသံက ရုတ်ခနဲ တိုးညင်းစွာ ကလေးတစ်ယောက် အသံဘက်ကို ပြောင်းလာပြန်၏။ ဘေးမှာ ဘယ်သူမှမရှိ..။ ရှင်မွေ့ တစ်ယောက်ပဲရှိနေသည်။ ဒေါ်လေးနန်းခက် က ဘဘဦးအိုက်ခေါင် ကို သွားခေါ်နေချိန် ..။ ကလေးဖြစ်သည့် ခမ်းကြည်လေး ကလည်း တက်ကို လာရဲ ..။ ညှိခန်းမှပင် မရှိတော့ပြီ ..။ ကြောက်၍ ခြံထဲမှာ ငြိမ်ကုပ် နေပြီထင့် ..။

"ကိုမိုးနဒီမောင် .. အစ်ကိုလေး .. သတိထားလေ .. သတိထားပါ ရှင် .. ရှင်မွေ့ တော့ဖြင့် .. ဒီပန်းချီကားနှစ်ချပ်ကို ခမ်းနားထည်ဝါတဲ့ လက်ဆောင်ကြီးတစ်ခုအဖြစ် .. ဒီနေရာမှာ .. မိုးမခအတွက် ချိတ်ထားမိ တာ အမှားကြီးမှားပြီထင်ပါရဲ့ .. ကျွန်မ .. ကျွန်မလေ .. ကိုယ့်ကိုယ်ကိုယ် ဖြစ်တင်မိရတော့တာပါပဲ .."

ရှင်မွေ့ နောင်တဖြင့် ပြောမိရင်းမှ မျက်ရည်တွေ ဖြိုင်ကျလာတော့ သူ့အကြည့်က ရှင်မွေ့၏ မျက်နှာလေးထက်မှာ မရွေ့မလျား ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်ဝန်းတွေ နူးညံ့လာသည်။ ကြင်နာရိပ်တွေ ပြည့်သိပ်လာ
သည်။ သနားစိတ်ဖြင့် မော့ကြည့်နေသည့်ဘက်ကို ကူးလာနေသည်
လောလောဆယ်မှာ သူ့ခံစားချက်တွေက ပြောင်းလဲလာကုန်၏။ စော
က ခံစားနေရသည့် ကြေကွဲချောက်ချားမှု၏ အငွေ့အသက်တွေသည်
သူ့မျက်နှာထက်ဆီမှ ပျောက်လွင့်ကုန်ကြကာ ရှင်မွေ့ကို သနားကြင်
စိတ်ဖြင့် ငေးစိုက်ကြည့်နေသည့် နူးညံ့သောအရိပ်တွေက သူ့မျက်
ထက်မှာ ပြောင်းလဲနေရာယူလာနေပြီ …။

"ဖြစ်ရလေ .. မင်း ငိုနေတယ် .. ကိုယ့်ကြောင့် မင်း ငိုနေရတ
ကွာ .."

သူ့နှုတ်ဆီမှ ခပ်ညည်းညည်းပြောလိုက်သံ …။ သူ့လက်တွေက ရှင်
၏ မျက်ရည်စက်တွေကို နူးညံ့စွာ သုတ်ပေးလာနေသည်။

ထိုစဉ်နိုက် အိမ်တံခါးဝဆီမှ …

"ဘယ်လိုလုပ်လိုက်တာလဲ ရှင်မွေ့သာ .. ဟင် .. အဲဒီပန်းချီကာ
တွေကို .. ဒီဒီလေး မြင်ရင် .. ခုလိုဖြစ်မှာစိုးလို့ ငါ သိမ်းထားခဲ့တာ
ခုကျတော့ .. ညည်းလက်ချက်ကြောင့် .. ငါ့ဒီဒီလေး .. ရင်ကွဲရင်
ခံစားရပြီ .. တော်သေးတာပေါ့ .. ငါ ပြန်လာမိလို့ .. ပြန်လာမိလို့
ညည်းကို .. အလုပ်ဖြုတ်ပစ်ပြီဆိုတာ မြမြနားလည်ထား .. အထုပ်အ
ပြင်ပြီး .. အမြန်ဆုံးသာ ဒီကယွန်းပေတော့ .. အို .. အို .. ဘာဆင်
ကိုမှ ငါ မလိုချင်ဘူး .. ညည်း အဲဒီပန်းချီကားဘောင်တွေ ဆေးကြေ
မှန်တွေကြည်အောင်သုတ် .. ပန်းချီကားတွေထည့်နေတာမြင်ကတည်
က .. စိတ်ပူပြီး .. နန်းခက် ငါ့ကို ကြိုးဖုန်းနဲ့ ဟိုတယ်ကိုဆက်တာ.. အဲ
မှန်ကုန်တာပါပဲလား .. ငါ မှာထားခဲ့တယ်လေ .. တစ်ခုခု ထူးခြားရင်
ငါ့ကို ဖုန်းဆက်လို့ .. အဲဒါ .. ညည်း ပန်းချီကားတွေ ထည့်မယ် ပြုမ
ဟိုဘက်အခန်းမှာ အလုပ်များနေချိန် ငါ့ကို နန်းခက် ဖုန်းဆက်လာ
အလွန်သင့်လျော်တဲ့အလုပ်ပေပဲ .. နန်းခက် .. ညည်း တော်တယ် ..



ဟု ပြောလည်းပြော …။ ဒေါ်သတကြီးဖြင့် ဧည့်ခန်းထဲ ဒေါင်းတင်
မောင်းတင် ဝင်လာသည်က ဒေါ်လေးနန္ဒာမှူး ပါတကား …။ ရှင်မွေ့
ကြည့်လိုက်မိသည်က ဒေါ်လေးနန္ဒာမှူး နောက်ပါးမှာ ရပ်နေသည့်
ဒေါ်နန်းခက် ကိုပါ …။ ဒေါ်လေးနန်းခက် မှာလည်း မနေတတ် မထိုင်
တတ်ဖြင့် အနေကြပ်နေသည့်ပုံဖြင့် မျက်လွှာချရပ်နေသည်။ ရှင်မွေ့
ကို မကြည့် …။ တမင် မကြည့်ဘဲနေနေတာလည်း သိသာနေသည်။
ရှင်မွေ့ ဤ မိုးမခမှ 'ထွက်ခွာရတော့မည့်ကိစ္စအထိ ဖြစ်ကုန်သည်မို့
ဒေါ်လေးနန်းခက် လည်း ပို၍ အနေခက်နေပုံရပါ၏။ ဘာတတ်နိုင်မည်
တဲ့လဲလေ …။ အလုပ်ဖြုတ်ခံရခြင်းကလည်း ရှင်မွေ့ ၏ အကင်းမပါး
သော မသိဆိုးဝါးသည့်အမှားကြီးကြောင့်ဖြစ်နေသည်မို့ …။ ရှင်မွေ့ ..
ဤမိုးမခမှ .. ထွက်ခွာသွားရုံမှတစ်ပါး အခြားလမ်းလည်း မရှိတော့တာ
အမှန်ပါ …။ ဒေါ်လေးနန္ဒာမှူး ကိုလည်း အပြစ်မတင်ပါ …။ တူဖြစ်သူ
အတွက် စိတ်ပူပေါက်မှုဖြင့် ပြောခြင်းပေပဲလေ …။

လှေကားထစ်တွေကို ခြေလှမ်းသွက်သွက်ဖြင့် စိတ်နောက်ကိုယ်
ပါ မြန်ဆန်လွန်းစွာ တက်လာပါသည့် ဒေါ်လေးနန္ဒာမှူး၏ အကြည့်က
မုန်းတီးခြင်းတွေ ပြည့်သိပ်စွာဖြင့် ရှင်မွေ့ထံမှာ သက်ဆင်းနေသည်။
ပြီးတော့ .. သူ့ထံသို့ စိုးရိမ်သည့်အကြည့်တွေဖြင့် ခံစားချက်၏အငွေ့
အသက်တွေက ရုတ်ခြည်းပင် ယူပြောင်းလိုက်သည့်နှယ် သူ့ထံ ရောက်
သွားပြန်၏။

"ကလေး .. ဒီဒီလေး .. ဖြစ်ရလေကွယ် .. ငါ့တူလေး .. ငါ့သား
လေး .. အရမ်းခံစားရရှာပြီကောကွယ် .. ဖယ်စမ်း .. ညည်းလက်တွေ.."

ကြမ်းတမ်းစွာ ရှင်မွေ့ ၏လက်တွေကို ပုတ်ထုတ်ပစ်ရင်း ဒေါ်လေး
နန္ဒာမှူး သူ့ကို မွေ့ပိုက်လိုက်ချိန်မှာ သူ ခေါင်းခါသည်။ ကိုယ်ကိုမတ်
သည်။ စိတ်သောကဖြစ်နေသည့် အဒေါ်၏လက်ကို ထွေးဆုပ်သည်။

"ကြည့်စမ်း .. ငါ့ဒီဒီလေး .. ပုံပုံလဲအောင်ကို ဖြစ်ကုန်ပါရော

www.burmeseclassic.com

www.burmeseclassic.com



လားကွယ် .. အဲဒါ ညည်းကြောင့်ဟဲ့ .. ငါလေ .. ရင်ထဲရှိရာအတိုင်း လုပ်ခွင့်ရရင် .. ပါးတောင်ရိုက်ပစ်ချင်ပါရဲ့ ..''

မာကျောကျောအပြောသည် အပြစ်တင်ကြည့်ဖြင့် ခါးသီးစွာ ရှင်မွေ့ထံ စုပြုံသက်ဆင်း၏။ ရှင်မွေ့ ဒေါ်လေးနန္ဒာမှူးကို တောင်းပန်သည့်အကြည့်လေးဖြင့် ကြည့်ကာ ဖြည်းညင်းစွာ ထရပ်လိုက်မိရပါပြီ..။ ဤနေရာမှခွာမည်။ အဝတ်အစားသိမ်းဖို့ရှိသည်လေ ..။

''ကျွန်မကြောင့် ဒီလောက်အထိဖြစ်ကုန်ရတဲ့အတွက် .. ကျွန်မ တောင်းပန်ပါတယ် ဒေါ်လေးနန္ဒာ .. မသိဆိုးဝါးတဲ့ ကျွန်မရဲ့ ချို့ယွင်းမှု တစ်ခုဟာ .. ဘယ်လောက်ထိ လူတစ်ယောက်ကို ထိခိုက်ခံစားစေရတယ် ဆိုတာ မြင်လိုက်ရတာမို့ .. သင်ခန်းစာတစ်ခုကိုလည်း ကြီးကြီးမားမား နောင်တနဲ့အတူ ရလိုက်ပါတယ် .. ကျွန်မ .. အခုပဲ မိုးမခက.. ထွက် သွားပါ့မယ် ..''

ရှင်မွေ့ မျက်လွှာချ၍ပြောခိုက်မှာ ..

''မင်းကို .. ငါက .. အလုပ်ဖြုတ်လိုက်ပြီလို့များ ပြောမိခဲ့လို့လား ရှင်မွေ့သာ ..''

သူ့နှုတ်ဆီမှ ပြတ်သားရှင်းလင်းစွာ ပွင့်ကျလာသံ ..။ ရှင်မွေ့ သူ့ကို ခုမှကြည့်မိသည်။ သူ ထိုင်နေလျက်ပုံစံမှ ထရပ်လိုက်ပြီ ..။ ရှင်မွေ့ ကိုလည်း တစ်ယောက်ဆီမှ တစ်ယောက်တည်းကိုပဲ ကွက်၍ကြည့်နေ သည့် အကြည့်ဖြင့် စိုက်ကြည့်နေသည်။ သူ့မျက်ဝန်းတွေမှာ စိတ်ထိခိုက် ရိပ်တွေရှိနေ၏။ ပြီးတော့ .. ရှင်မွေ့ ကို .. တားမြစ်နေသည့်အကြည့် ကလည်း ရုတ်ခနဲ ဖြစ်တည်လာပြန်သည်။ ခေါင်းမာသောအကြည့် တစ်ခုသည် ဤမျှအထိ မြန်ဆန်လွန်းစွာ ပြောင်းလဲဖြစ်တည်လာနိုင်မည် ဟုပင် မထင်ထားမိ ..။ စောစောက မျှော်တော့ညှိုးကျစွာ ကြေကွဲ နောက် သွန်၍မျောပါသွားသည့် အကြည့်တွေလည်း မရှိတော့ .. ရှင်မွေ့ ကို .. နူးညံ့သောအကြည့်ဖြင့် ကြည့်ကာ မျက်ရည်ကို တယုတယ



နူးညံ့စွာ သုတ်ပေးချိန်က မြင်ရသည့် အကြည့်လည်း ဖြစ်မနေတော့..။ ရှင်မွေ့ ကို မိုးမခမှ လုံးဝထွက်ခွာခွင့်မပြုနိုင်သည့် ခေါင်းမာသည့် အကြည့် ဘက်ကို ပြောင်းလာသည်။ ပြီးတော့ .. သူသည် .. တည်ငြိမ်ရင့်ကျက် နေသည့် လူတစ်ယောက်အဖြစ်သို့ ရောက်ရှိနေပြီ ..။ ရပ်နေသည်က ကိုယ်ကို မတ်ထားသည်။ ခြေထောက်တွေ၏ ရပ်တည်မှုကလည်း ခိုင်ခိုင် မတ်မတ်ရှိနေသည်။ စောစောကလို .. ဒူးတွေပျော့ညွတ် ကျသွားတာ မျိုးပင် တစ်ခါမျှ မရှိခဲ့ဖူးသည့်အတိုင်း ဖြစ်နေပြန်သည်။

''သူ့ခံစားချက်တွေက မိုးတိမ်တွေလိုပါပဲလား .. ချက်ချင်း .. လေတိုက်ရာအတိုင်း အသွင်ပြောင်းသလိုဖြစ်နေတယ် .. ရွှေ့လျား ပြောင်းလဲလွှင့်မျောကုန်သလိုဖြစ်နေတယ် ..''

ဟု ရှင်မွေ့ အံ့ဩမိရပြန်၏။

''ဒီဒီ ဘာမှမဖြစ်ပါဘူး ဒေါ်လေး ..''

ဟု အဒေါ်လုပ်သူကို သူ တစ်ချက်ကြည့်၍ပြောစဉ်မှာ ..

''မဟုတ်ဘူး ဒီဒီ .. ဒီအိမ်မှာ သူ့ကိုထားလို့မဖြစ်ဘူး .. သူ လုပ်ချင် ရာတွေ လုပ်ခွင့်ရတိုင်း .. ခုလို .. လုပ်လာမယ့်ကိစ္စတွေ .. ဘယ်လောက် ထိ ဆက်တိုက်ဖြစ်လာဦးမယ်ဆိုတာ မခန့်မှန်းနိုင်ဘူး .. သူဟာ .. ကောင်းသောလာခြင်း .. ကောင်းသောနေခြင်းဖြစ်စေမယ့် မိန်းကလေး မဟုတ်ဘူး ဒီဒီ .. သူဟာ ..''

''သူရှိမှဖြစ်မယ် ဒေါ်လေး .. သူလုပ်ချင်ရာကို မိုးမခမှာ .. သူ လုပ်မှဖြစ်မယ် .. ဒါမှ .. ပျောက်ဆုံးနေတဲ့ .. ကွက်လပ်တွေဟာ .. သောဒီခေါင်းထဲမှာ .. ကွင်းဆက်တွေအဖြစ် ပြန်ဆက်လာနိုင်မှာ.. ဒီ ခေါင်းထဲက ဦးနှောက်ထဲကို ရောက်လာနိုင်မှာ .. သူရှိနေဖို့ လိုအပ် တယ် .. ရှိနေမှဖြစ်မယ် .. အထူးသဖြင့် .. ကျွန်တော့်အတွက် လိုအပ် တယ် .. ကျွန်တော် ရှစ်နှစ်သားအရွယ်က ဖြစ်ခဲ့တဲ့ကိစ္စမှာ .. ကျွန်တော် ကိုယ်တိုင် ပြန်ဆက်ယူလို့မရ [illegible] မမှတ်မိခြင်းဆိုတဲ့ ကွက်လပ်

www.burmeseclassic.com

www.burmeseclassic.com



နေရာတွေ .. အဲဒီ ပျောက်ဆုံးနေတဲ့ အတိတ်ကပုံရိပ်တွေကို .. ကျွန်တော် ပြန်သိမှဖြစ်မယ် .. ပြန်သိချင်တယ် .. သိကိုသိမှလည်းဖြစ်မယ် .. ဒါကြောင့် ဟိုတယ်မှာမနေဘဲ .. ဒီမိုးမခမှာပဲ နေမယ်လို့ .. ကျွန်တော် အမေရိကားကပြန်မလာခင်မှာ .. တောင်းဆိုခဲ့တာပါ .."

သူ ခေါင်းကိုမတ်၍ ပြတ်ပြတ်သားသားပြောနေသည်။ စကားလုံးတိုင်းက ရှင်းလင်းနေသည်။ အံ့သြတုန်နေတာမရှိ ..။ မပီသတာ မရှိ..။ ခေါင်းမာသောအဆုံးအဖြတ်က သူ့မျက်နှာထက်မှာ ခပ်မာမာထင်နေ၏။

ပြောနေရင်းမှ အကြည့်က ရှင်မွေ့ထံ ရောက်လာသည်။

"မင်း သေသေချာချာနားလည်ထားဖို့ တစ်ချက်ပဲရှိတယ် .. ဒီမိုးမခမှာ .. မင်းကို အလုပ်ထုတ်ပစ်တယ်လို့ ပြောပိုင်ခွင့်ရှိသူ .. ဆုံးဖြတ်ပိုင်ခွင့်ရှိသူဟာ .. တစ်ယောက်တည်းပဲရှိတယ် .. အဲဒါ .. ငါပဲ ရှင်မွေ့သာ .. ငါကလွဲပြီး .. မင်းကို .. ဘယ်သူမှ .. အလုပ်ဖြုတ်တယ်လို့ ပြောလို့မရဘူး .. ငါကိုယ်တိုင်လည်း .. ဘယ်တော့မှ ပြောမှာမဟုတ်ဘူး .. ဒီတော့ .. မင်း .. ဒီမှာ .. ဆက်နေရလိမ့်မယ် ရှင်မွေ့သာ .. အထူးသဖြင့် .. ငါ့ကို ကူညီသောအားဖြင့် နေရလိမ့်မယ် .. ငါ့ရဲ့ ပျောက်ဆုံးလစ်ဟာနေတဲ့ အတိတ်ကအဖြစ်အပျက်တချို့ကို .. ပြန်မှတ်မိဖို့ ကြိုးစားနေရတဲ့ ဒီလိုအချိန်မျိုးမှာ .. မင်းကို လိုအပ်နေတယ် .. အလွန်တရာကိုမှ လိုအပ်နေတယ် .. ဘာလို့လဲဆိုတော့ .. ငါ တစ်ခုခုဖြစ်မှာ စိုးရိမ်ပြီး .. သိုသိပ်လျှို့ဝှက် .. သိမ်းဆည်းထားတဲ့အရာတွေ အမြောက်အမြား .. ဒီမိုးမခမှာ ရှိနေကြတယ်လေ .. ဥပမာ .. ခုလို .. ဖေဖေနဲ့ မေမေ့ ပန်းချီကားတွေလိုပေါ့ .."

ဟု သူ ဆက်တိုက်ပြောခိုက်မှာ သူ့လက်တွေက ရှင်မွေ့သာ ပခုံးပေါ် တင်လာသည်။

"မင်း .. ဒီအိမ်မှာ .. ငါ့အတွက် .. နေကိုနေရလိမ့်မယ် .. အတိတ်ဆိုတာကို .. ငါ အပျောက်မခံနိုင်ဘူး .. အမှန်တရားတစ်ခုကို ငါ သိ



ချင်မှ ဖြစ်မယ် .. ငါ့အတွက်ကြောင့် .. ဖေဖေဟာ အကျဉ်းထောင်ထဲမှာ .. ပြစ်ဒဏ်တစ်ခုကို .. ခံယူသွားရတယ်လို့ .. ငါ .. တစ္ဆေခြောက်ခံ ရသလို .. အသက်ဆက်ရှင်ရင်း မခံစားနေချင်တော့ဘူး ရှင်မွေ့သာ .."

သူ အသံကိုနှိမ့်၍ ပြတ်သားစွာပြောလာခိုက် ဒေါ်လေးနန္ဒာမှ စိတ်ထွေပူရင်း အောက်ဘက်ကို အလောတကြီးကြည့်၏။

"ဘာတွေပြောနေတာလဲ ဒီဒီလေးရယ် .. တော်သေးတာပေါ့ကွယ်.. အောက်ထပ်မှာများ နန်းခက် ဆက်ရပ်နေသေးလားလို့ ကြည့်လိုက်ရ တာကွယ် .. တော်သေးတာပေါ့ .. သူ မရှိလို့ .. ခက်တယ် ဒီဒီရယ် .. ဘာကို ဆင်ခြင်ပါ .. ဘာလို့ အဲသလိုပြောရတာလဲ .. အစ်ကိုလေး ဦးခမိုး ဟာ .. မမျှော်လင့်ဘဲ ပြစ်မှုတစ်ခုကို လုပ်မိခဲ့ရင်း .. အဲဒီ ပြစ်ဒဏ်ကို ခံသွားရတယ်ဆိုတာ ယုံကြည်ပေးစမ်းပါ .. စိတ္တဇလို ဦးနှောက်ထဲမှာ စွဲမနေချင်စမ်းပါနဲ့ .."

ဟု အသံကိုနှိမ့်၍ တိုးတိုးကျိတ်ကျိတ်ပြောလာသည့် ဒေါ်လေး နန္ဒာမျိုး ကို သူ ကြည့်သည်။

"ကျွန်တော့်အတွက် အဲဒီနေ့က .. အဖြစ်အပျက်တိုင်းကို .. ဘာ ကွင်းဆက်တစ်ခုမှ ပြတ်လပ်နေတာမျိုးမဟုတ်ဘဲ .. မှတ်မိနေဖို့ ဘာလို့ လိုအပ်ရမှာတဲ့လဲ ဒေါ်လေး .. ကျွန်တော့်ရဲ့မှတ်ဉာဏ်တွေထဲမှာ ပျောက် ဆုံးနေတဲ့အရာတိုင်းကို .. ကျွန်တော် .. ပြန်မှတ်မိနေချင်တယ်.. သိချင်နေတယ် .. အဲဒီကွင်းဆက်တွေကို ပိုပြီး .. ပျောက်ဆုံးကုန်အောင်.. ဒေါ်လေး မလုပ်ပါနဲ့ .. ဘာကိုမှ .. သိမ်းမထားပါနဲ့ .. ကျွန်တော့် မျက်ကွင်းရှေ့က မဖယ်ရှားပါနဲ့ .. အခုလိုပေါ့ .. ဖေဖေနဲ့မေမေ့ပုံကို .. ဒေါ်လေး ဒီမိုးမခရဲ့အိမ်နံရံတွေဆီက ပျောက်ကွယ်အောင် .. ဖြုတ်သိမ်း လိုက်တာမျိုးလိုပေါ့ .."

ဟု ပြောလာသည်က ပြတ်သားနေသည်။ ဒေါ်လေးနန္ဒာမျိုး က တော့ မျက်ရည်တွေကျလာနေရင်းမှ ..

www.burmeseclassic.com



"ဒီဒီလေး .. ရင်တွေကျေနေမှာစိုးလို့ .. ခံစားရမှာစိုးလို့ .. ဒေါ်လေး
သိမ်းထားတာပါကွယ် .. အမေကဒီဒီလေး ငယ်ကတည်းက မရှိတော့
ဘူး .. အဖေက .. လူသတ်မှုနဲ့ ထောင်ထဲမှာ ဆုံးပါးခဲ့ရတယ်.. အဲဒါတွေ
ကို .. ဒေါ်လေးက .. ဒီပုံတွေချိတ်ပြထားရင်းနဲ့ .. ဒီဒီလေး ပြန်ရော
ရောက်ချင်း .. ပုံတွေမြင်ရင် .. ကြေကွဲခံစားနေရမှာတွေကို.. လက်ပိုက်
ကြည့်နေရမှာတဲ့လား .."

"အဖေကို ဖျောက်ပစ်ရမှာလား ဒေါ်လေး .. အမေကို ရုပ်သိမ်း
ကွယ်ပျောက်ထားရမှာလား .. အမှန်တရားတစ်ခုဟာ .. အဖြစ်အပျက်
တစ်ခုဟာ .. ဖြစ်ခဲ့ပြီဆိုရင် .. အဲဒါကို ပန်းချီကားထဲက ပုံရိပ်တွေ
ဖျောက်လိုက်ရုံ .. ရုပ်သိမ်းထားလိုက်ရုံနဲ့ .. ပျောက်ကွယ်သွားနိုင်မှာ
မဟုတ်တာ .. လူတစ်ယောက်ရဲ့ အတိတ်သမိုင်းတစ်ခု .. သူ ကွယ်လွန်
သွားချိန်မှာ .. သူ့ပုံကို ဖျောက်ပစ်လိုက်တာနဲ့ .. ပျောက်မသွားနိုင်သလို
ကျန်ရစ်သူတစ်ယောက်ကလည်း .. အဲဒီပုံရိပ်ရှင်ကို .. မမြင်ရုံနဲ့
မေ့ပျောက်သွားနိုင်မှာလည်း မဟုတ်ပါဘူး .. ကျွန်တော်ဟာ .. မေ
မေမေ့ကို .. ပန်းချီကားထဲမှာ သိမ်းထားတာမဟုတ်ပါဘူး .. ရင်ထဲ
သိမ်းထားတာပါ .. မိုးမခမှာ .. ပန်းချီကားတွေ ပျောက်နေတယ်
ကျွန်တော် .. ရှင်မွေ့ကို ပြောခဲ့တယ် .. သူ ရအောင်ပြန်ရှာပြီး .. ဒီ
မှာ .. ချိတ်ထားတာပါ .. သူ .. အလွန်တော်ပါတယ်"

ဟု ပြောလာသည့် သူ့ကို ဒေါ်နှစ်မှာ မျက်ရည်ကျ၍ ကြည့်ရ

"အေးလေ .. ဒေါ်လေးရဲ့အချစ်ကိုမှ အပြည့်အဝမသိပေပဲကိ

ဟု ပြောကာ အောက်ထပ်သို့ ပြန်ဆင်း၍ ဆိုဖာရှည်ကြီးထဲ
ငေးငေးငိုင်ငိုင်ထိုင်နေ၏။ မျက်ရည်လည်းကျနေသည်။ ရှင်မွေ့
နေရကြပ် ထိုင်ရကြပ်ဖြင့် အဖွေ့သာဖြစ်လိုက်ချင်ပါပြီ။ ဤနေရာမှ
ပျောက်သွားချင်သည်လေ ..။ အလွန် မျက်နှာထားရကြပ်နေသည့်
ထဲ ကြပ်ထဲမှာ ရှင်မွေ့ စုန်းစုန်းမြုပ်နေရသည့်နှယ်ရှိ၏။ ဒေါ်လေး



အကြည့်တိုင်းက ရှင်မွေ့ကို ခါးသီးမုန်းတီးနေသည့်နှယ်ပင် ရှိနေသည်
လေ..။ သူ .. ရှင်မွေ့၏လက်ကို ဖျတ်ခနဲဆွဲယူလိုက်သည်က မထင်
တ်နိုင်ခင်မှာပဲဖြစ်တည်လာသည်။ ခုလို .. သူ့လက်ကို ဆွဲယူ၍ အပေါ်
ပ်သို့ တူတူတက်ရအောင် ခေါ်တက်လာမည်ဟုလည်း မထင်ထားမိ ..။

"လက်ကိုမရုန်းနဲ့ ရှင်မွေ့ .. မင်းဟာ .. ငါ့ကိုကယ်နိုင်မယ့် တစ်
ယောက်တည်းသော ကောင်မလေးပဲ .. ငါ .. ငါ့ရဲ့အတိတ်ထဲက အဖြစ်
အပျက်တချို့ကို သိဖို့လိုနေသလို .. ငါ့အတွက် .. ကူညီဖော်လည်း လိုအပ်
နေတယ်ဆိုတာ မမေ့ပါနဲ့ .."

သူ တောင်းပန်သံဖြင့်ပြောလာခြင်း ..။ မော့ကြည့်မိတော့ သူ ပြော
သကို လက်ခံပေးဖို့ရာ ငံ့မိုးကြည့်နေသည့် နူးညံ့ခယသော မျက်ဝန်း
စုံနှင့် ဆုံ၏။

"ငါ့ကို .. ပြသင့်တာအားလုံး ပြပါ .. အဲဒီနေရာကို ခေါ်သွားပါ..
ရှစ်နှစ်သားအရွယ်က .. ဒီမိုးမခမှာ .. ဘာတွေဖြစ်ခဲ့တယ်ဆိုတာ
ါ မှတ်မိအောင် .. ဒေါ်လေး ကြိုးစားနေခြင်းဟာ .. မေတ္တာကြောင့်
ဖြစ်ပေမယ့် .. ငါ့အတွက်တော့ မကောင်းဘူး .. တစ်ဦးတစ်ယောက်
ကြောင့် .. ငါ .. အတိတ်တစ်ခုကို ပြန်မှတ်မိလာရတယ်ဆိုရင် .. အဲဒီ
တစ်ဦးတစ်ယောက်ဟာ မင်းပဲဖြစ်တယ်ဆိုတာ .. ငါ သိနေတယ် .. မင်း
လည်း သိပေးဖို့လိုတယ် ရှင်မွေ့သာ .. ငါ့ကို ကူညီပါ .."

သူ ပြောလာခိုက်မှာ နူးညံ့ခယသော ထိုလေယူလေသိမ်းတို့သည်..
ရှင်မွေ့ကို ခိုင်မာစွာလှုပ်မရအောင် ချုပ်နှောင်ထားသည့်နှယ် ရှိ၏။

သူ့ကို .. ကူညီဖို့ ချုပ်နှောင်လိုက်ပါသည့် .. မေတ္တာ ခေါကြိုး
တစ်မျှင်ပါတကား ..။

www.burmeseclassic.com

www.burmeseclassic.com



မျှဝေခံစား နားလည်ပေးမယ့်သူ
တနာဖေးကူ ယုံကြည်ပေးမယ့်သူ ..။
ခြောက်လှန့်ရာ ဘဝမြူနှိုးတွေ
လွင့်ပြယ်စေမယ့်သူတစ်ယောက်ဟာ ...
ငါ့ရဲ့ဘဝမှာ အလိုအပ်ဆုံးအရာပါ
အတောင့်တဆုံးအရာပါ ...
အဲဒါကို ...
မင်းသိဖို့ရာ အရေးအကြီးဆုံးပါပဲကွယ် ...။



## အခန်း (၁၀)

သူတောက်လျှောက် ရှင်မွေ့ကို သူ့အခန်းတိုင်အောင် ခေါ်လာပါ၏။ ဆိုဖာထက်မှာ ထိုင်စေသည်။ သူကတော့ အခန်းထဲ ခေါက်တုံ့ခေါက်တင်လျှောက်၏။ စိတ်ကိုလွှတ်ထားပေးလိုက်ဟန် ရှိနေပါသည့်ပုံစံက နည်းနည်းတော့ ယောက်ယက်ခတ်နေသည့်ဘက်ကို ရောက်နေ၏။ ခေါင်းကိုခါ၍ ပြတင်းအနီးမှာ သူသွားရပါ၏။ နောက်တော့ စိတ်လိုက်မာန်ပါ ကိုယ်ကို နောက်ဘက်ပြန်လှည့်ကာ ရှင်မွေ့ကို ကြည့်လာသည်။

"ကိုယ် .. တစ်ခါတစ်ခါမှာ .. ဘယ်သူ့ကိုယုံပေးရမလဲ .. အဲဒါကို ရွေးချယ်တတ်အောင် ဖြစ်လာရတတ်တယ် ရှင်မွေ့သာ .. တကယ်ပဲ ငါ့ရဲ့အတိတ်ထဲက အစိတ်အပိုင်းတစ်ချို့ကို ငါ ပြန်တွေးမရအောင် ကြိုးစားနေကြခြင်းဟာ .. ငါ့အတွက် ကောင်းစေချင်လို့လား .. ဒါမှမဟုတ် .. ငါ .. ပြန်သတိရလိုက်ခြင်းအားဖြင့် .. တစ်ယောက်ယောက်ကို ဆိုးကျိုးဖြစ်စေမှာမို့ .. ဖုံးဖိထားဖို့ .. ကြိုးစားနေကြတာလား,.. အဲဒါကို .. ငါ .. ဆုံးဖြတ်တတ်ပဲဖြစ်နေတယ် .. ငါ့ဘေးမှာ လူတွေရှိနေကြပါရဲ့ .. သူတို့ဟာ .. ငါ့ဘဝထဲက .. ငါ မေ့နေတဲ့အရာတွေကို သတိရဖို့ဆိုတာထက်.. မေ့နေဖို့ပဲ .. ရှိနေစေချင်ကြတယ် .. ခု .. ကြည့်စမ်း ဘဘဦးအိမ်စိုး လည်း

www.burmeseclassic.com

www.burmeseclassic.com



ဒီပန်းချီကားတွေ အဲဒီလိုအိမ်ကြီးထဲက ပျောက်ကွယ်သွားရတာတွေကို သိနေပါရက်ကယ်နဲ့ .. ဘာလို့ .. ဖေဖေနဲ့ မေမေ့ ပန်းချီကားတွေကို ချောင်ထိုးခံထားရတာတဲ့လဲ .. ဒေါ်လေးနန္ဒာ ကရော .. ဘာလို့.. ဖေဖေနဲ့ မေမေ့ပုံတွေကို ငါ့ကိုမမြင်စေချင်ရမှာတဲ့လဲ .. မိဘနဲ့ သားသမီးကြားမှာ .. ရှိနေတဲ့မျိုးဆက်သွေးကြောဆိုတာကို .. 'ပန်းချီကားချပ်တွေ မမြင်လိုက်တာနဲ့ပဲ .. ဖြတ်တောက်လိုက်လို့မရနိုင်ဘူးဆိုတာ .. သူတို့ နားလည်သင့်ပါတယ် ..''

သူ ဆက်တိုက်ပြော၏။ စိတ်ထောင်းကိုယ်ကြေဖြစ်ကာ သူ့ဟန်က ရုတ်ခနဲ ချုံးချုံးကျသည့်သို့ အားကုန်အားပြတ်သလိုကြီး ဖြစ်လာပြန်သည်။ အနီးဆုံး စာကြည့်ကုလားထိုင်နေရာမှာ ရုတ်ခနဲထိုင်ချလိုက်ကာ လက်တံတောင်ကို စားပွဲပေါ် အားပြုထောက်ထား၏။ သူ့နဖူးပြင်ဘက်မှာ ဆံနွယ်တွေပြိုကျနေသည်။

''ငါ့ဘေးမှာ လူတွေရှိနေကြပါရဲ့ .. သူတို့ကိုယုံကြည်မိတဲ့အခါလည်း ရှိနေရသလို .. သံသယနဲ့ စိတ်ပျက်လာမိရတဲ့အခါတွေလည်း ရှိနေတတ်တယ် ရှင်မွေ့ .. ဒါပေမယ့် .. အဲဒီလူတွေအထဲမှာ မင်းမပါဘူး .. မင်းက ရှင်းတယ် .. ငါ့ရဲ့အတိတ်ကိုလည်း မသိဘူး .. မင်းသိတာက .. အခု မင်းရှေ့မှာရှိနေတဲ့လူတစ်ယောက်ဟာ .. အချိန်တန်ရင် ဆေးတွေလာတိုက်ပေးရမယ့်လူတစ်ယောက်အဖြစ်ပဲ သိထားရတာ - ငါ့ဘဝကို ဘာမှမသိထားတဲ့မင်းက .. ငါ့ဘဝထဲက အစိတ်အပိုင်းတွေကို ပျောက်ပစ်စရာဘာအခွေးမှ ဝင်မလာနိုင်ဘူးလေ .. ဒီအိမ်ကြီးမှာ ငါ စိတ်ချလက်ချ .. ယုံကြည်ပေးရမယ့်သူဟာ တစ်ယောက်တည်းပဲ ရှိနေသလိုဖြစ်လာနေတယ် ရှင်မွေ့ ရယ် .. ဟင် .. ဘယ်လောက်ဆိုးဝါးနေတဲ့ အဖြစ်တွေလဲ ..''

သူ စိတ်ပျက်လက်ပျက်ကြီး ခေါင်းခါ၏။ ဤမျှကြွယ်ဝချမ်းသာခြင်းတွေဖြင့် လျှံကျနေအောင် ကြွယ်ပိုးကြွယ်ဝရှိနေသူတစ်ယောက်သည်



ဤမျှ အထီးကျန်နိုင်နေလိမ့်မည်ဟု ထင်ရက်စရာကိုမရှိ ..။ ရှစ်နှစ်သားအရွယ်လေးမှာ အဖ၏ အရိပ်ပျောက်ဆုံးခံလိုက်ရသည့် သား ..။ အိမ်ကြီးကို ချန်ခဲ့ရသည့် လူရွယ်လူငယ်ကလေးလေး ..။ ခု ပြန်ရောက်လာချိန်မှာ .. သူက ပညာတတ်ဖြစ်နေပြီ။ အရည်အချင်း ပြည့်ဝနေသည့်တက်လမ်းတွေပြည့်ဝနေသော လူတစ်ယောက်ဖြစ်နေပြီ။ လုပ်ကိုင်စရာလုပ်ငန်းကြီးတွေကလည်း ရှိနှင့်နေခဲ့ပြီးသား။ ဒါပေမယ့် .. ထိုအလုပ်တွေကို သူ လောလောဆယ်မှာ မလုပ်ဖြစ် ..။ အခန်းထဲအောင်းနေလိုက် ..။ တရံတခါအပြင်သို့ စက်ဘီးလေးနင်းရင်း ထွက်သွားလိုက်ဖြင့် နေ့တွေကို ဖြတ်သန်းရင်း ..။ ကျန်ရစ်ခဲ့ရာ အတိတ်ဆိုသည့်အရာထဲမှာ မှတ်ဉာဏ်ထဲက ပျောက်ကွယ်နေသည့်အရာတွေကို ပြန်၍ အငမ်းမရ တူးဖော်ဖို့ ကြိုးစားနေသူတစ်ယောက်ပဲဖြစ်နေသည်။ ထိုသို့သောအချိန်မှာ .. သူ့ကို ဝိုင်းကူညီသည့်သူထက် ..။ ထိုမေ့လျော့နေခြင်းများကို ပို၍ပို၍ ခိုင်မြဲနေစေဖို့ရာအတွက်ပဲ ကြိုးစားနေကြသူများနှင့် ရင်ဆိုင်တိုးနေရသည့်ကာလ ..။

သူ့ကို ရှင်မွေ့ သနားလာမိရသည်ပါပဲ ..။

''ငါ့မှာ .. မျှော်လင့်ခြင်းတွေနဲ့ အချိန်အခါတွေကို ကုန်ဆုံးစေခဲ့ရတယ် .. အခု .. အချိန်အခါတွေက ငါ မျှော်လင့်ခြင်းတွေ .. ငါ တောင့်တရာတွေကို .. ကုန်ဆုံးကုန်ခမ်းသွားစေပြန်တယ် .. ငါသိချင်တာက .. အန်တီထား ကို .. ဖေဖေ .. ဖေဖေ .. တကယ်သတ်တာလား .. ဟုတ်ရဲ့ ဟုတ်ရဲ့လား .. အဲဒါကို .. သိချင်တာ .. သတ်တဲ့သူဟာ ဖေဖေ မဟုတ်ဘူးလို့ငါထင်နေတယ် .. သိနေတယ် .. သတ်တဲ့သူက .. တစ်ယောက်လေ .. တစ်ယောက် .. အဲဒီဆင်စွယ်သေနတ်ဒင်လေးရှိနေတဲ့အရာ.. အဲဒီသေနတ်မောင်းကို .. ဆွဲခဲ့တဲ့သူဟာ .. ငါဖြစ်နေတယ်ဆိုရင် .. ငါဖြစ်နေတယ်ဆိုရင် .. အဲဒီအပြစ်ဒဏ်ကို .. ငါ ခံမှဖြစ်မယ် ရှင်မွေ့သာ.. ဘာလို့လည်းသိလား .. ဖေဖေ့ သိက္ခာအတွက် .. တမလွန်မှာရှိနေပြီဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဖေဖေဟာ ဇနီးသည်ကို သတ်တဲ့လူသတ်သမားစစ်စစ် မဖြစ်ဘူ[illegible] ဆိုတာကို .. ပြန်ဆယ်နိုင်ဖို့အတွက် .. နာမည်ကို ပြန်ကယ်နိုင်ဖို့အတွက် [illegible] ပဲ ရှင်မွေ့သာ .."

ရှင်မွေ့ ကိုယ်လေး ယိုင်ခနဲဖြစ်၏။ ဘုရားရေ ..။ သူက .. သူက- [illegible] သူ့ကိုယ်သူ .. လူသတ်သမားဖြစ်ခဲ့သည်ဟု ထင်နေသည်တကား - [illegible] သူ .. လက်တံတောင်ကို ဒူးပွဲပေါ်စိုက်ထောက်၍ မျက်နှာကို ငိုက်ချက[illegible] လက်ဖဝါးဖြင့် အုပ်မိုးထားသည်။

သူ .. စတင်၍ ငိုရှိုက်လာ၏။ ကလေးတစ်ယောက်နှယ် ငိုရှိုက်[illegible] ခြင်း ..။ ကူကယ်သူမရှိဘဲ အထီးကျန်နေသည့်လူတစ်ယောက်နှယ် ဖြ[illegible] နေသည်။ သူ့ကို ဖျောင့်ဖျပေးမည့်သူမရှိ ..။ အကြိမ်ပေါင်း မည်မျှ[illegible] ဤသို့ သူသည် တစ်ယောက်တည်း ကူကယ်သူမရှိဘဲ ထီးထီးကျန်ကျ[illegible] ငိုကြွေးခဲ့ဖူးပြီးပြီမသိ ..။

ရှင်မွေ့ သူ့ထံ လျှောက်လာမိသည်။ သူ့ရှေ့မှာ ရပ်လိုက်မိတ[illegible] သူ့ ပခုံးပေါ် လက်ကို ဖွဖွညင်ညင် ဖေးတင်လိုက်မိရပါပြီ ..။ သူ့မျက်နှ[illegible] ထက်မှ လက်ဖဝါးတွေ ဘေးတစ်ဖက်စီသို့ အလိုလိုရွေ့လျားကုန်ပြ[illegible] ကာ လက်ချောင်းတွေက နားထင်တစ်ဖက်စီကို နာကျင်နေသည့် ခံစ[illegible] ချက်တွေဖြင့် ဖိအုပ်ထားပြန်၏။ သူ .. ခေါင်းတွေထိုးကိုက်လာချေ[illegible] လားမသိ ..။ ရှင်မွေ့ ၏ လက်လေးတွေက သူ့နားထင်ထက်မှာ နူးည[illegible] စွာတင်လိုက်မိကာ ညင်ညင်သာသာ နှိပ်ပေးလိုက်မိရပါပြီ။ သူ့အကြည့်[illegible] တွေက ရှင်မွေ့ ထံ မော့ကြည့်ငြိမ်သက်နေ၏။ တကယ့်ကို .. ကလေ[illegible] လေးတစ်ယောက်၏အကြည့် ..။ လွန်ခဲ့သော အတိတ်ကာလများဆီ[illegible] ရှစ်နှစ်သားကောင်လေးတစ်ယောက်၏ ငိုကြွေးနေရာမှ မော့ကြည့်[illegible] မှုမျိုးဆန်နေသည်။ သြော် .. သူသည် .. ရှစ်နှစ်သားလူမမယ်ဘဝတ[illegible] ကလည်း ဤသို့နှယ်ပင် .. ခေါင်းတွေ ကိုက်ခဲကုန်အောင် ငိုကြွေ[illegible] သည့် အကြိမ်ပေါင်းများစွာ .. ဤအခန်းထဲမှာ ရှိခဲ့ဖူးပါချေလိမ့်မည်-



သူ .. တစ်ခုခုကို ပြောဖို့ကြိုးစားနေသည်။ နှုတ်ခမ်းတွေ ဆတ်ဆတ် [illegible]နေ၏။ နောက်တော့ .. ယူကျုံးမရသံဖြင့် ...

"အချစ်ဆိုတာ .. အလွန်အင်အားကြီးတယ် .. ပိုင်းခြားဝေဖန်တတ် [illegible] ဉာဏ်ကို အေးစက်တွေဝေသွားစေတတ်တယ် .. ဖေဖေဟာ .. သား [illegible]စ်ယောက်ကိုချစ်တဲ့အချစ်တစ်ခုကြောင့် .. သားရဲ့အမှားကို သူ့အမှား [illegible]ဖြစ် .. ဝန်ခံပေးလိုက်တာများဖြစ်နေမလား .. အပြစ်ကျူးလွန်သူသာ [illegible]ပြစ်ဒဏ်ခံထိုက်တယ်ဆိုတာကို .. ဖေဖေ .. ဆန့်ကျင်ခဲ့တာများလား.. [illegible]အပြစ်ဒဏ်ကို .. အဖေဆိုတဲ့အချစ်ဖောနဲ့ .. ကြားထဲက .. နာမည် [illegible]လုံးမှာ လူသတ်သမားရယ်လို့ ဆိုးဝါးတဲ့အမဲစက်ကြီးအစွန်းထင်း [illegible]ကိတ်တာများလား .. ကိုယ် .. ကိုယ် .. အဲဒါကို .. ကြေကွဲနေတာ.. [illegible]တို .. သိချင်နေတာ .."

သူပြောနေရင်း .. ရှင်မွေ့ လက်မောင်းမှာ မျက်နှာကိုအပ်၍ ကလေး [illegible]ကြွေးလာပါ၏။ ရှင်မွေ့ ရင်ထဲမကောင်းနိုင် ..။ သူ့ပုံစံက .. ညီမငယ် [illegible]ယောက်၏ လက်မောင်းထက်မှာ မျက်နှာဖေးအပ်၍ အစ်ကိုကြီး [illegible]ယောက်က .. ကြီးမားသော ကြေကွဲမှုတွေကို ရင်ဖွင့်ကြေအောင်ခံစား[illegible] ဖွင့်ချပြောပြငိုကြွေးနေတာမျိုး ဆန်နေသည်။

ရှင်မွေ့ ၏ လက်တစ်ဖက်က သူ့ကျောပြင်ပေါ် ဖွဖွဖေးတင်ထား[illegible]သည်။ သူအတန်ကြာ ငိုချလိုက်ပြီးမှ ကိုယ်ကိုပြန်မတ်၏။ မျက်ရည် [illegible]ဘာသာသူ ခပ်ကြမ်းကြမ်းပွတ်သုတ်ပစ်သည်။ နောက်တော့ ရုတ် [illegible]ဆန့်စွာထရပ်လိုက်ကာ ပြတင်းဆီသို့ လျှောက်သွားပါ၏။ ရှင်မွေ့ [illegible]ဝေးမှာ သွားရပ်လိုက်ခြင်း ..။ အကြည့်က .. ပြတင်းဆီမှ အပြင် [illegible] မြင်မြင်ရာ မြင်ကွင်းကို ဟိုဟိုသည်သည်ကြည့်နေခြင်း ..။ တစ်ခါ [illegible] စကားပင်တန်းမှာ တန့်၏။ တစ်ခါတစ်ခါကျတော့လည်း [illegible] [illegible]မျောနေရာအတိုင်း အကြည့်က တကောက်ကောက်[illegible]၏။

"ဖေဖေ့နာမည်ကို အဆိပ်အတောက်ဖြစ်စေခဲ့တယ်ဆိုရင် .. အဲဒီ

www.burmeseclassic.com



အမှန်တရားကို ဖော်ထုတ်လိုက်ခြင်းဖြင့် .. ဖေဖေ့အပေါ်မှာ သက်ဆင်
နေတဲ့ အဲဒီအဆိပ်အတောက်တွေကို ဖယ်ရှားပေးရမယ့်တာဝန်ဟာ ကိုယ်
အပေါ်မှာ ရှိနေတယ် ရှင်မွေ့ .. အဲဒါ .. အဖေအပေါ်မှာ ချစ်တဲ့ သားတ
ယောက်ရဲ့အချစ်ကြောင့်ပါပဲ .. အချစ်ဟာ .. အဆိပ်ကိုဖြေပေးစေနိ
စွမ်းပါတယ် ..''

ဟု ပြောလာတော့ ရှင်မွေ့ ရင်ထဲမကောင်း ..။

သူသည် .. သူ့ကိုယ်သူ .. လူသတ်သမားတစ်ယောက်ဟု ထင်နေသည်
တကား ..။ ဖခင်၏ အရိပ်မဲ .. အမည်ဆိုးတစ်ခု .. သက်ဆင်းဖုံးအ
ထားသည့်အဆိပ်တို့ကို ဖြေပြေစေဖို့ရာအတွက် သား၏အချစ်ဖြင့် ဖြ
၍ ဆယ်တင်ဖို့ရာ ကြိုးစားနေခြင်း ..။ သူ့ကို အံ့သြလေးစားရပြန်သည်
အဘယ်သူသည် .. တိမ်မြုပ်နေသည့်အပြစ်တစ်ခုကို .. ပြန်၍ တူးဖေ
ဝန်ခံဖို့ရာ ..။ အပြစ်ဒဏ်ခံဖို့ရာအတွက် ကြိုးစားမည်မဟုတ် ..။ ဒါပေမ
သူက .. ကြိုးစားနေသည်။ ဤသည်ကလည်း .. ဖခင်၏နာမည်အတွက်
ဂုဏ်သိက္ခာအတွက် ..။ ကိုယ်ကျင့်တရားအတွက် ..။

သူ .. ရှင်မွေ့ ကို တည့်တည့်မတ်မတ်ကြည့်လာသည်။ အားကိုး
အကြည့်အဖြစ်သို့ သိသိသာသာပြောင်းလာ၏။ ရှင်မွေ့ထံ သူ လျှေ
လာပါပြီ ..။ ရှေ့မှာ သူရပ်သည်။ မော့ကြည့်နေသည့် ရှင်မွေ့ ကို
ကလည်း တိတ်ဆိတ်စွာ အတန်ကြာမျှ ငုံ့မိုးငေးစိုက်ကြည့်နေ၏။

''ရှင်မွေ့သာ ...''

သူ ညင်ညင်သာသာခေါ်၏။ ငုံ့မိုးကြည့်နေရင်း ပြောနေသည့်
နှုတ်ခမ်းဖျားဆီမှ နွေးမြမြလေငွေ့က ရှင်မွေ့ ၏ နဖူးဆီသို့ တိုးဝင်
''ကိုယ့်ကို နားလည်မှုပေးစားပေးမယ့်သူ .. စာနာပေးကူယံ
ပေးမယ့်သူ .. ကိုယ့်ဘဝမှာ ခုထိခွဲခြား မရနိုင်ပဲရှိနေတဲ့ .. ဝေ
ဘဝမြူနိုးတွေကို လွင့်ပြယ်စေမယ့်သူတစ်ယောက်ရှိနေဖို့ဟာ အ
အကြီးဆုံး အလိုအပ်ဆုံးဖြစ်နေတယ် .. အတောင့်တဆုံးလည်း ဖြ



တယ် .. အဲဒါကို မင်းသိဖို့ရာ အရေးအကြီးဆုံးပါပဲ .. ဘာလို့လည်း
ဆိုတော့ .. အဲဒီအဖြစ်ကို .. ပေးအပ်ကူညီနိုင်တဲ့သူဟာ ..မင်းတစ်ယောက်
တည်းပဲ .. ဒီမိုးမခ မှာ ရှိနေလို့ပါပဲ ..''

ဟု ပြောလာတော့ ရှင်မွေ့ ရင်ထဲမကောင်း ..။

သူ့ကို .. ရှင်မွေ့ ကူညီပေးချင်ပါသည်။ ဒါပေမယ့် .. သူ ထင်နေသလို
မျိုးများ .. သူသည် .. တကယ်ပဲ လူသတ်ခဲ့သည့် ရှစ်နှစ်အရွယ်ကောင်
လေးတစ်ယောက်အဖြစ် အတိတ်ဆီမှာ ဖြစ်ခဲ့ဖူးပါချေလျှင် ..။ ထိုအဖြစ်
တို့ဆီမှ သူ လောလောဆယ်မှာ ပြတ်တောက်ဝေးဝါးနေသည့် ကွင်းဆက်
တွေကို .. သူ သတိပြန်ပြန်ရလာအောင် ကြိုးစားပေးနေခြင်းသည် ..။
သူ့ကို .. လူသတ်သမားအဖြစ် .. ပြန်၍ .. ဖော်ထုတ်တွန်းပို့လိုက်သည့်
နယ်ဖြစ်နေချေမည်ကိုးလေ။ ဖခင်၏ အမည်နှင့် ဂုဏ်သိက္ခာကို ကယ်
တယ်ဖို့ရာအတွက် သူ ကြိုးစားနေခြင်း ဖြစ်နေစေသည့်အရာပေမယ့်..
သူ့ကို .. ရှင်မွေ့ ကူညီပေးရာမှာ ဝန်လေးနေမိသည်ကတော့ အမှန်ပါ။
ဘာကြောင့်ဆို .. သူ့ကို ရှင်မွေ့ သနားသည်လေ ..။ သူသည် အရမ်း
ကို အထီးကျန်နေသည့်လူတစ်ယောက်ဖြစ်နေသည်။ ပတ်ပတ်လည် မှာ
ဝန်းရံထားသူများအပေါ် သူသည် စိတ်ချလက်ချယုံကြည်ရဲဟန်မရှိ..။
သူ့အပေါ်မှာ တစ်စုံတရာကို ဖုံးကွယ်လျှို့ဝှက်ထားဖို့ကြိုးစားနေကြသည်
ဟု သူ ထင်နေပုံလည်းရသည်။

ရင်းရင်းချာချာလူတွေကို မယုံရဲရှာပဲ .. ခုမှ .. သူစိမ်းတရံစာဖြစ်
နေသည့် ရှင်မွေ့ ကို .. သူသည် .. ရင်ထဲခံစားရာတွေကို ဖွင့်ဟရင်ဖွင့်
ရာလူတစ်ယောက်အဖြစ် သတ်မှတ်ထားရှာသည့်အဖြစ် ..။

ဒါပေမယ့် .. သူ့ကို .. ကူညီပေးရမည့်အရာတွေထဲမှာ .. သူ့ကို
အကျဉ်းထောင်ထဲပို့ပစ်ရမည့်ကိစ္စအထိကိုတော့ မလိုက်လျောနိုင်..။
ကူညီရမှာ ဝန်လေးနေရသည်သာ ..။

''ကျွန်မတစ်ခုပြောချင်ပါတယ် အစ်ကိုလေး .. အဖြစ်စုံကို အစ်ကိုလေး

www.burmeseclassic.com

www.burmeseclassic.com



မှတ်မိသလောက် .. မနက်ဖြန်မနက်ကျတော့ ရှင်မွေ့ကို ပြောပြပါ ..လမ်းလေးဘာလေးလျှောက်ကြရင်းဆိုပါတော့ .. အရေးအကြီးဆုံးက အစ်ကိုလေး စိတ်ထဲမှာ စွဲလန်းနေတဲ့စိတ်တစ်ခုကို အရင်ဖျောက်ပစ်ဖို့တော့ လိုအပ်လိမ့်မယ်လို့ ရှင်မွေ့ထင်တယ် .. ဒါမှ .. အဖြစ်မှန်နဲ့ နီးစပ်တဲ့အသိတွေ .. အစ်ကိုလေးရဲ့ အသိဉာဏ်ထဲမှာပြန်ပြီး မှတ်မိလာနိုင်လိမ့်မယ်လို့ ယုံကြည်မိတယ် .. အခုက .. အစ်ကိုလေးဟာ ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိသူတစ်ယောက်လို ခံစားနေတယ် .. ကိုယ့်အတွက် အဖေက တန်ဆာခံသွားရလေခြင်းလို့ ယူကျုံးမရခံစားချက်တွေနောက်ကို တကောက်ကောက်ပါနေရင်း .. အဲဒီခံစားချက်ဟာ .. အစစ်အမှန်တစ်ခုလို .. အစ်ကိုလေးရဲ့ အာရုံထဲမှာ လွှမ်းမိုးကုန်တယ်လို့ ရှင်မွေ့တွေးမိတယ် .. အရေးအကြီးဆုံးဟာ .. အဲဒီအစွဲအလမ်းကြီးကို ရင်ဘတ်ထဲက တတ်နိုင်စွမ်းသမျှ ဖျောက်နိုင်ဖို့ကြိုးစားရမယ့် အချက်ပါပဲ .."

ရှင်မွေ့ပြောနေသမျှ သူ ငြိမ်သက်စွာ နားထောင်နေသည်။ ရှင်မွေ့၏ မျက်နှာလေးကို တောက်လျှောက် မျက်တောင်မခတ်ကြည့်နေသည်။ သူ့မျက်နှာထက်မှာ ..။ သူ့မျက်ဝန်းတွေဆီမှာ ..။ ဖြတ်ခနဲ .. ဖြတ်ခနဲ ခံစားချက်၏အရိပ်တွေ စွန်းထင်းဖြတ်ပြေးနေကြပါချေ၏။ အထင်ကြီးခြင်း ..။ အားကိုးခြင်း ..။ ကျေးဇူးတင်ခြင်းများလည်း မျက်နှာထက်မှာ ဖြစ်တည်လာတတ်သည်။ ကြေကွဲခြင်း .. ချောက်ချားခြင်းနှင့် ယူကျုံးမရခြင်းများလည်း ဖြစ်တည်လာတတ်သည်။ ဆန့်ကျင်သောခံစားချက်များစွာသည် ရှုပ်ထွေးပွေလီစွာ သူ့မျက်နှာထက်မှာ အမောတကော ဖြတ်ပြေးနေကြသည့်နှယ် ရှိကုန်ပြန်သည်ကောလေ ..။

"အဲဒီအစွဲအလန်းတစ်ခုကို .. ဖယ်ရှားလိုက်ဖို့ကြိုးစားခြင်းဟာ .. အတိတ်မှာ ကိုယ်ပြုခဲ့တဲ့ ပြစ်မှုတစ်ခုကို .. ဖုံးကွယ်ထားရာရောက်မနေနိုင်ဘူးလား ရှင်မွေ့ .. ဟင် .. မရိုးသားရာရောက်မနေဘူးလား .. ကိုယ့်ကိုယ်ကိုယ် .. ကာကွယ်ရာရောက်နေမယ်လို့ ကိုယ်ထင်တယ် .. လိပ်ပြာ



ယုံသလို .. လိပ်ပြာမသန့်သလို .. ခံစားရတယ် .. ဘာလို့လည်းဆိုတော့.. ကိုယ့်ရဲ့ ရင်ထဲမှာ အကြီးအကျယ်နှိပ်စက်နေတဲ့ ခံစားချက်ကြီးတစ်ခုရှိတယ် .. အဲဒီခံစားချက်က .. ကိုယ့်ကိုပိုပြီး ထိုးနှက်နှိပ်စက်လာနိုင်နေတယ် .. ဘာလဲသိလား .. ကိုယ်ဟာ .. အဖေဖြစ်သူကို ထောင်ထဲပို့တဲ့သား .. ကင်ဆာဝေဒနာခံစားရချိန်မှာ .. သက်သောင့်သက်သာ ကိုယ့်အိမ်ရာမှာ .. လွတ်လပ်သူတစ်ယောက်အဖြစ် အချုပ်အနှောင်ကင်းနဲ့ .. မိသားစုတွေဝန်းရံရင်း .. အကြင်နာတွေကို .. လက်တကမ်းမှာ ဆိုင်နေရင်း .. ကွယ်လွန်ရထိုက်ပါရက်ကယ်နဲ့ .. ကိုယ့်ကြောင့် .. ထောင်ထဲရောက်ရ .. ထောင်ဆေးရုံတစ်ခုမှာ ကွယ်လွန်ခဲ့ရ .. အဲသလို ကုန်ရတယ်လို့ ကြေကြေကွဲကွဲ .. နားလည်ခံစားတတ်လာရတာက ဆိုးဝါးဆုံးပဲ .. ကိုယ်ဟာ .. ဖေဖေ့ကို ဒုက္ခကောင်းကောင်း ပေးခဲ့တဲ့ သား ဆိုပြီး ရင်ထဲမှာ .. ကျေနေတယ် .. ဖေဖေက .. ကိုယ့်ကို .. ငယ် ည်းက သ ဘ်ရှိုဟဲ့သား .. တည်ငြိမ်တဲ့သား .. ထက်မြတ်ထူးချွန်သားတစ်ယောက်အဖြစ် ပြုစုပျိုးထောင်ပေးခဲ့တာပါ .. ဒါပေမယ့်.. ယ်တမ်းကျတော့ .. ကိုယ်ဟာ .. ဖေဖေ့ကို .. ထောင်ထဲပို့လိုက် သားဖြစ်နေတယ် .. အဲဒါ .. အဲဒါကို .. ကိုယ် .. ဘယ်လို .. ဘယ်လို ပြီး .. ဖျောက်ပစ်လို့ရနိုင်ပါ့မလဲ .."

သူ့အသံတွေ တုန်ခါလာသည်။ တိမ်ကျကုန်သည်။ အားကုန်ကြိုး ကြိုး ရုတ်ခနဲကြမ်းပေါ် ထိုင်ချပစ်လိုက်သည်။ ရပ်နေသည့် နေရာ မြန်းစားကြီး ထိုင်ချလိုက်ခြင်း။ လက်နှစ်ဖက်ကို ကြမ်းပေါ် ထောက်ထားသည်။ ခေါင်းသည် ငိုက်ကျနေ၏။ မျက်ဝန်းတွေက ခင်းကော်ဇောကြီးထက်မှာ ငြိမ်တန့်နေသည်။ ရှင်မွေ့ ရင်ထဲ င်းနိုင်တော့ ..။ သူသည် .. ခုလို .. အချိန်ကာလများစွာကို .. န်းလာခဲ့ရချေမည်တကား ..။ အဖေဖြစ်သူအတွက် မခိုတင်ကဲ င်း .. အားကုန်ကြိုးပြတ် .. ချုံးချုံးကျမျှ .. ခံစားရင်း .. တစ်ယောက်

www.burmeseclassic.com



တည်း ပြင်းထန်ရာ ဝေဒနာများကို .. ကူကယ်ဖျောင့်ဖျသူကင်းမဲ့
ရင်ဆိုင်ခဲ့ရချေမည်သာ ..။ ရှင်မွေ့ သူ့ဘေးမှာ ထိုင်လိုက်မိသည်။

"ရှင်မွေ့ အကဲစတ်တာမမှားနိုင်ဘူးလို့ ယုံကြည်မိတယ် အစ်
လေး .. ရှင်မွေ့ရဲ့စိတ်ထဲမှာ .. အစ်ကိုလေးဟာ .. အပြစ်ကင်းနေသူတ
ယောက်လို့ပဲ မှတ်ယူမိတယ် .. ဖွင့်ပြောရခက်ခဲတဲ့စိတ်အစဉ်ဆိုတာ
ဆန်းကြယ်ပါတယ် အစ်ကိုလေး .. အဲဒီဆန်းကြယ်တဲ့ စိတ်စေတသိ
ရဲ့ စေစားရာအခြေတစ်ခုကတော့ဖြင့် .. အစ်ကိုလေးရဲ့ မျက်ဝန်း
ကို မြင်ရကြည့်ရနေရင်းနဲ့ .. ဒီမျက်ဝန်းရဲ့ပိုင်ရှင်ဟာ .. ဘယ်လိုမှ လူသ
ယောက်တဲ့အထိ .. မကြမ်းကြုတ်နိုင်ဘူးဆိုတာ .. သိလာနေစေပါတ
ရှင် .."

တကယ်လည်း ရှင်မွေ့ စိတ်ထဲမှာ ထိုသို့ယုံကြည်နေမိသည်က
အမှန်ပါ ..။ ခွဲခြားရှင်းပြရန် ခက်ခဲသောစိတ်၏အာရုံဖမ်းစားခံစား
တာ ရှိသည်လေ ..။ ထိုစိတ်ခံစားရာဆီမှ ဟိုသို့ယုံကြည်စိတ်က တ
ကို ရှင်မွေ့ ရင်ထဲမှာ လွှမ်းမိုးနေသည်တည့် ..။ သူသည် လူသတ်သ
တစ်ယောက်မဟုတ်ဟု ရှင်မွေ့ အလိုလိုသိနေသည်။ ယုံကြည်နေသ
ရက်စက်ကြမ်းကြုတ်သော အရိပ်များ သူ့မျက်နှာထက်မှာ ရှာမွေ့တွေ့
ခြင်းမရှိ ..။ ရှာ၍ကိုမရ ..။ ဥပဓိရုပ်သန့်ပြန့်မွန်ရည်သည့် ရုပ်အဆင်
တည်ငြိမ် တည်ကြည်သောသူတစ်ယောက်၏ ရုပ်အဆင်းမျိုးကို
ရှင်မွေ့ တွေ့ရသည် ..။ ဒါပေမယ့် .. ထိုခံစားချက်တွေ ရုတ်ခနဲပျော
ဆုံးတတ်ချိန်တစ်ခုတော့ ရှိတတ်ပါ၏။ ဖခင်အတွက် ကြေကွဲနေရ
ယူကျုံးမရဖြစ်နေချိန်များမှာ .. သူသည် .. တည်ငြိမ်ပြတ်သားသူ
ယောက်အဖြစ်ဆီမှ ပျောက်လွင့်သွားကာ ကလေးငယ်တစ်ယော
ကြေကွဲမှုတွေနှင့် နစ်မွန်းနေတတ်သည်လေ ..။

"ရှင်မွေ့ အစ်ကိုလေးဆီမှာ တွေ့မြင်ရတာနှစ်ခုပဲရှိပါတယ် ..
ငြိမ်ပြတ်သားအေးချမ်းတဲ့လူတစ်ယောက်အဖြစ်ရယ် .. ကြေကွဲရင်း



အောင် ထိခိုက်ခံစားလိုက်ရတဲ့ သူတစ်ယောက်အဖြစ်ရယ်.. ဒီနှစ်ခုပါပဲ..
ကွဲခြင်းဆိုတာက ကြမ်းကြုတ်ရက်စက်ခြင်းနဲ့ ဆန့်ကျင်ဘက်အရာပါ..
အစ်ကိုလေးဟာ .. ရက်စက်ကြမ်းတမ်းသူတစ်ယောက် ဘယ်လိုမှ ဖြစ်
နေပါဘူး .. ရှစ်နှစ်အရွယ်ကလေးလေးတစ်ယောက် အတွက်ဆိုတာ
ခက်ခဲပါတယ် .. အစ်ကိုလေး ဘယ်လိုမှ .. လူတစ်ယောက်ကို မသတ်
ပါဘူး .."

ဟု ပြောတော့ သူ ရှင်မွေ့ ကို ကြည့်လာသည်။ ဘေးချင်းယှဉ်၍
မ်းပြင်မှာ တူတူထိုင်နေကြတာမို့ တစ်ယောက်နှင့်တစ်ယောက် အနီး
ကပ်ရှိနေကြသည့်အဖြစ် ..။ သူ့အကြည့်တွေက ရုတ်ချည်းနူးညံ့လာ
ည်။ တစိမ့်စိမ့်နိုင်စွာ ရှင်မွေ့ ကို ငေးကြည့်၏။

"မင်း .. ယုံကြည်နေသလား ရှင်မွေ့ .. ကိုယ်ဟာ .. လူသတ်သမား
ဖြစ်နိုင်ဘူးဆိုတာလေ .."

ဟု မေးလာသံက အရမ်းကိုညင်သာနေသည်။ ရှင်မွေ့ ခေါင်းညိတ်
တ်ချိန်မှာ သူ အတန်ကြာမျှ အငေးကြီးငေး၍ ရှင်မွေ့ ကို ကြည့်နေပါ
နောက်တော့ .. သူ ယုံ့ယုံ့ပြုံးလိုက်ပါ၏။

"အဲဒါဆို .. ဖေဖေဟာလည်း လူသတ်လိုက်တဲ့သူတစ်ယောက်
ဖြစ်နိုင်ပါ့မလဲ ရှင်မွေ့သာ .. ဘာလို့လည်းဆိုတော့ .. မင်းပြောတဲ့
လုံးမျိုး .. ဒီမျက်နှာမျိုး .. ဖေဖေ့မှာလည်း ရှိတယ်လေ .. ကိုယ်က..
နဲ့ အလွန်တူတဲ့သားတစ်ယောက်ဖြစ်နေတယ်ဆိုတာ မင်း မေ့ပစ်
ရဘူး ရှင်မွေ့သာ .. အဲဒီတော့ အသိဉာဏ် ဆင်ခြင်တုံတရားပိုပြီး
တဲ့ ဖေဖေဟာ လူသတ်ဖို့အလွန်ခက်ခဲပါလိမ့်မယ် .. ကိုယ်က..
ကတခေါက်ကလေးအရွယ် .. ဆင်ခြင်တုံတရားမှာ အင်အားနည်း
အရွယ် .. အဲဒါကြောင့် .. အဲဒါကြောင့် .. ကိုယ်ဟာ .. အနုတ်တား
.. မုန်းတီးတဲ့စိတ်နဲ့ .. သတ်ပစ်မိခဲ့ထယ်လို့ ပိုပြီးယုံကြည်လာတယ် .."

ရှင်မွေ့ စိတ်ဓာတ်ကျသွားရပါပြီ။ ရှင်မွေ့ ဘက်က အကောင်းဆုံး

www.burmeseclassic.com

www.burmeseclassic.com



ရွေးချယ်ပြောမိသည့်စကားပင်လျှင် သူ့အတွက်က အစွဲအလန်းကြီးတစ်ခု ကို ပို၍ နိုင်မာလာအောင် တွန်းပို့ပေးလိုက်သလိုဖြစ်ကုန်ရပြီကောလေ။

"ဒါပေမယ့် .. မင်းကို .. ကိုယ်ကျေးဇူးတင်ပါတယ် .. ဘာလို့ လည်းသိလား .. မင်း .. ကိုယ့်ကို မကြောက်တဲ့အတွက်ပဲ .. လူသတ်ဖူး တဲ့ ကောင်လေးတစ်ယောက်နဲ့အတူ .. ဒီအရွယ်ကြီးမှာ တူတူအနီးတကပ် ထိုင်နေရတာကို သွေးမလန့်တဲ့အတွက်ပါပဲ .. ဒါပေမယ့် .. ခက်တာ က .. ကိုယ်ကိုယ်တိုင်က .. ကိုယ့်ဘဝအရိပ်မဲကြီးထဲမှာ .. ကိုယ့်အတိတ် နဲ့ကိုယ် .. ပြန်ပြီး သွေးလန့်နေခြင်းပါပဲ .. အဲဒါ အခက်ဆုံးပဲ .."

ဟု စိတ်ပျက်လက်ပျက်နိုင်စွာ ပြောလာပြန်၏။ သူသည် .. သူ့ကိုယ် သူ စိတ်လက်ကုန်ခမ်းလျက်ရှိနေသူဖြစ်နေသည်။ စိတ်ပျက်လက်ပျက် ကြီးဖြစ်နေသည်။ သူသည် သူ့အတိတ်နှင့်သူ ပြန်၍ ရင်ဆိုင်မွန်းကြပ် နေသူဖြစ်နေသည်တကား ..။

"ဒါကြောင့် .. ကိုယ်က .. ဖေဖေ့ သေနတ်ကိုသွားယူပြီး အန်တီထား ကို .. ပစ်သတ်မိခဲ့ပုံရတယ် .. အဲသလို ပစ်သတ်ချိန်မှာ .. ကိုယ်ဟာ သူစိမ်းတစ်ယောက်က သေနတ်ကိုပေးလိုက်တယ် .. ကိုယ့်ကို ပစ်ခိုင်း တယ်ဆိုတဲ့ မမှန်မကန်စိတ်ကူးအတွေးနဲ့ ပုံဖော်ယူပြီး .. ကိုယ် .. အန်တီထား ကို သတ်ပစ်ခဲ့တယ်လို့ ထင်ထင်လာနေမိတယ် .. ဘာလို့လည်းဆိုတော့ အဲဒီအခန်းထဲမှာ .. ဘယ်လူစိမ်းတစ်ယောက်မှ ရှိမနေဘူးဆိုတာ ဒေါ်လေးနန္ဒာ ကလည်း ပြောပြတယ် .. ဖေဖေက သေနတ်နဲ့ ရှိနေတယ် ကိုယ်က .. ကြမ်းပေါ်မှာ မေ့နေတယ်လို့ပဲ ဒေါ်လေးက တလျှောက်လုံး မှာ ပြောနေခဲ့တာလေ .. ကိုယ်မှတ်မိနေတာက .. အန်တီထားဟာ မသေခင် လေးမှာ အရမ်းကိုကြောက်လန့် တောင်းပန်ခဲ့တယ် .. ကိုယ့်နောက်က လူဆိုတာကိုလည်း ဘယ်သူမှန်းမသိဘဲ .. ဘယ်သူလဲ .. ဘယ်သူလဲနဲ့ မေးခဲ့တယ် .. ဒေါ်လေးနန္ဒာ ကို အော်ခေါ်ခဲ့တယ် .. အဲဒီလူက.. ဒေါ်လေး တို့မရှိကြဘူးလို့ပြောခဲ့တယ် .. ကိုယ့်လက်ထဲသေနတ်ပေးခဲ့တဲ့ အဲဒီလူ



ရှိခဲ့တယ်ဆိုတဲ့အချက်က .. လက်တွေ့မှာ အားလုံးလွဲချော်နေတယ် .. အိမ်မှာ ဒေါ်လေးနန္ဒာတို့ တကယ်တမ်းကျတော့ ရှိနေတယ်.. အဲဒါကို ကိုယ်နောက်မှ ဒေါ်လေးပြောပြလို့သိရတာ .. ဒေါ်လေး ပြောတာက .. သူဟာဘယ် လက်ဖက်ခြံကိုမှ မသွားခဲ့ဘူးဆိုတဲ့အချက်ပဲ .. ဒီတော့ .. ကိုယ်နားလည်လာတယ် .. အန်တီထားကို မုန်းတီးတဲ့စိတ်နဲ့ .. ကိုယ် ဟာ .. မရှိတဲ့လူတစ်ယောက်ကို စိတ်ကူးနဲ့ပုံဖော်ယူပြီး .. သေနတ်နဲ့ .. အန်တီထားကို .. ပစ်သတ်ခဲ့တယ်ဆိုတဲ့အချက်ပဲ .. ဒါပေမယ့် .. ခက်တာ က .. အန်တီထားကို ဖေဖေက သူသတ်ပါတယ်လို့ပြောနေခြင်းပဲ .. ဒေါ်လေးနန္ဒာ ကလည်း အဲသလိုပဲပြောနေခြင်းပဲဖြစ်နေကြတယ် .. ကိုယ် မှတ်မိနေတာက .. ဖေဖေ့ ဆင်စွယ်ရိုးတပ် လက်ကိုင်ပါတဲ့ သေနတ်ကို ကိုယ်ကိုင်ခဲ့တယ် .. မောင်းဆွဲခဲ့တယ် .. အဲဒါပဲ .. သူတို့က အဲဒါ တကယ် မဖြစ်ဖူးလို့ချည်း တွင်တွင်ငြင်းနေကြတယ်လေ .."

ဟု ပြောလာတော့ ရှင်မွေ့ တစ်ချက်ငြိမ်၍ ခပ်တွေတွေဖြစ်နေ၏။

ရှစ်နှစ်အရွယ်ကောင်လေးတစ်ယောက်၏ ရင်ဆိုင်ခဲ့ရာ အခန်း တစ်ခန်းဆီမှ ချောက်ချားဖွယ်ရာမြင်ကွင်းတစ်ခုကိုလည်း စိတ်ကူးဖြင့် ပုံဖော်ကြည့်မိသည်။ သေသူက မိထွေး ..။ သတ်သူက .. သူကိုယ်တိုင် ဟု သူက ယုံကြည်နေသည်။ ဒါပေမယ့် .. အားလုံးက .. တကယ်လူသတ် လိုက်သူမှာ ဦးမင်းခမိုး ဟု တညီတညွတ်တည်းပြောနေကြသည်။ ဦးမင်းခမိုး သည်း မရှိတော့ပြီ ..။ နှစ်များစွာကတည်းက .. ကွယ်လွန်ခဲ့ရာပြီ ..။ ဒါပေမယ့် .. သူ့မှာက .. အဖေကို ဒုက္ခပေးသည့် သားဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်၍ .. အတိတ်တစ္ဆေ၏ ချောက်လှန့်မှုကို .. တောက်လျှောက် နှစ်များ စွာ ရင်စည်းခံစားနေခဲ့ရရှာသည် ..။

"အဲဒီ .. လူ .. သေနတ်ပေးတဲ့လူ .. ဆိုတာ .. တကယ်ရှိနေတယ်ဆို ရင် .. အဲဒီအဖြစ်မှန်ကို အစအဆုံးသိနေတဲ့သူတစ်ယောက်ပဲပေါ့ အစ်ကို သေး .. သူက .. ဘာတွေပြောသလဲ .. ဘယ်သူလဲ .. အစ်ကိုလေး ပြန်

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစား ကြည့်စမ်းပါ .. သူ .. သူ .. ဘယ်သူလဲ .."

ဟုတ်သည်လေ ..။ ထိုတတိယလူတစ်ယောက်က ပျောက်နေသည်။

"သူ့မျက်နှာကို မျက်နှာဖုံးစွပ်ထားတယ် .. ပွဲခင်းဈေးမှာ ရောင်းတဲ့မျက်နှာဖုံးအရုပ်ကြီးမျိုးလေ .. အဲဒါပဲ ကိုယ်သိနေရတာ .."

"ဒါဆို .. အစ်ကိုလေးရဲ့ ဖေဖေ့သေနတ်က .. သူ့လက်ထဲ ဘယ်လိုရောက်လာသလဲ .."

"အဲဒါပြောတာလေ .. ဖေဖေ့သေနတ်ကို .. ယူနိုင်တဲ့သူ .. သိတဲ့လူဆိုတာက .. ကိုယ်က ပိုနီးစပ်နေတာလေ .. အဲဒါဆိုးနေတာပေါ့.. တကယ်က .. အဲဒီသေနတ်ကို .. ဖေဖေ့စားပွဲ အံဆွဲထဲက ကိုယ်ယူပြီး အန်တီထားကို ပစ်သတ်ခဲ့တယ် .. ပြီးတော့ .. လူတစ်ယောက်က ပေးတယ်လို့ ကိုယ်စိတ်ထဲမှာ ကိုယ်ပြန်တွေးယူတယ် .. အဲသလို .. ဖြစ်နိုင်တယ်လေ .. ဖြစ်နေနိုင်တယ်လေ .."

သူပြောနေရင်း မျက်ဝန်းတွေရီဝေလာသည်။

"ဖေဖေ့ကို အန်တီထား ပါးရိုက်လိုက်တာ ကိုယ် မျက်ဝါးထင်ထင် မြင်ခဲ့ရတာ .. သူ့ကိုမုန်းလို့ .. တွန်းတိုက်လှဲပစ်တာ .. လုံးထွေးနေခဲ့တာ .. အဲသလိုကိုရိုက်နှက်တာတွေလည်း ကိုယ်မှတ်မိနေတယ် .. ခက်တာက သေနတ်ကို .. လူတစ်ယောက်ကပေးတယ်လို့ ထင်နေတာရယ် .. ဒီသေနတ်မောင်းကို ကိုယ်ဆွဲပြီးချိန်မှာ ကိုယ် မှောင်ခနဲဖြစ်ကုန်တာရယ် .. ကိုယ် .. ကိုယ် .. ပြန်မျက်စိတွေကြည်လာချိန်မှာ .. ဖေဖေ ရှိနေပြီ .. ဘေးမှာ ဒေါ်လေးနန္ဒာ လည်းရှိနေတယ် .. ဖေဖေ့ လက်ထဲမှာက .. သေနတ်ရှိနေတယ် .. အန်တီထား က .. ခုတင်ပေါ်မှာ သွေးတွေနဲ့လဲနေတယ် .. ငြိမ်နေပြီ .. မျက်စိကြီးကပွင့်လို့ .. ရင်ဘတ်မှာ .. ရင်ဘတ်မှာ .. သွေးတွေစွဲနေတဲ့အဝတ်တွေနဲ့ .. နီရဲစွန်းထင်းလို့ .."

သူပြောနေရင်း မျက်ရည်ကျလာနေသည်။

"ကိုယ် .. ကိုယ် .. လူသတ်မိခဲ့တာပါ .. ဖေဖေ ရောက်လာပြီး



ကိုယ့်လက်ထဲက သေနတ်ကိုယူပြီး .. သူသတ်တယ်လို့ပြောခဲ့တာပါ.. အဲသလို ကိုယ်သိနေတယ် .. ကိုယ့်စိတ်ထဲမှာသိနေတယ် .. အဲဒါ အဆိုးဆုံးပဲ .. ကိုယ် .. အခံစားရဆုံးပဲ .."

ပြောရင်း သူ ဆက်တိုက်ငိုချလာပါ၏။ ရှင်မွေ့ ရင်ထဲမကောင်းနိုင် ..။ မိုးမခ ဆိုတာကလည်း ရှင်မွေ့ အတွက်က အစိမ်းသက်သက် နေရာတစ်ခု ..။ လွန်ခဲ့သော နှစ်များစွာ ကျန်ခဲ့ရာ အတိတ်တစ်ခုဆီမှ.. ချောက်ချားသွေးပျက်ဖွယ် ရက်တစ်ရက်ဆီမှ ဖြစ်ရပ်ဆိုတာကို .. ဖမ်းဆုပ်သိမြင်သုံးသပ်ဖို့ဆိုတာကတော့ ခက်ခဲနေသည်။ အလှမ်းဝေးလွန်းနေသည်။ ဘယ်လိုမှ .. မသိနိုင်သည့်ကိစ္စကြီးတစ်ခုဖြစ်နေသည်။

"ဟင် ..."

ရှင်မွေ့ နှုတ်ဆီမှ လွင့်လာသံ ..။ သူ့ကို အမောတကောလေး ပခုံးကိုင်မိသည်။ စိတ်လှုပ်ရှားစွာလည်း မေးမိသည်။

"ပြန်စဉ်းစားကြည့်ပါဦး .. အန်တီထား ရဲ့ အဝတ်တွေမှာ စွန်းနေတဲ့ ပေကျံနေတဲ့ သွေးတွေကခဲနေတယ် .. ဟုတ်လား .."

ဟု မေးတော့ သူ ခေါင်းညိတ်သည်။

"ဒါဆို .. အစ်ကိုလေးရဲ့ ဖေဖေ .. သူ .. သူဟာ .. လူသတ်သမားမဟုတ်ဘူး .. သူသတ်တာဆိုရင် .. သွေးတွေကစီးကျနေရမှာ .. ခဲခဲကုန်တယ်ဆိုကတည်းက .. အန်တီထား သေပြီးအချိန်လေး နည်းနည်းကြာမှ .. အစ်ကိုလေးရဲ့ဖေဖေ ရောက်လာတာဖြစ်နေတယ် .. သူ့လက်ထဲမှာ သေနတ်ရှိနေတယ်ဆိုတာက .. သူယူလိုက်လို့သာဖြစ်တာ .."

ဟု ပြောလိုက်တော့ သူ့မျက်နှာထက်မှာ မိတ်ဝင်တစားဖြစ်လာသည့် ခံစားချက်တွေ စိတ်အားထက်သန်စွာပေါ်လာပါ၏။

"ဒါပေမယ့် .. အစ်ကိုလေးလည်း မသတ်ဖူး .. ဘာလို့လည်းသိလား .. အစ်ကိုလေး ပြောတယ်လေ .. အိမ်မှာလူရှိနေတယ်ဆို .. ဒေါ်လေးနန္ဒာ လည်းရှိနေတယ်ဆို .. ဒါဆိုရင် .. အစ်ကိုလေး အန်တီထား

www.burmeseclassic.com

www.burmeseclassic.com



ကို ပစ်သတ်လိုက်တာနဲ့ .. သေနတ်သံ ကြားကိုကြားကြရလိမ့်မယ် .. သူတို့ပြေးတက်လာကြရမှာပေါ့ .. အဲဒီအခါကျရင် .. ဘာကိုမြင်ကြ မလဲ .. သွေးစိမ်းရှင်ရှင်ထွက်ကျပေကျံနေရင်း .. လတ်လတ်ဆတ်ဆတ် သွေးတွေနဲ့ လူးနေတဲ့ အန်တီထား ရဲ့ အလောင်းကို တွေ့ကြရမယ် .. သေနတ်နဲ့အတူ ကိုင်လျက်ရှိနေမယ့် အစ်ကိုလေးကိုလည်း မြင်ကြ လိမ့်မယ် .. အဲသလို .. မြင်ပါတယ်လို့ .. ဘယ်သူကမှ ပြောလာတဲ့ မရှိသလို .. အစ်ကိုလေး၊ မြင်ရတဲ့မြင်ကွင်းကလည်း သွေးတွေစေးကပ် နေတဲ့ အန်တီထား ရဲ့ အလောင်းနဲ့ .. အစ်ကိုလေး ရဲ့ ဖေဖေကိုလည်း သေနတ်နဲ့အတူ တွေ့ရခြင်းဖြစ်နေတယ် .. အဲဒါ .. ဘာလဲဆိုတော့ အစ်ကိုလေးဟာ .. လူမသတ်ခဲ့သလို .. အစ်ကိုလေး ရဲ့ ဖေဖေကလည်း လူမသတ်ခဲ့ဘူး .. အန်ကယ်ဦးမင်းစိုးဟာ .. သားလက်ထဲက သေနတ် ကိုယူပြီး သူသတ်တယ်လို့ ဝန်ခံပေးသွားတာမှန်နိုင်တယ် .. ဒါပေ တကယ်တမ်းကျတော့ .. အစ်ကိုလေးကည်း အန်တီထား ကို မသတ် ဘူးဆိုတာ သေချာနေပြန်တယ်လေ .. သတ်တယ်ဆိုရင် .. ဒေါ်လေး တို့ .. ပြေးတက်လာရင် မြင်ကိုမြင်ရမှာ .."

ရှင်မွေ့ ပြောနေသမျှကို သူ စိတ်ဝင်တစားနားထောင်လာသည် မျက်နှာထက်မှာလည်း ရှုပ်ထွေးသည့်အတွေးတွေဖြင့် ရှိနေရသည် မျက်ခုံးကြီးတွန့်နေသည်။

"ဒါဆို .. ဘယ်သူသတ်သလဲ .. ကိုယ် .. ကိုယ် .. သေနတ် ဆွဲမိချိန်မှာ .. မျက်ချင်းမိုက်စနဲ့မှောင်ကျသွားတယ် .. သိရချိန်မှာ ရောက်နေပြီ .. အဲသလိုဆို .. အန်တီထား ရဲ့ သွေးတွေစေးခဲကုန်တဲ့ ကြားထဲမှာ .. ကြာမြင့်ခဲ့တဲ့အချိန်ကာလမှာ .. အဲဒီအခန်းထဲမှာ ဘာ ဖြစ်ကုန်သလဲ .. ဖြစ်ခဲ့သလဲ .. အဲဒါ .. ကွင်းဆက်ပြတ်နေတယ် ရှင်

ဟု သူ ပြောလာတော့ ရှင်မွေ့ သူ့ကိုပြုံး၍ကြည့်သည်။ သူ့လက် ပေါ် လက်ကိုဖွဖွဖေးတင်မိသည်ကလည်း ဤ မိုးမခအိမ်ကြီး၏



သော တံခါးတစ်ချပ်ကို ဖွင့်နိုင်ဖို့ သူနှင့်အတူ ရပ်တည်သွားမည်ဆိုသည့် သင်္ကေတတစ်ခုပါ။

"အဲဒါကိုသိနိုင်အောင် ရှင်မွေ့နဲ့ အစ်ကိုလေးတို့ကြိုးစားကြရမှာ ပေါ့ .. သေချာတာတစ်ခုကတော့ .. အစ်ကိုလေးရော .. အစ်ကိုလေး ရဲ့ ဖေဖေရော .. အန်တီထား ကို မသတ်ခဲ့ဘူးဆိုတဲ့အချက်ပါပဲ .. အဲသလို.. ရှင်မွေ့ နားလည်တယ် .."

ဟု ပြောလာတော့ သူ ရှင်မွေ့ ကို အထင်တကြီးဖြင့်လည်း ကြည့် သည်။ ရှင်မွေ့ ၏ လက်လေးပေါ်မှာ သူ့လက်ဖဝါးတစ်ဖက်ကို ဖေးတင် လာသည်။

"ဆက်စပ်တွေးယူတတ်လိုက်တာ ရှင်မွေ့ ရယ် .."

ဟု ခပ်တိုးတိုးကျေးဇူးတင်စွာပြောလာပါ၏။ ရှင်မွေ့ ကိုယ်တိုင်က ဝတ္ထုဇာတ်အိမ်များကို ဆက်စပ်ဖန်တီးယူပြီး ရေးသားနေသည့် စာရေး ဆရာမလေးတစ်ယောက်ဖြစ်နေသည်ဆိုတာ .. သူ့ကို .. နောက်များမှ.. ပြောပြလိုက်ပါတော့မည် ..။

ဤအိမ်ကြီးမှာ နောက်ထပ်သောဆန်းကြယ်သည့် ဖြစ်ရပ်များလည်း ရှင်သန်ကျန်နေကြသေးသည်တည့် ..။ သွေးတွေစွန်းထင်းပေကျံနေသည့် အဝတ်အစားတွေဖြင့် ဒေါ်မျိုးမမထား .. စံကားပန်းရနံ့တို့နှင့်အတူ မိုးမခ အိမ်ကြီးမှာ .. ခုထိသွားလာနေတတ်သည်ဆိုတာကလည်း .. ဝိညာဉ်တစ်ခု ၏ မကျွတ်မလွတ်ခြင်းဆိုတာကို ပြသနေပြန်သည်။

ထိုသို့သော လျှို့ဝှက်အံ့ဩဖွယ်ရာလည်းရှိသော .. ချောက်ချား အိတ်လန့်ဖို့လည်း ဖြစ်သော ဝိညာဉ်တစ်ခု၏ သှုပ်ရှားမှုပုံရိပ်များနှင့် ပတ်သက်ရာနေရာတစ်ခုသည် .. ဤမိုးမခအိမ်ကြီးပဲဖြစ်နေပြန်သည်။

"မနက်ဖြန်ကျတော့မှ .. အဲဒီနေ့က ဖြစ်ပျက်တဲ့ကိစ္စတွေအားလုံး ကို အစ်ကိုလေး .. ရှင်မွေ့ ကို ခေါင်းအေးအေးနဲ့ပြောပြနော် .."

ဟုပြောတော့လည်း သူစိတ်ပါလက်ပါခေါင်းညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်မှာ .. အဲသလို .. မျှဝေတွေးပေးမယ့် အဖော်ဆိုတာ .. ခုမှ .. ရတင်ပိုင်ဆိုင်လိုက်ရတာပါပဲ ရှင်မွေ့သာ .. မင်းကို .. ကိုယ် .. ကျေးဇူး တင်ပါတယ် .. မင်းနဲ့ဆုံရတာ .. ကိုယ် .. ကံကောင်းပါတယ်ကွယ် ..

သူ ပြောနေချိန်မှာ .. မွှေးရနံ့သင်းသောစံကားပန်းတို့၏ ရနံ့ အခန်းထဲသို့ အလုံးအရင်းနှင့် တိုးဝင်လာ၏။

"မေမေ .. ကိုယ့်ဆီကိုလာတယ်လို့ .. ကိုယ်ယုံကြည်နေတယ် ..

ဟု ရုတ်ခနဲသူပြောလာပြီး ပြတင်းဆီသို့ လျှောက်ကာ .. ပန်းစံကား ပင်တန်းကို ငေးဝေဝေကြီးကြည့်နေချေသည်တကား ..။

တကယ်ပဲ .. သူ့မေမေ .. ရောက်လာတာပဲဖြစ်ပါစေ .. ဟု ရှင်မွေ့ ဆုတောင်းပေးမိရပါ၏။

ဒါမှ .. အမေ .. ဆိုသည့် .. ပုံရိပ်တစ်ခုသည် .. သူ့ထံပါးမှာ ရှိနေခြင်းဖြင့် .. အထီးကျန်ခြင်းတို့ အတန်မျှဝေးလွင့်သွားရချေဦးတော့ မည်သာ ..။



## အခန်း (၁၁)

ခုတင်ခြေရင်းဆီမှ လှုပ်ခါမှု ..။ ဇာခြင်ထောင်က ထွန့်ထွန့်လူးနေ သည်။ ရှင်မွေ့ ၏ မျက်ဝန်းတွေ ရုတ်ခနဲပွင့်လာရသည်က ခုတင်၏ လှုပ်ခါမှုကြောင့် ..။ နောက်တော့ မြင်လိုက်ရသည်က ဇာခြင်ထောင် သည် ခုတင်တိုင်၏ အယိမ်းအလှုပ်အတိုင်းလိုက်၍ သွက်သွက်ခါနေ သည့်အဖြစ် ..။ ညအိပ်မီး ရောင်ပြာလဲ့လဲ့သည် အခန်းထဲမှာ ပြာရိပ်ရိပ် ထင်၏။ ခုတင်ခြေရင်းမှာ မလှုပ်မယှက်ရပ်နေသည်က ဆံပင်ဖားလျား ကြီးနှင့် မျက်နှာထက်မှာ ဖရိဖရဲပြိုကျနေသည့် ဆံပင်တို့ကြားမှ ကြည့် နေသည့် မျက်ဝန်းအစုံ ..။ မျက်နှာကဖြူလွှန်းနေသည်။ သွေးတို့ပေကျံ နေသည့် အဝတ်သည် အဖြူရောင်ညဝတ်အင်္ကျီရှည်ကြီးဖြစ်နေ၏။

လက်ချောင်းတို့က ခုတင်ခြေရင်းတန်းပေါ်မှာ ဗာင်ထား၏။ ရှင်မွေ့ ၏ မျက်ဝန်းတွေ ရုတ်ခနဲပွင့်လာရသည်က ခုတင်၏ လှုပ်ခါမှုကြောင့်..။ နောက်တော့ မြင်လိုက်ရသည်က ဇာခြင်ထောင်သည် ခုတင်တိုင်၏ အယိမ်းအလှုပ်အတိုင်းလိုက်၍ သွက်သွက်ခါနေသည့်အဖြစ် ..။ ညအိပ်မီး ရောင်ပြာလဲ့လဲ့သည် အခန်းထဲမှာ ပြာရိပ်ရိပ်ထင်၏။ ခုတင်ခြေရင်းမှာ လှုပ်မယှက် ရပ်နေသည်က ဆံပင်ဖားလျားကြီးနှင့် မျက်နှာထက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဖရိုဖရဲပြိုကျနေသည့် ဆံပင်တို့ကြားမှ ကြည့်နေသည့် မျက်ဝန်းအစုံ ..။ မျက်နှာက ဖြူလွှ်န်းနေသည်။ သွေးတို့ပေကျံနေသည့် အဝတ်သည် အဖြူရောင်ညဝတ်အင်္ကျီရှည်ကြီးဖြစ်နေ၏။

လက်ချောင်းတို့က ခုတင်ခြေရင်းတန်းပေါ်မှာ တင်ထား၏။ ရှင်မွေ့၏ မျက်ဝန်းတွေပြူးကျယ်ဝန်းစက်ကုန်ကြရသည် ..။ ချောက်ချားခြင်းက ရင်ကိုဒုတ်ဒုတ်ထိထိုးနက်နေကြသည့်အဖြစ် ..။

"ဒေါ် .. ဒေါ် .. မျိုး .. မမထား .. ပါလား .."

စိတ်သည် လောလောဆယ်မှာ အုပ်စီး၍မရ ..။ ထိန်းကျောင်း၍ မနိုင် ..။ မိန်းမသားပေမို့ လန့်ရှိန်ကတော့ ဖြစ်တည်ရသည်သာ ..။ သိမ်းကျုံးကုန်းရုန်း၍ ရှင်မွေ့ ထထိုင်လိုက်ချိန်မှာ ဒေါ်မျိုးမမထား က ပို၍ မြန်ဆန်စွာ ရှင်မွေ့ ဘေးဆီသို့ ရွေ့ခနဲပါအောင်ရောက်လာသည်။ အသံတစ်ချင်းမထွက်ဘဲ ရှင်မွေ့ ကို ဇာခြင်ထောင်ဘေးဆီမှ ရပ်၍ကြည့်နေ၏။ လက်ထဲမှာ ပါလာသည်က စံကားဖြူပန်းတစ်ပွင့် ..။ ရှင်မွေ့ ကြက်သေသေကြီး ငြိမ်ကျနေရပြီ ..။ ရုတ်ခနဲ မျိုးမမထား သည် အခန်းထဲမှ လှည့်ထွက်၏။ မဟတဟလေး စောစောကတည်းက ပွင့်နေသည့် တံခါးကိုဖွင့်၍ ထွက်သွားသည်က ခြေသံပင်မကြားရ ..။ တရှပ်ရှပ်အသံလည်း မရှိ ..။ တဒုန်းဒုန်းခေါင်သံမျိုးလည်း မထွက် ..။ လေထဲမှော၍ လျှောက်နေသည့်အလား လုံးဝခြေသံမကြားရ ..။ အခန်းတံခါးကို ပြန်၍ ခေါ်ပိတ်ခဲ့တာမရှိ ..။ စကြံန်ဆီမှ ထွန်းထားသော လျှပ်စစ်မီးရောင်ကြောင့် ထိုလူရိပ်၏ ရွေ့လျားသွားရာသည် လှေကားဘက်ဆီသို့ ဖြစ်နေသည်ဟု သိနေရသည်။ တစ်ဖြုတ်လေးမျှသာ ထိုလူရိပ်ကို မြင်ရခြင်း ..။ ရှင်မွေ့ ကသောကမျောကျုံး၍ထလိုက်သည်။ ကမန်းကတမ်းခုတင်ပေါ်မှ ခုန်ကာ အိမ်စီးဖိနပ်လေးပင်မစွပ်အားဘဲ တောက်လျှောက်နောက်မှ လိုက်ထွက်လာမိရပါပြီ ..။

"မကြောက်နဲ့ .. မကြောက်နဲ့ .. နင် .. ဒီကိစ္စကို .. ရှင်းလင်းအောင်



သိဖို့လိုတယ် .. သိဖို့လိုတယ် .."

ဟု စိတ်ကိုလည်း ပြန်၍ပြန်၍ အားပေးနေရသည်။ ကြောက်နေသည်ကလည်း အမှန် ..။ နဖူးတွေ့ဒူးတွေ့ဆိုလို ဒေါ်မျိုးမမထားနှင့် ရှင်ဆိုင်တွေ့ရချိန်မှာ ရှင်မွေ့ မကြောက်ပဲနေပါမည်တဲ့လား ..။ ဘယ်လိုပဲ စိတ်နိုင်သည်ဆိုစေ ..။ စိတ်နိုင်အောင် ကြိုးစားသည်ရှိစေ ..။ လန့်သည်တော့ အလန့်ဖြစ်လာရသည်ပါပဲ ..။

ဒါပေမယ့် .. ဘာကြောင့် ဤမျှနှစ်ကာလကြာအောင် ဤဗိမာန်၌ ဆန်နေသော အဖြစ်တစ်ခုသည် .. ကြာတောင်ကြာရှည်မျှ .. ဤအိုးမဲအိမ်ကြီးမှာ ဖြစ်တည်နေရသည်ဆိုတာကိုတော့ ရှင်မွေ့ သိချင်နေသည်။ ရှင်မွေ့ စကြံန်အတိုင်း စပ်သုတ်သုတ်လျှောက်လာနေရချိန်မှာ လှေကား၏ ထောင့်ချိုးကွေ့နေရာဆီမှာ တိတ်ဆိတ်စွာရပ်ကြည့်နေသည့် ဒေါ်မျိုးမမထား ..။

ရှင်မွေ့ ကို မော့၍ငြိမ်ရပ်ကြည့်နေပါသည့်အဖြစ် ..။ နောက်တော့ အင်္ကျီထက်မှာကပ်နေသည့် ခြောက်သွေ့စွန်းထင်းနေသော သွေးကွက်ရာကြီးတွေကို လက်ဖြင့် ပွတ်သပ်နေသည်။ အကြည့်ကလည်း ရုတ်ချင်းပင် ဒေါ်သီရိ၏ ပန်းချီပုံကြီးဆီသို့ရောက်၏။ ရွှံ့စေးတွေပေကျံနေသည့် လက်တွေကို ရှင်မွေ့ မီးရောင်မှိန်ပျပျအောက်မှာ မြင်နေရပြန်ပါ၏။ တကယ့်ကို စွတ်နေဆဲ ခြေစေးများ ..။ ထိုလက်တွေက ပန်းချီကား၏ ဘောင်အကွပ်ထက်မှာတင်သည်။ ခေါင်းကို ဆက်တိုက်ခါပစ်နေသည်က ကြမ်းကြမ်းရမ်းရမ်းနိုင်နေ၏။ ဆံပင်ဖားလျားကြီးက ကျောပြင်ထက်မှာလည်း သွက်သွက်ခါနေသည်။ မျက်နှာထက်ပြိုကျနေသည့် ဆံပင်ရှည်ကြီးတွေကလည်း ဟိုဟိုသည်သည် ယမ်းခါနေ၏။ မြင်ကွင်းက သွေးပျက်ဖို့ကောင်းလာပြီ ..။ ရှင်မွေ့ ခြေလှမ်းတွေ ဆက်လှမ်း၍ မရနိုင်ဘဲ အလိုလိုပင် ခြေကျဉ်းဝတ်တွေက လှုပ်မရ ..။ ခြေခေါက်က ရွှေ့မရ ..။ အကြည့်ကလည်း မြင်ကွင်းကို မမိုတ်မသုန်ကြီးကြည့်နေမိရ

www.burmeseclassic.com

www.burmeseclassic.com



ဆဲ ...။ တကယ်က .. မျက်စိသူငယ်အိမ်ကို ရွေ့ရှာမရနိုင်ဘဲဖြစ်ကုန်ခြင်း...။

ထိုစဉ်ခိုက် အိမ်ကြီး၏နံရံဆီမှ ရှေးတိုင်ကပ်နာရီကြီးဆီက ဆယ့်နှစ်နာရီထိုးသံထွက်လာတော့ ဒေါ်မျိုးမမထား၏ အကြည့်က နာရီဘက်ကို တိရစ္ဆာန်ကြီးတစ်ကောင်၏ ဆိုးဆိုးဆတ်ဆတ်ရန်လိုစွာ လှမ်းကြည့်လိုက်ပုံမျိုးဖြင့် ရောက်သွားချိန်မှာပင် .. ရုတ်ခနဲ အိမ်ကြီးသည် မှောင်အတိကျသွားချေသည်တကား!...။ တကယ့်ကို မြန်ဆန်လွန်းစွာ မှောင်ကျသွားခြင်း ...။ မှောင်ကြီးထဲမှာ နာရီ၏ မြည်သံက ကျယ်လောင်စွာရှိနေဆဲ။ ငါးမိနစ်ပင်ရှိမည်မဟုတ် ...။ ချက်ချင်း မီးပြန်လင်းလာသည်။ စောစောက နေရာမှာ ဘာမျှမရှိတော့ ...။ ဟာလာဟင်းလင်းကြီးပင် လှေကားထောင့်ချိုးကွေ့နေရာသည် စကြိန်မီးရောင်မှိန်ဖျော့ဖျော့အောက်မှာ ငြိမ်သက်စွာရှိနေ၏။ ရှင်မွှေ့ သတိဝင်လာကာ လှေကားထစ်တွေကို မြန်မြန်ကြီးနင်း၍ အလောသုံးဆယ် ဆင်းလာမိရပါပြီ ...။ ပန်းချီကား၏ ဆောင်နေရာကို ကြည့်တော့ ရွှံ့စေးတို့ စေးကပ်ထင်နေကြချေသည်တကား ...။

ကြမ်းခင်းနေရာမှာ ကျန်ရစ်ခဲ့သည်က စံကားဖြူပန်းတစ်ပွင့် ...။

အိမ်ကြီးသည် လုံးဝ တိတ်ဆိတ်ငြိမ်ကျလွန်းနေသည်။

ရှင်မွှေ့ အိမ်တံခါးမကြီးဆီသို့ တောက်လျှောက်အပြေးအလွှားရောက်သွားခိုက်မှာ တံခါးရွက်ကြီးက ပိတ်ထားမြဲအတိုင်းရှိနေပါချေသည့်အဖြစ် ...။

တစ်ယောက်တည်း ငြိမ်တွေ၍ ရပ်နေရာမှ ရှင်မွှေ့ စိတ်ကို ပိုင်းဖြတ်လိုက်ကာ အောက်ထပ်ရှိ အခန်းတကာကို လိုက်ကြည့်မိရပါသည့်အဖြစ် ...။ ထမင်းစားခန်း ...။ မီးဖိုခန်းနှင့် ဒေါ်လေးနန်းခက် တို့ ဘုရားဝတ်ပြုရာအိပ်ရာအခန်းပါမကျန် ...။ လိုက်ကြည့်မိရပါပြီ။ အခန်းတံခါးကို အတွင်းဆီမှ လော့(ခ်)ချ၍ ဒေါ်လေးနန်းခက် ကတော့ အိပ်နေသည်။ တွန်းဖွင့်၍မရ ...။



"အေးလေ .. သူက .. တခွေနဲ့တိုးမှာကြောက်လို့ အိပ်ဆေးတောင်သောက်အိပ်တာပဲ .. အခန်းတံခါးကို စေ့ပိတ်ရုံလေးနဲ့ ဘယ်အိပ်ပါ့မလဲ.. အခန်းတံခါးကို ပိတ်အိပ်မှာပေါ့ .. အတွင်းဘက်က .. ကုလားထိုင်တို့ဘာတို့တောင် တံခါးနားကပ်ပြီး ပိတ်ကာပြီးတော့မှ အိပ်ရင်တောင် အိပ်နေနိုင်တာပဲ .. ငါ့အခန်းလည်း လော့(ခ်)ချအိပ်တာပဲ .. ဒါပေမယ့်.. သူက .. ဖွင့်ဝင်လာနိုင်တယ် .."

ဟု ဗိညာဉ်ကိစ္စကလည်း ခေါင်းထဲဝင်လာပြန်၏။ အခန်းတံခါးများက လက်ကိုင်ဘုလုံးကို အတွင်းဘက်ဆီမှ ခလုတ်လေးနှိပ်၍ တံခါးပိတ်လိုက်လျှင် လော့ကျပိတ်သွားသည့်စံနစ်မျိုးဖြင့် ဆောက်ထားခြင်း...။ ထိုသို့သော အခန်းတံခါးကို ဖွင့်နိုင်သည်က သော့ဖြင့်အပြင်မှ ဖွင့်၍ ဝင်လျှင်ရနိုင်သည်။

"ကဲ .. ဒေါ်မျိုးမမထားက .. ဘယ်လိုလုပ်ပြီး သော့ကိုယူနိုင်မှာလဲ .. နေဦး .. သူ့ဆိုလို့ .. အဲဒီသော့ကို ကိုင်ထားတဲ့သူဟာ .. ဒေါ်လေးနှာမှုးရယ် .. အစ်ကိုလေးရယ် .. ငါရယ် .. ဒီသုံးယောက်ဆီမှာပဲ သော့တွဲတွေရှိနေကြတာ .. ဘဘက .. သူကိုင်တဲ့သော့တွဲကို ငါ့လက်ထဲ အပ်လိုက်ပြီဆိုတော့ .. ငါတို့သုံးယောက်ဆီမှာ အဲဒီသော့တွဲတွေရှိနေကြတယ် .. သူကလည်း သူ့အခန်းမှာ အိပ်နေလောက်ပြီ ဒေါ်လေးနန္ဒာလည်း အိပ်နေမှာပဲ .. ဒါပေမယ့် .. ငါ စစ်ဆေးကြည့်သင့်တာတစ်ခုကတော့ရှိနေပြီ .. အဲဒီမိန်းမဟာ .. လူတစ်ယောက်ဖြစ်နေရင် .. သူဟာ.. မိန်းမသားတစ်ယောက်ဖြစ်နေတာမို့ .. ငါ .. အဖြေတစ်ခုရအောင် .. တစ်ခုကိုလုပ်ရတော့မယ် .. ဗိညာဉ်လား .. လူလား .. အဲဒါရှင်းဖို့လိုတယ် .."

တွေးလည်းတွေး ...။ ချက်ချင်း အခန်းထဲဝင် ...။ သော့တွဲကိုယူကာ.. အမဆုံးပြေး၍ ဖွင့်ကြည့်လိုက်သည်က .. ဒေါ်လေးနန္ဒာမှူး ၏ အခန်းကို ...။ ဘယ်သော့ချောင်းမှန်းမသိသည်မို့ သော့တွေတစ်ချောင်းပြီးတစ်ခု စမ်း

www.burmeseclassic.com

www.burmeseclassic.com



၍ ဖွင့်ကြည့်ရသေးသည်။ အခန်းတံခါးပွင့်သွားတော့ ခြေသံမကြားအောင် အခန်းထဲ ရှင်မွေ့ ဝင်လာမိရပြီ။ ခေါင်းထောင်ပါးကို ထွင်းဖောက်၍ အတွင်းဘက်ကို စေ့စေ့ပါအောင်ကြည့်နေမိရင်း ခြေသံကိုလည်း လုံနိုင်သမျှ လုံအောင် ရှင်မွေ့ လျှောက်လာမိရဆဲ ..။ စုတင်ထက်မှာ ယုန်မွေးစောင် အပြာမှာ ပန်းပွင့်ဖြူကြီးတွေစပ်ကျဲကျဲအဆင်ဖြင့် သေးစောင်းလေးခြုံ၍ အိပ်မောကျနေသည့် ဒေါ်လေးနန္ဒာမှူး ..။

ဆံပင်တွေက သေမသေသပ်သပ်ကျစ်ထားသည်။ ညအိပ်ရာဝင်ချိန်မှာ ဆံထုံးကြီးနှင့် ဒေါ်လေးနန္ဒာမှူး အိပ်ပုံမရ ..။ ပေါ့ပေါ့ပါးပါးဆံကျစ်ရှည်ကြီးကျစ်၍ အိပ်ခြင်းမျိုးဖြစ်နေသည်။

အခန်းထဲရောက်၍ ရှင်မွေ့ ကြည့်မိရပါ၏။ ပြတင်းပေါက်တို့သည်လည်း ပိတ်ထားကြပါ၏။ အသက်မှန်မှန်ရှူ၍ အိပ်ပျော်နေသည့် ဒေါ်လေးနန္ဒာမှူး ကို ကြည့်ရင်း ရှင်မွေ့ ရင်ထဲမှာ အားနာစိတ်ဖြစ်ရသည်။ တစ္ဆေတစ်ကောင်၏ ရှုပ်ထွေးနေသော ဆံပင်ရှည်ကြီးမျိုးဖြင့် ဖရိုဖရဲရှိမနေသည့် ဆံကျစ်ရှည်ကြီးတစ်ခု ..။ မျက်နှာထက်မှာ အိပ်ခါနီးလူးထားဟန်ရှိသည့် သနပ်ခါးတို့သည်ပင်လျှင် မပြယ်တချို့ ပြယ်တချို့ဖြင့် ဖွန်းကွက်ကွက်ရှိနေကြပါသည့်မျက်နှာ ..။ တစ္ဆေတစ်ကောင်၏ ဖြူပိန်းပိန်းမျက်နှာမျိုးမဟုတ် ..။ စင်စင်ကြယ်ကြယ်မျက်နှာမျိုးဖြစ်နေသည်။

"ငါက .. မဟုတ်သော်ရှိ .. ဟုတ်သော်ရှိ .. ဒီဒေါ်လေးနန္ဒာမှူး တစ္ဆေအတုလုပ်ပြီး ခြောက်နေသလားလို့ သံသယဝင်လာမိရင်း လာစစ်မိတာ .. ဒီအိမ်မှာ မိန်းမဆိုလို့ .. ငါရယ် .. ဒေါ်လေး နန်းခေါ်ရယ်ပဲ ဒီတစ္ဆေအရုပ်အမောင်းမျိုးရှိနေကြတဲ့သူတွေအဖြစ် ရှိနေတာလေ .. သူ့လက်ထဲမှာလည်း သော့တွဲရှိတော့ .. ငါ့အခန်းထဲ သော့ဖွင့် ဝင်တာလားလို့ စဉ်းစားမိတာ .."

ဟု တွေးကာ စိတ်ထဲမှ တိုးတိုးတိတ်တိတ် ဒေါ်လေးနန္ဒာမှူး ကို အထင်လွဲမိလေသမျှ ကျိတ်၍တောင်းပန်မိကာ အခန်းထဲမှ ပြန်ထွက်



ရပါ၏။ တံခါးကို မပိတ်မီမှာ အတွင်းဘက်က လက်ကိုင်သော့ဝိုင်း၏ ဘုလေးကိုနှိပ်ပြီးမှ အပြင်ထွက်၍ ဖွဖွညင်ညင်ပိတ်လိုက်တော့ အတွင်းဘက်ဆီမှ လော့(ခ်)ကျသွားပြီးသား ပိတ်ပြီးသားဖြစ်သွားရသည်ပါပဲ..။ စေ့ပိတ်သွားပြီဖြစ်သော တံခါးရွက်သေးနံရံမှာ အိမ်ကြီး၏ မိန်းခလုတ်ရှိနေတာကိုတော့ ရှင်မွေ့ သတိထားလိုက်မိသည်။ ရှင်မွေ့ ချက်ချင်းသသာအောင်ဆီသို့ ခြေကုန်သုတ်မိရပြန်ပါ၏။ စံကားပင်ဆီသို့ ကြည့်မိစဉ်မိုက်မှာ တိတ်ဆိတ်စွာ ရပ်နေသည့် ဒေါ်မျိုးမမထားကို တွေ့လိုက်ရချေသည်တကား ..။

"ဘုရားရေ .. အခုပဲ ငါ ဒေါ်လေးနန္ဒာမှူး အခန်းကထွက်လာခဲ့ရုံရှိသေးတာ .. ဒေါ်လေးကို ငါ အထင်လွဲမိပါရောလား .. အဲဒီတစ္ဆေဟာ .. စံကားပင်အောက်မှာရှိနေတာကိုး .. ရှိနေတာကိုး .."

ဟု တွေးကာ မျက်တောင်မခတ်ကြည့်နေမိချိန်မှာပင် စံကားပင်အောက်ဆီမှ ဝိဉာဉ်ဟာစ္ဆေသည် ဆံပင်တွေကိုသပ်နေသည်။ ရင်ဘတ်ကို ပွတ်နေသည်။ နောက်တော့လှည့်၍ မြတ်လေးပန်းရုံကြီးတွေဘက်ဆီသို့ လျှောက်သွားပါ၏။ ပန်းရုံကြီး၏ တစ်ဖက်သို့ ရောက်သွားပြီးနောက် .. ပျောက်သွားသည်မို့ ..။ ခေါင်းမာသော ငယ်ကျင့်တစ်ခု၏ စေ့ဆော်မှုဖြင့် ရှင်မွေ့ အံကိုခဲကာ အောက်ထပ်သို့ပြေးဆင်း ..။

အိမ်တံခါးမကြီးကိုဖွင့်၍ ခြံထဲပြေးလာမိသည်။ စွန်ပန်းရုံ ..။ မြတ်လေးပန်းရုံဘက်ဆီသို့ရောက်တော့ .. ဘာဆိုဘာမျှမရှိ ..။ ဒါပေမယ့်.. ကေတာ်ဖြူပန်းတစ်ပွင့်ကတော့ .. မြတ်လေးပန်းရုံကြီး၏ သေးမြေနေရာမှာ ကျန်ရစ်ခဲ့ချေသည်တကား ..။

ရှင်မွေ့ စိတ်မောကိုယ်မောဖြင့် မြေပြင်ပေါ်ထိုင်ချလိုက်ကာ မျက်နှာတွေကို ပင်ပင်ပန်းပန်း မှိတ်ချလိုက်မိရပါပြီ။ အသက်ကိုရှူနေရသည်က အလုအယက်တော့နိုင်နေသည်။ ဘာကြောင့်ဆို .. ရင်ခေါင်းကိုအာ၍ မွန်းကျပ်ကျပ်ကြီးဖြစ်နေရသည်လေ ..။ ထိုစဉ်မိုက် .. သူ့ပခုံးကို

www.burmeseclassic.com

www.burmeseclassic.com



အလောတကြီးဆုပ်ကိုင်လိုက်သည့် လက်အစုံကြောင့် မျက်ဝန်းတွေ အလန့်တကြားပွင့်သွားရပါပြီတည်း ..။ ဘုရားရေ ..။ တစ္ဆေက ရှင်မွေ့၏ ပန်းကိုလာ၍ လက်ဖဝါးတွေဖြင့် ဆုပ်ခဲကိုင်လိုက်ချေပြီလား ..။ အတွေးဖြင့် အလန့်တကြားမော့အကြည့်မှာ စိုးရိမ်တကြီးငုံ့မိုးကြည့်နေသည့် သူ့မျက်နှာနှင့် အနီးတကပ်ဖြစ်နေသည်။ သူ့မျက်ဝန်းနက်နက်တွေက တစ်ခုခုကိုတွေးရင်း စိုးရိမ်နေမှန်း သိသာနေကြပါလေ၏။

"လေ့ကားထစ်တွေကို ပြေးဆင်းတဲ့အသံတွေကြားရလို့ ကိုယ်နိုးလာတာ ရှင်မွေ့သာ .. စိတ်ထဲတစ်မျိုးဖြစ်တာနဲ့ ကိုယ်အခန်းထဲက ထွက်ခဲ့တာ .. ဒီအချိန်ကြီးမှာ ဘယ်သူက လှေကားထစ်တွေကို အလောသုံးဆယ်အသံတွေ မြည်တဲ့အထိ ပြေးဆင်းစရာမှမရှိတာပဲလေ .. အိမ်တံခါးမကြီးလည်း ပွင့်နေတာနဲ့ .. ကိုယ် .. စိတ်ပူလာတယ် .. မင်းအခန်းကလည်း ပွင့်နေတာ .. စကြိန်မီးရောင်ကြောင့် မြင်နေရတယ်လေ .. ကိုယ် .. စိတ်ပူပြီး ခြံထဲလိုက်ရှာမိတာ .. မင်းကို .. ဒီနေရာမှာ တွေ့ရတာပဲ .. ဘာဖြစ်တာလဲ ရှင်မွေ့သာ .. ဘာဖြစ်တာလဲ .. မင်းမျက်နှာမှာ သွေးမရှိသလိုပဲ ဖျော့ကျနေတာကွ .. ဟင် .."

သူ စိတ်အရမ်းပူနေရင်း ရှင်မွေ့၏ မျက်နှာလေးကို လက်ဖဝါးတွေဖြင့် ဖေးအုပ်ထားပါ၏။ သူ့လက်ဖဝါးတွေက နူးညံ့သည်နှင့်အမျှ နွေးထွေးနေကြပါချေ၏။ အေးစက်စက်ဖြစ်နေသည့် ရှင်မွေ့၏ ပါးပြင်နုနုထက်မှာ အနွေးဓာတ်ကူးစက်လာသည်သို့ရှိလာရချေသည်ပါပဲ ..။ တကယ်တော့ .. ရှင်မွေ့တကိုယ်လုံး ချွေးတွေနစ်နေသည်။ ဒါပေမယ့် ပူနွေးနေတာမျိုး မရှိ ..။ ပူ၍ ထွက်သော ချွေးတွေမဟုတ် ..။ တစ်ကိုယ်လုံး အေးစက်နေကြရင်း ထွက်လာသည့်ချွေးများ ..။

သူ .. မျက်တောင်မခတ် ရှင်မွေ့ကို မလွှတ်တမ်း အကဲခတ်သလို ကြည့်နေရာမှ ..

"မင်း .. မင်း .. သူ့ကို .. သူ့ကို .. တွေ့လိုက်ပြီလား .. ဟုတ်လား



ငါ .. ငါ .. ပစ်သတ်မိတယ်လို့ .. ထင်မိနေတဲ့ .. သူ့ကို .. သူ့ကို .. မင်း တွေ့လိုက်ပြီပေါ့ .. ဟုတ်လား .. သူ့မှာ သွေးတွေပေနေတဲ့အဝတ်တွေ ဝတ်ထားတယ်မဟုတ်လား .. ဟင် .. ဟင် .."

ဟု မေးလာတော့ ရှင်မွေ့ ရင်ထဲမကောင်း ..။ အမှန်အတိုင်း ဖြေလိုက်လျှင် သူ အရမ်းကိုသွေးတွေဆူပွက်ချောက်ချားကုန်ချေမည် ..။

ဒါပေမယ့် .. မဖြေ၍လည်း မဖြစ် ..။ ဘာကြောင့်ဆို .. ရှင်မွေ့သည် .. အကြောင်းမဲ့ ဤသို့အပြင်သို့ရောက်နေစရာကိုမှ မရှိသည်ပဲလေ ..။

ရှင်မွေ့ သူ့ကို မဖြေ ..။ ဟုတ်သည် ..။ မဖြေဘဲနေလိုက်ခြင်းကပို၍ မှန်ကန်သည်တည့်။ ဒေါ်မျိုးမမထား ကို တွေ့လိုက်သည်ဟုလည်း မဖြေ ..။ မတွေ့ပါဟုလည်း မဖြေ ..။ နှုတ်ဆိတ်နေလိုက်ခြင်းတစ်ခုသည် .. သူ့ဘက်က တွေးချင်ရာတွေးပြီး နားလည်ချင်သည့် အဖြေတစ်ခုကို .. နားလည်ပေးလိုက်ချေမည်သာ ..။ ဒါပဲ ကောင်းပါသည်လေ .. ဟု တွေးကာ ရှင်မွေ့ ထရပ်မိရပါ၏။ သူ .. ရှင်မွေ့ မဖြေဘဲနေနေတာကို အားမလိုအားမရဖြစ်နေဟန်ဖြင့် ဘေးကတောက်လျှောက်လိုက်လာသည်။ ရှင်မွေ့ ကိုလည်း အရမ်းလန့်နေသည်ပဲဟု နားလည်ပုံဖြင့် စိတ်ပူလက်ပူ ကြည့်ကြည့်လာသည်ပါပဲ ..။ ရှင်မွေ့ လဲပြိုကျသွားမှာစိုးရိမ်ပုံဖြင့် စိတ်မချလက်မချကြီး ဘေးမှ လက်မောင်းကို တောက်လျှောက် သူ ထိန်းကိုင်လာပါ၏။

လှေကားထစ်တွေကို ရှင်မွေ့ နင်းတက်လာသည်။ လှေကားထောင့်ချိုးကွေ့မှာ ရှင်မွေ့ ရပ်လိုက်မိရပါပြီ ..။ ပန်းချီကားဘောင်နေရာကို ကြည့်တော့ ချောက်သွေ့စပြုနေသည့် မျက်နှာကြောတင်းနေချေပြီဖြင့်သော ရှုံ့မဲ့တစ်ချို့ စွန်းကွက်နေရာကို လက်ဖြင့် ဖေးအုပ်ပွတ်သုတ်ဝစ်လိုက်မိရပါပြီ ..။ ဤကိစ္စကို ဘယ်သူ့ဘယ်သူကိုမှ ရှင်မွေ့ မပြောဘဲနေလိုက်ဖို့ ဆုံးဖြတ်ထားမိရသည်ပါပဲ။ ဒေါ်လေးနန်းနော်တို့ တူဝရီး

www.burmeseclassic.com

www.burmeseclassic.com



သိလျှင် ချက်ချင်း အထုပ်အပိုးကောက်ပြင်ကာ တစ်ချိုးတည်း လစ်ကု
ကြရေမည် ...။ မိုးမခမှာ .. လူတွေရှိတန်သလောက် ဆက်၍ရှိနေဖို့တော့
လိုအပ်နေသည်လေ ..။ လူသူနည်းပါးလွန်းစွာ ကျန်ရစ်ခဲ့သည့် မိုးမ
ဖြစ်မနေဖို့လည်း လိုအပ်နေသည်။

"မင်း .. မပြေသေးဘူး ရှင်မွေ့သာ .. တစ်ခုခု .. မင်းတွေ့လိုက်
တယ်မဟုတ်လား .. မင်း .. မင်း .. မနက်ဖြန်ကျရင် .. ဒီအိမ်ကြီး
ထွက်ခွာသွားတော့မယ်ပေါ့ .. ဟုတ်လား .. ငါ့ကို .. ထားရစ်ခဲ့တော့
မယ်ပေါ့ .. ချန်ခဲ့တော့မယ်ပေါ့ .."

သူ စိတ်လှုပ်ရှားစွာမေးလာတော့ ရှင်မွေ့ သူ့ကို မော့ကြည့်လို
မိရပါ၏။

စိုးရိမ်သည့်နယ် ငံ့မိုးကြည့်နေသည့် သူ့အကြည့်တွေထဲမှာ တ
ယောက်တည်း အထီးကျန်ကျန်ခဲ့ရမည့်လူတစ်ယောက်၏ သိမ်ငယ်
ဖျော့လာသော ခံစားချက်မျိုး ရှင်မွေ့ ရှာဖွေတွေ့လိုက်ရသည်နယ် ရှိ
ရသည်ပါပဲ ...။

"ရှင်မွေ့ မနက်ဖြန်ကျရင် .. မိုးမခမှာ လုပ်စရာအလုပ်တွေအ
ကြီးရှိနေပါတယ် အစ်ကိုလေး .. အထူးသဖြင့် အပေါ်ဆုံးထပ်က ပ
ခန်းကိုလည်း ဖုန်စုပ်စက်နဲ့ သန့်ရှင်းရေးတွေလုပ်ဖို့ရှိပါတယ် .. ဒီ
ကြီးမှာရှိနေသမျှ .. ကော်ဇောတွေကိုလည်း ဖုန်စုပ်စက်နဲ့ .. ဖုန်
ဦးမှာပါ .. အိမ်ကြီးကို .. အလှဆုံးနဲ့ အအေးချမ်းဆုံး မြင်ကွင်း
အတူ သက်ဝင်နေစေဖို့အတွက်ဆိုပါတော့ .. အစ်ကိုလေး ပြန်အိပ်
ပါတော့ .. ဗွန်နိုက် .."

ဟု ပြောတော့ သူ့မျက်ဝန်းတွေထဲမှာ ကြည်နူးနိုင်ထင်လာ
ရှင်မွေ့ မပြန်သေးဆိုတာကို သိလိုက်၍ပါ ...။ ကလေးတစ်ယော
ဟန်မဆောင်လိုက်နိုင်စေဘဲ ကြည်စင်သွားပါသည့် သူ့မျက်နှာကို
ကြည့်ကာ ရင်ထဲမှာ မကောင်း ...။ သူ့အသည် .. ချောင်းနှယ် ရှိ



မယ့် ...။ လူရင်းဟူ၍လည်း တကယ်တမ်းကျတော့ မရှိသည့်နယ်ဖြစ်နေ
သည်။

"ဒါဆို .. ဒါဆို .. မင်း .. သူ့ကိုမတွေ့လိုက်ဖူးပေါ့ .. ဟုတ်လား..
ငါကတော့ .. ငယ်တုန်းက .. မြင်လိုက်ရတယ် .. အဲဒါကို .. ဘယ်သူမှ..
ငါပြောတာကို .. မယုံကြဘူး .. ငါ့ကို .. စိတ္တဇသမားလို့ မှတ်ယူပြီး..
ဆေးတွေတိုက်ကြတယ်လေ .. အခုထိဆိုပါတော့ .."

ဟု သူ စပ်ညည်းညည်းတစ်ချက်ပြောလာနိုက်မှာ ရှင်မွေ့ သူ့ကို
တည်တည်ငြိမ်ငြိမ်လေး မော့ကြည့်လိုက်မိရပါပြီ ...။

"ရှင် .. သူ့ကို တွေ့တယ်ဆိုတာ .. ကျွန်မ ယုံကြည်ပါတယ် ..
သူ့ကို .. အစ်ကိုလေး ကြောက်ချင်ရင် ကြောက်လိုက်ပါ .. ဒါပေမယ့်..
ဘယ်တော့မှ အရှုံးမပေးပါနဲ့ .. ရင်ဆိုင်ပါ .. ကြောက်နေရင်းနဲ့ ရင်ဆိုင်
ကျော်လွှားခြင်းဖြင့် အောင်မြင်ခြင်းဆိုတာကို .. ရရှိတတ်ပါတယ်
အစ်ကိုလေး .."

ရှင်မွေ့ ပြောတော့ သူ အကဲခတ်သလို အတန်ကြာမျှ ရှင်မွေ့
ကို ငေးစိုက်ကြည့်နေသည်။ ထူထဲသော မျက်တောင်ရှည်ကြီးတွေအောက်
ဆီမှ မျက်ဝန်းနက်နက်တို့သည် .. အဖြေတစ်ခုကို ခဲရာခဲဆစ်ရှာဖွေနိုင်
ဖို့ ကြိုးစားနေသည့် အရိပ်တွေဖြင့် ပြည့်နက်နေ၏။

"တစ်ခုခု .. အဆာပြေစားချင်စိတ်ရှိနေသလား အစ်ကိုလေး .."

သူ ဘာမျှမေးမလာခင်မှာ ရုတ်ခနဲ ကောက်မေးတော့ သူ တစ်ချက်
စဉ်းစားဆဆတွေးသလို ငြိမ်၏။ နောက်တော့ ခေါင်းခါသည်။

"စားမယ်ဆိုရင် .. မင်း လုပ်ပေးနေလိမ့်မယ် .. အလုပ်ပိုတယ်
ရှင်မွေ့သာ .. ကိုယ်လည်း မဆာပါဘူး .. ဒီအချိန်ဟာ .. အစာစားဖို့
လည်း မကောင်းတော့ပါဘူး .. မင်း .. ပြန်နားလိုက်ပါ ရှင်မွေ့သာ ..
တစ်ယောက်တည်း အိပ်ရဲနေရဲလား .. စမ်းကြည်တို့ .. ဒေါ်ကလေးနန်းခေ
တို့ကို အဖော်ခေါ်ချင်သလား .."

www.burmeseclassic.com



သူသည် ရှင်မွေ့ ကို တစ်ယောက်တည်းထားလိုက်ရမှာ စိတ်ဒ
နောက်ဆံငင်နေတာသိသာနေသည်။ ရှင်မွေ့ ပြုံး၍ ခေါင်းခါလိုက်ရသည်
ပါပဲ ..။

သူနှင့်အတူ ရှင်မွေ့ တို့ လှေကားအတိုင်း တက်လာခဲ့ကြရာမှ
သူ့အခန်း ကိုယ့်အခန်း ပြန်ဝင်ဖြစ်ကြရသည်။ အခန်းတံခါးကိုပိတ်ပြီ
တာနှင့် ပထမဆုံး လုပ်လိုက်သည်က စာကြည့်ကုလားထိုင်ကို တံခါ
ပေါက်တည့်တည့်အတွင်းဘက်မှ ပိတ်ကာထားလိုက်ခြင်းပါ ..။ နော
ထပ် တစ်ခုထပ်ယူသည်။ စာကြည့်စားပွဲငယ်လေးကို အသံမမြည်အော
အားစိုက်၍ မယူရွှေ့ရခြင်း ..။ တံခါးအတွင်းဘက်မှာ စားပွဲကို ပိတ်
ထားလိုက်ရသည်တည့် ..။

နောက်တော့ ခုတင်ခြေရင်းမှာ သွားရပ်မိသည်။ စောစောက ပန်
ကားဘောင်နေရာမှာ ပေနေသည့် ရွှံ့စေးကို အမှတ်ရသည်မို့ ခုတ
ခြေရင်းနေရာကို သွားကြည့်တော့ ဘာဆိုဘာမျှ ပေကျံနေတာမရှိ -
ရှင်မွေ့ တွေး၍ စဉ်းစားနေမိရပါ၏။

"သူဟာ ... သူ့လက်ကို ခြောက်သွေ့နေစေနိုင်စွမ်းလည်း ရှိတယ်
ရွှံ့စေးတွေ ပေကျံနေစေနိုင်စွမ်းလည်း ရှိနေတယ်တဲ့လား ..."

ဟု တွေးကာ ရှင်မွေ့ ကြက်သည်းဖြန်းခနဲထချင်၏။

နောက်တော့ ခုတင်ထက်မှာ အိပ်ရမှာ လိပ်ပြာမလုံသလိုရှိနေ
ပြန်သည်မို့ စောင်နှင့်ခေါင်းအုံးကို ယူကာ ဆိုဖာရှည်ကြီးထက်မှာ ပြော
၍ သွားအိပ်မိရပါပြီ။ စောစောက ထိုခုတင်ကို ထိုဝိညာဉ်ကလာ
လှုပ်ခဲ့သည်ကိုးလေ ..။ ကြာမှ မကြာသေးသည်ပဲလေ ..။ ခုတင်ပေါ်ရွေ
ကွေးကွေးလေးလည်း မအိပ်ရဲ ..။ စောင်ခြုံ၍လည်း မအိပ်ရဲ ..။ ရင်သ
မသိုးမသန့်ဖြစ်၏။

"အို .. ငါ .. ငါ .. ကြောက်ချင်ကြောက်မယ် .. ဒါပေမယ့် -
ဘယ်တော့မှ အရှုံးမပေးဘူး .."



တွေးနေရင်းမှ ဖျတ်ခနဲ သတိရလာသည်က .. စောစောလေးက
မြေစေးပေကျံရာကို လက်ဖြင့် ပွတ်မိခဲ့သည့်ကိစ္စ ..။ ကမန်းကတန်း
ဝရန်းသုန်းကား ထထိုင်မိရ ..။ ရေချိုးခန်းပြေး၍ လက်ကိုဆပ်ပြာဖြင့်
အထပ်ထပ်ဆေးရဖြင့် အချိန်တွေ ကုန်သွားရပြန်သည်။

"ကြောက်လို့ မဟုတ်ဘူး သိရဲ့လား .. စိတ်ထဲ .. စိတ်ထဲ .. မသန့်
ရှင်းဘူးလို့ခံစားရလို့ .. သိရဲ့လား .. ရှင့်ကို .. ကျွန်မ ... ဘယ်တော့မှ
အရှုံးမပေးဘူးရှင့် .."

ဟု ခပ်တိုးတိုး ဆက်တိုက်ရွတ်နေမိရသည်ပါပဲ ..။

ဒါပေမယ့် .. မျက်နှာထက်မှာ ချွေးစေးတွေ ပြန်လာရသည်တည့်..။

"ရှင့်ကို .. ကျွန်မ .. တစ်ယောက်ချင်း တွေ့နိုင်တဲ့သတ္တိမျိုး ..
ဘာလို့မမွေးရဲရမှာလဲ .. ကျွန်မ .. အဲဒီ သတ္တိကို .. ရအောင် .. မွေးယူ
မယ် သိရဲ့လား .."

ဟု အံခဲ၍ ရှင်မွေ့ တွေးပစ်မိကာ မျက်နှာကို ရေအေးတွေဖြင့်
သစ်ချပစ်လိုက်မိရပါပြီ ..။ ထိုစဉ်နိုက် .. ဒင်ခနဲ .. နာရီမြည်သံပေါ်လာ
သည်။ ဩော် ... တစ်နာရီပင် ထိုးချေပြီကောလေ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

ခေါင်မိုးနှင့် နီးစပ်ဆုံးနေရာ မျက်နှာကြက်ရှိ ပန်းချီခန်းသည် ခုက တော့လည်း သပ်သပ်ခပ်ခပ်၊ သန့်ပြန့်နေလျက် ကြည်နူးစဖွယ် အခန်း တစ်ခုဖြစ်သွားရပြီ ..။ ကော်ဇောထက်မှာ ဖုန်တွေမရှိတော့ ..။ သစ်လွ တောက်ပခြင်းမရှိတော့ပေမယ့် အစိမ်းရောင် ကြမ်းခင်းကော်ဇောကြ သည် ဖုန်သလဲကင်းစင်လျက် မှိန်ဖျော့ဖျော့ စိမ်းနေသည့် ကော်ဇောကြ တစ်ချပ်တော့ ဖြစ်သွားရပြီ ..။ ကြမ်းပေါ်မှာ စုထပ်ပုံထားရာ ပန်း ကားတွေကိုလည်း နံရံမှာ ချိတ်ထားလိုက်ပြီ။ ပန်းချီကားတွေ ချိတ်သ အလုပ်ကိုတော့ မဖြစ်မနေ ဘဘဦးအိုက်ခေါင်ကို ခေါ်ခိုင်းရပါ မတတ်သာ၍ လာရ ...။ မငြင်းသာ၍ လုပ်ပေးရမှန်း အရမ်းကို သိသ နေပါသည့် ဘဘဦးအိုက်ခေါင် သည်လည်း ပန်းချီကားတွေကို မြန်မြ ဆန်ဆန်ချိတ်သည်။ နံရံမှာ သံချောင်းတွေ ရိုက်ရတုန်းကလည်း လွဲ ၍ လက်ကို တူထုမိခဲ့သည့်အဖြစ် ..။ ပန်းချီတွေ ချိတ်ခိုင်းသည့် နေ တွေမှာ တစ်ခုပြီးတစ်ခု ချိတ်ပြီးတာနှင့် ချက်ချင်း အခန်းထဲမှ သုတ်သု လစ်သည်ကလည်း ဘဘဦးအိုက်ခေါင် ပါ ..။ ရှင်မွေ့ ပြုံး၍ ကျန် ပါ၏။

"ဘဘ လန့်နေပုံများ .. တစ်ခုခု ငါထပ်ခိုင်းမှာကို စောင့်



ထောင်ပေးလိုက်ရမှာ အရမ်းသွေးပျက်နေတာပါပဲလား .."

ဟု တွေးကာ ပန်းချီကားတွေကို တစ်ခုပြီး တစ်ခုကြည့်နေမိရပါ ၏။ ပန်းချီလက်ရာသည် အရမ်းကြီး ကောင်းလွန်းနေလှောက်အောင် ပညာရှင်အဆင့်မဆန်ပေမယ့် ..။ ဝါသနာရှင်တစ်ယောက်၏ လက်ရာ အနေဖြင့်ဆိုလျှင်တော့ အတော်လေး သေသပ်ကောင်းမွန်နေသည်ပါပဲ..။ လူတို ဆွဲဆောင်နိုင်စွမ်းရှိနေသည့် လက်ရာများတော့ ဖြစ်နေသည်။ ပညာရှင်အဆင့်မဟုတ်ပေမယ့် ..။ ပညာသင်တစ်ယောက်၏ လက်ရာ မျိုးလည်းမဟုတ် ..။ ဒေါ်မျိုးမမထား သည် ပန်းချီကို အတန်ကြာမျှ ရေးဆွဲကျွမ်းဝင်ခဲ့ပြီးသူ ဖြစ်နေတာကတော့ သေချာသည် ..။

"သူ .. ဘယ်တုန်းက ပန်းချီစဆွဲပါလိမ့် .. ဦးမင်းခမိုး နဲ့ အိမ်ထောင် ကျခင်ကတည်းကလား .. အိမ်ထောင်ကျပြီးမှ ပန်းချီသင်တန်းတွေ ဘာတွေတက်ပြီး .. ပန်းချီဆွဲရင်း အချိန်တွေကို ကုန်ဆုံးခဲ့တာများလား.. ထူးခြားတာက .. ဒီအခန်းထဲမှာ သူ့ပုံတူပန်းချီဆိုတာလည်း မရှိသလို.. ဒီမိုးမခအိမ်ကြီးထဲမှာလည်း သူ့ဓာတ်ပုံရယ်လို့ တစ်ပုံမှရှိမနေတာပဲ .. ဘယ်ရောက်ကုန်သလဲ .. ဘယ်သူက .. အဲဒီပုံတွေကို .. မြင်ကွင်းက ပျောက်ဆုံးစေခဲ့တာတဲ့လဲ .."

ရှင်မွေ့ တွေးနေရင်း ပန်းချီကားတွေကို ဆက်ကြည့်နေမိရဆဲ..။ အများအားဖြင့် ရှုခင်းပုံတွေများသည်။ တောတောင်ရှုခင်းတွေ ..။ ကျေး လက်ဒေသရွာလမ်းမြင်ကွင်းတွေ ..။ စပါးခင်းတွေ ..။ တောရွာမလေး ကလေးတွေ ဆော့နေကြတာတွေ ..။ ထိုပုံတွေများသည်။

"ဒေါ်မျိုးမမထား ဟာ .. ကျေးလက်ဒေသတင်ခုမှာများ မွေးဖွား ခဲ့သူပေလား .. သူ သေဆုံးတဲ့အချိန်မှာ .. သူ့မိဘတွေ မရှိကြတော့ဘူး လား .."

ရှင်မွေ့ တွေးနေမိရဆဲ ..။ ထိုစဉ်ခိုက် လူရိပ်တစ်ခု တံခါးဝမှ ပေါ်လာပါ၏။ သူ .. ရှင်မွေ့ ကို ကြည့်နေပါ၏။ အခန်းကိုလည်း ကြည့်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ပန်းချီကားတွေကိုလည်း ကြည့်နေသည်။ နောက်တော့ အခန်းထဲဝင်လာပါ၏။ ရှင်မွေ့ကလည်း သူ့ကို မလွှတ်တမ်း ကြည့်နေမိရသည်ပါပဲ။ ဤအခန်း .. ဤမြင်ကွင်းကို မြင်လျှင် သူ မည်သို့ဖြစ်သွားမည်ဆိုတာကို သိလိုစိတ်ကလည်း ရင်ထဲမှာ ပြင်းပြင်းပြပြရှိ၏။

သူ .. ရှင်မွေ့ကို ဘာမျှ မပြောသေး ..။ အမိုးစောက်စောက်ကြီး၏ အလယ်နေရာလောက်မှာရှိနေပါသည့် မှန်ပြတင်းနေရာမှာ သွားရပ်သည်။ ခန်းဆီးစတွေကတော့ ဘေးတစ်ဖက်တစ်ချက်ကို ဆွဲစုထားသည်မို့ မြင်ကွင်းက ရှင်းရှင်းပပရှိချေသည့်အဖြစ် ..။ တစ်မနက်လုံး ဤအခန်းထဲမှာ အလုပ်များနေခဲ့သည့် ရှင်မွေ့ ပါ ..။ ခန်းဆီးတွေကအစ ရှင်မွေ့ လဲလှယ်တပ်ထားပြီးပြီ ..။ ဒေါ်လေးနန်းခက် နှင့် ခမ်းကြည်တို့ အကြောက်လွန်နေသည့် ဤအခန်းထဲ မခေါ်ရက်သည်မို့လည်း တစ်ယောက်တည်း သိမ်းကျုံးလုပ်ကိုင်ခဲ့လေသမျှ ..။ ခုလို ... သန့်ရှင်းလင်းချင်းလျက် နေချင့်စဖွယ် အခန်းတစ်ခန်းအဖြစ် ရှိနေသည့်အတွက်လည်း ရင်ထဲမှာ ကြည်နူးရသည်ပါပဲ ...။ တစ်ဖက်ရှိ အခန်းကိုလည်း ရှင်မွေ့ ရှင်းလင်းထားခဲ့ပြီးပြီမို့ ..။ မိုးမခသည် .. ဖုန်တွေထူထပ်နေသည့် အခန်းတွေရှိနေဆဲ မဟုတ်တော့ပြီ ..။ လူသူတို့နှင့် ကင်းပြတ်ဝေးကွာနေရင်း ပင့်ကူအိမ် အလိမ်းလိမ်းထနေသည့် အခန်းတွေရှိနေသေးသည့် မိုးမခလည်း မဟုတ်တော့ပြီ ..။

ထိုသို့သောအချိန်မှာ သူရောက်လာခြင်း ..။ ဒေါ်မျိုးမမထား၏ ပတ်သက်ရာ နေရာတစ်ခု ..။ ဟုတ်သည် .. ဤအခန်းသည် ဒေါ်မျိုးမမထား၏ ပန်းချီဆွဲခန်းတစ်ခုလည်း ဖြစ်သည်။ ပန်းချီကားတွေ ... ထားရာ အခန်းတစ်ခုလည်းဖြစ်သည်။ လွန်ခဲ့သော ကျွန်ရစ်ခဲ့ရာ နှစ်... ဇွာထဲမှာ ထင်ရှိခဲ့သည့် ရှစ်နှစ်သားအရွယ် ကောင်လေးတစ်ယော... သည် ဤအခန်းသို့ အကြိမ်အဘယ်မျှထိ ဝင်ထွက်သွားလာခဲ့... မသိ။ ရောက်ခဲ့ဖူးမည်မသိ ..။ ဒါပေမယ့် .. သေချာတာတစ်ခုက...



သူ .. ဤ မိုးမခသို့ ပြန်လည်ရောက်ရှိလာပြီးချိန်မှ .. ယခုတစ်ကြိမ်သည် ပထမဆုံးသော ဝင်ရောက်ခြင်းအဖြစ် ဤအခန်းသို့ သူရောက်ရှိလာခြင်းပဲဖြစ်ချေသည် ..။

ဤသို့ ရှင်မွေ့ ထင်မိသည်ပါပဲ ..။

"ကိုယ် .. တစ်နေ့မှာ .. ဒီအခန်းထဲ ပြေးလာတဲ့ နေ့တစ်နေ့ .. အဲဒီနေ့မှာ .. အန်တီထားဟာ .. ပန်းချီကားတစ်ချပ်ကို ဆွဲနေတယ် .. သူ .. နောက်ဆုံးအစမသပ်ပဲကျန်နေတဲ့ ပန်းချီကားတစ်ချပ်ပေါ့ .. ဘာလို့လဲဆိုတော့ .. နောက်တစ်နေ့မှာ .. သူဆုံးခဲ့လို့ပဲ ..."

ဟု ခပ်ငေးငေးအပြင်ဘက်ကိုကြည့်ရင်း သူ စတင်ပြောလာသည်။ ရှင်မွေ့ သူ့ကိုအနှောက်အယှက်မပေး ..။ သူ့စိတ်ထဲမှာ လစ်ဟာ၍ အဆက်အစပ်ပျောက်နေသည့် အတိတ်မေ့ရာအဖြစ်အပျက်တစ်ခုသည် ...၍များ ဖြည့်ဆည်းရာ ရောက်လာချေမည်လားဆိုသည့် မျှော်လင့်ချက်ဖြင့်ပါ ..။ သူသည် .. အတိတ်ဆိုသည့်အရာရာတိုင်းကို မေ့နေခြင်း ...ည်းမဟုတ်။ တချို့သောအဖြစ်တွေကို မေ့နေသည့် လူတစ်ယောက် ...နေသည်။ ဤသည်ကလည်း ရှင်မွေ့ကို သူခံစားပြောပြတတ်ခဲ့သည့် ...ဖြစ်များ ကြောင့်ဆက်စပ်နားလည်ပေးရ .. သိလာရခြင်းပါ ..။ ထို... လျှော့ရာ ကွက်လပ်တစ်ခုသည် .. တစ်ခုခုသောအကြောင်းကြောင့် ...၍မှတ်မိလာနိုင်သည်။ ထိုသို့ မှတ်မိလာလျှင် .. သူ့ရင်ထဲမှာ စိတ္တဇ ...ခုနယ် အုပ်မိုးနေသည့် ဝေဒနာတို့သည်လည်း ပြေပျောက်သွားကြ ...လိမ့်မည်။ အထူးသဖြင့် ဒေါ်မျိုးမမထား သည် .. မည်သူ့ကြောင့် ...တကယ် သေဆုံးခဲ့ရသည်ဆိုသည့်အချက် ..။

"အဲဒီနေ့က .. သူ ဆွဲနေတာက .. သူဆွဲနေတာက .. ပန်းပုံတွေ ...တယ် .. စံကားပန်းတွေ .."

သူ တစ်လုံးချင်းပြောနေပါ၏။ တစ်ခုခုကို ပြန်တွေ့နိုင်အောင် ...တ်ကို ပြန်၍တူးဆွနေရသည့်လူတစ်ယောက်...။ ရှင်မွေ့၏ အကြည့်

www.burmeseclassic.com

www.burmeseclassic.com



က စောစောက ပန်းချီဆွဲဒေါက်မှာ ပြန်ချိတ်တင်ထားကာ အပေါ်မှ အဝတ်ဖြင့် အုပ်ထားလိုက်ပါသည့် ပန်းချီကားဆီသို့ ရောက်၏။ ဒါပေမယ့် သူ့ကိုဖွင့်မပြောပြ ...။ သူမြင်ခဲ့ရာ ပန်းချီသည် သူနှင့် အလှမ်းမဝေးရာ လက်တကမ်းရှိ ပန်းချီဆွဲဒေါက်ထက်မှာ အသားတကျ တင်လျက်သားရှိနေသည်ဆိုတာ မပြောပြသေး ...။ သူ့ကို ပြောပြတာထက် .. သူ ပြောတာတွေကို ငြိမ်သက်နားထောင်ပေးတာက ပို၍ မှန်ကန်နေမည်ကိုးလေ ...။

သူ့ကိုယ်ကြီး တဖြည်းဖြည်း ရှင်မွေ့ဘက်လှည့်လာသည်။ ရှင်မွေ့ကို ကြည့်နေသည့်အကြည့်တွေက အတန်မှု ဖျော့တော့တော့နိုင်နေ၏။

"သူ .. ဘာတွေလုပ်နေလဲသိလား .. ပန်းပွင့်တွေအပေါ်မှာ - သွေးစက်လို .. အနီရောင်တွေကို စုပ်တံနဲ့ တို့ပစ်နေတယ် .. အံကြိတ်ထားတယ် .. သူ့မျက်လုံးတွေက ရိုင်းစိုင်းကြမ်းတမ်းနေတဲ့ မျက်လုံးမျိုးတွေဖြစ်နေတယ်။ ခါးသီးတဲ့အမုန်းတွေနဲ့ ပြည့်နှက်နေတယ် .. သူ - သူက .. သူတစ်ယောက်တည်း ရှိနေတယ်လို့ထင်နေပုံရတယ် .. ဒါပေမယ့် .. ကိုယ် .. ရောက်နေတယ်ဆိုတာ သူမကြာခင်မှာပဲ သိသွားတယ်လေ ...။ ကိုယ်ကိုဆန့်လိုက်ရင်း .. ကိုယ်ကိုလှည့်လိုက်ချိန် .. ခါးသ အညောင်းအညာဖြေချိန်မှာဆိုပါတော့ .. ကိုယ့်ကိုလည်း မြင်ရော - သူအော်တော့တာပဲ .."

ပြောရင်း သူ့မျက်နှာထက်မှာ ရှစ်နှစ်သားတစ်ယောက်၏ အံ့ဩ တုန်လှုပ်ရိပ်မျိုးတွေဖြစ်ပေါ်လာပါ၏။ ကိုယ်ကို တစ်ချက် သူ နောက်တ ကိုဆုတ်၏။ အကြည့်က .. ခုမှ .. ပန်းချီဆွဲဒေါက်နေရာသို့ရောက်သည် ပြီးတော့ .. တိတ်ဆိတ်စွာ ငြိမ်သက်နားထောင်နေသည့် ရှင်မွေ့ ကိုကြည့်လာပါ၏။

"သူ .. အော်တယ်သိလား .. နှင့်အမေက .. ငါ့ကို .. ခုထိ - ခြောက်လှန့်နေတုန်းပဲတဲ့ .. ဒုက္ခပေးနေတုန်းပဲတဲ့ .. နှင့်အမေကို ငါ - မုန်း .. တယ် .. ဟဲ့ .. မုန်းတယ်ဟဲ့ .. အဲသလိုပြောနေတယ် ..



နေတယ် .."

ရှင်မွေ့ မြင်ယောင်လာမိရပါပြီ ...။ ရှစ်နှစ်အရွယ် ကောင်လေးတစ်ယောက်ကို မိထွေးလုပ်သူက ခါးခါးသီးသီးအော်နေခြင်း ...။ အမုန်းတွေကို ဖွင့်ချနေခြင်း။ ထိုအချိန်မှာ ထိုကောင်လေး အဘယ်မျှ လန့်နေမည်မသိ ...။ ဒါမှမဟုတ် .. အမေကို မုန်းနေသည့် မိန်းမတစ်ယောက်ကို အဘယ်မျှထိ မုန်းနေချေမည်မသိ ...။

"သူ .. ရှေ့တိုးလာတယ် .. ကိုယ့်ကို .. လှုပ်ယမ်းနေတယ် .. နှင့်အမေဟာ .. ပန်းပင်ကိုစိုက်ပြီး ငါ့ကို ကျိန်စာတိုက်နေတဲ့ မိန်းမလို့လည်းပြောတယ် .. နှင့် အမေက သူ့ကို ခုထိမမေ့သေးပဲ .. သူစိုက်တဲ့ ပန်းပင်အောက်မှာ သူ့ကို သွားသတိရလွမ်းဆွတ်နေတာကို .. ငါ မြင်နေရတယ်လို့လည်း အော်နေတယ် .. ဒါကြောင့် .. ဒါကြောင့် .. နှင့် အမေချစ်တဲ့ ပန်းကို .. ငါက .. ငါချစ်နေတယ်ဆိုတဲ့ ဘာမျိုး လုပ်ပြပြီး နှင့် အမေနေရာကို ယူနေတာလို့လည်း အော်နေတယ် .. သူ .. သူ .. ရူးနေသလိုပဲ .. ရူးနေသလိုပဲ .. ပေါက်ကွဲနေတာ .."

သူဆက်တိုက်ပြောနေရင်း ရုတ်ခနဲ ထိုင်ချလိုက်သည်။ ပန်းပန်း သွေ့လျှ ထိုင်ချလိုက်ခြင်း ...။ ဆံစတွေကြားထဲ လက်ချောင်းကို ထိုးသွင်း ဆံပင်ထူထူအုပ်အုပ်တွေကို ဖွပစ်နေသည်။

"ပန်းချီကားကို သူက လက်ညှိုးထိုးပြတယ် ... ပန်းတွေကို .. - သတ်ပစ်နေတာတဲ့ .. သူ့စုတ်ချက်နဲ့ .. သွေးထွက်အောင်ထိုးနှက် တ်ခိုက်ပစ်တာတဲ့ .. နှင့်အမေရဲ့ ကျိန်စာတွေကို .. သူက သွေးနဲ့ သတ်ပစ်တာ ... ည်း သူအော်နေတယ် .. သူဟာ ... ဘယ်တုံးကမှ ယ့်ကို .. အဲသ ပုံဖွင့်ပြောတာမျိုးမရှိခဲ့ဖူးဘူး .. သူနဲ့ ကိုယ်နဲ့ရင်းရင်း ပူးပူးကပ်ကပ်မရှိကြတာတော့ အမှန်ပဲ .. သူက ကိုယ့်ကို ဂရုစိုက် ကြီးစားဖူးတယ် .. ဒေါ်လေးနန္ဒာက အကပ်ကိုမခံတာ .. မိထွေးရဲ့ တ်နဲ့ သူ့တူကို ကင်းအောင်ထားမယ်လို့ ပြောခဲ့တာလေ .. အဲဒီနေ့

www.burmeseclassic.com



ပန်းသွေးစက်ပန်းချီကို စတွေ့ရတဲ့ အဲဒီနေ့ .. ကိုယ် အဲဒီအခန်းထဲ ရောက်သွားခဲ့တာကလည်း .. ဟိုဘက်ခန်းမှာရှိတဲ့ ဖေဖေ ဂေါ့ဖ်ရိုက်တံအိတ်ကြီးထဲက ဂေါက်တံတစ်ခုကို သွားယူမလို့ကြောင့်ပဲ .. ဘာဘာ အိုက်ခေါင်းနဲ့ မြက်ခင်းမှာ ဂေါက်ရိုက်တမ်းကစားမလို့လေ .."

သူတောက်လျှောက်ပြောနေခြင်း ...။

သူ့အာရုံထဲမှာ အဖေဖြစ်သူ၏ ဂေါ့ဖ်အိတ်ကြီးထဲမှ ဂေါ့ဖ်တံတစ်ခုကို ပြေးတက်ယူဖို့ အခန်းထဲရောက်သွားသည့် ကောင်လေးတစ်ယောက်၏ ငယ်ပုံရိပ်တွေ ပြန်ပေါ်နေသည့်နှယ် ရှိနေသည်ပါပဲ ...။

"အန်တီထားဟာ .. ကိုယ့်ကို တွန်းပစ်တယ် .. အရမ်းကို ကြမ်းတမ်းတဲ့ အတွန်းအတိုက်တစ်ခုကို ခံလိုက်ရတော့ .. ကိုယ်လည်း ပြန်တွန်းတယ် .. သူလဲကျသွားတာက .. ပန်းချီဆွဲတဲ့ဒေါက်ကို တိုက်မိရင်းကျသွားတာ .. ပန်းချီကားလည်း ကြမ်းပေါ်ကျကုန်တာပါပဲ .. မေမေ့ကို မုန်းတယ်လို့ ပြောတဲ့သူကို .. ကိုယ်လည်း သိပ်မုန်းသွားမိတာပါပဲ .. မေမေ့ကို မုန်းတယ်မပြောနဲ့ .. သတ်ပစ်မယ်လို့အော်ပြောမိတယ် သိရဲ့လား .. ဟုတ်တယ် ... ကိုယ် .. သူ့ကို သတ်ချင်နေတာ .. သူက မေမေ့ကိုလည်း မုန်းတယ် .. မေမေချစ်တဲ့ပန်းကိုလည်း သတ်ပစ်နေတယ် .. ပုံတွေဆွဲပြီး သတ်နေတာ .. ကိုယ့်ကိုလည်း တွန်းပစ်တယ် .. အော်လည်း အော်တယ် ..

သူ အံခဲ၍ပြောနေရင်း မျက်နှာထက်မှာ ချွေးတွေစီးကျလာနေပြီ ပါပြီ။

"သူကလည်း ကိုယ့်ကိုကြမ်းပေါ်လဲနေရင်းက စိုက်ကြည့်ပြီး ကျိတ်ရင်းပြောတယ် .. ကိုယ့်ကို .. သူ .. သတ်မယ်တဲ့ .. နင့်မသတ်ခင် ငါ သတ်မယ်လို့ ပြန်ပြောတာလေ .. အသံက ကြောက်စရာကြီး .. ကိုယ် .. သူ့မျက်နှာကို မကြည့်ချင်ပဲ ဖြစ်လာတာမို့ .. အခန်းထဲက ထွက်ချိန်မှာ .. ဒေါ်လေးနန္ဒာနဲ့ အခန်းတံခါးအပြင်ဘက်မှာ တိုးတ ကိုယ့်အော်သံကြားလို့ စိတ်ပူပြီး ပြေးလာတာတဲ့ .. ကိုယ့်ကို



လိုက်တဲ့ ဒေါ်လေးရဲ့ ရင်ခွင်ထဲမှာ .. ကိုယ်ခေါင်းဝင်ထားရင်း .. အန်တီထားကို .. သတ်မယ် .. သတ်မယ်နဲ့ ကိုယ် ငိုပြီးပြောနေတယ် .. ဟုတ်တယ် .. ကိုယ် .. အဲဒါတွေအားလုံးကို .. အခု .. ပြန်မှတ်မိလာပြီ .. မှတ်မိလာပြီ .."

ဟု ပြောနေရင်းမှ ကြုန်း၍ထရပ်၏။ ပန်းချီဆွဲဒေါက်ထက်မှ ပန်းချီကားပေါ်ဖုံးထားရာ အဝတ်ကိုခွာပစ်သည်။ ပန်းချီကားကို မြင်တော့ ကြက်သေသေကြီး ငိုင်ကြည့်နေ၏။ ကိုယ်က နောက်သို့တစ်ချက်ဆုတ်သည်။

"ဒီ ..ဒီ... ပုံပဲ .. သူဆွဲခဲ့တာ .."

ဟု ပြောကာလက်ညှိုးထိုးနေသည့် သူ့ကိုယ်ကြီး မသိမသာတုန်ခါသည်။ ရှင်မွေ့ သူ့ဘေးမှာ သွားရပ်လိုက်မိရပါပြီ ...။ သူ့ပခုံးကို အကိုင်ထားမိရသည်။ သူ .. ရှင်မွေ့ကိုကြည့်လာပါ၏။ မျက်ဝန်းတွေ ညှိုးဖျော့လာနေသည်။ ကြေကွဲရိပ်တွေ ပြည့်နှက်လာနေသည်။

"ကိုယ် .. ကိုယ် .. တကယ်ပဲ နောက်တစ်နေ့မှာ .. သူ့ကို .. သူ့ကို သတ်ခဲ့တယ်ထင်ပါရဲ့ .. သတ်မိတယ်ထင်ပါရဲ့ .. ဟင် .. ဖေဖေ .. အဖေဟာ .. ကိုယ့်အတွက်ကြောင့် .. နာမည်ဆိုးကြီးကို သေတဲ့အထိ ထမ်းသွားရရှာတာထင်ပါရဲ့ .. လူသတ်သမားအဖြစ် အသတ်မှတ်ခံလိုက်တယ်ထင်ပါရဲ့ .. အသတ်မှတ်ခံလိုက်တယ် .. ထင်ပါရဲ့"

သူ ... ပြောနေရင်းမှ ကြမ်းခင်းကော်ဇောထက်မှာ အားကုန်ကြီး ထိုင်ချသည်။ ရှင်မွေ့၏ပခုံးပေါ် နဖူးကိုတင်ကာ စတင်၍ တိုးတိုး တိတ်တိတ် ငိုကြွေးနေ၏။ အသံတွေကျယ်ကျယ်လောင်လောင်မထွက်..။ ရှိုက်၍ ရင်ကျေရင်ကွဲငိုနေခြင်းမျိုးဆန်နေသည်။ ရှင်မွေ့၏ လက်ဖဝါး လေးတွေက သူ့ကျောပြင်ထက်မှာ ဖွဖွတင်၏။

"အဲသလို တပ်တပ်အပ်အပ်ပြောလို့မရဘူး အစ်ကိုလေး .. ဒါပေမယ် .. ခုလို .. အစ်ကိုလေး ဒီအခန်းထဲထိ ဝင်လာတာကိုတော့ ရှင်မွေ့ သဘောကျတယ် .. ကျေနပ်တယ် .. ဝမ်းလည်းသာတယ် .. လူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ဟာ သက်မဲ့ဖြစ်နေတဲ့ အခန်းတစ်ခုကို လန့်နေရင်း ရှောင်ပုန်း တိမ်းယယ်နေတာထက် .. ဝင်ဝင်ထွက်ထွက်ရင်ဆိုင်ရင်း .. သတ္တိရှိရှိနဲ့ ကိုယ့်ဘဝကို ခြောက်... နေတဲ့ အိပ်မက်တွေကို မှိန်ဖျော့ပျောက်လွင့် ကုန်အောင်ကြိုးစားဖို့ လိုအ... ယ် အစ်ကိုလေး .. အဲဒါမှ .. ကိုယ့်ဘဝမှာ အသက်ရှင်ရှည်ကြာနေရခြင်းဟာ အဓိပ္ပာယ်ရှိမှာပေါ့ .. ထိတ်လန့် တွေဝေခြင်းတွေနဲ့ .. ကိုယ့်ဘဝကို .. နှစ်များစွာ ခရီးဆက်နေရခြင်းဟာ ကိုယ့်ရဲ့ စိတ်က ကိုယ့်ကို တချွေပြန်ခြောက်နေခြင်းတွေနဲ့အတူ .. ရှင်သန် နေရတာမျိုးဖြစ်နေတာမို့ .. လူဖြစ်ရကျိုးမနပ်တော့သလို ဖြစ်နေရမှာပါ..."

ဟု ပြောတော့ သူကိုယ်ကိုပြန်မတ်သည်။ ရှင်မွေ့ကို မျက်တောင် မခတ်ကြည့်သည်။ တကယ့်ကို ခုထိ မျက်ရည်စတို့ စိုစွတ်နေဆဲ ဖြစ်နေ ကြပါသည့် ထူထဲသော သူ့မျက်တောင်တွေကို ကြည့်မိရင်း ရှင်မွေ့ ရင်ထဲမကောင်း ...။ သူ့ပုံစံလေးက .. ကလေးတစ်ယောက်နှင့် တူနေ သည်လေ ...။ ထိုမျက်ဝန်းတွေသည် အပြစ်ကင်းသောမျက်ဝန်းတွေ ဖြစ်နေကြသည်။ လူသတ်သည့်လူတစ်ယောက်၏ ကြမ်းရှနေသော မျက်ဝန်းတွေ မဟုတ်။ ရက်စက်နေသော မျက်ဝန်းတွေမဟုတ် ...။ နူးညံ့ စွာကြေကွဲနေသည့် မျက်ဝန်းတွေဖြစ်နေကြပါ၏။

"အဲဒါ ... အဲဒါတွေဟာ ... အိပ်မက်တွေမဟုတ်ဖူး ... တကယ်ဖြစ် ခဲ့တာတွေပါ ရှင်မွေ့ ... ကိုယ့်ဘဝကို ခြောက်လှန့်နေတဲ့ အိပ်မက် မဟုတ် ဘူး ... ခြောက်လှန့်နေတဲ့အတိတ်တွေဖြစ်နေတယ် ... ကိုယ့်အဖေဟာ ကိုယ့်ကြောင့် .. ဒုက္ခရောက်ခဲ့ရတာလို့ .. ကိုယ် .. ထင်နေတယ် .." ဟု ပြောကာ စိတ်တွေပန်းဟိုက်လာသည့်နှယ်ငြိမ်နေ၏။ နောက်တော့ သူကရပ်သည်။ ဆိုဖာထက်မှာ သွားထိုင်သည်။ အခန်းကိုငေး၍ငြိမ်ကြည့် နေသည်ကလည်း အရုပ်တစ်ခုငြိမ်ကျနေသည့်နှယ်ရှိနေ၏။

"အစ်ကိုလေး .. ဟိုဘက်ခန်းမှာ ဂေါ့ဖ်အိတ်တစ်ခုကို ရှင်မွေ့ သန့်ရှင်းရေးလုပ်ရင်း တွေ့ခဲ့ပြီးပြီ .. သန့်ရှင်းရေးလည်း ဖုန်တွေဘာ



သု... ပြီ .. ရှင်မွေ့နဲ့ အစ်ကိုလေးတို့ အဲဒီက ဂေါ့(ဖ်) ရိုက်တံနဲ့ ဂေါ့ဖ်သီးလေးကို ယူကြရအောင် ... ... ဲက မြက်ခင်းထက်မှာ ဂေါ့ဖ် ရိုက်ကြရင် ပိုကောင်းမယ်ထင်ပါရဲ့ .."

ဟု ပြောတော့ သူ ငေး၍ ကြည့်နေသည်။

"မင်း .. ကိုယ့်ကို ခုထိ .. မကြောက်သေးဘူးပေါ့နော် .. ကိုယ်ဟာ အဖေ့ကို သတ်ခဲ့တဲ့ ကောင်လေးတစ်ယောက်လို့ မထင်သေးဘူး ပေါ့ နော် .. မင်း .. ကိုယ့်ကို ယုံကြည်နေတုန်းပဲ ဆိုပါတော့ .. အပြစ်မရှိ တဲ့ လူလို့လေ .. ဒါပေမယ့် .. ကိုယ့်အဖေဟာ လူသတ်တဲ့ လူသတ်သမား ဖြစ်တယ်ဆိုတဲ့အမည်ဆိုးကို ပယ်ဖျက်နိုင်ဖို့ဆိုရင် .. ကိုယ် .. လူသတ် သမားလို့ အပြစ်ခံလိုက်ရပါစေ .. မတွန့်မဆုတ် .. ကိုယ်ခံယူလိုက်ချင် တာပါပဲ ရှင်မွေ့ ရယ် .."

သူပြောနေရင်းမှ မျက်ရည်လည်တက်လာပါ၏။ ဖခင်ကိုချစ်သည့် သား တစ်ယောက်၏ မျက်ရည် ...။

"ဒီနေ့မနက်စာတူတူစားပြီးတော့ .. ကိုယ့်ကို ဆေးတိုက်ပြီးက တည်းက .. ပျောက်နေတဲ့မင်းကို .. ဒီအခန်းထဲမှာရှိနေမယ်ဆိုတာ ကိုယ် သိနေတယ် .. မနေ့ညက မင်းပြောခဲ့တယ်လေ .. ဒီအခန်းကို မင်း သန့်ရှင်းရေးလုပ်မယ်ဆိုတဲ့အကြောင်း .. အဲဒါကြောင့် .. ကိုယ် ဒီအခန်း ကို ရောက်လာမိတာ .. ပြီးတော့ .. မင်းကို ကိုယ်ကူညီချင်တယ်လေ.."

သူပြောလာတော့ ရှင်မွေ့ ပြုံး၍ကြည့်သည်။ သူ့ကို ချစ်စနိုးနိုင်စွာ ကြည့်သည့်အကြည့် ကလေးတစ်ယောက်ကို အစ်မကြီးတစ်ယောက် က ချစ်စနိုးလေးပြုံး၍ ကြည့်စယ်သည့် စကားပြောတော့မည့်အကြည့်...။

"ဒါပေမယ့် .. လူလည်လေးဆိုတော့ .. ရှင်မွေ့ အားလုံးလုပ်ကိုင် ပြီးချိန်လောက်မှ ရောက်လာတယ် .. ဘာမှ လုပ်စရာကိုမရှိတော့တဲ့ အချိန်မှာဆိုပါတော့ .. အပါးခိုတယ်ပေါ့လေ .. သက်သာခိုတယ်ပေါ့"

ဟု ပြောတော့ သူ ခေါင်းယမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊.. လာချင်နေတာ .. လာကိုလာချင်နေတာ .. ကူချင်နေတာ .. ဒါပေမယ့် .. ဒီအခန်းထဲကို .. ရောက်ရမှာ .. စိတ်က ဝန်လေးနေတယ် .. အဲဒါဆိုးနေတာ .. ဘာလို့အဲ့သလောက်ထိ ဝန်လေးနေ မှန်းစောစောက ကိုယ်မသိနိုင်ခဲ့ပေမယ့် .. အခု .. သိပြီးပြီ .. အနံ့တ ထားနဲ့ ဒီအခန်းထဲမှာ ကိုယ်တို့တော်တော်လေး .. အချေအတင်ဖြစ်ခဲ့ကြ တာကိုး .. ကိုယ် .. အဲဒါ .. နဲ့ .. မှတ်မိလာရတာ မင်းကို ကူချင်လွန်း တဲ့ စိတ်ကို မတားနိုင်တာနဲ့ ဖွတ်ဝင်လာမိရင်း ပြန်မှတ်မိလာရတာ .."

ဟု ပြောနေတော့ ရှင်မွေ့ တစ်ဖက်ခန်းသို့ ကူးကာ ဂေါ်ဖိရိုက်တံ နှင့် ဂေါ့ဖ်သီးလေးကို သွားယူလိုက်ရပါ၏။ သူ့ဘေးမှာ ရပ်လိုက်ကာ —

"ဒါဆို .. ဂေါ့ဖ်တူတူရိုက်ကြရအောင်လေ .."

ဟု ပြောတော့ သူညင်ညင်သာသာထရပ်သည်။ ရှင်မွေ့ လက်ထဲမှ ဂေါ့ဖ်ရိုက်တံကိုယူသည်။ နောက်တော့ တစ်ဖက်ခန်းသို့ဝင်သွားသည် မို့ ရှင်မွေ့ မနေသာ ..။ နောက်မှ လိုက်လာမိပေါ့။

သူ .. ဂေါ့ဖ်အိတ်ထဲ ဂေါ့ဖ်ရိုက်တံကို ပြန်၍ထည့်နေသည်။

"ကိုယ်ဟာ .. လူသတ်မိခဲ့ဖူးတဲ့ကောင်လေးတစ်ယောက်ဖြစ်နေ တယ်ဆိုရင် .. ဒီသွေးစွန်းခဲ့ဖူးတဲ့လက်ဟာ .. ဖေဖေ့ ကိုင်တွယ်ရာ အ ပစ္စည်းကိုမှ .. ဖေဖေ့နေရာကို ဝင်ယူရင်း မသုံးစွဲသင့်သေးဘူးလို့ ကိုယ်မှ ယူတယ် .. ကိုယ် .. အပြစ်ကင်းတယ်ဆိုမှ .. ဖေဖေ့ဂေါ့ဖ် ရိုက်တံကို — သုံးချင်ပါတယ် ရှင်မွေ့ .."

ဟု ပြောလာတော့ ရှင်မွေ့ ရင်ထဲမကောင်း ..။ သူ့ရင်ထဲမှာ ဖွဲ့ ရာ .. ကြေကွဲခံစားချက်တွေကို အလွယ်တကူ .. ဖယ်ရှားနိုင်စွမ်း ရှိ ရာမလွယ်ကူနိုင်ချေသည်ကောလေ ..။



## အခန်း (၁၃)

ရှင်မွေ့ ပန်းချီခန်းတံခါးကို ပိတ်လိုက်ချိန်မှာ သော့ခလောက်မချပဲ စေ့ပိတ် ရုံသာ စေ့ပိတ်ထားလိုက်သည်ပါပဲ ..။ ဤအခန်းကို .. ပိတ်ခတ်ထား သည်ထက် အချိန်မရွေး တွန်းဖွင့်ဝင်ရောက်နိုင်ရမည်။ ဆွဲဖွင့်ထွက်လိုက် နိုင်ရမည် ..။ ဤသို့ ရှင်မွေ့ ဆုံးဖြတ်မိပါ၏။ လူသူတို့ ရှောက်ချား ရှောင်တိမ်းထားလိုသောနေရာတစ်ခုကို ဥဒဟိုဝင်ချင်ထွက်ချင်သည့် အခါတိုင်း ဝင်ထွက်နိုင်အောင် ထားလိုက်ခြင်းသည် ခံစားချက်ကို တဖြည်း ဖြည်း ပြောင်းလဲသွားစေနိုင်မည်ဟု ရှင်မွေ့ ထင်သည်။ ကြောက်လန့်စရာ တစ်ခုအဖြစ်ဆီမှ တဖြည်းဖြည်း မြင်နေကျသွားနေကျနေရာတစ်ခု အဖြစ်သို့ သက်ရောက်ပြောင်းလဲ လာစေနိုင်မည်ဟု ထင်မိသည်ပါပဲ..။

အောက်ထပ်သို့ လှေကားအတိုင်း ရှင်မွေ့ ဆင်းလာသည်က သူနှင့် အတူပါ ..။ သူသည် ဘေးချင်းယှဉ်၍ လှေကားထစ်တွေကို တူတူနင်း လျှောက်၍ ဆင်းလာပါ၏။ ဧည့်ခန်းမှာ ဒေါ်လေးနန္ဒာမှူး ထိုင်နေသည်။ မျက်နှာထက်မှာ စိုးရိမ်သောကရိပ်တွေ ပြည့်နေ၏။

သူ့ကို တည့်မတ်စွာ ဒေါ်လေးနန္ဒာမှူး ကြည့်နေသည်။ ကြည့်နေ ရင်း တစ်ချက်တစ်ချက် ရှင်မွေ့ကို အပြစ်တင်ကြည့်ဖြင့်လည်း ကြည့် ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လာပါကွယ် .. ဒီဒီရယ် .. ဒေါ်လေး ပြောစရာရှိလို့ .. လာ .. ဒီမှာထိုင် .. ဒေါ်လေး ဘေးမှာထိုင် .."

ဟု သူ့ကို ခေါ်တော့သူမငြင်း ...။ ထိုင်လိုက်သည်ပါပဲ ...။

"အဲဒီအခန်းကို .. ဒီဒီလေး သွားလိုက်တာ ဒေါ်လေးသိတယ် .. ဘာပဲဖြစ်ဖြစ် .. အဲဒီအခန်းကိုတော့ ဒီဒီ ရှောင်သင့်ပါတယ်ကွယ် ..။ သူနဲ့ပတ်သက်ရာဘာတွေကိုမှ ဒီဒီ မကြုံဆုံစေချင်တော့ဘူး .. ဒါကြောင့် အဲဒီမိန်းမရဲ့ဓာတ်ပုံတွေ .. သူ့ပုံတူသူ ဆွဲထားတာတွေအားလုံးကို ဒေါ်လေး မီးရှို့ပစ်ခဲ့တာပေါ့ .. အဲဒီအခန်းတောင်မှ .. မိုးမခရဲ့ အစိတ်အပိုင်းကြီး တစ်ခုဖြစ်နေလို့ ခွဲထုတ်ပြီး မီးရှို့လို့မရလို့သာ ဒေါ်လေး ချန်ထားရတာပါ .. အတိတ်ဆိုတာ အတိတ်မှာပဲထားခဲ့တာ အကောင်းဆုံးပါပဲ ဒီဒီလေးရယ် .. ဒေါ်လေးလက်ပေါ်ကြီးခဲ့တဲ့ ကလေးကို ဒေါ်လေး ချစ်တယ်ဆိုတာ ဒီဒီ သိပါတယ် .."

ဟု ပြောကာ သူ့ဆံစကို သပ်ပေးသည်။ သူ ငြိမ်နေ၏။ ကလေးတစ်ယောက် ငြိမ်သက်စွာ အယုအယခံနေတာနှင့်တူနေသည်။ သူ့ မျက်နှာက အေးငြိမ်းကြည်စင်နေပါသည့်အဖြစ်။ ဒေါ်လေးနန္ဒာ ရှင်မွေ့ကို ကြည့်လာရင်းမှ ..

"ကျွန်မ သတိပေးချင်တာ တစ်ခုရှိပါတယ် ရှင်မွေ့ .. ဒီအိမ်ကြီးကို ကြိုက်သလို အလှဆင်နိုင်တာမှန်ပေမယ့် .. အဲဒီအခန်းထဲ ဒီဒီလေး ဝင်အောင် .. မလုပ်သင့်ဘူးဆိုတာတော့ သတိပေးချင်တယ် .. မနေ့က လည်း ဒီဒီလေး .. ဟိုပန်းချီကားနှစ်ချပ်ကြောင့် ရင်ထဲထိခိုက်ပြီး ရှော့ခ် ရခဲ့ပြီးပြီ .."

သူ ကမန်းကတမ်းလက်ကာသည်။ ရှင်မွေ့ကို အားနာကြည့်ဖြင့် ကြည့်လာပါ၏။

"ရှင်မွေ့မှာ အပြစ်မရှိပါဘူး ဒေါ်လေး .. ဒီဒီ သဘောနဲ့ ဒီဒီ အဲဒီ အခန်းထဲရောက်ခဲ့တာပါ ...။ ရောက်သွားတော့လည်း ပထမတော့ ခံစား



တာပေါ့ .. ဒါပေမယ့် .. အပြင်းအထန်တစ်ခုခုကို. ကမ်းကုန်အောင် အဆုံးစွန်အောင် ခံစားလိုက်ရပြီးရင် .. ခံစားချက်ဆိုတာက ပြန့်ပြီး ကျဆင်း ရောပါးလာတတ်ပါလားဆိုတာ အခု .. ဒီဒီကိုယ်တိုင် နားလည်စပြု လာတယ် .. နောက်တစ်ကြိမ် နောက်တစ်ကြိမ်တွေမှာ ဒီဒီ အဲဒီအခန်း ထဲကို တည်တည်ငြိမ်ငြိမ်နဲ့ ဝင်ထွက်နိုင်လောက်ပြီလို့ နားလည်လာ တယ် .. အဲဒါ .. ကောင်းပါတယ် ဒေါ်လေးရယ် .. အနှိတ်ထားဟာ .. သူ့ပန်းချီခန်းကို ပိတ်ထားလိုက်ရုံ သူ့ပုံတွေကို ဖျောက်ဖျက်ပစ်လိုက် ရုံနဲ့ .. ဒီမိုးမခအိမ်ကြီးမှာ သူ ရှိခဲ့တယ်ဆိုတာတွေကို ဖယ်ရှားပစ်နိုင်တဲ့ သူမှ မဟုတ်တာပဲ .. အဲဒါကို .. ဖျောက်ဖျက်ပစ်လို့ရမယ်လို့ ထင်နေ တာဟာ .. မှားတယ် .. မဖြစ်နိုင်တဲ့အရာတစ်ခုကို ဖြစ်အောင် ကြိုးစား ကြည့်နေတာနဲ့ တူနေပါတယ် ဒေါ်လေးရယ် .."

သူ ဒေါ်လေးနန္ဒာကို နူးညံ့စွာပြောသည်။ လက်ကို ကိုင်ထားသည် ကလည်း ချစ်ချစ်ကြင်ကြင်နိုင်ငဲနေသည်။ သူ့ကို ဆံစလေးတွေ သပ်ပေး ခဲ့သည့် အဒေါ်ကို သူကလည်း ပြန်၍ နူးညံ့စွာ လက်ကိုကိုင်၍ ပြောနေ ခြင်း ...။

ရှင်မွေ့ သူ့ကို ငေးကြည့်မိနေရပြီ။ သူသည် .. သူ့ကို နူးညံ့စွာ ဆက်ဆံ ချင် တုံ့ပြန်မှုကလည်း ပြန်၍ နူးညံ့သည်။ သူ မကြိုက်သည့် အရာကို လုပ်လျှင် .. သူသည် .. ပြတ်သားနေတတ်သည်။ တစ်ဖက် သားကို ဂရုပင်မစိုက်ဘဲ နေပြတတ်သည်။ ဒါကို .. ရှင်မွေ့ မြင်ခဲ့ရဖူး ပြီပြီ။ ရှင်မွေ့ စရောက်သည့်နေ့က .. ဒေါ်လေးနန္ဒာ ရှင်မွေ့ကို အောက် ထပ်ရှိ စတိုခန်းသာသာ အခန်းတစ်ခုမှာထားမည့်ကိစ္စတုန်းက ...။ သူ သည် ဒေါ်လေးနန္ဒာကို ပြတ်ပြတ်ထင်ထင် ဆန့်ကျင်ပြခဲ့သည်ပဲ။ ရှင်မွေ့ကို အပေါ်ထပ်အခန်းမှာနေစေသည်။ ဒေါ်လေးနန္ဒာ မကြိုက်မှန်း သိနေပေမယ့် ခပ်တည်တည်ပဲဆုံးဖြတ်ပြသည်။ ခုကျတော့ ..သူ့ကို မိန်းမတကြီး ပြောပေးနေပါသည့် အဒေါ်ဖြစ်သူကို စာနာစိတ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ချိုသာစွာ သူပြန်၍ ဆက်ဆံနေပြန်၏။ ပြီးတော့ သိသာစေသည့် အချက်တစ်ခုက .. သူ သည် ဘယ်တော့မဆို .. ရှင်မွေ့ ဘက်က ရ တည်ပြတတ်သူဖြစ်နေပါချေ၏။ ခုပဲကြည့် ..။ ဒေါ်လေး နန္ဒာမှ ရှင်မွေ ကို အပြစ်တင်သံဖြင့် ပြောလာချိန်မှာ သူ ချက်ချင်း ရှင်မွေ့ ဘက် ကာကွယ်ပေးခဲ့သည်ပါပဲ ..။

"ထိုင်လေ ရှင်မွေ့ .. ထိုင်ပါ .. နောက်တော့မှ ကိုယ်တို့ ခြံထဲ လမ်းလျှောက်ကြတာပေါ့ ..."

ဟုလည်း ပြောလာပြန်သည်မို့ ရှင်မွေ့ မျက်စောင်းထိုး ဆို နေရာမှာ ထိုင်လိုက်ရသည်ပါပဲ ..။

"ခမ်းကြည် .. အိုက်ခေါင် ကိုသွားခေါ်စမ်း .."

ဒေါ်လေးနန္ဒာ ထမင်းစားခန်းဘက်ကိုကြည့်၍ လှမ်းအော် မကြာလိုက် ခမ်းကြည် ဧည့်ခန်းထဲ ခပ်သုတ်သုတ်ဝင်လာသည်။ ပြီး တော့ အိမ်ရှေ့တံခါးပေါက်ဆီမှ သုတ်သုတ်ပြေးပြေးထွက်၏။

"ဟဲ့ .. ပျာယာခတ်နေတာပဲ ... နောက်ဘက်တံခါးက မထွက် လူကြီးတွေထိုင်နေတဲ့ ဧည့်ခန်းက ဖြတ်ပြီးထွက်တယ် .. နေတာကို မသေမဝပ်နဲ့နော် ခမ်းကြည် .. ညည်းလေး ဘယ်လိုအချိန်မှာ ဘယ် သွားလာတတ်ရမယ်ဆိုတာ ညည်းအဒေါ် သင်ပေးဖို့လိုနေပြီ သိရဲ့လား

ဒေါ်လေးနန္ဒာမှူး ကတော့ ခုလို ဆတ်တတ်ဆတ်တတ်ဖြင့် ကလပ်စိန်လေးလို သုတ်ပြေးပြေးပုံလေးဖြင့် ခမ်းကြည် သွားလိုက် ကို မျက်စိတွေ့ပုံမရ ..။ မြည်တွန်တောက်တီးကျန်ခဲ့သည်ပါပဲ ..။ တ က .. ဒေါ်လေးနန္ဒာ ခိုင်းသည်မို့ လန့်ရှိန်ဖြင့် ပျာတိပျာတာလေး ခမ်းကြ ထွက်သွားခြင်းဆိုတာ ရှင်မွေ့ သိသည့်နယ် ..။

ဒေါ်လေး နန္ဒာမှူးလည်း သိချေမည်သာ ..။ ဒါပေမယ့် .. ဒေါ်လေးနန္ဒာမှူး ကိုယ်တိုင် ထိုင်နေသည့် အခန်းကြီးထဲမှာ ခု ခမ်းကြည်လေး ဖြတ်ထွက်တာကို ကြီးမားသည့်အမှားတစ်



ခါလေးနန္ဒာက မြင်နေသည်။ ဤသည်က .. အရှိအသေ အရမ်းခံချင် သည့်စရိုက် တစ်ခုဟု ရှင်မွေ့ ထင်သည်။ တခမ်းတနား နေချင်သည့် မာန တ်ဟု ဆိုရမည်သာ ..။

မကြာလိုက် .. ဘဘဦးအိုက်ခေါင် မျက်နှာငယ်လေးဖြင့် ရောက် လာပါ၏။ အခေါ်ခိုင်းလိုက်သည်ဆိုတာနှင့်ပင် ကြိုတင်လန့်နေပုံရနေ သည်ပါပဲ ..။

"အိုက်ခေါင်ကို မမလေး ပြောချင်တာ ရှိတယ် .. ပြောချင်နေတာ ညည်းကြာပြီ .. ခုလို .. ဒီဒို ရှေ့မှာ ခေါ်ပြောရတာက မိုးမဟော ဒီဒီ ရဲ့ အိမ်ဖြစ်နေလို့ပဲ .. သူက အရှင်သခင်ဖြစ်တယ် .. ဒါကြောင့် ဘာမဆို ဒီဒီ သိပြီးမှ .. ပြောဆိုသင့်တာမို့ .. ခုလို ဒီဒီရှေ့မှာ တမင်ခေါ်ပြောရတာ ပဲ အိုက်ခေါင် .."

ဘဘဦးအိုက်ခေါင် မျက်နှာမကောင်း ..။ တစ်ခုခုတော့ အပြစ်ဆိုခံ ရတော့မည်ဟု ကြိုတင်လန့်နေတာလည်း သိသာနေသည်ပါပဲ ..။

"ဥယျာဉ်မှူး .. ညစောင့် .. လုပ်ရတဲ့ကိစ္စ .. ဘာများ ပင်ပန်းလို့ ညဘက် မိုးမခြံထဲ တစ်ချက်ဆင်းတာ .. ပတ်ပြီး ခေါ်မီးထိုး ကြည့်တာတွေ ဘယ်တုန်းကမှ မလုပ်ဘူး .. အဲဒါ .. စုံစမ်းကြည့်တော့ သိရ တာပဲ .. မင်းက .. ညဘက်ဆို .. အိပ်ဆေးသောက်အိပ်သဆို.. အဲဒါကို .. လှည့်ပတ်ကြည့်တန်တာလေးကြည့်ဖြုမယ်မရှိပဲ .. အိပ်ဆေး သောက်ပြီး တုံးနေအောင်အိပ်နေတယ်ဆိုတာကိုက .. တာဝန် ပျက်တာပဲ .. အဲဒါ .. ဘာပြောချင်လဲ .."

မျက်ပေါက်ကျဉ်းကျဉ်းမှာမျက်တောင်တူတွေရှိလျက် ပို၍ မျက်စိ မှေးယောင်ပြုရင်း အမြင်မကြည်သည့်နှယ်ခပ်စူးစူးကြည့်နေသည့် ဒေါ်လေးနန္ဒာမှူးကို တုန့်ပြန်မကြည့်ဝံ့သည့်နှယ် ဘဘ ဦးအိုက်ခေါင်မှာ ခေါင်းငိုက်ချထား၏။

"အဲဒါ .. ရှင်းရှင်းပြောမယ် .. ခုလိုပဲ အိပ်နေမယ်ဆိုရင်တော့

www.burmeseclassic.com

www.burmeseclassic.com



မင်း အလုပ်ထွက်ရလိမ့်မယ် အိုက်ခေါင် .. တခြားလူတစ်ယောက်
ခန့်ရလိမ့်မယ် .."

ခပ်တင်းတင်းကြည့်ကာ ပြတ်ပြတ်ပြောလာတော့ ဘဘဦးအိုက်
ခေါင်ခမျာ လန့်သလိုကြီး ကြည့်လာရှာသည်။ ခေါင်းယယလည်း လက်
လေးပိုက်၍ ...။

"အဲသလိုတော့ မလုပ်ပါနဲ့ မမလေးရယ် .. ကျွန်တော် ဒီအသ
အရွယ်နဲ့ ဘယ်မှာ အလုပ်သစ်တစ်ခုကို ရနိုင်ပါ့မလဲ.. ဘယ်သူကခန့်
မို့လို့လဲဗျာ .. အိပ်ဆေးသောက်အိပ်တယ်ဆိုတာကလည်း .. ကြော
လို့ပါခင်ဗျာ .. ဘာကိုကြောက်တယ်ဆိုတာကိုတော့ မပြောပါရစေနဲ့
ပြောရမှာကို လန့်နေလို့ပါဗျာ .. မတော်တဆ .. သူ .. ရှိနေရင်
ကြားသွားမှာစိုးလို့ပါ .. ဒီခြံကြီးထဲ .. ညဘက်တွေမှာ ဘာတွေဖြစ်တ
တယ် .. ဘယ်သူသွားလာနေတတ်တယ်ဆိုတာ တစ်မြို့လုံး မသိသူ
သလောက်ပါ မမလေးရယ် .. ဘယ်သူခိုးမှလည်း သတ္တိခဲလုပ်ပြီး မိုး
ခြံထဲလည်း ညဘက်အချိန်မတော် ဝင်လာရဲမှာ မဟုတ်ပါဘူးခင်ဗျာ"

ဟု မျက်နှာငယ်လေးဖြင့် ညှိုးညှိုးသိမ်သိမ် ဘဘဦးအိုက်ခေါ
ပြောလာတော့ ဒေါ်လေးနန္ဒာမှူး မျက်နှာပိုတင်းလာသည်။ တစ်ခုခု
တော့မည့်နှယ် မျက်နှာကြီး ညို့နေရင်း ကိုယ်ကို မတ်လိုက်ချိန်
သူ လက်ကာ၍ ..

"မဟုတ်တာပဲ ဒေါ်လေး .. ဘဘဟာ ဖေဖေ ရှိကတည်းက
ဒီမိုးမခမှာ အလုပ်လုပ်ခဲ့တဲ့သူပါ .. သားချင်းများလိုတောင် ရှိနေပြ
တော့မှာပါ .. အသက်လည်း ရလာပါပြီ .. ဘဘ အိပ်ဆေးသောက်
တယ်ဆိုတာလည်း အပြစ်မတင်သာတဲ့ကိစ္စပါ .. ပြီးတော့ ဘဘ
တာလည်း မှန်နေတာပါပဲ .. ဘယ်သူခိုးကမှ .. မိုးမခခြံကြီးထဲ .. ည
ကြီး ဝင်ခိုးရဲပါဘူး ဒေါ်လေးရယ် .. ကဲ .. ကဲ .. ဘဘ .. ပြန်
ဥယျာဉ်မှာ လုပ်စရာရှိတာ လုပ်လိုက်ပါ .. ဘဘကို အလုပ်ကလ



မထွက်နိုင်းပါဘူး .. စိတ်ချ .."

ဟု ဝင်ပြောတော့မှ ဘဘ ဦးအိုက်ခေါင် မျက်နှာလန်းလာသည်။
ကျေးဇူးတင်တင်ဖြင့် ကြည့်ရှာ၍ လက်တွေတုန်နေရှာ၏။ အလုပ်ဖြုတ်ခံ
ရမှာလန့်နေသမျှ စိတ်လှုပ်ရှားခဲ့သမျှ အဘယ်မျှထိ စိတ်တွေယောက်
ယက်ခတ်ခဲ့ရသည်ဆိုတာကို ပိုက်ထားရာလက်မောင်းလက်ဖျံတွေ
ဆတ်ဆတ်တုန်နေတာ တစ်ခုဖြင့်ပင် သိသာနေသည်ပါပဲ ...။ လက်အုပ်
ချီ၍ သက်ကြီးရွယ်ကြီးပေမယ့် ဘဘခမျာ သူ့ကို မျက်ရည်ဝဲရင်း ကြည့်
လာတော့ သူ ရင်ထဲကောင်းပုံမရ ...။ မျက်နှာမကောင်း ...။

"ဒေါ်လေးရယ် .. ဘဘဦးအိုက်ခေါင်ဟာ ဒီဒီတို့နဲ့ နှစ်များစွာ
တူတူနေခဲ့ကြရတဲ့သူပါ .. ဒေါ်လေးနဲ့ဆို ပိုပြီးတော့တောင် ကြာခဲ့တာ
ပါ။ ဘယ်လောက်ထိ ဘဘဟာ သစ္စာရှိရှိနဲ့ အနစ်နာခံပြီး ဒီ မိုးမခခြံနဲ့
အိမ်ကြီးကို လူသူကင်းနေချိန်ကြီးမှာတောင် ခြံကအစ တတ်စွမ်းသမျှ
ပြုပြင်ခဲ့ .. အပင်စိုက်ပေါင်းသင်နဲ့ ရှိခဲ့တယ်ဆိုတာ .. ဒေါ်လေး ပိုသိရ
မှာပါ .. အမြဲတမ်းကြီး မိုးမခမှာ မနေခဲ့ပေမယ့် .. တစ်ပတ်မှာ သုံးလေးရက်
လောက်တော့ လာလာနေပေးခဲ့ရှာတဲ့သူပါ .. အပြင်မှာ သတင်းကြီးနေ
တဲ့ ဝိညာဉ်နားနီးရာ မိုးမခအိမ်ကြီးမှာ ဘဘ ဘယ်လိုတစ်ယောက်တည်း
ဖြတ်သန်းနေရတယ်ဆိုတာ စာနာစိတ်လေးနဲ့ တွေးပေးသင့်ပါတယ်"

ဟု ပြောတော့ ဒေါ်လေးနန္ဒာမှူး မျက်နှာပျက်၏။ စိတ်မောသလို
လည်း သူ့ကိုကြည့်သည်။

"အလုပ်သမားဆိုတာ အလုပ်သမားနေရာမှာ ထားရတယ် ဒီဒီ..
သူလုပ်သင့်တဲ့အလုပ်ကို သူလုပ်ရတာပဲလေ .. အဲဒီအတွက် .. သူရဲ
ကောင်းတစ်ယောက်လို .. ကျေးဇူးရှင်တစ်ယောက်လို .. ဆွေမျိုးရင်းချာ
ကြီးလိုမှတ်သတ်မှတ်ထိုက်ဖူးဆိုတာကိုတော့ ဒီဒီ ခွဲခြားနားလည်သင့်
တယ် .. ကဲပါလေ .. ဒေါ်လေးဘက်က .. လူကြီးတစ်ယောက်အနေနဲ့..
ဝင်ပါသင့်ရာကိုဝင်ပါမိ .. ပြောသင့်ရာကို ဝင်ပြောမိတဲ့သဘောပါ ...။ ဒီဒီ

www.burmeseclassic.com



ကျေနပ်တယ်ဆိုရင်လည်း ပြီးတာပါပဲ .. အိုက်ခေါင် အိပ်ဆေး သောက် အိပ်ပြီး ခြံထဲဝင်းထဲတောင်မှ လျှောက်ပေးဖော်ကြည့်ပေးဖော်မရတဲ့ကိစ္စ ဒေါ်လေးက စိတ်ပူရှုံသက်သက်ပဲ ရှိနေရပေတော့မပေါ့လေ ..''

ဟု ခပ်ညည်းညည်းပြောပြီးမှ ကိုယ်ကို ပြတ်မတ်၍ စိတ်ကိုငြိမ်အောင် ဒေါ်လေးနန္ဒာမှူး ကြိုးစားနေပုံရနေသည်ပါပဲ ..။ ခုလို .. ဒေါ်နန္ဒာမှူး ဘက်က ခြံစောင့်တစ်ယောက်ကို တာဝန်ပိုင်း ပျက်ကွက်မှုကို ခေါ်ပြောသတိပေးသည့်ကိစ္စမှာလည်း အရေးနိမ့်သည့်သဘောမျိုး ဖြစ်နေချေသည်မို့ သူ့စိမ်းဖြစ်သည့် ရှင်မွေ့ ကိုရှက်နေပုံလည်းရသည်..။ သူ ဒေါ်လေးနန္ဒာ မှူးကို ပြုံး၍ကြည့်ကာ ..

''နောက်ထပ် ခြံစောင့်အသစ်တစ်ယောက် ခန့်မယ်ဆိုရင်ဖြင့် .. အဲဒီလူဟာ တစ်ယောက်တည်းပဲရှိနိုင်တယ် ဒေါ်လေး .. တခြားလူတော့ မဟုတ်ဘူး .. ဒီခြံနဲ့ ဒီအိမ်ကြီးကို ညဘက်ပတ်ပတ်ကြည့်ရဖို့ရာ လူတစ်ယောက်ရဖို့ဆိုတာ ခက်ခဲတာမို့ .. ဒီဒီပဲ ခြံစောင့်လုပ်ရလိမ့်မယ်.. အဲဒီအခါကျတော့ ဒေါ်လေး ရင်တီးလက်ခတ်ဖြစ်မှာ သိရဲ့လား ..''

ဟု ပြောတော့ ဒေါ်လေးနန္ဒာမှူး ရင်ကိုဖိ၍ ...

''အလိုလေးလေ .. ဖွ .. ဖွ .. ဘယ်နှယ်လုပ်ပြောလိုက်တာလဲ ဒီဒီလေးရယ်၊ ကိုယ်က သူဌေး .. အဲဒါ ခြံစောင့်ဆိုပြီး နာမ်နှိမ်သည့် စကားမျိုးပြောရသတဲ့လားကွယ် .. ဒီဒီနော် .. ဒေါ်လေးလက်ပေါ်ကြီးတဲ့ ဒီကလေးကို .. ဘယ်လောက်အထိ ဒေါ်လေး အမြင့်ကြီးမှန်းထားတယ် ဆို တာ သိရက်နဲ့ .. ခုလည်း .. မကြာမတင်မှာ ဟိုတယ်ဘက်ကိုပြန်ပြီး ဦးစီးစေချင်တော့တာပါပဲ ..''

ဟု ပြောလာသည်။

''ဘဘဦးအိမ်စိုးလည်း ဒီရက်ပိုင်းအတွင်းမှာ ဟိုတယ်မှာပဲ ရှိနေမယ်လို့ ပြောခဲ့တာပဲ ဒေါ်လေးရယ် .. ဟိုတယ်အတွက် စိတ်မပူပါနဲ့ ဒီဒီ မရှိဘဲ ဖေဖေ့ဟိုတယ်ကြီး စံချိန်မပျက် .. ခုထိ ရပ်တည်နေနိုင်



တာတွေဟာ .. ဘဘ ဦးအိမ်စိုးရဲ့ အရည်အချင်းနဲ့ သစ္စာရှိမှုတွေကြောင့်ပါ .. ဒီဒီ လောလောဆယ်မှာ .. မိုးမခမှာပဲ နေချင်နေသေးတယ် .. ဖေဖေ့ အငွေ့အသက်တွေကို ခံစားနေချင်သေးတယ် ..''

ဟု ပြောကာ စန္ဒရားရှိရာသို့ လျှောက်သွားကာ ထိုင်ခုံကိုဆွဲ၍ ထိုင်ချလိုက်တော့ ဒေါ်နန္ဒာမှူး မျက်နှာကွက်ခနဲပျက်၏။

''ဒီဒီ .. အဲဒီဥစ္စာကြီးကို တီးမလို့လား .. အဲဒီနေရာမှာ .. အစ်ကိုကြီး မင်းခမိုးလည်း ထိုင်ခဲ့ဖူးတယ် .. စန္ဒရားတီးခဲ့ဖူးတယ်.. နောက် .. ဟိုတစ်ယောက်လည်း အစ်ကိုကြီးဆီးမှာ ရပ်ရပ်ပြီး သီချင်းတွေ ဆိုခဲ့ဖူးတယ်လေ..''

ဟု တားသလိုလှမ်းပြောလာတော့ သူခေါင်းခါ၏။ စန္ဒရားခလုတ် အဖုံးနေရာကို ဖွင့်သည်။ စန္ဒရားခလုတ်များထက်မှာ လွှမ်းတင်ထားသည့် ကတ္တီပါသား ပြာမှိုင်းမှိုင်းအစကို ဖယ်နေသည်။

''မေမေလည်း တီးခဲ့ဖူးတယ်လို့ ဖေဖေ ပြောပြဖူးပါတယ်။ ဒေါ်လေးရယ် .. ဒီဒီ .. တက္ကသိုလ်ကျောင်းသားဘဝမှာ .. ပီယာနို သင်ခဲ့တယ် .. အခု .. ဖေဖေနဲ့ မေမေ တီးခဲ့တဲ့ ပီယာနိုမှာ .. မေမေ့ကို တမ်းတခြင်းအဖြစ် .. ဖေဖေ့ကို တီးခတ်ပြခြင်းအဖြစ် .. ဒီဒီ တီးချင်တဲ့ဆန္ဒ ဖြစ်လာတယ် .. လွမ်းဆွတ်ခြင်းများဖြင့် ဆိုပါတော့ ..''

ဟု တည်တည်ငြိမ်ငြိမ်ပြောလိုက်ကာ စန္ဒရားခလုတ်တွေထက်မှာ ခပ်ဖွဖွထိခတ်၏။ သံစဉ် ညင်ညင်သာသာသည် တိုးလျလျပွင့်အံ၍ ညှို့ခန်းဆီသို့ လူးလိမ့်ဖြတ်သန်းချေ၏။ သူ .. မျက်တောင်ကို စင်းချထားသည်။ အနောက်တိုင်းဝတ်စုံ မီးခိုးရောင်ဖျော့ဖျော့ကို သပ်သပ်ခပ်ခပ် ဝတ်ထားသည့် သူ့ဟန်ပန်က တစ်စုံတစ်ရာသောနေ့တစ်နေ့ကို လှမ်း၍ လွမ်းဆွတ်နေသည့်ဟန်ပန်ဖြစ်နေသည်။ ဆံစတို့က နဖူးပြင်ထက်ဆီသို့ ခပ်ငိုက်ငိုက်ပြိုကျနေကြပါချေသည့်အဖြစ် ..။ ဖြူနုနုဖြင့် လှသွယ်ပျောင်းသော သူ့လက်ချောင်းလေးတွေကလည်း စန္ဒရားခလုတ်ဖြူဖြူထက်မှာတစ်လှည့် ခလုတ်နက်နက်မှာတစ်ခါတို့ တို့ထိယှက်ခပ်သော့သော့

www.burmeseclassic.com

www.burmeseclassic.com



ပြေး၏။ မိုးမခ၏ ညှို့ခန်းသည်လည်း အတိတ်ကနယ်မဟုတ်။ လှပသစ်လွင်သော အဝါရောင်ခန်းဆီးတို့ဖြင့် လွှင့်နေ၏။ နှင်းဆီပန်းတို့ဝေနေရာ ပန်းအိုးတို့ဆီမှ နှင်းဆီရနံ့ကလည်း သင်းတပျံ့ပျံ့ ..။ အလှတင်ပန်းတစ်စုံတို့ထက်မှာ တံရုတ်ကြွေပန်းအိုးကြီးတွေရှိနေကာ အဖြူရောင်ဂန္ဓမာပွင့်ကြီးတွေက ဆုပ်ခဲခဲအုံကောင်းကောင်းဖြင့် ရှိနေကြကာ ပန်းဥယျာဉ်တစ်ခုဆီမှ ပန်းရုံပန်းအိုလေးတွေ ဟိုသည်တစ်စု ရှိနေသည့်နယ်ပင် တူနေသေးသည့် အဖြစ် ..။

ရှင်မွေ့ ရင်ထဲမှာ ကြည်နူးလာသည်။ မိုးမခ သည် ပြောင်းလဲသောအဆင်အသွေးဖြင့် ပန်းတို့၏ရနံ့ ..။ လှပသော ခန်းဆီးလွင်လွင် ..ရွှေးဟောင်းရဲတိုက်ကြီးနှယ် မျက်နှာကြက်ဆီမှ ရောင်စုံဖန်မီးဆိုင်းကြီးတွေ တွဲရွဲဆိုင်းကျနေပုံကအစ အားလုံးသည် သန့်စင်နေသည်။ ခေါက်လှေကားဖြင့် ထိုမီးဆိုင်းတွေထိ မှီအောင်ထောင်ကာ ဘဘဦးအိုက်ခေါင်ကို ဖုန်တွေစင်အောင် သုတ်စေခဲ့သည်ကလည်း ရှင်မွေ့ ပဲ ဖြစ်ချေသည်မို့ ..။ မိုးမခ ၏ ညှို့ခန်းဆောင်ကြီးသည် လင်းလဲ့ကြည်စင်နေ၏။ သူ့အခန်းကအစ .. အားလုံး ရှင်မွေ့ အပြင်အဆင်ကို လွှင့်လွှင်သာသာ အဝါရောင်လေးတွေဖြင့် ပြောင်းလဲခင်းကျင်းစေခဲ့သည်ပဲလေ ..။ ဒေါ်လေးနန်းခက်နှင့် ခမ်းကြည် တို့ကို အဝါရောင်ဖဲအိပ်ရာခင်း ..။ ပိုးခေါင်းအုံးစွပ်တို့ဖြင့် ခင်းကျင်းစေခဲ့သည်။ ခန်းဆီးတွေကအစ အဝါရောင် ..။ အားလုံးသည် .. လင်းလဲ့သော အဝါရောင်နေကြာခင်းကြီး အလည်မှာရှိနေသည့်နှယ် ခံစားနေစေခဲ့သည့်အဖြစ် ..။

ဒါကြောင့်များ .. သူ့စိတ်တွေသည် .. ထိုင်းမှိုင်းသော အခင်းအကျင်း ခန်းဆီးတွေ၏ အုပ်မိုးရာမှ လွတ်မြောက်သွားခဲ့ကာ ကြည်လင်းချင်းခဲ့ချေသည်လား မသိ ..။ စိတ်လိုလက်ရပင် စန္ဒရားတွေ ဘာတွေ တီးတော့မယောင်ရှိနေသည်ပဲ ..။

သူ တီးခတ်လိုက်သည်က ရွှေစံပယ်ရုံ ..။ တက္ကသိုလ်ဖေညွန့်



သီဆိုသည့် ရွှေစံပယ်ရုံ .. ။ ဪ .. တစ်ညတုန်းက ရှင်မွေ့ သူ့အခန်းဆီမှ တယောသံဖြင့် ကြားခဲ့ရဖူးပါလေသော ရွှေစံပယ်ရုံ ..။ သူသည် .. နိုင်ငံရပ်ခြားမှာရှိနေစဉ်မှာပင် .. မြန်မာသံများကို မြတ်နိုးစွာ လေ့လာနားထောင်ခဲ့ပါလိမ့်မည် ..။ တေးသီချင်းခွေများကို .. သူ့ထံပေးပို့ခဲ့သူသည် အခြားသူတော့ မဖြစ်နိုင် ..။ ဘဘ ဦးအိမ်စိုးပဲဖြစ်ပါချေလိမ့်မည်။

သူ .. ငယ်စဉ်တုန်းကလည်း ရွှေစံပယ်ရုံနှင့် နီးစပ်ခဲ့ကြောင်း သူ့ဖေဖေ တီးခတ်ရာ သီချင်း ..။ သူ့မေမေ နားထောင်ရာ သီချင်းပါဟု.. ဆိုတစ်ညက .. ရှင်မွေ့ကို သူ ပြောပြခဲ့ဖူးသည်လေ ..။ ခုလည်း သူ ရွှေစံပယ်ရုံကို တီးခတ်နေ၏။ မျက်တောင်တွေ စင်းချရှင်း ရွှေစံပယ်ရုံ ကို ရင်ထဲနှစ်ခံစားရင်း တီးခတ်နေပုံက ဘေးမှာ လူသူတွေရှိနေတာကိုပင် မေ့လျော့နေသယောင်ရှိ၏။ သူ့လက်ချောင်းတွေက ပို၍ သွက်လာသည်။ တီးခတ်နေသည့် လက်ကွက်တွေ ပြောင်းသွားပုံကလည်း မြန်ဆန်လှန်းနေသည်။ ရွှေစံပယ်ရုံမှသည် .. စန္ဒကိန္နရီသို့ ပြောင်း၏။ ထိုမှ တစ်ဖန်.. မိုးဒေဝါသို့ ပြောင်း၏။ လက်ကွက်တွေက ရုတ်ချည်းရုတ်ချည်း ပြောင်းလှန်သည်။ စန္ဒကိန္နရီ၏ အလွမ်းနှင့် ကြေကွဲမှု တီးကွက်မှသည် ..။ မိုးဒေဝါသို့ မိုးလုံးညံ့နေသည့် တီးကွက်သို့ ပြောင်း၏။ သူ့ကိုယ်ကြီး ငိုက်ကျလာသည်။ ဆံစတို့ပို၍ ပြိုကျလာနေပြီ။ ရှင်မွေ့ စိတ်ထဲ ပူပန်သွားမိရာ ရှေ့သို့ ခပ်သုတ်သုတ်လျှောက်ချိန်မှာ ပို၍ မြန်ဆန်စွာ လျှောက်သွားသည်က ဒေါ်လေးနန္ဒာမှူးပါ ..။ သူ့လက်ချောင်းတွေကတော့ စန္ဒရားခလုတ်တွေထက်မှာ ကျွမ်းကျင်လွန်းစွာပဲ တီးခတ်ထိတွေ့နေကြဆဲ ..။ စန္ဒရားသံကလည်း ညှို့ခန်းထဲမှာ ငှက်ပေါင်းစုံ တောင်ပံခတ်ပြေးနေကြသည့်နှယ် ဟိုဟိုသည်သည် လွင့်၏။ သူ့လက်သံက မြန်ဆန်စွာ ပြောင်းသည်။ ရွှေစံပယ်ရုံ ..။ နောက်တော့ စန္ဒကိန္နရီ..။ နောက် .. မိုးဒေဝါ ..။ သို့ အဖြစ်မျိုး ရှင်မွေ့ မကြုံစဖူး ..။ လူတစ်ယောက်ခုလို .. စိတ်တွေ ၍ တီးကွက်များ မြန်ဆန်စွာ ပြောင်းတီးခတ်နေရင်း သူ့စိတ်တွေ

www.burmeseclassic.com

www.burmeseclassic.com



လူးလာဆန်ခတ်ပြေးနေတာမျိုး မမြင်စဖူး ...။ သူသည် .. သူ့ခံစား
စိတ်အစဉ်အတိုင်း စိတ်ကို လွှတ်ပေးနေသူ တစ်ယောက်လည်း ဖြစ်
သည်။ ထိုစိတ်အစဉ်၏နောက်သို့ တကောက်ကောက်ပါနေရင်း လွင့်
နေသူတစ်ယောက်လိုလည်း ဖြစ်နေသည်။ ထိုလွင့်မျောနေသည့် စိတ်
ပြန်၍ အုပ်စီးနိုင်ဖို့အတွက်လည်း ကြိုးစားနေသူလည်း ဖြစ်နေပြန်သည
သူ့မျက်နှာထက်မှာ ချွေးစေးများနစ်နေရင်းမှ ရုတ်ခနဲ စန္ဒရားခလုတ်
ပေါ်သို့ သူ့လက်တွေကို စုံလိုက်အုပ်မိုး ဖိချလိုက်သည်မို့ ...။ ဟိန်း
စန္ဒရားသံကြီးပေါ်လာပြီးသည့်နောက်မှာ သူ ထရပ်၏။ သူ့ဘေးသို့ ရော
နေသည့် ဒေါ်လေးနန္ဒာမှူးမှ သူ့ကို ထိန်းကိုင်ဖို့ လုပ်ပေမယ့် ခေါင်းခါ
ကိုယ်ကို သူတိမ်းသည်။ ဒယိမ်းဒယိုင်နိုင်သော ခြေလှမ်းဖြင့် သူ စတ
လျှောက်၏။

ကိုယ်ကိုလှည့်လိုက်တာ စန္ဒရားကြီးကို နောက်ပြန်ဖေးမှီလို
သည့်နှယ်ရှိ၏။ သူ့အကြည့်က ရှင်မွေ့ထံမှာ တန့်ခနဲ ဖြစ်သွားသ
စိုးရိမ်သလို ငေးကြည့်ရင်း ငြိမ်သက်နေသည့် ရှင်မွေ့ကို မမိတ်
ကြည့်နေခြင်း ...။ နောက်တော့ သူ့ကိုယ်ကို မတ်လိုက်ပါ၏။ ဤ
ကြိမ်မှာတော့ သူလျှောက်လာသည်က ရှင်မွေ့ထံသို့ပဲဖြစ်နေသည်

ရှင်မွေ့ ရှေ့မှာ သူရပ်လိုက်ကာ အရပ်မြင့်မြင့်ကြီးဖြင့် ဆီး
ငုံ့ကြည့်လာပါ၏။

"မင်း ပြောတာမှန်တယ် ရှင်မွေ့သာ .. မင်း ကိုယ့်ကို ပြောခဲ့
လေ။ ကိုယ့်ဘဝကို ခြောက်လှန့်နေတဲ့ အိပ်မက်တွေကို .. မှိန်
ပျောက်လွင့်ကုန်အောင် ကြိုးစားဖို့လိုအပ်တယ်ဆိုတာလေ .. သက်
တဲ့ အခန်းတစ်ခုကို လန့်နေရင်း ရှောင်ပုန်းတိမ်းဖယ်နေတာ
သတ္တိရှိရှိနဲ့ရင်ဆိုင်ရမယ်ဆိုတာလေ .. ကိုယ် .. ကိုယ် .. အဲဒီ စန္ဒရာ
ကိုလည်း .. အဲဒီသက်မဲ့ပစ္စည်းတစ်ခုကိုလည်း .. ရှောင်ဖယ်ဖို့ကြ
မိခဲ့တယ် ရှင်မွေ့သာ .. အနိတ္တိထား တီးဖူးတဲ့ ပစ္စည်းတစ်ခုနဲ့ မယ



ချင်ပဲဖြစ်နေခဲ့တယ် .. ဒါပေမယ့် .. ကိုယ် .. အခု ရင်ဆိုင်ဖြတ်သန်း
မိခဲ့ပြီ၊ ဖေဖေ မေမေ တီးခတ်ခဲ့ဖူးတဲ့ စန္ဒရားတစ်ခုအဖြစ် ခံစားရင်ဆိုင်
ပြောင်းလဲပစ်လိုက်ခဲ့နိုင်ခဲ့ပြီ .. အဆုံးစွန်အောင် ကိုယ် ခံစားဖြတ်သန်း
တီးခတ်ခဲ့ပြီမို့ .. နောက်အကြိမ်များစွာမှာ .. ကိုယ်ဟာ .. ဒီစန္ဒရားကို
အေးအေးချမ်းချမ်းနဲ့ တီးခတ်နိုင်စွမ်းတဲ့ လူတစ်ယောက်အဖြစ် ရောက်ခဲ့
နိုင်ပါပြီ .. ဟုတ်တယ် ရှင်မွေ့သာ အဆုံးစွန်အောင် တစ်ခုခုကို ခံစား
ရင်ဆိုင်ပြီးသွားရင် တည်ငြိမ်တဲ့ အရာတစ်ခုကို သက်ရောက်သွားနိုင်ပါ
လားဆိုတာ .. ကိုယ် .. လက်ခံလိုက်နိုင်ပါပြီ .."

ဟု ပြောကာ ပြုံး၍ ကြည့်လာသည်။ ဧည့်ခန်းကိုလည်း ကြည့်သည်။

"မင်းမှာ အလွန်တန်ဖိုးကြီးတဲ့ အရည်အချင်းတွေရှိတယ် ရှင်မွေ့သာ .. မိန်းမသားတစ်ယောက်ရဲ့ .. ထက်မြက်တဲ့ ပြောင်းလဲဖြစ်တည်စေနိုင်စွမ်းဟာ .. ဒီမိုးမခကိုလည်း မှိုင်းညို့ညို့အရိပ်ကြီးတစ်ခုဆီက လင်းခဲ့ဝင်းပသွဲ့ ...ရာတွေအဖြစ်ပြောင်းလဲစေနိုင်သလို .. ကိုယ့်ရင်ထဲမှာ လွှမ်းမိုးနေတဲ့အမှောင်ရိပ်ကြီးတွေထဲက တချို့တလေကိုတော့ .. မင်း အလင်းဘက်ကို ရွှေ့စေလိုက်နိုင်ပြီလို့ပဲ .. ပြောရလိမ့်မယ် ရှင်မွေ့ .. ကိုယ် .. ဘာကိုရည်ရွယ်ပြီး ပြောနေတယ်ဆိုတာ မင်းသဘောပေါက်မှာပါ .."

ဟု ပြောပြီးမှ ဒေါ်လေးနန္ဒာမှူး ကို သူ ကြည့်ပါ၏။

စန္ဒရား ဘေးမှာ ရပ်နေဆဲ ဒေါ်လေး၏အကြည့်က ခုလို ရှင်မွေ့နှင့် နီးနီးကပ်ကပ် သူ ရှိနေခြင်းအပေါ် သိပ်သဘောမတွေ့တာ သိသာနေသည်ပါပဲ ...။ ရှင်မွေ့ ကြောင့် ,တူဖြစ်သူ၏ စိတ်တွေပို၍ ယောက်ယက်ခတ်အောင် ခံစားကုန်ရသည်ဟု ထင်နေပုံလည်း ရနေသည်။

"ဒီဒီ .. အဲဒါတွေကို .. ရင်ဆိုင်ဖို့လိုနေတယ်ဆိုတာ အမှန်ပဲ ဒေါ်လေး.. ဟိုတုန်းက သွေးပျက်ခဲ့ရတဲ့အဖြစ်တွေကို .. ဒီဒီ ရှောင်ပုန်း ပျောက်ပစ်လို့မရတဲ့အခါမှာ .. အဲဒီအခန်းကို ဒီဒီ မရောက်ဘဲနေတာမျိုး .. ဖေဖေ့ ပုံရိပ် .. မေမေ့ ပုံရိပ်တွေကို ဒီဒီ မတွေ့ဘဲ ရှိနေတာမျိုးတွေ ဖြစ်အောင် ဒေါ်လေး

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားတာထက် .. အဲဒီအဖြစ်တွေကို ဒီဒီ ရင်ဆိုင်ရဲလာအောင် ဒေါ်လေး ပိုကြိုးစားပေးသင့်တယ် .. ဒါမှ ဒီဒီ .. အဲဒီ .. မေ့နေတဲ့ .. ကွက်လပ်တစ်ခုကို ဒီဒီ ပြန်မှတ်မိလာနိုင်လိမ့်မယ်လို့ မျှော်လင့်မိရတာပါပဲ .."

ဟု ပြောနေခိုက်မှာ ဒေါ်နန္ဒာမှူး သူ့ဘေးသို့ ရောက်လာသည်။ သူ့ကို ထိုင်ခိုင်းသည်။ ပြီးတော့ .. သူ့ကို ကလေးတစ်ယောက်နယ် ရင်ခွင်မှာ ပွေ့ပိုက်ထားပါ၏။ သူလည်း .. ထိုအခါကျတော့ ကလေးတစ်ယောက်နယ်ပင် အဒေါ်၏ရင်ခွင်မှာ ငြိမ်သက်နေရှာသည်ပါပဲ ..။

"ဒီဒီ .. စိတ်တွေပင်ပန်းတာ .. မကြည့်ရက်တာပါ ကလေးရယ် ဒေါ်လေးရဲ့ ချစ်ရတဲ့ ဒီဒီလေးဟာ အရွယ်နဲ့ မမျှအောင် .. ငယ်စဉ်ကတည်းက .. စိတ်တွေပန်းခဲ့ရပါပြီ .. မောခဲ့ရရှာပါပြီ .. ဒါကြောင့် - ကလေးကို နောက်ထပ် စိတ်မပင်ပန်းစေချင်တဲ့ ချစ်ဖောတစ်ခုကြောင့် ဒေါ်လေး လေ .. အရာရာကို ဒီဒီလေး မမြင်သင့်ဘူးထင်ရင်း .. မြင်ကွင်းက ဖယ်ရှားထားမိတာတွေ ရှိကုန်ရတာပါသားရယ် .."

ဟု တိုးဖွဖွ ပြောလာပါ၏။

မြင်ကွင်းကို ရှင်မွေ့ ငေးကြည့်နေမိရင်းမှ .. ။ သံယောဇဉ်နှင့်ဖြစ်တည်ရာ ဖောဆိုသည့် အရာတစ်ခု၏ နက်ရှိုင်းမှုကို နားလည်လာနေမိ ရပြန်သည်ပါပဲ ..။ ထိုစဉ်ခိုက် .. လေပြေတို့၏ တိုးဝင်မှုတို့နှင့်အတူ ညှို့ခန်းသို့ တိုးဝင်လာသည်က ..။ နှင်းဆီ၏ ရနံ့ ..။ နောက် .. ပန်းစံကားတို့၏ ရနံ့တို့ပါတကား ..။ ပန်းရနံ့အမယ်စုံတို့၏ သင်းဝေ ညှို့ခန်းမှာ ပို၍ လွှမ်းခြုံနိုင်သည်ကဖြင့် .. တသင်းပျံ့ပျံ့နိုင်နေပါသည် ပန်းစံကားတို့၏ ရနံ့ပဲဖြစ်လေသည် ..။



## အခန်း (၁၄)

ငါးကို အကောင်လိုက် အချိုပေါင်းပေါင်းသည်။ မြေပဲဆီ၊ ဂျုံးမြစ်နှင့် ကြက်သွန်ဖြူ၊ ကြက်သွန်နီတို့ကို ပုဇွန်ခြောက်ထောင်း၍ ဘာလချောင်ကြော်ဆန်ဆန်ကြော်ထားသည်။ ပဲကြာဆံဟင်းရည် သောက်နှင့် ...င်းခွာရွက်သုပ်သည်။ ဟင်းတွေကို ဆန်းဆန်းပြားပြား ချက်တာမျိုး ...တ် ..။ ဒါပေမယ့် .. စားကောင်းစေမည့် ဟင်းခွက်များ အဖြစ် ရှင်မွေ့ ...တ်ယူသည်ပါပဲ ..။

"နေ့တိုင်း ချက်ပြုတ်စားသောက်ရာမှာ ဒေါ်လေးရယ် .. ဟင်းတွေ ... အဆန်းအပြားတွေ ရွေးရွေးချက်တာထက် .. သမားရိုးကျ ဟင်း ...ယ်တွေအဖြစ်ပဲ ချက်ပြုတ်သင့်တယ်လို့ ရှင်မွေ့ ထင်တယ်လေ .. ...စ်နေ့တစ်နေ့မှာ ဟင်းအမယ်မထပ်ဖို့ပဲလိုတာပါ .. အစားအသောက် ...တာ ခံတွင်းမြိန်ဖို့ရယ် .. ကုန်ကျစရိတ်မများဖို့ရယ် .. ကျန်းမာရေးနဲ့ ...ည်း ညီဖို့ရယ် .. အဲဒါပဲလိုတာပါ .."

ရှင်မွေ့ ချက်ပြုတ်ရေးမှာလည်း ဝင်၍ ကိုယ်တိုင်ချက်တတ်သည် ...ပဲ။ ဒေါ်လေးနန်းခက်ကို ဟင်းရည်သောက်အိုးလေး ဘာလေးတော့ ...ည်ခိုင်းသည်။ အဓိကဟင်းအမယ်ကိုတော့ ရှင်မွေ့ ကိုယ်တိုင်ချက် ...တ်သည်ပါပဲ။ ဒါမှ .. ရှင်မွေ့ စိတ်တိုင်းကျ ဟင်းတမယ်ဖြစ်ချေမည်

www.burmeseclassic.com

www.burmeseclassic.com



ကိုးလေ ..။

"မိန်းကလေး ကတော့လေ .. ချက်ပြုတ်တာလည်း သပ်ရပ်ပြ မြန်လည်း မြန်ပါလေရဲ့ .. အစတုန်းကများဖြင့်လေ .. ဒေါ်လေး စိတ် တော့ နည်းနည်းပူမိသား .. ရောက်လာမယ့် အိမ်ကြီးထိန်းဆိုလား ဘာလားလေ .. အဲဒီတစ်ယောက် ရောက်လာရင်ဖြင့် ... ငါတို့ တူဝ ကိုများ ဩဇာပေးနေလေမလားပေါ့ နိုင်းဖတ်ကြီးကို ဖြစ်အော ဖိနှင်းနိုင်းနေလေမလားပေါ့ .. အားငယ်စိတ်နဲ့ စိတ်ပူလိုက်ရသ ကွယ် .. ခုကျတော့ .. မိန်းကလေးက .. ကိုယ်တိုင် ဝင်ဝင်လုပ်နေ ဒေါ်လေးမှာဖြင့် အားနာမိရပြန်တော့တာပါပဲ .."

ရှင်မွေ့ကို ဒေါ်နန်းခက် ပြောသည်က တကယ့်ကို စိတ်ထဲခံစား အတိုင်းပါ ..။ ရှင်မွေ့ ပြုံး၍ မီးဖိုချောင်သုံး ရင်စည်းအကာဝတ်လေး ပခုံးပေါ်မှ ဖြုတ်၍ မီးဖိုခန်းထဲရှိ ချိတ်နေရာလေးမှာ သွားချိတ်သည

ခမ်းကြည် ကတော့ အပြာရောင် ဘောင်းဘီရှည်၊ အဖြူရော ဇာကွပ်ထားသည့် ဘလောက်အင်္ကျီလေးဖြင့် ဆံထုံးမြင့်မြင့်လေး ကာ ချောချင်တိုင်းချောနေသည့် ရှင်မွေ့ကို ခပ်ငေးငေးကြည့်နေသ အဖြစ်။

"မမလေးက .. မင်းသမီးလုပ်ရင်ရမှာနော် ဒေါ်လေး .. သိပ် တာပဲနော် .. ခမ်းကြည် လည်း အဲသလိုအဝတ်မျိုးဝတ်ချင်တယ်သိလ ခမ်းကြည် ဝတ်ရင်လည်း လှမလားမသိဘူးနော် .."

ရှုးတူးပေါတောလေးဖြစ်ပါသည့် တူမတော်ကို ဒေါ်နန်းခက် စောင်းထိုး၍ ကြည့်သည်။ ပိန်သေးသေး ခမ်းကြည်ကတော့ အလုကြ

"ညည်းလေးဝတ်ရင်ဖြင့် .. ဗျိုင်းဖြူမ အဝတ်ပတ်သလိုဖြ တော့မှာပေါ့ ခမ်းကြည် ရယ် .. လူကပိန်ကပ်ကပ် .. ဖြူဖျော့ဖျော့

"ကလေးကို အဲသလို စိတ်အားငယ်အောင် မပြောပါနဲ့ ဒေါ် နန်းခက်ရယ် .. ရှင်မွေ့ ငယ်တုန်းက ခမ်းကြည် ထက်တောင်မှ ပိ



ပ်ကြီးရယ် .. ခြေတံလက်တံကလည်း ရှည်သေး .. လည်ပင်းကလည်း ည် .. မျက်နှာကလည်း ရှည်မျော့မျော့နဲ့ .. သူငယ်ချင်းတွေက ငမြွေ ဆိုးခြောက်လို့တောင် ခေါ်ကြတယ်သိလား .."

ခမ်းကြည်လေး မျက်နှာပျက်နေတော့ သနားစိတ်ဖြင့် ရှင်မွေ့ ဝင် ပြောမိရခြင်းပါ။

"ဟင် .. ဟုတ်လား .. ဒါဆို .. ခမ်းကြည်လည်း မမလေးကို အသက်ရောက်လာရင် ဗျိုင်းဖြူမ .. မဖြစ်တော့ဘူးပေါ့နော် .."

"ဟုတ်ပါ့ရှင် .. ရွှေမင်းသမီးလေးဖြစ်မှာသိရဲ့လား .. ခု ကြည့်ပါ း .. စံပယ်ပန်းလေးနဲ့ လှလိုက်တဲ့ ခမ်းကြည်လေးပါ .."

ဆံပင်တိုစိစိလေးကို အပေါ်မှ ဆံကုတ် ပန်းရောင်လေးဖြင့် အုပ် သိမ်းထားကာ ဆံကုတ်မှာ စံပယ်ပန်း ခက်တွေချိုး၍ ထိုးထည့်ထားရင်း အတ်သမျှ မှတ်သမျှဖြင့် ရှိုးထုတ်ထားပါသည့် ခမ်းကြည် ကတော့ သွားဖြဲလေးဖြင့် သဘောကျနေရှာပါပြီ ..။ ထိုစဉ်ခိုက် အခန်းထဲဝင်လာ ည်က ဒေါ်လေး နန္ဒာမှူးပဲ ဖြစ်လေသည်။

"တမင်ဝင်လာတာပါ .. ဟောဒီက မရှင်မွေ့သာ ကို သတိပေး င်လို့ပါ .. ဒီဒိုကို စိတ်တွေပိုရှုပ်အောင် မလုပ်မိဖို့ သတိပေးချင်တာပါ .. ဟိုတစ္ဆေဂုတ်စာမရဲ့ ပန်းချီခန်းကို ဝင်ရှင်းလင်းတာ ပြန်ပြီး အသက် င်လာအောင် ပန်းချီကားတွေ ချိတ်တာ .. အဲဒီအခန်းထဲရောက်အောင် ကို ခေါ်တာတွေဟာ အလွန်မိုက်မဲတဲ့လုပ်ရပ်ဆိုတာ မင်း နားလည် င့်တယ် ရှင်မွေ့သာ .. ငါ့တူလေးဟာ ငါ့လက်ပေါ်ကြီးလာတဲ့ကလေး .. သူ ဘယ်လောက်ထိ စိတ်ဓာတ်အရာမှာ ခြုန်းခြုန်းကျခဲ့ရတယ်ဆို ာလည်း ငါပဲသိထားတာပါ .. ညည်းက .. ခုမှ ရောက်ပြီး .. ပ် ်ထားတဲ့အခန်းတွေကို ဖွင့်လိုဖွင့် .. ပြင်လိုပြင် .. အဲသလိုလုပ်တာ ွဟာ .. မမှန်ကန်ဘူးဆိုတာ မင်းနားလည်ထားစေချင်တယ် .. တစ် ကျရင် .. ညည်းက ကိုယ့်အဝတ်အစားသေတ္တာလေးသယ်ပြီး အလွယ်

www.burmeseclassic.com



တကူ ဒီမိုးမခက .. ထွက်ချင်တဲ့အခါမှာ ထွက်ခွာသွားမယ့်သူပါ ..
ငါ့တူလေး စိတ်တွေ ကယောက်ကယက်ဖြစ်အောင်လုပ်ပြီး ချန်ရစ်ခဲ့ချိန်
မှာ ငါက .. ရစ်ကွဲပက်လက်နဲ့ ငါ့တူလေးကို မနည်းပြန်ပြီး စိတ်ငြိမ်
အောင် ကြိုးစားကျန်ခဲ့ရ .. စိတ်သောကတွေနဲ့ နေခဲ့ရတာမျိုး .. ငါ
အဖြစ်မခံနိုင်ဘူး .. ဒီနေ့ပဲကြည့် .. ဒီဒီ စန္ဒရားတီးနေချိန်မှာ စိတ်တွေ
ဘယ်လောက်ထိ ယောက်ယှက်ခတ်ကုန်သလဲ .. အဲသလိုစိတ်တွေ ပြင်း
ပြင်းထန်ထန် ဖိစီးလာတာမျိုးကို ကြိမ်ဖန်များစွာ .. အဖန်တလဲလဲကြုံ
လာရင် .. ဒီဒီရဲ့ရှေ့အလားအလာဟာ .. မကောင်းဘဲဖြစ်ကုန်မှာ စိုး
တယ်။ စိတ်ရောဂါကုဆေးရုံပို့လိုက်ရတာမျိုးအထိတော့ .. ညည်း တွေး
မပို့ချင်စမ်းပါနဲ့ ကျေးဇူးရှင် မမလေးရယ် ..''

ပြောလည်းပြော ..။ စကားလည်းဆုံးတာနှင့် ချာခနဲ လှည့်ထွက်
သွား၍သည်က ဒေါ်လေး နန္ဒာမှူးပါ ..။ ရှင်မွေ့ ဘာဆိုဘာမျှမပြောလိုက်
ရ ..။ ဖြေရှင်းခွင့်လည်း မရှိလိုက်ရ ..။ မျက်နှာထားတင်းတင်းဖြင့်
ပြတ်ပြတ်ပြောပြီးတာနှင့် ကိုယ့်စကားကိုယ်ဆုံး .. ကိုယ်လည်း လှည့်
ထွက်ဖြင့် ရှိသွားခဲ့ပါသည့် ဒေါ်လေးနန္ဒာမှူးကို စိတ်ညစ်ညစ်ဖြင့်
နောက်မှ ကြည့်ကျန်ခဲ့ရသည်က ရှင်မွေ့ ပါ ..။

''အေးလေ .. သူလည်း သူ့တူဆိုတော့ စိတ်သောက ဖြစ်ရှာမှာ
လေ .. ဒါပေမယ့် .. အတိတ်ဆိုတာက ရှိကိုရှိခဲ့တဲ့အဖြစ်အပျက်တစ်
ရဲ့ ပုံရိပ်တွေပဲ .. အဲဒါကို ဓာတ်ပုံတွေ .. ပန်းချီကားတွေ ဖုံးကွယ်သိမ်း
ထားလိုက်ရုံနဲ့ လူတစ်ယောက်ရဲ့ ခံစားရာတွေကို နှင်ထုတ်လိုက်နိုင်မှာ
ဘာမှမဟုတ်တာ .. အတိတ်ဆိုတာ .. မဖြစ်လိုတာပဲရှိစေ .. ဖြစ်လို
ပဲရှိစေ .. ဖြစ်နေခဲ့ပြီးပြီဆိုရင် .. ကိုယ့်ဘဝရဲ့ ကျန်ရစ်ဖြတ်သန်းခဲ့
ဘဝအစိတ်အပိုင်းတစ်ခုအဖြစ် အနေနဲ့ လူတိုင်းမှာ ထက်ချပ်မွှား
လာတတ်စမြဲဆိုတာ ဒေါ်လေးနန္ဒာ ဖွတ်ဆန့်ကျင်နေတာပါပဲလေ ..

ရှင်မွေ့ တွေးကာ သက်ပြင်းရှိုက်မိရသည်။ ဒေါ်လေး နန်းငယ်



ခမ်းကြည် တို့လည်း မျက်နှာမကောင်း ..။ ခုလို ရှင်မွေ့ ကို ပြောင်ပြောင်
တင်းတင်းလာ၍ သတိပေးသည်အထိ ဒေါ်လေးနန္ဒာ ဘက်က လုပ်လာ
သမျှ ဝင်၍လည်း တားမြစ်နိုင်ကြသည်မှ မဟုတ်ချေပဲလေ။ စိတ်မကောင်း
ဖြစ်ရလေသမျှ မျက်နှာလေးတွေ ပျက်ရင်း ငြိမ်သက်နေကြရှာသည်ပါပဲ။

ထိုစဉ်နိုက် အခန်းထဲ သူဝင်လာသည်။ မပြောမဆို ရှင်မွေ့ ၏
လက်မောင်းလေးကိုဖေးကိုင်၍ ခေါ်လာသည်မို့ ရှင်မွေ့ လိုက်ခဲ့ရသည်
ပါပဲ။ သူ တောက်လျှောက် မိုးမခခြံပြင်ထိရောက်အောင် ခြေလှမ်းမှန်မှန်
ဖြင့် လျှောက်နေသည်။ ရှင်မွေ့ လက်ကိုလည်း ခုထိ မလွှတ်သေး ..။

ဂဝံလမ်းအတိုင်း လျှောက်လာနေရာမှ ဘေးကို ဖွဲ၍ ထင်းရှူးတော
အုပ်ဘက်ကို သူ ကူးသည်။

ထင်းရှူးပင်ကြီးတစ်ပင်အောက်မှာ သူရပ်လိုက်ပါ၏။

''ဒေါ်လေး ပြောနေတာတွေကို ကိုယ် ကြားတယ် .. ကိုယ် မီးဖို
ခန်းထဲဝင်မလို့ပါ .. အထဲမှာ ဒေါ်လေး ရောက်နေပြီ .. မင်းကို ပြောနေ
တာတွေလည်း ကိုယ် ကြားပါတယ် .. စကားဆုံးတဲ့အထိ ကိုယ်နား
ထောင်နေတော့ဘဲ .. စာကြည့်ခန်းထဲ ခဏသွားရှောင်နေလိုက်တယ်
ရှင်မွေ့ .. ကိုယ် .. ဒေါ်လေးနန္ဒာကို ချက်ချင်း ဝင်ပြောလိုက်ပြန်ရင်
လည်း မင်းနဲ့ ဒေါ်လေးကြားမှာ ပိုပြီး တင်းမာမှုဖြစ်ကုန်မှာကိုယ်သိလာ
တယ် .. တင်းမာမှုဆိုတာက .. မင်းဘက်က ဖြစ်လာမှာမဟုတ်ဘူး။
ဒေါ်လေးဘက်က ဖြစ်လာမှာ .. ဒေါ်လေးက ကိုယ့်အတွက် စိတ်ပူပြီး
ကိုယ့်ရဲ့ အတိတ်ကိုလုံးဝ မိုးမခအိမ်ကြီးဆီက ဖယ်ထုတ်ပစ်လိုက်ဖို့..
ကိုယ့်မှတ်ဉာဏ်တွေထဲက ဖျောက်ဖျက်ပစ်လိုက်ဖို့ပဲ ဇောကပ်နေတာ
အဆိုးဆုံးပဲ .. အဲသလိုလုပ်လေလေ .. ကိုယ့်အတွက် မကောင်းလေလေ
ဆိုတာ ဒေါ်လေး လက်ကိုမခံနိုင်ပဲဖြစ်နေတယ် .. ကိုယ်က .. ကိုယ့်
ခေါင်းထဲမှာ ကွက်လပ်တစ်ခုလို အစရှာမရအောင် ပျောက်ဆုံးနေတဲ့
အဖြစ်တစ်ခုကို သိဖို့ကြိုးစားနေချိန်မှာ .. ဒေါ်လေးက အဲဒါတွေကို..

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်ဖို့ ကြိုးစားနေတယ် .. သူက ... အဲဒီအဖြစ်ကို ကိုယ်ပြန်မှတ်မိလာရင် .. ကိုယ့်ဘဝ ပိုဆိုးကုန်မယ်လို့ အသေအချာ မှတ်ယူထားပုံရတယ် ..''

သူ ဆက်တိုက်ပြောနေရာမှ သက်ပြင်းရှိုက်သည်။ သူ့ကို ရှင်မွေ့မော့ငေးကြည့်မိရပါ၏။ သူ့မျက်ဝန်းတွေဆီမှ ရှုပ်ထွေးနေသော ခံစားချက်များကို တွေ့နေသည်။ စိတ်ရှုပ်ထွေးသူတစ်ယောက်၏ ခံစားချက်ပုံရိပ် ..။ သူ့ပုံစံက တစ်ခုခုကို ဖမ်းဆုပ်လိုက်နိုင်ဖို့ရာအတွက် လေထဲမှာ တစ်စုံတရာကိုလိုက်၍ ဖမ်းနေသည့်နှယ် ဖြစ်နေသည်။ ဘာမှ ဆုပ်ဆုပ်ကိုင်ကိုင်မိထားတာလည်းမရှိ။ သိထားတာလည်း မရှိ ..။ သိလိုစိတ်ပြင်းပြနေသည့်ဒဏ်တွေသည် သူ့စိတ်ကို အပြင်းအထန် နှိပ်စက်နေကြရင်း ဒဏ်ရာဒဏ်ချက်တွေအဖြစ်အမာရွတ်တွေ ထောင်းထောင်းထနေအောင် ရှိနေသည့် သူတစ်ယောက်နှင့်တူနေသည်။ ဟုတ်သည် .. စိတ်ဒဏ်ရာ အမာရွတ်များ ..။ ထိုဒဏ်ရာတွေသည် မကျက်နိုင်သေးသည့်နှယ်ရှိနေသည်။ နှလုံးအိမ် ..။ ဦးနှောက်ထဲမှာ ဒဏ်ရာတိုင်းက ပြန်၍ပြန်၍ အနာအသစ်တွေ ထပ်ထပ်ဖြစ်တည်လာနေကြသည့်နှယ် ရှိနေသည်ကောလေ ..။

''ခက်တာက .. မိုးမခမှာ ဒေါ်လေးရဲ့ သြဇာက လွှမ်းမိုးတန်သလောက်တော့ လွှမ်းမိုးနေတယ် ရှင်မွေ့ .. ဒေါ်လေးရဲ့ သြဇာကို ဒေါ်နန်းခက်ရော ခမ်းကြည်ရော ဘယ်လိုမှ မလွန်ဆန်နိုင်သလို .. ဘဘ ဦးအိမ်နိုးတောင်မှ ပေါ်ပေါ်တင်တင် မလွန်ဆန်နိုင်တဲ့အခါမျိုး တွေ့ကြုံရတတ်တယ် .. ဥပမာ .. ဖေဖေနဲ့ မေမေ ခွာတ်ပုံတွေ ဒေါ်လေး ဖြုတ်သိမ်းလိုက်တာမျိုးပေါ့ .. အဲဒီအချိန်တုန်းက .. ကိုယ်က .. နိုင်ငံရပ်ခြားမှာ၊ ဒေါ်လေးက မိုးမခရဲ့ ကျန်ရစ်ခဲ့ရာသခင်ဖြစ်နေတယ် .. ဘဘ ဦးအိမ်စိုး တား ပါတယ်တဲ့ ..။ ပန်းချီကားတွေဟာ ဒီမိုးမခရဲ့ ကျက်သရေဆောင် ဖြစ်တယ်ဆိုတာ ပြောပါတယ်တဲ့ .. ဒါပေမယ့် ဒေါ်လေးက ခေါင်းမာတယ် အချုပ်အနှောင်ခံ ထောင်သားဘဝနဲ့ ကွယ်လွန်ခဲ့ပြီ ဖြစ်တဲ့ အဖေ့



ပုံကို မြင်ရင် ဒီဒီ အရမ်းပိုပြီး စိတ်ထိခိုက်မှာမို့ ဖြုတ်ရမှာပါပဲလို့ ပြောခဲ့တာတဲ့လေ .. အဲဒီပန်းချီကားကိစ္စ .. ဘဘ ဘာလို့မတား သလဲဆိုတာ .. ကိုယ် .. ဒီမိုးမခကို ပြန်ရောက်ပြီး .. မင်း .. အဲဒီ ပန်းချီကားကို ချိတ်ပြီးချိန်မှာ ဖေဖေနဲ့ မေမေ့ ပုံတူပန်းချီကားတွေကို ကိုယ်တွေ့ပြီး ကိုယ့်အခန်းပြန်ရောက်ချိန်မှာ .. ဘဘဆီ ကြိုးဖုန်းနဲ့ ဟိုတယ်ကို လှမ်းမေးခဲ့တာပါ .. အဲသလိုပဲ ဘဘ ဖြေခဲ့ပါတယ်။ ခက်တာယ် ရှင်မွေ့သာ .. ဒီအိမ်ကြီး မှာ .. ကိုယ့်ရဲ့အတိတ်ကိုပြန်မှတ်မိအောင် ကူညီပေးနိုင်တဲ့သူဟာ .. မင်းတစ်ယောက်ပဲရှိနေတယ် .. မင်းက ဒေါ်လေးရဲ့သြဇာရိပ်ကို လန့်နေစရာမလိုတဲ့သူလေ ..''

သူပြောပြီး မြက်ရိုင်းပင်တို့ ပေါက်နေရာ မြေနီနီတို့ထက်မှာ ခေါက်တုံ့ခေါက်တင် လျှောက်လျှောက်နေပြန်သည်။ လက်ကို နောက်ပစ်ထား၏။ လျှောက်နေရင်းလည်း သက်ပြင်းကြမ်းကြီးချလိုက်ကာ ခေါင်းခါပစ်ပြန်သည်။ နဖူးပြင်ပေါ် ပြိုကျနေသည့် ဆံပင်ထူထူကြီးတွေက ပို၍ အုပ်မိုးပြိုကျလာကြပါသည့်အဖြစ် ..။ ရှပ်လက်ရှည်ဖြူ အပြာရင့်ရောင် ဇွယ်တာချိုင်းပြတ်နှင့် မီးခိုးဖျော့ဖျော့ဘောင်းဘီကို သပ်သပ်ရပ်ရပ်ဝတ်ထားသည့် သူ့ပုံစံက လောလောဆယ်မှာ ပါမောက္ခပုံ ပို၍ပေါက်လာပါ၏။ စိတ်ကိုနှစ်၍ တွေးနေသည့်ဟန် ..။

''ခက်တယ်ဆိုတာက .. မင်း .. ဒီက ထွက်သွားမှာကိုပြောတာ.. မင်း ထွက်သွားလိုက်ရင် .. ငါတော့ခက်ပြီ ရှင်မွေ့သာ .. ငါ့ကို ကူညီနိုင်မယ့်သူ ပျောက်သွားလိမ့်မယ် .. ငါက .. ငါက .. အဲဒီနေ့ညနေက အဖြစ်အပျက်ကို အစမှသည် .. အဆုံးထိ ပြန်မှက်ဒ်ချင်နေတာ .. မှတ်မိဖြစ်မှာ .. အဲဒါကို .. ငါ ပြန်မမှတ်မိအောင်ပဲ ဒေါ်လေးက ကြိုးစားနေတယ် .. ဘယ်သူကမှလည်း ဒေါ်လေးကို အတိအလင်း မလွန်ဆန်နိုင်ကြဘူး .. ဒီတော့ .. မင်း ဒေါ်လေးကို စိတ်ပျက်ပြီး အင်း .. ဒေါ်လေးရဲ့ စိတ်နဲ့ ဆက်ဆံပုံကို စိတ်ပျက်ပြီး .. မိုးမခက သေတ္တာလေး အသာသိမ်း

www.burmeseclassic.com



ပြီး ထွက်သွားရင် .. ငါ့ကို ဘယ်သူက ကူညီတော့မှာတဲ့လဲ ရှင်မွေ့သာ-
ဟင် .. ငါက .. ငါက .. သူတို့မှတ်ယူထားသလို ..စိတ်ပိုင်းဆိုင်ရာမှာ-
ဆေးဝါးတွေ သောက်နေရတဲ့အဆင့်ဖြစ်နေတဲ့လူတစ်ယောက်လို့ .. ငါ-
ငါ .. လက်မခံနိုင်ဘူး .. ငါ .. ကောင်းနေတယ်လို့ ငါ့ကိုယ်ငါ ယုံကြည်
တယ် .. ခက်တာက .. အဲဒီနေ့က .. ငါ.. အစပြန်ရှာမရအောင် လုံး
စုန်းစုန်းမြုပ်ပျောက်ဆုံးနေတဲ့ အဖြစ်အပျက်ပဲ .. ငါထင်တာက.. ငါ
လက်ထဲမှာ သေနတ်ရှိတယ် .. မောင်းဆွဲတယ် .. အန်တီထား သေတယ်
ဒါပေမယ့် အားလုံး ပြောနေကြတာက .. ဖေဖေက ပစ်သတ်တာ .. ငါထ
တာက .. အဲဒီအချိန်မှာ ဒေါ်လေးနန္ဒာရော ဘဘ ဦးအိုက်ခေါင်ရော
ဒေါ်နန်းမွေ့ရော .. မရှိကြဘူး .. ငါ့ကို သေနတ်ပေးတဲ့ ယောက်ျားကြီး
တစ်ယောက်ပဲ အခန်းထဲမှာ ရှိနေတယ် .. ဒါပေမယ့် .. ဒေါ်လေးနန္ဒာ
ပြောတာက ဒေါ်နန်းမွေ့ ပဲ မရှိတာ .. ဘဘနဲ့ ဒေါ်လေးတို့က ဘယ်ကို
မသွားဘူး .. မိုးမခမှာ ရှိနေတယ်ဆိုတာပဲ.. အန်တီထားကို သတ်တဲ့
ဟာ ဖေဖေ ဖြစ်တယ်လို့ အနိုင်အမာ ခုထိ ပြောနေကြတုန်းပဲ .. ဒါ
မယ့် .. အဲဒါတွေဟာ တကယ်မဟုတ်ဘူးလို့ ငါသိနေတယ် .. အဲသ
ငါသိနေတယ် ရှင်မွေ့သာ .. ငါ .. ငါဟာ.. ဖေဖေ့အသက်နဲ့ .. သိက္ခာ
ရင်းပြီး ငါ့အတွက် ဆယ်တင်ပေးခဲ့တဲ့ လမ်းတစ်ခုပေါ်မှာ တစ်ကိုယ်
ကောင်းဆန်ဆန် ဆက်လျှောက်လှမ်းနေတဲ့သူတစ်ယောက်လိုပဲ ခံစား
ရတယ် .. ငါ့ လိပ်ပြာမလုံဘူး ဖြစ်နေတယ် .. ယူကျုံးမရ ဖြစ်နေရ
ရှင်မွေ့သာ .. မင်း .. ဘာကြောင့်ပဲ ဖြစ်ဖြစ် .. မိုးမခက လောလော
မှာ ထွက်မသွားပါနဲ့ .. ငါ့ကိုကူညီပါ .. ဘာလို့လဲဆိုတော့ မင်း
မိုးမရဲ့ အိမ်ထောင်ထိန်းတစ်ယောက်အဖြစ် ရောက်လာတဲ့သူမို့
ဒေါ်လေးကိုလည်း နာခံနေရမလိုတဲ့သူ ဖြစ်နေလို့ပါပဲ။ အဲဒီလို ဒေါ်
ရဲ့တားမြစ်ပိတ်ပင်ခြင်းတွေကို နာခံရမလိုတဲ့သူဟာ .. မင်းပဲ ငါ့အ
ရှိနေတယ် ရှင်မွေ့ ..''



သူ ဆက်တိုက်ပြောကာ ရှင်မွေ့ ရှေ့မှာ ရပ်လာသည်။ ရှင်မွေ့၏ ပခုံးပေါ်လက်ကို ဖွဖွတင်သည်။ ရှင်မွေ့ ၏ မျက်နှာကို မလွှတ်တမ်း ကြည့်သည်။ ရှင်မွေ့ ၏ မျက်ဝန်းကို တည့်တည့်ကြည့်၍လည်း ရှင်မွေ့ ၏ စိတ်ထဲမှ အဖြေကိုရှာဖွေသိလိုက်နိုင်ဖို့ ကြိုးစားနေသည်။ ထူထဲသော သူ့မျက်ခုံးကို ရှင်မွေ့ မော့မြင်နေရ၏။ မျက်ဝန်းနက်နက်တွေမှာ ခံစားရိပ်တွေ အုပ်မိုးနေကြတာကိုလည်း မြင်နေရသည်။ သူ့ကို မထား ရစ်ခဲ့ပါလေနှင့်ဟု ပြောနေသည့် ခံစားရာ မျက်ဝန်းအကြည့်..။ တောင်းပန် ကြည့် ..။ သြော် .. သူသည် တကယ့်တကယ်ကျတော့ .. ပူပန်ရာကို အေးကူမျှဝေ နားလည်ပေးမည့်အဖော်ဆိုတာ .. ပျောက်ဆုံးနေရသူပါ ဘကား ..။ တမ်းတနေရသူပါလားလေ ..။

သူ့မျက်နှာထက်မှာ ဖြူစင်ရိုးသားခြင်းကိုလည်း ရှင်မွေ့ တွေ့နေရ သည်ဟု ယုံကြည်နေမိရသည်ပါပဲ။ သူသည် .. ရက်စက်စွာ လူတစ် ယောက်ကို သတ်လိုက်နိုင်လောက်အောင် စိတ်ဓာတ်မမာကျောနိုင် ..။ ဒါပေမယ့် .. ခက်သည်က .. ထိုစကားလုံးကိုလည်း သူ့ရှေ့မှာ ဖွင့်အံ ပြရင်း နှစ်သိမ့်ဖို့ရာကျတော့လည်း မသင့်ပြန် ..။ ဘာကြောင့်ဆို .. ရှ မသတ်လျှင် သူ့အဖေက သတ်သည်ဟု ပြောလိုက်ခြင်းမျိုးဖြစ်နေ သည်။ သူက .. မရက်စက်နိုင်ဆိုလျှင် .. သူ့ဖေဖေက ရက်စက်သူဟု ပြောရာ ရောက်ချေတော့မည်။ သားတစ်ယောက်အနေဖြင့် ထိုစကားလုံး တွေကို ခံနိုင်ရည်ရှိနိုင်မည်မဟုတ် ..။

''ကျွန်မ .. မိုးမခမှာ .. အတော်ကြီးကြာအောင်နေဖြစ်မှာပါ အစ်ကို .. အထူးသဖြင့် အစ်ကိုလေးအတွက် အဖော်ဆိုတာ လိုအပ်နေသမျှ တော့ .. အစစအရာရာ .. အေးချမ်းသွားတဲ့အချိန် .. အစ်ကိုလေးရဲ့ ထဲမှာ အတိတ်မြူတွေ ရှင်းသွားလင်းသွားချိန်အထိ ဆိုပါတော့ ..''

ဟု ဖြေလိုက်မိသည်ကတော့ မှန်သောသစ္စာ .. စိတ်စေရာအတိုင်း မိခြင်းဖြစ်ပါတည့် ..။ သူ့မျက်ဝန်းတွေ ရွှန်းလဲ့လာသည်။ မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



လည်း ကြည်လင်လာသည်။

"မင်း .. ခုထိ ကိုယ့်ကို ကြောက်စရာလူတစ်ယောက်လို့ မမြင်သေးဘူးဆိုပါတော့ .. မင်း .. မကြောက်ဖူးလား .. ကိုယ် .. စိတ်တွေဖောက်လာပြီး .. မင်းကို .. သတ်လိုက်တာမျိုး ကြုံလိုက်ရမှာကိုလေ- ဟင် .. ဒေါ်လေး ပြောတဲ့အထဲမှာ .. ကိုယ့်ကို စိတ်ရောဂါကု ဆေးရုံပို့လိုက်ရမလိုတောင်ပါခဲ့သေးတာပဲ မဟုတ်လား .. ဘာကြာသေးလို့လဲ .. စောစောကပဲ ပြောခဲ့တာလေ .."

သူပြောလာတော့ ရှင်မွေ့ ခေါင်းခါပြမိရပါပြီ ..။ သူသည် -တကယ်တမ်းကျတော့ ဒေါ်လေး ပြောသမျှစကားတွေကို ဆုံးခန်းတိုင်နိုင်သမျှအထိ နားထောင်ခဲ့သေးသည်ကောလေ ..။ ဒေါ်လေးအခန်းထဲမှ မထွက်ခွာမီလေးမှာမှ ခြေကုန်သုတ်၍ စာကြည့်ခန်းထဲဝင်သွားခဲ့တာဖြစ် ပါချေလိမ့်မည် ..။

စိတ္တဇဝေဒနာသည်တစ်ယောက်အဖြစ် သတ်မှတ်ခံထားရသူ တစ်ယောက်၏ ရင်ထဲမှာ ညှိုးသိမ်ကြေကွဲစွာ မြိုသိပ်ခံစားရချေမည့်အတိုင်းအဆတစ်ခုကိုလည်း ရှင်မွေ့ စာနာနားလည်လာရသည်ပါပဲ ..။

"ရှင်မွေ့ .. အစ်ကိုလေးကို ဘယ်တော့မှ အဲသလို မမြင်နိုင်ခဲ့ဘူး။ အရမ်းကို တည်ငြိမ်ရင့်ကျက်တဲ့ အစွမ်းသတ္တိတွေ အပြည့်အဝရှိတဲ့သူတစ်ယောက်လို့ပဲ .. မြင်ချင်နေမိတာပါပဲ .. တွေ့လည်း တွေ့ရတာပါပဲ .. အစ်ကိုလေးရဲ့ ပင်ကိုယ်အရည်အသွေးဟာ .. တည်ငြိမ်ရင့်ကျက်သူတစ်ယောက်အဖြစ်ပဲရှိနေတာပါ .."

ဟု ပြောကာ ရှင်မွေ့ ပြုံးပြလိုက်စဉ်မှာ သူ့လက်တွေက ကျော တတင်ဖြင့် ရှင်မွေ့ ၏လက်လေးတွေကို ဆုပ်ကိုင်လာသည်။ ရှင် ကြည့်လိုက်မိသည်က.. သူ့လက်ချောင်းဖြူဖြူနုနုသွယ်သွယ်လေး ကိုပါ ..။

ဘုရားရေ ..။ ထိုသို့သော သွယ်သည့်လက်တွေကို ရှင်မွေ့



သည် ..။ ဟုတ်သည် ..။ တွေ့ခဲ့ရဖူးသည် ..။ ပန်းချီကားရှေ့မှာ ရပ်၍ပန်းချီကားဘောင်ကို လက်ဖြင့် တို့ထိခဲ့ရာ လက်ချောင်းများ ..။ မြေစေးတို့ကို ကပ်ညိကျန်ရစ်ခဲ့စေရာ လက်ချောင်းများ ..။ ထိုလက်ချောင်းများသည် မိန်းမတစ်ယောက်၏ လက်ချောင်းများ ..။ ခု .. ခု .. ရှင်မွေ့ တွေ့ရသည်က ... သူ့လက်ချောင်းတွေသည်လည်း .. လှပသွယ်ပျောင်းသော လက်ချောင်းတွေဖြစ်နေကြချေသည်တည့် ..။

ထိုညက .. ပြော် .. ထိုညက .. ရှင်မွေ့ ခြံထဲမှာ တစ်ယောက်တည်းရှိနေချိန်မှာ .. ရှင်မွေ့ ထံသို့ ရောက်လာသူသည်လည်း .. သူပဲ ဖြစ်နေချေသည်တကား ..။ ရှင်မွေ့ ကိုယ်လေး တစ်ချက်တုန်ခါသွားကြချိန်မှာ သူသည်လည်း စိုးရိမ်တကြီးဖြင့် ရှင်မွေ့ ၏ ကိုယ်လေးကို ထိန်းပေးလာသည်။

"ဘာဖြစ်တာလဲ ရှင်မွေ့ .. ဟင် .. မင်း .. မျက်နှာဖွေးခနဲ ဖြစ်သွားပါလား .. ဘာလဲ .. မင်း .. မင်း .. မူးသွားတာလားကွယ် .."

ဟု စိုးရိမ်စောဖြင့် မေးလာသံသည် ကြင်နာသံဖြစ်နေသည်။ ပူပန်သံဖြစ်နေသည်။ ရှင်မွေ့ ကို ရန်မူမည့်သူ၏ အသံမျိုး မွေးဖွားလာနိုင်မည် မဟုတ်သော သူတစ်ယောက်၏ အသံ ..။ ရှင်မွေ့ .. ပြုံးပြလိုက်ရပါ၏။ ခေါင်းလေးလည်း ခါပြလိုက်ရသည်။ ရှင်မွေ့၏ အပြုံးလေးက .. အနည်းငယ်တော့ ဖျော့တော့နေကြပါချေလိမ့်မည်။ ဤသည်မို့လည်း သူ၏ အကြည့်က .. စူးစမ်းကြည့်တွေပဲဖြစ်နေကြပါလေ၏။ ပြန်ကြစို့ .. ဟု ရှင်မွေ့ အသံလေး တိုးတိုးဖြင့် ပြောလိုက်မှ .. သူ .. သက်ပြင်းရှိုက်ကာ.. ရှင်မွေ့ ၏ ပခုံးပေါ်မှ သူ့လက်တွေကို ရုပ်သိမ်းသွားကြပါလေသည်...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ရှင်မွေ့ နေ့ခင်းဘက် အခန်းမှာ တစ်ချက်အနားယူတတ်စမြဲ ..။ နေ့တစ်ဝက်တာမျှ အိမ်မှုရေးရာကိစ္စများကို ဘယ်သူက ဘာကို လုပ်ကိုင်ပေးပါဟု ဘဘဦးအိုက်ခေါင် နှင့် ဒေါ်လေးနန်းခက်တို့ တူဝရီးကို တာဝန်ပေးရသည်။ ကိုယ်တိုင်လည်း ချက်ရေးပြုတ်ရေးမှာ ဝင်ပါရ တတ်သည် ..။ ပန်းခြံထဲလည်း မလစ်ဟင်းစေရ ..။ ပန်းအိုးတွေ ဘယ် နေရာမှာ စီတန်း၍ချရမည်ဆိုတာတွေကိုလည်း ပန်းအသစ်တွေ ဘဘ ဦးအိုက်ခေါင်နှင့် အဝယ်လွှတ်ပြီးချိန်တိုင်းမှာ စီမံရသည်။ ရှိပြီးပန်း တွေကိုလည်း ဘဘ ဦးအိုက်ခေါင် ထက်ပင် ပို၍ ရှင်မွေ့ အာရုံစိုက်ရသည်။ သစ်ခွပန်းရုံမှာ ပန်းတွေဝေနေချိန်များမှာ သူသည် လက်ကို နောက်ပစ် ၍ စိတ်လက်ကြည်သာ လမ်းလျှောက်၍ ကြည့်တတ်တာမို့လည်း သစ်ခွ ဘက်ကိုလည်း ရှင်မွေ့ ဂရုတစိုက်ပို့ထားရပါ၏။ သစ်ခွပန်းမျိုးသစ် တွေကို ထပ်၍ဝယ်ရသည်။ တစ်နေ့တာတိုင်းကို ထို့နှယ်ပင် ဖြတ်သန်း နေရသည်မို့လည်း ရှင်မွေ့ နေ့လယ်ဘက်ဆို ပမ်းဟိုက်လာတတ်ပါ၏ ညနေအတွက် မွန်းလွဲနှစ်နာရီထိုးမှ အခန်းထဲမှ ထွက်၍ မီးဖိုဆောင်မှ ညစာကိစ္စ .. စီမံရပြန်သည်။



ဤနေ့မှာတော့ နေ့လယ်ဘက် အိပ်ရာထက်လှဲနေရင်း ရှင်မွေ့ စိတ်ထဲမှာ တင်းခံနေသည့် အာရုံတစ်ခုက လိပ်ပြာနှယ် လူးလာခတ်ပျံ သန်းနေ၏။ ခါတိုင်းနေ့များလို အိပ်ရာပေါ် ကျောချ၍ စိတ်ကိုလျှော့ ချ ..။ တစ်ကိုယ်လုံး အကြောတွေပြေသွားအောင် စိတ်ရောကိုယ်ရော နားပစ်လိုက်ရတာမျိုး ဖြစ်မလာနိုင် ..။

"ငါ ... ပထမဆုံး အဲဒီ ဝိညာဉ်ကို တွေ့တုန်းက .. သူ့ကို စံကား ပင်အောက်မှာတွေ့တယ် .. ငါ အောက်ဆင်းသွားတော့ .. အပေါ်က သသာဆောင်မှာတွေ့တယ် .. ဝိညာဉ်က တစ်ယောက်လား .. နှစ်ယောက် ဖြစ်နေသလား .. တစ်ယောက်က .. ဒေါ်မျိုးမမထားဆိုရင် .. အပေါ်က တစ်ယောက်က .. ဝိညာဉ်အစစ်မဟုတ်တဲ့ တစ်ယောက်ယောက်က ဝိညာဉ် ယောင်ဆောင်ပြီး ငါ့ကို ခြောက်လှန့်နေတာလား .. အို .. ဘာလို့ အဲသလို .. အကန်တက ငါ့ကို ရွေးချောက်ရမှာတဲ့လဲ .."

ရှင်မွေ့ ၏ အတွေးက တစ်ပြန့်တစ်လျားနိုင်နေ၏။ သဘာဝလွန် သည့်အတွေးလည်း ဆန်နေ၏။ ဝိညာဉ်ကိုယ်ပွားအဖြစ် လူက ဝင်၍ ခြောက်နေသည်ဆိုတာက နည်းနည်းတော့ ယုတ္တိမတန်ဘဲ လိုရာတွေ ဆွဲတွေးနေတာမျိုးလည်း ဆန်နေသည်ဟု ပြန်၍ သတိပေးနေမိရ ပြန်သည်။

"သူက အရမ်းကို အဲဒီဝိညာဉ်ဆိုတာကို စိတ်ထဲစွဲနေတာ .. နောက်ဆုံးကျတော့ .. သူကိုယ်တိုင် အဲဒီ ဝိညာဉ်ဝင်ပူးသလိုဖြစ်လာပြီး သူလိုအဝတ်တွေ ဝတ်ပြီး အိမ်ကြီးထဲလျှောက်သွားနေတာလည်း ဖြစ် နိုင်တာပဲ .. စဉ်းစားကြည့်စမ်း .. ငါ .. သူ့ကို စတွေ့တုန်းက .. သူ့ အခန်းထဲမှာ ငါ့ကို စကားပြောနေရင်းနဲ့ .. ကလေးတစ်ယောက်ရဲ့ အသံ တွေ ပြောင်းကုန်တာရှိခဲ့တာပဲ .. သူဟာ .. လူတစ်ယောက်တည်း .. ဘဝခွဲများစွာ ပွားနေတာမျိုးမဖြစ်နိုင်ဘူးလား .."

သူ့အပေါ် ယုံကြည်စိတ်တွေ လွှမ်းမိုးရပ်တည်ခဲ့ရပါသည့် ရှင်မွေ့

www.burmeseclassic.com

www.burmeseclassic.com



သည်ပင်လျှင် ယခုကျတော့ သူ့အပေါ် သံသယ စတင်၍ ဖြစ်တည်စပြု လာနေရပြီ ...။ သူသည် ရှစ်နှစ်အရွယ် မိုးနဒီမောင် ဆိုသည့် ကောင်လေး တစ်ယောက်၏ ဘဝကိုလည်း ရောက်ချင်ရောက်သွားတတ်ကာ ...။ ထို အချိန်မျိုးမှာ ကလေးတစ်ယောက်၏ အသံမျိုးဖြင့် ပြောဆိုလာတတ် သည့် သူတစ်ယောက်ဖြစ်နေသည်။ သို့ဆိုလျှင် .. သူသည် .. ဗိဥာဉ် ဒေါ်မျိုးမမထား ၏ သဏ္ဌာန်ကို လိုက်၍ ကိုယ်ပွားအဖြစ် ခံစားလှုပ်ရှား နေတတ်သူတစ်ယောက်အဖြစ် မသိစိတ်တစ်ခု၏ စေရာအတိုင်း လိုက် ၍ လုပ်နေတတ်သူတစ်ယောက်ရော မဖြစ်နိုင်ပေဘူးလားလေ ...။

"အို .. ငါသိမှ ဖြစ်မယ် .."

ရှင်မွေ့ ချက်ချင်းထရပ်မိသည်။ အဝတ်အစားကို သပ်ခပ်အောင် ပြန်၍ ဆွဲဆန့်ကာ စိတ်ကို လွှတ်လိုက်ရပြီ။ သူ့အခန်းသို့သွားချင်သည့် စိတ်ကို မဟန့်တားနိုင်စွမ်းတော့ပြီ ...။ သူ့အခန်းတံခါး ရှေ့သို့ရောက် တော့ ရှင်မွေ့ စေ့ပိတ်ထားသော တံခါးကို ခပ်ဖွဖွ ခေါက်လိုက်မိရပါ

"ဝင်ခဲ့ပါ .."

အထဲမှအသံ ...။ ရှင်မွေ့ ဝင်လာတော့ သူ တယောကြိုးကို ညှိ တာ မြင်ရပါ၏။ အေးအေးဆေးဆေး ခုတင်ထက်မှာထိုင်ရင်း တယော ကြိုးကို ညှိနေခြင်း ...။ တယောလည်တိုင်ထိပ်ရှိ အသံညှိထိန်း ခလု တိုင်တွေကို အလိုက်သင့် အလျှော့အတင်းလုပ်ကြည့်လိုက် ...။ တယော ကြိုးကို လက်ဖြင့် အသံမြည်အောင် ဖွဖွလက်ဖျားဖြင့် ထိတေ့ လုပ်နေခြင်း။ ရှင်မွေ့ ဝင်လာတော့သူ မထူးဆန်းသည့်နှယ် ဖွဖွပြုံး

"မင်း ရောက်လာမယ်လို့တော့ ထင်ထားတယ်လေ .. ထင် တော့မှာ မင်း .. ငါ့ကို .. တစ်ခုခု .. လန့်သွားတယ်လို့ ကိုယ်ထင် တယ် .. ဟောဒီရင်ဘတ်ထဲကဆိုပါတော့ .. အင်း .. ရင်ဘတ် ဘာရှိသလဲ ဆိုတော့ .. စိတ် .. ဟုတ်တယ် .. စိတ် .. အဲဒီ စိတ် ထင်လာတာ မင်းမျက်နှာ ဖြူခနဲ ဖြစ်သွားတယ်လေ .. ချက်ချင်း



နို့လို့လည်း ပြောခဲ့တာပဲ .. ငါက .. မင်း .. ဒီထက်စောပြီး ငါ့အခန်းထဲ ရောက်လာလိမ့်မယ်လို့ ထင်နေမိတာ .. မင်း .. အလုပ်က ထွက်တော့ မယ် .. ပြန်တော့မယ်လို့လာပြောမယ့်အချိန်ကို .. ငါက ထိုင်စောင့်နေရ တာလေ .. အဲဒီတော့လည်း စိတ်က မငြိမ်ချင်ဘူးကွ .. ဒါကြောင့် .. တယောကြိုး ညှိနေလိုက်တယ်ဆိုပါတော့ .. ဒါပေမယ့် မဟန်ပါဘူး ကွာ .. စိတ်က ကြေကွဲနေတာပါပဲ .. မင်း .. ငါ့ကို .. ကြောက်လန့်စရာ လူတစ်ယောက် လို့ထင်နေတယ်မဟုတ်လား .. ဒီမှာနေရမှာ မလုံခြုံဘူး လို့များ ခံယူလိုက်သလား .. ဒါဆိုလည်း .. မင်းသဘောပါပဲ ရှင်မွေ့သာ.. ငါ့အတွက် အင်အားတစ်ခုအဖြစ် မင်းအပေါ် မျှော်လင့်ထားမိတဲ့ စိတ် တွေကို လက်လွှတ်လိုက်ရတော့မှာပေါ့လေ .. အစကတည်းက ငါ ပြောခဲ့ပြီးသားပါ .. မင်း .. အကြောင်းတစ်ခုခုကြောင့် မိုးမခမှာ မနေချင် တော့ဘူးဆိုရင် ထွက်ခွာခွင့်ပြုပါတယ်လို့ ငါပြောခဲ့ဖူးတယ်လေ .. အခု.. မင်း .. မိုးမခက ထွက်သွားတော့မယ်လို့ ငါ့ကို အသိပေးဖို့ ရောက် လာပြီ ဆိုပါတော့ .."

ရုတ်ခနဲ တယောကို အိပ်ရာပေါ် သူ ချလိုက်ကာ ခေါင်းယမ်းနေ သည်။ စိတ်ပင်ပန်းနေသည့်ဟန် ...။ ရှင်ရွှေ့ ရင်ထဲမကောင်း ...။ သူ ပြောခဲ့သည်လေ ...။ ရှင်မွေ့ သွားလိုက်တော့မည်ဟု ထင်နေရင်း သူသည် ကြေကွဲနေရပါသည်တဲ့ ...။ တယောကြိုးညှိနေရင်း စိတ်ကို ထွက်ပေါက် ရှာ၍ မရနိုင်ခဲ့ပါတဲ့ ...။ တကယ်တော့ သူသည် .. အထီးကျန်နေသူ တစ်ယောက်ဖြစ်နေသည်။ ရှင်မွေ့ အပေါ် သူ့ဘက်က အရှမ်းကို မှီဝေ ခံစားဖော်တစ်ယောက်အဖြစ် မျှော်လင့်ထားပုံလည်းရနေသည်။ လောလော ဆယ်မှာတော့ .. ကျန်ရစ်ရတော့မည့်သူတစ်ယောက်၏ ကြေကွဲခြင်းတွေ သူ့မျက်နှာဘက်မှာ စွန်းထင်းနေကြပါချေ၏။

"ကျွန်မ .. ပရုပ်လုံးထုပ်ကို ယူလာတာပါ .. ရှင့်ဗီရိုကို ပရုပ်လုံး တွေထည့်ပေးချင်လို့ပါ .. ရှင့်အတွက် .. ဒီဗီရိုကို ကျွန်မ ဖွင့်ပြီး ပရုပ်လုံး

www.burmeseclassic.com

www.burmeseclassic.com



တွေ အဝတ်ကြားထဲထည့်ပေးရမယ့်ကိစ္စအတွက် ဘာမှ အနှောင့်အယှက် အခက်အခဲ မဖြစ်နေဘူးဆိုရင်တော့ .. ကျွန်မ လုပ်ပေးချင်ပါတယ် .. ဒါကြောင့် ကျွန်မ ဒီအခန်းထဲ ရောက်လာရတာပါ ..''

လက်ထဲကိုင်လာသည့် ပရုပ်လုံးကြီးတွေ ထည့်ထားရာ ပလပ်စတစ်အိတ်ကို စားပွဲပေါ်တင်၍ ရှင်မွှေ့ ပြောတော့ သူ့မျက်နှာ လန်းဆန်းသွားပါ၏။ ရှင်မွှေ့ မိုးမြခမှ ထွက်ခွာမည်မဟုတ်ချေသည်ပဲဟု နားလည်လိုက်ပုံဖြင့် ရုတ်ချည်းပင် သူ့ဟန်ပန်က ပြောင်းသွားသည်။ အရာရာ ကြေကွဲစိတ်ပင်ပန်းနေသည့် လူတစ်ယောက်မဟုတ်တော့ပြီ..။ အေးချမ်းကြည်နူးရိပ်သည် ဟန်ဆောင်မရနိုင်စွာပဲ သူ့မျက်နှာထက်မှာ ထင်းနေအောင် ပေါ်နေ၏။ သူ ချက်ချင်း ထရပ်သည်။ စားပွဲအံဆွဲထဲမှ သော့ကိုထုတ်ပေးသည်။

''အခန်းထဲမှာရှိတဲ့ ဗီရိုသော့တွေပဲ .. မင်း .. ပရုပ်လုံးတွေထည့်ပေးတဲ့အတွက် .. ကိုယ် .. ကျေးဇူးတင်ပါတယ် ရှင်မွှေ့သာ ..''

ဟု ပြောလာသံကလည်း ပျော်ရွှင်သူတစ်ယောက်၏ လေသံ ဖြစ်နေသည်။ ရွှင်ရွှင်ပျပျနိုင်နေ၏။ နောက်တော့ ခုတင်ထက်မှာ သူပြန်ထိုင်သည်။ တယောကြိုးကို ဆက်ညှိ၏။ မကြာလိုက် ..။ တယောထိုးတံဖြင့် တယောကို တီးခတ်စမ်းကြည့်နေပြီ ..။ အသံကို နားဖြင့် ဆန်းစစ်နေခြင်း။

ရှင်မွှေ့ ဗီရိုသော့ဖြင့် ဗီရိုတွေကိုဖွင့်သည်။ ထူထဲသော ကျွန်းတံခါးရွက်ကြီးဖြင့် ရှိနေသည့် ဗီရိုထဲမှာ ရွှေရောင် ဒါးနှောင့်ဖုံးတွေဖြင့် ရှိနေသည့် စာအုပ်ထူကြီးတွေ ရှိနေ၏။

''အဲဒါ .. ကိုယ် .. ဟိုမှာ သင်ခဲ့တဲ့ စာအုပ်တွေပေါ့ ..''

ရှင်မွှေ့ကို သူမကြည့်ဘဲ လှမ်းပြောလာပါ၏။ စာအုပ်ဗီရိုထဲ ရှင်မွှေ့ ပရုပ်လုံးတွေ ဗီရိုထောင့်တွေမှာထည့်လိုက်ရပါ၏။ ဗီရိုအဆင့်တိုင်းမှာ သေသေသပ်သပ် ခန့်ခန့်ထည်ထည် ရှိနေသည့် ကတ်ထူဖုံးရွှေရောင်



အနားကွပ်စာအုပ်ကြီးတွေက အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည်ချည်း။ ဗီရိုကို ရှင်မွှေ့ ပြန်ပိတ်သည်။ နောက်ဗီရိုတစ်လုံးကို ဖွင့်တော့ အမျိုးသမီးအဝတ်အစားများပါတကား ..။ ရှင်မွှေ့ ငေးခနဲ ကြည့်နေမိသည်က .. ညဝတ်အင်္ကျီများ ..။ ဟုတ်သည် ..။ အမျိုးသမီးဝတ် ညဝတ်အင်္ကျီများသည် ဖဲသားများ၊ ပိုးသားနှင့် ချည်သားများဖြင့် အထပ်လိုက် သူ့အမျိုးအစားနှင့်သူရှိနေ၏။ အမျိုးသမီးဝတ်ထဘီများ ..။ အင်္ကျီများသည်လည်း ဗီရိုထဲမှာ အကန့်လိုက်ရှိနေကြချေသည်တည့် ..။ သွေးစွန်းနေသော ညဝတ်အင်္ကျီမျိုး ရှင်မွှေ့ ရှာဖွေနေမိရပြီ ..။ အမျိုးသမီးဝတ်.. အဝတ်အစားတွေ သူ့အခန်းထဲ ဘာကြောင့် ရောက်ရှိနေရပါသတဲ့လဲ ..။

''မေမွေ့ အဝတ်တွေလေ .. ဟိုဘက်က ဗီရိုထဲမှာက .. ဖေဖွေ့ အဝတ်တွေရှိနေလေရဲ့ .. ကိုယ့်ဖေဖေနဲ့ မေမေတို့ နှစ်ယောက်စလုံး ကိုယ်နဲ့ တစ်ခန်းထဲမှာ အနီးကပ်ရှိနေတယ်လို့ .. ကိုယ် ခံစားချင်တယ် ရှင်မွှေ့သာ .. ဒါကြောင့် မိုးမြေကို ကိုယ် ပြန်လာတော့မယ်ဆိုတဲ့ အချိန်မှာ ဖေဖေနဲ့ မေမေ့ အဝတ်တွေကို ကိုယ့်အခန်းက ဗီရိုတစ်လုံးစီမှာ ထည့်ထားပေးဖို့ .. ကိုယ် .. ဘဘ ဦးအိမ်စိုးကို .. ဖုန်းနဲ့ လှမ်းပြောခဲ့တာပေါ့ .. ဘာပဲဖြစ်ဖြစ်.. မင်း .. ခုလို .. ဖေဖေနဲ့ မေမေ့ ဗီရိုထဲက အဝတ်တွေကို ပရုပ်လုံးတွေ လာထည့်ပေးတဲ့အတွက်တော့ ဝမ်းသာတယ် .. ဟုတ်တာပေါ့ .. နှစ်ပေါင်းကြာကြာနေခဲ့တဲ့ ဒီအဝတ်တွေကို ပရုပ်လုံးတွေ ထည့်ပေးသင့်နေပြီဆိုတာ ငါ ဘာလို့များ မေ့လျော့နေမိခဲ့ပါလိမ့် ..''

သူ တယောအိုးကို ပန်းပေါ်တင်လိုက်ရင်း လှမ်းပြောနေပါ၏။ သူ့ဘက်က ရှင်မွှေ့ ဘယ်ဗီရိုကိုဖွင့်နေသည်ဆိုတာ လိုက်ကြည့်နေတာမျိုးလည်း ဖြစ်မနေ ..။ ဒါပေမယ့် ဗီရိုနှင့် ပတ်သက်ရာတိုင်းကို ဗီရိုတံခါးဖွင့်လိုက်ချိန်တိုင်းမှာ သူ့ဘက်က ရှင်းပြနေသည်ချည်း ဖြစ်နေပြန်၏။ ရှင်မွှေ့ အဝတ်အစားတွေကို ခပ်ဖွဖွကိုင်ကြည့်မိသည်။ နောက်ဆုံးမှာ ညဝတ်အင်္ကျီတစ်ထည်ကို ဖြန့်ကြည့်လိုက်မိရပါပြီ။ မှတ်နိုင် ..။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကိုကြည့်မှ ဖြစ်မည်လေ ...။ အင်္ကျီက ညဝတ်အင်္ကျီပေမို့ ဖားဖား လျားလျားရှိနေသည်ပါပဲ ...။ ဒါပေမယ့် အရမ်းကို သွယ်ပျောင်းသည့် မိန်းမတစ်ယောက်၏ ဝတ်ဆင်ရာအင်္ကျီလောက်ပဲ ပွပွဖားဖားလေး ဖြစ် နေသည်။

"ဘာလဲ .. မင်းက မေမေ့ ညဝတ်အင်္ကျီကို ဝတ်ချင်လို့ ဖြန့်ကြည့် တာလား .. ဝမ်းနည်းပါတယ် ရှင်မွေ့သာ .. မေမေ့ အဝတ်ကိုတော့ ဘယ်သူ့ကိုမှ ပေးမဝတ်နိုင်ဘူး .. ဘာလို့လဲဆိုတော့ .. မေမေဟာ - ကိုယ့်မေမေဖြစ်နေလို့ပါပဲ .. အရမ်းကို မြင့်မြတ်တယ်လေ .."

သူ တယောအိုးကို ပခုံးပေါ်မှ ပြန်ချလိုက်ကာ တည်တည်ငြိမ်ငြိမ် ပြောလာပါလေ၏။ သူ့ကို ရှင်မွေ့ ကြည့်ကာ ရင်ထဲတစ်ချက်မကောင်း ရှင်မွေ့ က သံသယတစ်ချက်ဖြစ်ခဲ့မိသည်ကိုးလေ ...။ ခု တွေ့ရသည့် အင်္ကျီကို သူ ဘယ်လိုမှဝတ်၍မရနိုင် ...။ အင်္ကျီက အရမ်းကို သူ့ခန္ဓာ ကိုယ်နှင့်မမျှအောင် ငယ်နေသည်တည့် ...။

"ရှင်မွေ့ က .. အဲဒီကာလတုန်းက ဘယ်လိုဒီဇိုင်းမျိုးနဲ့ ချုပ်ခဲ့သလဲ ဆိုတာကို လေ့လာတဲ့သဘောနဲ့ ကြည့်မိတာပါ .."

ဟု ဖြေတော့ သူခေါင်းညိတ်ပြသည်။

"လက်ရာကောင်းတွေချည်းပါပဲ ...။ မေမေ့ကို ခါတ်ပုံထဲမှာ ရင်းနှီးခဲ့ရတာလေ .. ကိုယ့်ကိုမွေးပြီး .. မေမေ ဆုံးခဲ့ရတာမို့ .. မေမေ့ ကိုယ် အလွန်သနားတယ် .. ကိုယ့်ကြောင့် မေမေ ဆုံးခဲ့ရရှာတယ် ကိုယ်ခံစားရတယ် .. ကိုယ်က .. မိဘကို ဆိုးကျိုးပေးဖို့ လူ့ဘဝ ရောက်လာတဲ့ မကောင်းဆိုးဝါးလိုဖြစ်နေတယ် ရှင်မွေ့သာ.. ကိုယ့် မွေးပြီး မေမေ ဆုံးရတယ် .. ကိုယ် ရှစ်နှစ်သားမှာ .. ဖေဖေ ဆုံးရတယ် အဲဒါလည်း ကိုယ့်ပယောဂ မကင်းဘူးလို့ အမြဲကိုယ်ခံစား နေရတာ ပဲ .."

ဟု ပြောတာတော့ ရှင်မွေ့ ရင်ထဲမကောင်း ...။



"ရှင်မွေ့ မေမေဟာ .. ရှင်မွေ့ သုံးနှစ်သမီးမှာ ဆုံးခဲ့တာပါ .. ဖေဖေက .. ရှင်မွေ့ ဆယ်တန်းမှာ ဆုံးခဲ့ရတယ် .. ဘဝဆိုတာ .. ကံ ထဲမှာပါလာသလိုပဲ ဖြစ်ကြရတာပါ အစ်ကိုလေးရယ် .. မိဘမဲ့တစ် ယောက်ရဲ့ ရင်ထဲက ကြေကွဲတမ်းတရာတွေကို .. ဖွင့်ချလို့မရနိုင် လောက်အောင် နက်ရှိုင်းမြင့်မားလွန်းနေကြတယ်ဆိုတာ ရှင်မွေ့ ကိုယ် တိုင်ခံစား နားလည်ထားရတဲ့သူပါ .."

ဟု ပြောပြီးတာနှင့် နောက်ဗီရိုကိုဖွင့် ...။ အမျိုးသား ဝတ်တွေရှိရာ တွေမှာ ပရုပ်လုံးတွေထည့် ...။ နောက်ထပ် ဗီရိုတစ်လုံးကိုဖွင့်နှင့် ရှိ သွားရပါ၏။ ဤဗီရိုကတော့ သူ့ဗီရို ...။ ထိုဗီရိုထဲမှာလည်း ပုဆိုးနှင့် ဘောင်းဘီတွေက သပ်သပ် ...။ အင်္ကျီထူတွေက အင်္ကျီချိတ်တွေနှင့် သပ်သပ်။ ရှပ်အင်္ကျီနှင့် စပို့ရှပ်တွေက သပ်သပ်ဖြင့် .. ဗီရိုထဲမှာ အကန့် လိုက် အထပ်လိုက်ရှိနေကြပါ၏။ သိုးမွေးဝတ်အထည်တွေက တစ်ထပ်...။ အားလုံးကို ရှင်မွေ့ ပရုပ်လုံးတွေထည့်ရင်း တောက်လျှောက် စစ်ဆေး ရှာဖွေမိနေရသည့်က ...။ အောက်ဆုံးအဆင့်မှာများ သွေးစွန်းညဝတ် အင်္ကျီများ ဖုံးကွယ်ထည့်ထားမည်လားဆိုသည့် စိတ်ဖြင့်ပါ ...။ ဒါပေ မယ့် ဘယ်မှာမှ မတွေ့ရ ...။

"ငါ .. အမှားကြီး မှားခဲ့ပါရောလား ...။ သူ့ကို ယုံကြည်တယ် .. ယုံကြည်တယ်နဲ့ နင်ရှိခဲ့ရာက .. ဒီနေ့ကျတော့မှ .. ယုန်ထင်ကြောင်ထင် သုပ်မိခဲ့တာ အမှားကြီးမှားကုန်တော့တာပါပဲလားလေ ...။ သူက ငါ ဆွက်သွားတော့မယ်ထင်ပြီး တစ်ယောက်တည်း ကြေကွဲနေချိန်မှာ .. ငါက သူ့အပေါ် မသင်္ကာတာတွေ တွေးပြီး သံသယဝင်နေခဲ့တာဟာ.. တရား ရာရောက်နေပြီ .. ငါ .. မှားပြီ .. မှားခဲ့ပြီ"

ရင်ထဲမှာ မလုံ ...။ ဟုတ်သည်။ မလုံ ...။ သူ့အပေါ် ညဝတ်အင်္ကျီ ကြီးဝတ်၍ အိမ်ကြီးထဲ လမ်းသလားနေသည့် လူတစ်ယောက်ဟုပင်ထင် မှတ်ခဲ့သေးသည့် ရှင်မွေ့သာ ဖြစ်နေခဲ့သည်ကိုးလေ ...။ သူ့ဗီရို၏

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာရာမှာ ထောင့်ကြိုထောင့်ကြားထဲ လုံးထွေး၍ ဝှက်ထားသည့် ညဝတ်အင်္ကျီတစ်ထည်ကို မြင်တွေ့ရချေမည်လားဟု သူ ဘယ်သို့သော အတွေးမျိုးတွေဖြင့် သူ့ကို ထင်မြင်ခဲ့ရက်ပါချေလိမ့်မလဲဟု နောင်တ စိတ်ဖြင့် တွေးမိရပြီ။

"ကဲ .. မိရွှေသိမ်မွေ့ .. ညည်းက သူ့အဝတ်ဗီရိုကြီးထဲ ရှောင်တခင် ဖွင့်ကြည့်ပြီး ထောင့်ကြိုထောင့်ကြား မကျန်အောင် ညဝတ်အင်္ကျီ တစ် ထည်ကို ဝင်စစ်ပါပြီတဲ့ .. တွေ့ပါပြီတဲ့ .. ညည်းက သူ့ကို အဲဒီအင်္ကျီကြီး ပြပြီး ဘာများ မေးခွန်းထုတ်ပိုင်ခွင့်ရှိနေလို့လဲလေ .. သူက အိမ်ကြီး ရှင် .. ညည်းက .. အလုပ်သမား .."

ရှင်မွေ့ ကိုယ့်ကိုယ်ကိုယ် ခကျတော့မှ ဝေဝေဖန်ဖန်တွေ လုပ်နေမိ ခြင်းပါ ..။ ဟုတ်သည်ပဲလေ။ စိတ်နောက်ကိုယ်ပါကြီး အဝတ်ရှာ ဘာရှာဖြင့် လုပ်မိခဲ့တုန်းကတော့ လုပ်မိပြီ ..။ တကယ်တမ်းကျတော့ ရှင်မွေ့၏ အဆုံးအဖြတ်က နည်းနည်းတော့ ခြေကျွံနေခဲ့ပြီကောလေ.. သူတစ်ပါး၏ဗီရိုကိုဖွင့်ရှာခြင်းသည် မလုပ်သင့်သောအရာ ..။ ခုထိ သူ့ဘက်က ရိုးရိုးသားသား ရှိနေချိန်မှာ ရှင်မွေ့ဘက်က သူ့အပေါ် မသင်္ကာတွေ ဘာတွေလုပ်မိလာသည်ကိုက သူ့အပေါ် စော်ကားရာ ရောက် နေချေပြီဟု ရင်ထဲထိနိုက်ရပြန်သည်။

ရှင်မွေ့ ဗီရိုပြန်ပိတ် ..။ ဗီရိုသော့တွဲကို သူ့လက်ထဲအပ်လိုက်တော့ သူ ခေါင်းညိတ်ကာ လက်ခံသည်။ ခုတင်ခေါင်းရင်းရှိ စာကြည့်စားပွဲ ပေါ် တင်သည်။

"မိုးတွေညို့လာလိုက်တာ .. မကြာခင် မိုးရွာတော့မယ်ထင်ပါရဲ့.. မင်းလာတဲ့နေ့ကလည်း မိုးတွေရွာထားတာကွ .. မိုးတွေစိုပြီး မင်း ဝင် လာခဲ့တာလေ .. မင်း ခြံထဲဝင်လာတာကို ငါ အပေါ်ထပ် ပြတင်းက တွေ့လိုက်ရတယ် .. ဖြူဖြူသွယ်သွယ်ကောင်မလေးတစ်ယောက်တော့ ရုပ်ကလေး နုနုဖပ်ဖပ်နဲ့ မိုးမခရဲ့မြေပေါ်တော့နင်းပြီး .. ဘယ်လော



ကြာရှည်မြဲပါ့မလဲလို့ .. အဲဒီတုန်းက ငါတွေးနေခဲ့တယ်ဆိုပါတော့ ..။ ဒါပေမယ့် ခုအချိန်ထိ မင်းရဲ့နှုတ်က .. အလုပ်ထွက်တော့မယ်လို့ပြော မလာသေးတဲ့အတွက် ငါ .. ကျေးဇူးတင်ပါတယ် .. တစ်ခုတော့ရှိတယ် ရှင်မွေ့သာ .. မင်း ဒီကထွက်သွားလိုက်ပြီဆိုရင်တော့ မိုးမခ ဆိုတာကို လုံးဝမေ့ထားပစ်လိုက်ပါ .. ငါ့ကိုလည်း မေ့ထားပစ်လိုက်ပါ .. ခုလို မိုးတွေညို့နေချိန် .. မိုးတွေပြိုဆင်းရွာချလိုက်တော့မယ့် အချိန်မျိုးတွေ ကြုံလာတဲ့အခါတိုင်းမှာ .. မင်း .. အဲဒီ တခြားတစ်နေရာရာဆီက ပြ တင်းတစ်ပေါက်အနီးမှာ ရပ်နေရင်း .. ငါ့အကြောင်းကို တွေးနေမှာ ငါ အလန့်ဆုံးပဲ .. အတိတ်ရဲ့ ခြောက်လှန့်ခြင်းတွေနဲ့ ဖြတ်သန်းကြီး ပြင်းလာနေရတဲ့ ကျိန်စာသင့်လူသားဆန်ဆန် အသက်ရှင်နေရတဲ့ လူ တစ်ယောက်အကြောင်းကို တွေးနေတာထက် .. တခြားအကြောင်းအရာ တစ်ခုခုကို တွေးနေလိုက်ပါလို့ .. ငါမှာချင်တယ် .."

သူ့ကို ကြည့်လိုက်မိရပါပြီ ..။ သူသည် .. မလွဲမသွေ ရှင်မွေ့ ထွက်သွားချေတော့မည်ဟု ယုံကြည်ထားလိုက်ပုံရနေသည်။ ဤအတွက် သည်း သူစိတ်စားနေရသည်ဟု ရှင်မွေ့ နားလည်လာနေရသည်။

"ကျွန်မ ရှင့်အကြောင်းတော့မတွေးဘဲ နေနိုင်လိမ့်မယ်လို့တော့ ထင်မိပါဘူး .. အဲသလို ပြတင်းတစ်ပေါက်အနီးမှာရပ်ရင်း ရှင့် အကြောင်း တွေးနေမိတဲ့အချိန်ဆိုတာကတော့ အဲဒီအချိန်ကိုရောက်ဖို့ရာ နောက် ဆယ်လေးငါးခြောက်လနဲ့တော့ ဖြစ်လာနိုင်လိမ့်ဦးမယ်လို့ မထင်မိပါဘူး.. ဘာလို့လဲဆိုတော့ .. ဒီမိုးမခမှာ ကျွန်မ နောက်ထပ်လေးငါး ခြောက်လ လောက်တော့ ဆက်ရှိနေဦးမှာမို့ပါပဲ .."

ရှင်မွေ့ ဖြေလိုက်တော့ သူ့မျက်ဝန်းတွေ ရွှန်းလဲ့လာသည်။ မျက်နှာ ထက်တွင် သောကရိပ်တို့ ပျက်ပြယ်စပြုလာ၏။

သူ ဘာမျှပြော ..။ တယောကို ရုတ်ခနဲ ပခုံးပေါ် တင်သည်။ လေးများဖြင့် တယောအိုးကို ဖေးထောက်၍ တယောထိုးလိုက်ချေသည်

www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုရင်ဖြင့် ကျွန်မ ဆိုပါရစေ .. ငွေနှင်းမှုန်ပြာပြာ ××× ဆိုတဲ့ နေရာက ဆက်ဆိုမယ်လေ ...''

ဟု ပြောလာတော့ သူ့မျက်ဝန်းတွေ မှိုင်းညို့မှိန်ဖျော့နေရာမှ ရွှန်းလဲ့လာကြသည်။

''မင်းက တကယ်ဆိုမှာလား ...''

ဟု မော့မေး၏။ ရှင်ဖွေ့ ခေါင်းညိတ်ပြရပါ၏။ မိုးတွေရွာလာချိန်မှာ သူ့ရင်ထဲ ကိန်းအောင်းအမြစ်တွယ်နေသည့် ကြေကွဲချောက်ချားမှုအတိတ်ဒဏ်ရာတို့ကို ရှင်မွေ့ သူနှင့်အတူ တွန်းလှန်ဖယ်ရှားလိုက်ချင်သည်။ ခံစားချက်အရှိန်တွေကို ဖျော့ကျလာစေချင်သည်။

သူ ... တယောကို ဆက်ထိုးလိုက်ပါချေ၏။ ရှင်မွေ့ လည်းလိုက်၍ဆိုမိရပါပြီ ...။

''ငွေနှင်းမှုန် ပြာပြာ ×× ငွေနှင်းမှုန်ပြာပြာ ×× ဘယ်ကိုမှ မသိနိုင်ဘဲ ×× အို ... မစဲရွာဖွေဖွေ ... ဟိုတိမ်ခြေကသာ လေညင်းထွေး ...''

ရှင်မွေ့ ဆိုမိုက်မှာ သူ ခပ်တိုးတိုးလိုက်၍ လိုက်၍ဆိုလာသည်။ သူ့မျက်နှာထက်မှာ ကြည်နူးရိပ်ထင်၏။ ချမ်းမြေ့ခြင်းတိုးလာ၏။ [illegible] အတွက် ရှင်မွေ့ ဝမ်းသာရသည်။ သူ့ရင်ဘတ်ထဲမှာရှိနေသည့် မိုးခြ[illegible] မှောင်ရိပ်ရိပ်ကြီးကို .. နှလုံးအိမ်ဆီမှ တစ်မျှင်ချင်း ဖယ်ရှားနိုင်ဖို့ ရှင်[illegible] ကြိုး စားယူလိုက်နိုင်လိမ့်မည်ဟုလည်း မျှော်လင့်လာမိရပါ၏။

''တိမ်ခြေအာကာ ×× မှိုင်းတမှိုင်းမှိုင်း ×× ရှုတိုင်းမြင်ရာ ×× ဆိုင်းတ ဆို့ဆို့ ×× မိုးလုံးပြင်ပြင် ×× ကိုးခွင်ပိုက်ကာခြုံ ××''

မိုးဒေဝါတေးသံဟာ နှစ်ယောက်၏ တိုးနွဲ့နွဲ့အသံ ...။ တယော[illegible] တို့ဖြင့် လွှမ်းစဖွယ်လွှင့်၏။



နေရာလေးကသေးငယ်ပေမယ့်
ခြင့်မြတ်နိုင်မြဲခြင်းတွေနဲ့
တည်ဆောက်ထားတယ် ...။

ပန်းလေးကြာ တစ်ပွင့်တည်းဖြစ်ပေမယ့်
သူ့ရနံ့က မင်းသွားလေရာမှာ
မွှေးမြသင်းထုံနေကြလိမ့်မယ် ...။

ကြယ်လေးက တစ်ပွင့်တည်းဖြစ်ပေမယ့်
မင်းသွားလေရာတိုင်းဆီမှာ
အလင်းရောင်ပေးနေလိမ့်မယ် ...။

မင်းကို တမ်းတစွာ
မျှော်လင့်နေတဲ့ အဲဒီနေရာလေးဟာ
ငါ့နှလုံးသားပါပဲ ...။

ချစ်သူ ...
ငါ့ရင်ဘတ်နဲ့ အနီးဆုံးနေရာလေးမှာ
မင်းလာနေလှည့်ပါ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

မိုးမခခြေရာ .. ဟူသော လုံးချင်းဝတ္ထုကို ညဘက်ဇွတ်မှာ ရှင်မွေ့ ရေးနေကျ ...။ ရှင်မွေ့ ဆိုတာ စာရေးဆရာမလေး မဏီအိန္ဒြာ ဖြစ်သည် ဆိုတာ မိုးမခမှာ ဘယ်သူမှမသိကြ ...။ မိုးမခမြို့သည် ရှင်မွေ့ အတွက် စိတ်အင်အား လွှမ်းမိုးနိုးဆော်ရာအဖြစ်များစွာဖြင့် တည်ရှိနေသည်မို့ ဤတစ်ကြိမ်မှာ ရှင်မွေ့ ရေးဖွဲ့နေမိရသည်က မိုးမခခြေရာ အမည်ရှိ လုံးချင်းဝတ္ထုပဲဖြစ်ပါလေ၏။

ဝတ္ထု၏အဆုံးသတ်သည် မည်သို့ဖြစ်တည်လာမည်ဆိုတာ [illegible] တော့ ရှင်မွေ့ မမှန်းဆတတ်နိုင်စွမ်းခဲ့ ...။ မိုးမခ၏ ဖြစ်ရပ်များကို [illegible] ရေးဖွဲ့ရာဖြစ်ခဲ့ချေသည်မို့လည်း...။ မိုးမခ၏ တကယ့်ဖြစ်ရပ်အတိုင်း[illegible] ဆက်၍ ရေးဖွဲ့သွားရချေဦးတော့မည်သာ ...။ ဤဇာတ်အိမ်ထဲမှာ အမိ[illegible] ဇာတ်ကောင်သည် သူပဲဖြစ်နေ၏။ မိုးနဒီမောင် ဆိုသည့် လူတစ်ယောက် ပြီးတော့ .. ရှင်မွေ့ ...။ ဟုတ်သည် ...။ ရှင်မွေ့ သည်လည်း ဤဝတ္ထုထဲ[illegible] ဇာတ်ကောင်တစ်ယောက်ဖြစ်နေပါချေသည် ...။ အမည်တွေကို[illegible]



လွှဲ၍ ရေးထားရတာဖြစ်ပေမယ့် ...။ ဝတ္ထုကို ဖတ်လိုက်သည်နှင့် သက်ဆိုင်သူတိုင်းကတော့ .. မိုးမခအိမ်ကြီး၏ အဖြစ်အပျက်ကို သိခဲ့ကြဖူးပါလျှင်ဖြင့် .. မိုးညို ဆိုသည့် ဇာတ်ကောင်သည် မိုးနဒီမောင် ဖြစ်သည် ဆိုတာကိုရော .. သိမ်မွေ့ ဆိုသည့် မိန်းကလေးသည် ရှင်မွေ့ ဖြစ်သည် ဆိုတာကိုရော သိကြချေလိမ့်မည်သာ ...။

"ဆုတောင်းမိပါရဲ့ အစ်ကိုလေးရယ် .. ဒီဝတ္ထုကို ဇာတ်သိမ်းရတဲ့ အခါမှာ .. မျိုးမမထား ကို တကယ်သတ်ခဲ့တဲ့သူဟာ .. အစ်ကိုလေး မဟုတ်ဘူးဆိုတဲ့ အဖြေကိုပဲ ပေးလိုက်ရတဲ့ ဝတ္ထုဖြစ်ပါစေလို့လေ ..."

ဟု တွေးနေမိရာမှ .. ဇာတ်အိမ်၏ အခန်းတစ်ခန်းကို အဆုံးသပ်လိုက်ရပါ၏။ နောက်တော့ ရှင်မွေ့ ထရပ်သည်။ ခါးလေးကို ချိုးချိုးချွတ်ချွတ်မြည်အောင် ဟိုသည်နွဲ့၍ ချိုး၏။ အညောင်းဆန့်၏။ နောက်တော့ ပြတင်းအနီးမှာ သွားရပ်မိသည်။ ပြည့်လုလုလရောင်သည် ညတစ်ည၏ သန်းခေါင်းကျော်ကာလကို ဖြတ်ကျော်လျက်ရှိချေသည်တည့်။ သနုံးစံကားပွင့်တို့ဝေနေသည့် အပင်တန်းသည် လရောင်အောက်မှာ အစွမ်းသုန်မွှေးမွှေးမွှမ္မ ... လှနေကြသည်။

ရှင်မွေ့ ခြံထဲ ဟိုဟိုသည်သည် ငေး၍ကြည့်မိ၏။ ညဝတ်အင်္ကျီဖြူ ကြီး ဝတ်၍များလရောင်အောက်မှာ တစ်စုံတစ်ယောက်၏ ဝိညာဉ်ရုပ်သွင်အဖြစ် ပုံဖော်လျှောက်လှမ်းနေသည်ကိုများ မြင်ရလေမည်လားဟု တွေးခြင်း ...။

"သြော် .. မြင်ရတော့လည်း .. စိတ်ထဲ ချောက်ချားချင်တယ် .. [illegible]မ်းချင်တယ် .. အဲသလိုရှိနေတတ်ရင်းနဲ့ အသားတကျဖြစ်လာသလို [illegible]ပဲလား .. မတွေ့တော့လည်း ရှာနေမိတတ်သလိုတောင် ဖြစ်နေပြီ .."

ဟု တွေးမိရင်းမှ လွှတ်ခနဲ ပြုံးမိလိုက်ရပြီ။ ဟုတ်သည်။ လူဆိုသည် [illegible] .. ကြုံရတာတွေရှိရှိလာတတ်ခဲ့ပါလျှင် ...။ မကြုံတော့သည့်အခါတွေ [illegible] ရှာမိတတ်သလိုဖြစ်တတ်ချေသည်ကော ...။ ရှင်မွေ့ အိပ်ရာဘေးရှိ

www.burmeseclassic.com



စာကြည့်စားပွဲပေါ်မှ ရေဖန်ချိုင့်ကိုကြည့်မိတော့ ရေကုန်လုနေပြီ။ လူက လည်း ရေဆာလာနေသည် ...။ အောက်ထပ်ဆင်း၍ ထမင်းစားခန်းသို့ သွားကာ ရေခဲသေတ္တာထဲမှ ရေတစ်ပုလင်းလောက်တော့ ယူလိုက်ရချေ ဦးတော့မည်သာ ...။ ရှင်မွေ့ အခန်းထဲမှ ထွက်လာမိရစဉ်မှာ ချက်ချင်း နှာဖျားသို့ ဝင်လာသည်က ညှော်နံ့ ...။ ဟုတ်သည် ...။ မီးလောင်နံ့ ...။ ရှင်မွေ့ ထိတ်ခနဲဖြစ်၏။ ကသောကမျောပြေးမိရပြီ ...။ အခန်းတံခါးရွက် ကြီး ပိတ်ထားပေမယ့် .. ကြမ်းခင်းနှင့် တံခါးအဆုံး၏ အနားဆိုသည်က အတန်မျှဟနေတတ်စမြဲပေမို့ သူ့အခန်းတံခါးအောက်နားဆီမှ မီးခိုးငွေ့ တွေထွက်လာနေကြတာကို ရှင်မွေ့ မြင်နေရသည်ကိုးလေ ...။ တံခါး ကို ဖွင့်မိ၏။ မလှုပ် ...။ သော့ခ်ချ၍ သူအိပ်ချေမည့်သာ .. ရှင်မွေ့ ခပ် သုတ်သုတ် အခန်းပြန်သည်။ သော့ကိုယူ၍ သူ့အခန်းကိုဖွင့်ရပါ၏။ သော့ချောင်းတွေက များသဖြင့်မို့ သူ့အခန်းသော့ကို ချက်ချင်း ရွေးမတတ် နိုင်ဘဲ ဖြစ်နေသည်။ လက်ဖျားတွေ တုန်ခါနေရင်း ရှင်မွေ့ ကြိုးစားပမ်းစား သော့အိမ်နေရာထဲ သော့တံလေးတွေကို ထည့်၍ထည့်၍ ဖွင့်နေရပါ၏။ မျက်စိတွေပြာနေ၍ ပိုဆိုးလာနေသည် ...။ အခန်းတံခါးတစ်ခုကို အေးအေးဆေးဆေးဖွင့်ချိန်မျိုးမှာ မြန်ဆန်တတ်ပေမယ့် စိတ်ပူထူပူနေရို နေချိန်မှာ အလွန်တရာကိုမှ ခက်ခဲတတ်မှန်းခုမှ သိလာရသည့် အဖြစ် — ရှင်မွေ့ အခန်းတံခါးကို တဘုန်းဘုန်းထုမိ၏။ တုတ်တုတ်လှုပ်သံပင် မကြားရ ...။

"ဒေါ်နန်းခက် .. ဒေါ်နန်းခက် .."

ရှင်မွေ့ တံခါးကိုဖွင့်ဖို့ ကြိုးစားနေရင်း အော်လည်းအော်နေမိသည်။ ဘယ်သူမှ ရောက်မလာကြ ...။ အိမ်ကြီးတစ်ခုလုံး တိတ်ဆိတ်လွန်းနေ သည်။ ရှင်မွေ့ ဤတစ်ကြိမ်မှာတော့ တံခါးကို ဖွင့်လိုက်နိုင်ပြီ...။ ပြေးပြေး လွှားလွှား အခန်းထဲဝင်မိချိန်မှာ မီးက စက္ကူအမှိုက်ခြင်းဆီမှ ပြတင်းခန်းဆီး ကို ကူးနေပြီ ...။ အခန်းထဲမှာလည်း မီးရောင်က ဟပ်နေ၏။ မီးခိုး တွေကလည်း အူထနေသည်။ သူ့ကိုကြည့်တော့ ဓာခြင်ထောင်တွင်းမှာ ငြိမ်သက်စွာလဲလျက်ရှိနေဆဲ ...။ ရှင်မွေ့ ကမန်းကတမ်း သူ့ထံပြေးသည်။ သူ့ကိုနိုးသည် ...။ မရ ...။ လှုပ်နိုးလည်းမရ...။ အခန်းထဲမှာကလည်း မီးပူရှိန်ရှိနေပြီတည့် ...။ မီးခိုးတွေကလည်း အူအူ ထနေသည်။ သေချာ ကြည့်မိတော့ အဝတ်လျှော်ခြင်းသည်လည်း မီးစွဲနေ၏။ ကော်ဇော လည်း မီးကူးနေပြီ...။ ရှင်မွေ့ ကမန်းကတန်း ပြတင်းပေါက် ပြေးဖွင့်ရ ပါ မီးခိုးတွေ အပြင်ရောက်ဖို့လိုသည်လေ ...။ အခန်းထဲ တွဲလျက်ရှိသည့် ရေချိုးခန်းသို့ ပြေးရသည်။ ကြွေရေချိုးဇလားကြီးထဲ ရေတွေ ဖွင့်ချနေရ ပါ၏။ လူက .. တုန်တုန်ယင်ယင်ဖြစ်နေပြီ...။ နောက်တော့မှ အိမ်ခန်း ထောင့်ရှိ မီးသတ်ဘူးကို သတိရလာမိရပါ၏။ ဟုတ်သည်လေ ...။ မိုးမခ မှာ အခန်းတိုင်း၌ မီးသတ်ဘူး အလတ်စားလေးတွေ ထားထားသည်ပဲ ...။ ရှင်မွေ့ မီးသတ်ဘူးဖြင့် မီးကို ငြိမ်းသတ်လိုက်ရပါ၏။ နောက်တော့ သည်း မီးရှိန်က ခန်းဆီးတွေဆီမှ ဘယ်သို့မှ မကူးနိုင်တော့သည်မို့ ငြိမ်းသည့်အဆင့်သို့ ရောက်ပြီ ...။ ကြမ်းခင်းကော်ဇောနေရာ တွေကို ကျတော့ ရေဖလားဖြင့် ပြေးပြေးခပ်ခပ်လုပ်၍ လောင်းချလိုက်ရသည် ပါပဲ ...။ သူ့ကို ပြေးကြည့်ရပြန်သည်။ မီးသတ်ဖို့ကလည်း အရေးကြီး သည်မို့ ထိုကိစ္စအရင်လုပ်ရခြင်းဖြစ်ရပေမယ့် ...။ လူကလည်း အရေးကြီး သည်ပဲလေ ...။ လူကို ချည်းဖိ၍ ခေါ်ရ၊ နိုးရ လုပ်နေပြန်တော့လည်း သူက နိုးမလာ ...။ မီးကလည်း ပိုအားကြီးလာတော့မှာမို့ ရှင်မွေ့ မီးအရင်ငြိမ်း ခြင်းပါ။ အခန်းထဲ မီးလောင်နံ့ကတော့ ကျန်နေဆဲ။ ရှင်မွေ့ သူ့ခုတင် ဘားမှာ ထိုင်လိုက်ကာ သူ့ပခုံးကို လှုပ်နိုးပေမယ့် ရှင်မွေ့ လှုပ်ခါရာ အတိုင်း သူ့ခေါင်းက လည်ခနဲ ပျော့ဖတ်ဖတ်ပါလာနေတော့ ရှင်မွေ့ ထိတ်ခနဲဖြစ်ရပြီ။ သူ့ရင်ဘတ်ကို လက်ဖဝါးနှစ်ဖက်ဖြင့် ဖိအုပ်၍ နှိပ်၍ သိုက်မိရပါပြီ ...။ ရှင်မွေ့ ရင်ထဲမှာ ထိတ်လန့် ချောက်ချားနေသောက တစ်ခုတည်းပဲ ဖြစ်နေသည်။ သူ တစ်စုံတစ်ခု ဖြစ်သွားမှာ ထိတ်လန့်



www.burmeseclassic.com

www.burmeseclassic.com



ခြင်း ...။ သူ ပြောခဲ့သည်လေ ...။ သူ့မှာ အဖော် မရှိပါတဲ့ ...။ ဟုတ်သည် ...။ ခုကြည့် .. ရှင်မွေ့သာ မရှိလျှင်ဖြင့် သူ့ အဖြစ်သည် တွေးရဲစရာ ပင်မကျန် ...။ မီးလောင်နေသော အခန်းထဲမှာ မလှုပ်မယှက် ငြိမ်သက်ရင်း သူ့နိဂုံးသည် သွေးပျက်ဖွယ်ရာအတိဖြင့် အဆုံးသပ်ရချေမည်သာ ...။

"ဘုရားရေ .. သူ့အဆုတ်ထဲ မီးခိုးငွေ့တွေ ဝင်ကုန်ပြီလား .. အစ်ကိုလေး .. အစ်ကိုလေး ..."

ရှင်မွေ့ သူ့ရင်ဘတ်ကို ဖိနှိပ်လိုက် .. ခေါ်လိုက်ဖြင့် ယောက်ယက်ခတ်နေသည်။ ဆောက်တည်ရာ ပျောက်နေသည်။ နောက်ဆုံးတော့ သူ့အဆုတ်ထဲ လေမှုတ်သွင်းနည်းကိုပဲ သုံးရသည်ပါပဲ ...။ အပျိုစင်နှုတ်ခမ်းနုနုသည် သူ့နှုတ်ခမ်းပွင့်ဟအောင် လက်ဖြင့် ဖေးထိန်းထားသည့် ရှင်မွေ့၏ လက်နုနုနှင့်လည်း ထိတွေ့နေသည်။ သူ့နှုတ်ခမ်းနှင့်လည်း ထိအပ်နေသည်။ စောစောက လေကိုရှိုက်၍ အားပါးတရ ရှူသွင်းထားသမျှကို သူ့နှုတ်ခမ်းမှာတော့အပ်မှုတ်သွင်းနေမိရပါ၏။ တစ်ကြိမ် ...။ နှစ်ကြိမ် ...။ သုံးလေးကြိမ် ...။ ရှင်မွေ့၏ မျက်နှာလေးသည် ရှက်သွေးဖြန်း၏။ ဒါပေမယ့် .. ထိတ်လန့်ချောက်ချားနေသည့် သူ့အတွက် စိတ်လက်ပူပန်ခြင်းကလည်း ရှင်မွေ့ တစ်ကိုယ်လုံးကို ပိတ်ဖုံးအုပ်မိုးလျက်ရှိ၏။ သူ့ထံမှ အသက်ရှူလိုက်သံ ပြင်းပြင်းတစ်ချက် ပေါ်လာသည်။

ရှင်မွေ့ ဝမ်းသာအားရဖြင့် သူ့ပခုံးကို လှုပ်ခေါ်နေမိရပါပြီ ...။ ဘုရားရေ ...။ သူ့ကို ရှင်မွေ့ အဆုံးရှုံးမခံလိုက်ဘဲ ကယ်တင်လိုက်နိုင်ခဲ့ပြီကောလေ ...။ ရှင်မွေ့ ဝမ်းသာလွန်း၍ သူ့နဖူးပေါ် လွှတ်ခနဲ ရှင်မွေ့နံ့ဖူးလေးပင် ထိလိုက်မိရပါပြီတည်း ...။ အသက်တစ်ချောင်းကို ရှင်မွေ့ ကယ်တင်လိုက်နိုင်ချေပြီတကား ...။

"အစ်ကိုလေး ... အစ်ကိုလေး ..."

သူ့မျက်ဝန်းတွေ ပွင့်လာသည်။ ရတ်တရက် ရှင်မွေ့ကို တွေ့ရ



သင့် ...။ အံ့ဩနေပုံလည်း ရနေသည်။ ပြီးတော့မှ သူ့အခန်းထဲမှာ ဖြစ်ပျက်ခဲ့သည့် ပြောင်းလဲမှုတွေကို သတိထားမိလာပုံရပါ၏။ ကိုယ်ကို ချုံ၍ထသည်။ ရှင်မွေ့ ကသောကမျောလေး သူ့ပခုံးကို ထိန်းလိုက်မိရပါပြီ ...။

"အရမ်းမထနဲ့လေ ... ရှင် ... အခုမှ သတိရတာရှင့် ..."

ရှင်မွေ့ ပြောသမျှ သူ ချက်ချင်း နားမလည်နိုင်သလိုဖြစ်နေသည်။ အခန်းကို ဝေ့ကြည့်ရင်းမှ အံ့ဩတကြီးဖြင့် ...

"မီးလောင်ထားပါလား ..."

ဟု အသံပွင့်ကျလာသည်။ နောက်တော့ ရှင်မွေ့ ကို ကြည့်လာပါ၏။ ရှင်မွေ့ သူ့ကို ဆွဲထူ ...။ ခေါင်းအုံးကို ခုတင်ခေါင်းရင်းမှာ ဆင့်မှီထားပြီးမှ သူ့ကို မှီထိုင်စေသည်။ နောက်တော့မှ .. ရှင်မွေ့ သူ့အခန်းမီးလောင်နေတာကို မမျှော်လင့်ပဲ မြင်လိုက်ရသည်မှအစ ...။ သူ့အခန်းကို ငြိမ်းခဲ့သည်များ ...။ သူ့ကို သတိရအောင် လှုပ်နှိုးခေါ်ခဲ့ရသည်များကို ပြောပြမိခဲ့ရပေမယ့် ...။ သူ့အဆုတ်ထဲ လေရောက်အောင် ရှင်မွေ့ ရှေးဦးသူနာပြုနည်းသုံးခဲ့သည်ကိုတော့ဖြင့် ရှက်စိတ်ကြောင့် ချန်ထားရစ်ခဲ့ရသည်ပါပဲ ...။ သူကတော့ ရှင်မွေ့ ပြောပြသမျှကို ငြိမ်၍ နားထောင်နေသည်။ နောက်တော့ အငေးကြီးငေး၍ ရှင်မွေ့ကို မမှိတ်မသုန် ကြည့်နေပါ၏။

"မင်း .. ကိုယ့်အသက်ကို ကယ်တင်လိုက်တာပဲ ရှင်မွေ့သာ .. ရှိမှမဟုတ်ရင် .. ကိုယ် .. အသေဆိုးနဲ့ သေနေပြီးပြီ .."

"ဟင် .. ဘယ့်နှယ်ကြီး ပြောလိုက်တာလဲ အစ်ကိုလေးရယ် .. အသေဆိုး ဆိုတာကြီးကို နောက်များမှာ ဘယ်တော့မှ .. အစ်ကိုလေး ပါးစပ်က ထွက်ကျမလာပါစေနဲ့ .."

သူ ကျေးဇူးတတင်ဖြင့် ပြောလိုက်ပုံကြီးကလည်း အသေဆိုးဆိုသည့် စကားကြီးပါလာနေသည်မို့ ရှင်မွေ့ မျက်စိမျက်နှာလေး ပျက်ကာ

www.burmeseclassic.com

www.burmeseclassic.com



လှမ်းဟန့်လိုက်မိရပါပြီ …။

သူ .. ခေါင်းခါသည်။ ရှင်မွေ့၏ သံယောဇဉ်ကို သိရင်း ဖွဖွပြုံး သည်။

"မင်း .. တစ်ယောက်တည်း အဲဒါတွေအားလုံးကို ရင်ဆိုင်ခဲ့ရ တယ်ပေါ့ .. တစ်အိမ်လုံး ဘယ်ရောက်နေကြလဲ .."

သူ့နှုတ်မှ ပထမတော့ ရှင်မွေ့ကို သနားစိတ်ဖြင့် ညင်ညင်သာသာ မေးသည်။ နောက်တော့ ခံပြင်းစိတ်ဖြင့် တစ်အိမ်လုံး ပျောက်နေတာကို ထည့်မေးလာပါ၏။ ရှင်မွေ့ လည်း ထိုအချက်ကို ထူးဆန်းနေသည်ပါပဲ။ တကယ့်ကို တစ်အိမ်လုံး ခုထိ ငြိမ်ကျနေသည်လေ ..။ ရှင်မွေ့ အော် သည်က အတော်လေးကို ကြောက်လန့်တကြားအော်ခဲ့ခြင်း ..။ လူတွေ နိုးအောင်အော်မိခဲ့ခြင်း ..။ ဒါပေမယ့် .. ခုအချိန်ထိ အိမ်ကြီးက ငြိမ်ကျ နေဆဲ ..။

"ရှင်မွေ့လည်း အဲဒါကို သဘောမပေါက်ဲဖြစ်နေတာပါပဲ အစ်ကို လေးရယ် … တစ်ခုတော့ရှိတယ် … ဒေါ်လေးနန်းခက် နဲ့ ခမ်းကြည်လေး တို့ကတော့ .. ည .. ည တွေမှာ အိပ်ဆေးသောက်အိပ်တယ်လို့သိထားရ တာရှိတယ် .."

ဟု ဖြေမိရပါ၏။ ထူးသည်က ဒေါ်လေးနန္ဒာမှူးပဲ ဖြစ်လေသည်။ ဒေါ်လေးနန္ဒာမှူး သည်ရော ဘာကြောင့် ခေါ်မကြား အော်မကြားအိပ်နေ ရပါသတဲ့လဲ ..။ သူ ငိုင်နေ၏။ နောက်တော့ သက်ပြင်းရှိုက်သည်။ ခုတင်ပေါ်မှထသည်။ ခြေတွဲလွဲချ၍ထိုင်၏။

"အေးပေါ့လေ .. မိုးမမှာ .. ညည တစ်ယောက်ယောက်ကိုတွေ့ မှာကြောက်စိတ်နဲ့ .. သူတို့အခက်အခဲကို .. အိပ်ဆေးသောက်ခြင်းတွေ နဲ့ ဖြေရှင်းလိုက်ကြပုံရပါတယ် .."

ဟုညည်း၏။ နောက်တော့ .. သူ့ကိုယ်သူလည်း အံ့ဩနေပုံဖြင့် –

"ဒါပေမယ့် .. ကိုယ်က .. ဘာလို့ မနိုးရတာတဲ့လဲ .. ကိုယ် –



အဲ့သလောက် အအိပ်မကြီးဘူးကွ .. နေဦး .. ကိုယ်သတိရပြီ .."

သူ မျက်မှောင်တွန့်၍ တွေးနေရာမှ ရုတ်ခနဲ ရေခဲသေတ္တာရှိရာသို့ သွားသည်။

"ကိုယ် .. ည .. ညတွေမှာ အိပ်ရာဝင်ခါနီးတိုင်းပဲ နို့အေးအေး လေးသောက်အိပ်နေကျ .. အဲဒါ .. ငယ်ကျင့် .. အဲသလို ဖြစ်အောင် လည်း ဒေါ်လေးနန္ဒာမှူး က .. ကိုယ်ငယ်ကတည်းက နို့အေးတိုက်တယ်.. မနက်ကျရင် ဆီးဝမ်းမှန်တယ်တဲ့ .. ညဘက်လည်း ရင်ထဲအေးတယ် တဲ့ .. အဲသလိုရှိခဲ့တာ .. ကိုယ် .. နောက်ပိုင်း .. အခုမှာကျတော့… ပဲနို့ ဗူးပုလင်းပဲ .. ရေခဲသေတ္တာမှာ ထည့်ထားပြီး ညဘက်မှာ အလွယ် တကူယူသောက်လိုက်တယ်လေ .."

သူတွေးရင်းပြောနေသလိုလည်း ရှိ၏။ ပြောနေရင်းလည်း တွေး နေ ပုံရ၏။ သူ့အခန်းထဲရှိ ရေခဲသေတ္တာထဲမှပဲ နို့ရည်ပုလင်းကို ယူကြည့် သည်။ နောက်သော့ ခေါင်းခါ၏။

"ဒါ .. လုပ်ကြံမှုပဲ .. ကိုယ် .. ပဲနို့ကို တစ်ပုလင်းလုံး ကုန်အောင် သောက်လေ့မရှိဘူး .. တစ်ဝက်လောက်ပဲသောက်တတ်တယ် .."

ရှင်မွေ့ နားမရှင်း .. ။ သူသည် .. ပဲနို့ရည်ကို တစ်ဝက်လောက်ပဲ သောက်တတ်သည်တဲ့ ..။ အခု .. သူ့လက်ထဲမှာ ရှိနေသည့် ပဲနို့ရည် ပုလင်းထဲမှ လက်ကျန်သည်လည်း တစ်ဝက်လောက်ပဲ ရှိနေသည်ပဲ လေ ..။ ဘာများမှားယွင်းနေသည်မို့လို့လဲ .. ဟု တွေးမိပြီး ..။

"မနေ့ညက .. ကိုယ် .. တစ်ဝက်ကျော်ကျော် သောက်ပစ်ခဲ့မိ တယ် .. လက်နှစ်လုံးလောက်ပဲ ကျန်တာကိုယ် သေသေချာချာသိနေ တယ်လေ .. အခု .. မြင်နေရတာက .. အတိအကျ .. ခါတိုင်းညှ သက်ကျန်လိုပဲ တစ်ဝက်ဖြစ်နေတယ် .. ဒါ .. ကိုယ့်လက်ကျန် ပဲနို့ရည် ပုလင်းကို .. တခြားပဲနို့ရည်ပုလင်းနဲ့ လာပြီး အလဲအလှယ်လုပ်တယ်.. ဒီတော့ .. ဘာကြောင့် အဲသလိုလာလဲရလဲဆိုတော့ .. ကိုယ် .. ညက

www.burmeseclassic.com

www.burmeseclassic.com



သောက်ခဲ့တဲ့ပုလင်းထဲမှာ .. အိပ်ဆေးခတ်ထားလို့ပဲပေါ့ .. အဲဒါ ဘယ်သူ ခပ်တာလဲ .. ဒီအိမ်မှာ ဒေါ်လေးနန်းခက်ရယ် .. ခမ်းကြည်ရယ်.. ဒေါ်လေးနန္ဒာရယ် .. မင်းရယ် .. ကိုယ်ရယ်ပဲ နေကြတာလေ.."

သူ ပြောပြီး သက်ပြင်းကြမ်းကြီးရှိုက်ချသည်။ ဆိုဖာရှည်ကြီးမှာ ပြန်ထိုင်၏။ ညဝတ်အင်္ကျီ ဖဲသားအပြာနှင့် ဘောင်းဘီရှည်ဖဲသားဆင်တူကို ဝတ်ထားပါသည့် သူ့ဟန့်သည် ရှင်းရှင်းသန့်သန့်ဖြင့် မဟာဆန်သည်။ ခြေလက်တွေကအစ ဖြူနုကာ ပန်းဆီရိုပ်ပင်ခြေဖနောင့်မှာ ထင်နေသည်။ မဟာဆန်သောသူတစ်ယောက် ..။ တော်ဝင်မင်းသားတစ်ပါးနှယ် ရုပ်အဆင်းနှင့် ကြွယ်ဝခြင်းများဖြင့် ပြည့်ဝနေသူတစ်ယောက်။ ဒါပေမယ့် သူသည် တကယ့်ခြွေရံသင်းပင်းကောင်း မရှိပဲ အထီးကျန်သူဖြစ်နေသည်။

"သူဟာ .. ပဲနို့ပုလင်းကိုလည်း လာလဲတယ်.. ကိုယ့်အခန်းကိုလည်း မီးရှို့ခဲ့တယ် .. ပြီးတော့ .. ကိုယ်မီးလောင်သေဆုံးမယ့်နေ့ကို ပျော်ရွှင်စွာ .. စောင့်ဆိုင်းနေသူဖြစ်နေမယ် .."

သူ့အသံက ခံပြင်းသံဖြစ်လာသည်။

"ကိုယ့်အခန်းထဲကို .. ဘယ်သူဝင်လာတာတဲ့လဲ .. ဒီသော့ဟာ ဒေါ်လေးနန္ဒာရယ် .. မင်းရယ် .. ကိုယ်ရယ် .. ဒီသုံးယောက်မှာပဲ ရှိတာလေ ... ဒေါ်လေးကလည်း ညနေမှာ နလုံးအောင့်လာလို့ဆိုပြီး သမားတော် သွားပြတယ် ဟိုတယ်နဲ့နီးတဲ့ဆေးခန်းမှာပဲ သမားတော် ဒေါ်သူဇာ ထိုင်တာမို့ .. ဟိုတယ်မှာပဲ .. ညအိပ်မှာဆိုပြီးသွားလိုက်တာ .. ကိုယ့်ကို ညနေစာ စားအပြီးမှာ လာပြောပြခဲ့တာလေ .. ဒေါ်လေးက နလုံးနဲ့ ပတ်သက်ပြီး နည်းနည်းပြဿနာရှိတယ် .. သမားတော်နဲ့ ပြနေရတာ ရှိတယ် .. ဒါပေမယ့် .. ကား ကိုယ်တိုင်မောင်းနိုင်ပါတယ် .. ပုံမှန်ပြနေ ကျရက်ချိန်းမို့ သွားပြရတာမျိုးပါ .. ဒရိုင်ဘာတောင် မသုံးဘူးလေ ဒါက ထားပါ။ အိမ်မှာ ဒေါ်လေးမရှိဘူး .. ရှိမနေဘူး .. ဒီတော့ မင်းနဲ့



ကိုယ်ပဲကျန်တယ် .. မင်း အဲသလို မလုပ်ဖူးဆိုတာ ကိုယ်သေချာ သိနေတာပဲ .. ဒီတော့ .. ကိုယ်ကိုယ်တိုင်ကပဲ .. အိပ်ဆေးတွေသောက် ကိုယ့်ခဲနို့ရည်ကို ကိုယ်ပြန်လဲ .. ကိုယ့်အခန်းကိုယ်မီးရှို့ပြီး သေကြောင်းကြံသလို ဖြစ်နေပါရောလား .. မဟုတ်သေးပါဘူး .."

သူ ညည်းကာ ရှင်မွေ့ကိုကြည့်သည်။ ရှင်မွေ့ကလည်း တည်တည်စူးစူးလေးပြန်၍ ကြည့်မိရပါ၏။ သံသယမြားဦးကအလိုလိုနေရင်း ရှင်မွေ့ဘက် စိုက်လာသလို ရှိနေသည်ကိုးလေ ...။

"လာ ..."

သူ စိတ်နောက်ကိုယ်ပါ ရှင်မွေ့လက်ကိုဆွဲကာ တောက်လျှောက် ဒေါ်လေးနန္ဒာမှူး ၏ အခန်းသို့ဝင်၏။ ရှင်မွေ့ မငြင်း ...။ လိုက်လာသည်ပဲ။ သံသယဖြစ်စရာ လက်တွေ့ကြုံနေရချိန်မှာ ရှင်မွေ့ ဘာကိုမဆို ရင်ဆိုင်ဖို့လိုသည်လေ ...။

သူ .. ဒေါ်လေးနန္ဒာမှူး၏ အခန်းတံခါးကို တွန်းဖွင့်၍ အခန်းထဲဝင်သည်။

မှန်တင်ခုံအံဆွဲတွေ ဖွင့်ကြည့်သည်။ သူ .. အံဆွဲကို စိုက်ကြည့်နေ၏။ ရှင်မွေ့လည်း ကြည့်လိုက်မိရပြီ။ ဒေါ်လေးနန္ဒာ ချန်ထားရစ်ခဲ့သော သော့တွဲပါတကား ..။ သူ .. မျက်နှာကြီးတင်းလာသည်။ အံခဲထား၏။

"မနက်ဖြန်ကျရင် .. ဒေါ်နန်းခက်နဲ့ ခမ်းကြည်ကို .. အလုပ်က ထွက်ခွဲမသွေ ထုတ်ပစ်မှ ဖြစ်လိမ့်မယ် ရှင်မွေ့သာ .. သူတို့ထဲက တစ်ယောက်ဟာ ဒေါ်လေးရဲ့ အခန်းထဲကိုဝင်တယ် .. သော့ကိုယူခဲ့တယ်.. ဒါသေချာနေပြီ .."

ဟု ပြောလာတော့ ရှင်မွေ့ ရင်ထဲမကောင်း ..။ တားဖို့ရာကျတော့လည်း ကိုယ်က အလုပ်သမား ..။ ပြီးတော့လည်း ဒေါ်နန်းခက်သည် .. ဤကိစ္စကို မလုပ်ပါဟု ရှင်မွေ့လည်း သေချာ တာဝန်ယူနိုင်သည် မဟုတ်။ တကယ်ရှိကိစ္စက ပေါ့သေးသေးဖြစ်မနေ။ လူတစ်ယောက် မီးလောင်

www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းသေဆုံးရမည့်ကိစ္စ ...။ ပြီးတော့ မိုးမခသည်လည်း မီးဟုန်းဟုန်း တောက်လောင်နိုင်သည့်ကိစ္စ ...။

သူ သက်ပြင်းရှိုက်ကာ အခန်းထဲမှ ထွက်လာတော့ ရှင်မွေ့ လည်း တူတူပါလာရသည်ပါပဲ။

"ကျွန်မ တစ်ခုတွေးမိတယ် .. ဒေါ်နန်းခက် ရဲ့အခန်းကို သူမ အောင် သွားကြည့်ရင် မကောင်းဘူးလား .. ဒါမှမဟုတ်ရင်လည်း သူ့ကို အနီးကပ်ပြီး .. နောက်နေ့တွေမှာ .. အကဲခတ်ကြည့်တာမျိုးရော မလုပ်သင့်ဘူးလား .."

ရှင်ရမွေ့ တွေးတွေးဆဆလေးပြောလာတော့ သူ ငြိမ်၍ အတန်ကြာ ရှိ၏။

နောက်တော့ မျက်ခုံးကို တွန့်လိုက်ကာ ...

"ဟုတ်တယ် .. သူ့ကို စောင့်ကြည့်ရမှာပေါ့ .. သူ့ကို အဝေးလွှ လိုက်တာဟာ .. သူ ထွက်ပြေးစရာမလိုတော့ဘဲ .. အလိုလို ကိုယ်ရော ဖျောက်လိုက်ခွင့်တစ်ခုကို ပေးလိုက်တာနဲ့ တူတူပဲဖြစ်နေတာကိုး ဟုတ်တယ် .. သူ့ကို မသွားခိုင်းတော့ဘူး .. အလုပ်မဖြုတ်တော့ဘူး သူ့ကိုစောင့်ကြည့်ရမယ် .. ဒါမှ .. သူ့ကို ဘယ်သူခိုင်းသလဲဆို ကိုယ်တို့ သိနိုင်မှာ .." ဟု ပြောလာပါ၏။

နှစ်ယောက်သား ခြံထဲဆင်းလာမိကြရသည်ပါပဲ။ လော ဆယ်မှာ လပြည့်ခါနီး ညတစ်ည၏ အလှအောက်မှာ သူနှင့် အတူ ရသည်တည့် ...။ လကြီးက ဝန်းစက်စက်ရှိလုလုဖြစ်နေချိန် ...။ ပန်း ၏ ရနံ့ကလည်း သင်းတပျံ့ပျံ့ ...။ လေနုအေးလေးကလည်း တဖြော တသော့သော့နှင်ချိန် ...။

သူ .. ရှင်မွေ့ကို သူ့ဘေးမှာ ထိုင်စေရင်း မြက်ခင်းပေါ်လ ထောက်သည်။

"မင်း .. စိတ်ညစ်သွားသလား ရှင်မွေ့ .. ဟင် .."



သူ တိုးဖွဖွမေးလာသည်။ ရှင်မွေ့၏ မျက်နှာလေးကို တစိမ့်စိမ့် ကြည့်သည်။

"ကိုယ့်ကို .. တစ်ယောက်ယောက်ကတော့ .. သေစေချင်တာ သေချာနေတယ်ရှင်မွေ့ .. ဒီနည်းနဲ့ မသတ်ရရင် .. နောက်တစ်နည်းနဲ့ ကြိုးစားလိမ့်ဦးမယ်လို့ ကိုယ်ထင်တယ် .."

သူ ပြောနေရင်းမှ တစ်ချက်တွေခနဲဖြစ်၏။ ရှင်မွေ့၏ လက်လေး ကို ခပ်ဖွဖွသူ ဆုပ်ကိုင်လာပါ၏။

"မင်း .. ကိုယ့်အသက်ကို ဒီတစ်ကြိမ်မှာ ကယ်တင်နိုင်ခဲ့တယ် ရှင်မွေ့ .. မင်း .. မင်းဟာ .. ကိုယ့်အတွက် အလွန်တန်ဖိုးကြီးတဲ့ အဖော် ပါ .. တစ်ခု .. ကိုယ်ပြောချင်တယ် .. ဒီအချိန်မှာ ပြောချင်တယ် ရှင်မွေ့ ယ် .. ကိုယ်ပိုင်တဲ့ နေရာလေးတစ်ခုရှိတယ် .. သေးငယ်ပေမယ့် တည်ငြိမ်းမာတဲ့ နေရာလေးပါ .. ပန်းလေးတစ်ပွင့်ရှိနေတယ် .. အလွန် မွှေးပျံ့ တဲ့ ပန်းလေးတစ်ပွင့်ပါ .. ကြယ်လေးတစ်ပွင့်ရှိတယ် .. အလင်းရောင် ကို တခြားကြယ်တွေရဲ့ အကူမလိုပဲ ပေးနိုင်တဲ့ ကြယ်လေးပါ။ အဲဒီနေရာ လေးမှာ မင်းကို .. ကိုယ် .. ထားချင်တယ် .. နေစေချင်တယ်.. အဲဒါဟာ ကိုယ့်ရင်ဘတ်နဲ့ အနီးဆုံးနေရာ .. ကိုယ့်နှလုံးသားပါပဲ .. ရှင်မွေ့သာ .. ကိုယ်တို့ တူတူရှိကြဖို့လိုအပ်နေပြီ .. မင်းရှိမှ ဖြစ်မယ်ဆိုတာလည်း သေးပါ .. ကိုယ် .. မင်းကို လက်ထပ်ပါရစေ မိန်းကလေးရယ် .. နော် ..."

သူ့အသံက ညင်သာသည်။ သိမ်မွေ့နူးညံ့သည်။ လှပသော ကဗျာ တစ်ပုဒ်ကို ရွတ်ဆိုသည့်နှယ်လည်း ရှိသည်။

သူသည် .. သူ၏ .. နှလုံးသားထဲမှာ နေဖို့ .. ရှင်မွေ့ ကို ခွင့်ပန် သည်။ အထီးကျန်သူတစ်ယောက်၏ ခွင့်ပန်မှု ...။ လတ်တလော မှာပင် သေဆုံးခြင်း တစ်ခုကို သီသီလေး လွတ်မြောက်လာရသူ တစ်ယောက် ...။

www.burmeseclassic.com

www.burmeseclassic.com



လရိပ်ဆန်းသော ညတစ်ညမှာ .. သူသည် .. သူ၏နှလုံးသား
ရင်း၍ .. ပန်းနှင့်ကြယ်ကို သစ္စာပြု၍ .. ရှင်မွေ့ကို .. မြတ်နိုးရလေသ
ဖွင့်ဟဝန်ခံလာသူတစ်ယောက် ဖြစ်နေပါလေသည်တကား ..။

ပန်းရန့်ကတော့ သင်းနေသည်။ ကောင်းကင်မှာ ကြယ်
လည်း အများအပြား လင်းလဲ့နေကြပါလေ၏။ လရောင်က ရွှန်းလဲ့လဲ့
ဝင်းပပ ..။ သူသည် လက်ကို မတိုင်တည် .. ကြယ်အများကို မတိုင်တည်
နှလုံးသားကိုလည်း နန်းတော်နှင့် မနှိုင်းဆ ...။

သူ့စကားက ရိုးသားသည်။ နှလုံးသား၏ သေးငယ်မှု ..။ ပန်း
ပွင့်၏ သင်းပျံ့မှု .. ကြယ်တစ်ပွင့်၏ လင်းလဲ့မှုကိုသာ ပြောခြင်း

"ယုံပေးပါ ရှင်မွေ့သာ .. ကိုယ့်နှလုံးအိမ်နေရာလေးဟာ .. တည်
နိုင်မာတဲ့သစ္စာနဲ့တည်ဆောက်ထားတာပါ .. ကိုယ်ပေးတဲ့ပန်းလေး
ပွင့်ဟာ တစ်ပွင့်ဆိုပေမယ့် .. မင်းသွားလေရာတိုင်းမှာ သင်းပျံ့နေ
ပန်းရနံ့ကို အမြဲပေးနေမှာပါ .. ကိုယ့်ချစ်ခြင်း .. ကြယ်တစ်ပွင့်ဟာ
မင်းအတွက် အမြဲအလင်းပေးနေနိုင်တဲ့ ကြယ်လေးပါ .. ဘာလို့လဲ
တော့ .. အဲဒီအရာတွေအားလုံးဟာ .. ကိုယ့်ရင်ဘတ်နဲ့ အနီးကပ်
ဖြစ်နေလို့ပါပဲ .."

သူ .. ထပ်ပြောလာပါ၏။ ရှင်မွေ့၏ ဆံစလေးကို ဖွဖွသပ်
သည်။ နဖူးလေးကိုပင် နမ်းမလာ ..။ အရိပ်တကြည့်ကြည့်နိုင်နေ
အကြည့်ဖြင့် ငေးကြည့်၏။

"မင်း .. ဘယ်လောက်ထိ .. အဲဒီအချိန်တုန်းက ချောက်ချား
တယ်ဆိုတာ .. ကိုယ် .. မင်းရဲ့သွေးဆုတ်နေတဲ့ မျက်နှာလေးကို
လိုက်ရချိန်မှာ ချက်ချင်းသိခဲ့ရတယ် .. ကိုယ် သတိရလာချိန်မှာ
မင်းမျက်နှာမှာ သွေးရောင်ဖျော့နေတယ် ရှင်မွေ့သာ .. ဒါပေမယ့်
ဒ တိပြန်ရလာလို့ မင်း မျက်လုံးလေးတွေ ရွှန်းလဲ့နေလိုက်ကြတာ
အရမ်းကိုလှတဲ့ မျက်ဝန်းလေးတွေပေါ့ .. မင်း ဘယ်လောက်



အတွက် စိတ်ပူခဲ့တယ် .. ဘယ်လောက်အထိ ကိုယ့်မျက်ဝန်းတွေ ပွင့်
သာချိန်မှာ ပျော်သွားတယ်ဆိုတာကိုယ် .. အလိုလို .. သိနေရတယ် ..
င်းရဲ့မျက်နှာလေးဟာ .. အရမ်းဖြူစင်တာပဲ ကလေးရယ် .. မင်းရဲ့..
နှလုံးသားလေးကလည်း .. အဲသလိုပဲ ဖြူစင်နေကြတယ်လေ"

သူ ပြောပြီး ဆံစလေးကို သပ်ပေးနေရာမှ လက်ကို ပြန်ရုပ်သည်။

"မင်း .. အချိန်ယူစဉ်းစားပါ ရှင်မွေ့သာ .. မင်း .. ခေါင်းညိတ်
တဲ့နေ့ဟာ .. ကိုယ်တို့နှစ်ယောက် လက်ထပ်တဲ့နေ့ဖြစ်ကို ဖြစ်စေမယ်..
ကိုယ် .. မင်းကို အဲဒီနေ့မှာ .. မိုးမခကိုရော .. ကိုယ့်ဘဝကိုရော အပြီး
အိုင် .. သက်ဆုံးတိုင်မျှ .. အပ်နှံလိုက်မှာပါပဲ .."

ဟု တည်ငြိမ်စွာ ပြောလာပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"တစ်ညလေးပဲ ဟိုတယ်မှာ အိပ်ဖြစ်လိုက်ပါတယ် .. ဒီမှာက-
ဒီဒီ အခန်းမီးလောင်ခဲ့ပြီ .. ကံကောင်းလို့ အသက်မဆုံးရှုံးရတယ် -
ပြီးတော့ .. ရှင်မွေ့သာ မရှိရင် ဘယ့်နှယ်လုပ်မလဲ .. အိပ်လိုက်ကြတာ
များ အသေကောင်တွေကျနေတာပါပဲလား .. အိမ်ထဲမှာ အိပ်တဲ့သူက
လည်း အိပ်ဆေးသောက်အိပ်တယ် .. ခြံစောင့်တဲ့သူကလည်း အိပ်ဆေး
သောက်အိပ်တယ် .. ပြောလိုက်ရင် ဆင်ခြေက အဆင်သင့် .. မိုးမ
ကို ဘယ်သူနိုးက ဝင်ရဲမှာလဲဆိုတာက ပါလာသေးတယ် .. အခု ကြည့်
စမ်း အိုက်ခေါင် .. နင့်စကား ဘယ်လောက်မှားနေသလဲ .. လက်တွေ့
ပြီ .. သူနိုးမဝင်ရဲဘူးမပြောနဲ့ အခုဟာက .. ဒီအခန်းထဲဝင်ပြီး မီးရှို့သွား
တဲ့အထိ ဖြစ်နေတာဟဲ့ .. အို .. အားလုံး အလုပ်ဖြုတ်မယ် .. အေးရော-
မိုးမခမှာ ဘာပစ္စည်းကိုမှ မယူပဲ .. လူတစ်ယောက်ကို သီးသီးသန့်သန့်
လာပြီး လုပ်ကြံတာ မိုးမခမှာ အခုကြုံရပြီ .. မဖြစ်ပါဘူး .. ဒီဒီ
ဒေါ်လေး တူတူ တစ်ခန်းထဲအိပ်မှဖြစ်တော့မယ် .. ဒါ .. အမှန်ကန်ဆုံးပဲ-"



အခန်းထဲ မီးလောင်သည့်ကိစ္စ ဖုံးကွယ်၍လည်းမရနိုင် ...။ ကော်ဇော
တွေကအစ ပြန်လဲရမှာမျိုးတွေက ရှိနေသည်။ ခန်းဆီးလည်း မီးစွဲတာ
ရှိနေသည်။ အဝတ်ခြင်းနှင့် အမှိုက်ခြင်းလည်း မီးလောင်ခဲ့ပြီးပြီ ...။
ဒါတွေကို ပြန်၍ နေသားတကျလဲလှယ်ဖို့ဆိုတာက ဖုံးဖုံးဖိဖိလုပ်၍
မရနိုင် ...။ ကော်ဇောအသစ်ဝယ်ရမည်။ ပြန်ခင်းရမည်။ ခန်းဆီးတွေ
လဲရမည်။ မီးဟပ်ထားသည့် ပြတင်းကျည်းဘောင်တွေ ပြန်လဲဖို့လိုနေ
သည်။ မီးဟပ်ထားတာကြီးကို အပေါ်က ဆေးပြန်သုတ်ပြီး အကောင်း
လုပ်ရမည့်အဆင့်မျိုးမဟုတ် ...။ အိမ်ကြီးကိုက ရဲတိုက်ကြီးလို တခမ်း
တနားနိုင်သည့်အိမ် ...။ မီးဟပ်ရာ ပြတင်းကျည်းဘောင်ကို လက်သမား
တွေ ခေါ်၍ လဲလှယ်ဖို့လိုသည်။ ပန်းရံသမားတွေလည်းလိုသည်။ ကျည်း
ဘောင်ဖြုတ်ရွာ ...။ ပြန်တပ်တာတွေကို လက်သမားရှိရုံနှင့် မပြီး။ ပန်းရံ
သည်းလိုသည်လေ ...။ ဒီတော့ .. ညကအဖြစ်ကို .. သူ မနက်စာကော်ဖီ
ဝိုင်းမှာပြောခြင်း ...။ ဒေါ်လေးနန္ဒာ ကလည်း မနက်စောစောပဲ ကားနှင့်
ပြန်ရောက်လာသည်။ တူတော်မောင်နှင့် တူတူမနက်စာ စားမည်မို့
အချိန်မီ ပြန်လာခြင်းပဲဖြစ်လေသည်။ ကော်ဖီသောက်ပြီး ချိန်ကျတော့
သူတည်တည်ငြိမ်ငြိမ်ဖြင့် ညကအဖြစ်အပျက်ကို ပြောခဲ့ပါ၏။
ဒေါ်လေးနန္ဒာ မျက်ကလူးဆံပြာ ဖြစ်သည်။ ရင်ကိုထုသည်။ ဒေါ်သ
အကြီးဖြင့် ဘဘဦးအိုက်ခေါင် ကိုလည်း ခေါ်သည်။ ဒေါ်လေးနန်းခက်
နှင့် ခမ်းကြည် လည်း မျက်နှာလေး ဆီးစေ့ဖြင့် လက်ကလေးတွေ ပိုက်၍
ငြိမ်ရပ်ကာ အဆူအကြိမ်းမှန်သမျှကို ငြိမ်ခံနေကြရကုန်ပြီ ...။

"မလုပ်ပါနဲ့ မမလေးရယ် .. ကျွန်တော် အသက်ကြီးပါပြီ .. အလုပ်
တစ်ခုကို ဘယ်သူက ခန့်ကြတော့မှာလဲဗျာ ...။ နောက်ကို သတိဝီရိယနဲ့
နေပါ့မယ် .. အိပ်ဆေးလည်း မသောက်တော့ပါဘူး .. ခြံထဲလှည့်ပတ်
ကြည့်ပါ့မယ်ခင်ဗျာ .. မိုးမခမှာ နှစ်များစွာ လုပ်ကိုင်လာခဲ့တဲ့ ကျွန်တော်
ကို ဒီတစ်ခါတော့ ခွင့်လွှတ်ပေးပါ မမလေးရယ် .. ထောက်ညှာသနား

www.burmeseclassic.com

www.burmeseclassic.com



ပေးပါခင်ဗျာ .. အစ်ကိုလေးရယ် .. ဘာဘ .. နောက်ကို တစ်ညလုံး ခြံထဲ လှည့်ပတ်ကြည့်နေပါ့မယ် .. သစ်ပင်အောက်မှာပဲ ခုံတန်းလေးမှာ စောင်လေး ခြုံပြီး ခြံတစ်ခြံလုံးကို မအိပ်မနေ လှည့်ပတ်ကြည့်လိုက် .. ပြန်ထိုင်လိုက် လုပ်နေပါ့မယ်ဗျာ .."

"တွေ့တယ်မဟုတ်လား ဒီဒီ ... အခုပဲကြည့် ... စည်းစိမ်တည်နေ သေးတယ် .. စောင်ကလေးတော့ ခြုံလိုက်ရဦးမှဆိုတာ ရှိနေသေး .. အို .. ရှုပ်ပါတယ် .. အားလုံးအလုပ်အပိုးပြင်ကြ ... ဒီမှ ဆက်အလုပ်လုပ် ဖို့မရှိတော့ဘူး ... ဒီဒီ ကို ဒီလောက်ထိ ဒုက္ခအဖြစ်မခံနိုင်ဘူးဟဲ့ .. အဲဒါ ငါ့တူဆိုပေမယ့် .. ငါ့သား .. ငါ့သား ဟဲ့ .. ငါ့လက်နဲ့ ချေးကလု သေးကလု ကြည့်ခဲ့ရတဲ့ ကလေး .. တခြားလူစား ရှာမယ် .. ဟိုတယ်မှာရှိတဲ့ စားပို့ ဆောင်က တစ်ယောက်ယောက်ကိုခေါ်မယ် .. လုံခြုံရေးဝန်ထမ်းကို လည်း ဒီခေါ်ထားလိုက်မယ် .. အေးရော .."

တကယ့်ကို မျက်နှာကြီးရဲတွတ်နေရင်း အပြတ်ပြောနေသည့် ဒေါ် လေးနန္ဒာကို မျက်နှာငယ်လေးဖြင့် ဘာဘဦးအိုက်ခေါင် ကတော့ ခေ ယယ ကြည့်နေရှာ၏။ ဒေါ်လေးနန်းခက်နှင့် ခမ်းကြည်တို့ နှစ်ယောက် မှာကျတော့ ခမ်းကြည်လေး ကလည်း မိုးမခမှာ မနေရတော့ဟုသိ ဝမ်းသာနေတာလည်း သိသာနေသည်။ နေစရာမရှိတော့ဘဲ ရွာပြန်ရ မို့လည်း မျက်နှာလေးတစ်ချက်တစ်ချက် မလန်းရှာ ...။ ရွာမှာကျတော့ ပင်ပန်းမည်ကိုးလေ ..။ ဒေါ်လေးနန်းခက် ကတော့ တည်ငြိမ်နေသည် အလုပ်ဖြုတ်ဆိုလည်း အလုပ်ပြုတ်ရုံပဲဟု နှလုံးပိုက်ထားပုံရ၏။ မိုးမခ အနေမပြတော့မှာကိုလည်း ဝန်ထုပ်ပေါ့သွားသလိုပင် ရှိနေသေးသည် အဖြစ် ...။

"ရပါတယ် မမလေး .. မိုးမခမှာ ဘာလို့ ညမှာ အိပ်ဆေးသော အိပ်ရတယ်ဆိုတာ မမလေးလည်း အသိပါ .. မမလေး ကိုယ်တိုင် သောက်အိပ်ပါလို့ ပြောခဲ့သေးတာလည်း မမေ့စေချင်ပါဘူး .. တ



အလုပ်တစ်ခုမရချင်လည်း ရှိပါစေတော့ .. ရွာပြန်ပြီး ယာခင်းထဲမှာပဲ.. သုပ်ကိုင်နေလိုက်ပါတော့မယ် .. ရှိတဲ့ ပိုက်ဆံလေးနဲ့ အိမ်ဆိုင်လေး ဘစ်ဆိုင်ဆောက်ပြီး ဈေးရောင်းသင့်ရင်လည်း ရောင်းရမှာပေါ့လေ .."

ဟု ပြောလာသည်က ဒေါ်လေးနန်းခက် ပါ ...။

"ဩော် .. ဩော် .. ကျေးဇူးတင်ပါ့ မမနန်းခက် ရယ် .. ရှင်က .. ပိုက်ဆံတော်တော်ရှိနေသေးတယ်ဆိုပါတော့ .. ဟင် .. ကြည့်စမ်း .. အိမ်ဆိုင်တောင်ဖွင့်တော့မယ်ဆိုပါလား .. နေစမ်းပါ့ .. ညည်း .. အဲဒီ ပိုက်ဆံတွေ ဘယ်ကရသလဲ .. ငါ့တူအခန်း မီးရှို့ဖို့များ တစ်ယောက် ယောက်က .. တော်တော်များများ ညည်းကို မက်အောင်ပေးထားခဲ့တယ် ဆိုပါတော့ .. ကောင်မ... ငါ့ကိုတောင် အာခံရဲနေသေး .."

ဝုန်းခနဲ ထရပ်ရင်း သံသယဖြင့် စေ့စေ့ကြည့်ကာ ခံပြင်းသံဖြင့် ပြောလာသည့် ဒေါ်လေးနန္ဒာမှူး ကို လန့်လန့်ဖြင့် ခမ်းကြည်လေး နောက် သို့ဆုတ်ကာ အဒေါ်ဖြစ်သူ ဒေါ်နန်းခက်၏ ကိုယ်နောက်မှာ ဝင်ကပ် ဝုန်းကွယ်နေရှာ၏။

"ဒေါ်လေး .. အဲသလို စိတ်နောက်ကိုယ်ပါ မပြောပါနဲ့ဗျာ .. ကျွန်တော် နဲ့ ရှင်မေ့ သူတို့ အိပ်ခန်းကို ရှင်မေ့ မှာရှိတဲ့ တံခါးသော့နဲ့ ဖွင့်ကြည့်ပါ သေးတယ် .. တံခါးတွေက ချက်ထိုးတံခါးတွေမဟုတ်ပဲ.. လက်ကိုင်ဘု နဲ့ သော့ခ်တံခါးမျိုးပေမို့ ဖွင့်ဝင်ကြည့်နိုင်တာ ဒေါ်လေးလည်း သိနေ တာပါပဲ .. သူတို့နှစ်ယောက် တကယ်ကို နှစ်နှစ်ခြိုက်ခြိုက် အိပ်နေကြ တာပါ .. အဲဒါ .. ရှင်မေ့ နဲ့ ဒီဒီတို့နှစ်ယောက် အိပ်ပြတင်းတံခါးတွေ စစ်ကြည့်တော့ နောက်ဘက် ထမင်းစားခန်းပြတင်းက ချက်ချမထား ဘူး .. အဲဒီက လူဝင်တာ သေချာတယ် ဒေါ်လေး .. အဲဒီလူ.. ဒီဒီ အခန်း ထဲဝင်မီးရှို့တာ .. ဒီဒီလည်း မနေ့ညက ဘယ်လိုအိပ်မောကျနေတယ် မသိပါဘူး .. ဒေါ်လေးရယ် .. အံ့ရော .."

ဟု သူဝင်ပြောသည်။ သူပြောသည့်အထဲမှာပဲ နို့ရည်ပုလင်းကိစ္စပါ

www.burmeseclassic.com

www.burmeseclassic.com



မလာ ...။ ချန်ထားသည်။ အိပ်ဆေးမိထားတာကိုလည်း မပြော ...။ လှို့ဝှက်ထားသည်။ သဘောက မနေ့ညက သူကိုယ်တိုင်သည်ပင်လျှင် ဘာကြောင့် ဤမျှအထိ အိပ်ခြင်းမကအိပ်နေသည်ဆိုတာ မသိသေးသည့် သဘောမျိုးဖြစ်နေသည်။

"ခြံထဲလည်း .. ဘဘ အိမ်နေရာလေးကိုသွားကြည့်တယ် .. ဘဘ အိပ်နေတာများ .. အပြင်ကခေါ်ကောင်းယောက်သံကြားနေရတယ် .. တစ်နေ့လုံး ပန်းခြံထဲ အလုပ်များရှာတာ .. ပင်ပန်းတော့လည်း အအိပ်မက်မှာပဲပေါ့ ဒေါ်လေးရယ် .. ဒီတစ်ခါတော့ သူတို့အားလုံးကို ဒီမှာပဲ ဆက်နေပါစေတော့ .. ကဲ .. ကဲ .. ဘဘ .. မျက်ရည်ကျမနေပါနဲ့ ဗျာ-ခြံထဲမှာ လုပ်စရာရှိတာလုပ်လိုက်တော့နော် .. ဒေါ်လေး နန်းခက်နဲ့ ခမ်းကြည် လည်း လုပ်စရာရှိတာလုပ်ကြ .."

ဟု ဝင်၍ အခြေအနေကို သူထိန်းသည်။ ဒေါ်လေးနန္ဒာ မျက်နှာတင်းမာနေဆဲ ...။ မျက်စောင်းတခဲခဲဖြင့် မကျေမချမ်းအားလုံးကို လိုက်လိုက်ကြည့်သည်။ အထူးသဖြင့် ဘဘကို ပို၍ မျက်မုန်းကျိုးနေသည့်အကြည့် ...။

"ကြပ်ကြပ်သတိထားပါ အိုက်ခေါင် ...။ ဒါ .. နောက်ဆုံးဖြစ်ပါစေ .. မင်းပေါ့လျော့တာက မိုးမခအိမ်ကြီးထဲထိ လူဝင်နိုင်တဲ့အဆင့်ဖြစ်နေတာကို မမေ့ပါနဲ့ .. နောက်တစ်ကြိမ် ဒီလိုဖြစ်ရင်တော့ နင့်ကို အရင်ဆုံး မသင်္ကာမှုနဲ့ အချုပ်ထဲငါပို့မယ်သိလား .. အမှုဖွင့်မယ် .."

ဟု ကြိမ်းနေတော့ ဘဘ ခေါင်းကြီးငုံ့ကာ ခြံထဲကုတ်ကုတ်ယို့ယို့ဆင်းရှာ၏။ ဒေါ်လေးနန်းခက် ကတော့ မျက်နှာမကောင်း ...။ မိုးမခမှာ ဆက်နေချင်ပုံလည်းမရ ...။ သူများဆီက ပိုက်ဆံရ၍ အိမ်ရှင်ကိုသေကြောင်းကြံသည့်နယ် စကားအပြောခံရတာကို ကျေနပ်ပုံလည်းမရ။ သူ့ကို ဒေါ်နန်းခက်ကြည့်ကာ ..

"မပြောမဖြစ်လို့ ပြောပါရစေတော့ အစ်ကိုလေး ရယ် ... မမလေးက ဒေါ်လေးတို့ကို မသင်္ကာလည်း ဖြစ်ထားနေပြီမို့ .. မိုးမခ က အလုပ်ထွက်လိုက်ချင်ပါတော့တယ် .. ဒေါ်လေးတို့က ဆင်းရဲပေမယ့် .. ကိုယ့်အိမ်ရှင်ကို ပြန်သတ်တဲ့အထိ သစ္စာမဲ့တဲ့သူမျိုးမဟုတ်ပါဘူး .. တရိတသေနဲ့ ကျေးဇူးရှင်တစ်ယောက်လို ရင်ထဲမှာ ထားတာပါ .. အိပ်ဆေးသောက် အိပ်ရတာကတော့ .. သရဲကြောက်လို့ပါ .. ဒါ .. အရှင်းဆုံး ရှင်းပြလိုက်ရတဲ့ စကားပါပဲ .."

ဟု ပြောလာပါ၏။ နောက်ပြန်လှည့်၍ အခန်းဘက်ကိုသွားပြီ..။ စွဲသိမ်းဖို့ ဖြစ်ချေမည် ...။ ရှင်မွေ့ ကတော့ ဝင်ပြော၍ ကောင်းသော အချိန်မဟုတ်၍ ငြိမ်နေရပါ၏။ ကိုယ်က အိမ်ထောင်ထိန်းတာဝန်ကို ယူရတာမှန်ပေမယ့် .. လူတစ်ယောက်ကို အလုပ်မှ ဖြုတ်ခြင်း၊ ထားခြင်း ဆိုတာတွေကိုကျတော့ အိမ်ရှင်ကိစ္စထဲဝင်ပါ၍ မကောင်း ...။ ဒါပေမယ့် ရှင်မွေ့ စိတ်ထဲမှာ အလိုလိုယုံကြည်နေမိသည်က .. ဒေါ်လေးနန်းခက်သည် ဤကိစ္စထဲမှာ မပါဝင်ဆိုသည့်အသိပဲဖြစ်နေလေသည်။ ရှင်းမပြတတ်ပေမယ့် ...။ သက်သေမပြနိုင်ပေမယ့် .. ထိုသို့ပဲ ဒေါ်နန်းခက် တို့အပေါ် ရှင်မွေ့ မသင်္ကာမဖြစ်ပဲ ရှိလာနေသည်။ ဒေါ်လေးနန်းခက်၏ ပြောင်းကြည့်သည် ဆင်းရဲသူတစ်ယောက်၏ သိက္ခာမာနတွေနှင့် ပြည့်ဝနေကြသည်ဟု နားလည်နေမိရသည်လေ ...။

"မဟုတ်ဘူး .. ဒေါ်လေးနန်းခက် .. ဒီမှာ ဆက်လုပ်ပါ .. ကိုယ်က .. မမှန်မကန်မလုပ်ဘူးဆိုတာ ခိုင်မာစေချင်ရင် .. ဒီမှာ ဆက်နေပြီး လိုအပ်နေလိမ့်မယ် .."

ဟု သူလှမ်း၍ ပြော၏။ ဒါပေမယ့် ဒေါ်နန်းခက် ခေါင်းခါသည်။ သူမ်းလက်စခြေလှမ်းကို တုံ့ရပ်ကာ ကိုယ်ကို ပြန်လှည့်၍ သူ့ကို တလေးတစားကြည့်လာသည်။

"ဒေါ်လေးနန်းခက် ရွာပြန်မှာပါ .. ဒေါ်လေးနေတဲ့ရွာကို ပြောပြခဲ့မယ် .. လှိုင်ခမ်းမွန်းဆိုတဲ့ ရွာပါ .. အကယ်၍ .. ဒေါ်လေးဟာ အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



လေးကို မီးရှို့သတ်ဖို့အတွက် .. ကြံစည်ခဲ့တယ်လို့ မသင်္ကာပြီး ဖမ်းချင်တယ်ဆိုရင် .. အခုလည်း ဖမ်းပါ .. နောက်မှ ရွာမှာလာဖမ်းမယ် ဆိုရင်လည်း ဖမ်းပါ .. ဒါပေမယ့် .. ဒီ မိုးမခမှာတော့ .. ဒေါ်လေးရဲ့ ကိုယ့်သိက္ခာကို အကျခံပြီး ဆက်မနေချင်တော့တာအမှန်ပါပဲ .."

ဟု ပြောလာတော့ သူခေါင်းယမ်းသည်။ ဤတစ်ကြိမ်မှာတော့ သူ့မျက်ဝန်းတွေထဲမှာ ရှင်မွေ့ သေသေချာချာတွေ့လိုက်ရသည်က ဒေါ်နန်းခက်တို့အပေါ် သံသယမရှိနိုင်တော့သည့် ခံစားချက်တွေပဲ ဖြစ်နေ၏။ ဟုတ်သည် ...။ မနေ့ညက သူသည်လည်း ဒေါ်လေးနန်းခက် တို့ကို အလုပ်ဖြုတ်ပစ်မည်ဟုပင် သွေးပူပူ .. သွေးဆူဆူဖြင့် ပြောခဲ့သေးသည်ပဲလေ ...။ ခုကျတော့ ဒေါ်လေးနန်းခက် ၏ မျက်နှာ ...။ လေသံ ... ပြောလာသည့် တုံ့ပြန်စကားများကြောင့် ဖြစ်မည်။ လုံးဝ ယုံကြည်အပ်သော ဒေါ်လေးနန်းခက်ဟု မှတ်ယူယုံကြည်ထားလိုက်ပုံရနေပါ၏။

"မဟုတ်သေးဘူး ဒေါ်လေးနန်းခက် .. အဲဒီ ဒေါ်လေးပြောတဲ့ သိက္ခာဆိုတာအတွက်ကို .. ဒီမှာ ဆက်နေမှဖြစ်မှာပေါ့ဗျာ .. ဒေါ်လေးဘက်က ... မှန်နေတာမို့ .. ဘာလို့ထွက်ရမှာလဲ .. ဆက်နေရမှာပေါ့ခတဲ့ မာနမျိုးနဲ့တော့ ဒီမှာ ဆက်နေပြသင့်တာပေါ့ .."

ဟု ပြောလာတော့ ဒေါ်နန်းခက် သက်ပြင်းရှိုက်သည်။ မထူးတော့ပြီဆိုသည့်နှယ် ဖွင့်ပြောလာသည်ကလည်း မိုးမခမှာ ဆက်မနေချင်တော့သည့် စကားတွေပဲဖြစ်နေသည်။

"မိုးမခမှာ ... သရဲကြောက်ရင်း .. အိပ်ဆေးသောက်အိပ်နေရတာထက် ... ရွာမှာ အိမ်ဆိုင်လေးပြန်ဖွင့်ပြီး ရတာလေးနဲ့ပဲ ... စားသောက်နေပါတော့မယ် အစ်ကိုလေးရယ် ..."

ဟု ပြောလာတော့ သူ နားလည်သွားသည်။ ဒေါ်နန်းခက်သည် ဘယ်လိုမှ မိုးမခမှာ နေလိုစိတ်မရှိတော့ ... ဟူ၍ ...။

"ဒါဆို .. ဟိုမှာ လုပ်ကိုင်စားဖို့အတွက် .. ငွေကြေးလေးတော့



ကူညီပါရစေ ဒေါ်လေး .. ကျွန်တော် .. ရွာကို တစ်နေ့ လာလည်ပါ့မယ်.. ဒေါ်လေးရဲ့လက်ရာတွေ လာစားရင်းနဲ့ဆိုပါတော့ .. ကဲ .. ကဲ.. ပစ္စည်း သိမ်းမယ်ဆို သိမ်းပါ .. ဟိုတယ်က ကားကို လှမ်းမှာလိုက်ပါ့မယ် .. ရွာအထိ လိုက်ပို့ပေးခိုင်းပါ့မယ် .. ဒေါ်လေးနန္ဒာ လည်း နောက်ဆို ကိုယ့်အိမ်ကအလုပ်သမားတွေကို စကားဆင်ခြင်ပြောပေးပါဗျာ .."

ဟု သူပြောကာ မျက်နှာမကောင်းဘဲ အပေါ်ထပ် တက်သွားပါ၏။ ဒေါ်လေးနန်းခက် ကတော့ လုံးဝဆုံးဖြတ်ပြီးပုံဖြင့် ပစ္စည်းသိမ်းဖို့ တူဝရီးနှစ်ယောက် သွားလိုက်ကြပြီ။ ရှင်မွေ့ တစ်ယောက်တည်း ထမင်းစားခန်းစားပွဲနေရာမှာ ထိုင်လျက်ကျန်ရစ်၏။ ဒေါ်လေးနန္ဒာမှုး ကတော့ ပြောမိသည့်စကားအတွက် နောင်တဖြစ်ပုံလည်းမရ ...။ မယုံကြည်အပ်သူတို့ ထွက်သွားသည်ဟုပင် သဘောပိုက်ထားသည်လားမသိ။ ပေါ့ပေါ့ပါးပါးဟန်ဖြင့်ပဲ အခန်းထဲမှထွက်သွားသည်။ ရှင်မွေ့ ရင်ထဲမကောင်း...။ ခမ်းကြည်လေးဆို ...လေးစိတ်လေးဖြင့် ဖြူဖြူစင်စင်လေးရှိသည့်ကလေး ...။ မိဘလည်းမရှိတော့ ...။ အဒေါ်လုပ်သူကို အားကိုး၍နေရသည့် ကလေး ...။ မကြာလိုက် ...။ သူ ပြန်ရောက်လာသည်။ လက်ထဲမှာ အအိတ်ကြီးတစ်အိတ်ပါလာ၏။ အတော်ထူထူထဲထဲရှိနေသည်။ ပိုက်ဆံဆွဲထည့်လာမှန်း ရှင်မွေ့ သိလိုက်သည်ပါပဲ...။

"ဟိုတယ်က .. စားဖိုဆောင်က နှစ်ယောက်လောက်လွှတ်လာဖို့ ဘဘဦးအိမ်စိုးကို .. ကိုယ် လှမ်းပြောပါ့မယ် .. မင်းတစ်ယောက်တည်း အိမ်အလုပ်တွေ သိမ်းကြုံးလုပ်လို့တော့မရဘူးလေ .. မဖြစ်ဘူး .."

ဟု ပြောပြီးမှ ဒေါ်လေးနန်းခက်တို့ တူဝရီးရှိရာ အခန်းသို့ ခြေလှမ်းကျဲကျဲဖြင့် ဝင်သွားပါ၏။ ရှင်မွေ့လည်း ခြံထဲ စိတ်ရှုပ်ရှုပ်ဖြင့် ဆင်းလာမိရပြီ ...။ သူ အပေါ်ထပ်မှ ကြိုးဖုန်းဖြင့် ဘဘဦးအိမ်စိုးကို လှမ်းပြောခဲ့တာဖြစ်မည် ...။ ကားတစ်စီး ခြံဝမှာ ဟွန်းသံပေးတော့မှ ဘဘဦးအိုက်ခေါင် သွားဖွင့်ပါ၏။ မိုးမခဟိုတယ် တံဆိပ်အမှတ်အသားပါ

www.burmeseclassic.com

www.burmeseclassic.com



သည့် လိုက်ထရပ်ကားတစ်စီး ခြံထဲဝင်လာသည်။ ကားရှေ့ခန်းမှ ဘဘ ဦးအိမ်စိုးလည်း မျက်စိမျက်နှာပျက်ပျက်ဖြင့် ဆင်းလာတာကို မြင်နေ သည်။ ဖုန်းဖြင့် လှမ်းပြောရင်း အဖြစ်စုံကိုလည်း သူ အသိပေးခဲ့၍ ဖြ မည်။ ဘဘဦးအိမ်စိုး စိတ်ပူပန်လျက် ချက်ချင်းရောက်လာခြင်း..။ ရှင်မွေ ကတော့ ခြံထဲမှာပဲ ဆက်ထိုင်နေလိုက်သည်ပါပဲ..။

မနေ့ညက မီးကိစ္စတွေ့ဆာအစ သူပဲ ဘဘကို ပြောပါ့စေတော့ ဆ သည့် စိတ်ဖြင့် နေမိခြင်း။ လောလောဆယ်မှာ ဒေါ်လေးနန်းခက် တ တူဝရီးအတွက် ရင်ထဲမကောင်းဘဲ ဖြစ်နေရသည်မို့ ခြံထဲမှာပဲ တစ်ယော တည်း ငြိမ်၍ထိုင်နေလိုက်ချင်သည်ပါပဲ ..။

အထူးသဖြင့် ဘဘဦးအိမ်စိုး ရောက်လာ၍ ဒေါ်လေးနန္ဒာ နော တစ်ကျော့ အပေါ်ထပ်မှ ဆင်းလာတာကို ဟိုစွပ်စွဲသည့်စွပ်စွဲ .. ဟို ဆူ သည့်လူဆူဖြင့် ပြောနေတာတွေလည်း မကြားချင်တော့ ..။ စိတ် ပန်းလှပြီလေ ..။

ရှင်မွေ့ ငေးငေးငူငူ တစ်ယောက်တည်း ထိုင်နေမိဆဲ .. ဘဘ အိုက်ခေါင်လည်း ဥယျာဉ်ထဲမှာ ရှိမနေ ..။ စိတ်ညစ်ညစ်ဖြင့် နော ဘက်က အလုပ်သမားအိမ်အငယ်လေးထဲမှာ မျက်ရည်ကျနေချေပြီလ မသိ ..။

"ဘယ်သူများ ခြံထဲဝင်လာပြီး .. အဲဒီ ချက်ချမထားတဲ့ပြတ ပေါက်ကနေ အိမ်ထဲဝင်လာပါလိမ့် .. နေ့စမ်းပါဦး .. မိုးမခမှာ ဒီလော များတဲ့ပြတင်းပေါက်တွေရှိတဲ့အထဲမှာ .. အဲဒီပြတင်းတစ်ပေါက် ချက်မချထားဘူးဆိုတာ ဘယ်လိုများ အဲဒီလူက သိနိုင်မှာတဲ့လဲ - ဥစ္စာက .. ခြံထဲ အလွယ်တကူဝင် .. အိမ်ထဲ အလွယ်တကူရော အစ်ကိုလေး အခန်းထဲ မီးရှို့ .. ပဲနို့ရည်ပုလင်း လဲ .. ဆိုတာတွေ ရှ တယ် .. အဲဒီလောက်ထိ သိနေရတာကိုက .. အတွင်းကျကျသိထ ပေါ့ .. သူက .. ဘယ်လိုသိတာတဲ့လဲ .."



ဟု တွေးကာ ရင်ထဲ ရှုပ်ထွေးလာသည်။ လက်ညှိုးထိုးပြစရာလည်း သူက တွေးမရနိုင် ..။

"ဘာပဲဖြစ်ဖြစ် .. ငါ ပေါ့လျော့တာလည်းပါတယ် .. ပြတင်းပေါက် တွေ တစ်ခုမကျန် .. နောက်ကို .. ငါ .. စစ်ရမယ် .. တံခါး .. ပြတင်း .. အားလုံး စစ်ရမယ် .. အဲဒီတာဝန်ကို တိတိကျကျ .. ငါ လုပ်ကိုလုပ်ရမယ် .."

ဟု ကိုယ့်ဘက်က ပေါ့မိသည့်အချက်ကိုလည်း ဝန်ခံမိရသည်ပါ ပဲ။ ဟုတ်သည်လေ ..။ ရှင်မွေ့ မနေ့ညက ပြတင်းပေါက်တွေ တံခါး ပေါက်တွေတိုင်းကို လိုက်စစ်ခဲ့လျှင် .. ခုလို .. လူစိမ်းတစ်ယောက်.. အိမ်ထဲရောက်စရာ မရှိ ..။ သူလည်း အလုပ်ကြဲခံရဖွယ် မရှိ ..။ တကယ့် ကို ဒေါ်လေးနန်းခက်နှင့် ခမ်းကြည်တို့ တူဝရီးနှစ်ယောက် သေတ္တာ ကိုယ်စီဖြင့် ထွက်လာကြပါ၏။ ရှင်မွေ့ ကိုတွေ့တော့ သေတ္တာကို ကား ပေါ်အရင်သွားတင်ပြီးမှ ဒေါ်လေးနန်းခက် ရောက်လာရှာသည်။

"ဒေါ်မလေး သွားမယ် မိန်းကလေး .. ဒေါ်လေး မရှိတဲ့အတွက်.. မိန်းကလေး ပင်ပန်းမှာ စိတ်မကောင်းပါဘူး .. ဒါပေမယ့် .. ဒေါ်လေး မှာဆိုခဲ့ပါတယ်ကွယ် .. အစ်ကိုလေးကို .. ဒေါ်လေးတို့ ကျေးဇူးမကန်း ပါဘူး .."

ဟု မျက်ရည်လည်ရင်း ပြောရှာ၏။ ရှင်မွေ့ ခေါင်းလေးညိတ်ပြ ကာ ..

"ဒေါ်လေးကို ရှင်မွေ့ ယုံပါတယ် .."

ဟု ပြောမိရသည်။

"ဆင်းရဲတဲ့ဒေါ်လေးကို .. ယုံကြည်ပေးဖော်ရတဲ့အတွက် .. မိန်း ကလေးကို ဒေါ်လေး ကျေးဇူးတင်ပါတယ်ကွယ် .. ဒေါ်လေးဟာ ဒီထမင်း ကိုစား .. ဒီအိုးကိုဖောက်တဲ့သူမျိုးမဟုတ်တာကိုတော့ ထပ်ပြောပြချင် ပါတယ် .. အစ်ကိုလေးကို .. ဒေါ်လေးက .. ဘာလို့ သေစေချင်ရ မှာတဲ့လဲ .. အဲဒါကို .. အစွပ်စွဲခံရတာ .. ရင်ထဲ အနာဆုံးပါပဲ .. ဒီမှာ

www.burmeseclassic.com

www.burmeseclassic.com



နေရင် .. အဲဒီ ဒေါ်နန္ဒာမှူး ကို မြင်နေရမှာ .. သူ့စကားတွေ စွပ်စွဲ သံ
နားထဲက မထွက်နိုင်သလို .. သူ့ကိုလည်း .. မကြည့်ချင်တော့ပါ
မိန်းကလေးရယ် ..''

ဟု ပြောကာ မျက်ရည်သုတ်သည်။ နောက်တော့ ကားရှိရာ သူ
သည်မို့ ရှင်မွေ့ ကားနားအထိ မျက်နှာမလန်းဘဲ လိုက်ပို့ပေးမိရသည်
ကားလေးထွက်သွားတော့ ရှင်မွေ့ ရပ်ကျန်ခဲ့သည်ပါပဲ ..။ ဘဘ ဦး
ခေါင်လည်း အိမ်လေးထဲမှ ပြန်ထွက်မလာတော့ပြီ ..။ ကားဟွန်း
ကြောင့်သာ တစ်ချက် ခြံတံခါးပြေးဖွင့်ပေးတာပဲရှိသည်။ ထိုမှ .. ပြ
လုံးဝလူရိပ်ပင်မတွေ့ရတော့ ..။

ရှင်မွေ့ .. ခြေလှမ်းလေးလေးဖြင့် စောစောကထိုင်နေသည့် မြက်
အစပ်ဆီမှ ခုံတန်းလေးမှာ ထိုင်မိရပြန်သည်။

သူ .. အိမ်ကြီးဆီမှလျှောက်လာတာကိုမြင်နေရတော့ ငြိမ်၍
ငေးနေမိရသည်ပါပဲ။ သူ .. မျက်နှာမကောင်း .. ။ ကားမှာလာထိုင်သ

''ဘဘကလည်း မယုံနိုင်ဘဲဖြစ်နေတယ် .. အဲသလောက်
ကိုယ့်အခန်းထဲရောက် .. ကိုယ့်ကိုသတ်ဖြတ်တာကို မယုံနိုင်ဘဲဖြ
တယ် .. ဟိုတယ်မှာပြောင်းနေဖို့လည်းပြောတယ် .. ကိုယ် ငြင်း
ရှင်မွေ့သာ .. ကိုယ့်ကိုသတ်ချင်တဲ့သူ .. သေစေချင်တဲ့သူကို ..
ရှောင်မပြေးဘူး .. ရင်ဆိုင်ပြီး .. သူ .. ဘယ်သူလဲဆိုတာ သိအေ
လုပ်ရလိမ့်မယ် .. ကိုယ်ဟာ ကြောက်တစ်ယောက်မဟုတ်ဘူးဆို
သူသိဖို့လိုတယ် ..''

ဟု အံခဲ၍ ခပ်ပြင်းသံဖြင့် ပြောလာသည်။ 'နောက်တော့ ရှင်
ကိုကြည့်လာပါ၏။ မျက်နှာမကောင်း ..။

''လောလောဆယ်မှာ .. ဟိုတယ်က စားဖိုဆောင်ဝန်ထမ်း
ဘယ်သူ့ကိုမှ ဒီကိုလွှတ်လို့မရဘူးဖြစ်နေတယ်တဲ့ .. ဘဘ ပြော
မိုးမခမှာ ဒေါ်လေးနန်းခက်တို့ အလုပ်ကထွက်သွားတယ်.. ဒါ



ယောက်ကို .. လွှတ်ရလိမ့်မယ်လို့ ပြောတော့ .. သူတို့ထင်တာက..
မှာ တချွေနဲ့တိုးပြီး ဒေါ်နန်းခက်တို့ ပြေးတာပဲလို့ထင် .. ပိုမလာရဲဘဲ
ဖြစ်ကုန်ကြတာတဲ့ .. ကိုယ့်ရဲ့ ညကကိစ္စကိုလည်း လူသိမခံနိုင်တာမို့
ဘကလည်း သူတို့ကို ပြောမပြဘူးလေ .. ဒီမှာ နှစ်ယောက် လာလုပ်
ပဲ ပြောတာတဲ့၊ အဲဒါ .. မလာရဲဘူးဖြစ်ကုန်လို့ .. ဘဘလည်း ဒွတ်
မကောင်းတာနဲ့ .. စိတ်လျှော့လိုက်ရတယ်တဲ့ .. လောလောဆယ်
.. မင်းတစ်ယောက်တည်း ဖြစ်နေမှာပဲ .. နောက်တော့လည်း
သစ်ရှာပြီး မိုးမခမှာ ခေါ်ထားရမှာပေါ့ .. အိမ်ဖော်ပွဲစားတွေက တစ်
ခေါ်ရမယ့်သဘော ဖြစ်နေတယ် .. ခက်တာက .. မိုးမခရဲ့ တချွေ
လမ်းကလည်း လူသိများတဲ့ကိစ္စဖြစ်နေတော့ .. လူမှ .. ရပါမလား
သိဘူး ရှင်မွေ့သာ .. ဒေါ်လေးနန္ဒာလည်း ရှင်မွေ့ကို မီးဖိုချောင်ကိစ္စ
လုပ်ကိုင်ကူရလိမ့်မယ် ..''

ဟု ပြောလာတော့ ရှင်မွေ့ ခေါင်းလေးခါမိသည်။ ဘာကြောင့်ရယ်
သိ ..။ ဒေါ်လေးနန္ဒာမှူးနှင့်တော့ တူတူချက်ပြုတ်တာတွေ မလုပ်ချင် ..။
သူးသဖြင့် စိတ်မွန်းကြပ်ကျဉ်းကြုတ်မည်ဟုထင်သည် လည်းပါနေ
ည်။ သေးငယ်သောမျက်ဝန်းနှင့် ထူထဲသောမျက်တောင်တို့ကြားဆီမှ
ည့်လာမည့် အကြည့်ရူးရူးတွေကို ရင်ဆိုင်နေရသည်ထက် တစ်
ကတ်တည်းလုပ်ကိုင်ပင်ပန်းလိုက်သည်က သက်သာချောင်မည်။

သူ .. ပြုံး၍ကြည့်လာသည်။ အပြုံးက အသက်မပါ..။ ဖျော့တော့
ခိုနေ၏။

''မင်း .. ထွက်ပြေးချင်နေပြီလား ရှင်မွေ့ .. ဟင် .. ကိုယ့်ကို ..
ားခဲ့ပြီးတော့လေ ..''

ဟု မေးလာတော့ ရှင်မွေ့ ရင်ထဲ ထိနိုက်ရသည်။ သူ့ကို .. သူ့ကို..
မွေ့ ဘယ့်နယ်လုပ်၍ တစ်ယောက်တည်း ထားခဲ့ရက်နိုင်စွမ်းပါမည်
လဲလေ ..။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ .. ရှင့်ကို .. မထားခဲ့နိုင်ပါဘူး .."

ဟု ဖြေမိသည်။ သူ .. ရှင်မွေ့ကို မမိုတ်မသုန်ကြည့်နေသည် တဖြည်းဖြည်း သူ့မျက်ဝန်းတွေမှာ ကြည်နူးရိပ်တွေ ထင်၏။ အေးချမ်း သည့်ခံစားမှုတွေက သူ့မျက်နှာထက်မှာ အုပ်မိုး၏။

"ကျေးဇူးတင်တယ် ရှင်မွေ့သာ .. အဲဒီအတွက် .. ကိုယ် ကျေးဇူးဆပ် မှဖြစ်မယ်ကွယ့် .. ဘယ်လိုလဲ့ဆိုတော့ .. မင်းကို .. မီးဖိုဆောင်ထဲမှာ တူတူလုပ်ကူရလိမ့်မကွယ် .. ကိုယ်လည်း .. အခန်းအောင်းနေတာ ထက်.. တစ်ခုခု မီးဖိုဆောင်ထဲမှာ လုပ်ကိုင်နေတော့ .. စိတ်သက်သာ တာပေါ့ .. အထူးသဖြင့် .. မင်းကို .. ကူညီရတဲ့အတွက် .. ကိုယ် ကြည်နူး နေရမှာလည်း အမှန်ပဲကွယ့် .. ရှင်မွေ့သာ ရဲ့ .."

ဟု ပြောလာသံက ပေါ့ပေါ့ပါးပါးနိုင်သည်။ ကြည်ကြည်စင်စင် ရှိလာသည်။ ရှင်မွေ့ ထွက်သွားချေမည်လားဟု သူ စိုးရိမ်ရလေသမျှ မိုးမခမှာ ရှင်မွေ့ ဆက်ရှိနေမည်ဆိုတာ သိလိုက်ရ၍လည်း ကလေး တစ်ယောက်နှယ် ဟန်မဆောင်နိုင်စတမ်း ပျော်သွားတာလည်း သိသာ နေသည်ပါပဲ ..။

ဩော် .. ရှင်မွေ့ သည် .. သူ့အတွက် .. ဤမျှအထိ .. အင်အား တစ်ခု ဖြစ်နေသည်တဲ့လားလေ ..။ ပျော်ရွှင်ခြင်းကို ပေးနိုင်သူ သောကများကို ပြေပျောက်စေနိုင်စွမ်းသူ ..။ အရာရာကို .. ရင်ဆိုင်ဖို့ မှာ အဖော်တစ်ယောက်၏လက်တစ်စုံအဖြစ် ရှိနေသည့်သူ ..။ ထိုသူ သည် .. ရှင်မွေ့ ဖြစ်နေသည်တဲ့လား ..။ အရေးပါသူအဖြစ် ရှင်မွေ့ ရှိနေသည်တဲ့လားလေ ..။



## အခန်း (၁၀)

ဘုရားခန်းမှာ သူ ကြည်နူးခြင်းဖြင့် ငြိမ်နေမိရပြီ ..။ မြတ်ဘုရား ဘက်မြတ်အား ဆွမ်း ပန်း ဆီမီး တို့ဖြင့် ပူဇော်ထားပြီးဖြစ်နေသည်က ရှင်မွေ့သာ၏ မိန်းကလေးပီသ ကျက်သရေရှိခြင်း၏ဂုဏ်ကို မြင့်တင် သည့်နှယ်ပါတကား ..။

"ဘယ်အချိန်ကများ ထပြီး အားလုံး လုပ်ထားရှာပါလိမ့် .. ဒေါ်လေး ကက်နဲ့ ခမ်းကြည် တို့ကလည်း မရှိ.. ဒေါ်လေးနန္ဒာ ကလည်း တမင် ဘာကို ဝင်မလုပ်ကိုင်ကူဘဲ နေနေတာ .. အဲဒါ ခက်တာပါပဲလေ .. ဒေါ်လေးနန္ဒာ ရဲ့စိတ်ထဲမှာကလည်း ဒေါ်လေး လုပ်ကိုင်တာတွေကို စိတ် မကျေလို့ တခြားသူတစ်ယောက်ကို မိုးမခမှာ ခေါ် ခန့်ထားတာလို့ နေပုံမျိုးပဲ .. ခုကြည့်စမ်း .. ရှင်မွေ့ တစ်ယောက်တည်း လုပ်ကိုင် မယ်ဆိုတာ သိသိကြီးနဲ့ ပေကပ်ပြီး အခန်းအောင်းနေတဲ့ ဒေါ်လေး လားလေ .."

ဟု စိတ်ထဲမှ မကောင်းနိုင်ဘဲ တစ်ချက်ညည်းမိရပါ၏။ ဘုရား ကန်တော့ပြီးတာနှင့် သူ အောက်ထပ်သို့ဆင်းလာရပါ၏။ ထမင်းစား

www.burmeseclassic.com

www.burmeseclassic.com



ဆောင်မှာ လူသူရှင်းနေသည်။ မီးဖိုဆောင်ဆီမှ ပူတင်းဖုတ်သည့်ရနံ့ သင်းမွှေးမွှေးကို ပထမဆုံးရ၏။ သူ မီးဖိုဆောင်ထဲ ဝင်လာတော့ ရှင်မွေ့ ကို မူပိုင်ဝတ်နေကျ နက်ပြာရောင်ဘောင်းဘီရှည်ပွပွဖားဖားလေး၊ အပြာ ရောင် ဘလောက်(စ်)ဓါးရှည်လည်ထောင်ဇာနားကွပ်လေး၊ လည်စည်း အပြာလေးဖြင့် တွေ့ရပြီ…။ ပန်းသီးလေးတွေစိတ်၍ ဖျော်စက်ထဲထည့် နေသည့်ပုံလေးဖြင့် ငြိမ်နေသည်။ မျက်တောင်ရှည် ထူထူကော့ကော့ လေးတွေကို ဘေးတိုက်မြင်နေရ၏။ နှာတံလေးက ထင်းနေသည်။ နှုတ်ခမ်းလေးက ဖူးဖူးအိအိ …။ မျက်နှာဖြူဥဥလေးမှာ အကြောမျှင်စိမ်း မြမြတို့ ရှိးရိပ်ထင်သည်အထိ ဥမ်မိန်းကလေး၏အလှက ဖန့်ဖန့်ဝင်းဝင်း စင်စင်ရှိ၏။ ဆံထုံးလေး မြင့်မြင့်ထုံးထားကာ ဝတ်စားထားတာလေး မြင်ရုံဖြင့် မိုးမခ၏ ဝန်ထမ်းတစ်ယောက်ဆိုတာ သိသာနေစေသည့် ကောင်မလေး …။

"သူ့ကို ခုလိုမြင်ရတော့လည်း … အရုပ်လေးလိုပါပဲလားလို့ ခံစား ပေမယ့် … တကယ်တမ်းဆိုရင်ဖြင့် … ဒီကောင်မလေးကို … ထဘီလှလှ လေး၊ မြန်မာဝတ်စုံအင်္ကျီလေးနဲ့မြင်ချင်နေတာ … သူဟာ … ဒီမိုးမခ အလုပ်သမားတစ်ယောက်လို့ ငါ မမြင်ရက်ဘူးဖြစ်နေတယ် … အေးလေ သူဟာ … မိုးမခရဲ့ပတ်သက်ရာလူတစ်ယောက်အဖြစ် … အိမ်သားအဖြစ် ရှိနေတာမဟုတ်ဘူးဆိုတာကို … သူ့ပုံသေဝတ်စုံအပြင်အဆင်လေး ထိန်းထားသလိုပါပဲလား …"

သူ တွေးကာ မီးဖိုဆောင်ထဲ ဝင်လာမိရပါ၏။ ပန်းသီးစိတ်လေး တွေကို သကြားနှင့်နွားနို့ အနေတော်လေးထည့်၍ ဖျော်ရည်ဖျော်စက် မွှေနေသည့်အသံက မီးဖိုဆောင်ထဲမှာ လွှင့်၏။ ခုထိ သူ အခန်းထဲ ဝင်လာတာကို ရှင်မွေ့ သိပုံမရ …။ သူ … ရှင်မွေ့နောက်မှာ သွားရပ်လိုက် ကာ…

"တစ်ခုခုတော့ ကိုယ့်ကို လုပ်ခိုင်းမှဖြစ်လိမ့်မယ် ရှင်မွေ့ …



ကြက်သွန်ဖြူထောင်းတာတို့ … တံမြက်လှည်းတာတို့ … စားပွဲထိုးလုပ် တာတို့လောက်တော့ ကိုယ် ကောင်းကောင်းလုပ်တတ်ပါတယ်ကွ …"

ဟု ပြောတော့ ရှင်မွေ့ လှည့်ကြည့်လာပါ၏။ မျက်မှောင်လေး ကြုတ်၍ကြည့်ခြင်း …။

"အစ်ကိုလေး လုပ်ရမှာက … ထိုင်နေဖို့ပဲ … စားစရာရှိတာတွေ ရွှေ့ရောက်သမျှကို စားဖို့ပဲ … ဒါကလွဲပြီးရင် … ရှင်မွေ့ ရဲ့အလုပ်ထဲကို ဝင်ရောက်မစွက်ဖက်ပါနဲ့ …"

ဟု ခပ်တည်တည်လေးပြောလာတော့ သူ လွှတ်ခနဲပြုံးမိသည်။ သူ အလုပ်တွေထဲ ဝင်ဝင်ပါနေမှာကို ဘယ်လိုမှ စိတ်ထဲတွေ့မည့်အချိုး ရှိ …။

ဖျော်ရည်စက်မွှေသံ ရပ်သွားပြီ …။ ရှင်မွေ့ ဖန်ချိုင့်ထဲ ဖျော်ရည် တွေကိုလောင်းထည့်နေ၏။

ထိုစဉ်ခိုက် မီးဖိုဆောင်ထဲ ရောက်လာသည်က ဒေါ်လေးနန္ဒာ ဖြစ် နေပါ၏။ သူနှင့် ရှင်မွေ့ နှစ်ယောက်တည်းဖြစ်နေတာကိုလည်း မနှစ်မြို့ သလို သိသိသာသာပင် ပေါ်တင်မျက်မှောင်ကြီးကြုတ်၍ ကြည့်လာ သည်။

"ဒီဒီကို ဒေါ်လေး ပြောချင်တယ် … မိုးမခမှာက … နန်းခက်တို့ သည်း မရှိတော့တော့ဘူး… လူသစ်လည်း ခေါ်လို့မရဘူးဖြစ်နေတယ်… အိမ်မှာ … အသက်အရွယ်အားဖြင့် မတိမ်းမယိမ်းဖြစ်နေကြတဲ့သူတွေက ဒီတို့နှစ်ယောက်ဖြစ်နေတယ်… ဒီတော့ … ဒီဒီ ဟိုတယ်မှာ သွားနေပါ… အိမ်ဖော်သုံးလေးယောက်ခေါ်ပြီးချိန်ကျမှ ဒီဒီ မိုးမခမှာ ပြန်လာ နေရင် ပိုကောင်းမယ် …"

ဟု ပြောလာတော့ ရှင်မွေ့ ငြိမ်နေသည်။ သူ ဘာပြောမည်လဲ ဆို သည့် အကဲစတ်စောင့်ဆိုင်းလိုက်ပါသည့် ငြိမ်သက်ခြင်းပါ …။

သူ ရှင်မွေ့ ကို ကြည့်သည်။ နောက်တော့ ဒေါ်လေးနန္ဒာ လက်ကို

www.burmeseclassic.com

www.burmeseclassic.com



ဆွဲ၍ ညှော်ခနဲ့အက်ဆီသို့ခြေလှမ်းမှန်မှန်ဖြင့် ခေါ်လာလိုက်မိရပါပြီ-

"ဒေါ်လေး .. မိုးမခမှာ ရှင်မွေ့ဟာ လိုအပ်နေတယ် .. ရှိမှဖြစ်မယ်-သူ့ကြောင့်.. ဒီဒီ အသက်ရှင် .. အသက်ရှည်ခဲ့ရတယ်ဆိုတာ ဒေါ်လေး သိပါတယ် .. မိန်းမပျိုတစ်ယောက် အနေခက်စေမယ့်စကားမျိုး သူ့ရှေ့မှာ ဘွင်းဘွင်းပွင့်ပွင့်ပြောတာမျိုးဟာ တစ်ဖက်သားကို အားနာ မျက်နှာပူစရာဖြစ်နေပါတယ် .."

သူ တည်တည်ငြိမ်ငြိမ်ပြောလိုက်သည်ပါပဲ။ ဒေါ်လေးနန္ဒာ၏ မျက်နှာ ပို၍အေးစက်ခေါင်းမာရိပ်တွေဖြင့် ပြည့်သိပ်လာနေကြပါ၏။

"တကယ်တော့ ဒေါ်လေးနှုတ်က ဖွင့်ပြောနေဖို့တောင် မလို ဘူး.. သူ့အသိနဲ့သူ .. အလုပ်ကထွက်သွားဖို့ကောင်းနေပါပြီ .. သူ့ရှ ရည် .. သူ့အလုအပနဲ့ .. အိမ်ထောင်ထိန်းဆိုတဲ့အလုပ်တစ်ခုထက် - ကုမ္ပဏီကြီးတစ်ခုခုမှာ သူ့ဒွေးရဲ့စက္ကူတောရီလုပ်ဖို့ကောင်းတာ အမှန် ခုလို .. လူပျိုတစ်ယောက်ရှိတဲ့အိမ်ကြီးတစ်အိမ်မှာ .. ဘေးအကူအိမ် မရှိဘဲ .. လူနည်းနည်းနဲ့ .. တူတူမနေသင့်တာ သူ နားလည်ရလိမ့်မ ပြီးတော့ .. သူ့ပုံစံက .. အိမ်ထောင်ထိန်းနဲ့တူမလာတော့သလိုပဲ - ထောင်ရှင်မဖြစ်ချင်တဲ့ အချိုးမျိုးမြင်လာနေရတယ် ဒီဒီရဲ့ .. အဲ ဒေါ်လေး စိတ်ပူတာ .. သူ .. ဒီဒီ ချမ်းသာခြင်တွေကို အပိုင်လာ တော့မယ်လို့ ခံစားလာနေရတယ် .. သူ့လို .. အလုပ်သမတစ်ယော ဒီဒီလို .. သူကြွယ်တစ်ယောက်ဟာ မတန်ပါဘူး၊ မီးဆိုတာ မလော တားရသကွယ့် ဒီဒီရဲ့ .."

ဟု နောက်မဆုတ်စတမ်း ခေါင်းမာမာဖြင့် ဆက်ပြောလာ ဒေါ်လေးနန္ဒာမှူး ကို သူ တည်တည်ငြိမ်ငြိမ်တုံ့ပြန်ကြည့်နေမိသ ဝင်မပြောသေး ..။ ဘယ်လောက်ထိ ဒေါ်လေးနန္ဒာမှူး သွန်ပြောလ မည်လည်းဆိုတာ လွှတ်ထားခြင်း ..။

"**စဉ်းစားကြည့်လေ .. သူ့ရှစ်ရည်** .. သူ့ပညာနဲ့ .. ဒီလိုတော



အသက ကုန်းမြင့်တစ်ခုပေါ်မှာ ထီးထီးကြီးရှိနေတဲ့ မိုးမခလိုနေရာမျိုး မှာ အလုပ်လုပ်တာထက် .. ရန်ကုန်မြို့လို မြို့ကြီးပေါ်မှာ .. အလုပ် ကောင်းတစ်ခုကို .. ရှာဖွေနိုင်ရမှာပေါ့ .. သူ့မှာ .. ဘာအရှုပ်တွေရှိနေ လို့ ဘယ်သူကမှ အလုပ်မခန့်ဘဲ ရှိနေခဲ့ရျေသလဲမှမသိတာ.. အဲဒီအရှုပ် တစ်ခု .. မိုးမခမှာ .. ဒီဒီနဲ့အတူ တစ်မိုးအောက်မှာရှိနေခြင်းကို ဒေါ်လေး စိတ်သောကဖြစ်တယ် .. ဒါပါပဲ .."

ဟု ဆက်ပြောလာပါ၏။

"လခကို .. တစ်နှစ်စာဖြစ်ဖြစ် .. နှစ်နှာမှုတစ်ခုလိုသတ်မှတ်ပြီး ပေးလိုက်နိုင်တာပဲလေ .. သူ့ကို .. ပြန်ခိုင်းလိုက်ပါ ဒီဒီ .. ဒေါ်လေး မိုးမခကို .. နိုင်နင်းအောင်ထိန်းနိုင်ပါတယ် .. ချက်ပြုတ်နိုင်ပါတယ်၊ ဒေါ်လေးရဲ့တူလေးကို .. ဒေါ်လေး .. စောင့်ရှောက်နိုင်ပါတယ် .. ဂရု စိုက်နိုင်ပါတယ် .. မိုးမခကို .. အခက်အခဲမရှိ .. ထိန်းနိုင်ပါတယ်၊ ကောတန်ရာအဆင့်ထဲက မိန်းကလေးတစ်ယောက်ကို မိုးမခမှာထားပြီး ဒါကို အပ်လိုက်ရတာမျိုးကိုတော့ ဒေါ်လေး အဖြစ်မခံနိုင်ဘူး .."

ဟု ပြောလာတော့ သူ ခေါင်းခါသည်။

"ခေါင်းမခါနဲ့ ဒီဒီ .. ပြီးတော့ .. ပြီးတော့ .. ဒီဒီက .. ဒီဒီက များ .. နဲ့ .. တူတာမှမဟုတ်တာ .. ဆေး .. သောက် .. နေ.. ရ.."

တဖြည်းဖြည်း စကား၏အတိမ်အနက်သည် သူ့ကို အရှုံးတစ်ပိုင်း သတ်မှတ်ထားသည့်နှယ် ရှိလာကုန်ပြီ ..။ သူ .. ပြုံးပါ၏။ ဒေါ်လေး နန္ဒာမှူး၏လက်ကို ဖွဖွကိုင်သည်။ ဒေါ်လေး၏မျက်ဝန်းတွေလည်း လက်ပလာကြပါ၏။ ဒေါ်လေး၏စကားလုံးတွေ သူ့ရင်ထဲထိအောင် ထိမိသွားနိုင်ခဲ့ပြီဟု ထင်လိုက်ပုံရနေပါ၏။ ဒေါ်လေး ပြောရ ခြင်း သူ နားယောင်သွားပြီဟုလည်း မျှော်လင့်နေပုံရပြီ ..။

"အဲဒါ .. ရှင်မွေ့သာ ပူရမယ့်ကိစ္စဖြစ်နေတယ်ဆိုတာ ဒေါ်လေး မြင်မိပဲကိုး .. တစ်နေ့ကို နှစ်ကြိမ် ကျွန်တော့်ကို ဆေးမှန်မှန်တိုက်

www.burmeseclassic.com

www.burmeseclassic.com



နေရတဲ့ ရှင်မွေ့သာရဲ့ စိတ်ထဲမှာ ကျွန်တော့်ကို အရှုံးတစ်ယောက်လို့ မြင်နေနိုင်တယ်ဆိုတာ ဒေါ်လေး မစဉ်းစားမိပဲကိုး ,, အရှုံးတစ်ယောက်ကို လက်ထပ်လိုက်ရမှာ .. စိုးရိမ်နေရမယ့်သူက .. ရှင်မွေ့သာပါ - အလွန်လှပချောမွေ့ထက်မြက်တဲ့ မိန်းကလေးတစ်ယောက်ကို လက်ထပ်ခွင့်ရလိုက်မှာကို အရှုံးတစ်ယောက်က မှပန်ကြောင့်ကြနေဖို့မလိုပါဘူး- ဆုတောင်း တောင်းရမယ့်သဘောပါ.. အရှုံးကို .. ဘဝဖော်အဖြစ် လက်တွဲရဲတဲ့သတ္တိဆိုတာ .. တော်ရုံမမွေးရဲတဲ့အဖြစ်ပါ.. ဒေါ်လေးကို ဒီဒီ ပြောပါ့မယ် .. ရှင်မွေ့ကို .. ဒီဒီ လက်ထပ်ခွင့်တောင်းထားပါတယ်- သူ .. ခုထိ လက်မခံသေးပါဘူး .. သူ လက်ခံတဲ့နေ့မှာ .. သူ့ကို .. တရားရုံးမှာ ဒီဒီ တရားသူကြီးရှေ့မှာ .. စာချုပ်စာတမ်းနဲ့ လက်ထပ်မှာပါ - ,အပြန်မှာ .. ဒီဒီ့ပိုင်ဆိုင်မှုအားလုံးကို .. သူ့နာမည်နဲ့လွှဲဖို့ကိစ္စ.. အရင်ဆုံး ဆောင်ရွက်ပြီးမှ မိုးမခကို ရောက်ရမှာပါ .. ပစ္စည်းလွှဲပေးတာက အရင်- ဖနီးနဲ့ မိုးမခကို ပြန်ရောက်တာက နောက်မှဖြစ်ရမှာပါ.. ရှင်မွေ့ ဟာ - ကျွန်တော် လက်ထပ်လိုက်တဲ့ .. လက်ထပ်ခွင့်ရလိုက်တဲ့ မိန်းကလေး ဟာ .. မိုးမခကို .. ပိုင်ရှင်တစ်ယောက်အနေနဲ့ ဝင်လာရမှာပါ .."

ဟု ပြောချလိုက်တော့ ဒေါ်လေး မျက်နှာသွေးရောင်ဖျော့ကျ သည်။ တုန်လှုပ်အံ့ဩသလို မလှုပ်မယှက်ကြီး ငြိမ်ကြည့်နေသည် အတန်ကြာ၏။

"မဟုတ် .. မ .. ဟုတ် .. သေး .. ဘူး .."

ဟု တုန်တုန်လှုပ်လှုပ်ပွင့်ကျလာသည့်အသံက အတန်မျှ နေး တုန်ခါနေသည်။

"ဘုရားရေ .. ဒီဒီ စိတ်ထဲထင်ရာ .. မလုပ်မိပါစေနဲ့ .." ဟု တုန်တုန်လှုပ်လှုပ်ပြောနေသည်။ တစ်ယောက်တည်း ယောက်ယက် နေသည့် ဒေါ်လေး၏မျက်နှာထက်မှာ စိုးရိမ်တုန်လှုပ်ခြင်း၏ အသက်တွေ ရွှန်းထင်နေကြပြီ ..။



"အဲဒါကို .. အမြန်ဆုံး ပြန်ရုပ်သိမ်းကြောင်း သူ့ကို ပြောလိုက်စမ်းပါ ဒီဒီရယ် .. ဒီဒီ အိမ်ထောင်ပြုလို့မဖြစ်ဘူး .. ဒီဒီ့မှာ .. အတိတ်ဆိုတာ ရှိနေတယ်လေ .."

ဟု လွှတ်ခနဲပြောလာသည်။ သူ ရှေ့သို့ တစ်ချက်တိုး၏။ ဒေါ်လေး ၏ပခုံးကို စိတ်လှုပ်ရှားစွာ ဆုပ်ကိုင်၍ တည့်တည့်ငုံ့မိုးစိုက်ကြည့်ကာ..

"အဲဒီ အတိတ်ဆိုတာကို .. တိတိကျကျ .. ပြန်မှတ်မိအောင် ဒေါ်လေး ပြောပြစမ်းပါ .. ဒီဒီ့ကို .. ပြောစမ်းပါ .. သိမှဖြစ်မယ် .. ကျွန်တော် သိမှဖြစ်မယ် .."

အသံက မာလာသည်။ မျက်ဝန်းတွေ ရူးရူလက်တောက်လာ သည်။ ဆုပ်ကိုင်ထားရာ ပခုံးထက်မှာ တင်နေသည့် လက်၏ဖိညှစ်အား သည် ပြင်းထန်လာ၏။ ဒေါ်လေး နာကျင်သည့်နှယ် လက်ကို ကယောင် ကတမ်းကြီး ပွတ်ထုတ်ဖယ်ရှားနေပေမယ့် သူ မလွှတ် ..။ ဒေါ်လေး၏ မျက်နှာကို မလွှတ်တမ်း မျက်တောင်မခတ် စိုက်ကြည့်နေသည်။

"ပြောလေ .. ပြောလေ .."

အသံက မာလာသည်။ နောက်တော့ .. ရုတ်ခနဲငြိမ်သက်သွားရာ မှ ..

"ပြောလေ .. ပြောပြလေ .. ဖေဖေ့သေနတ် .. လက်ထဲမှာ .. အစတုန်းကရှိနေတာ .. ဘယ်သူလဲ .. ဘယ်သူလဲ .."

ဟု ကလေးသံလေးဖြင့် မေးလာပြန်သည်။ သူ့မျက်နှာသည် နီမြန်း လာ၏။

"အို့ အို .. မပြောနိုင်ပါဘူး .. မပြောနိုင်ပါဘူး .. အသံက .. ဘယ်လိုဖြစ်သွားတာလဲ .."

ဟုလည်း မော့မေးလာတော့ သူ ရယ်သည်။ ကလေးသံ ..။ နောက် တော့ .. လူကြီးသံ။ သေးငယ်သော ကောင်လေးတစ်ယောက်၏ ရယ်သံ သည် လူကြီးတစ်ယောက်အသံသို့ ပြောင်းနေရင်းမှ သူ့မျက်ဝန်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ထက်မှာ လှောင်ပြောင်သရော်သည့်အရိပ်တွေ ပြည့်လာကြသည်။

"ဒေါ်လေး သင်ပေးထားတာလေ .. ဒီဒီကို .. အသံပြောင်းတဲ့ ကစားနည်းဆိုပြီး သင်ပေးထားတာလေ .. မေ့သွားပြီလား .. ဟင် .. ဟင်.. ဒေါ်လေးလည်း အသံတွေ အမျိုးမျိုးပြောင်းပြီး ဒီဒီကို လုပ်ပြခဲ့တာ ပဲ .. မေ့ကုန်ပြီလား .. မိန်းမကြီးအသံ .. ကောင်လေးအသံ .. ယောက်ျား အသံ .. ယောက်ျားလေးအသံ .. ဟင် .. အသံစုံလေ .."

ဟု ပြောလာတော့ ဒေါ်လေး ခေါင်းတွင်တွင်ခါ၍ ..

"ဟင် .. ဟင် .. ဖယ် .. ဖယ် .."

ဟု ကြောက်လာပုံဖြင့် လက်ကိုဖယ်ဖို့ကြိုးစားနေသည်။ မလွှတ်..။ စိုက်ကြည့်ရင်းမှ ပြုံးလာသည်။

"ဒေါ်လေးက စောင့်ရှောက်မယ် .. ဟုတ်လား .. ဘယ်လိုစော ရှောက်မှာလဲ .. ဒေါ်လေး အပြင်သွားနေချိန်မှာ .. ဒီဒီ အခန်းမီးလော ပြီး .. ဒီဒီ သေအောင် စောင့်ရှောက်မှာလား .. ဟုတ်လား .. ဒီဒီကို - သူ ကယ်ခဲ့တာဗျ .. သူ ကယ်ခဲ့တာ .. ရှင်မွေ့သာလေ .. သူ မရှိရင် - မီးလောင်ထားတဲ့သစ်ငုတ်ကြီးလို .. ဒီဒီ .. ကျန်ခဲ့မှာ .. နောက်ထ တဖွေ့တစ်ကောင်အဖြစ်နဲ့ မိုးမခမှာ လှည့်ပတ်နေဖို့ ဆိုပါတော့ -"

ဟု ပြောလာချိန်မှာ ဒေါ်လေး ငိုသည်။

သူ့လက်တွေကို အတင်းဆွဲရှာပြီး ခေါင်းယမ်း၍ ခြံထဲ ပြေးဆ သွားချိန်မှာ သူ ငြိမ်၍ရပ်ကျန်ခဲ့ပါ၏။

နောက်တော့ အရုပ်ကြိုးပြတ်ကြီး ဆိုဖာရှည်ကြီးထက်မှာပုံ ရင်း ထိုင်ချလိုက်ပါ၏။ လက်တံတောင်က သူ့ပေါင်ပေါ် ပြန်၍ထော ထားကာ ကိုယ်သည် ကိုင်းညွတ်၏။ လက်ဖဝါးတွေက သူ့မျက်နှာ ဖုံးအုပ်ထားကြသည်။ ခေါင်းသည် ငိုက်နေကာ ဆံစတို့က န မျက်နှာထက်မှာ ပြိုကျနေကြပါချေ၏။

စိတ်သည် မွန်းကျပ်နေ၏။ ယခင်က .. သူ့ကို အသံတုသင်



ပါသည့် ဒေါ်လေး ..။ ခုကျတော့ .. သူ့နှုတ်မှ .. ယဲရွယ်သည့် လေးသံ ဖွင့်ကျလာခြင်းကို .. အံ့သြစရာတစ်ခုနှယ် .. မသိဖူးသည့် သူတစ်ယောက်၏ ဟန်ပန်ဖြင့်ပင် မေးလာချေသည်ကောလေ။

"မေမေရယ် .. တကယ်က .. သား ဟန်ဆောင်ခဲ့တာပါ .. အတိတ် ကို မေ့နေတာတွေ များနေတဲ့လူတစ်ယောက်အဖြစ် .. မိုးနဒီမောင် အဖြစ် ဟန်ဆောင်နေခဲ့ရတာပါ .. တကယ်က .. မေ့နေတာ .. ကွင်းဆက်ပြတ် နေတာ တစ်ခုတည်းပါဗျာ .. သားလက်ထဲက သေနတ် .. မေမေ့ လက်ထဲ ဘယ်လိုရောက်သွားလဲဆိုတဲ့ တစ်ခုတည်းပါ .. တစ်ခုတည်း - ကျန်တာတွေအားလုံး .. သား .. မမှတ်မိချင်ယောင် ဒေါ်လေးကို - မိုးမခကလူတွေကိုရော .. လုပ်ပြနေခဲ့ရတာပါ .. ဒါပေမယ့် .. ဒါကို ဘဘဦးအိမ်စိုးကတော့ သိနေပါတယ် မေမေရယ် .. သား .. - အဲဒီနေ့ကတည်းက .. သေနတ်သံရယ် .. သွေးတွေခဲနေအောင် ရင်း .. သေဆုံးနေတဲ့ အန်တီထားရယ် .. မေမေ့လက်ထဲ သေနတ် နေခဲ့တာတွေရယ် .. သားကို .. သေနတ်လက်ထဲထည့်ခဲ့တဲ့လူကြီး တာရယ် .. အဲဒါတွေကို .. သိချင်နေတာပါ .. သိချင်နေတာပါ - အဲဒါတွေကို .. သား .. ဖော်ထုတ်မှ .. မေမေ့အပေါ်မှာ တာဝန်ကျေ သေ့ မေမေရယ် .. မေမေရယ် .."

သူ ပြောနေသည်။ အသံတွေက လုံးထွေးနေ၏။ မျက်ရည်က လာနေသည်။ မေမေသည် ကင်ဆာဝေဒနာဖြင့် .. သေဆုံးကွယ် သည်။ ကိုယ့်အိမ်ကိုယ်ယာ မိုးမခမှာ မဟုတ်ခဲ့ရရှာ ..။ အချုပ် ထဲမှာ ထောင်ကျတစ်ယောက်အဖြစ် ဘဝအဆုံးသတ် ဇာတ် မလှစွာ ဆုံးပါးခဲ့ရရှာခြင်း ..။

"မေမေ မသတ်ဘူးဆိုတာ .. သား သိနေတယ် .. သား သိနေ မေမေ .. ဒါပေမယ့် .. အဲဒါကို .. သက်သေပြစရာ .. သားမှာ .. - .. ဒေါ်လေးကလည်း အန်တီထားကို မေမေ သတ်တယ်လို့ပဲ

www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့တာ ..."

ဟု ပြောနေမိသည်။ သူ့ခေါင်းသည် ဘယ်ညာနဲ့နေ၏။ ရှင်သည် ဆို့နေသည်။ အလွန်အေးချမ်းသည့်မျက်ဝန်းများဖြင့် ကြည့်တတ်ပါသော ဖေဖေ ...။ သားကို မိတဆိုးသားလေးအဖြစ် အလွန်ချစ်ရှာပါသော ဖေဖေ ...။ ဖေဖေ့ရင်ခွင်ထဲမှာ သူ တိုးကပ်ဖက်တွယ်ခဲ့ရသောနေ့ရက် ကာလများစွာကို သူ မမေ့နိုင် ...။ ဒါပေမယ့် .. ထိုနေ့ရက်များကို သူ လက်လွှတ်ခဲ့ရတာ နှစ်များစွာတိုင်ခဲ့ပြီ ...။

ထိုစဉ်ခိုက် သူ့လက်ပေါ် နူးညံ့သောလက်ဖဝါးအစုံက ဖေးတင် လာပါ၏။ သူ မော့ကြည့်မိသည်။

နူးညံ့သောအကြည့်ဖြင့် ငုံ့မိုးကြည့်နေသည့် ရှင်မွေ့ ...။ သူ့မျက်နှာ ထက်မှ သူ့လက်တွေကို .. သူကိုယ်တိုင် ဖယ်ရှားမော့ကြည့်မိချိန်မှာ ရှင်မွေ့ ၏ နူးညံ့အိထွေးသည့်လက်လေးတွေက သူ့လက်ထဲမှာပဲ ဆက်၍ရှိနေ သည်။ ထွေးဆုပ်ထားဆဲဖြစ်နေသည်။ စောစောက ရှင်မွေ့၏ လက်လေး ကို ထွေးဆုပ်ထားလိုက်ခြင်း ...။

"ရှင်မွေ့ .. အားလုံးကြားပြီးခဲ့ပါပြီ .. ဒီဧည့်ခန်းထဲမှာ .. ဒေါ်လေး နဲ့ အစ်ကိုလေး ပြောခဲ့တာတွေ .. ဖြစ်ပျက်ခဲ့တာတွေ .. အားလုံး ဆိုပါတော့ .."

ဟု ရှင်မွေ့ သူ့ကို အလွန်တရာကိုမှ နူးညံ့နေသည့်အကြည့်လေး တွေဖြင့် ငုံ့မိုးကြည့်နေရင်း ရှင်းလင်းပီသစွာ ပြောလာခြင်းပါတကား သူ ခေါင်းခါသည်။

"မင်း .. ငါ့ကို .. အရူး ဆိုပြီး .. ထားခဲ့တော့မယ်ပေါ့ .. ဟုတ်လား"

မခံနိုင်သည့်နယ် မေးလာခြင်း ...။ ရင်ဆိုင်ရမှာကို ကြိုတင်၍ စိတ်ဖြင့် မေးမိခြင်း။ မခံစားနိုင်တော့သည့် အထီးကျန်ခြင်းများ၌ မေးမိခြင်း ...။ ရှင်မွေ့ ခေါင်းခါပြလာပါ၏။

"အစ်ကိုလေး ... မရူးဘူးဆိုတာ .. ရှင်မွေ့ .. သိနေပါတယ်



သိနေပါပြီ .. အတိတ်ကအဖြစ်တွေကို .. အစ်ကိုလေး ... ပြန်တူးဆွနေ တာပါ .. သိဖို့ကြိုးစားနေတာပါ .. အဲဒါကို ရှင်မွေ့ သိနေတယ် .."

တည်ငြိမ်စွာပြောလာသည်က အရမ်းကို ရင့်ကျက်နေသည်။ ဘာ ကို ဆက်လုပ်ရမည်ဆိုတာ တိတိပပဆုံးဖြတ်ထားနှင့်ပြီးသူတစ်ယောက် ၏ ရင့်ကျက်ခြင်း ...။

"အစ်ကိုလေး .. အဲဒီ သိချင်နေတာတွေ သိလာရအောင် .. ရှင်မွေ့ .. ကူညီမယ် .."

ဟု ပြတ်သားစွာ ပြောလာစဉ်ခိုက် .. သူ .. ရှင်မွေ့ ၏ လက်လေး တွေကို ထွေးယူ၍ နဖူးမှာ သိမ်မွေ့စွာအပ်ထားမိလိုက်ရပါပြီတည်း ...။

"လက်တွဲဖော်မဖြစ်ရင်တောင်မှ .. ကူညီဖော်အဖြစ်တော့ .. ရှင်မွေ့ နှိုးမခမှာ .. လောလောဆယ် .. ရှိနေရပါလိမ့်ဦးမယ် အစ်ကိုလေး .."

ယတိပြတ် အခိုင်အမာကြီးပြောချလာသည့် ရှင်မွေ့ ၏ စကားအဆုံး မှာ .. ပန်းစံကား ရနံ့သင်းသော လေနုအေးသည် .. ဧည့်ခန်းဆီသို့ အင် အားနှင့် အလုံးအရင်း တိုးဝင်လာကြချေသည်တကား ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

မိုးမခသည် တိတ်ဆိတ်ခြောက်သွေ့လွန်းနေပါ၏။ မနက်ထ ဒေါ်လေးနန္ဒာမှူးနှင့် သူ့ဆက်ဆံရေးက နည်းနည်းမကြည်မလင်တော့ ဖြစ်ကုန်ရသည်။ သူကလည်း မနက်စာက အစ .. အခန်းထဲမှာပဲ စားချင် သည်ဟု ရှင်မွေ့ကို ပြောခဲ့ကာ တကယ်လည်း စားခဲ့သည်။ ဒေါ်နန္ဒာမှူး ကလည်း မနက်စာပင် မစားဖြစ်တော့ဘဲ ကားဖြင့်ထွက်သွားသည်။ ဟိုတယ်ကိုပဲသွားသည်လား ..။ တခြားနေရာသို့ပဲ သွားသည်လားတော့ မသိရ ..။ ရှင်မွေ့ တစ်ယောက်တည်းသာ မိုးမခအိမ်ကြီးထဲမှာ လှုပ်ရှား နေသည့် လူတစ်ယောက်အဖြစ် ကျန်ရစ်ခဲ့ရသည်။

နေ့လယ်စာ စားချိန်နီးမှ ဒေါ်လေးနန္ဒာမှူး ပြန်ရောက်လာသည်။ အခန်းထဲမှာပဲ ထမင်းစားချင်ပါသည်ဟု မျက်နှာမကောင်းဘဲ ပြောသည်။ ရှင်မွေ့ အပေါ်ထပ်ထိ အခန်းထဲအရောက် ထမင်းဟင်းမယ်အစုံကို သယ်၍ ပေးရပြန်သည်။ သူကလည်း အခန်းအောင်းကာ အခန်းထဲမှာပဲ စား သည်။ ညနေစာလည်း ထိုနည်းနှင်နှင် ..။ ရှင်မွေ့ တစ်ယောက်တည်း သာ ထမင်းစားခန်းထဲမှာ ခြောက်တိခြောက်ကပ်ဖြင့် ထမင်းစားခဲ့ရ



သည့် အဖြစ် ..။

ဒေါ်လေးနန်းခက်တို့ တူဝရီးကလည်း မရှိကြတော့ပြီမို့ အိမ်ကြီး က ပို၍ခြောက်ကပ်နေရသည်တည့် ..။

ညစာလည်းစားပြီးကုန်ကြပြီမို့ အားလုံး ဆေးကြောသန့်စင် ..။ အခန်းပေါက်နေ တံခါးပြတင်းပေါက်တွေကို သေချာလိုက်ပိတ်..။ ပြီး တော့ အပေါ်ထပ်တက်ခဲ့ရသည်က ရှင်မွေ့ပါ ..။ အခန်းထဲရောက်တော့ တောင်မှာ ခြေတွဲလွဲချထိုင်ရင်း စိတ်တွေရှုပ်ထွေးနေရသည်ပါပဲ။ လူသုံး ယောက်ရှိနေသည့် မိုးမခအိမ်ကြီး ..။ အခေါ်နှင့် တူက စကားသံ တိတ်ဆိတ် နေသည့်နည်းစနစ်ဖြင့် တစ်ယောက်နှင့်တစ်ယောက် အဆင်မပြေဘဲဖြစ်စ ပြုလာနေကြပြီ။ ရှင်မွေ့ က မိုးမခအိမ်ကြီးမှာ အိမ်သားတစ်ယောက် အနေဖြင့် ရှိနေရတာမဟုတ်။ အလုပ်သမားပဲ ဖြစ်ချေသည်လေ..။ နေရ ထိုင်ရသည်ပေါ့။

"အနေ...ပါ ဒီကထွက်သွားပြန်ရင်လည်း .. အစ်ကိုလေး ခမျာ တစ်ယောက်တည်းဖြစ်ကျန်ခဲ့ရမှာ .. လောလောဆယ်မှာက သူ့ကို လုပ်ကြံနေတဲ့အဆင့်တောင်ရှိနေပြီ .. ငါ ချန်ရစ်ခဲ့လို့မဖြစ်ပါဘူးလေ.. ဒါတောက .. သူ့ကို အဲသလိုလုပ်ကြံတဲ့ကိစ္စ .. ဘာလို့ အမှုမဖွင့်ဘဲ ခေါင်းမာနေတယ်မသိပါဘူး .. အဲဒါ ခက်တာပဲ .."

ရှင်မွေ့ကို သူ ပြောခဲ့သည်လေ ..။ အမှုမဖွင့်ချင်ပါဟု ..။ တကယ် .. ဖွင့်သင့်သည်ပေါ့ ..။ ခုလိုကျတော့လည်း ရှင်မွေ့ ၏စိတ်က ..ရှိ တိမ်ညိုရိပ်အိမ်ကြီးဆီသို့ ရောက်၏။ ကိုယ့်အိမ်ကိုယ့်ယာကို ..ရလာနေရပြီ။

"ဘာပဲဖြစ်ဖြစ် .. ကုန်တိုက်ကြီးကိုတော့ ငါ့ရဲ့ဘဘ လူယုံကြီး ..ဟယ်မြိုင်က ဆက်ထိန်းထားမှာပါ .. လေးလေးဇေယျ ကလည်း ..တော်တဲ့သူရဲ့ တူတော်မောင် အောင်အောင်ဦးနဲ့ နေရာချပေးမယ့် .. နောက်ဆုတ်ချင်မှာလည်း မဟုတ်သေးဘူး .. မယားဖြစ်သူရဲ့

www.burmeseclassic.com



စကားက အမြဲအောင်နေတာ ခက်တယ် .. အန်တီခက်မွန် ကလည်း ငါ့စည်းစိမ်အားလုံး သူ့တူလက်ထဲရောက်ရင်ဖြင့် သူ့လက်လဲရော တာနဲ့ တူတူပဲလို့ သဘောပိုက်ထားတာ .. အောင်ဇော်ဦး ကလည်း အဒေါ်လုပ်သူ မြှောက်ထိုးပင့်ကော်လုပ်သမျှ လောဘတက်ပြီး ငါ့ ချစ်ရေးတဆိုဆိုနဲ့ အလွန်မျက်စိနောက်အောင်လုပ်နေတာ ဆိုးတယ် ကဲ .. အခု .. ငါ မိုးမခမှာရောက်နေပြီ .. အန်တီခက်မွန်တို့လည်း မျက်ခြေပြတ်နေကြတယ် .. ဒါပေမယ့် .. တစ်သက်လုံး ဒီမှာ ငါ ရှော နေလို့တော့ သဘာဝမကျဘူး .. ဖေဖေ ချန်ခဲ့ရာ စီးပွားရေးလုပ်ငန်းကြီးကို ငါ .. ဦးစီးရမှာ .."

ရှင်မွေ့ စိတ်တွေမွန်းကြပ်နေသည်။ မိုးမခမှာ ကြာရှည်ကြီး နေ တော့ မဖြစ် ..။ ပြန်ရမှာကျတော့လည်း အစ်ကိုလေးအတွက် နောက် ငင်သည်။ လောလောဆယ် ချန်မထားခဲ့ရက်နိုင် ..။ ရန်ကုန်သို့လည်း မပြန်၍တော့ မဖြစ်ပြီ ..။ အတိုင်းအတာတစ်ခုထိပဲ မိုးမခမှာ ဆက်နေ ဦးမည် ..။ ပြီးလျှင်ပြန်ရမည်။

"ငါ ရေးလက်စ .. ဝတ္ထုဇာတ်လမ်းကလည်း အဆုံးမသတ် သေးပဲဖြစ်နေတယ် .. အဖြစ်မှန်က မပေါ်သေးဘူးလေ .. အင်း .. ဒီ အဆုံးသတ်နိုင်တဲ့အထိတော့ ငါ မိုးမခမှာ နေမှဖြစ်မှာပါပဲလေ .."

စိတ်သည် စာမူဘက်သို့ ကူးပြန်၏။ တကယ်တမ်းကျတော့ မိုးမခမှာ ဆက်နေဖို့ ဇောတင်နေရခြင်းသည် စာမူကိစ္စတစ်ခုတည်း ကြောင့် မဟုတ်ဘဲ သူ့ကို မထားရက်ခဲ့နိုင်ခြင်းက ရင်ကို အချုပ်ကိုင် ဆုံးသော အချက်ကြီးတစ်ချက်အဖြစ် ရှိနေသည်ကိုတော့ မငြင်း

"သူက ငါ့ကို လက်ထပ်ချင်တယ်လို့ ပြောနေခြင်းဟာလည်း လတ်တလောမှာသူ ရင်ဆိုင်နေရတဲ့ ဘဝအကျဉ်းအကျပ်ထဲမှာရှိနေ စိတ်ထဲထင်ရာ .. အားကိုးလက်တွဲဖော်အဖြစ် ခံစားပြောလိုက်တာ တယ် .. ဒါမှမဟုတ်ရင်လည်း .. တကယ့်ကို ချစ်လို့ရင်လည်း



တယ် .. ငါကရော .. ဘာလို့ သူ့ကို မထားရက်ခဲ့နိုင်ဘဲ ဖြစ်ဖြစ်နေရတာ တဲ့လဲ .. အို .. ငါပြောခဲ့တာပဲလေ .. လက်တွဲဖော်အဖြစ် .. မဖြစ်နိုင် ရင်တောင်မှ .. ကူညီဖော်တော့ ဖြစ်ပါ့မယ်လို့လေ .. ငါ .. သူ့ကို ကူညီချင်တာပါ .. ကူညီချင်တာပါ .."

စိတ်သည် ယောက်ယက်ခတ်နေ၏။

"အန်တီခက်မွန် ကလည်း စကားချိုချို .. အနုနည်းနဲ့ .. အချိုသတ် သို့မှမရရင် .. တူတော်မောင်ကို မြှောက်ပေးပြီး .. လေးလေးဇေကို နားပူ နားဆာလုပ်နိုင်းမယ် .. ငါကလည်း လေးလေးဇေ ရဲ့စောင့်ရှောက်ခဲ့မှု ကျေးဇူးနဲ့ ဦးလေးဆိုတဲ့ အရိုအသေထားရမှုတွေကြောင့် .. တငြင်း ငြင်းငြင်းနေခဲ့ရတဲ့ ဒီငြင်းဆိုမှုကို .. ဘယ်လောက်ကြာရှည် မျက်နှာ ပူခံ .. ပြောနေနိုင်ပါ့မလဲ .. ခက်တာက မငြင်းဘဲနေလို့လည်း မဖြစ် ဘူးလေ .. ငါမှ အောင်ဇော်ဦး ကို မချစ်တာ .. မေတ္တာကိုမှ မထားနိုင် ဘာ .."

စိတ်ညစ်နေရင်းမှ အတွေးတစ်ခုက ဝင်၏။

"ငါ တစ်ယောက်ယောက်နဲ့ လက်ထပ်လိုက်ရင် .. ဒီကိစ္စ ပြတ် ..."

ဟုတ်သည်။ ဟန်ဆောင်လက်ထပ်မှုတစ်ခုကို ထောင့်စေ့စေ့လုပ်ဖို့ တော့ လိုသည်လေ ..။

"ငါ .. ငါ .. အစ်ကိုလေးကို .. ငါ့အခက်အခဲတွေ ပြောပြပြီး .. အကူအညီတောင်းရရင် ကောင်းမလား .. ဟန်ဆောင်စာချုပ်တစ်ခု လုပ် ပေါ့လို့လေ .. အို .. မဖြစ်ပါဘူး .. သူက ငါ့ကို လက်ထပ်ချင်တယ်လို့ ပြောထားတာ .. ငါက ဟန်ဆောင်စာချုပ် သွားပြောပြီး လက်ထပ်ထား တဲ့ မိန်းမတစ်ယောက်လို့ လေးလေးဇေတို့ကို ပြောမယ်ဆိုတဲ့စကား ဘာ .. အသားလိုလို့ အရှိုးတောင်းတာလို့ အထင်လွဲခံနိုင်တယ်လေ .. နဲ့ လက်ထပ်ချင်လို့ ပြောနေတယ်လို့တောင် အထင်ခံရမှာပေါ့ ..

www.burmeseclassic.com



မဖြစ်ပါဘူးလေ .. ခက်တာပါပဲ .."

ဟု စိတ်ထဲ ရှုပ်ထွေးရင်း ခေါင်းတွေအုံခဲလာရသည့်အဖြစ် .. အရေးထဲ မိုးမခမှာကလည်း အဒေါ်ဖြစ်သူနှင့် တူဖြစ်သူတို့က မ... မလည် စတင်ဖြစ်နေကြပြန်သည် ..။ ထိုသို့ဖြစ်ရသည့်အထဲမှာ ရှင်မွေ့ သည်လည်း အကြောင်းတစ်ကြောင်းအဖြစ် ပါဝင်ပတ်သက်နေသည် လေ..။ ဒေါ်လေးနန္ဒာမှူးက ရှင်မွေ့ကို ပြန်နိုင်းနေပြီ ..။ သူကလည် လက်မခံ။

"ခက်တာပဲ .. ငါ .. ဒီမှာဆက်နေနေတာ .. ဒေါ်နန္ဒာမှူးကို မျက်နှာပြောင်တိုက်ပြီး နေနေသလိုဖြစ်နေပါရောလားလေ .."

ဟု တွေးမိရှင်းမှ စိတ်ပျက်လက်ပျက်ဖြစ်လာသည်။ ဟုတ်သည် ကိုယ့်ဘဝကို စိတ်ပျက်လက်ပျက်ဖြစ်လာရခြင်း ..။

"ငါ့မျိုးရိုးဂုဏ်ရှိန်နဲ့ ချမ်းသာမှု .. ငါ့ပညာအရည်အချင်း.. ငါ့ ... စွမ်းဆောင်ရည်မြင့်မားမှုတွေကို ဒီမိုးမခမှာ လူသိမခံဘဲ .. အလု... ဝင်လုပ်နေရချိန်မှာ .. ငါ ရင်ဆိုင်နေရတာတွေက ငါ့ဘဝ အရင်... တန်ဖိုးတွေနဲ့ ဆန့်ကျင်ရာတွေချည်းပါပဲလား .. တိမ်ညိုရိပ်ကိုလည် ပြန်လို့မဖြစ်သေး .. ဒီမှာလည်း အနေခက် .. ကျွတ် .. စိတ်ညစ်ပါရဲ့ .."

ဟု တွေးရင်း ခေါင်းလေးကုတ်၍ စိတ်မောမောဖြင့် ခုတင်ပေ... လှဲချလိုက်ချိန်မှာ အခန်းတံခါးခေါက်သံပေါ်လာပါ၏။ ခေါင်းလေး... ထောင်၍ ရှင်မွေ့ နားစွင့်လိုက်သည်။ တံခါးခေါက်မည့်သူဆို၍ ... ယောက်ပဲရှိသည်လေ ..။ သူ .. ဖြစ်ချင်ဖြစ်။ ဒေါ်လေးနန္ဒာမှူး ဖြစ်... ဖြစ် ..။ နှစ်ယောက်ထဲက တစ်ယောက်ပဲဖြစ်ရမည်။ ဘယ်တုန်း... ထိုသူနှစ်ယောက်စလုံးထဲမှ ဘယ်တစ်ယောက်ကမှ ခုလို တံခါး ... ခေါက်ခဲ့ဖူးတာတော့ မရှိခဲ့ဖူးသေး။ ဤနေ့မှာတော့ ဖြစ်တည်လာ...

"ရှင်မွေ့သာ ..။ ဒေါ်လေးနန္ဒာမှူး ပါ .. ဧည့်ဝင်လာပါရစေ..

ဒေါ်လေးနန္ဒာမှူး ပါလားလေ ..။ ရှင်မွေ့ ထ၍ တံခါးဖွင့်...



...ပိုက်ရသည်ပါပဲ။ အပြာနုရောင် ညဝတ်အင်္ကျီ ဖဲသားဝတ်စုံဖြင့် ဒေါ်လေး ...နန္ဒာမှူး ဝင်လာပါ၏။ တည်တည်ငြိမ်ငြိမ်ပဲ အခန်းထဲရှိ ဆိုဖာရှည်ကြီး ...မှာ ဝင်ထိုင်သည်။ ရှင်မွေ့ကို လှမ်းကြည့်လာသည်ကလည်း အိမ်ကြီးရှင် ...တစ်ယောက်ဆန်နေ၏။ ထိုင်နေသည်က ရဲတိုက်ကြီးတစ်ခုကို ပိုင်စိုးနေ ...သည့် ကေရီသခင်မ ဟန် ..။ ခြေကိုချိတ်၍ထိုင်သည်။ လည်ကိုဆန့်၍ ...မတ်မတ်ထိုင်ခြင်း ..။ ထူထဲသောမျက်တောင်တွေ ပိုင်ဆိုင်ရာ ...မျက်ဝန်းအိမ်ကျဉ်းကျဉ်းလေးသည်လည်း ဂုဏ်မာနရိပ်ဖြင့် ဖိတ်ဖိတ် ...နေ၏။

"တံခါးကို သေချာပိတ်လိုက်ပါ ရှင်မွေ့သာ .."

ဟု ပြောလာသည်မို့ ရှင်မွေ့ ပိတ်လိုက်ပြီး ခုတင်ထက်မှာ သွား ...ထိုင်သည်။ တစ်ခုခုပြောဖို့ တကန်တကလာခြင်းဆိုတာ ရှင်မွေ့ သိ ...သည်လေ ..။ ပြောတာကို နားထောင်ရုံပဲရှိမည်။ ဘာမှ ဖွင့်မေးနေဖို့ ... ..။ လာရင်းကိစ္စကို မမေးလည်း ဒေါ်နန္ဒာမှူး က ပြောကိုပြောချေ ...တိုးလေ ..။ ပြောချင်၍ပင် အခန်းထဲရောက်နေသည်တည့် ..။

"ဒေါ်လေး မပြောမဖြစ်လို့ .. ခုလို ရောက်လာရတာပဲ ရှင်မွေ့ ... .. အိပ်ရာဝင်မယ် စိတ်ကူးပေမယ့် .. မဖြစ်နိုင်တာမို့ .. ရောက်လာ ...ရတော့တာပါပဲ .. ပြီးတော့ .. ဒီအချိန်က အိပ်ဖို့ဆိုတာ စောလွန်း ...သေးတာလည်း ပါတာပေါ့လေ .. ကဲ .. လိုရင်းပြောကြစို့ရဲ့ .."

ဒေါ်လေး ပြောနေရာမှ ရှင်မွေ့ ကို လှမ်းကြည့်လာသည်။

"မင်းဟာ အလုပ်သမားကောင်းတစ်ယောက်ပါ .. ချက်ရေးပြုတ် ... .. အိမ်ထောင်ထိန်းသိမ်းမှု .. အားလုံး နိုင်နင်းပါတယ် .. ဒါပေမယ့်.. ...မှာ မင်းကို မရှိစေချင်တာတော့ အမှန်ပဲ .. ဘာလို့လဲဆိုတော့ .. ... .. မင်းကို လက်ထပ်ဖို့အထိတောင်မှ .. ဆုံးဖြတ်ထားလို့ပဲ ...သာ .. အဲဒါ .. ငါ အဖြစ်မခံနိုင်ဘူး .. အထူးဖြင့် .. မင်းအတွက်.. ...ကာကွယ်ရမယ်လေ .."

www.burmeseclassic.com

www.burmeseclassic.com



ရှင်မွေ့ ငြိမ်၍နားထောင်နေသည်ပါပဲ ..။ ဒေါ်လေး ပြောသည့် စကားထဲမှာ ရှင်မွေ့ကို စတင်၍ အာရုံစိုက်လာစေနိုင်ခဲ့သည်က .. ရှင်မွေ့ ကို ကာကွယ်ပေးဖို့ ဆိုသည့်စကား ..။

"မပြောမဖြစ်လို့ ပြောရတော့မှာပဲ ရှင်မွေ့သာ .. ဒီဒီလေး ငယ်ကတည်းက အမေ ဆုံးရှုံးခဲ့ရတာ .. ငါ့လက်မှာ ကြီးခဲ့ရတာပါ .. ဒါပေမယ့် .. ကလေးတစ်ယောက်ရဲ့ အမေ တမ်းတတဲ့ဝေဒနာဟာ.. သူ့ ရွယ်တူကောင်လေးတွေ ကောင်မလေးတွေကို ကျောင်းမှာ .. အမေ ကလာပြီးကြိုတာ .. အမေက စောင့်ပြီး ထမင်းကျွေးတာ .. ကျောင်း လိုက်ပို့တာ .. အဲဒါတွေမြင်နေရတာ ကြာလာတော့ .. သူ .. အမေ အလွန်တောင့်တတယ် .. အမေကို .. အသက်ရှင်စေချင်တယ်.. အမေ ရှိနေတယ်လို့ စိတ်ထဲ စွဲလန်းနေတယ် .. ဖြစ်ချင်တာတွေကို ဖြစ်စေ လို့ စိတ်ကို ဖွတ်ဖွေးယူတာပေါ့ .. သူ့အပေါ်မှာ ဒေါ်လေး ဘယ်လိုပဲ တစ်ယောက်လို .. ကျောင်းပို့ကျောင်းကြို .. ထမင်းခွံ့ကျွေးပေမယ့် .. အမေရင်း မဟုတ်ဘူးဆိုတာ သူ ခံစားနေရတာလေ.. သူ အသက် ခြောက်နှစ်ကျော်ကျော်လောက်မှာ သူ့အခန်းထဲ ဒေါ်လေး ရောက် တော့ .. ရင်ထဲ ထိတ်လန့်ခဲ့တယ် .. စိတ်လည်း ထိခိုက်ခဲ့တယ် .. ဒီဒီ ဟာ စိတ္တဇဆန်ဆန် အမေစွဲလန်းတဲ့စိတ်တွေ ဖြစ်နေပြီဆိုတာ သိလာ တယ် .. ဘာလို့လဲ သိလား .."

ပြောပြီး ဒေါ်လေးနန္ဒာမှူး ငိုင်နေ၏။ မျက်တောင် တဖျတ်ဖျတ်ခတ် သည်။ မျက်ရည်ကို ထိန်းနေခြင်း ..။ ရှင်မွေ့ ရင်ထဲ လိုက်၍ ထိ ခိုက်သည့်ခံစားချက်က စတင် ကူးစက်စပြုလာပြီ။ တကယ့်ကို ... ပြောနေသည့် ဒေါ်လေးနန္ဒာမှူး ဟုလည်း ယုံကြည်စ ပြုလာမိပြီ ... ကြောင့်ဆို .. ဒေါ်လေးနန္ဒာမှူး၏ လက်လေးတွေကအစ ခံစား ကြေကွဲရှိန်ဖြင့် မသိမသာ တုန်ခါနေကြသည်ကိုးလေ ..။

"ဒီဒီလေးဟာ .. ဒေါ်လေးရဲ့လက်ပေါ်မှာ ကြီးခဲ့တာ ..



ပါပဲ .. သားအရင်းပါပဲ .. သူ့ကို .. ငါသိပ်ချစ်တာ .. အရိပ်တကြည့်ကြည့် ကြည့်ဆိုပါတော့ .. အဲဒီနေ့က .. အဲဒီနေ့က .. ဒီဒီလေးကိုမြင်လိုက်ရ တော့ ရင်ထဲမှာ လန့်သွားတယ် .. စိတ်ထိခိုက်ရင်း ကြေကြေကွဲကွဲ လည်း ငိုမိတယ် .. သူ့ကိုဖက်ပြီးတော့ပေါ့ .. ဘာလို့လဲ သိလား.. ဒီဒီ လေးက ငါ့ကို အဲဒီနေ့က လှမ်းကြည့်ရင်း ပြောလာတယ်လေ .. အခန်း ထဲဝင်လာတဲ့ ငါ့ကိုပေါ့ .. ဘာပြောသလဲ သိလား .."

ပြောပြီး ဒေါ်လေးနန္ဒာမှူး စတင်၍ငိုရှိုက်လာပါ၏။

"ငါမှားတာ .. ငါမှားခဲ့တာ .. ငါက .. အသံတုပြောတတ်တယ်.. အဲဒါ .. ငယ်ပါရမီပဲ .. ယောကျ်ားသံ .. မိန်းမအသံ .. ကလေးသံ .. လူကြီးသံ .. ငါနဲ့ကိုကို .. အင်း .. ဒီဒီ့ဖေဖေပေါ့ .. ငါတို့မောင်နှမ ငယ်တုန်းက .. ကစားကြတဲ့အခါ .. ငါက အသံမျိုးစုံနဲ့ .. ပြော .. ကိုကိုက လိုက်ပြောကြည့် .. မရတော့ .. ရယ်ကြ .. အဲသလိုရှိခဲ့ကြ တာလေ .. အဲဒါ .. ဒီဒီလေး အသက်ငါးနှစ်လောက်မှာ ကလေးကို ငါ သင်ကြည့်တယ် .. အသံတု .. ပြောတာတွေလေ .. ကလေးက ပါရမီထူးတယ်.. အဲဒီအသံတုကို တတ်တယ် .. လုပ်နိုင်ပြောနိုင်တယ်.. အဲဒါ .. ငါတို့တူဝရီးနှစ်ယောက် .. သူ ငယ်စဉ်ကတည်းက အသံတု အမျိုးမျိုး .. အင်း .. အသံပုံစံအမျိုးမျိုးနဲ့ .. ပြောကြတမ်း ကစားကြမိ တယ်လေ .. အဲဒါ ဆိုးတာပဲ .. အဲဒီနေ့က .. ဒီဒီကို သူ့အမေရဲ့အဝတ် အစားတွေ့ ပွတိပွချောင် အရှည်ပွကြီး ဝတ်ပြီး .. မျက်နှာမှာ သနပ်ခါးလူး ထားတယ် .. နှုတ်ခမ်းနီရဲအောင်ဆိုးထားတယ် .. ငါ ဝင်လာတော့.. ငါ့ကိုကြည့်ပြီး .. လာ .. လာ ညီမလေးနန္ဒာရေ .. မမသီရိ အပြင်သွားဖို့ ပြင်နေတာတဲ့ .. အဲသလို မိန်းမအသံနဲ့ လှမ်းပြောတာ .. အို .. ရင်ထုမနာပါပဲ .. သူဟာ .. သူ့အမေရှိနေတယ်လို့ ထင်နေရုံတော့ မဟုတ်ဘူး .. သူ့ကိုယ်သူ .. အမေတစ်ယောက်အနေနဲ့ ဝိညာဉ်ကူးကပ် ခံရသလိုမျိုးကို ခံစားဝင်ပူးပြီး ပြောတတ်လာတယ် .. ငါ .. အဲဒီကိစ္စ .. ရင်နာ

www.burmeseclassic.com

www.burmeseclassic.com



လွန်းလို့ .. ဒီဒီရဲ့အခြေအနေကို .. ကိုကို့ကို ဖွင့်မပြောရက်ပြန်ဘူး .. ငါ့တူလေ .. ငါ့သားလေး .. စိတ်ကုဆရာဝန်နဲ့ ပြပြီး ကုသတာ ခံရမယ်.. မသိတဲ့သူက အရူးလို့ ပြောကြတော့မယ်.. မဖြစ်ပါဘူး .. အပြောမခံနိုင်ပါဘူးလို့ ရင်ထုမနာနဲ့ ဆုံးဖြတ်ခဲ့မိတာ .. အဲဒါ အမှားကြီး မှားခဲ့တာပါပဲ .. ဒုတိယအကြီးကျယ်ဆုံးသော အမှားပေါ့ .. ဒီဒီအဖြစ် မှန်ကို ငါကိုကို့ကို ပြောပြလိုက်ရမှာ .."

ဟု နောင်တရနေပုံဖြင့် ပြောကာ ဒေါ်လေးနန္ဒာမှူး သက်ပြင်းချသည်။ မျက်ရည်သုတ်သည်။ ပြတင်းအနီးမှာသွားရပ်၏။ ရင်မွေ့ ရင်ထဲ မကောင်းနိုင် ..။ သူ့ကို .. ငယ်ရုပ်လေးဖြင့် စိတ်ကူးကြည့်မိသည်။ အမေ အဝတ်အစားကို မလိုက်မကိုက်ကြီးဝတ်ပြီး မျက်နှာမှာ မိတ်ကပ် နှုတ်ခမ်း တွေဖြင့် ရှိနေမည့် သူ့ပုံစံကို စိတ်ကူးနှင့်ပင် ပုံဖော်ရင်း ထိခိုက်ကြေကွဲ မိနေရသည်ပါပဲ ..။

မိတ်ကပ်ဘူးနဲ့ နှုတ်ခမ်းနီ ဆိုတာက .. သူ့အမေအခန်းမှာ ခြေလက်ရာမပျက် ကျန်နေရစ်ခဲ့တဲ့ မှန်တင်ခုံအံဆွဲထဲက သူ ယူခဲ့တာ.. အဝတ်အစားကိုလည်း သူ့အမေရဲ့အခန်းထဲက ဗီရိုထဲ ဝင်ဖွင့်ယူခဲ့တာ.. သူ့ကို .. ငါ .. ဖက်ငိုခဲ့မိတယ်.. ဒါပေမယ့် .. သူဟာ .. အသက်လေး ရလာလေလေ .. အဲဒီစိတ်က ပိုပြင်းပြလာလေ .. ညဘက်ဆို .. သူ့အခန်း ထဲမှာ သူ့အမေအဝတ်တွေနဲ့ .. သူ့အမေလိုလုပ်ပြီး တစ်ယောက်တည်း စကားတွေပြောနေတတ်တာ .. လူတွေအိပ်ချိန်ကျတော့မှ ဆိုပါတော့.. ငါက စိတ်မဖြောင့်နိုင်ပဲ သွားသွားချောင်းကြည့် .. ကလေးကို .. မင်း ဒီဒီ .. လို့ နားချပေမယ့် .. မရဘူး .. သူက .. မိန်းမအသံနဲ့ ပြန်ပြောခဲ့ ချည်းပဲ .. သူက .. သီရိ တဲ့ .. ငါ့ကို ညီမလေးနန္ဒာ တဲ့ .. အဲသလို ခေါ်ခဲ့တာ .. မနက်ဆို .. သူ အဲဒါတွေကို သတိမရတော့ဘူး .. ညဘက် အဲဒါတွေဝတ် .. အလှပြင် .. ပြီးရင် .. အိပ် .. တစ်ရေးနိုးရင် အဲဒါ အားလုံး မျက်နှာသစ် .. အဝတ်အစားပြန်လဲ .. ပြန်အိပ် .. အဲသလို



ဘာလေ .. ငါ .. တစ်ညလုံး စောင့်စောင့်ကြည့်ရင်း .. အလုံးစုံ သိခဲ့ရတာ.. အဲဒီတုန်းကလည်း .. ငါ .. ကိုကို့ကို ပြောပြသင့်ပါရက်ကယ်နဲ့.. မပြောမိခဲ့တာ မှားတာပါပဲ .. ငါ့တူလေးကို စိတ္တဇဝေဒနာသည်လို့ လူသိ ခံနိုင်ဘူးလေ .."

ပြောနေရင်း ဒေါ်နန္ဒာမှူး ပြတင်းပေါက်ဘောင်ပေါ် လက်ကိုတင်၍ အပြင်ကိုငေးနေသည်။

"ဆုံးသွားတာက .. ကိုကို .. မျိုးမထားနဲ့ လက်ထပ်လိုက်တဲ့ကိစ္စ ပေါ်လာတာပဲ .. ညဘက်ကို .. အမေအဝတ်တွေဝတ် .. အမေရှိရက်နဲ့ ဖေဖေက အန်တီထားကို လက်ထပ်တယ်ဆိုပြီး ငို .. အသလိုတွေ ဖြစ်နေတာ .. ဒီဒီ အသက်စုနစ်နှစ်ကျော်လောက်မှာပေါ့ .. အင်း .. သူ မျိုးမထားကို အလွန်မုန်းတာ .. ညဘက်ဆို .. အမေ အဝတ်နဲ့ ငို .. ဘယ်ပစ်ချင်တယ်ချည်း ပြောနေတာ .. အဲသလို .."

ဟု ပြောနေရင်းမှ ဒေါ်လေးနန္ဒာမှူး မျက်ရည်ကျလာသည်။

"မှတ်မှတ်ရရ .. ဒီဒီ ရှစ်နှစ်အရွယ်ပေါ့ .. အဲဒီမှာ .. ဘာတွေ ကိုကိုနဲ့ မျိုးမထား တို့ကြားမှာ ဖြစ်ခဲ့ကြတယ်မသိဘူး .. အဲဒီနေ့က ညက မနန်းမွှေကို လက်ဖက်ခြံသွားခိုင်းတယ်.. အိုက်ခေါင်နဲ့ တူတူ သွားခိုင်းတယ် .. ငါက ကားနဲ့လိုက်လာခဲ့မယ်ပေါ့ .. ပြောထားတယ်.. လက်ဖက်ခြောက်စက်ရုံကြီးက ခုလိုပိတ်မထားဘူး .. လည်ပတ်နေတာ.. အဲ အချိုခြောက်ဆိုတာ နာမည်တစ်လုံးပေါ့ .. အဲဒါ .. နန်းမွှေ နဲ့ အိုက်ခေါင် က သွားလိုက်ပြီ .. ငါက ကားနဲ့ထွက်ပြီ .. ငါ မထွက်ခင် ကိုကိုနဲ့ မျိုးမထားတို့ စကားများသံ အပေါ်ထပ်ဆီက ကြားရတယ်.. အဲ .. ထားကိစ္စ .. ဝင်ပါရမှာ ခက်တယ်လေ .. ကိုကို့ဘက်က ဝင်ပြော .. မျိုးမထား ကလည်း အစ်ကို့ဘက်ကို ငါက ပါတယ် ပြောဦး .. ငါ .. စိတ်ညစ်ညစ်နဲ့ရှိနေတုန်း ကိုကို အပေါ်ထပ်ကဆင်းလာ .. ကားနဲ့ထွက်သွားတယ်.. ငါလည်း .. ကားနဲ့ နောက်ကလိုက်

www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့တာပဲ .. ငါက လက်ဖက်ခြံဘက်ကို မြေနီလမ်းဘက် ချိုးတယ်- ကိုကိုက .. မိုးမခပဟိုတယ်ဘက်ကို ဂဝံလမ်းအတိုင်း ဆက်မောင်းသွား တာပဲ .. ငါ .. ကားဆက်မောင်းနေတုန်း .. မိုးမခဘက်က သေနတ်သံ ကြားတာပဲ ..ငါ .. စိတ်ထဲထူပူသွားတယ် .. အိမ်မှာ ဒီဒီ ကျန်ခဲ့တယ် လေ .. ဒီဒီကိုများ .. မျိုးမမထား အဖေကိုမခံချင်တာနဲ့ ကလေးကို သတ်ပစ်လိုက်လေသလား ဆိုပြီး ပြန်လှည့်.. ကားပြန်မောင်းလာတာပဲ- အိမ်ရောက်တော့ .. ကိုကို ရပ်နေတယ်.. လက်ထဲမှာ သေနတ်နဲ့.. ဒီဒီက သတိမေ့နေသလို လဲကျနေတယ် .. မျိုးမမထားက အိပ်ရာပေါ်မှာ လဲ နေပြီ .. ကိုကိုက သူသတ်တယ်ဆိုပြီး အဖမ်းခံတယ် .. ထောင်ကျတယ်- ဒါပေမယ့် .. ကလေးက ပြောတယ်လေ .. ငါ့ကိုပြောပြတယ် .. သူ သတိရလာချိန်မှာ ချက်ချင်း ပြောတာ .. သူ့လက်ထဲမှာ သေနတ်ရှိတယ် တဲ့ .. သူ့ကို လူတစ်ယောက်က ပေးတာတဲ့ .. ပစ်နိုင်းတာတဲ့ .. သူ ပစ်လိုက်တယ်တဲ့ .. သူ .. မမှတ်မိပဲ မေ့နေတာလည်း ရှိတယ်တဲ့- အဲသလိုပြောတော့ ကိုကိုက .. အဲဒီတုန်းက .. ငြင်းတာမှ အရမ်းပဲ- အခန်းထဲမှာ .. သူပဲရှိပါတယ် .. သူပဲသတ်ပါတယ်နဲ့ ကိုကိုက ပြော ပြောနေတာ .. ဒါပါပဲ .. ဒါပေမယ့် .. ငါ မထင်ရက်ပေမယ့် လန့် နဲ့ တွေးမိရတာက .. ဒီဒီဟာ .. အမေရဲ့သေနတ်ကို အံဆွဲထဲကယူ တော့များ တကယ်ပစ်လိုက်သလားဆိုတာပါပဲ .. သူ့မှာ အတွေး နဲ့ ကိုယ်ပွားတွေက ရှိနေတတ်တယ်လေ .. ပထမ အမေ .. အ သူ့ကို နောက်ကကပ်ရပ်ပြီး လက်ထဲ သေနတ်ထည့်တဲ့လူ .. အဲ ထင်ယောင်ထင်မှားတွေ စိတ်ထဲ ထင်မြင်ရင်း .. တကယ်က .. အဲ တွေအားလုံးဟာ သူကိုယ်တိုင်ဖြစ်နေရင်း .. သူ .. သူ .. တ လုပ်မိလိုက်သလားလို့ စိုးရိမ်တယ် .. ဒါပေမယ့် .. ငါ အဲဒါ .. အ ပဲ ငြိမ်ခဲ့တာပါ .. ဒီဒီဟာ ငါ့သားလေး .. ငါ့သားလို ငါ ချစ်ရတာ သူ့အမေ မရှိကတည်းက ငါ ကြည့်ခဲ့ရတာ''



ပြောပြီး ဒေါ်လေးနန္ဒာမှူး ရှင်မေ့ကို ကြည့်လာပါ၏။ ရှင်မေ့ အံ လျှောက်လာသည်။ သက်ပြင်းရှိုက်၍ တွေတွေကြီးကြည့်သည်။

"ဒီဒီကို .. ကိုကို့ အစီအမံနဲ့ ဦးအိမ်စိုး က နိုင်ငံရပ်ခြားမှာ ကျောင်း သွားထားခဲ့တာပါပဲ .. အခုတော့ .. ပြန်ရောက်လာပြီဆိုပါတော့.. သူ့ အခန်းမှာ .. သူ့အမေရဲ့အဝတ်တွေကို ယူထားတယ်.. သူတစ်ယောက် တည်း ညအချိန်တွေမှာ သူ့အမေအဝတ်တွေများ ဝတ်နေမလားဆိုတာ ါလည်း မသိနိုင်တော့ဘူး .. သူ့အခန်းကို ဝင်လို့မှ မရတော့တာလေ.. ရှယ်ရောက်လာပြီမဟုတ်လား .. ကဲပါလေ .. မင်းကို ငါ သတိပေး ချင်တယ် .. မင်းကို သူ လက်ထပ်ချင်တယ်လို့ ပြောထားတာကို .. နောစ်လိုက်ပါ .. သူ့ကို လက်မထပ်ချင်ပါနဲ့ .. သူဟာ တစ်ယောက် တည်း အသံအမျိုးမျိုးနဲ့စကားတွေပြောနေတတ်တာကိုတော့ ငါ သိနေ ခြင်နေခဲ့ရဖူးတယ် .. သူ .. သူ .. တစ်ယောက်တည်းနေနေတာ သူ့ အတွက်လည်း ကောင်းတယ် .. မင်းအတွက်လည်း အန္တရာယ်ကင်းပါ တယ် ရှင်မေ့သာ .. ဒါကြောင့် မင်းလို ချောချောလှလှ.. ရွှေရုပ်လေးလို သူ့တဲ့ ကောင်မလေးကိုမြင်ကတည်းက .. ငါ ပိုစိတ်ပူခဲ့တာ .. မင်းကို.. အခုမှာ .. နေကိုမနေစေချင်ခဲ့တာပါ .. အဲဒါ .. မင်းအတွက်ရော အတွက်ရော စိတ်ပူလို့ပါပဲ .."

ဟု ပြောလာတော့ ရှင်မေ့ ငြိမ်နေသည်။ ဒေါ်လေးနန္ဒာမှူး ပြော တွေက သဘာဝတော့ ကျနေသည်။ ဒေါ်မျိုးမမထား သေဆုံးရသည့် ကိစ္စကိုတော့ မျက်မြင်ကိုယ်တွေ့ အတိအကျမကြုံခဲ့တာမို့..။ သည့်အပိုင်းကပဲ ပြောပြခဲ့တာပဲရှိသည်။ ကျန်တာတွေကတော့ နေသည်လေ ..။ သူသည် တကယ်ပဲ အသံမျိုးစုံဖြင့် စကားပြော နေသည်။ သူ့မေမေ့အဝတ်တွေ .. အဖေ၏အဝတ်တွေကိုလည်း ထဲသယ်ထားသည်။ ဗီရိုနှင့်တကွ ထားခြင်း ..။ ခုအချိန်မှာ .. ည် .. အမေဖြစ်လိုက် .. အဖေဖြစ်လိုက်ဖြင့် အခန်းထဲမှာ အမေ

www.burmeseclassic.com

www.burmeseclassic.com



အဝတ်ဝတ်သည့်အခါဝတ် ...။ အဖေ အဝတ်ဝတ်သည့်အခါ ဝတ်ဖြင့် ရှိနေချေခဲ့မည်လား မသိ ...။ ထိုညက .. မီးလောင်သည်ဆိုတာကလည်း သူ့အခန်းကို သူ မသိစိတ် .. သူ၏ .. ထင်ယောင်စိုးတဝါး ကိုယ်ပွား တစ်ခုခု၏ လုပ်ရပ်အဖြစ်စံစားရင်း .. မီးရှို့ခဲ့သည်လားမသိ ...။ သူ့ကို လုပ်ကြံနိုင်သည်ဟု သူ စိတ်ထဲ စွဲလန်းနေသမျှကိုလည်း ရှင်မွေ့ ကို ပြောပြခဲ့ဖူးတာတွေ ရှိခဲ့သည်ပဲလေ ...။ ဒါကြောင့် .. လုပ်ကြံသူ ဝင်လာ သည်ဟု စိတ်ထဲထင်ကာ .. သူကိုယ်တိုင်များ ကိုယ့်အခန်းကိုယ် မီးရှို့ ခြင်းများပေလား ...။ မသိနိုင် ...။ ရှင်မွေ့ မသိနိုင်တော့ပြီကော ...။

"ဒီနေ့ထိ .. ဒီဒီဟာ .. မျိုးမမထားကို သူ သတ်တယ်လို့ချည်း ထင်နေတာပါပဲ .. မဟုတ်ဘူးလို့လည်း ငါ အမြဲ ငြင်းနေရတာပါပဲ - တကယ်က .. ဘယ်သူသတ်သတ် .. ကိုကိုက .. တရားခံလည်း ဖြစ်ခဲ့ ပြီးပြီ .. ဆုံးလည်းဆုံးပါးခဲ့ပြီးပြီ .. မင်းလည်း .. အဲဒီသံသယဖြစ်ဖွယ် ရာတွေကို .. ဘယ်သူ့အပေါ်မှာမှ .. ဘယ်သူ့ကိုမှ .. နှုတ်မကျွံမိပါစေနဲ့ ရှင်မွေ့သာ .. ခုလည်း မပြောမဖြစ်လို့သာ .. ငါ .. မျက်စိမှိတ်ပြီး မင်း အတွက်ရော .. ဒီဒီအတွက်ရော .. ကောင်းအောင်ပြောပြရတာပါ.. ဒီဒီ ဟာ အိမ်ထောင်မပြုသင့်တဲ့သူပါ .. မင်းကလည်း သူနဲ့ အိမ်ထောင်မကျ သင့်ပါဘူး .. အန္တရာယ်များပါတယ် ရှင်မွေ့သာ .."

ဟုပြောကာ ဒေါ်လေးနန္ဒာမှူးသည် အခန်းတံခါးရှိရာသို့ လျှောက် သည်။ နောက်တော့ တစ်ချက်တန့်ကာ .. လှည့်ကြည့်၏၊ ငေးကြည့်နေ သည့် ရှင်မွေ့နှင့် မျက်လုံးချင်းဆုံတော့ စပ်ယှဲ့ယှဲ့ပြုံးပြသည်။ စိတ် ထိခိုက်နာကျင်နေသည့် အပြုံး ...။

"ဒါကြောင့် .. သူ့ဖေဖေ .. သူ့မေမေ .. အဲဒီပုံတွေကို .. သူ့ မြင်ကွင်းထဲက ငါ ဖျောက်ထားတာပါ ရှင်မွေ့သာ .. သူဟာ .. သူ့အဖေ အမေရဲ့ ကိုယ်ပွားတွေအဖြစ် .. အင်း .. သူ့အဖေ .. သူ့အမေအဖြစ် - ပိုပြီး အဲဒီပုံတွေမြင်နေရတိုင်း စိတ်တွေ ပိုမြဲကုန်မှာ .. အဖေ ဖြစ်လိုက် - အမေလုပ်လိုက်နဲ့ အခန်းထဲမှာ တစ်ယောက်တည်း စိတ်ကူးထဲ ဝင်ရာ .. လုပ်နေမှာကို ငါ စိုးရိမ်လို့ ဖြုတ်သိမ်းခဲ့တာပါ .. အဲဒါကို .. မင်းက ဖြစ်အောင်ပြန်ပြီး နံရံမှာ ပုံတွေချိတ်ပြထားတယ်လေ.."



ဟု အပြစ်တင်သံ ငွေ့ငွေ့ဖြင့် ပြောလေသည်။ ခေါင်းလည်းခါနေ သည်။

"မျိုးမမထား ရဲ့ပုံတွေအားလုံးကို .. ငါ မီးရှို့ပစ်ခဲ့တာ .. မိုးမမမှာ ထားကိုမထားတော့တာ .. ကိုကိုနဲ့ မမသီရိကိုပဲ .. ပုံကို မီးမရှို့ရက်.. ရှို့သင့်တာရို့ သိမ်းဆည်းထားတာလေ.. မင်းက ဖွေဖွေရှာရှာ .. စပ်စပ် စုစု .. လုပ်ပြီး ပြန်ချိတ်ခဲ့ပေသကိုး .."

ဟု ခပ်ညည်းညည်း ပြောပြီးတာနှင့် အခန်းတံခါးကိုဖွင့်သည်။ အခန်း ပြင်မှထွက်ခွာသွားသည်။အခန်းတံခါးရွက်ကို ပြန်၍စေ့ပိတ်ထားပေး ခဲ့သေးသည်။ ရှင်မွေ့ သည်သာလျှင် တစ်ယောက်တည်း အခန်းထဲ ငြိမ်ကျ ကျန်ရစ်ခဲ့ရသည်ပါပဲ ...။ ဒေါ်လေးနန္ဒာမှူး နှင့် ရှင်မွေ့ ဘယ်တုန်းကမှ ညသို့ တစ်ခန်းတည်း အချိန်ကြာကြာ မရှိခဲ့ဖူး ...။ ခုလိုလည်း ဒေါ်လေး နန္ဒာမှူး စကားရှည်ကြီး အချိန်ပေး၍ ရှင်မွေ့ကို ပြောခဲ့ဖူးတာလည်း မရှိခဲ့ဖူး ...။

ဤညမှာတော့ ပြောခဲ့ပြီးပြီ ...။ ထွက်လည်းထွက်ခွာသွားပြီ ...။

သဘောက .. ရှင်မွေ့ကို ပြောသင့်ရာပြောခဲ့ပြီးပြီ ...။ ရှင်မွေ့ ဘာ သာ ဆုံးဖြတ်လေ .. ဟု သဘောထားသည့်သဘော ...။

ရှင်မွေ့ .. စိတ်တွေမွန်းကြပ်နေ၏။ ပန်းစံကားရနံ့ကတော့ သင်း ပျံ့မြမြဖြင့် တိုးဝင်လာသည်က ဖွင့်ထားသည့် ပြတင်းဆီမှပါ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

ရှင်မွေ့ စိတ်ထဲ ရှုပ်ထွေးနေကြသည်ကတော့ အမှန် ..။ ဒါပေမယ့် ဘယ်သူ့ဘယ်သူစကားကိုမှ အလုံးစုံယုံ၍တော့မဖြစ် ..။ လက်တွေ့မှာ သူ့ကို မနက်တစ်ကြိမ် ညတစ်ကြိမ် ဆေးတွေ ရှင်မွေ့ကိုယ်တိုင် တိုက်နေရဆဲဖြစ်နေသည်။ ထိုဆေးများကို သူ နိုင်ငံရပ်ခြားမှာရှိနေ ကတည်းက အစဉ်တစိုက်သောက်နေခဲ့ရသည်ဟု၍လည်း ဘဘဦးအိမ် ရော သူရော ပြောခဲ့သည်ပဲလေ ..။

"ဒါပေမယ့် .. အဲဒီ ဒေါ်မျိုးမမထားတစ္ဆေဆိုတာဟာ .. သူ ရှစ်နှစ်သားအရွယ်ကတည်းက .. ဒီမိုးမခမှာ လှုပ်ရှားသက်ဝင်နေ တယ်လို့ ငါ သိထားရပြီးပြီပဲလေ .. ညဝတ်အင်္ကျီ ဖားလျားဖားလျား ခြံထဲမှာရော အိမ်ထဲမှာပါ သွားလာနေတဲ့ အဲဒီတစ္ဆေကိစ္စကိုကျတော့ ဒေါ်လေးနန္ဒာမှုး ဘာလို့ မပြောပြဘဲ ချန်ရစ်ခဲ့ရတာတဲ့လဲ .. သူပြော တဲ့အထဲမှာ .. သူဟာ စိတ္တဇဝေဒနာ စွဲကပ်နေတဲ့သူတစ်ယောက်ဆို ကိုပဲ အသားပေး ပြောခဲ့တာပဲ .."

ရှင်မွေ့ အတွေးဖြင့် မျက်ဝန်းတွေကို စုံမှိတ်ထားမိသည်။ နော



တော့ စိတ်ကို တုံးတုံးချလိုက်သည်နှယ် စိတ်နောက်ကိုယ်ပါ ထရပ် လိုက်မိပါပြီ။ အောက်ထပ်သို့ဆင်းကာ စတိုခန်းထဲမှ ဂျော်ဆီတစ်ပုလင်း ယူသည်။ အပေါ်ထပ် ပြန်တက် ..။ အခန်းတံခါးကို သေချာပိတ် ..။ ပြီးတာနှင့် တောက်လျှောက် စိတ်ထဲ သိလိုစိတ် ပြင်းပြနေလေသမျှ သုပ်သင့်သည့်ထင်ရာကို လုပ်ချပစ်လိုက်မိရပါပြီတည်း ..။

လုပ်ချင်တာတွေအားလုံး ပြီးတော့မှ မှန်ထဲမှ ပုံရိပ်ကို ကြည့်မိရပါ၏။ ဆံပင်ရှည်တွေက မျက်နှာရှေ့ခြမ်းကို ဖုံးအုပ်ထားသည်။ ပေါင်ဒါ မှုန့်ကို အရည်ဖျော်၍ မျက်နှာထက်မှာ လူးထားတာမို့ ဖြူဖပ်ဖြူရော် ကြီးဖြစ်နေသည့်မျက်နှာ ..။ မျက်တွင်းတွေကို အညိုရောင်မိတ်ကပ်ထူ ကြီး ပွတ်လူးထား၏။ နှုတ်ခမ်းကို အညိုရင့်ရောင် ခပ်ထူထူဆိုးထား သည်။ လက်သည်းတွေကို အညိုရောင်ဆိုးထားသည်။ ဝတ်ထားသည့် ညဝတ်အင်္ကျီ ချည်သားထက်မှာ သွေးတွေနှင့် ထင်ယောင်ထင်မှားစေရာ ဂျော်ဆီတွေ ,ကုံ ချဉဘတ်နေရာရော ..။ ဝမ်းဗိုက်နေရာတွေမှာရော ဆုပ်တိုက်နေအောင် လူးထားတာမို့ ခုအချိန်မှာ ဘယ်သူပဲ ခြံထဲမှာ ရှင်မွေ့ ကိုမြင်လိုက်စေ ..။ ဒေါ်မျိုးမမထား တစ္ဆေဟု ထင်ချေမည်သာ ..။

"တစ္ဆေဆိုတာကြီးက .. ငါ့အခန်းထဲတောင် ရောက်ခဲ့သေးတာပဲ.. ကြောက်အောင် ခုတင်လှုပ်တာတွေ ဘာတွေလောက်ပဲ လုပ်ခဲ့တာလေ.. အစ်ကိုလေးအခန်းကို သူ ဝင်ပြီး မီးရှို့ချင်တယ်ဆိုရင် .. နို့ရည်ပုလင်း ထဲ အိပ်ဆေးခတ်နေစရာတောင်မလိုဘူး .. ကုပ်ချိုးသတ်လိုက်ရုံပဲပေါ့.. အဲသလို ကုပ်မချိုးရင်လည်း မီးရှို့ခဲ့ရုံပေါ့ .. ဘာအိပ်ဆေးခတ်နေဖို့ ဆိုလို့ လဲ .. ဒီတော့ .. လူသားတစ်ယောက်ယောက်ဟာ အစ်ကိုလေးကို သေစေချင်နေတဲ့သူဖြစ်နေတယ် .. သူ့အကြံ မအောင်မြင်ရင် .. နောက် တစ်ကြိမ် ထပ်လာပြီး ကြိုးစားဦးမှာပဲ .. သူ့ကို ငါ စောင့်ဖမ်းရမယ်.. အဲဒီလူ ခြံထဲ ခိုးဝင်လာတယ်ဆိုရင် .. ငါ့ကိုတွေ့ရင် .. တစ္ဆေပဲ ထင်မှာ.. ငါ့တို့ ရန်မူရဲမှာမဟုတ်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



ရှင်မွေ့ တွေးကာ နောက်တစ်ကြော့ မှန်ထဲကပုံရိပ်ကိုကြည့်သည် တခြားလူတော့ မသိ။ ရှင်မွေ့ ပင် ကိုယ့်ပုံကိုယ် ပြန်ကြည့်ပြီး ကြက်သီး ထချင်၏။

အခန်းထဲမှ ခြေသံလုံလုံဖြင့် ရှင်မွေ့ ထွက်ကာ သေချာ တံခါးရှက် ကို စေ့ပိတ်ပစ်ခဲ့ရသည်။ အောက်ထပ်မှာက ဘယ်သူမှရှိကြတာ မဟုတ် ဒေါ်လေးနန်းခက်ရော ခမ်းကြည်လေးရော မရှိကြတော့ပြီမို့ လူ ကင်းနေချေသည်သာ ...။

ဒါပေမယ့် .. ဒေါ်လေးနန္ဒမှူးများ အောက်ထပ်ဆင်း၍ ရေပုလင်း တွေ ဘာတွေ ယူတာမျိုး ရင်ဆိုင်တိုးရမှာ သတိထားရသေးသည် တကယ်တမ်းကျတော့ ဘယ်သူမှမရှိ။ လွယ်လွယ်ကူကူပင် နောက်ဖေး ဘက်တံခါးဆီမှ ရှင်မွေ့ အပြင်သို့ရောက်၏။ လက်ထဲမှာက စတိုခန်း မှယူလာသည့် သံပိုက်တိုတစ်ချောင်း ပါလာသည်။

ညကတော့ တိတ်ဆိတ်နေသည်။ လပြည့်ညဘက်ကို နီးကပ်လာ ပေမယ့် မိုးရိပ်က မှောင်နေ၏။ လရောင်က မပီပြင် ...။ မိုးတွေရွာချ ရာ ရေ့ပြေးအဖြစ် လေတိုက်စပြုလာနေပြီ။ ညပေမို့ သစ်ရွက်တွေ ထေ တိုးသံက လှိုအပ်သည်ထက် ပို၍ကျယ်လောင်နေသည်ဟု ထင်လာနေ သည်။ ညက တိတ်လွန်းနေသည်ကိုးလေ ...။ တစ်ခြံလုံးမှာကလည်း အပင်တွေက များသည်။ အထူးသဖြင့် တောင်ထန်းပုမျိုးတွေ စီတန်း၍ အိုးနှင့်စိုက်ထားရာဆီမှ လေတိုးသံက ပိုကျယ်၏။ ဝက်သစ်ချပင်ကြီး တွေဆီမှလည်း မိုးသံနှင့် ဆင်တူသော ရွက်ခတ်သံတွေက တရှဲရှဲ မြည်နေကြချေ၏။

"အင်း .. ဒီအချိန်မှာ .. ငါ .. ဟိုတစ္ဆေနဲ့ ရင်ဆိုင်တိုးရင် .. သူက တစ္ဆေအစစ် .. ငါက တစ္ဆေအတု .."

ဟု တစ်ချက်တွေးမိပြန်၏။ ထိုအခါကျလျှင်တော့ ရှင်မွေ့ အခက် ကြီး သတ္တိခဲလုပ်ရချေမည်။ သူ့ကို စကားပြောကြည့်လျှင် ကောင်းသည်



ထင်၏။ ရုပ်ရှင်တွေထဲမှာကျတော့ မကျွတ်မလွတ်သူ တစ္ဆေတကာ ဆိုသည် သူ့တို့ကို စကားလေးဘာလေးပြောသူရှိလာလျှင် .. သူတို့ အတွက် ကျွတ်လွတ်ရာအတွက် ဘာတွေ လုပ်ပေးပါဟု ပြောကြတာ မျိုး ကြည့်ဖူးထားတာ ရှိသည်လေ။ တိုက်၏နံရံမှာ မှောင်ရိပ်ကို ခို၍ ရှင်မွေ့ ခြံရှေ့ဘက်ဆီသို့ လာနေမိပြီ။

"ဘာဘအိုက်ခေါင် ကိုလည်း သတိထားကြည့်မှဖြစ်မယ် .. ငါထင် တာကတော့ ဘာဘ ကြောက်လို့ အပြင်ထွက်မှာမဟုတ်ပါဘူး .. အလုပ် ကြွတ်အောင်သာ ဒေါ်လေးနန္ဒာမှူးကို သူ ခြံထဲ ညဘက်လိုက်ကြည့်ပါ ဆိုယ် ပြောတာပါ .. ကြောက်တတ်လို့ အိပ်ဆေးသောက်အိပ်နေရှာ တဲ့လူမျိုးပဲလေ .. အင်း .. ဒေါ်လေးနန္ဒာမှူးကို လန့်ရှိန်နဲ့ တကယ်များ ကြည့်သည်ကြည့် ခဏလုပ်ဖို့ ထွက်လာရင်ဖြင့် .. ငါ့ကိုများ မတော် ဆမြင်သွားရင် .. လန့်ပြီး အသက်ပါသွားနိုင်တယ် .. အဲဒါက ပိုသတိ ထားရမယ့်ကိစ္စ ဖြစ်နေတယ် .."

ဟု တွေးကာ ခြေသံလုံလုံဖြင့် ပန်းစံကားပင်ဘက်ကို ကူး၏။ ခြံထဲ မှာ လူရိပ်ပင်မရှိ။ စံကားပင်အောက်ရောက်တော့ ပန်းစံကားပွင့်ကြွေ တွေ ကောက်ရပါ၏။ လက်ထဲမှာကိုင်ထားလိုက်သည်။ ဖားလျား ချထားသော ဆံပင်ရှည်ကြီးထဲမှာလည်း ကလစ်ဖြင့် ထိုးပန် ထားလိုက် သည်။

ပြီးတာနှင့် စံပယ်ရုံနားမှာ ပုန်း၍ ထိုင်လိုက်မိရပါ၏။

ထိုစဉ်နိုက် နောက်ဖေးဘက်ဆီမှ ဖြူဖြူအရိပ်တစ်ခု တရွေ့ရွေ့ ထွက်လာနေတာကို ရှင်မွေ့ မြင်လိုက်ရချေသည်တကား ...။ တခြား ...တ် ...။ ညဝတ်အင်္ကျီဖြူ ဖားဖားကြီးမှာ သွေးတွေပေကျံနေသည့် ...။

ရှင်မွေ့ အသက်ပင်မရှူရဲ ...။ တကယ်တမ်း နဖူးတွေ့ ဒူးတွေ့ ...နှင့် နစ်ယောက်ချင်းတိုးသည်ဆိုတော့လည်း ရင်တွေ အရမ်းခုန်

www.burmeseclassic.com

www.burmeseclassic.com



နေသည်။ နှလုံးတစ်ခုလုံး အပြင်ဘက် ခုန်ထွက်လာတော့မည့်အလား ရှိနေသည်တည့် ...။

ပန်းစံကားပင်အောက်ရောက်တော့ ပန်းစံကားပွင့်ကို ကောက်နေ သည့် တခွေ ...။ ဆံပင်ရှည်ကြီးတွေက ရှေ့သို့ငိုက်ကျ၏။ နောက်တော့ ထရပ်လိုက်ကာ အိမ်ကြီးဘက်ကို မျှော်ကြည့်နေသည်။ ဖြူဆုပ်ဆုပ် မျက်နှာသည် ဖိုးရိုးဖားလျားရှေ့မှာ ပြုဆင်းနေကြသည့် ဆံပင်ရှည် ကြီးတွေကြားဆီမှ ရိုးတိုးရိပ်တိတ် မြင်နေစေရသည့်အချိန် ...။ နှုတ်ခမ်း က မည်းနေသည်။ လက်ချောင်းတွေကဖြူသွယ်သွယ် ...။ ပန်းစံကား ကိုင်ထားရာမှ ငုံ့စိုက်ကြည့်နေသေး၏။ နောက်တော့ စိတ်ပင်ပန်းသ သက်ပြင်းချသံကြီး ထွက်လာသည်။ ညက .. လရောင် မကင်းပေမ မိုးရိပ်တွေ မှောင်နေသည့် ည ...။ လေတွေ တဟူးဟူး တိုက်နေသည့်ည လရောင်ဝိုးတဝါးည ...။ ထိုအချိန်မှာ ကြားရသည်က သက်ပြင်း ကြီး ချသံ ...။ တခွေဖြူကြီး ရပ်နေသည့်နေရာသည် ရှင်မွှေ့ ပုန်းနေ နေရာ စံပယ်ရုံနှင့် နီးကပ်နေသည်ကိုးလေ ...။ ရှင်မွှေ့ မျက်တောင် ငြိမ်၍ကြည့်နေရဆဲ။ လက်ထဲမှာပါလာသည့် သံပိုက်တိုကိုလည်း ကျစ်ပါအောင် ဆုပ်ထားလိုက်မိရသည်။ ထိုစဉ်ခိုက် တခွေဖြူသည် ပေါ် ထိုင်ချကာ စိတ်မောကိုယ်မောပုံစံဖြင့် ငြိမ်နေပြန်၏။ လက် က မြက်ခင်းပြင်ထက်မှာ ရှေ့ဘက်ကို ငိုက်၍ ထောက်ထားသည်။ သည်လည်း ရှေ့သို့ငိုက်နေ၏။

ရှင်မွှေ့ စိတ်ကို ပိုင်ပိုင်ဆုံးဖြတ်လိုက်ရပါပြီ။ ဤအတိုင်း မဖြစ်...။ တစ်ခုခုကိုတော့ အဆုံးသတ်ပေးမှဖြစ်တော့မည်။ တခွေ တိုက်ရိုက်တွေ့ပစ်လိုက်တာ အကောင်းဆုံး။ ရှင်မွှေ့သာ ဆိုတာ ဝင်းလင်းဖြစ်နေတာမျိုးထက် ပြတ်သားရှင်းလင်းတာကို ပို၍ လိုက်ချင်သည့် သတ္တိရှိသော မိန်းမတစ်ယောက်ဖြစ်ဖို့ လိုနေသည်

ရှင်မွှေ့ ရှေ့သို့ထွက်လာမိသည်။ သံပိုက်ကိုင်ထားရာ



ဘာ့ ကျောဘက်ဆီသို့ ဝှက်ထားလိုက်မိ၏။ ဘယ်ဘက်လက်ကတော့ ပန်းစံကားဖြူတစ်ပွင့်ကို ကိုင်ထားမြဲ ...။ ရှေ့ဆီသို့ ရှင်မွှေ့ တဖြည်းဖြည်း တိုးလာရသည်။ သတိလည်းမပြတ်အောင် ထားရပါ၏။ တစ်ခုခု ကြုံ တာနှင့် လိုအပ်လျှင် သံပိုက်ဖြင့်ရိုက်ပစ်ဖို့ လက်နှေးနေ၍တော့ မဖြစ်။ ရှင်မွှေ့ လန့်လန့်ဖျပ်ဖျပ်တော့ မရှိမဟုတ်။ လန့်ပေမယ့် သတိဆိုတာ လည်း ရှိနေတာ အံ့သြစရာပင်ဖြစ်နေသည်။

ရှင်မွှေ့ တစ်ချက် ကိုယ်ကိုညွတ်၍ ပန်းစံကားပွင့်တွေ တစ်ဆုပ် လောက် ကောက်လိုက်မိကာ တခွေဖြူကို ကြည့်လိုက်မိရပါ၏။ ဆီ စောစောကနယ်ပင် မြက်ခင်းပြင်ထက်မှာ လက်ကို ရှေ့ဘက်မှာ ပြုထောက်၍ ခေါင်းငိုက်ငြိမ်နေဆဲရှိနေသည့် တခွေဖြူရှိရာဆီသို့ ပန်းစံကားဖြူတစ်ဆုပ်ကို တစ်ပွင့်ချိန်၍ ပစ်ပေါက်လိုက်မိရပါ၏။ ထို ခါကျတော့မှ တခွေဖြူ၏ခေါင်းသည် ရုတ်ခနဲထောင်မတ်လာ၏။ တိတ်ဆိတ်စွာငြိမ်ကြည့်နေသည့် ကျောဘက်ဆီမှ ရှင်မွှေ့ လက်ထဲက လက်ကျန်ပန်းတစ်ပွင့်ကို ထပ်၍ပစ်ပေးလိုက်တော့ နောက်ဘက်ကို ကြည့်လာသည်က အဖြူရောင်တခွေ ...။

"အံမယ်လေး..."

အလန့်တကြားအော်သံ ...။ ဘုရားရေ ...။ အသံက .. ယောကျ်ား ယောက်၏အသံပါတကား ...။

လက်တကာကာဖြင့် ကြောက်လန့်တကြားရှိနေရာမှ ကြုံး၍ ပ်တာ ..

"ဘုရား .. ဘုရား .. တကယ့်ကို .. မမလေးထား တခွေဖြစ်နေတာ လား .. မမလေး အခု တကယ်ရောက်လာတယ်ပေါ့ .. ကျွန်တော့် သတ်ပါနဲ့ မမလေးထားရယ် .. မမလေးထား .. ကို .. ကျွန်တော် တုန်းကတည်းက .. မသတ်ချင်ပါဘူး .. မ .. သတ် .. ချင် .. ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလည်းပြော ..။ လန့်၍လည်းကြည့်နေသည့်အသံရှင် ..။ အသံ ..။ ဤအသံ ..။ ရှင်မွေ့ မှတ်မိလာရပြီ ..။ အံ့ဩစိတ်ဖြင့် ရှင်မွေ့ သွေးတွေဒုန်းဆိုင်း၍ ခုန်ဆောင့်ပြေးလွှားနေကြသည်ဟုပင် ထင်လောက်စရာဖြစ်ကုန်ပါပြီတည်း ..။

ဘဘဦးအိုက်ခေါင်၏ အသံပါတကား ..။ ရှင်မွေ့ မမှတ်မိစရာကိုမရှိ ..။ ပန်းခြံထဲမှာ စကားပြောနေကျ ..။ အိမ်မှာ ကြားနေရကျအသံ..။

ရှင်မွေ့ ဟန်ပန်ကို ထည်ထည်ဝါဝါလေးလုပ်ပစ်ရသည်။ အချိန်ကောင်းနှင့် အခွင့်ကောင်းတစ်ခုကို ရင်ဆိုင်တိုးချိန်မှာ တန်ဖိုးရှိရှိ အသုံးချဖို့တော့လိုသည်လေ ..။ ရှင်မွေ့ ၏နှုတ်မှ တဟီးဟီးအသံကိုထွက်စေလိုက်ပြီး ရှေ့သို့တိုးတော့ ဘဘဦးအိုက်ခေါင်က နောက်သို့ဆုတ်သည်။ လက်တကာကာဖြင့် ..

"မမလေးထား ဟန်ဆောင်ဖို့ .. ကျွန်တော်ကြံတာ မဟုတ်ပါဘူး.. ကျွန်တော် နိုင်းသမျှ လုပ်ရတာပါ .. အခု .. မမလေးထား .. တကယ်ရောက်လာတယ်ပေါ့နော် .. တကယ်ရှိလာနေပြီပေါ့နော် .. မလာ.. မလာပါ .. နဲ့ .. မလာပါနဲ့ .. ခွင့်လွှတ် .. ပါ .. ခွင့် .. လွှတ် .. ပါ .."

ဟု ငိုယိုသံကြီးဖြင့် တောင်းပန်ရာမှ နောက်ကြောင်းပြန်ပြေးသည်။ ရှင်မွေ့ကလည်း ဟန်တစ်ချက်မလျှော့ ..။ သွေးပေနေသည့်နယ် ရှိနေသည့် ရင်ဘတ်နေရာကို ထု၍ ထု၍ နောက်က ပြေးလိုက်ပစ်သည်ပါပဲ။ ဘဘဦးအိုက်ခေါင်က အပြေး ..။ ရှင်မွေ့ နောက်ကလိုက်ဖြင့်ရှိနေရာမှ ဘဘ အိမ်တံခါးကိုဖွင့်၍ အတွင်းဘက်ဝင်ကာ တံခါးကြီးပိတ်ပြီး..

"မလာပါနဲ့ .. မလာပါနဲ့ .."

ဟု အသံနက်ကြီးဖြင့်အော်နေပါချေ၏။ ရှင်မွေ့ တံခါးရွက်ကို တဗုန်းဗုန်းထုလေ ..။ အတွင်းဘက်က အော်လေ ..။

"မမလေးထားကို .. ကျွန်တော် .. မသတ်ပါ .. ဘူး .."

ဟု ဆက်အော်နေဆဲ ..။ အသံက ပြာနှမ်းနေပြီ။ အသံသေး အသံ



ကြောင်ပင်ဖြစ်လာပြီ။ အော်ငိုသံကလည်း ပေါ်လာနေသည်။

သွေးပျက်ချောက်ချားနေသည့် ဘဘဦးအိုက်ခေါင်၏ စကားထဲမှာ သတ်တာမဟုတ်ပါတွေလည်း ပါလာနေကုန်ပြီ ..။

ရှင်မွေ့ ရှေ့ဆက်တိုးမှ အကြောင်းရင်းအစုံကို သိနိုင်မည်လေ ..။ တကယ်က .. ရှင်မွေ့ လူသတ်ဖို့ ကြံစည်မိုးဝင်မည့်သူကို ချောင်းခြင်း..။ ရင်ဆိုင်၍ လက်တွေ့ကြုံသည်က လူသတ်မှု၏ကွင်းဆက်ဖြစ်နေချေသည်တကား ..။

ထိုစဉ်နိုက် နောက်ဘက်ဆီမှ ပခုံးကို ဖွဖွလာထိသည်မို့ လန့်ခနဲဖြစ်ကာ လှည့်ကြည့်မိတော့ သူ ..။ နှုတ်ခမ်းမှာ လက်ညှိုးကို ကပ်ထားကာ တိတ်တိတ်နေ .. ဟု အမူအရာပြနေသည့် သူ့အကြည့်တွေက ရှင်မွေ့ မျက်နှာထက်မှာ တန့်နေ၏။

"မင်း အခန်းထဲကဆင်းပြီး လှေကားအတိုင်းသွားနေတာ ငါမြင်ခဲ့တယ် ရှင်မွေ့ .. ငါက .. မီးလောင်လုပ်ကြံခံရတဲ့သူကွ .. တစ်ညလုံး စိတ်ချလက်ချ ခေါင်းနှစ်ပြီး အိပ်နေမယ်များ ထင်သလား .. ခြေသံ အမြဲနားစွင့်ပြီး .. လုံးဝ မအိပ်စတမ်း အခန်းထဲ နိုးကြားနေတဲ့သူအဖြစ်နဲ့ ညမှာ ရှိနေတာဗျ .. မင်း .. ဒီပုံကြီးဆင်းပြီး ဘာလုပ်ဖို့ ခြံထဲ ထွက်သွားတာလဲဆိုတာ ငါလည်း သိချင်နေတာပဲလေ .. မင်း စိတ်ရူးပေါက်ပြီး ဘာတွေလုပ်ဖို့ ကြံနေတာလဲရယ်လို့လည်း အံ့ဩနေတာကွ .. ဒါကြောင့်လည်း .. မင်းကို ခြာတ်ပုံပါရိုက်မယ်ဆိုပြီး .. ဖုန်းပါ ယူလာခဲ့တာ .."

ဟု တိုးတိုးပြောကာ ခေါင်းခါနေ၏။ နောက်တော့ ဘဘ ဦးအိုက်ခေါင် အခန်းတံခါးကို ငေးစိုက်ကြည့်နေသည်။

"မင်းကြောင့် .. အခုတော့ .. ငါသိချင်တာတွေ .. သိရတော့မယ် ထင်တာပဲ ရှင်မွေ့သာ .. ဘဘ ဦးအိုက်ခေါင် ဟာ တစ်ခုခုပတ်သက်နေမယ်ကွ .."

ဟု တိုးတိုးပြောနေသည်။ အတွင်းဘက်ခန်းဆီမှ ငိုသံကတော့

www.burmeseclassic.com

www.burmeseclassic.com



သွေးပျက်နေသူတစ်ယောက်၏အသံတွေဖြင့် ထွက်ပေါ်နေဆဲ ...။ ငိုရှိုင်လုံးထွေးပြောနေသည့် စကားသံတွေကလည်း မပီမသဖြစ်နေကြသည်

"တံခါးကို ဆက်ထုစမ်းပါ ရှင်မွှေ့သာ .."

ရှင်မွှေ့သာ သူပြောသည့်နှယ် ဆက်တိုက်ထုနေရပါ၏။ ထိုအခါကျတော့လည်း ဘဘဦးအိုက်ခေါင်ခမျာ အိမ်ထဲ မနေရဲတော့သည့်နှယ် ပြတင်းပေါက်ကိုဖွင့်၍ ခုန်ပေါက်ဆင်းပြေးပြန်၏။ ရှင်မွှေ့ ရှေ့မှ ဝိ၍ရပ်တော့ လက်အုပ်ချီကာ ...

"မလုပ်ပါနဲ့ မမလေးထားရယ် .. အဲဒီနေ့က .. အဲဒီနေ့က - မမလေးထားကို .. တကယ်ပစ်သတ်တာ .. မမုံလေးနန္ဒာပါ .. မမလေးနန္ဒာ ပါ .. သူ့ကိုပဲ .. သူ့ကိုပဲ သွားခြောက်ပါ .."

တစ္ဆေအဝတ်ကြီးဖြင့်ရှိနေရင်း.. ။ တစ္ဆေပုံကြီး ပြင်ဆင်ထားရင်းဖြင့် တစ္ဆေကြောက်လျက် လက်အုပ်တချီချီဖြင့် ဘဘ ပြောနေသမျှ - ရှင်မွှေ့ ကြားလိုက်ရပါပြီ ...။

ဘုရားရေ ...။ ဒေါ်နန္ဒာမျိုးသည် .. လူသတ်တရားခံအစစ်ဖြစ်ချေသည်တကား ...။ ဘဘဦးအိုက်ခေါင် ကတော့ ဖြစ်ပျက်သမျှအားကို ကြောက်ကြောက်လန့်လန့်ဖြင့် သွေးပျက်ချောက်ချားရင်း .. အတစ်ယောက်နှယ် .. ကတုန်ကယင်ဖြင့် တရသွန်ပြောချနေဆဲ။ ထိုနေ့နေက အဖြစ်အပျက်အားလုံးသည် .. ရုပ်လုံးပေါ်သွားခဲ့ရချေသည်ဘဘ ဦးအိုက်ခေါင်၏ စကားအဆုံးတိုင် ရောက်ချိန်မှာပါ ...။

ထိုမြင်ကွင်းအားလုံးကို ..ဖုန်းလေးဖြင့် ဗီဒီယိုမှတ်တမ်းပြုခဲ့သူက အစ်ကိုလေးပါ ...။



အခန်း (၂၁)

ဒေါ်လေးနန္ဒာမျိုး၏ အခန်းတံခါးကို သူ ခပ်ကြမ်းကြမ်းကြီးထုနေတာမို့ ဒေါ်လေး လာ၍ တံခါးဖွင့်ပေးလာပါ၏။ ညဝတ်အင်္ကျီ အဖြူရောင်ဖြင့် ဆံနွယ်ရှည်ကြီးတွေကိုကျစ်ချထားရင်း ပေါ့ပါးစွာ အကြောင့်ကြမဲ့ အိပ်စက်ခဲ့ဟန်ရှိပါသည့် ဒေါ်လေး၏အကြည့်က မျက်ဝန်းတွေထဲမှာ ခံပြင်းကြေကွဲခြင်းတွေ မချိရင်ကန်ခံစားရသမျှတွေ ပြည့်လျှံကျနေရင်း မမှိတ်မသုန်ကြည့်နေသည့် တူတော်မောင်ကိုရော ...။ နောက်ပါးမှာတစ္ဆေဝတ်စုံကြီးဖြင့် ခုထိ ပုံစံမပြောင်းလဲနိုင်သေးဘဲ မျက်ရည်တကျကျဖြင့် ကြောက်လန့်တကြားကြီး ကတုန်ကယင်ရပ်နေသည့် ဘဘဦးအိုက်ခေါင် ကိုရော ...။ အရာရာကို .. နားလည်ပေးလိုက်ရမှာပင်နာကျင်ခဲ့ရလောက်အောင် အုံ့ဩနေသည့်အကြည့်တွေဖြင့် ငေးစိုက်ကြည့်နေသည့် ရှင်မွှေ့ ကိုရော ...။ တွေ့လိုက်တော့ နားလည်သွားပုံဖြင့် ခပ်ယဲ့ယဲ့ပြုံးသည်။ တံခါးကို အပြည့်ဖွင့်လိုက်ကာ အားလုံးကို အခန်းထဲဝင်ဖို့ ဘေးဘက်ကို ဖယ်ပေးလိုက်သည်မို့ သူ ဦးဆောင်၍ အခန်းထဲဝင်လာပါ၏။ ရှင်မွှေ့ ကတော့ ဥယျာဉ်ရှိ ရေတိုင်ကီနေရာမှသည် ရေစက်

www.burmeseclassic.com



ခေါင်းဖွင့်၍ မျက်နှာသစ်ခဲ့ပြီးပြီ။ အပြာရောင်ဝတ်စုံပေါ်မှာ ထပ်ဝတ်ထားရာ ညဝတ်အင်္ကျီကြီးကိုလည်း ခြေရင်းခန်းမှာ ချွတ်ထားခဲ့ကာ ဆံပင်ကို စုထုံးထားခဲ့ပါ၏။ သူ့လက်ထဲမှာ ဤတစ်ကြိမ်မှာတော့ စောစောက သူ တစ်ကျော့ပြန်ဝင်ပြီး သူ့အခန်းထဲမှ ယူလာသည့် ဗီဒီယိုကင်မရာကြီး ရှိနေပါချေ၏။

ကင်မရာကို မှတ်ထမ်းတင်နိုင်နေစေဖို့ သူ သေသေချာချာလုပ်ပြီးမှ ရှင်မွေ့လက်ထဲ ကင်မရာကို ထည့်လိုက်ပါ၏။ သဘောက .. ဤအချိန်မှစ၍ မှတ်တမ်းရိုက်ပေတော့ဆိုသည့်သဘော .. ။ ရှင်မွေ့နည်းနည်းတော့ ဒေါ်လေးနန္ဒာမှူးကို မျက်နှာပူအားနာမိရပေမယ့် .. ဤသည်က .. ရာဇဝတ်မှုတစ်ခုကို ဖော်ထုတ်ရမည့်ကိစ္စပေမို့ ဗီဒီယိုကင်မရာလေးဖြင့် အရာရာကို အလိုက်သင့်ရိုက်နေရပါပြီ ..။

သူ .. ဒေါ်လေး၏ လက်ကိုဆွဲ၍ ခုတင်ပေါ်ထိုင်ခိုင်းသည်။ သူလည်း ဘေးမှာထိုင်သည်။ ဘဘဦးအိုက်ခေါင် ကိုလည်း ထိုင်ခုံတစ်လုံးဖြင့် ခုတင်ဘေးမှာ ထိုင်ခိုင်းတော့ ဘဘ ခေါင်းခါပါ၏။ ထိုင်ခုံပေါ်မှာ မထိုင်ပဲ ..။ ကြမ်းပေါ်မှာ ထိုင်၍ မျက်ရည်တကျကျဖြင့် ရှိနေသည်ပါပဲ..။

"ဘာလို့ .. အဲသလို ဖေဖေ့အပေါ် ရက်ရက်စက်စက် .. လုပ်ရက်ရတာလဲ ဒေါ်လေး ဟင် .. ဘာလို့လုပ်ရက်ရတာတဲ့လဲ .. ဘိုးဘိုးနဲ့ ဘွားဘွားက ဒေါ်လေးကို လက်ဖက်ခြံအလုပ်သမား မုဆိုးဖိုကြီးရဲ့သမီးကို မွေးစားခဲ့တာပါ .. အမိမဲ့သမီးလေးကို တစ်ယောက်တည်းနေရင်း နောက်အိမ်ထောင်လည်းမပြု .. အရက်နဲ့ပဲ ဇနီးကိုလွမ်းသမျှ တသောက်တည်းသောက်နေတဲ့ ဦးအိုက်လုံဆိုတဲ့ လူတစ်ယောက်ရဲ့ဘဝဟာ အရက်သမားဘဝနဲ့ သက်တမ်းတိုခဲ့ရချိန်မှာ .. အဖမဲ့သမီး .. အမိမဲ့သမီးကို ဘိုးနဲ့ဘွားက မွေးစားခဲ့တယ်ဆိုတာတွေ .. ဖေဖေ ကျွန်တော့်ကို ပြောပြခဲ့ဖူးတယ် .. ဒေါ်လေးဟာတဲ့ .. အဒေါ်ရင်း မဟုတ်ဘူးတဲ့.. ဒါပေမယ့် .. သားအပေါ်မှာ အမေတစ်ယောက်လို အဒေါ်တစ်ယောက်လို တကယ့်ကိုချစ်တာမို့ .. အမြဲစောင့်ရှောက်ပါလို့ မှာဖူးတယ် .. ဘယ်တုန်းကလဲသိလား .. ဖေဖေ အန်တီထားကို လက်ထပ်တဲ့အချိန်ရဲ့နောက်ပိုင်းမှာပေါ့ .. ဖေဖေဟာ ဒေါ်လေးအပေါ်မှာ ညီမတစ်ယောက်လို သံယောဇဉ်ရှိခဲ့တဲ့သူပါ .. ဒေါ်လေးမို့ လုပ်ရက်တယ်ဗျာ .. ဒေါ်လေး သတ်ခဲ့တဲ့လူသတ်မှုတစ်ခုရဲ့ တရားခံအဖြစ် ဖေဖေ့ကို ကြည့်နေရက်တယ် .. ဖြစ်စေရက်တယ်ဗျာ .."



ခံပြင်းတာလည်း အထွတ်အဖျား ..။ နာကြည်းသည်ကလည်း တုနှိုင်းစရာကိုပင် ရှာဖွေ မတွေ့ရှိနိုင်လောက်အောင်ပင် မချိမဆံ့ခံစားရင်း သူ အံခဲ၍ ပြောနေသည်ကလည်း ဒေါ်လေးနန္ဒာမှူးကို မျက်တောင်မခတ်ကြည့်နေရင်းဖြင့်ပါ ..။

ဒေါ်နန္ဒာမှူး ခေါင်းခါ၏။ အပြုံးသည် အရာရာကို ထီမထင်တော့သည့်အပြုံးဘက်ကို ကူးစက်လာနေပြီ။ ဘာတွေကို ဆက်လက်ရင်ဆိုင်ကြုံဆုံရတော့မည်ဆိုတာကိုလည်း တွက်ဆထားပြီးလိုက်ပုံရသည်။ ရင်ဆိုင်ရမှာကိုလည်း နောက်တွန့်တုံ့ဆိုင်းနေပုံမရ ..။ မိန်းမတစ်ယောက်၏ သေမထူးနေမထူး ပုံစံမျိုး ခံစားရင်း ရင်ဆိုင်လိုက်ဖို့ ဆုံးဖြတ်လိုက်သည့် အမူအရာ ဟန်ပန်မျိုးကို ရှင်မွေ့ ခုကျတော့မှ လက်တွေ့ကြုံဆုံဖူးရခြင်း ..။ ရှင်မွေ့ ရေးသားခဲ့သည့် ဝတ္ထုဇာတ်ကောင်တွေထဲမှာ ထိုဟန်ပန်မျိုးကို ရေးဖွဲ့ခဲ့ဖူးသည်။ ဒါပေမယ့် ခုမြင်နေရသည့် မြင်ကွင်းမျိုးအထိ အသက်မဝင်နိုင် ..။ ဒေါ်လေးနန္ဒာမှူးက ကိုယ်ကို မတ်လိုက်ကာ ..

"သံယောဇဉ် .. ဟုတ်လား .. အဲဒါကို ငါက လိုချင်နေတာမှမဟုတ်တာ .. ငါလိုချင်တာက .. ကိုကို့ဆီက အချစ်လေ .. ငါ့ကိုလက်ထပ်ယူဖို့အထိ မြတ်နိုးစွဲလန်းနေတဲ့အချစ်မျိုး .. ငါဟာ ငယ်ကတည်းက ကိုကိုနဲ့ မောင်နှမလို တူတူကစားခဲ့ .. တူတူမခွဲ နေခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



တာလေ .. ရွှေရည်သိမ်းသစ်အရွယ်လေး ငါရောက်လာတော့ .. ကိုကို ဟာ မင်းသားတစ်ပါးပဲ .. ငါ့အတွက် .. အလွန်အထင်ကြီးရတဲ့သူ .. ချစ်မြတ်နိုးရတဲ့သူ .. သူနဲ့တူတူနေရဖို့အတွက်ဆိုရင် .. ငါ .. ဘာပဲ လုပ်ပေးရပေးရ .. နောက်မတွန့်ဝံ့တဲ့သူဖြစ်လာခဲ့ရတာ .. ငါက ဆယ် တန်းမအောင်နိုင်ခဲ့ပေမယ့် .. ကိုကိုက .. တက္ကသိုလ်တက်နိုင်ခဲ့တယ်.. ကိုကို့ကို .. လွမ်းလိုက်ရတာလေ .. သေမတတ်ပါပဲ .. ကျောင်းပိတ်ရက် ကိုကို ပြန်လာတဲ့အခါတွေမှာ .. ငါဟာ အလှဆုံး သနပ်ခါးလေးလူး– ပန်းလေးတွေပန် .. ကိုကိုနဲ့အတူ .. စမ်းချောင်းလေးတွေကိုသွား – ငါးတူတူမျှား .. တောပန်းလေးတွေ တူတူခူး .. လက်ဖက်ခင်းတွေသွား– အဲသလို စက်ဘီးလေးတွေ ကိုယ်စီနဲ့သွားလာခဲ့ရတာတွေဟာ .. ကိုကို– တက္ကသိုလ်ပြန်တက်နေတဲ့ကာလတွေမှာ လွမ်းတသသဖြစ်ကျန်ခဲ့စရာ တွေပါပဲ .. ဒါပေမယ့် .. ဖေဖေနဲ့ မေမေကလည်း ငါ့ရင်တွင်းက ချစ်ခြင်း ကို မမြင်ခဲ့ကြဘူး .. ကိုကိုကလည်း မသိခဲ့လေဘူး .. အဲသလို မသိကြ တာကို ငါ ဘယ်အချိန်မှာ ရှင်းရှင်းလင်းလင်း သိခဲ့ရသလဲဆိုတော့– ကိုကို့ကို .. ဖေဖေနဲ့ မေမေက သီရိနဲ့ လက်ထပ်ပေးလိုက်တဲ့ကိစ္စ ပေါ် လာတော့မှပဲ ငါ သိခဲ့ရတာလေ .. ငါထင်တာက .. တစ်နေ့မှာ ငါ့ကို ကိုကိုနဲ့ နေရာချပေးကြလိမ့်မယ်လို့ မျှော်လင့်နေတာတွေ တစ်နေ့မှာ တကယ်ဖြစ်လာမယ်ဆိုတဲ့အထင်ပေါ့ .. အို .. ငါ သေလုမတတ်ခံစား တာ .. ခံစားခဲ့ရတာ .. တစ်ညလုံး ငါ ငိုခဲ့တယ်.. ဆောက်တည်ရာ လူးလဲငိုခဲ့ရတယ် ..''

ပြောနေရင်း ဒေါ်လေးနန္ဒာမှူး ငိုချလိုက်သည်။ ရွှေရည်သိမ်းသစ် အရွယ်က ခံစားချက်တွေသည် ယခုတိုင် ကြာမြင့်စွာ ရင်ထဲမှ ထွက်မ မသွားနိုင်သေးသည့် ငိုကြွေးမှု ..။

''ငါ့ရဲ့အနာဂတ် .. ငါ့ရဲ့ချစ်ဗိမာန်ကြီး မြေမျိုခံလိုက်ရတာ– ငါ မျက်စိရှေ့မှာ ကိုကိုနဲ့ သီရိတို့ လက်ချင်းဆက်ပြီး လက်ထပ်မင်္ဂလာ



မှာ ညွှံခံပြုံးပျော်နေကြတာကို ငါ မမှိတ်မသုန်ကြည့်ကြည့်နေခဲ့ရချိန် တိုင်းမှာ ငါ့အချစ်တွေ မြေမျိုခံနေခဲ့ရတာ .. ငါ ကြေကွဲနေရင်း .. ရင်တွေ တမွမွကြေနေရင်း .. ငါ့နှလုံးသားဗိမာန်ကြီး တရွေ့ရွေ့နဲ့ မြေမျိုခံလိုက် ရတာကို .. ငါ .. ခုထိ ခံနိုင်ရည်မရှိဖြစ်နေတုန်းပါပဲ ..''

ဒေါ်လေးနန္ဒာမှူး ခေါင်းခါ၏။ မျက်ရည်ကို သုတ်၏။ သူ့ကို လည်း ကြည့်ကာ ဆံစကို သပ်ပေးလာတော့ သူ လက်မခံ ..။ ခေါင်းကို နာကြည်းစွာ ဘေးသို့ တိမ်းဖယ်တော့ ပြုံး၍ ခပ်ယဲ့ယဲ့ရယ်၏။

''ဒါပေမယ့် .. ငါ .. စိတ်ကိုဟန်တင်းရတယ် .. ဘေးလူ မသိ အောင် အမူရုပ်ကို ဟန်လုပ်ဆယ်ခဲ့ရတယ် .. မင်းကိုမွေးပြီး သီရိ ဆုံးပါး သွားချိန်မှာ .. ငါ့ရင်ထဲကအချစ်တွေဟာ မျှော်လင့်ချက်တွေနဲ့ ပြန်နိုး ကြားလာခဲ့ကြရပြန်တယ်.. ဖေဖေနဲ့ မေမေကလည်း သီရိ မဆုံးခင် ကတည်းက .. ရုတ်တရက် အက်ဆီးဒင့်ဖြစ်ပြီး ဆုံးပါးကုန်ကြတာမို့ အဲဒီအချိန်မှာ မင်းဟာ ဘိုးဘွားတွေလက်ထဲ မကြီးပြင်းရတော့ဘဲ ငါ့ လက်ထဲ ကြီးလာခဲ့ရတာလေ .. ငါက .. ငါက .. မင်းကို ငါ့သားလေ တစ်ယောက်လို စိတ်ကူးတယဉ်နဲ့ကို .. ပြုစုခဲ့တာပါ .. ဂရုစိုက်ခဲ့တာပါ အဲသလို သားလုပ်သူကို ငါက ဂရုတစိုက်ချစ်တာကိုမြင်ရင် .. ငါ့ကို မေတ္တာသက်ဝင်ပြီး .. သားရဲ့မိခင်နေရာမှာ ရွေးချယ်နိုင်ချေရဲ့လို့လည် မျှော်လင့်နေမိခဲ့ရတယ်လေ .. ဒါပေမယ့် .. ကိုကိုက မျိုးမမထားဂ မင်းရဲ့အမေနေရာမှာ ရွေးချယ်လက်ထပ်လိုက်တဲ့အတွက် .. ဒုတိယ အကြိမ် ငါ .. ရှုံးအောင်ကြေကွဲရတယ် .. ခံစားရတယ် .. ပြင်းထန်လှ တဲ့ ခံစားချက်ဟာ .. အချစ်ဆိုတဲ့နေရာကနေပြီးတော့ နာကြည်းခြင်းဆို ဘက်ကို ပြောင်းလဲသွားတယ် .. သားဖြစ်သူအပေါ် ဒီလောက်ထိချစ်ခ မိန်းမတစ်ယောက်ကိုကျတော့ တန်ဖိုးမထားတတ်ဘဲ .. ဟိုတယော မိန်းမလည်တစ်ယောက်ကိုမှ လက်ထပ်ရက်ရသလား ဆိုတဲ့ ခံပြ အမုန်းတွေ ရင်ထဲမှာ တောကြီးတစ်တောလို အပြိုင်းအရိုင်း ဖြစ်တ

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တာပါပဲ .. တစ်နေ့မှာ .. ပိပိရိရိနဲ့ မျိုးမမထားကို သေအောင်သတ်ပစ်ဖို့အထိ ငါ့စိတ်ထဲမှာ ပိုင်းဖြတ်ထားတယ် .. ငါ့အချစ်ကိုလုတဲ့သူလို့ မျိုးမမထား ကို ငါ မြင်နေရတယ်လေ .. ငါဟာ .. ငါချစ်တဲ့ ကိုကို့ကို .. ပထမ .. မိန်းမတစ်ယောက်နဲ့ မြင်ခဲ့ရတယ် .. နောက်ထပ်လည်း မိန်းမတစ်ယောက်နဲ့ တပူးပူးတွဲတွဲမြင်နေရပြန်တယ် .. ခံနိုင်ရည်စွမ်း ငါ့မှာ မကျန်တော့ဘူးလေ .. မျိုးမမထားကလည်း ဟိုတယ်စာရင်းကိုင်ဘဝ ကနေပြီး .. နေ့ချင်းညချင်း သူဌေးမယားဖြစ်လာတော့ .. ပန်းရိုလေးဆွဲလိုက် .. ဝတ်ကောင်းစားလှဝတ်ပြီး ရှေ့ပင်ထွက်လိုက်တဲ့ စည်းစိမ်ကျ နေတာ ငါ မြင်မြင်နေရတာ စိတ်ထဲရော မျက်စိထဲရော စပ်လာတယ်.."

ဒေါ်လေးနန္ဒာမှူး ထရပ်သည်။ မောလာသည့်နှယ် ရေတစ်ဖန်ခွက်ကို သောက်၏။ နောက်တော့ ခပ်ဖြည်းဖြည်း အခန်းထဲ ဟိုဟိုသည် သည် လျှောက်နေသည်။ သူကတော့ ထိုင်နေရင်း လိုက်ကြည့်နေသည် ပါပဲ။ ရှင်မွေ့ လည်း ဒေါ်လေး၏လှုပ်ရှားမှုတိုင်းကို မလွတ်အောင် ကင်မရာလေးဖြင့် ဗီဒီယိုရိုက်နေမိဆဲ ..။

"ငါ့မှာ ကိုကိုနဲ့ ဆင်တူတဲ့ သေနတ်တစ်လက်ရှိတယ် .. ကိုကို့ကို ဖေဖေက .. ဖေဖေကိုင်တဲ့ ဆင်စွယ်ဒင်လေးနဲ့ လှလွန်းတဲ့ သေနတ်တစ်လက်ကို ပေးတဲ့အခါမှာ ငါကလည်း ကိုကို့လို သေနတ်လေး လိုချင်တယ်လို့ ဖေဖေ့ကို ပူဆာတယ် .. ကိုကိုနဲ့အတူ လက်ဖြောင့်ကျင့်မယ်လို့လည်း ပြောတယ် .. ဖေဖေက မိတဆိုး ဖတဆိုး ငါ့ကို သမီးလေးလိုတော့ ချစ်ပါတယ်လေ .. ငါ့အတွက် .. သေနတ်အစစ်မဟုတ်တဲ့ အရုပ်လေးတစ်လက်ကို သေချာပုံစံတူလုပ်နိုင်းပြီး .. ပေးတယ် .. အစစ်တော့ မရဘူးတဲ့ .. ဒီ ကလေးကစားစရာလေးလို သေနတ်လေးကိုပဲ ရမယ်တဲ့ .. အဲဒီအချိန်တုန်းက .. ကိုကိုက တက္ကသိုလ်တက်နေပြီ - ငါက ကိုကိုနဲ့ ဘေးက တကောက်ကောက်ပါနေတတ်တဲ့ ကျောင်းပိတ်ချိန် ငါးမျှားဖော် နန္ဒာမှူးလေး ဆိုပါတော့ .."



ဟု ပြောကာ အသံထွက်၍ ခပ်တိုးတိုးရယ်၏။ ကြည့်ရင်းကြည့်ရင်း ဒေါ်လေးနန္ဒာမှူးသည် တစ်ခါတစ်ခါမှာ ငိုနေတတ်ကာ ..။ ရယ်ချင်လည်း ရယ်ပစ်တတ်သည့်သူ ဖြစ်လာနေသည်။ ဒါပေမယ့် ရယ်ချင်၍ရယ်နေခြင်းမဟုတ်ဘဲ မငိုနိုင်အောင် ရယ်ပြနေခြင်းဟုလည်း ရှင်မွေ့အားလည်နေမိရပါ၏။

"ငါက .. ငါငယ်ငယ်တုန်းက .. ငါ့ဖေဖေအရင်း .. ဖေဖေ ဦးအိုက်လုံက .. သူ့မွေးရာပါ .. ပါရမီဖြစ်တဲ့ အသံတုအမျိုးမျိုးလုပ်တတ်တာကို သင်ပေးခဲ့တာလေ .. လူ့အသံတစ်ခုတောင်မကဘူး .. ဂျိုးကူသံ .. ငှက်ခြေသံ .. အဲဒါတွေမျိုးတောင်မှ သင်ပေးခဲ့တာ .. ငါက .. ဒီ.. ကလေးလေး .. ဟောဒီ မိုးနဒီမောင် ဆိုတဲ့ ဒီဒီလေးကိုတောင်မှ သင်ပေးခဲ့ဖူးတယ်လေ .. အဲဒီတုန်းကတော့ .. ငါ့သားလေး တစ်နေ့ တရားဝင် ဖြစ်လာကောင်းရဲ့ ဆိုတဲ့ ချစ်စိတ်တွေနဲ့ .. ကလေးနဲ့တူတူ နေနေရင်း.. ချစ်စိတ်နဲ့ သင်ပေးခဲ့တာပါ .. အင်း .. အဲဒီနေ့ .. ကိုကိုနဲ့ မျိုးမမထားတို့ စကားများကြတဲ့နေ့ .. ဒီဒီလေး ရှစ်နှစ်အရွယ်လေးမှာပေါ့ .. ကိုကိုက .. ဒေါ်နဲ့မောနဲ့ အိမ်အပေါ်ထပ်က ဆင်းလာတယ် .. ကိုကို ကားနဲ့ထွက်သွားတယ် .. မိုးမခမှာကလည်း .. ဒေါ်နန်းမွေ့ကို .. တစ်ဖက်ခြံထဲက ငါ လွှတ်ထားတာရှိတယ် .. အိုက်ခေါင် ကတော့ ခြံထဲမှာ ရှိနေတယ်လေ .. အင်း .. တစ်ဆက်တည်း ဝန်ခံချင်တာတစ်ခုတော့ ရှိပါရဲ့.. အဲဒီအချိန်တုန်းက .. ငါက .. အိုက်ခေါင် နဲ့ ချစ်သူဖြစ်နေပြီလေ.. ဟင်း .. တစ်ခါမှ ချစ်ခြင်းဆိုတာကို မခံစားရဖူးတဲ့ ငါဟာ .. ချစ်သူဆိုတာရယ် .. ချစ်ခြင်းဆိုတာရယ်ကို .. သိချင်လာတယ် .. ချစ်သူ ထားချင်လာတယ်လေ .. အိုက်ခေါင် က လူပုံဖြူဖြူဖွံ့ဖွံ့နဲ့ .. ငယ်ဂုဏ်နဲ့ဆိုတော့ .. ချောပေါ့ .. ပန်းခြံထဲ မြေတောင်မြှောက်လိုက် .. အပင်စိုက်လိုက်နဲ့ .. ကျစ်ကျစ်နဲ့ လူငယ် .. ငါကလည်း .. သူဌေးသမီးဘဝ ပျောင်းပျောင်းနဲ့မိန်းမ .. ငါက သူ့ထက်လည်း နည်းနည်းတော့ကြီးတယ် .. နှစ်နှစ်

www.burmeseclassic.com

www.burmeseclassic.com



လောက် အသက်ကြီးပေမယ့် .. ငါက နုနုဖပ်ဖပ်နေရတာပဲလေ .. ငယ်ရုပ် ပဲရှိတာပါ .. အဲဒါ .. ငါ .. သစ်ခွရုံထဲမှာ မှုးလဲဟန်ဆောင်လိုက်တယ် .. သူက သစ်ခွပန်းအိုးတွေ လုပ်နေချိန် .. ငါ့ကို လာမွေ့ရာက .. တိုတို ပဲပြောရရင် .. ငါလိုချင်တဲ့ ချစ်သူဆိုတဲ့ ဘဝတစ်ခုကို ငါ ဖန်ဆင်း လိုက်နိုင်တယ်ဆိုပါတော့ .. ဒါပေမယ့် .. ငါ့ရင်ထဲမှာက .. ကိုကို မပျောက်ဆုံးနိုင်ဘဲ ရှိနေတယ်လေ .. အိုက်ခေါင် ဟာ .. ငါ့ရဲ့ဘဝမှာ ငါ့ကို ယုယုယယ ပေးနေဖို့ ရှိရုံလောက်ပဲ ချစ်သူအဖြစ် သတ်မှတ် သက်သက် ရှိနေရတဲ့သူဆိုပါတော့ ..''

ဟု ပြောတော့ ဘဘ၏မျက်ဝန်းမှ ကြေကွဲခြင်းတွေက အငွေ့ အသက်အဖြစ် ပြောင်း၍ မျက်ရည်စက်အဖြစ် ကြွေ၏။ လုလင် ငယ် သွေးဘဝက စွဲချစ်ခဲ့ရသည့် သူဆင်းရဲတစ်ယောက်၏ ကြေကွဲမျက်ရည် သည် ကာလကြာရှည်ခဲ့သည့် ချစ်ခရီးတစ်ခု၏ သက်သေဖြစ်ပါချေလိ မည်။

''အိုက်ခေါင် က .. ငါ့ဘဝနဲ့တူပါတယ် .. ငါက .. ကိုကို့ကို အရူး အမူးချစ်နေသလို .. သူကလည်း ငါ့ကို အရူးအမူးချစ်နေတာလေ ငါနိုင်းရင် .. ဘာမဆိုလုပ်တာပါပဲ .. အဲဒီနေ့က .. အိုက်ခေါင် ကို ခြံထဲသွားတွေ့တယ် .. ကိုကိုနဲ့ မျိုးမမထားတို့ ရန်ဖြစ်နေကြတာ လည်း ပြောပြတယ် .. ကိုကို့ကို စိတ်ထိခိုက်အောင်လုပ်တဲ့မိန်းမ ငါ.. သတ်ပစ်ချင်တယ်လို့လည်း ပြောတယ် .. ဒါပေမယ့် .. ငါ သတ် မဖြစ်အောင် .. တစ်ခုခုလုပ်ရမယ်လို့ သူ့ကို ငါ ပြောပြပြီး .. စာကြည့်ခန်းထဲ အရင်ဝင်တယ် .. ကိုကို့ .. စာကြည့်ခန်းအံဆွဲမှာ ကိုကို့ သေနတ်ရှိတယ်လေ.. အဲဒါကို ငါယူတယ် .. ငါ့ရဲ့ သေနတ် တူကိုလည်း ယူတယ် .. ငါ့လက်ကိုလည်း လက်အိတ်စွပ်လိုက်တယ် အိုက်ခေါင်ကို ငါ့နောက်လိုက်ခိုင်းတယ် .. ငါက .. အိုက်ခေါင်ရဲ့ အ တွေကို ယူဝတ်ပြီး အပေါ်က ဦးထုပ်ဆောင်း .. မျက်နှာပေါ်မှာ



က မျက်နှာဖုံးကိုတပ် .. မျိုးမမထား ရဲ့အခန်းကို သွားတော့ .. ဟိုမှာက .. ဒီဒီနဲ့ မျိုးမမထားတို့က လုံးထွေးနေကြပြီ၊ ရန်ပွဲက ကြည့်မကောင်းဘူး .. ကလေးကိုမှ ဖက်လုံးနေတဲ့ မိန်းမ .. ပိုပြီးသေအောင်သတ်ပစ်ချင်လာ တယ် .. အဲဒါ .. ငါ .. ကလေးလက်ထဲ သေနတ်အတုကိုထည့် .. သေနတ် မောင်းဆွဲဖို့ .. ဟိုမိန်းမကို သတ်ပစ်ဖို့ တောက်လျှောက် ပြောနေမိ တယ်လေ .. ယောကျ်ားသံနဲ့ပေါ့ .. အိုက်ခေါင် က အခန်းပြင်ဘက်မှာ တံခါးကွယ်မှာရှိနေတာ .. မျိုးမမထား ငါ့ကို တစ်ခုခု ရန်မူလုံးထွေးရင် .. ငါ့ကို ကူညီပေးဖို့ ဆိုပါတော့ ..''

ဟု ပြောကာ တစ်ချက်ပခုံးတွန့်၏။

''ငါက .. တစ်နေ့မှာ မျိုးမမထားကို ငါ့မျက်နှာကို မျက်နှာဖုံးစွပ် ပြီး .. သတ်မယ်လို့ ကြံစည်နေတဲ့သူ .. အဲဒါကြောင့်လည်း .. မျိုးမမထား ကို အခွင့်သာရင် မေ့ဆေးပေးပြီး သတ်မယ်ဆိုတဲ့အကြံလည်း ရှိတာမို့.. မေ့ဆေးပုလင်းလေးဆောင်ထားတာ ရှိတယ်လေ .. အဲဒါ .. အဲဒီနေ့က.. မေ့ဆေး နည်းနည်းလေး ဆွတ်ထားတဲ့ လက်ကိုင်ပဝါဟာလည်း အဲဒီ သေနတ်အတုလေးကို ငါ့အခန်းထဲ သွားယူခဲ့စဉ်ကတည်းက.. ဆွတ်ယူ ပြီး အကျီအိတ်ကပ်ထဲ လက်ကိုင်ပဝါကို ထည့်ယူလာခဲ့တာ .. ဟိုရောက် တော့ ငါ့စိတ်ကူးတွေ အစီအစဉ်ပြောင်းပြီးတော့ ဒီဒီလက်ထဲ ငါ့ သေနတ်တုကိုထည့် .. မောင်းဆွဲခိုင်းတယ် .. ကလေးက .. ပထမတော့ ကြောက်နေတယ် .. ငါက .. သူ့လက်ပေါ် လက်ကိုအုပ်ပြီး ဆွဲလည်းဆွဲ.. မေ့ဆေးလက်ကိုင်ပဝါနဲ့လည်း နှာဝကို အသာလေးအုပ် .. ချက်ချင်း လက်ကိုပြန်ရုပ် .. ငါ့မှာပါလာတဲ့ ကိုကို့သေနတ်နဲ့ မျိုးမမထားကို အသေပစ်တယ် .. အဲဒါ .. ငါလုပ်ခဲ့တဲ့ အဲဒီနေ့ကအဖြစ်ပဲ .. ပြီးတော့.. မေ့လဲနေတဲ့ ဒီဒီလက်ထဲ .. ကိုကို့ သေနတ်ကိုထည့်လိုက်တာပေါ့ .. ပြီးပြီလေ .. ကလေးကလုပ်မိတဲ့ အပြစ် .. ဘာပဲဖြစ်ဖြစ် .. ဒီကလေးပဲ.. ခံရတယ်ဆိုတာ ဖြစ်ကုန်ရပေတော့မပေါ့ .. ဘေးမှာ အဲသလိုမြင်ဖို့

www.burmeseclassic.com

www.burmeseclassic.com



လိုတယ်လေ.. သွေးတွေ ပွက်ပွက်ထနေရင်း သေငယ်ဇောနဲ့ဖြစ်နေတဲ့ မျိုးမမထား ကိုလည်း ငါ .. သူ အသက်ထွက်တဲ့အထိ .. အရသာခံပြီး ကြည့်နေခဲ့တာ .. ငါ့ကို ထမင်းချက်လောက် သဘောထားတဲ့ဟန်နဲ့ ကိုကို့ ကွယ်ရာမှာ ဆက်ဆံတတ်တဲ့ကောင်မ .. ငါ့အချစ်ကိုလုတဲ့ ကောင်မ - သေပြီလေ .."

ပြောသံက အားရပါးရနိုင်နေသည်။ ခါးသီးသောအမုန်းဖြင့် တောက်ပ နေသည့်မျက်ဝန်းတွေက အလွန်တရာကိုမှ ထိုအဖြစ်တွေအတွက် ကျေနပ် အားရဖြစ်နေသည့်ဟန်။

"ကိုကိုကလည်း ဘာမှေ့ကျန်လို့လည်းမသိဘူး .. မိုးမခကို ပြန် လှည့်လာတယ် .. အဲဒီအချိန်မှာ မျိုးမမထားရဲ့အဝတ်ပေါ်က သွေးတွေ ခဲစပြုနေတဲ့အချိန်ပေါ့ .. ကိုကို အခန်းထဲရောက်လာချိန်မှာ ဒီဒီလေးက လည်း သတိပြန်လည်လာနေတဲ့အချိန် .. ငါကလည်း .. မှင်သေသေနဲ့ ငယ်သံပါအောင်အော်နေတာ .. ဒီဒီ သတ်တယ်ပေါ့ .. ကိုကို့စာကြည့် ခန်းထဲက သေနတ်ကို ဘယ်လိုများယူပြီးလာသတ်ပါလိမ့်ပေါ့ .. သေနတ်သံ ကြားလို့ အိုက်ခေါင်နဲ့ ငါ .. အပေါ်ပြေးတက်လာတော့ ဒီဒီက ကြမ်း ပေါ်မှာ မေ့လဲနေတယ်ပေါ့ .. ထားက သေနေတယ်ပေါ့ .. မှင်ကောင်း ကောင်းနဲ့ ငိုပြောတော့ အိုက်ခေါင် ကလည်း လိုက်ထောက်ခံရတော့ တာပေါ့လေ .. ငါ လူသတ်ခဲ့တုန်းက မမလေး ဘယ့်လိုလုပ်လိုက်တာ လဲ .. တကယ်သေပြီလား .. မမလေး တကယ်သတ်လိုက်တာလား လန့်နေတဲ့ အိုက်ခေါင်ဟာ .. ကိုကို့ရှေ့မှာတော့ မှင်ကောင်းနေတာ ပဲ .. ငါ ထောင်ကျမှာကို သူ အဖြစ်မခံနိုင်ဘူးလေ .. ဒီဒီ သတ်တယ် ဆိုတာကို ဝင်ပြီး သူကလည်း ထောက်ခံနေရတော့တာပေါ့ .. အဲဒီမှာ ကိုကိုက ကိုကို သတ်ပါတယ်ဆိုပြီး .. ရဲခန်းမှာ အဖမ်းခံလိုက်တော့ တာပါပဲ .. အဲဒီတော့မှ ငါ သိရတာက .. ကိုကိုက အစာအိမ်ကင်ဆာ ဖြစ်နေတာတဲ့ .. သူဟာ သေရတော့မယ့်သူတဲ့ .. ကလေးကို စော



ကျောက်ပါလို့ ဦးအိမ်စိုး ကို မှာတယ် .. တရားဝင် .. ရှေ့နေရှေ့ရပ်နဲ့ အဲဒီကိစ္စ စီမံခဲ့တယ် .. နိုင်ငံခြားမှာ ပညာဆက်သင်စေတဲ့အထိ လုပ် ဆခဲ့တယ် .. ကိုကို .. ကင်ဆာဝေဒနာနဲ့ .. သေရတဲ့အထိ .. ခံစားသွား ရတာကိုတော့ ငါ ရင်ထဲမကောင်းပါဘူး .. ဒါပေမယ့် .. ငါက ရှင်ကျန် နေရမယ့်သူလေ .. ပြီးတော့ .. သူဟာ .. ငါ့ကို နှစ်ကြိမ်တိုင်တိုင် ရင် အသည်းတွေ ပြုတ်ပြုတ်ပြုန်း ကြေမွကုန်အောင် တစ်ပါးသောမိန်းမ နှစ်ယောက်နဲ့လက်ထပ်ခဲ့တဲ့သူပဲ .. တကယ်တော့ ကိုကိုဟာ .. နည်း နည်းလေးလောက်ပဲ ငါ့ဘက်ကို ငဲ့ကွက်ကြည့်ပေးခဲ့မယ်ဆိုရင် .. ငါ့ အချစ်ကို .. နားလည်တန်ဖိုးထားတတ်ရမှန်းသိလာမှာပါ .."

ဟု ပြောကာ မျက်ရည်ကျ၏။ နာကြည်းရက်စက်လိုခြင်းနှင့် ခြတ်နီးစွဲမက်ခြင်းတို့ နှစ်ခု ရောထွေး၍ကျလာသော မျက်ရည် ..။

"အတိုချုံးပြောရရင်တော့ .. ကိုကို စီစဉ်ခဲ့တဲ့အတိုင်း .. မင်းက နိုင်ငံရပ်ခြားမှာ ကြီးပြင်း ပညာသင်လာခဲ့တယ်.. ငါက .. ဒီမှာကျန်ခဲ့ တယ် .. အဲဒီမှာ .. မိုးမခကို .. ဘယ်သူမှမဝယ်အောင် .. စိတ်မဝင်စား အောင် .. ပြီးတော့ .. မင်းကို မျိုးမမထားအဖြစ် ဟန်ဆောင်ရင်း ခြောက် လှန့်ခဲ့တဲ့အဖြစ်ကိုလည်း ဆက်လက်အတည်ဖြစ်နေအောင် .. မျိုးမမထား သရဲအဖြစ် .. ဟောဒီက ငါ့ကို အလွန်ချစ်တဲ့ ချစ်သူ အိုက်ခေါင်ကို.. အယောင်ဆောင်ခိုင်းခဲ့တာပါပဲ .. သူ့ကို ပြောပြထားတယ်လေ .. တစ် နေ့ကျရင် .. သူနဲ့ငါ .. လက်ထပ်ကြမယ် .. အဲဒီအချိန်ဟာ.. စည်းစိမ် အားလုံး ငါ့လက်ထဲ ရောက်ပြီးတဲ့အချိန်ပဲလို့ .. အေး .. သူကလည်း ငါ့ကို ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ ငါ ခိုင်းသမျှအားလုံး လိုက်လုပ်ပေး တာပါပဲ .. ငါ ဆင်ပေးတဲ့အတိုင်း ဆံပင်တုတွေနဲ့ သူ့ကိုယ်သူ တစ္ဆေ ဆင်တယ် .. နောက်တော့ .. သူ့ဘာသာသူလည်း ဝတ်စားပြင်ဆင် ယှဉ်သလာနိုင်ခဲ့တယ်ဆိုပါတော့ .. ပန်းစံကားတစ္ဆေလိုလို .. မျိုးမမထား တစ္ဆေ .. လိုလိုနဲ့ .. မိုးမခဟာ .. တစ္ဆေခြောက်တဲ့အိမ်ကြီး ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



ရတော့တာပါပဲ .. ငါ့မှာက အခန်းတံခါးတိုင်းရဲ့ သော့တွေ .. အိမ်မကြီး
ရဲ့ သော့တွေပါတဲ့ သော့တွဲကြီးရှိတော့ .. သော့တုတွေ အိုက်ခေါ
ကို ပေးထားတယ် .. သူ တစ္ဆေယောင်ဆောင်ပြီး အိမ်ကြီးထဲ သော့တ
ဖွင့်ဝင်ချင်တဲ့အခါတိုင်း ဝင်လို့ရတယ် .. ထွက်လို့ရတယ် .. ခြံထဲလ
လျှောက်ပြီး တစ္ဆေခြောက်ပြနေလို့ရတယ် .. သူ့လက်ထဲမှ ပန်းစံကား
ကိုကိုင်နိုင်းတယ် .. သူ ခြောက်ခဲ့တဲ့နေရာမှာ .. ပွင့်ခြောက်တစ်
ချထားနိုင်းခဲ့တယ် .. ဟောဒီက ရှင်မွေ့ ကိုလည်း သူ့အခန်းထဲထိ
ခြောက်နိုင်းခဲ့တာပါပဲ .. ပန်းချီကားချိတ်တာကို .. ထားက မကြ
ဘူးလို့ထင်အောင် ပန်းချီကားဘောင်မှာ ရွှံ့ထည့်ယူလာတဲ့ ပုလင်းထဲ
ရွှံ့ကို လက်နဲ့ကော်လူးခဲ့ဖို့လည်း အိုက်ခေါင်ကို ငါ နိုင်းခဲ့တာပဲ –
ည ဆယ့်နှစ်နာရီမှာ ငါ အိမ်ကြီးရဲ့မီးခလုတ်ကို ခဏချမယ် .. အိုက်
က အဲဒီအချိန်မှာ အိမ်ကြီးထဲက ထွက်ဖို့ ငါနဲ့ အိုက်ခေါင် စည်
ရိုက်ထားခဲ့တာလေ .. ဒါပေမယ့် ရှင်မွေ့သာ ဆိုတဲ့ သတ္တိခဲက မခြေ
ဘဲ .. မိုးမခမှာပဲ ဆက်မြဲနေတာ .. ငါ အံ့သြမိခဲ့ရတာပါပဲ .."

ရှင်မွေ့ နားထောင်နေရင်းမှ သဘောပေါက်လာရပါပြီ ..။
ကိုခြောက်သည့် တစ္ဆေသည် ဘဘဦးအိုက်ခေါင် ..။ တစ်ခါက –
ခြံထဲမှာ တစ္ဆေမြင်၍ ခြံထဲ လိုက်ဆင်းတော့ အပေါ်ရောက်နေ
လသာဆောင်မှာ မြင်ရသည်မို့ ပြေးတက်လာတော့လည်း ခြံထဲ
ရောက်နေပြီ ..။ ဦးအိုက်ခေါင်သည် နောက်ဘေးဘက်မှ ပြန်
ထွက်သွားချေမည်သာ ..။ ပန်းစံကားတစ်ပွင့်ကို လသာဆော
သည်။ ရှင်မွေ့ ရွက်လှပင်ကြီးထက်မှာ ပန်းစံကားပွင့်လေး ကျ
အတိုင်း ရှိနေစခဲ့ရာမှ မနက် သွားကြည့်တော့ ပန်းစံကားခြော
ဖြစ်နေသည်။ ဤသည်အားလုံးကို ဘဘဦးအိုက်ခေါင် မှ ပ
လေးကို ထိုရွက်လှပင်ထက်မှာ ပြန်တင်ခဲ့ခြင်းပါတကား ..။
တဖြည်းဖြည်းနှင့် တစ္ဆေပုံရိပ်ကိစ္စသည်လည်း ရှင်းလင်းသွ



ပြီတကား ..။
"ငါက .. အိုက်ခေါင်ကို .. တစ္ဆေကြောက်သူလို ရှိနေစေတယ်..
ကြောက်လို့ ညဘက် အိပ်ဆေးသောက်အိပ်တယ်လို့ လူတွေနားလည်
စေတယ် .. ဒါမှ .. ညဘက် သူ တစ္ဆေလုပ်ထွက်လို့ရမှာပေါ့ကွယ်..
သူက ခြံစောင့်.. ခြံစောင့်က .. ညဘက် နှစ်ကိုယ်ခွဲနိုင်တာမှမဟုတ်တာ..
ဒါကို .. ဘယ်သူ့ဘယ်သူမှ သံသယမရှိအောင် .. ငါနဲ့သူ .. တူတူ
ခေါင်းကြဲတယ်လို့ မထင်ကြရအောင် .. လူသူရှေ့မှာ .. ငါက .. မှင်
ကောင်းကောင်းနဲ့ ဆူလိုက် .. ငေါက်လိုက် .. အလုပ်ဖြုတ်မယ်တွေ
ဘာတွေ ပြောလိုက်နဲ့ .. ရှိနေစေခဲ့တာလေ .. သူက .. လူပုံကိုက ..
ကျစ်ကျစ်နဲ့ လက်လေးတွေကအစ .. မိန်းမလက်လေးတွေလို
တဲ့သူ .. သူ့ကိုယ်သူလည်း .. တစ္ဆေတစ်ယောက်လို ကောင်းကောင်း
ဆင်လိမ်းခြယ်တတ်တဲ့သူဖြစ်နေပြီလေ .. လုပ်ခဲ့ရတဲ့နှစ်ကလည်း
ညည်းတော့ပဲကိုး .."

ဟုပြောကာ ဦးအိုက်ခေါင် ကိုကြည့်၏။ နောက်တော့ .. အကြည့်
လွှဲသည်။ ဘဘဦးအိုက်ခေါင် ကတော့ အသုံးချခံဘဝဖြင့် အသက်
ကြာနေလာရလေသမျှ ခုမှ နောင်တဖြင့် ငိုင်နေဆဲ ..။
"မငိုစမ်းပါနဲ့ အိုက်ခေါင်ရယ် .. ငါက ထားကိုသတ်တဲ့ လူသတ်
ရားခံအစစ်ပါဟဲ့ .. ငါက အပြစ်ပိုကျမယ့်သူပါ .. နင်က .. ထိမ်ချန်
ပါတယ် .."

ဟု လှမ်းပြောသည်ကတော့ သံယောဇဉ်အငွေ့အသက်ပါ၏။
"အင်း .. ဒါပေမယ့် .. မင်းမရှိတုန်းမှာ .. ငါ .. ဒီအိမ်ကြီးကို
ကြည့်ပြီး .. ပြီးတော့ .. ဟိုတယ်ကြီးကိုကြည့်ပြီး .. လောဘတက်လာ
တယ် .. ဒါကြောင့်လည်း .. မင်းကိုသတ်ပြီးမှ .. စည်းစိမ်အားလုံး
သိမ်းကျုံးပိုင်တော့မယ်လို့ ဆုံးဖြတ်တယ် .. မတတ်နိုင်ဘူးလေ..
ကို သံယောဇဉ်ရှိပေမယ့် .. ငါ့ဘဝနောင်ရေးအတွက် .. ငါ .. စိမ်ရ

www.burmeseclassic.com

www.burmeseclassic.com



ပေမပေါ့ .. ငါက မွေးစားသမီး .. မွေးစားညီမ .. အခု မွေးစားအဒေါ် ဘဝနဲ့ .. ဆက်လက်အသက်ရှင်ပေးနေဖို့အထိတော့ .. မမိုက်နိုင်တော့ ဘူးလေ .. ချမ်းသာ့တာ့တွေကလည်း .. မင်းတို့ဘက်က .. မနည်းပေဘူး ကိုး .. ငါ မက်မောမိတာ မမှားပါဘူး .. ဒါကြောင့် .. မင်း သောက် ထားတဲ့ ပဲနို့ရည်ဘူးထဲ .. အိပ်ဆေးကိုဖျော်ပြီး စရင်းနဲ့ .. ပလတ်စတ ပုလင်းကိုဖောက်ပြီး အပ်စိုက်ထိုးသွင်းထည့် .. ငါက .. ဆရာဝန် သွားရမယ်ဆိုပြီး ငါ့အပေါ် လုံးဝ သံသယမဝင်အောင် ညနေဘက် တည်းက အိမ်ကထွက် .. ညဘက် အိပ်မောကျချိန်လောက်ကျတော့ အိုက်ခေါင်က သော့တုနဲ့ဖွင့်ပြီး အိမ်ထဲဝင် .. ဘေးလှူဝင်တယ် ထ အောင် ပြတင်းတစ်ပေါက်ကို ချက်ဖွင့်ထားခဲ့ပြီးမှ .. အပေါ်ထပ်တက် အိပ်နေတဲ့ မင်းရဲ့အခန်းထဲကို သော့တုနဲ့ဖွင့်ဝင် .. ပဲနို့ဘူးချင်းလဲ အခန်းထဲ မီးရှို့ခဲ့တယ် ဆိုပါတော့ .. လဲတဲ့ပဲနို့ရည်ဘူးဟာ တစ်ဝ လောက်ပဲရှိရမယ်လို့ ငါ မှာထားခဲ့တဲ့အတိုင်း အားလုံး အိုက်ခေ လုပ်ခဲ့တာပါပဲ .. ငါ အိပ်ဆေးခပ်ထားခဲ့တဲ့ပုလင်းကို သူ့အခန်း ပြ ရောက်တော့ သွန်ပစ်ပြီး .. သေချာဆေးပြီး သူ့မီးဖိုခန်ထဲမှာပဲ ထားထ လိုက်တာတဲ့.. ဘယ်သူကမှ .. သူ့ကိုလည်း အထင်လွဲစရာမရှိဘူးလေ အဲဒါ .. မင်း .. အခန်းထဲ မီးလောင်သေရမယ့်ကိစ္စ .. ဒီကျေးဇူးရှင် ဝင်ရှုပ်လို့ ငါ့အစီအစဉ်တွေ ပျက်ကုန်ရတာလေ .. တကယ်က .. သူ့ မိုးမခက ထွက်သွားအောင် ငါ ကြိုးစားပြောခဲ့ပေမယ့် .. လိုက်မလုပ် တော့ဖြင့် .. သူ့ကို တစ်နည်းနည်းနဲ့သတ်ပစ်ဖို့ပဲ ကျန်တော့တာ ငါ စဉ်စားထားတာ ..''

ဟု ရှင်မွေ့ကို မုန်းတီးခြင်းတွေဖြင့် တည့်တည့်ကြည့်၍ ပြော တော့ သူ ရှင်မွေ့ ဘေးမှာ လာရပ်သည်။

''အဲသလို .. ဘယ်တော့မှ ကျွန်တော် အဖြစ်ခံမှာမဟုတ် ဒေါ်နန္ဒာမှူး .. ရှင်မွေ့ကို ကျွန်တော် လက်ထပ်ဖို့ထိ ဆုံးဖြတ်ထား



ပါ .. ခုလည်း .. ရှင်မွေ့အတွက် စိတ်ပူလို့ မအိပ်ဘဲ နားတစွင့်စွင့်ရှိနေခဲ့ ရာက .. ရှင်မွေ့အောက်ထပ်ကို တရွေ့လုပ်ဆင်းသွားလို့ လိုက်ကြည့်ရာ က .. အခုအဖြစ်အပျက်တွေနဲ့ ကြုံရတော့တာပါပဲ .. ရာဇဝတ်မှုဆိုတာ.. ဘွေးသွားရိုးထုံးစံ မရှိပါဘူး .. ဒေါ်နန္ဒာမှူး ကျူးလွန်ခဲ့လေသမျှ အပြစ် အတော်ခံရဖို့သာ .. ပြင်ဆင်ထားပါတော့ .. ဒါပေမယ့် .. ဖေဖေဟာ .. ဒေါ်နန္ဒာမှူး ရဲ့ မွေးစားမိဘတွေရဲ့ သားအရင်းခေါက်ခေါက်ပါ .. ကိုယ့် မွေးစားမိဘကျေးဇူးမှမထောက်ထားဘဲ .. ဒီလောက်ထိ လုပ်ရက်တာကို တော့ .. စိတ်အနာဆုံးပါပဲ .. ကျွန်တော်ဟာ ဘယ်တုန်းကမှ .. စိတ္တဇ ဒဏ်နာ မခံစားခဲ့ရဖူးပါဘူး .. ဒါပေမယ့် ဖေဖေနဲ့ ဘဘဦးအိမ်စိုးတို့ က အဲသလိုပဲ သတင်းလွှင့်စေခဲ့တာပါ .. နိုင်ငံခြားမှာ ဒေါက်တာဟန်နဲ့ ကုတယ်ဆိုတာကလည်း တကယ်မဟုတ်ပါဘူး .. တမင်ဖန်တီးထား တဲ့ နာမည်ပါ .. ကျွန်တော် သောက်နေတဲ့ဆေးတောင့်တွေဟာ သာမန် အားဆေးတောင့်တွေကို အရောင်နှစ်မျိုး .. အမျိုးအစားနှစ်မျိုးကို တစ်နေ့ ကြိမ် သောက်နေတာပါ .. မူလဆေးပုလင်းထဲက ပုလင်းပြောင်း ထည့်ထားတာတစ်ခုပဲရှိတာပါ .. ဖေဖေ့ သေနတ်နဲ့ အန်တီထားကို သတ်ခဲ့တဲ့သူဟာ . . ကျွန်တော်လား .. တကယ်ပဲ ဖေဖေလားဆိုတာကို တော့ .. ကျွန်တော် မခွဲခြားတတ်ပဲ ဇဝေဇဝါးဖြစ်နေခဲ့ရတာမို့ .. သိ အောင်ကြိုးစားနေရတာတွေတော့ ရှိခဲ့တာပါပဲ .. အဲဒါကလည်း .. အဲဒီ က အဖြစ်အပျက်ထဲမှာ .. ကျွန်တော်က မေ့ဆေးမိခဲ့ရတာကိုး .. ဒီမေ့သွားတဲ့အချိန်မှာ ဘာတွေဖြစ်တယ်ဆိုတာ ခွဲမရပဲ ဇဝေဇဝါတွေ နေခဲ့ရတာလေ .. သေနတ်မောင်းဆွဲတာ ကျွန်တော်မဟုတ်ဘူးလို့ ည်း ဖေဖေရော .. ဒေါ်နန္ဒာမှူး ရော ပြောနေတာမို့ .. ယုံလိုက်ရ ား .. ကိုယ်ကပဲ သတ်ခဲ့တာလား ဆိုတာ တွေဝေခွဲခြားမရနိုင်ပဲ နေခဲ့ရတာပါ ..''

ဟု သူပြောကာ ရှင်မွေ့ကို ကြည့်သည်။ အကြည့်က ရှတ်ခြည်း

www.burmeseclassic.com

www.burmeseclassic.com



နူးညံ့၏။

"ရှင်မွေ့ ဟာ .. တကယ်ပဲ .. ကျွန်တော့်အသက်ကို ကယ်တင်
ခဲ့တာလေ .. အဲဒါ ဖေဖေနဲ့ဘဘဦးအိမ်စိုး တို့ရဲ့ အစီအမံကြောင့် ဆိုပါ
တော့ .. ဖေဖေက ပြောတယ်တဲ့ .. ပြောခဲ့တယ်တဲ့ .. ဘဘဦးအိမ်စိုး
ကိုပေါ့ .. သားဖြစ်တဲ့သူအပေါ်မှာ လုပ်ကြံခံရမှာကို စိုးရိမ်တယ်တဲ့..
တစ်နေ့ မိုးမခကိုပြန်ရောက်လာခဲ့ရင် .. လူစိမ်းတစ်ယောက်ကိုတော့..
ခေါ်ထားပါတဲ့ .. အသင့်တော်ဆုံးကတော့ .. ထက်မြက်တဲ့ မိန်းကလေး
တစ်ယောက်ကို အိမ်ထောင်ထိန်း ဆိုတာမျိုးနဲ့ ခေါ်ပါတဲ့ .. သားဖြစ်သူ
ဟာ အဲဒီမိန်းကလေး ချက်ပြုတ်စီမံတဲ့ထမင်းပွဲကို စားသင့်ပါတယ်တဲ့..
အဲဒါမှ .. စိတ်ချရမယ်တဲ့လေ .. ဖေဖေ့အစီအမံပေမို့ ကျွန်တော်လည်း
ဘဘဦးအိမ်စိုး ပြောတဲ့အတိုင်း နားထောင်ခဲ့မိတာ မှန်သွားတာပါပဲ..
ရှင်မွေ့သာ မရှိခဲ့ရင် .. ကျွန်တော် မီးလောင်သေခဲ့မှာ အသေအချာ ဆို
ပါတော့ .. ဒါပေမယ့်ဗျာ .. ဒေါ်နန္ဒာမှူး ဟာ .. ကျွန်တော့်ကို ပြု
ကြည့်ရှုလာတဲ့ အဒေါ်တစ်ယောက်ပါ .. ခုလောက်ထိ လောဘကြီးလွန်
တာ မယုံနိုင်အောင်ပါပဲ .. မှားလိုက်တာဗျာ .."

ဟု သူ ပြောလာတော့ ဒေါ်နန္ဒာမှူး ရယ်၏။ ဘ၀ကို စိတ်ပျက်
လက်ပျက်နိုင်နေသည့် ရယ်မောမှုမျိုးဖြစ်နေသည်။ သရော်သံပင် ပါ
သေး၏။

"မှားတာကတော့ အစတည်းကပဲ ဒီဒီရေ .. ငါ့ကို .. ဒီလော
ချမ်းသာတဲ့လူတွေရဲ့ အမွေးစားခံခဲ့ရတာကလည်း မှားတယ်.. တက
က .. တောင်ယာလုပ်သူတစ်ယောက်ရဲ့ မွေးစားမှုကို ခံရရင် ငါလည်
သူဌေးသားလေးကို မင်းသားတစ်ပါးလို ချစ်မိမှာမဟုတ်ဘူးလေ .. အ
ဘ၀ကိုလည်း ရောက်ရမှာမဟုတ်ဘူး .. သာမန် တောင်ယာလုပ်
သူတစ်ယောက်နဲ့ ချစ်ပြီး ဘ၀ကို လယ်တောထဲမှာ သားသမီးတွေ
အေးအေးချမ်းချမ်း ဖြတ်သန်းဖြစ်လိုက်ရပေမပေါ့ .. ခုကျတော့ ဒီမိုး



သူဌေးသမီးအတုတစ်ယောက်အဖြစ် ရောက်လာရကတည်းကိုက
တာ .. စပြီးတော့မှားတာ .. နောက်တော့ .. မင်းအဖေကို ချစ်မိ
ဘက ထပ်မှားတာ .. အဲဒီအမှားတွေ နောက်မှာ .. ခုလို .. နောက်ထပ်
အမှားတွေ ထပ်ဖြစ်လာကုန်ရတာပေါ့ .."

ပြောနေရင်းမှ စိတ်ကိုလျှော့ချလိုက်သည့်နှယ် ချက်ချင်းပင်
ခြုံးကျသလိုကြီး ကြမ်းခင်းကော်ဇောကြီးထက်မှာ တစ်ချက်ထိုင်ချ
လိုက်သည်။ ပြီးသည့်နောက်မှာ .. ဦးအိုက်ခေါင် ကို မော့ကြည့်လာ၏။

"အိုက်ခေါင် .. ငါ့ကြောင့် .. မင်းလည်း .. ဒုက္ခကြုံရတယ်..
အဲဒီအတွက် ငါ့ကို ခွင့်လွှတ်ပါကွယ် .. ငါ့ကိုချစ်တဲ့စိတ်တစ်ခုတည်း
.. မင်းဟာ ငါ့ရဲ့ကျေးကျွန်လိုပဲ အားလုံးလိုက်လုပ်ပေးခဲ့တာပါ ..
ဒီ .. မင်းကို သူ ကျူးလွန်ခဲ့တာတွေဟာ .. ငါ့ကြောင့်ဖြစ်ကုန်ရတာပါ..
ကို .. ခွင့်လွှတ်လိုက်ပါကွယ် .. မင်းကို .. ငယ်တုန်းက .. ဖြူဖြူစင်စင်
ငါ ချစ်ခဲ့ ပြုစုစောင့်ရှောက်ခဲ့ဖူးတဲ့ အချိန်လေးတွေတော့ ရှိခဲ့ဖူးတာ
ပဲလေ.. အဲဒါကိုထောက်ပြီး သူ့ကို ခွင့်လွှတ်ပေးလိုက်ပါလား.. ငါ
တော့ .. ငါ မိုက်ခဲ့လေသမျှ .. ငါ ခံသွားရတို့ပဲ ကျန်တာပါပဲ .."

ဟု ပြောရာမှ ဘယ်သူမှ မထင်လိုက်ခင်မှာပင် ကြွေချွဲဆေးရုံကား..။
ခန်းပြင်သို့ ပြေးထွက်၏။ လသာဆောင်ဆီသို့ တောက်လျှောက်ပြေး
ဘ ဘယ်သူမှ မမီလိုက်ခင်မှာပင် ခုန်ချလိုက်သည်က လသာဆောင်
ခြင့်ကြီးဆီမှပါ ..။ ကိုယ်လွတ်ရုန်းပြေးသည်ဟုထင်၍ နောက်မှ
ပြေးအလွှားလိုက်ခဲ့သည့် သူရော ရှင်မွေ့ရော မြင်ကွင်းကို မှင်တက်
ကြည့်ကျန်ခဲ့ရသည်ပါပဲ ..။ အရုပ်တစ်ခုလို ပုံပုံကျကျ ခွေစောင်းလှဲနေ
ငြိမ်ကျနေသည့် ဒေါ်နန္ဒာမှူး၏ ဦးခေါင်းဆီမှ သွေးတို့က အောက်
ခင်းထားသော ကွန်ကရစ်အခင်းထက်မှာ ချင်းချင်းနီနေသည်။
ခြေထောက်တွေ လက်တွေလည်း ကျိုးကျေကုန်ပြီလားမသိ ..။ ကွေး
ကောက်ငြိမ်သက်နေ၏။ နောက်မှပြေးလိုက်လာသည့် ဘဘဦးအိုက်ခေါင်

www.burmeseclassic.com

www.burmeseclassic.com



လည်း ခုမှ မြင်ကွင်းကို လိုက်၍ ငုံ့မိုးကြည့်ရာမှ ..

"မမလေးရယ် .. ကျွန်တော့်ကို .. တစ်ယောက်တည်း ချန်ထားရ ခဲ့ပြီလား .. တူတူနေကြမယ်ဆို .. ချမ်းချမ်းသာသာနေကြမယ်ဆို ဟင် .."

ဟု အသံကွဲကြီးဖြင့် ငိုယို၍ အော်ဟစ်မေးနေသည်။ နောက်တော ရှတ်ခနဲ တောင့်မတ်မတ်ကြီးရပ်ကာ ခုထိ ရှင်မွေ့လက်ထဲ ဆက် ကယောင်ကတမ်းကြီးကိုင်လျက်သားပါလာနေသည့် ကင်မရာကို သူ ဘက်ရိုက်ဖို့ ရှင်မွေ့ လက်ကို ဆွဲယူ၍ ချိန်သားတကျ လုပ်ပေးနေသည် ရှင်မွေ့ ကင်မရာလေးကို ကယောင်ကတမ်းလေးပင် နှိပ်သည့်အတို ရိုက်ပေးလိုက်ချိန်မှာ ..။ ဘဘဦးအိုက်ခေါင်သည် ရှတ်ခနဲ လသာဆော ကို လွှားကျော်၍ ခုန်ချလိုက်ချေသည်တကား ..။ သူ့ လှမ်းဆွဲသည် မမီ ..။ ဘယ်သူမှလည်း ထင်မထားပဲရှိချိန်မှာ အဖြစ်အပျက်တိုင်းသ မြန်ဆန်လွန်းစွာပင် ပြီးဆုံးသွားခဲ့ချေပြီတည့် ..။ ဘဘ ဦးအိုက်ခေ သည်လည်း အရုပ်ကြိုးပြတ်ပင် .. တစ္ဆေအဝတ်ကြီးဖြင့်.. သေဆုံးေ သည်က ဒေါ်နန္ဒာမှူး၏ ဘေးဘက် မကျတကျနေရာမှာ ဖြစ်ချေသ တကား ..။ ရှင်မွေ့ လက်သည် တွဲရရွဲကျ၏။ ရင်သည် ဆတ်ဆတ် နေသည်။ ဤသို့သော သွေးပျက်ဖွယ်ရာ အဖြစ်အပျက်တို့ကို.. ရှင် ဘယ်တုန်းကမှ စိတ်ထဲကူးမိတာမျိုးပင် မရှိခဲ့။ ခုတော့ .. ကိုယ်တွေ့ ချေသည်။ ဒါပေမယ့် မိုးမခ တစ္ဆေဇာတ်လမ်းများသည် .. ကုန်ဆုံး တန့်သွားရချေပြီတကား ..။ သူကတော့ ကြိုးဖုန်းဖြင့် ရဲစခန်း အကြောင်းကြားနေပါပြီ ..။



နေရာလေးက သေးငယ်ပေမယ့်
မြင့်မြတ်နိုင်မြဲမြဲငြင်းတွေနဲ့
တည်ဆောက်ထားတယ် ....။

ဝန်းလေးက တစ်ပွင့်တည်းဖြစ်ပေမယ့်
ရနံ့က မင်းသွားလေရာမှာ
မွှေးမြသင်းထုံနေကြလိမ့်မယ် ....။

ကြယ်လေးက တစ်ပွင့်တည်းဖြစ်ပေမယ့်
မင်းသွားလေရာတိုင်းဆီမှာ
အလင်းရောင်ပေးနေလိမ့်မယ် ....။

မင်းကိုတမ်းတစွာ
မျှော်လင့်နေတဲ့ အဲဒီနေရာလေးဟာ
ငါ့ရဲ့နှလုံးသားပါပဲ ....။

ချစ်သူ ...
ငါ့ရင်ဘတ်နဲ့အနီးဆုံးနေရာလေးမှာ
မင်း လာနေလှည့်ပါ ....။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

မိုးမခခြေရာ ...အမည်ရှိ လုံးချင်းဝတ္ထုသည်လည်း အဆုံးသတ်ခဲ့ပြီ...။ တစ္ဆေ မျိုးမထား ဆိုတာလည်း တကယ်တမ်းကျတော့ မရှိခဲ့ ...။ လူတို့ ဖန်တီးရာဖြင့် သတင်းကြီးခဲ့လေသော ထားတစ္ဆေသည်လည်း ခေါ်လေး နန္ဒာမှူး နှင့် ဘဘဦးအိုက်ခေါင် တို့၏ အဆုံးသတ်ခြင်းနှင့်အတူ ပျောက်ကွယ်သွားခဲ့ပြီ ...။

မိုးမခသည် လင်းချင်းသောနေခြည်အောက်မှာ သဘာဝအလှ တရားများနှင့်အတူ ကုန်းမြင့်ထက်မှာ ရဲတိုက်ကြီးတစ်ခုနယ် ပန်းစံကားတို့၏ ရနံ့ ... ပန်းတကာတို့၏ရနံ့ ... သစ်ရွက်တို့၏လေတိုးသံနှင့် အတူ လွတ်လပ်ကြည်စင်စွာ ရပ်တည်နေရပြီ ...။ ရှင်မွေ့ အဝတ်အစားတွေကို ခရီးဆောင် လက်ဆွဲသားရေသေတ္တာထဲ အားလုံး ထည့်ပြီးပြီးမို့ ပြန်ဖို့ပဲ ကျန်တော့သည်လေ ...။ အခန်းကို ဝေ့ကြည့်မိသည်။ ကာလအတန်ကြာ နေခဲ့ရသည့် ဤအခန်းသည်လည်း လူသူကင်းမဲ့လျက် တစ်ဖန်ပြန်၍ ကျန်ရစ်ခဲ့ချေဦးတော့မည်။ တစ်ချိန်က သူ့မေမေ စာရေး စာဖတ်ခဲ့ရာ အခန်းလည်း ဖြစ်ခဲ့ပါသည့် ဤအခန်းသည် ... ယခု တစ်ကြိမ်မှာလည်း



စာရေးဆရာမလေး မဏိအိန္ဒြာ နေခဲ့ဖူးရာ အခန်းတစ်ခန်းအဖြစ် ကျန်ရစ်ခဲ့ရချေဦးတော့မည်တကား။ ရှင်မွေ့ မှန်ထက်မှာ ထင်နေသည့် ပုံရိပ်လေးကို ကြည့်မိသည်။

ဤတစ်ကြိမ်မှာတော့ ရှင်မွေ့သည် အဝါရောင် ပိုးလက်တို ပန်းချည်ထိုး ခါးရှည်ရင်ဖုံးလေးနှင့် အဝါရောင်ချိတ်ထဘီလေးကို ဝတ်ထားသည်။ ဆံနွယ်ရှည်ရှည်ခက်ခက်ကြီးကို တစ်ချောင်းတည်းကျစ်၍ အဖျားဘက်မှာ ဖဲကြိုးလေးဖြင့် ချည်နှောင်ထားတာမို့ ဒူးကောက်ကွေးအောက်မှာ ဝဲနေသည့် ဆံကျစ်ရှည်ကြီးဖြင့် အထက်တန်းကျောင်းသူ ဟန်လေးပင် ဖြစ်နေသေးသည်တည့် ...။ ရှင်မွေ့ ဖြစ်ချင်သည်ကလည်း ဤသို့ပါပဲ။ တစ်ချိန်က ဤ မိုးမခမှာ အိမ်ထောင်ထိန်းဆိုသည့် တာဝန်ကြီးကြီးတစ်ခုကို တာဝန်ယူရချိန်တုန်းကလို ဆံထုံးမြင့်မြင့်ထုံးကာ ယူနီဖောင်းဆန်ဆန် ဘောင်းဘီရှည်နက်ပြာရောင်နှင့် အဖြူရောင် လည်ထောင်ဘလောက်လေးတွေဖြင့် ဟန်ထည်ပန်ထည်လေးတော့ ခုချိန်မှာ ရှိမနေအပ်တော့ပြီ ...။ မိုးမခမှာ ထွက်ခွာတော့မည့် ရှင်မွေ့သာ ဆိုတာကို ခုလို အဝတ်အဆင်လေးကအစ ပြောင်းလဲပြလိုက်ရုံမျှဖြင့် အားလုံး ချက်ချင်း နားလည်သွားကြစေမည်လေ ...။ အခန်းတွင်းမှ ရှင်မွေ့ ထွက်ခဲ့ပါ၏။ လက်ထဲပါလာသည်က အဝတ်အစားသေတ္တာပါ ...။

ထိုစဉ်နိုက် သူကလည်း သူ့အခန်းမှာထွက်လာခြင်းနှင့်ကြုံသည်။ ယူနီဖောင်းလေး ဝတ်မထားတာကိုရော ...။ လက်ထဲမှ အဝတ်အစား သေတ္တာကိုရော သူကြည့်ရင်း မျက်နှာထိန်းမရအောင် ပျက်၏။ ခြေလှမ်းကျဲကြီးဖြင့် ရှေ့သို့လျှောက်လာကာ ရှင်မွေ့ လက်ထဲမှ အဝတ်အစား သေတ္တာကို ဆိုးဆိုးဆတ်ဆတ်နိုင်စွာ လုယူသည်။ ရှင်မွေ့ လက်ကိုဆွဲ၍ ရှင်မွေ့၏ အခန်းထဲဝင်သည်။

အခန်းကြမ်းပြင်ပေါ် အသံမြည်အောင် သားရေသေတ္တာကို ဆောင့်ခနဲချ၏။ ရှင်မွေ့၏ပခုံးပေါ် လက်ကိုတင်ကာ ခေါင်းငုံ့ကိုင်ချ၍ ရှင်မွေ့

www.burmeseclassic.com

www.burmeseclassic.com



နှင့် မျက်နှာချင်းဆိုင်တည့်တည့်ကြီးဖြစ်နေအောင် သူ့မျက်နှာကို ကြည့်လာသည်။ သူ့မျက်ဝန်းဝယ် ကြေကွဲရိပ်လည်းထင်နေသည်။ မျက်ရည်သီသီဝေ့နေတာကိုလည်း မြင်နေရသည်။ မယုံနိုင်သည့်နယ်လည်း သူ့မျက်နှာထက်မှာ အံ့ဩရိပ်တွေလည်း ဖြစ်တည်နေပြန်သည်။

"မင်း .. ငါ့ကို .. ထားရစ်ခဲ့တော့မယ် .. ဟုတ်လား ရှင်မွေ့သာ.. ဒီလောက်မြန်မြန်ဆန်ဆန်ကြီး မင်း ငါ့ကို တစ်ယောက်တည်း ချန်ထားရစ်ခဲ့နိုင်လောက်အောင် စိတ်ဓာတ်အရာပြတ်သားနေတယ်ပေါ့ .. ဟုတ်လား .. ဟုတ်လား ရှင်မွေ့ .. ဟင် .."

သူ့အသံတွေ အက်နေ၏။ ရှင်မွေ့ တည်တည်ငြိမ်ငြိမ်လေးပဲ သူ့ကို ပြန်ကြည့်နေရသည်ပါပဲ။ ရှင်မွေ့ တည်ငြိမ်လေ့ သူက ပို၍ ကြေကွဲလေဖြစ်နေသည်။

"မင်း .. ငါ့ကို .. ဆောက်တည်ရာမဲ့အောင် .. ရင်ကျေအောင်.. အထီးကျန်အောင် .. ချန်ရစ်ခဲ့ရက်နိုင်တယ်နော် .. ငါ .. ငါ .. မထင်ခဲ့ဘူး .. မင်း .. ဒီလောက်ကြီးထိတော့ မြန်မြန်ဆန်ဆန်ကြီး ငါ့ကို ထားရစ်ခဲ့ရက်လိမ့်မယ်လို့ မထင်ခဲ့မိဘူး .. မင်း သံယောဇဉ်ကို ငါ .. အားကိုးနေမိတယ်.. အားကိုးနေမိတယ် .."

ရှင်မွေ့ ရင်ထဲမကောင်း ..။ ဘာတဲ့ ..။ ရှင်မွေ့၏သံယောဇဉ်ကို အားကိုးခဲ့သည်တဲ့လားလေ ..။

"အားလုံးရှင်းသွားပြီပဲ အစ်ကိုလေးရယ် .. အဖြစ်မှန်တွေလည်း ပေါ်ပေါက်ခဲ့ပြီ .. အစ်ကိုလေးရဲ့ပယောဂ မပါဘဲ .. ဒေါ်မျိုးမမထားသေဆုံးခဲ့ရတယ် .. အဲဒါလည်း အစ်ကိုလေး ရင်ထဲမှာ ရှင်းခဲ့ပြီ၊ အစ်ကိုလေးကို အန္တရာယ်ပြုမယ့်သူလည်း မိုးမခမှာ မရှိတော့ဘူး .. ရှင်မွေ့ မလိုတော့ပါဘူးလေ .. အစ်ကိုလေးနဲ့ ဘဘဦးအိမ်စိုးတို့က မိုးမခမှာ သူစိမ်းတစ်ယောက်ရှိနေရင် .. အစ်ကိုလေးကို .. တစ်ယောက်ယောက် လုပ်ကြံတာမျိုး ပြုဖို့ရာ ခက်ခဲမယ်လို့ ယုံကြည်ခဲ့လို့ .. သူစိမ်း တစ်



ယောက်ကို .. အိမ်ထောင်ထိန်းဆိုတဲ့ အလုပ်တစ်ခုကို ရမယ်ရှာပြီး ခန့်ထားခဲ့တာပဲလေ .. အခု .. အဲဒီအန္တရာယ်မှ မရှိတော့တာ .. ရှင်မွေ့ ပြန်ဖို့ပဲကျန်ပါတယ် .. စားရေးသောက်ရေး ဆိုတာကတော့ .. အတိတ်တွေရှင်းနေပြီဖြစ်တဲ့ မိုးမခဟာ တစ္ဆေဆိုတာလည်း မရှိဘဲ လူသူတို့ သိကုန်ကြပြီမို့ .. လာပြီး ချက်ပြုတ်လုပ်ကိုင်ပေးဖို့ရာအတွက် ဖိတ်ခေါ်ထမ်းထဲက လက်ရွေးစင်ကို ခေါ်ထားနိုင်ပြီပဲလေ .. သူတို့ကလည်း လာလုပ်ကြမှာပါ .."

အေးစက်စက်လေး ရှင်မွေ့ ဖြေတော့ သူ မျက်တောင်မခတ် စိုက်ကြည့်နေသည်။ ရှင်မွေ့၏ ပခုံးပေါ် လက်ကိုတင်ထားသည်ကလည်း ရုပ်သိမ်း ..။

"မင်း .. မင်း .. ငါ့အသည်းကို .. ခနိုးခနဲ့ စကားတွေနဲ့ လှုပ်ခါကြေမွနေစေတာလား .. ဟင် .. မင်း .. ပြောတော့ အလွယ်လေး .. ငါက ကျန်ရစ်ခဲ့ရမှာ .. အဲဒါ မလွယ်ဘူး သိလား .. မင်း မရှိရင် ငါ မနေတတ်ဘူး ရှင်မွေ့သာ .. ငါ ရှုံးမှာ .. အဲဒါ နားလည်ပေးစမ်းပါ .. မင်းကို .. ငါ .. ဟောဒီရင်ဘတ်တစ်ခုလုံးဖြုတ်ပြီး မင်းလက်ထဲ အပ်လိုက်ဖို့ပဲ ကျန်တော့တယ် .. ဒါပဲကျန်တော့တယ် ရှင်မွေ့ .."

သူ ပြောနေရာမှ တစ်ချက်ငိုင်သွားသည်။ မလှုပ်မရှောက်ရပ်နေသည့် ရှင်မွေ့ကို မမိုတ်မသုန် အတန်ကြည့်၏။ အကြည့်က တမြေ့မြေ့ကျေနေသည့်အကြည့် ..။ နောက်တော့ အရှတ်ကြီးပြတ်နိုင်စွာ လက်ကို ပြန်ရုပ်သည်။ နောက်သို့ဆုတ်သည်။ ဆိုဖာထက်မှာ သွားထိုင်လိုက်ကာ ခေါင်းခါ၏။

"ငါမှားသွားတယ် ရှင်မွေ့ .. တကယ်က .. အချစ်ဆိုတာ .. ငါ့ရင်ဘတ်ကြီးကျေနေအောင် ချစ်နေစေ .. မင်းကမှ မချစ်ရင် .. ငါ ဘာတတ်နိုင်မှာတဲ့လဲ .. မင်း ထွက်သွားတော့မယ်ဆိုတာ သိချိန်မှာ ငါ .. ဟန်ဆောင်လို့မရအောင် တုန်လှုပ်သွားတယ် .. မင်းကို .. မခွဲနိုင်

www.burmeseclassic.com

www.burmeseclassic.com



တာတစ်ခုတည်း သိနေရင်း အတင်းတားမြစ်နေမိတယ် .. ငါ .. က
ဆန်သွားတာပါပဲလေ .. သိပ်ချစ်ရင် .. ကလေးများလိုပဲ လူတစ်ယော
ဟာ ဟန်ဆောင်မတတ်တော့ဘဲ ဖြစ်သွားတတ်ကြတာပါပဲ .. ငါလည်း
မင်းကို .. ကလေးလေးတစ်ယောက်လိုပဲ တကောက်ကောက်လိုက်
နေဖို့ပဲ သိနေခဲ့တာကိုး .."

သူ ခပ်ညည်းညည်းပြောသည်။

သူ ထရပ်လိုက်ကာ ပြတင်းအနီးမှာ သွားရပ်၏။ မျက်နှာ
ညှိုးရိပ်ထင်သည်။ သူ့နှာဖူးပြင်ထက်မှာ ဆံစတချို့ ပြိုကျနေ၏။

"မထူးဆန်းပါဘူးလေ .. ငါ့ဘဝက .. ငယ်ကတည်းက
ရတဲ့သူဖြစ်ဖို့ ကံပါလာတာပဲ .. ပထမ .. မေမေက ချန်ရစ်ခဲ့ရ
နောက်တော့ .. ဖေဖေက ချန်ရစ်ခဲ့ရရှာတယ် .. အခု .. မင်း
ခဲ့တော့မယ် .. ကျန်ရစ်ပါစေတော့လေ .."

ဟု တစ်ယောက်တည်း ညည်းညူနေသည့်နှယ်ပြောနေသည်။

"လူတွေက ငါ့ကို အရူးလို့ ထင်ကြတာရှိတယ် .. မင်း
အဲဒါကို ကြောက်နေနိုင်တာပေါ့လေ .. ကြောက်ပါ .. ကြောက်
တာပဲကိုး .."

ဟု ဆက်ပြောပြန်၏။ စိတ်ကိုလျှော့ချလိုက်သည့်နှယ်
ကို ခပ်ဖြည်းဖြည်း လှည့်ကြည့်လာသည်။

"ငါ .. မတားတော့ပါဘူး ရှင်မွေ့သာ .. မင်း .. သွား
ပါတယ် .. သွား .. ပါ .."

ဟု ခပ်တိုးတိုးပြောလာ၏။

ရှင်မွေ့ သူ့ကို ငေးကြည့်နေမိသည်။ တကယ်တမ်း
ရှင်မွေ့၏ ခြေထောက်အစုံ ရွေ့မရ ..။ နှလုံးအိမ်က ဆို့ကြပ်
သူ့ကို အရူးတစ်ယောက်အဖြစ် ရှင်မွေ့ ကြောက်ရွံ့ထွက်
ဟု သူ ခံစားကျန်ရစ်ခဲ့ရမှာကို မလုပ်ရက်နိုင်ဘဲ ဖြစ်နေသည်။



တစ်သက်လုံး .. ထိုခံစားချက်က နှိပ်စက်ထုနက်နေကြချေဦးတော့မည်..။

"မင်းဟာ ငါနဲ့ပတ်သက်လာရင် .. အကြောက်တရားမရှိ .. တစ္ဆေ
အတုတောင်လုပ်ပြီး .. အဖြစ်မှန်ကိုရအောင် စုံစမ်းတတ်တဲ့ ရှင်မွေ့သာ
ဖြစ်ပေတာမို့ .. နည်းတဲ့သံယောဇဉ်မဟုတ်ဘူးဆိုတာကိုတော့ ငါ့ရင်ထဲ
မှာ တစ်သက်တာ သိမ်းထားမှာပါကွယ် .. ငါ့အတွက်လည်း .. မင်း ..
အများကြီး .. ကူညီခဲ့တာတွေ ရှိခဲ့တာကိုလည်း .. ဘယ်တော့မှ မေ့နိုင်
မှာမဟုတ်ပါဘူး .. မင်းကို .. ငါ .. ချစ်နေတာကိုလည်း ဘယ်တော့မှ..
ပြောင်း .. လဲ .. နိုင် .. မှာ .. မဟုတ်ပါဘူး .. ဒါကတော့ ငါ မင်းကို
သိအောင်ပြောပြရလိမ့်မယ် ရှင်မွေ့သာ .. မင်းကို .. မေ့ပစ်ဖို့ ဘယ်တော့
မှ ငါ့ကို ပြောဖို့မကြိုးစားပါနဲ့ .. ငါ့နှလုံးသားလေးဟာ ငယ်ပေမယ့် မင်း
အတွက် .. တစ်သက်တာ ခိုင်မြဲစွာ တည်ဆောက်ထားတဲ့အခန်းလေး
တစ်ခန်းအဖြစ်တော့ ကျန်ရစ်နေရမှာပါ .. ငါ့ဘဝမှာ တစ်သက်တာ
တစ်ခါဖြစ်ရတဲ့ ချစ်ပန်းဟာ တစ်ပွင့်တည်းဖြစ်ပေမယ့် .. အမြဲမွှေးမြ
နေမှာပါ .. ကြယ်ပွင့်တွေများစွာထဲက တစ်ပွင့်ဆိုတဲ့ ကြယ်လေးအဖြစ်..
သူ့ဘဝမှာ မင်းအတွက် ငါ ရှိသွားမှာပါ .. မင်းအတွက် အလင်းရောင်
လေးတွေ ပေးနေချင်တဲ့သူပါပဲ .. ဒါပေမယ့် .. မင်းကို .. ငါ ဘယ်လို
ခေါ်ပိုင်ခွင့်ရှိပါတော့မလဲ .. မကမ်းလှမ်းနိုင်တဲ့ မင်းရဲ့လက်ကို .. ဖွတ် ..
ခေါ်ယူလို့မှ မဖြစ်တာပဲ .."

ဟုပြောကာ ကြေကြေကွဲကွဲပြုံးသည်။ ရှင်မွေ့ ရင်ထဲ မကောင်း
နိုင်..။ ရှင်မွေ့ စိတ်ထဲမှာ ခံစားရတာကလည်း ရှိနေသည်လေ ..။ ရှင်မွေ့
ကို စတင်၍ အလုပ်ခန့်ခဲ့သည်က .. သူ့အတွက် ဂါကွယ်သူတစ်ယောက်
အဖြစ် သူစိမ်းရှိမှဖြစ်ချေမည်မို့ ခေါ်ခြင်း ..။ ခု .. အန္တရာယ်မှ မရှိတော့
သည်ပဲလေ ..။ ဒါက .. စောစောကတည်းကလည်း ရှင်မွေ့ သိခဲ့သည်
ပါပဲ။ ဘဘဦးအိမ်စိုးလည်း ပြောခဲ့သည်ပါပဲ ..။ ဒါပေမယ့် .. သူ့ဘက်
က .. ချစ်သည်ဆိုသည့်စကား ဖွင့်ကျလာချိန်မှာကျတော့ ရှင်မွေ့ ရင်ထဲ

www.burmeseclassic.com



မှာ ခံစားချက်က တစ်မျိုးကြီးဖြစ်လာရသည်။ ငါ့ကို .. ခေါ်တုန်းက သူ့ကို .. ဘေးမှာ အဖော်ရှိနေဖို့ပဲ .. အဲဒီအတွက်ပဲခေါ်တာ .. ဆိုသည့် ခံစားချက် ..။ ဘာကြောင့် .. ထိုသို့ မအီမချင့် ခံစားနာကျင်နေတတ်ပါသတဲ့လဲ ..။ ဘုရားရေ ..။ ရှင်မွေ့ သည်လည်း .. ကြေကွဲနေတတ်သည်ကိုးလေ။ ထိုသို့ ကြေကွဲနေရသည်ကိုက .. သူ့ကို .. သူ့ကို .. ချစ်နေ၍ပေါ့ ..။

"ရှင် .. ကျွန်မကို .. မသွားပါနဲ့တော့လို့ .. နောက်ထပ်တစ်ကြိမ်လောက်ပဲ .. ထပ်ပြောကြည့်လိုက်ပါတော့ .. ကျွန်မ .. ကျွန်မ .. ခေါင်းညိတ်ပေးလိုက်ပါ့မယ် .."

ရှင်မွေ့ စိတ်ထဲမှ တောင်းပန်နေမိပြန်သည်။ ကိုယ်က .. အဝတ်အစားသေတ္တာပင်ယူ၍ ထွက်မိခဲ့ပြီးပြီ ..။ ဤအခန်းထဲမှာ ပြန်နေဖို့ ဆိုတာကတော့ သူ့နှုတ်မှ .. နောက်တစ်ကြိမ်လောက် တားသံလေး ပေါ်လာရုံမျှဖြင့် ပြန်၍ဖြစ်တည်လာစေလိုက်တော့မည်။ သူက ဘာမှ ဆက်မပြောတော့ပြီဆိုလျှင်တော့ဖြင့် .. ကိုယ်က ပြန်မည်လုပ်မိသည်မို့ .. ပြန်ရုံပဲကျန်တော့မည်သာ ..။ အချစ်ဆိုသည့်အရာမှာ .. ခေါင်းလေး တစ်ညိတ်ဖြစ်ဖို့ရာအတွက် .. တစ်ခါတစ်ခါမှာ .. ထွက်ခွာမည့်သူ၏ ခြေလှမ်းကို တန့်ဖို့အတွက် .. တားမြစ်သံလေးတစ်ခု လိုအပ်နေတတ်သည်ကော .. ဟု ရှင်မွေ့ နားလည်လာသည်။ ထိုတားမြစ်သံလေးတစ်ခုသည် .. အလွန်မှ တန်ဖိုးကြီးနေချေသည် .. ။ အရေးကြီးနေသေးသည်ကောလေ ..။

"တားလိုက်ပါ အစ်ကိုလေးရယ် .. မဖြစ်မနေလိုအပ်နေတဲ့ တားသံလေးတစ်ခုဟာ .. အစ်ကိုလေးနဲ့ ရှင်မွေ့ တို့ရဲ့ ဘဝအဆုံးအဖြတ်အတွက် သေရေးရှင်ရေး လာဖြစ်နေပါရောလားရှင် .."

ရှင်မွေ့ ရင်ထဲမှာ ယောက်ယက်ခတ်လာသည်။ သူက အရမ်းကို ကြေကွဲငြိမ်ကျနေချိန်မှာ ရှင်မွေ့ က ဆောက်တည်ရာမဲ့စပြုလာပြီ..။



သူ သက်ပြင်းရှိုက်၍ အင်္ကျီအိတ်ကပ်ထဲမှ စာရွက်ခေါက်လေး တစ်ခုကို ထုတ်၏။

"မင်းကို .. ပေးဖို့ ငါက .. အခန်းထဲက ထွက်လာမိတာ .. မင်းကို .. မင်းကို .. ဖတ်ပြချင်လို့ .. မင်းဖတ်နေတာကို ငါ ကြည့်နေချင်လို့လေ .. ခုတော့ ပြီးဆုံးကုန်ပါပြီလေ .. မင်းက ထွက်ခွာသွားတော့မယ့်သူ ဖြစ်နေတယ် .. ဆုံးဖြတ်ပြီးသူဖြစ်နေတယ် .."

ဟု စိတ်လျှော့ချလိုက်သည့် လူတစ်ယောက်နှယ် သူပြောပြီး စာရွက်လေးကို အတန်ကြာ တိတ်ဆိတ်စွာ ငိုင်၍ကြည့်နေသည်။

"ကျွန်မ .. ဖတ်ကြည့်ချင်ပါတယ် .. ရှင် .. ခွင့်ပြုမယ်ဆိုရင်ပေါ့"

ဟု လွှတ်ခနဲ မြန်မြန်လေးပင် ရှင်မွေ့ ပြောမိသွားပြီးမှ အနေခက်၏။ ရှက်သွေးဖျန်း၏ ..။ သူ .. ဤအချိန်အထိ ရှင်မွေ့ ရင်ထဲမှာ ဘာတွေဖြစ်နေသည်ဆိုတာ သဘောပေါက်ပုံမရသေး ..။ စိတ်ထိခိုက်နေသည့် ခံစားချက်တွေက သူ့မျက်နှာမှာ ဆက်လက် စွန်းထင်းအုပ်မိုးနေဆဲ ..။ သူ ခေါင်းယမ်းကာ ..

"ရှိပါစေတော့ .. လေ .."

ဟု ခပ်တိုးတိုးပြောပြီး အခန်းထဲမှထွက်ဖို့ ဟန်ပြင်တော့ ရှင်မွေ့ သူ့ရှေ့မှာ ပိတ်ကာဆီး၍ ရပ်ပစ်သည်။ ခေါင်းကိုမော့၍ ..

"ရှင် .. ကျွန်မကို .. ဒီအခန်းထဲထိပြန်ခေါ်လာတုန်းက ခေါ်လာပြီးမှ .. ရှင် ပြောချင်တာတွေကို ပြောပြီးမှ .. ခုလို .. အဲဒီစာရွက်လေးကို ဖတ်ခွင့်မပေးဘဲ .. ထွက်သွားလို့တော့ မဖြစ်ဘူး ကိုမိုးနဒီမောင်ရဲ့ .. ပေးပါ .."

ဟု ခပ်မာမာလေး မော့ပြောတော့ သူ အံ့ဩသလို .. မယုံနိုင်သလို.. အလူးဆန်းကြီးဖြင့် ငုံ့မိုးကြည့်လာသည်။ ရှင်မွေ့ ရှက်ပေမယ့် မျက်နှာကို တည်ထားရသည်ပါပဲ။ သူ .. စာရွက်ကို ကမ်းပေးလာ၏။ အခန်းထဲမှထွက်မည်လည်း ပြု၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်က .. ဒီအခန်းထဲကထွက်ချင်တဲ့အချိန်မှာ ထွက်လို့ရမယ်များ ထင်နေသလား .. ထိုင်နေပါ .. ကျွန်မ .. ဖတ်မယ် .. ဖတ်ပြီးမှ ရှင် ထွက်ပါ .."

အံမယ် .. ရှင်မွေ့ ကိုယ့်ကိုယ်ကိုယ် သဘောပင်ကျချင်ချင် ..။ သူ ဟန်တွေမာန်တွေဖြင့် လှမ်း၍ခေါက်လိုက်ချေသေးသည်တည့် ..။ ချစ် တာကို ဖုံးကွယ်တတ်သည့်ကြောင်မလေးတွေသည် ဟန်ဆောင်သော ဟန်မာန်တင်းတာလေးတွေ .. ဟန်ဆောင်သော အခေါက်အပြော လေးတွေ ချစ်စနိုးဖြစ်တည်တတ်မှန်း ခုမှ ရှင်မွေ့ လည်း ကိုယ်တွေ့ သိနားလည်လာရချေသည်တည့် ..။

သူ့ကို ခုတင်ဘေးမှထိုင်ခုံမှာ ထိုင်ဖို့ ဆွဲ၍ပြတော့ သူ က တစ်ယောက်နှယ် လာထိုင်သည်ပါပဲ။

ရှင်မွေ့ စာရွက်လေးကိုဖြန့်သည်။ ဖြန့်နေရင်းမှလည်း သူ့ကို ချက်လှမ်းကြည့်မိသေးသည်။ သူ .. မျက်နှာမကောင်းဘဲ ..

"အဲဒါ .. ကိုယ် .. စိတ်ထဲရှိရာ .. ရေးမိတာပါ .. မင်းကို .. အနှောင့်အယှက်ဖြစ်စေဖို့သက်သက် ရည်စူးမိတာမဟုတ်ပါဘူးဆို ယုံပေးပါ .. ဖတ်နေရင်းနဲ့ .. ဆက်မဖတ်ချင်ရင်လည်း .. ကြမ်း ပစ်ချလိုက်ပါ ရှင်မွေ့သာ .."

ဟု တောင်းပန်နေပြန်၏

ရှင်မွေ့ သူ့ကို နည်းနည်းတော့ စိတ်ကောက်ချင်လာပြီ ..။ နှယ် .. ။ သွားမည့်မိန်းကလေးတစ်ယောက်ကို သူ တားသည်။ တာကို ခေါင်းညိတ်မည့်အချိန်ကျတော့ သူက .. သူရေးသားရာ အတွက် ကြိုတင်တောင်းပန်နေသည်။ သူ့စာကိုဖတ်မည့် မိန်းမ တစ်ယောက်၏စိတ်ထဲမှာ ဘာတွေရှိနေပြီဆိုတာ အလိုက်ကမ်း မသိအောင် သဘောမပေါက်တတ်သူ အကြီးစားကြီး ဖြစ်နေချေ ကောလေ ..။



စာကိုဖြန့်၍ ရှင်မွေ့ ဖတ်လိုက်ရပါပြီ ..။ ဤစာရွက်လေးကို ပေးဖို့ အတွက် သူသည် သူ့အခန်းမှထွက်လာခဲ့သည်တဲ့ ..။ အဘယ်မျှထိ ချော်လင့်ခြင်းတွေ .. ကြည်နူးခြင်းတွေဖြင့် .. ရေးခဲ့သည်မသိ..။ ရှင်မွေ့ သိ ခြေလှမ်းတွေ အပျော်စိတ်ဖြင့် ဦးတည်ခဲ့လေသည် မသိ ..။

ချစ်မြတ်နိုးခြင်းဆိုတဲ့
သိမ်မွေ့နူးညံ့တဲ့အရာဟာ
ပိုးဝတ်လွှာခြုံရုံထည်တစ်ခုပမာ
ရှိနေတတ်ပါလေရဲ့ ... ။

ငါ့နှလုံးသားနဲ့ထိတွေ့တဲ့အခါ
ပိုးခြုံလွှာဆီက
စီးမျောကျလာတဲ့အသံနုနုဟာ
မင်းသည်သာလျှင် ငါ့သခင်မှူးပါလို့
ခပ်တိုးတိုးသစ္စာဆိုတဲ့အသံ
ဖြစ်နေတတ်ပြန်လေရဲ့ ... ။

ချစ်သူ ...
ငါ့သစ္စာလွှမ်းတည်ရာ
ဤရတနာဝတ်ရုံလွှာကို
ဘယ်လိုမှ မဖယ်ရှားလိုက်ပါလေနဲ့
မင်းရဲ့လက်နုနုနဲ့ အမြဲရုံ
မင်းရဲ့လက်နုနုနဲ့ အမြဲခြုံ၍ နေပါလေ ... ။
သြော် ...
မင်းရဲ့လက်နုနုနဲ့ အမြဲခြုံ၍ နေပါလေ ... ။

ရှင်မွေ့ ၏ရင်ကို ညှို့ငင်သိမ်းပိုက်လိုက်ချေသောကဗျာလေးပါ ပေ ..။

www.burmeseclassic.com

www.burmeseclassic.com



ရှင်မွေ့ သူ့ကိုကြည့်မိသည်။ ဪ.. သူ၏သစ္စာဝတ်ရုံလွှာကို .. ရှင်မွေ့ ဖယ်ရှားလိုက်ချေမှာ သူ စိုးရိမ်နေခဲ့ရှာသည်ကော ..။ သူ့မေတ္တာလွှမ်းခြုံရာနှလုံးသားပိုးဝတ်ရုံလွှာကို ရှင်မွေ့၏ လက်နုနုလေးတွေဖြင့် ယူ၍ ခြုံပါလေဟု တောင်းပန်ခဲ့ပါလေသည်ကောလေ..။ သူက.. ထိုမျှချစ်မြတ်နိုးဖွယ်ရာ အပြစ်ကင်းစင်လွန်းနေသော ချစ်စဖွယ်ကဗျာလေးတစ်ပုဒ်ကို ရှင်မွေ့ လက်ထဲအပ်နှံဖို့ရာအတွက် လာနေချိန်မှာ ..။ ရှင်မွေ့က သူ့ကိုထားရစ်ခဲ့ဖို့ ထွက်ခွာနေသည့်သူဖြစ်နေခြင်းလောက် သူ့အတွက် ရင်နာကြေကွဲရာရှိနိုင်အံ့မထင် ..။ ရှင်မွေ့ သူ့ကိုကြည့်ရမှာပင် မကြည့်ရက် ..။ မကြည့်ရဲ ..။ ပြီးတော့ .. ရှင်မွေ့သည်.. ရက်စက်သူတစ်ယောက်အဖြစ် ခံစားလာရသည်။ သူ့ကို အားနာလာရသည်။ ရှင်မွေ့ဘတ်က အပြစ်မကင်းသည့်နှယ်ပင် အနေခက်လာရသည်။

ရှင်မွေ့ ဤတစ်ကြိမ်မှာ မျက်ရည်ကျလာရပါပြီတည်း ..။ သူ ရှင်မွေ့ဘေးမှာ ရပ်လာပါ၏။ ရှင်မွေ့၏မျက်နှာလေးကို ဖေးမော့ကာ ဖွဖွညင်ညင် မျက်ရည်သုတ်ပေးလာသည်။

"မငိုပါနဲ့ ရှင်မွေ့ရယ် .. ကိုယ် .. ဒီကဗျာလေးကို ပေးမဖတ်သေးပါဘူး .. ခု .. ရှင်မွေ့ စိတ်ဆင်းရဲရပြီ .."

ဟု ခပ်ညည်းညည်းပြော၏။ ရှင်မွေ့ ရင်ထဲမကောင်းနိုင် ..။ နူးညံ့သူသည် .. ဘာကြောင့် .. ရှင်မွေ့ မျက်ရည်ကျနေရသည်ဆိုတာ မသိနိုင်ဘဲဖြစ်နေရပါသတဲ့လဲ ..။ ရှင်မွေ့၏နှလုံးသားလေးမှ စာသားလေးတွေကို ဘာကြောင့် မဖတ်တတ်ဘဲဖြစ်နေရပါသတဲ့လဲ။ ရှင်မွေ့၏ မိန်းသားသိက္ခာလေးကြောင့်ပင်လျှင် ဖွင့်ဟဝန်ခံဖို့ရာ အရှက်သည်းရှာသေးသည်မို့ ..။ မတတ်သာသည့်အဆုံးမှာ အဝတ်အစားသေတ္တာကို ကိုင်လိုက်ရပါပြီ။ နေရစ်ခဲ့တော့ အစ်ကိုလေးရေ .. ဟုသာ ရှင်မွေ့ အနိုင်နိုင် ကြေကွဲစွာ တွေးမိရပါ၏။ ကဗျာစာရွက်လေးကို ရှင်မွေ့ ..လက်ဖွေ့အိတ်ထဲ ခေါက်ထည့်လိုက်မိပြန်သည်။ ထိုအခါကျတော့ သူ ..



ကြည့်နေ၏။ သူ ထင်ထားပုံမရ ..။ အဝတ်အစားသေတ္တာကို ကောက်ဆွဲပြီးမှ ပြန်၍ ကြမ်းပေါ်ချ ..။ ခုလို ကဗျာလေးကို လက်ဖွေ့အိတ်လေးထဲ ခေါက်၍ တယုတယထည့်လိုက်မည်ဟု ထင်ထားပုံမရ..။ သူ့မျက်ဝန်းတွေမှာ ထူးခြားသောခံစားချက်တွေ တိုးဝင်လာပေမယ့် ဘာမျှတော့ မပြောလာသေး ..။ ရှင်မွေ့၏ မျက်နှာကို တစိမ့်စိမ့်ကြည့်နေရုံပဲ ရှိနေရာမှ —

"မသွားပါနဲ့လား .. ရှင်မွေ့ရယ် .."

သူ့နှုတ်မှ ပွင့်ကျလာသံ ..။ သူ့လက်က ရှင်မွေ့ ၏လက်လေးကို မခွဲရက်နိုင်စွာ ဆွဲယူထွေးဆုပ်ထားလာပြီ ..။ ရှင်မွေ့ ရင်သည် သိမ့်ခနဲခါ၏။ ကြည်နူး၏ ..။ ပျော်၏ ..။

ဤခံစားချက်တိုင်းသည် အနှိုင်းတုရာမမြင် ..။ ရှာဖွေ၍မရ — အထွတ်အဖျားတွေဖြစ်ကုန်သည်။ ဤစကားကို တောင့်တနေရသည့် ရှင်မွေ့ပါ ဟု ဝန်ခံပေးလိုက်ရမှာ အပျိုငယ်သွေးပေမို့ ရှက်၍ ဖွင့်မပြောသာပေမယ့် ..။ ရှင်မွေ့၏ အနာဂတ်သည် .. အလွန်လှပသော— လုံခြုံသော .. အေးမြချမ်းငြိမ်းသော ဘဝတစ်ခုဖြစ်ချေတော့မည်ဟု သိလိုက်ရပါပြီတည်း ..။

ရှင်မွေ့ သူ့လက်ထဲမှ လက်နုနုလေးကို မရုန်းဖယ်မိပါ ..။

သူကတော့ .. ခုထိ .. စိုးရိမ်နေဆဲ ..။ ရှင်မွေ့ နှုတ်ဆီမှ အပြင်းစကားတစ်ခု ထွက်ကျလာမည်ကို စိုးရွံ့နေမြဲဖြင့် ...

"မသွားပါနဲ့ အချစ်ဆုံးရယ် .. နော် .."

ဟု ထပ်ပြောလာချိန်မှာ ရှင်မွေ့ ခေါင်းလေးတညိတ်ဖြင့် သူ့ရင်ခွင်မှာ ခေါင်းလေးတိုးဝင်လိုက်မိရပါပြီတကား ..။

သူ့လက်တွေကလည်း ရှင်မွေ့၏ပခုံးလေးပေါ် သိုင်းငင်သိမ်းဖက်လာကြသည်။

"ဘယ်တော့မှ .. ဘယ်တော့မှ .. မသွားဘူးလို့ .. ဖြေပေးလိုက်စမ်းပါ .. ကြားပါရစေ .. ကြားပါရစေ .. ကိုယ် .. ကြားချင်လွန်းလို့ကွယ်.."

www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်လှုပ်ရှားစွာ ပြောနေသည်။ နောက်တော့ ရှင်မွေ့၏ မျက်နှာလေးကို မေးမော့စေကာ မျက်တောင်မခတ် တစိမ့်စိမ့်ပါအောင် မြတ်နိုးစိတ်ဖြင့် ကြည့်၏။ ခုထိ .. ရှင်မွေ့၏ နဖူးလေးထက်မှာ အနမ်းတစ်ပွင့် မခြွေရက်သေး ...။ သူ့မျက်ဝန်းတွေမှာ ကြည်နူးရိပ်နှင့် အပျော်ရိပ်တွေ တိုးဝင်နေကြသည်။

သူသည်.. ရှင်မွေ့၏ဘဝကို မစုံစမ်းခဲ့ ...။ ရှင်မွေ့ ချမ်းသာသည်ကိုလည်း မသိခဲ့ ...။ မသိသေး ...။ ဒါပေမယ့် .. သူ၏အချစ်ကို အပ်နှင်းသည့်သူ ...။ အလွန်ဖြူစင်သောအချစ် ...။ အလွန်တရာကိုမှ လေးနက်သောအချစ် ...။ ရှင်မွေ့ သူ့ကို ချန်ရစ်ခဲ့လျှင်ပင် အပြစ်မတင်ရက်အောင် ချစ်သည့်အချစ် ...။ ကျန်ရစ်ခံရမည့်အချစ် ...။ ကြေကွဲကျန်မည့် အချစ်တွေဖြင့် .. နှစ်နှစ်ကာကာ ချစ်ရှာသူပါတကား ...။ ရှင်မွေ့ .. သူ့အချစ်ကို .. ပိုင်ဆိုင်ခွင့်ရသည့်အတွက် ကံကောင်းလှပါသည်။ ရှင်မွေ့၏ဘဝမှန် ...။ ရှင်မွေ့၏ ချမ်းသာမှုများကို .. နောင်မှပင် သူ့ကို ပြောပြရပါလိမ့်မည် ...။ လက်ထပ်မင်္ဂလာ ဖိတ်စာတွင် ဖော်ပြရန်အတွက်ပေပေါ့.. ဟု ရှက်စနိုးလေးပင် တွေးမိရသည်က ရှင်မွေ့ပါ ...။

"ရှင်မွေ့ လေ .. ဘယ်တော့မှ .. အစ်ကိုလေးကို .. ထားရစ်ထွက်ခွာသွားမှာမဟုတ်ပါဘူးရှင် .. ကတိပါ .."

ဟု တိုးဖွဖွ ပြေမိပါ၏။ ထိုအခါမှ .. သူ့အနမ်းတစ်ပွင့်သည် – သိမ်မွေ့စွာ ရှင်မွေ့၏ နဖူးပြင်ထက်သို့ နူးနူးညံ့ညံ့ ဖေးတင်လာချေသည်တကား ...။

"ကျေးဇူးတင်တယ် ရှင်မွေ့ရယ် .. ကိုယ့်ကို .. ချစ်တဲ့ အဖြေပေးလာတဲ့အတွက်ပေါ့ .. အဲဒီကတိဟာ ကိုယ်အတောင့်တဆုံးသောတန်ဖိုးမဖြတ်နိုင်တဲ့ အရာပါပဲ .. တစ်သက်မခွဲကြေးနော် .. တစ်သက်–

ပြော် .. ရှင်မွေ့၏ ကတိတစ်သက်တည်ဖို့ရာအတွက် သူသည် ကလေးတစ်ယောက်နယ် မွတ်မွတ်သိပ်သိပ်ပြောလာချေသည်တကား–



သူ့လက်ဖဝါးနှစ်ဖက်က ရှင်မွေ့၏ပါးပြင်နှစ်ဖက်ပေါ် နူးနူးညံ့ညံ့ ညင်ညင်ဖေးတင်၏။ မျက်တောင်မခတ် တစိမ့်စိမ့်ပါအောင် ကြည့်မဝနိုင်သည့်နယ် ကြည့်၏။

"မင်းကို .. ကိုယ်ချစ်တာလေ .. ထားစရာနေရာ ရှာမရနိုင်သလိုပါလားကွယ် .. ရင်ထဲမှာလည်း ထားချင်တယ် .. မျက်စိရှေ့မှာလည်း ထားချင်တယ် .. ဟောဒီရင်ဘတ်ထဲလည်း ပွေ့ထားချင်တယ်.. ခက်ပြီပဲ .."

ဟု သူ တစ်ချက်ညည်း၏။

ရှင်မွေ့၏ဆံစလေးကို ဖွဖွနမ်းကာ ..

"ကိုယ့်အတွက် စုံထောက်မလေးတောင် လုပ်ပေးတာဆိုတော့.. ပိုအချစ်တိုးရတာပါပဲ သိရဲ့လား .. ဟင် .."

ဟု တစ်ချက် ခပ်ညည်းညည်းပြောပြီးမှ သူရယ်၏။

"ကိုယ်က .. အဲဒီ အန်တီထားရဲ့ တရွှေကိစ္စဆိုတာကို ရင်ထဲမှာ မရှင်းခဲ့တာလေ .. အဲဒါတကယ့်အစစ်မဟုတ်ဘူးဆိုရင် .. တစ်ယောက်ယောက်က ဖန်တီးထားတာပဲလို့ ကိုယ်ရော .. ဘဘဦးအိမ်စိုးရောသဘောထားချင်းတူကြသလို .. ဖေဖေကလည်း .. ဘဘဦးအိမ်စိုး ကမိုးမခမှာ ထားတရွှေဆိုပြီး ဖြစ်နေတာတွေ .. ကိုယ့်ကိုတောင်မှ ကလေးအိပ်နေချိန်မှာ လာခြောက်တာတွေရှိတာ ပြောပြခဲ့တုန်းကလည်း ဖေဖေက ပယောဂတစ်ခုခုတော့ မရိုးမသားရှိနေပြီလို့ မှတ်ယူခဲ့တာတဲ့.. အဲသလိုပဲ ဘဘ ပြောပြတာလေ .. ဒါကြောင့်လည်း အမြန်ဆုံး မိုးမခ နဲ့ ဝေးရာကို .. ဖေဖေ ပို့ခဲ့တာပေါ့ .. ပို့နိုင်းခဲ့တာပေါ့ .. အဲဒါကြောင့်.. အခု – ကိုယ် မိုးမခကိုပြန်ရောက်ချိန်မှာ စိတ္တဇဝေဒနာသည်လိုလို .. ဘာလိုလို – ဆေးတွေသောက်နေရသလိုလိုတွေကို .. ဘဘနဲ့ တိုင်ပင်ပြီး ဆက်လုပ်ပြခဲ့ရတာလေ .. အဲဒီလိုလုပ်ခဲ့ရာမှာ .. ဒေါ်လေးနန္ဒာ သင်ပေးခဲ့ဖူးတဲ့ အသံတုပညာတစ်ခုက အများကြီး အထောက်အပံ့ဖြစ်ခဲ့တာလေ .. အံမယ်–

www.burmeseclassic.com

www.burmeseclassic.com



စတွေ့တဲ့နေ့က .. မိုးတွေရွာနေတဲ့အချိန်လေ .. ကိုယ့်အခန်းမှာ ဟောဒီကောင်မလေးကို ခေါ်တွေ့တဲ့ညနေ .. အဲဒီ အချိန်တုန်းက .. ကိုယ် .. အဲသလို အသံတုတ္တေဘာတွေနဲ့ ကလေးသံတွေ ပြောခဲ့တုန်းက .. ဟောဒီကလေးမ .. တကယ်ထင်ပြီး .. နည်းနည်းလန့်သွားပါတယ်နော် .. အဲဒီမျက်နှာလေး .. ကိုယ် မမေ့ဘူးဗျ .. သိပ်ချစ်ဖို့ကောင်းတာပဲ .."

ရှင်မွေ့၏နှာဖျားလေးကို ချစ်စနိုးလေး ဖွဖွထိ၍ ကလေးလေးကို ပြောသည့်နှယ် သူပြောရင်း ရယ်တော့ ရှင်မွေ့ မနေနိုင် လိုက်၍ပြုံးမိသည်ပါပဲ ..။ သူ .. ရှင်မွေ့ကို ရင်ခွင်မှာ သိမ်း၍ မွှေ့ပိုက်လိုက်ပြန်၏။

"မိုးမခမှာ မင်းလေးရှိနေချိန်တိုင်းမှာ .. ကိုယ့်ကို ဂရုတစိုက် ရှိခဲ့တယ် .. မျှဝေနားလည်ပေးခဲ့တယ် .. အရူးတစ်ယောက်လို ကိုယ် လုပ်ပြတာတွေရှိပေမယ့် .. မင်းဟာ .. ကိုယ့်အပေါ် သံယောဇဉ်စိတ်-စာနာစိတ်နဲ့ ဘေးမှာ နေခဲ့တယ် .. ထွက်ပြေးမသွားခဲ့ဘူး .. နောက်ဆုံး-ဘယ်လောက်ထိ ကိုယ်နဲ့ပတ်သက်လာရင် စွန့်စားခဲ့သလဲဆိုရင် .. တခြေ အတုတွေ ဘာတွေတောင်လုပ်ပြီး .. သူခိုးချောင်းတာလုပ် .. တချော ချောင်းတာတွေလုပ်ခဲ့တဲ့ ဟောဒီကောင်မလေးကိုမှ .. ကိုယ် .. မချစ်ရ ရင်.. မချစ်ပဲနေနိုင်မယ်ဆိုရင် .. ကိုယ် .. အသည်းနှလုံးမရှိတဲ့လူပဲ ဖြစ်နေရတော့မှာပေါ့ .. ကိုယ်က .. အသည်းနှလုံးနဲ့လေ .. ဘယ်ရမလဲ-ချစ်လိုက်ရတာမှ .. နားထောင် .. ကိုယ်ပြောပြမယ် .."

သူပြောနေသမျှတွေသည် .. ရှင်မွေ့ အပေါ် ချစ်နေသည့်အချစ် အကြောင်းတွေပဲဖြစ်လာနေတတ်ပြီ ..။

"ချစ်မြတ်နိုးခြင်းဆိုတဲ့ သိမ်မွေ့နူးညံ့တဲ့အရာဟာ .. ပိုးဝတ်လွှာ ခြုံရုံထည်တစ်ခုပမာ ကိုယ့်ရဲ့ ဟောဒီကောင်မလေးအတွက် ဖြစ်တည် လာခဲ့ရတယ် .. ကိုယ့်နှလုံးသားနဲ့ ထိတွေ့တဲ့အခါမှာ ပိုးခြုံလွှာဆီက စီးမျောကျလာတဲ့အသံဟာလည်း မင်းသည်သာလျှင် ကိုယ့်သခင်မှုပေ လို့ သစ္စာဆိုတဲ့အသံ ဖြစ်နေတတ်ပြန်တာပါပဲ .. မင်း .. ကိုယ့်ရဲ့ သစ္စာ



လွှမ်းတည်ရာ ဒီရတနာဝတ်ရုံလွှာကို ဘယ်တော့မှ မဖယ်ရှားလိုက်ပါ နဲ့ကွယ် .. မင်းရဲ့လက်နုနုနဲ့ အမြဲရုံ.. မင်းရဲ့လက်နုနုနဲ့ အမြဲခြုံပြီး နေပါ မိန်းကလေးရယ် .. နော်.."

သူ ရှင်မွေ့၏ ပါးပြင်ကို မျက်နှာဖေးကပ်၍ နူးညံ့လွန်းစွာ ပြောလာပါ၏။ သူ့ထံမှာ ဤမျှ နူးညံ့အေးချမ်းလွန်းသော ချစ်ခြင်းများ ရှိနေကြတာကို သိခွင့်ရ၍ .. ပိုင်ဆိုင်ခွင့်ရရ၍ ရှင်မွေ့ ကြည်နူးရပါသည်။ ကံကောင်းလှချေသည်ကော .. ဟုလည်း ကံကြမ္မာကို ကျေးဇူးတင်မိရ သည်ပါပဲ ..။

ရှင်မွေ့ မျက်ဝန်းလေးကို စုံမှိတ်လိုက်မိရပါ၏။ သူ၏ ချစ်ဝတ်ရုံ လွှာကို တန်ဖိုးမဖြတ်နိုင်ရာ ရတနာတစ်ပါးအဖြစ်ထား၍ ရှင်မွေ့ - ဘဝတစ်သက်တာ .. ခြုံ၍သွားရမည်တည့်။ သူ ရေးခဲ့ရာ ကဗျာ၏ အဆုံးပိုဒ်လေးကိုလည်း ရှင်မွေ့ ရင်ထဲမှာ မှတ်မိနေမိရသည် ..။ အို .. တစ်ပုဒ်လုံးကို .. တစ်ကျော့ပြန်၍ပင် ဖတ်လိုက်ချင်သည်ပါပဲ ..။

"ကဗျာ အဆုံးပိုဒ်လေးကို ပြန်ရွတ်ပြပါလား အစ်ကိုလေးရယ်.."

ဟု တိုးဖွဖွပြောမိစဉ်ခိုက် သူ ရှင်မွေ့၏ မျက်နှာလေးကို ဖေးမှော် ဆိုက်သည်က ကြည်နူးလွန်း၍ဆိုတာ အရမ်းကို အေးချမ်းတောက်ပနေ သည့် သူ့မျက်ဝန်းဆီမှ အပျော်ရိပ်တွေကြောင့်ပဲ ရှင်မွေ့ သိနေရသည် ပါပဲ။ သူ၏အပျော် .. သူ၏ကြည်နူးခြင်းတွေကလည်း ရှင်မွေ့၏ နှလုံး သားသို့တိုင် ကူးစက်လာကြရသည် ..။ ဤသည်ကို အချစ်ဟု ခေါ်သည် ဟု ရှင်မွေ့ နားလည်လာရပါ၏။ တစ်ယောက်၏ရင်ကို တစ်ယောက် ခိုင်၍ .. တစ်ယောက်၏ခံစားချက်ကို တစ်ယောက်က မျှဝေကူးစက် ခံစားတတ်နေရခြင်းသည် .. အချစ် .. ကြောင့်သာလျှင် .. ဖြစ်တည်နိုင် ရှိမ်းချေသည်တကား ...။

သူ့ကဗျာရွတ်သံက အေးချမ်းသိမ်မွေ့လွန်းစွာ ရှင်မွေ့၏ပါးပြင် ကို သူ့ပါးပြင်နှင့် အပ်ထားရင်း ဖြစ်တည်လာရချေသည်တည့် ...။

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သူ ...
ငါ့သစ္စာလွှမ်းတည့်ရာ
ဤရတနာပုံဝတ်ရုံလွှာကို
တယ်လို့မှ မဖယ်ရှားလိုက်ပါလေနဲ့
မင်းရဲ့လက်နနနဲ့ အမြဲရုံ
မင်းရဲ့လက်နနနဲ့ အမြဲမြဲဖြုံ နေပါလေ ...။
သြော် ...
မင်းရဲ့လက်နနနဲ့ အမြဲမြဲဖြုံနေပါလေ ...။"

သစ္စာလွှမ်းတည့်ရာ ဤရတနာဝတ်ရုံလွှာ၏ အရှင်သခင်ကို ရှင်မွေ့တစ်သက်တာ .. ရှင်သန်သမျှ .. ချစ်၍သွားပါမည်ဟု .. ရင်တွင်းမှ တိုးသက်စွာ သစ္စာဆိုမိချိန်မှာ .. ပန်းစံကားနံ့သင်းသော လေပြည်သည် တနော့နော့တိုးဝင်လာချေသည်တကား ...။

မှုဝေစံစားမြင်း မျှားစွာဖြင့် ...

မဟူရာ(လှိုင်တော်)
(၁၂-၃-၂၀...)

အမှတ်-၉၀၊ အုန်းတောလမ်း
ဒေါ်ဥမ္မာရပ်ကွက်၊ လှိုင်ကော်မြို့
ကယားပြည်နယ်။
ဖုန်း-၀၈၃-၂၁၃၂၃

www.burmeseclassic.com